
www.burmeseclassic.com

နေဇာစာပေစာအုပ်အမှတ်(၂၃)



# မိမိ၏ကျေးဇူးရှင်များ

## (ကလောင်စုံ)

မုံရွာနေဇာ စုစည်းတင်ဆက်သည်

မုံရွာနေဇာ
ကေတုလှနိုင်
ကံညွန့်လှိုင်(တောင်ကြီး)
ကိုယော(ဘောဂဗေဒ)
ကိုမြင့်ထွန်း(Quality)
ခင်(တိုင်းရင်းမေ)
ခင်ဆွေဦး
ခင်မောင်လွင်(မြန်မာစာ)
စောပြည်စိုး
စိတ်မိုး
စိန်ခင်မောင်မြင့်
စိမ်းစိမ်းအေး(စမ်းချောင်း)
ဆင်ဖြူကျွန်းအောင်သိန်း
ဆင်ဖြူကျွန်းကျော်လှိုင်ဦး
ဆွန်အဲလှ
ဇော်နောင်
ညီမေတ္တာ
ညိုမင်းဟန်(အုတ်ဖို)
ညွန့်ဝင်းကို
ညွန့်ဟံ(ကြူဇော)
တက္ကသိုလ်သျှင်သီရိ
ဒွေးမောင်
ဒေါက်တာမင်းလှဲ့ရီ
ဓာတ်ပုံမောင်မောင်အေး
နတ်မောက်-အနီရို
မကြွယ်ကြွယ်
မန္တယ်(ကလော)
မေလတ်ဟန်
မိုးပန်းမွှန်(ရာမည)
မောင်ဆွေမွန်
မောင်မောင်ညွန့်လှိုင်
မောင်မြင့်မား(ဘိုကလေး)
မြနှင်းဝေအောင်
မြေလတ်မောင်မြင့်သူ
ရာသက်ပန်(တောင်ငူဆောင်)
ရေကူးမြတ်လေးနောင်
ရေနံမြေစရေ
ရေနံ့သာဝင်းမောင်
ရှင်သန်(ဒါန်းပင်တဲ)
ရွှေဒါန်းသန်းလွင်
ဝါဝါထင်လင်း
ဝင်းမြအောင်(မြိတ်)
သူရဇော်
ဟန်သီဇင်
အရှင်ခေမာနန္ဒ
အံ့ပွား(စလေ)
အုံ့မောင်
အောင်မြင့်(သစ်လုပ်ငန်း)
အောင်မြင့်မြတ်(ပြည်ရွှေဘို)
အောင်သျှင်သူ(မဟာမြေ)
ဦးကောဝိဒ(မြိုင်)
ဦးအေးရို(မဟာဝိဇ္ဇာ)

www.burmeseclassic.com

www.burmeseclassic.com

'ပဥ္စဂုဏာံ အဟံ ဝန္ဒာမိ သဗ္ဗဒါ'

ဗုဒ္ဓဘုရား၊ တရား၊ သံဃာ၊ မိ,ဘ၊ ဆရာသမားအားလုံးကို
အစဉ်ထာဝရ ရှိသေဦးညွတ်ပါ၏။

# မိမိ၏ ကျေးဇူးရှင်များ

(ကလောင်စုံ)

မုံရွာနေဇာ စုစည်းတင်ဆက်သည်

လူတိုင်းတွင် ကျေးဇူးရှင်များ ရှိကြသည်။

မိမိတို့၏ ကျေးဇူးရှင်များအကြောင်းကို ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာရေးဆရာ၊ ဆရာမများက ဖွဲ့ဆိုရေးသားထားကြသော စာပေလက်ရာစုံကို တစ်စုတစ်ပေါင်းတည်း ဖတ်ရှုနိုင်ရန် စီစဉ်ထားသည်။

ဆရာတော် ဘဒ္ဒန္တဖနိန္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ)
စာရေးဆရာ မုံရွာနေဇာ၊ အောင်စန္ဒာသိဒ္ဓိကျောင်း
(၂) ဝိုင်း၊ ပါရမီလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။
ဖုန်း - ၀၉ ၅၀၉၆၉၈၂၊ ၀၉ ၄၅၀၀၂၀၇၈၈

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (ပထမအကြိမ်)

မျက်နှာဖုံးအပြင်အဆင်

ဉာဏ်လင်းထက်

ပုံနှိပ်သူ

မြိုးဝေလျှံပုံနှိပ်တိုက်(၀၀၆၅၉)
ဒေါ်ယဉ်ယဉ်မွန်၊ ဆန်စက်အပိုပစ္စည်း၊ စက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဆုပြည့်စုံထွန်းစာပေ၊ ဒေါ်ခင်မာရွှေ (၀၄၆၂၆)၊
အမှတ် - ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

ဖြန့်ချိရေး

မျိုးဆက်သစ်စာပေ၊ အမှတ် ၃၄၊ ၄လွှာ၊ ကျီတော်လမ်း၊ ကျီတော်ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀၀ ၈၃၆၈၈

အုပ်ရေ - ၅၀၀　　　တန်ဖိုး - ၅၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# စေတနာမွန်

မိမိ ကျေးဇူးရှင်များ
လူတိုင်းမှာ ရှိကြထင်ရှား
သိကြစေသား။
ကျေးဇူးရှင်ကို ထုတ်ဖော်တင်ပြလို့
ဆပ်ကြဖို့ ဝတ္တရား
မှတ်ကြစို့ တို့အများ
ဝေငှဖြန့်ပွား။



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

မုံရွာနေဇာကိုထိပ်မှာတင်၍ (ကက္ကာအလိုက် ကလောင်အမည်အက္ခရာစဉ် ထားပါသည်။)


ဘဒ္ဒန္တဇနိန္ဒသာရ

မိမိ၏ ကျေးရူးရှင်များနိဒါန်းလွှာ ၆

ရဟန်း ဒါယကာ ဒါယိကာမများ ၇

ဘဝဖြစ်စဉ်အကျဉ်း ၈

ကျေးရူးရှင်မှတ်တမ်းလွှာ ၁၀

မုံရွာမြို့ ဆူးလေကုန်းရပ်၊

ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်

ဖြစ်ပေါ်တည်ရှိပုံ သမိုင်းအကျဉ်း ၁၁

မှတ်တမ်းဝင်ဓာတ်ပုံများ ၁၇

## ကျေးဇူးကဗျာ

မုံရွာနေဇာ

**ကျေးဇူးလမ်းမှ ဘဝခရီးသည်များသို့** ၃၃

ကောတုလှနိုင်

**လေအန်ကုန်းပေါ်ကအမေ** ၃၄

ညိုမင်းဟန်(အုတ်ဖို)

**မြင့်မြတ်စိတ်ဖြင့် ကုသိုလ်ယူ** ၃၅

ဒေါက်တာမင်းလွဲ့ရီ

**အညာ၏ဝါဆို** ၃၆

မောင်ဆွေမွန်

**မြတ်ဆရာသို့ ပူဇော်ခြင်းကဗျာ** ၃၇

ရေနံ့သာဝင်းမောင်

**မာယာဘုံ** ၃၈

အံ့ပွား(စလေ)

**မိခင်ဖခင်သို့ ဦးခိုက်ခြင်း** ၃၉

အောင်သျှင်သူ(မဟာမြေ)

**မြတ်ဆရာများကို ပူဇော်ခြင်း** ၄၀

## ကျေးဇူးဆောင်းပါး

မုံရွာနေဇာ

**မိမိ၏ကျေးဇူးရှင်များ** ၄၁

မုံရွာနေဇာ

**အမေ့ထံမှရသော အမွေ** ၄၅

ကံညွန့်လှိုင်(တောင်ကြီး)

**ဘဝတစ်သက် အလှမပျက်** ၄၉

ခင်(တိုင်းရင်းမေ)

**မိမိ၏ကျေးဇူးရှင်** ၅၅

ခင်ဆွေဦး

**အမည်မသိ ပညာရှင်တစ်ဦး ပြောသည်** ၅၉

ခင်မောင်လွင်(မြန်မာစာ)

**မိမိ၏ကျေးဇူးရှင်များ** ၆၀

စောပြည့်စိုး

**ကျေးဇူး** ၆၄

စိတ်မိုး

**ကျေးဇူးကျင့်ဝတ်** ၆၇

စိန်ခင်မောင်မြင့်

**ခြေရာတစ်စုံရဲ့ ကျေးဇူးတရား** ၇၁

ဆင်ဖြူကျွန်းကျော်လှိုင်ဦး

**မိမိ၏ကျေးဇူးရှင်** ၇၄

ဆွန်အဲလူ

**ဆယ့်နှစ်နာရီထမင်း** ၇၇

ဇော်နောင်

**နှလုံးသားမှတ်တမ်း(မိမိ၏ကျေးဇူးရှင်များ)** ၈၀

ညီမေတ္တာ

**ကျွန်တော့်ဘဝ၏ အမှတ်ရစရာ အနန္တဆရာ** ၈၄

ညွန့်ဝင်းကို

**ဖေဖေ့လက်ဆောင်နှင့် မေမေ့ယပ်တောင်** ၈၇

ညွန့်ဟံ(ကြူတော)

**တင်ပေးဖူးသည့် ကျေးဇူးသိခြင်းဆိုရာတွင်** ၉၂

ဌေးမောင်

**မိမိ၏ကျေးဇူးရှင်များ** ၉၅

တက္ကသိုလ်သျှင်သီရိ

**သျှပြုဖူးသော ကျေးဇူးအထူးသိတယ်** ၉၈


www.burmeseclassic.com

www.burmeseclassic.com


ဓာတ်ပုံမောင်မောင်အေး

**အိမ်တစ်ဆောင် မီးတစ်ပြောင်** ၁၀၂

မကြွယ်ကြွယ်

**ကျေးရူး** ၁၀၅

မေလတ်ဟန်

**ကျေးရူးပြုဖူးသူတစ်ယောက်အကြောင်း** ၁၀၉

မိုးပန်းမွှန်(ရာမည)

**ကျေးရူးပြုဖူးခဲ့သူတွေအကြောင်း (သို့မဟုတ်)**
**မှတ်မှတ်ရရ ကျေးရူးတင်ထိုက်သူ** ၁၁၃

မောင်မောင်ညွှန့်လှိုင်

**ရတနာသုံးပါးဂုဏ်ကျေးရူး** ၁၁၆

မြနှင်းဝေအောင်

**တန်ဖိုးမဖြတ်နိုင်သော ထိုအရာ** ၁၁၈

ရေကူးမြတ်လေးနောင်

**မေ့မရနိုင်ပါသော ကျွန်တော့်ဆရာ** ၁၂၃

ရေနံမြေခရေ

**ကျေးရူးရှင်မလေး မိနီ** ၁၂၇

ရှင်သန်(ဒါန်းပင်တဲ)

**ကမ္ဘည်းမတပ်ပေမဲ့ အသိအမှတ်ပြုလိုက်ချင်ရဲ့** ၁၂၉

ရွှေဒါန်းသန်းလွင်

**အမျှဝေ၍ ကျေးရူးဆပ်ပါ** ၁၃၃

ဝါဝါထင်လင်း

**ထာဝရပြာလွင်နေသော**
**ကျွန်မ၏မိုးကောင်းကင်များ** ၁၃၇

ဝင်းမြအောင်(မြိတ်)

**ကျေးရူးဆပ်ထိုက် မဆပ်ထိုက်** ၁၄၁

သူရဇော်

**ဘဝတစ်ကွေ့ဝယ် ကျေးရူးပြုခဲ့သူများ** ၁၄၅

ဟန်သီဇင်(မြနန်းရှင်)

**နေ့စဉ်ရှိခိုးဦးတင် အသက်သခင်ကျေးရူးရှင်** ၁၅၁

အရှင်ခေမာနန္ဒ

**တစ်မူထူးခြား ကျေးရူးရှင်များ၏ စေတနာ** ၁၅၄

အံ့မောင်

**ကျေးရူးရှိ ကျေးရူးသိ ကျေးရူးပြု** ၁၅၈

အောင်မြင့်(သစ်လုပ်ငန်း)

**ဘဝကျေးရူး** ၁၆၂

ဦးကောဝိဒ(မြိတ်)

**လောကကို အလှဆင်ကြမယ်** ၁၆၇

ဦးအေးချို(မဟာဝိဇ္ဇာ)

**ကျွန်ုပ်၏ ကျေးရူးရှင်များ** ၁၇၁

နတ်မောက်-အနီချို

**မိခင် ဖခင် ကျေးရူးရှင်** ၂၁၁


## ကျေးရူးအကဲဆေး


ကိုမြင့်ထွန်း(Qualtiy)

**ဆရာ့ကျေးရူး** ၁၇၈

မြေလတ်မောင်မြင့်သူ

**ကျေးရူးဆပ် အကဲဆေးတစ်ပုဒ်** ၁၈၂

ရာသက်ပန်(တောင်ငူဆောင်)

**ချစ်သောငှက်များနှင့် သစ်ပင်များ** ၁၈၇


## ကျေးရူးဝတ္ထုတို


ကိုယော(ဘောဂဗေဒ)

**ကျေးရူးရှင်မလေး ရွှေရည်စံ** ၁၉၀

စိမ်းစိမ်းအေး(စမ်းချောင်း)

**ဖေဖေ့ကျေးရူး** ၂၀၂

ဆင်ဖြူကျွန်းအောင်သိန်း

**အမေ၏ ကိုယ်ပူကျဆေး** ၂၀၇

မန္တယ်(ကလော)

**နှောင်းသရွေ့အတိတ် အောက်မေ့စိတ်နှင့်** ၂၁၃

မောင်မြင့်မား(ဘိုကလေး)

**ကျေးရူးပြုခဲ့ခြင်း၏ အကျိုးအမြတ်** ၂၁၉

အောင်မြင့်မြတ်(ပြည်ရွှေဘို)

**အသက်သခင်ကျေးရူးရှင်၏ လွမ်းစေတီ** ၂၃၆


www.burmeseclassic.com

www.burmeseclassic.com

# မိမိ၏ကျေးဇူးရှင်များ
# နိဒါန်းလွှာ

လူတိုင်းတွင် ကျေးဇူးရှင်များ ရှိကြသည်။ မိမိ၌လည်း ကျေးဇူးရှင်များ ရှိပေသည်။ ပါဝင်ရေးသားချီးမြှင့်ကြသော ရဟန်းစာဆိုများ၊ စာရေးဆရာ၊ ဆရာမ ကြီး၊ လတ်၊ ငယ် စသူတို့ကလည်း သူတို့၏ အသီးသီးသော ကျေးဇူးရှင်များ ကို ဖွဲ့ဆိုရေးသား တင်ပြထားကြရာ ကျေးဇူးတရားနှင့်ပတ် သက်၍ တစ်ဝကြီး ဖတ်ရှုကြရပါလိမ့်မည်။

မိမိကလည်း "မိမိ၏ကျေးဇူးရှင်များ" ကို နိဒါန်း လွှာ အတ္ထုပ္ပတ္တိနှင့်တကွ တင်ပြထားပါသည်။ ဤစာအုပ် ဖြစ်မြောက်အောင် ငွေအား၊ လုပ်အား လှူဒါန်းကြသူများ– ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတို့ဖြင့် ဖွဲ့ဆိုရေးသား ပါဝင် –ကြသော ဆရာတော်၊ ဆရာ၊ ဆရာမ အားလုံးတို့သည် လည်း မိမိ၏ ကျေးဇူးရှင်များတွင် ပါဝင်ပေသည်။

မိမိ၏ ကျေးဇူးရှင်များထဲမှ မိမိကို လူ့လောကသို့ရောက် အောင် မွေးဖွားပေးကြသော ခမည်းတော် ဦးကောင်းတင် နှင့် မယ်တော် ဒေါ်ခန့်တို့ကတော့ လက်ဦးဆရာ ကျေးဇူးရှင် များ ဖြစ်ပါသည်။

ဗုဒ္ဓဘုရား၊ တရားတော်များ၊ သံဃာတော်အရှင်မြတ်တို့ သည်လည်းကောင်း၊ မိမိကို စာပေပညာနှင့် အလိမ္မာများကို သင်ကြားပေးကြသော ဆရာသမားများနှင့် မြင်ဆရာ၊ ကြား ဆရာ စသည့် အာစရိယ ဆရာသမားများသည်လည်းကောင်း မိမိ၏ ကျေးဇူးရှင်များအဖြစ် ထာဝရ ဦးထိပ်ပန်ဆင် ရှိညွှတ် ပါသည်။

ထို့ပြင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး တို့ဖြင့် ချီးမြှောက်ထောက်ပံ့၊ လှူဒါန်းပူဇော်ကြသော ရဟန်း၊ ဒါယကာ၊ ဒါယိကာမများသည်လည်း မိမိ၏ ကျေးဇူးရှင်များ ပင် ဖြစ်ပါသည်။

မုံရွာနေဇ

www.burmeseclassic.com

www.burmeseclassic.com

# ဆရာတော်ဘဒ္ဒန္တရေဝတနီ္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ)၏ ရဟန်း၊ ဒါယကာ၊ ဒါယိကာမများ

၁။ မုံရွာမြို့ ရှမ်းတောင်ရပ် ဦးလူခင် + ဒေါ်ခင်ရို

၂။ မုံရွာမြို့နယ်၊ ဒါန်းပင်တဲရွာ၊ ခမည်းတော် ဦးကောင်းတင် အရီးတော် ဒေါ်ပိုင်

၃။ ရန်ကုန်မြို့ ဦးလှကျော် + ဒေါ်ကြင်စိန်

၄။ တိုက်ကြီးမြို့နယ်၊ ရွာသာရွာ ဦးဟန်တင် + ဒေါ်တင်ပု

၅။ တိုက်ကြီးမြို့နယ်၊ ခုနစ်ကျိုက်အရှေ့ရွာ၊ ဒေါ်အေးမေ မိသားစု

၆။ တိုက်ကြီးမြို့နယ်၊ ခုနစ်ကျိုက်အရှေ့ရွာ၊ ဦးလှဟန် + ဒေါ်လှရင်မိသားစု

၇။ တိုက်ကြီးမြို့ ဦးစိုးမြင့်၊ ဦးအောင်မြင့်၊ ဒါသန်းသန်း၊ (ဦးလှကြွယ်)၊ ဒေါ်အေးသန်း၊ ဒေါ်အေးစန်း၊ ဦးစိုးပိုင်၊ ဦးကြည်ခင် + ဒေါ်မြင့်မြင့်၊ တိုက်ကြီးမြို့နယ်၊ ခုနစ်ကျိုက်အနောက်ရွာ၊ ဦးစိုးမြိုင် + ဒေါ်ခင်ညို မိသားစုများ

၈။ ရန်ကုန်တိုင်း၊ ဒလမြို့ ဒေါ်ခင်မြင့်မိသားစု

၉။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒေါ်မြင့်မြင့်မိသားစု

၁၀။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဦးသိန်းဇံ + ဒေါ်ခင်အုန်းမြင့် သား၊ သမီး၊ မြေးတစ်စု

၁၁။ ဒဂုံမြို့သစ်မြောက်ပိုင်း ဦးသန်းဦး + ဒေါ်တင်အုန်းကြူ

၁၂။ ဒဂုံမြို့သစ်မြောက်ပိုင်း ဦးမြသိန်း + (ဒေါ်ထွေးကြည်)

၁၃။ ဒဂုံမြို့သစ်မြောက်ပိုင်း ဦးကြင်ဝမ် + ဒေါ်နုနု မိသားစု

၁၄။ ဒဂုံမြို့သစ်မြောက်ပိုင်း ဦးမောင်မောင်မြင့် (စာပေ ဗိမာန်) + ဒေါ်ခင်အေးသန်း မိသားစု

၁၅။ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဦးဝင်းမြင့်မောင် + ဒေါ်ရီရီစန်းမိသားစု

၁၆။ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မဟာမြိုင် ဒေါ်ခင်နွဲ့မူမိသားစု

၁၇။ တောင်ဥက္ကလာပ၊ ယသဝတီ ဦးသန်းလွင် + ဒေါ်မော်နီထွေးမိသားစု

၁၈။ တောင်ဥက္ကလာပ၊ ပြဟ္မစိုရ်လမ်း ဒေါ်အေးပိုမိသားစု

၁၉။ လှိုင်သာယာမြို့သစ်၊ ဦးချစ်သန်း + ဒေါ်ခင်ဟန်မိသားစု

၂၀။ လှိုင်သာယာမြို့သစ်၊ ဦးကြည်ဝင်း + ဒေါ်ကြည်ကြည်စန်း(ရွှေမြန်မာ)မိသားစု

၂၁။ လှိုင်သာယာမြို့သစ်၊ ဦးထွန်းဟန် + (ဒေါ်တင်ဥ)မိသားစု

၂၂။ သမိုင်း၊ ခဝဲခြံ ဒေါ်ထားအေး

၂၃။ သမိုင်း ဒေါ်တင်ကြည်မိသားစု

၂၄။ သမိုင်း ဒေါ်ကြင်မြမိသားစု

၂၅။ ဦးကျော်ငြိမ်း + ဒေါ်သန်းသန်းနွဲ့ တိုက်ကြီးမြို့နယ်၊ ရွာသာရွာ

www.burmeseclassic.com

www.burmeseclassic.com

# ဆရာတော် ဦးဇနိန္ဒသာရ (မုံရွာနေဇာ)
## ၏
# ဘဝဖြစ်စဉ်အကျဉ်း



| | |
|---|---|
| မိဘ | - ဦးကောင်းတင် + ဒေါ်ခန့် |
| မွေးသက္ကရာဇ် | - ၁၃၀၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၆)ရက်<br>၈-၇-၁၉၄၇ (အင်္ဂါနေ့) |
| မွေးဖွားရာဇာတိ | - စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊<br>ဒေါနခြံရပ်။ |

## စာပေသင်ကြားခဲ့သော နေရာများ

မြို့ရွာမြို့ လယ်တီ ကျောင်း၊ မုံရွာမြို့နယ်၊ ဒါန်းပင်တဲရွာ၊ ပုဗ္ဗာရုံကျောင်း ဆရာတော်ဘဒ္ဒန္တကုန္ဒဝံသ။

မုံရွာမြို့ ပေပင်မွေ့ပါရဂူပါဠိတက္ကသိုလ်ကျောင်း တိုက်၊ ဆရာတော်ကြီးဘဒ္ဒန္တအာစိဏ္ဏ(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)၊ ဂန္ထကာရက ဆရာတော်ကြီး ဘဒ္ဒန္တကောဝိဒ (မိုးကောင်းတောရ)၊ လက်ရှိ ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တအရိယာလင်္ကာရ (အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက၊ နိုင်ငံတော် သံဃ မဟာနာယက ဒုတိယဥက္ကဋ္ဌ) ဂန္ထဝါစက စာချဆရာ တော်များထံတွင် အစိုးရ ပထမကြီးတန်းအထိ ပရိယတ္တိ စာပေများ သင်ကြားခဲ့သည်။

ဘာသန္တရပညာရပ်များအနေဖြင့် အင်္ဂလိပ်စာ၊ လက်ရေးတို၊ လက်နှိပ်စက်(မြန်မာ+ အင်္ဂလိပ်)၊ ပန်းချီပညာ၊ မွေ့ကထိက သင်တန်း စသည်တို့ကို တက်ရောက် သင်ယူခဲ့သည်။

## ကျောင်းထိုင်ဘုန်းကြီးဘဝ

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်အပိုင်း၊ အလယ်သောင်ရွာဘုန်းတော်ကြီး တွဲဖက်မူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများကို စာသင်ကြားပေးခဲ့သည်။

ထို့နောက် ကျောင်းကုန်းမြို့နယ်၊ ကြို့ကုန်းကျေးရွာတွင် (၂)နှစ် နေထိုင်ခဲ့ပြီး တရားဟော စာပေသင်ကြားမှုတို့ဖြင့် သာသနာပြုခဲ့သည်။

၁၃၄၀ ပြည့်နှစ်မှ ၁၃၅၃ ခုနှစ်အထိ (၁၃) နှစ် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ခုနစ်ကျိုက် အရှေ့ကျေးရွာ၊ အောင်မြေဝေယံကျောင်းတွင် သီတင်းသုံးကာ ကျောင်းသား၊ ကျောင်းသူများကို စာသင်ပေးခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ (မိမိတို့ တိုက်ကြီးဒေသမှစတင်၍ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းစာမေးပွဲများ စတင်ကျင်းပခဲ့သည်။)

ကျင်းပပေးခြင်း၊ ကျေးရွာရှိ ဒါယကာ၊ ဒါယိကာမများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒါယကာ၊ ဒါယိကာမများအား တရားဟောခြင်း၊ တရားပြခြင်း၊ စာပေများရေးသားခြင်း စသော သာသနာရေး၊ ဘာသာရေးကိစ္စများကို ဆောင်ရွက်ပေးခဲ့သည်။

## သာသနာရေးကိစ္စ ဆောင်ရွက်ချက်များ

၁၃၅၀၊ ၅၃ တိုက်ကြီးမြို့နယ် ဝိနည်းဓိုရ်မြို့နယ် ဝန်ဆောင်ဆရာတော်။

၁၃၆၈ မှစ၍ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ သသနာယက၊ မြို့နယ်ဝန်ဆောင်ဆရာတော်။

ထို့နောက် ယခုအချိန်အထိ မြို့နယ်သံဃနာယက အဖွဲ့ဝင်၊ အစိုးရ ပထမပြန်စာမေးပွဲ ကြီးကြပ်ရေး၊ နိကာယ် စာမေးပွဲ ကြီးကြပ်ရေး (၂) ဝိုင်း ကျောင်းတိုက် နာယကအဖွဲ့ဝင်၊ ဘာသာရေး အသင်းအဖွဲ့များ၏ ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာရေးကိစ္စအတွက် တာဝန်များထမ်းဆောင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၃၆၈ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော "သဒ္ဓမ္မဇောတိကဓဇ" (သာသနာပြုဘွဲ့) ကို လက်ခံ ရရှိတော်မူသည်။

## စာပေဘဝနှင့် ဆောင်ရွက်ချက်များ

ဝါသနာအရ စာပေများရေးသားရာ ၁၉၈၆ ခုနှစ်နှင့် ၁၉၈၇ ခုနှစ်တို့တွင် ရန်ကုန်မြို့ ဝိုင်-အမ်-ဘီ-အေ အသင်းကြီးမှ ကျင်းပပြုလုပ်သော "ဗုဒ္ဓစာပဒေသာ ပြိုင်ပွဲ" (၂) နှစ်ဆက်တိုက် ပထမဆုကို ရရှိခဲ့သည်။

၁၉၈၇ ခုနှစ်၊ မေလထုတ် ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် "ငါ" ဟူသောကဗျာကို စတင်ဖော်ပြခဲ့သည်။ ရှုမဝ၊ မြတ်ပန်းရုံ၊ ရတနာမွန်၊ ဓမ္မရံသီ၊ ဓမ္မရတနာ၊ မြစ်မခဓမ္မစာသဝဏ်၊ သာသနာ့ရောင်ခြည်၊ သာထွန်းပြန့်စာစောင်၊ စာပေဂျာနယ်၊ ပေါ်ပြူလာဂျာနယ်၊ စာဖတ်သူဂျာနယ်၊ Family မဂ္ဂဇင်း၊ အတွေးအမြင်၊ ဂန္ထဝင်၊ ရောင်ပြန်၊ မနုစာရီ၊ မဟာမြိုင်၊ ဇောတိသဝေ၊ ရုပ်ရှင်အမြုတေ၊ ဂမ္ဘီရ၊ အတွေးသစ်ဂျာနယ်၊ ထေရဝါဒ ဓမ္မစာစောင်၊ နေလဂျာနယ်၊ ဓမ္မပဒေသာမဂ္ဂဇင်း၊ ဓမ္မဝိရုဂျာနယ် (ပင်တိုင်ဆောင်းပါးရှင်)၊ သန္တရသ၊ Empress Magazine ၊ ရတနာ့တံခွန်၊ ဖတ်စရာဂျာနယ်၊ Yangon Post ဂျာနယ်၊ မမောသီမဂ္ဂဇင်း၊ ပိတောက်မြေ၊ Emperor Magazine ၊ Revenue Journal ၊ ပိတောက်နွယ်၊ စိန္တာမဏိ၊ အနန္တဂုဏ်ရည်မဂ္ဂဇင်း(ပင်တိုင်)၊ The Light of English Magazine ၊ လပြည့်ဝန်း၊ ယဉ်ကျေးမှုမဂ္ဂဇင်း၊ ဂမ္ဘီရဆန်းကြယ်၊ ဓမ္မသာလာ၊ ဟဒယ၊ ချင်းတွင်း ဂုဏ်ရည်၊ ချင်းတွင်း ဧကရီ၊ တွင်၊ ရွှေပြည်(ပင်တိုင်)၊ International Magazine ၊ နဘယ်၊ ဓမ္မဏ္ဍရှင် (ပင်တိုင်)၊ အလင်းသစ်၊ ခရီးဖော်၊ မဟိဒ္ဓိ၊ ပညာ့ခေတ်မဂ္ဂဇင်း (ပင်တိုင်ဆောင်းပါးရှင်) စသော စာနယ်ဇင်း (၁၀၀) ကျော်တို့တွင် ကဗျာ၊ ဆောင်းပါး၊ ဓမ္မရသဝတ္ထုများ စသည်တို့ကို ရေးသားခဲ့၊ ရေးသားပေးလျက်ရှိသည်။

ဤတွင် အကြောင်းအားလျော်စွာ ထုတ်ဝေကြသော မော်ကွန်း၊ ဂုဏ်ပြုစာစောင်၊ ရတုမဂ္ဂဇင်း၊ အထိမ်းအမှတ်မဂ္ဂဇင်း စသည်တို့တွင် ရေးသားခဲ့သော စာရင်းများ မပါဝင်ပါ။

ရေးသားထုတ်ဝေခဲ့သော လုံးချင်းစာအုပ်ပေါင်း (၂၃) အုပ် ရှိပါပြီ။ (မိမိထုတ်ဝေခဲ့ပြီး စာအုပ်ချို့တွင် စာအုပ်အမည်များ ပါဝင်ပြီးဖြစ်၍ မဖော်ပြတော့ပါ။) ပတ်သက်ရာပတ်သက်ကြောင်း စာရေးသူ၏ စာအုပ်များတွင်လည်း အမှာစာပေါင်းများစွာ ရေးသားပေးခဲ့ ပါသည်။

## ပရဟိတကိစ္စ ဆောင်ရွက်ချက်များ၊ အလှူဒါနများ

၁၃၆၉ ခုနှစ် (၂၀၀၀) မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဒါန်းပင်တဲကျေးရွာ၊ ပုဗ္ဗာရုံကျောင်းတွင် သက်ကြီးပူဇော်ပွဲ စတင်စီစဉ် ကျင်းပခဲ့သည်။ ကျေးရွာရှိ အသက် (၇၅) မှအထက် အဘိုး၊ အဘွား (၄၀) ဦးတို့ကို အလှူငွေ ကျပ် (၂၀၀၀၀) စီနှင့် ဝတ္ထုများအပြင် ကံစမ်းမဲများ ဖောက်၍ လှူဒါန်းခဲ့သည်။ ဂေါစရဂါမ် ကျေးရွာများရှိ ဆရာတော် (၂၅) ပါးကျော်တို့ကိုလည်း သွမ်း၊ သင်္ကန်း၊ ထီး စသော လှူဖွယ်ပစ္စည်းများအပြင် နဝကမ္မအလှူငွေများနှင့် စာရေးတံမဲပါ ဖောက်ပြီး လှူဒါန်းခဲ့သည်။ ကျေးရွာများရှိ ဒါယကာ၊ ဒါယိကာမ ကြီး၊ ငယ်၊ ရွတ်၊ လတ် တို့အား ဗျူဟာစ်၍ (အသံချဲ့စက်ဖြင့် ဖိတ်ကြားကြေညာ၍) သက်သတ်လွတ် ထမင်းကျွေးသည်။

ဒုတိယနှစ် ၁၃၇၀ ခုနှစ် (၂၀၁၀) မှစ၍ ပျောက် ကွယ်တိမ်မြုပ်နေသော "တိုးတက်လူငယ်" ကျေးရွာစာကြည့်တိုက်အား စာအုပ်များ လှူဒါန်းခြင်း၊ စာပေဟောပြောပွဲ၊ စာပေပြိုင်ပွဲ၊ စာဖတ်အများဆုံး ဆုပေးပွဲ၊ ဂျပန်စကားပြောပွဲများ၊ ဖတ်သူ၊ ရေးသူ ဆွေးနွေးပွဲများ စီစဉ်ကျင်းပပေးခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် တိုက်ခံစာကြည့်တိုက်ကို ဆောက်လုပ်နိုင်ခဲ့သည်။

နှစ်စဉ် သက်ကြီးပူဇော်ပွဲအကြိုညတွင် ရန်ကုန်မှ စာရေးဆရာ၊ ဆရာမများကို ဖိတ်ကြား၍ စာပေဟောပြောပွဲများ ကျင်းပပေးခဲ့သည်။ ကျေးရွာမှ ဆုရရှိသူ စာပေဝါသနာရှင်များအား စင်မြင့်ပေါ်တွင် ဆရာတော်နှင့် စာရေးဆရာ၊ ဆရာမများက ဆုချီးမြှင့်ပေးခဲ့ကြသည်။ ဝမ်းမြောက်ကြည်နူးမိပါ၏။ အားလုံး ကူညီ ဆောင်ရွက်ပေးကြသူများကိုလည်း ကျေးဇူးတင်ကြောင်း ဤနေရာမှာ မှတ်တမ်းတင်ပါ၏။

ယခုနှစ် ၂၀၁၃ အထိ သက်ကြီးပူဇော်ပွဲ၊ စာအုပ်လှူဒါန်းပွဲ၊ စာပေဟောပြောပွဲ၊ ဆုပေးပွဲ ကျင်းပခဲ့တာ (၆) ကြိမ်မြောက် ရှိသွားပေပြီ။ ပီတိ၊ သောမနဿ ဖြစ်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်မှတ်တမ်းလွှာ

ဤ "မိမိ၏ကျေးဇူးရှင်များ" စာအုပ်အတွက် စာမူများ တောင်းခံပေးခြင်း၊ စာအုပ်ဖြစ်မြောက်ရေးကိစ္စကို ဆောင်ရွက်ပေးခြင်း၊ စာမူများကို ဖတ်ရှုပေးကြသော ဆုပြည့်စုံထွန်း စာပေ၊ Quality စာပေ အယ်ဒီတာအဖွဲ့၊

ဆုပြည့်စုံထွန်းစာပေ ဦးမြင့်ထွန်း + ဒေါ်ခင်မာရွှေ၊ အယ်ဒီတာစာရေးဆရာ၊ ကဗျာဆရာ သုရဇော် (ဦးစိန်လှိုင်၊ မဟာဝိဇ္ဇာ) ပါဝင်ရေးသားချီးမြှင့်ကြသော နိုင်ငံကျော် စာရေးဆရာ၊ ဆရာမကြီးများ ဝိုင်းဝန်းကူညီကြသော ပုဂ္ဂိုလ်အပေါင်းတို့ကို မိမိက ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းပြုပါသည်။

- ❖ ကျေးဇူးရှိလျှက်
  သိဖို့ခက်။
- ❖ ကျေးဇူးသိလျှက်
  ပြောဖို့ခက်။
- ❖ အပြောသာရှိလျှက်
  အဆပ်ခက်။

ဆရာတော် ဘဒ္ဒန္တ ဇနိန္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ)
မြို့နယ်သံဃနာယကအဖွဲ့ဝင်
စာရေးဆရာ မုံရွာနေဇာ၊ (၂)ပိုင်း၊ အောင်စန္ဒသိဒ္ဓိကျောင်း
(၅)ရပ်ကွက်၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၅၀၉၆၆၉၈၂၊ ၀၉ ၄၅၀၀၂၀၇၈၈၊
၅-၉-၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com



# မုံရွာမြို့ ဆူးလေကုန်းရပ်
# ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက်
## ဖြစ်ပေါ်တည်ရှိပုံ သမိုင်းအကျဉ်း

### ဗုဒ္ဓသာသနံစိရံတိဋ္ဌတု

ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ကြီး စည်ပင်ပြန့်ပွားရေး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ရန် အထူးဆန္ဒရှိကြသော ဆရာတော် ဦးအာစိဏ္ဏနှင့် တပည့်ဦးကောဝိဒတို့သည် မိမိတို့ ဆည်းပူးအပ်ပြီးသော ပိဋကတ် စာပေကျမ်းဂန်ပညာ အဖြာဖြာတို့ကို သင်ကြားပို့ချ ဖြန့်ချိဝေငှရန် ပရိယတ္တိ စာသင်တိုက် ဖွင့်လှစ်တည်ထောင်လိုကြသည်ဖြစ်၍ လျောက်ပတ်သော မြေနေရာရရှိဖို့ ကြိုးစားရှာဖွေကြသည်။

ဦးအာစိဏ္ဏနှင့် ဦးကောဝိဒတို့သည် မုံရွာမြို့၌ သင့်လျော်သောမြေ ရရှိရေးအတွက် စုံစမ်းရှာဖွေလျက်ရှိရာ အမှတ်မထင်တစ်နေ့တွင် ဦးကောဝိဒသည် ပေပင်ကျောင်းတိုက်သို့ ရောက်ရှိသဖြင့် ယခင်ကပင် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော ဆရာတော်ကြီး ဦးဇနိန္ဒနှင့် တွေ့ဆုံ၍ အာလာပသလ္လာပ စကားဖြင့် အစပြုကာ အထွေထွေ အကြောင်းအရာတို့ကို နှီးနှောပြောဆိုကြသည်။

ထိုသို့ပြောဆိုကြရင်း ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်ရေးအတွက် မြေနေရာ ရှာဖွေနေကြောင်း စကားစပ်မိကြရာမှ ပေပင်ကျောင်းတိုက်ကြီး၏ အကြီးအမှူး နာယကဖြစ်သော ဆရာတော်ကြီး ဦးဇနိန္ဒက ပေပင်ကျောင်းဝင်း မြေနေရာ၌ စာသင်တိုက် ဖွင့်လှစ်ရန် ခွင့်ပြုလှူဒါန်းမည်ဖြစ်ကြောင်း ဤမြေနေရာကို ကြိုက်နှစ်သက်လျှင် စာသင်တိုက်ပြုလုပ်စေလိုကြောင်း ပြောကြားသဖြင့် ဦးကောဝိဒလည်း ဝမ်းမြောက်စွာ သဘောတူလက်ခံခဲ့သည်။

www.burmeseclassic.com



ဤသို့အားဖြင့် ဆရာတော်ကြီးဦးဇနိန္ဒ၏ လှူဒါန်းမှုကြောင့် ပေပင်ကျောင်းဝင်းကြီးအတွင်း၌ ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်ရန် မြေနေရာရရှိပြီဖြစ်၍ ဦးကောဝိဒသည် နောက်ပါရဟန်းသာမဏေကျောင်းသားများနှင့် အတူတကွ မြေနေရာ၌ သန့်ရှင်းရေးပြုလုပ်ကြသည်။

ကျယ်ဝန်းသော ကျောင်းဝင်းကြီးအတွင်း၌ ဒုတိယကမ္ဘာစစ်အတွင်းကစ၍ ရှုပ်ထွေးစုပုံလျက် ရှိနေသော အမှိုက်သရိုက်များ၊ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကြရသည်။ ကျင်းချိုင့်များဖို့၍ ကုန်းကမူများဖြိုကာ ညီညာပြေပြစ်သော မြေမျက်နှာပြင် ဖြစ်စေရန် ပြုပြင်ကြရသည်။

ဤသို့ ပြုပြင်ရှင်းလင်းပြီးနောက် ၁၃၀၈ ခုနှစ်တွင် ဆရာတော် ဦးအာစိဏ္ဏ၊ ဦးကောဝိဒတို့ ကြီးမှူး၍ ပေပင်ဓမ္မပါရဂူ ပရိယတ္တိစာသင်တိုက် စတင် ဖွင့်လှစ်တည်ထောင်ခဲ့ကြသည်။

စာသင်တိုက် တည်ထောင်စ၌ ဆရာတော်တို့ သီတင်းသုံး နေထိုင်ကြရသော ကျောင်းမှာ ဘုတလင်မြို့နယ်၊ ငပယင်းရွာမှ ဒေါ်သိန်းမေ မိသားစု ဆောက်လုပ်လှူဒါန်းသော ဝါးထရံ ဝါးကပ်မိုးကျောင်းလေး ဖြစ်သည်။ ထိုဝါးထရံကျောင်းလေးသည် ကျောင်းဝင်းခြံမြေ၏ အနောက်မြောက်ထောင့် (ပဏ္ဍိတမော ဒယကျောင်း) မြေနေရာ၌တည်ရှိ၍ ထိုဝါးထရံကျောင်းလေး၏ ခေါင်းရင်းဘက်၌ အဇီချကာ ဆရာတော်နှစ်ပါး နေထိုင်ကြသည်။ ရှေ့မျက်နှာတွင်လည်း အဇီချကာ ဆွမ်းစားဆောင်း၊ လက်ဖက်ရည်ပိုင်း စသော အမှုကိစ္စများ အတွက် အသုံးပြုကြသည်။ ဝါးထရံကျောင်းလေးအတွင်း မှာမူ စာသင်သားရဟန်းသာမဏေများအတွက် နေရာသတ်မှတ်ကြသည်။ ဤသို့ဖြင့် ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်ခြင်း၏ ဗွေဆော်ဦးခရီး စတင်ခဲ့ကြရသည်။

အထူးမှာ ။ ။ ပရိယတ္တိစာသင်တိုက် မဖွင့်လှစ်မီကပင် ကျောင်းဆောက်လုပ် လှူဒါန်းမည်ဟု လျှောက်ထားဝန်ခံခဲ့သော ဆရာတော်နှင့် ကျောင်းနေဖက်ဖြစ်သည့် ဒါယကာ ဦးဘသော် + ဒေါ်ခင်သိန်း မိသားစုတို့က "စန္ဒာဂါရ" အမည်ရှိ တိုက်ကျောင်းတစ်ကျောင်း ၁၃၀၉ ခုနှစ်တွင် အောင်မြင်စွာ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဦးဘသော် + ဒေါ်သိန်းခင်မိသားစုတို့ လှူဒါန်းသော စန္ဒာဂါရတိုက်ကျောင်းသည် အလျားငါးခန်း၊ အနံ သုံးခန်း၊ ရှေ့အဇီ (ပယပ်) တစ်ခန်းနှင့်တကွ အုတ်နံရံသစ်သားမိုး နှစ်ထပ်တိုက်ကျောင်း ဖြစ်သည်။ ယခု သာဓုမောဒယကျောင်းနေရာ၌ တည်ရှိခဲ့သည်။

ဤနည်းဖြင့် စာသင်တိုက်ဖွင့်လှစ်ခဲ့၍ အဓိက ရည်ရွယ်ချက်ဖြစ်သည့် ပရိယတ္တိစာပေ တိုးတက်ထွန်းကားရေး အတွက် စာပေပို့ချ သင်ကြားခြင်းတို့ကို ဖိဖိစီးစီး ကြိုးစားဆောင်ရွက်တော်မူကြရာ အထူးအောင်မြင်မှု ရရှိသည်။

ဆရာတော်၏ ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြသော ဦးဘိုးပြေ၊ ဦးစိန်ထွေး၊ ဦးလှခင်၊ ဦးချစ်မောင်၊ ဦးဘသော်၊ ဦးဘိုးကျော် စသော ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ကလည်း ဆွမ်း၊ သင်္ကန်း စသော ပစ္စည်းလေးပါးတို့ဖြင့် အင်တိုက်အားတိုက် ထောက်ပံ့အားပေးကြသောကြောင့် စာသင်တိုက် ဖွင့်လှစ်စဥ်ဖြစ်သော်လည်း စိတ်ဓာတ်ကျဆင်းမှုနှင့် မကြုံဆုံကြရဘဲ တက်တက်ကြွကြွ ခရီးဆက်ခဲ့ကြရသည်။

ယင်းသို့ ဖြစ်သည့်အားလျော်စွာ စာသင်တိုက်၏ တိုးတက်မှု အရှိန်အဟုန်သည်လည်း မြင့်မားသွက်လက်လာသည်။ ထိုအချိန်က စာချပုဂ္ဂိုလ်များ ဖြစ်ကြသော ဦးဝါယမ၊ ဦးဓမ္မသာမိ၊ ဦးအာသဘ၊ ဦးသီလစာရတို့ကလည်း စိတ်အားထက်သန်စွာ သင်ကြားပို့ချကြသောကြောင့် စာပေသင်ကြားပို့ချမှုအရာ၌ ဤကျောင်းတိုက်၏ အမည်သည်လည်း ထင်ရှားလာသည်။

စာသင်တိုက်နာမည် ထင်ရှားသဖြင့် စာသင်သားသံချာလည်း တိုးတက်များပြားလာသည်။ စာသင်သားသံချာ များပြားလာသောကြောင့် စာသင်သား နေထိုင်မှုအတွက် ကျောင်းဆောင်များ တိုးဆောက်လုပ် လှူဒါန်းကြရသဖြင့် ကျောင်းဆောင်များလည်း တိုးတက်လာပါသည်။ ထိုအချိန်က ဆောက်လုပ်လှူဒါန်းကြသော ကျောင်းများမှာ

၁။ မင်္ဂလမာလာ (သဒ္ဓမ္မောဒယ) ကျောင်း (၁၃၁၁ - ခုနှစ်) အလျားငါးခန်း၊ အနံသုံးခန်းရှေ့တွင် ဆင်ဝင်ခေါင်းတစ်ပုံးပါရှိ၍ ဝါးထရံကာ ပျဥ်ခင်း ဝါးမိုး နှစ်ထပ်ကျောင်း (အများကောင်းမှု)။



www.burmeseclassic.com

www.burmeseclassic.com



၂။ ဓမ္မာစရိယသင်တန်း (ဓမ္မာစရိယောဒယ) ကျောင်း (၁၃၁၃-ခုနှစ်) အလျားလေးခန်း၊ အနံသုံးခန်း၊ ရှေ့တွင် ဆင်ဝင်ခေါင်းတစ်ပုံးပါရှိ၍ ပျဉ်ကာပျဉ်ခင်း ဝါးကပ်မိုး နှစ်ထပ်ကျောင်း (ဦးချစ်မောင်+ဒေါ်အုန်းညွန့်မိသားစု ကောင်းမှု)။

၃။ ၁၃၁၄ ခုနှစ်တွင် ဒေါ်သိန်းမေတို့ မိသားစုက မူလ ဆောက်လုပ်လှူဒါန်းထားသော ဝါးထရံ ကျောင်းလေးကို ကျယ်ကျယ်ပြန့်ပြန့် အသစ်တိုးချဲ့ပြုပြင်၍ ဆောက်လုပ်လှူဒါန်းသည်။

၄။ ၁၃၁၄ ခုနှစ်တွင် ဆရာတော်များ နေထိုင်ရန် အလျား ငါးခန်း၊ အနံသုံးခန်း၊ ရှေ့တွင် စင်္ကြံလမ်း (ဝရန်တာ) ပါရှိ၍ ပျဉ်ကာပျဉ်ခင်း ဝါးကပ်မိုး တစ်ထပ်ကျောင်း (ယခု မနာပစာရီကျောင်းနေရာ) အများကောင်းမှု။

၅။ သီရိမောဒယကျောင်း (၁၃၁၉-ခုနှစ်) အလျား ငါးခန်း၊ အနံသုံးခန်း၊ သွပ်မိုး အုတ်တိုက်ကျောင်း (ဦးဖိုးကျော်+ ဒေါ်ဖွံ့၊ သမီးနွဲ့နွဲ့ကျော်တို့ ကောင်းမှု။

ဤသို့ ကျောင်းဆောင်များ တိုးတက်လာသည်။ စာသင်သားလည်း ခုနစ်ဆယ်ကျော် ဖြစ်လာသည်။

နာယကဆရာတော်ကြီး၏ စေတနာ မေတ္တာအား ကောင်းခြင်း၊ တိုက်အုပ်ဆရာတော်နှင့် စာချဆရာတော်တို့၏ စွမ်းစွမ်းတမံ ကြိုးစားခြင်း ဒါယကာ ဒါယိကာမအပေါင်းတို့၏ သဒ္ဓါတရား ထက်သန်ခြင်း စသော စုစည်းမှုအင်အားကြောင့် ဓမ္မပါရဂူစာသင်တိုက်သည် ဤသို့ အဘက်ဘက်၌ လျင်မြန်စွာ တိုးတက်အောင်မြင်မှု ရရှိခြင်း ဖြစ်သည်။

၁၃၁၃ ခုနှစ်တွင် ဓမ္မာစရိယ စာချတန်း၌ (၉)ကျမ်းလုံး အောင်မြင်ခဲ့သော ရဟန်းတော် ဦးသီလာစာရအား ချီးကျူး ဂုဏ်ပြုပွဲ ကျင်းပခဲ့သည်။

၁၃၁၆ ခုနှစ်တွင် နာယကဆရာတော် (ဘဒ္ဒန္တအာစိဏ္ဏ၊ အဂ္ဂမဟာပဏ္ဍိတ) သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်၌ ပါဠိပဋိဂ္ဂါဟကအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၃၁၆ ခုနှစ်မှစ၍ ဓမ္မပါရဂူကျောင်းတိုက်၌ မုံရွာခရိုင် ဝိနိစ္ဆယရုံးဖွင့်ကာ နာယကဆရာတော် (ဘဒ္ဒန္တအာစိဏ္ဏ၊ အဂ္ဂမဟာပဏ္ဍိတ)သည် မုံရွာခရိုင် ဝိနိစ္ဆယတာဝန်ခံ ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၃၁၈ ခုနှစ်၊ တော်သလင်း လပြည့်ကျော် (၁၂) ရက် (၁-၁၀-၅၆) နေ့တွင် ဓမ္မပါရဂူပါဠိတက္ကသိုလ်အဖြစ် ဖွင့်လှစ်နိုင်ခဲ့သည်။

ဤသို့ စာပေသင်ကြားပို့ချခြင်း၊ ဝိနိစ္ဆယတာဝန်ခံအဖြစ် ဆောင်ရွက်ခြင်း၊ ဆဋ္ဌသင်္ဂါယနာ၌ ပါဠိပဋိဂ္ဂါဟကအဖြစ် ဆောင်ရွက်ခြင်း၊ ပါဠိတက္ကသိုလ် ဖွင့်လှစ်ခြင်း စသော ဘာသာရေး၊ သာသနာရေးကိစ္စအဝဝတို့ကို တက်တက်ကြွကြွ အင်တိုက်အားတိုက် ခွန်အားစိုက်၍ ကြိုးစားအားထုတ်နေစဉ် ၁၃၁၉-ခုနှစ်၊ ကဆုန်လ (၁၉၅၇ ခုနှစ်၊ မေလ) ၌ မုံရွာမြို့ကြီး တစ်မြို့လုံး မီးလောင်ခြင်းခံရသောအခါ ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ အဆောက်အအုံအားလုံး မီးလောင်ဆုံးရှုံးခြင်း ခံခဲ့ရသည်။

သို့သော် ကံအားလျော်စွာ ဆောက်လုပ်ဆဲဖြစ်သော သီရိမာဒယကျောင်း တစ်ကျောင်းသာလျှင် မီးမလောင်ဘဲ ကျန်ရှိခဲ့သည်။

ဤသို့ မုံရွာမြို့ကြီးနှင့်အတူ ဓမ္မပါရဂူ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး တစ်တိုက်လုံး မီးလောင်ဆုံးရှုံးခြင်း ခံရသဖြင့် ၁၃၁၉ ခုနှစ်၌ကား စာပေပို့ချခြင်း၊ စာသင်သားလက်ခံခြင်းများ ရပ်ဆိုင်းထားခဲ့ရသည်။ ရှေ့ခရီးအတွက် မည်သို့ စီစဉ်ဆောင်ရွက်ကြရမည်ကို စဉ်းစားဆွေးနွေးကြရသည်။

သို့သော် နာယကဆရာတော်၊ တိုက်အုပ်ဆရာတော်နှင့် စာချဆရာတော်တို့သည် စိတ်ဓာတ်ကျဆင်းခြင်းကား အလျဉ်းမဖြစ်ကြ၊ လှေခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်မျိုးဖြင့် ကြံ့ကြံ့ခံနိုင်ကြသည်။ သာသနာရေးရာ၌ စိတ်ဓာတ်ကျပြီး လက်လျှော့လိုက်လျှင် သာသနာအတွက် ဆုံးရှုံးမှု တစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် ကျောင်းတိုက်ကြီးအားလုံး ပြာပုံဘဝရောက်အောင် မီးလောင်ခံရသော်လည်း ဆရာတော်တို့ကား အားမလျှော့ဘဲ ဆက်လက်၍ စာသင်တိုက် ပြန်လည်ဖြစ်ပေါ် တိုးတက်ရေးအတွက် အထူးကြိုးစား ဆောင်ရွက်ကြသည်။

ဤတွင် အသစ်ပြန်လည်တည်ဆောက်မည့် စာသင်တိုက် အဆောက်အအုံများ အမြန်ရှည်စွာ တည်တံ့ခိုင်မြဲရေး အတွက် စဉ်းစားကြရသည်။ ဝါးထရံကျောင်း သစ်သား ကျောင်းများကား မီးဘေးအန္တရာယ် စိုးရိမ်ရသောကြောင့်

www.burmeseclassic.com



အသစ် တည်ဆောက်မည့်ကျောင်းများကို ဝါးကျောင်း၊ သစ်သားကျောင်း မဆောက်လုပ်တော့ဘဲ အုတ်တိုက်ကျောင်းများကိုသာ တည်ဆောက်ရန် စဉ်းစားဆုံးဖြတ်ကြသည်။

ထို့ပြင် နာယက စာချဆရာတော်များ၊ ဒါယကာ၊ ဒါယိကာမများ၊ စာသင်သားများအားလုံး တက်ညီလက်ညီ ကြိုးစားမှသာလျှင် ပရိယတ္တိစာသင်တိုက်ကြီး လျင်မြန်စွာ ပြန်လည် ရှင်သန်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်းကိုလည်း အားလုံး သဘောပေါက်ကြသည်။

ဤသို့ အခြေအနေ အရပ်ရပ်တို့ကို ဆင်ခြင်စဉ်းစား သုံးသပ်ကြပြီးနောက် ၁၃၂၀ ခုနှစ်၌ အင်အားသစ်အပေါင်းတို့ဖြင့် စုစည်းလျက် စာသင်တိုက်ကြီး ခမ်းခမ်းနားနား ဖြစ်ပေါ်လာရေးအတွက် စာသင်သား လက်ခံခြင်း၊ စာပေပို့ချသင်ကြားခြင်း၊ ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း စသော ပြုဖွယ်ရာတို့ကို တက်တက်ကြွကြွ ဆောင်ရွက်ကြလေသည်။

မိုးသောက်ကာလ၌ နိုးထလာကြသော သတ္တလောကကြီးကဲ့သို့ မီးလောင်ခံရ၍ ပြာပုံဘဝရောက်ခဲ့ရသော မုံရွာမြို့ကြီးလည်း "မြေအုတ်တို့ ပြိုလေသော် ကျောက်အုတ်တို့ဖြင့် အစားထိုးရာ၏" ဟူသော စကားပုံအတိုင်း မီးလောင်ခံရသော သစ်သား၊ ဝါးအိမ်နေရာတို့၌ အုတ်တိုက် အိမ်များ အစားထိုးဝင်ရောက်နေရာယူကြသည်။

မုံရွာမြို့ကြီး၏ မီးလောင်ပြင်နေရာတို့၌ အုတ်တိုက်အဆောက်အအုံများ ဖြစ်ပေါ်လာသကဲ့သို့ ဓမ္မပါရဂူ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ မီးလောင်ပြင်နေရာ၌လည်း အုတ်တိုက်ကျောင်းဆောင်များ အစားထိုးဖြစ်ပေါ်လာကြသည်။

ဓမ္မပါရဂူ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးအတွင်း၌ မကြာမြင့်မီအတွင်း ကျောင်းဆောင်များ အစီအရီ ဖြစ်လာကြသကဲ့သို့ ပရိယတ္တိ စာပေပို့ချမှုသည်လည်း လျင်မြန်စွာ တိုးတက်မြင့်မားလာသည်။

ထိုအချိန်၌ စာပေပို့ချမှုကို နာယကဆရာတော် တိုက်အုပ်ဆရာတော်တို့နှင့်တကွ ဦးအရိယာလင်္ကာရ၊ ဦးအာစာရ၊ ဦးဥာဏောဘာသ စသော စာချဆရာတော်များက တာဝန်ယူသင်ကြားပို့ချကြသည်။ စာသင်သား သံဃာလည်း များပြားလာသည်။ စာမေးပွဲအောင်ချက်လည်း အထူးကောင်းမွန်လာသည်။

ဦးဩဘာသ (ယခု ဖောင်ကြမ်းပင်ဆရာတော်)သည် တိပိဋကစရေ စာမေးပွဲတွင် ဒီယဘာဏကဘွဲ့ရရှိအောင်မြင်ခြင်း၊ ရှင်ကောဝိဒသည် မြန်မာတစ်ပြည်လုံး ပထမလတ်တန်း၌ ဒုတိယအမှတ်အများဆုံးဖြင့် အောင်မြင်ခြင်း၊ သကျသီဟ အဂ္ဂမဟာအကျော်လောင်းလျာ စာသင်သားများကို ပြုစုမွေးထုတ်ပေးခြင်း စသော ထင်ရှားသည့် အောင်မြင်မှုများ ဖြစ်ပေးရရှိခဲ့သည်။

ဓမ္မပါရဂူ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးအတွင်းရှိ ကျောင်းဆောင်အဆောက်အအုံကိုကား . . .

၁။ ပသာဒေါဒယကျောင်း၊ ဦးဘိုးပြေ+ဒေါ်သိန်းမေ မိသားစု ကောင်းမှု။

၂။ မနောဒယ ရမ္မဝတီကျောင်း၊ ဦးလူခင်+ဒေါ်ခင်ရှိန်နှင့် တူ၊ တူမများကောင်းမှု။

၃။ မနာပစာရီကျောင်း၊ ဦးမြမောင်+ဒေါ်လှကြည် မိသားစု ကောင်းမှု။

၄။ အဘယဂီရိကျောင်း၊ ဦးစိန်ထွေး+ဒေါ်စောခင် မိသားစု ကောင်းမှု။

၅။ ဘောဇနကာရီကျောင်း၊ ဦးကြည်မောင်+ဒေါ်သန်းသန်း မိသားစု ကောင်းမှု။

၆။ ဓမ္မဝေဒနိယသိမ်တိုက်၊ ဒေါ်တင်ရီ ကောင်းမှု။

၇။ သီရိမောဒယကျောင်း၊ ဦးဘိုးကျော်+ဒေါ်ဖို့ မိသားစု ကောင်းမှု။

၈။ ဓမ္မောဒယကျောင်း၊ ဦးဘသော်+ဒေါ်သိန်းခင် မိသားစု ကောင်းမှု။

၉။ သာဓုမောဒယကျောင်း၊ ဦးဘခင်+ဒေါ်မမ မိသားစု ကောင်းမှု။

၁၀။ ဇနောဒယကျောင်း၊ ဦးဘကြိုင်+ဒေါ်ခင်ညိမ်း မိသားစု ကောင်းမှု။

၁၁။ ပဏီတမောဒယကျောင်း၊ ဦးချစ်အောင်+ဒေါ်စိန်စိန် မိသားစု ကောင်းမှုတို့ ဖြစ်ကြသည်။

ဤသို့ စာသင်သား သံဃာများ သီတင်းသုံးရန် ကျောင်းဆောင်များလည်း ပြည့်စုံ၍ ဆွမ်း၊ သင်္ကန်း စသော ပစ္စယာ

www.burmeseclassic.com

www.burmeseclassic.com



နဂ္ဂဟာဖြင့် ထောက်ပံ့လှူဒါန်းသည့် ဒါယကာ ဒါယိကာမများလည်း ပြည့်စုံသည်။

အထူးကား တိုက်အုပ်ဆရာတော်ကြီး ဦးကောဝိဒသည် ၁၃၂၅ ခုနှစ်တွင် ကနီဆရာတော်ကြီးထံ သွားရောက်ဆည်းကပ်၍ ဝိပဿနာကမ္မဋ္ဌာန်း ကျင့်စဉ်များကို သင်ယူကျင့်ကြံပွားများကာ ဝိပဿနာခုရလုပ်ငန်းကို ပြုကျင့်တော်မူသည်။

၁၃၂၇ ခုနှစ်တွင် တိုက်အုပ်ဆရာတော်ကြီး ဦးကောဝိဒသည် ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ အုပ်ချုပ်မှု၊ စာပေပို့ချမှု စသော တာဝန်အရပ်ရပ်တို့ကို နာယကဆရာတော်ကြီးနှင့် ဦးအရိယာလင်္ကာရ အမှူးပြုသော စာချဆရာတော်များသို့ အားလုံးလွှဲအပ်ကာ ဒီပဲယင်းမြို့နယ်ကြည်ရွာမိုးကောင်းတောရ၌ ဝိပဿနာ တရားရိပ်သာတိုက် ဖွင့်လှစ်၍ တရားကျင့်စဉ်များ ဟောပြောပြသရန် ထိုဒေသသို့ ထွက်ခွာ ကြွချီတော်မူသည်။

ထိုအချိန်မှစ၍ ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးကို ဦးအရိယာလင်္ကာရ အမှူးပြုသော စာချဆရာတော်များက နာယကဆရာတော်ကြီး (ဘဒ္ဒန္တအာစိဏ္ဏ၊ အဂ္ဂမဟာပဏ္ဍိတ)၏ ဆုံးမသြဝါဒခံယူကာ တိုက်တာအုပ်ချုပ်မှု၊ စာပေပို့ချမှု စသော တာဝန်အရပ်ရပ်တို့ကို ဦးစီးဆောင်ရွက်ခဲ့ကြသည်။

ထိုအချိန်၌ တာဝန်ယူဆောင်ရွက်ကြသော စာချဆရာတော်များအား ဦးအရိယာလင်္ကာရ၊ ဦးပညာဝံသ၊ ဦးပညာစက္က၊ ဦးကောဝိဒ၊ ဦးဉာဏောဘာသတို့ ဖြစ်ကြသည်။

၁၃၃၉ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဓမ္မပါရဂူ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ကြီး (ဘဒ္ဒန္တအာစိဏ္ဏ အဂ္ဂမဟာပဏ္ဍိတ)၏ သက်တော်ရှစ်ဆယ်ပြည့် ပူဇော်ပွဲသဘင်ကို ကျောင်းတိုက်ကြီးအတွင်း၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ကြသည်။

ထိုရှစ်ဆယ်ပြည့် ပူဇော်ပွဲ အခမ်းအနားသို့ ရပ်နီးရပ်ဝေးမှ ရဟန်းတပည့်၊ လူတပည့် ပရိသတ်သုံးထောင်ခန့် ဝမ်းမြောက်ဝမ်းသာ စုံစုံညီညီတက်ရောက်ကြသောကြောင့် ကြီးကျယ်သော ပူဇော်ပွဲအဖြစ် ထင်ရှားစွာ မှတ်တမ်းတင်ခဲ့ကြရသည်။

၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေး နှစ်ပတ်လည် အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၈၃)အရ စစ်ကိုင်းတိုင်း၊ မုံရွာမြို့ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး (ဘဒ္ဒန္တအာစိဏ္ဏ)သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံခဲ့ရသည်။

မုံရွာမြို့ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး (ဘဒ္ဒန္တအာစိဏ္ဏ)သည် ရန်ကုန်မြို့သို့ ကြွရောက်၍ ၁၃၄၅-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရာ ကမ္ဘာအေး ကုန်းမြေဆဋ္ဌသင်္ဂါယနာ လိုဏ်ဂူတော်ကြီး၌ အလှူခံယူတော်မူသည်။

၁၃၄၅-ခုနှစ်၊ နယုန်လပြည့်ကျော် (၇) ရက်နေ့တွင် ရန်ကုန်မြို့မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံယူ၍ ပြန်လည်ကြွရောက်လာသော ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး (ဘဒ္ဒန္တအာစိဏ္ဏ) အား မုံရွာမြို့ အဖွဲ့အစည်း အသီးသီးမှ အကြီးအကဲပုဂ္ဂိုလ်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရဟန်းရှင်လူတပည့် ဒါယကာ၊ ဒါယိကာမများ အပါအဝင် တစ်မြို့လုံးအတိုင်းအတာဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပြီးလျှင် ဓမ္မပါရဂူပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးအတွင်း၌ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြသည်။

ဆရာတော်ကြီး (ဘဒ္ဒန္တအာစိဏ္ဏ)သည် သက်တော် ၉၀ ပြည့် ၁၃၄၈-ခုနှစ် တပို့တွဲလဆုတ် (၆) ရက် အရောက်၌ကား လူ့ပြည်ငြီးငွေ့၍ နတ်ပြည်ရွှေနန်းသို့ ပြောင်းရွှေ့စံမြန်းတော်မူသည်။

ဆရာတော်ကြီး (ဘဒ္ဒန္တအာစိဏ္ဏ အဂ္ဂမဟာပဏ္ဍိတ) ပျံလွန်တော်မူပြီးနောက် ဓမ္မပါရဂူပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ပဓာနနာယကအဖြစ် ဘဒ္ဒန္တအရိယာလင်္ကာရဆရာတော်က တာဝန်ယူဆက်ခံ၍ ကျောင်းတိုက်ကြီး၏ စီမံ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်မှု၊ စာပေပို့ချမှု စသော ဘာသာရေး၊ သာသနာရေး ဆိုင်ရာ စည်ပင်ပြန့်ပွားရေးလုပ်ငန်းရပ်တို့ကို အင်တိုက်အား တိုက် ဆောင်ရွက်ရသည်။

ဤသို့ ဓမ္မပါရဂူပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ပဓာနနာယကအဖြစ် ဆောင်ရွက်၍ ပရိယတ္တိစာပေများကို ကြိုးကြိုးစားစား သင်ကြားပို့ချသော ဆရာတော် ဘဒ္ဒန္တအရိယာလင်္ကာရအား ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ၁၃၅၃-ခု (၁၉၉၂ ခုနှစ်)တွင် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ကိုလည်းကောင်း၊ ၁၃၅၄ ခု၊ (၁၉၉၃ ခုနှစ်)တွင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက် ကပ်လှူဒါန်းသည်။

မြန်မာ့ယဉ်ကျေးမှုဘာသာ၌ "အစကောင်းမှ အနှောင်း သေချာသည်" ဟူသော ဆိုရိုးစကားရှိသည်၊ ထိုစကား၏ ဆို လိုရင်းမှာ လုပ်ငန်းကိစ္စ အဝဝတို့ကို ဆောင်ရွက်ရာ၌ အခြေခံ အစပထမ ဆောင်ရွက်စဉ်ကပင်လျှင် ကောင်းမွန်မှန်ကန်ဖို့ အထူးလိုအပ်ကြောင်း အခြေခံအစကောင်းပါက နောက် ပိုင်းအနှောင်းကာလ၌လည်း ကောင်းမွန်ဖို့သေချာသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဓမ္မပါရဂူပါဠိတက္ကသိုလ်ပရိယတ္တိ စာသင်တိုက်ကြီးကို မူလပထမ စတင်ပြုစုတည်ထောင်ခဲ့သော ပဓာနနာယက ဆရာတော်ကြီး (ဘဒ္ဒန္တအာစိဏ္ဏ)သည် နိုင်ငံတော်အစိုးရမှ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ဖြင့် လှူဒါန်းပူဇော်ခြင်း ခံရသောကြောင့် ကျော်စောခြင်းဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဤကျောင်းတိုက်ကြီး၏ အစကောင်းခြင်းဟု ဆိုအပ်သည်။

ဤသို့ အစကောင်းခဲ့သော ဤဓမ္မပါရဂူပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက်ကြီးသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟု ဆိုအပ်သော ပစ္စည်းလေးပါးတို့ပြည့်စုံခြင်း၊ နာယက တိုက်အုပ်စာချပုဂ္ဂိုလ်များနှင့် စာသင်သားတို့ လေးစားချစ် ခင် ညီညွတ်မှုရှိခြင်း၊ ပရိယတ္တိစာပေပို့ချသင်ကြားမှု အောင် မြင်ခြင်း၊ ဒါယကာ၊ ဒါယိကာမ အချင်းချင်း ဝမ်းမြောက်ဝမ်း သာ ချစ်ခင်ညီညွတ်မှုရှိခြင်း သဒ္ဓါတရားထက်သန်ခြင်း၊ စည်း စိမ်ဥစ္စာ တိုးပွားခြင်း စသော အစဉ်အလာကောင်းတို့သည် အဆက်မပြတ် တိုးတက်ဖြစ်ပွားခဲ့ကြသည်။

ဓမ္မပါရဂူပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက်ကြီး၏ ဒုတိယမြောက် ပဓာနနာယကဆရာတော်အဖြစ် ဆက်ခံ သော ဘဒ္ဒန္တအရိယာလင်္ကာရမထေရ်သည် နိုင်ငံတော် ငြိမ် ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ "မဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ဖြင့်လည်းကောင်း "အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ဖြင့်လည်းကောင်း ဆက်ကပ်လှူ ဒါန်းခြင်းခံရသောကြောင့် ဓမ္မပါရဂူပါဠိ တက္ကသိုလ် ပရိယတ္တိ စာသင်တိုက်ကြီး၏ နှောင်းပိုင်းကာလ (ရွှေရတုကာလ)များ သည်လည်း နပျိုလန်းဆန်းကာ ပန်းပန်လျက်ပင်ဖြစ်၍ စိန် ရတု၊ နဝရတ်ရတု၊ ရာပြည့်ပွဲတို့ဆီသို့ အင်အားတောင့်တင်း စွာ ချီတက်လျက်ရှိသည်။

ယခုအခါ "အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ" ဘွဲ့တံဆိပ် တော်ရ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအရိယာလင်္ကာရ မထေရ်သည် ဓမ္မပါရဂူပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက် ကြီးကို နာယက စာချဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တ ပညာဝံသ (အစိုးရဓမ္မာစရိယ)၊ ဘဒ္ဒန္တနန္ဒာဘာသာ (စာချ ဓမ္မာစရိယ)၊ ဘဒ္ဒန္တသီလာစာရ (စာချဓမ္မာစရိယ)၊ ဘဒ္ဒန္တ သက္ကဝံသ (အစိုးရဓမ္မာစရိယ) တို့ဖြင့် ဖွဲ့စည်းလျက် ဗုဒ္ဓ ဘုရားရှင်၏ သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ပြန့် ပွားရေးကို ရှေးရှု၍ အထူးကြိုးစား ဆောင်ရွက်လျက်ရှိ သည်။


နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဖြစ်သော ဆရာတော် သည် ဓမ္မပါရဂူတိုက် ပဓာနနာယကဆရာတော်အဖြစ် ဆောင်ရွက်တော်မူရင်း ၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရ က ဆက်ကပ်ပူဇော်သည့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် တော်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

ယခု (၁၃၇၆ခု၊ ၂၀၁၄) မှစ၍ နိုင်ငံတော် သံဃမဟာ နာယက ဒုတိယဥက္ကဋ္ဌတာဝန်ကို ရယူတော်မူပြီး သာသနာ ရေးကိစ္စအဖြာဖြာတို့ကို ထမ်းဆောင်လျက် ရှိပေသည်။

**ဗုဒ္ဓသာသနံစိရံတိဋ္ဌတု**

www.burmeseclassic.com

www.burmeseclassic.com



လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်




ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်



ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်းရှိ ဘုရားစေတီတော်သုံးဆူ



မုံရွာမြို့ ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ မုခ်ဦး



မုံရွာမြို့၏ ကျက်သရေဆောင် ရွှေစည်းခုံစေတီတော်ကြီး

www.burmeseclassic.com


www.burmeseclassic.com



မုံရွာမြို့ ဗောဓိတစ်ထောင် ရပ်တော်မူဘုရားကြီး
(လေးကျွန်းစကြာရုပ်ပွားတော်ကြီး)



မုံရွာမြို့၏ ကျက်သရေဆောင် ဆုတောင်းပြည့်စေတီတော်ကြီး



မုံရွာမြို့၏ ကျက်သရေဆောင် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မုံရွာနေဇ၏ မူလဥပဇ္ဈာယ် ငယ်ဆရာတော်ကြီး
ဘဒ္ဒန္တကုန္ဒဝံသ၊ မုံရွာမြို့နယ်၊ ဒါနီးပင်တဲရွာ၊ ပုပ္ပာရုံကျောင်း



ဆရာတော်မုံရွာနေဇအား စာချပေးခဲ့သော ဆရာတော်ကြီး
ဘဒ္ဒန္တအရိယာလင်္ကာရ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌဆရာတော်ကြီး



ဆရာတော်မုံရွာနေဇ (၆၈) နှစ် အရွယ်



ဆရာတော်မုံရွာနေဇ (၆၈) နှစ် အရွယ်

www.burmeseclassic.com

www.burmeseclassic.com



မုံရွာမြို့ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးကို စတင်
တည်ထောင်ခဲ့သော ကျေးဂူးရှင် နာယကဆရာတော်ကြီး ဘဒ္ဒန္တအာစိဏ္ဏ
မဟာထေရ် (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ)၏ ပုံတော်



မုံရွာမြို့ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးကို ပူးတွဲ
တည်ထောင်ခဲ့သော အာဒိကမ္မိကဆရာတော်ကြီး ဘဒ္ဒန္တကောဝိဒ
(ဂန္ထကာရက၊ ကမ္မဋ္ဌာနာစရိယ)၏ ပုံတော် (ဓမ္မဂုဏ်ရည်ကျမ်းပြု)



ဆရာတော်မုံရွာနေ့ကအား ကဝိစာဝိနှင့် အလင်္ကာကျမ်း၊ ဆန်းကြယ်များကို
ပို့ချပေးခဲ့သော စာချဆရာတော်ကြီး ဘဒ္ဒန္တသုမင်္ဂလ မဟာထေရ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးဇနိန္ဒသာရ ရဟန်းခံခဲ့သော သိမ်တော်ကြီး
မုံရွာမြို့နယ်၊ ဒါန်းပင်တဲရွာ



ဆရာတော်မုံရွာနေက လက်ရှိသီတင်းသုံးသောကျောင်း(ယခင်)



ဆရာတော်မုံရွာနေက လက်ရှိသီတင်းသုံးသောကျောင်း(ယခု)

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မုံရွာနေဇာနှင့် တပည့်ကိုသောင်းလှိုင်+မချို



သိက္ခာထပ်နေသော မယ်တော်ကြီးဒေါ်တင်ကြည် (၁၇-၃-၂၀၁၃)



ဥပုသ်သည် ပစ္စည်းလေးပါး ဒါယိကာမကြီးများ (၂၀၁၁)



ဆရာတော်ဦးဇနိန္ဒသာရ၏ လှိုင်သာယာ 'ရွှေမြန်မာ' ရဟန်းဒကာမိသားစု
(ဝဲမှယာသို့ - ဦးကြည်ဝင်း၊ သမီးငယ် မဝင်းသော်တာ၊ ဆရာတော်မုံရွာနေဇာ၊
သမီးကြီး မနှင်းဝေအောင်၊ ဒေါ်ကြည်ကြည်စန်း)



ဆရာတော်ဘဒ္ဒန္တဇနိန္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ) တရားချီးမြှင့်နေပုံ



မြိတ်မြို့သို့ ဓမ္မဒူတခရီး ကြွရောက်စဉ် (၂၀၁[illegible]နဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးဇနိန္ဒသာရ၏ လှိုင်သာယာ 'ရွှေမြန်မာမိသားစု' ရဟန်းဒကာမိသားစု
(ဝဲမှယာသို့ – ဦးကြည်ဝင်း၊ ဦးချစ်သန်း၊ ဆရာတော်မှုံရွာနေဇ၊
ဒေါ်ခင်ဟန်၊ မကြည်ကြည်စန်း)



ရဟန်းဒါယိကာမကြီး ဒေါ်ခင်နွဲ့မှု(မြိတ်)



ကျုပ်သိန်း(၃၀) မတည်ကျောင်းအလှူရှင်
အင်ဂျင်နီယာမှူးကြီး ဦးစန်းဝေ+ဒေါ်ငွေငွေကြည်



သိက္ခာထပ်ရဟန်းဒါယကာ၊ ဒါယိကာမ[illegible]
ဦးမောင်မောင်မြင့်(စာပေဗိမာန်)+[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းမြင့်မောင်+ဒေါ်ရီရီစန်းတို့၏ သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု (၇–၃–၂၀၀၄)



ရဟန်းဒါယကာ ဒါယိကာမ ဦးကြင်ဝမ်+ဒေါ်နု 'သိရီဂေဟာ' မိသားစု



ရဟန်းဒါယကာ ဒါယိကာမ ဦးမြသိန်း+ဒေါ်ထွေးကြည်၊
(၂၆၃) ပျဉ်းကတိုးလမ်း၊ (၃၄) ရပ်ကွက်၊ မြောက်ဒဂုံ



ရဟန်းဒါယကာ၊ ဒါယိကာမ ဦးသန်းဦး+ဒေါ်တင်အုန်းကြူ
(၄၀) ရပ်ကွက်၊ မြောက်ဒဂုံ



ရဟန်းဒါယကာ၊ ဒါယိကာမ ဦးသန်းလွင်+ဒေါ်မော်နီထွေး၊
သမီး မခိုင်ခိုင်ဇင်၊ သားမောင်ဇော်နိုင်လွင်



ဦးအောင်ကျော်ဦး၊ ဆရာတော်မုံရွာနေဇ၊ ဦးသိန်းရဲ၊ ဒေါ်ခင်အုန်းမြင့်တို့
ရွှေတိဂုံစေတီရင်ပြင်တွင် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဒါယကာကြီး ဦးချစ်သန်း၊ ဦးလှကျော် (၈–၈–၂၀၁၄)



ရဟန်းဒါယိကာမကြီး ဒေါ်ခင်မြင့်၊ ဒလမြို့



ဆရာတော်မုံရွာနေဇာ၏ ရဟန်းဒါယကာ ဒါယိကာမ
ဦးဟန်တင်+ဒေါ်တင်ပု၊ တိုက်ကြီးမြို့နယ်၊ ရွာသာရွာ (၁၉၈၅)





ဆရာတော်မုံရွာနေဇာနှင့် အစ်မဒေါ်ညိုမြိသားစု၊ တူ / တူမများ


ရဟန်းမယ်တော်ကြီး ဒေါ်ကြင်စိန်၊ ဒေါင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မုံရွာနေဇာ၏ ဖေမည်းတော်ကြီး ဦးကောင်းတင်



ဆရာတော်မုံရွာနေဇာ (၆၇) နှစ်အရွယ် (၁၂-၁၀-၂၀၁၃)




ဆရာတော်ဦးဇနိန္ဒသာရဆွေမျိုးစု
ဦးငွေးမောင်+ဒေါ်မိုးရီ(ခ)ဒေါ်ညို၊ သား ကိုသန်းစိုး၊ ကိုအောင်စိုးဦး(ရှင်သန်)
သမီးကြီး မဖြိုးဖြိုးမာ၊ သမီးငယ် မချိုချိုသန်း



ဆရာတော်မုံရွာနေဇာ စာပေဖတ်ရှုနေပုံ (၁၄-၈-၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဒူတစာအုပ်မိတ်ဆက်ပွဲတွင် ဆရာတော်မုံရွာနေဇာ မုဒိတာစကား မြွက်ကြားစဉ်
(၅-၅-၂၀၁၁)



ဆရာတော် ဦးဇနိန္ဒသာရအား ဦးကောဝိဒ(မြိတ်)နှင့်အတူ
ကျွန်းစုမြို့နယ်ရှိ 'ပန်းမွှေးတောင်' ပေါ်မှာ အမှတ်တရ (၂၀၁၁)



ဆရာတော်မုံရွာနေဇာ 'ရွှေအင်းစာကြည့်တိုက်' အတွက်
ဆရာတော် ပဲခွပ်မှူး(အောင်လံ)ထံ စာအုပ်များ လှူဒါန်းနေပုံ




ဆရာတော်ဘဒ္ဒန္တဇနိန္ဒသာရ(မုံရွာနေဇာ) ကြီးမှူးကျင်းပသော
ဆဌမအကြိမ် သက်ကြီးပူဇော်ပွဲ၊ ဒါန်းပင်တဲရွာစင်မြင့်ပုံ (၂၀၁၃)




ဆရာတော်ဘဒ္ဒန္တဇနိန္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ မုံရွာနေဇာ) ၏
(၆၆) နှစ်ပြည့် ဝိဇာတအလှူတော်မင်္ဂလာနှင့် အလှူရှင်များ၏
သတ္တမအကြိမ် နုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ စင်မြင့်ပုံ (၂၀၁၃)



ဒါန်းပင်တဲ စာပေဟောပြောပွဲ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် မုံရွာနေဇ ထုတ်ဝေခဲ့သော စာအုပ်များ (၂၀၁၄ အထိ)

www.burmeseclassic.com

www.burmeseclassic.com




ဆရာတော်မုံ့ရွာနေဇာ စာပေရေးသားပြုစုနေပုံ (၁၉-၈-၂၀၁၃)



အောင်လံစာပေဟောပြောပွဲ အမှတ်တရ



ဆရာတော်မုံ့ရွာနေဇာ ဦးစီးကျင်းပသော တိုးတက်လူငယ်စာကြည့်တိုက် စာအုပ်လှူဒါန်းပွဲ
နှင့် တတိယအကြိမ် စာပေဟောပြောပွဲ (၂၀၁၁) သို့ တက်ရောက်ကြသော
စာရေးဆရာများ အမှတ်တရ (စာဖတ်အများဆုံးဆုရ ကျေးလက်ပျိုဖြူများ)



'တိုးတက်လူငယ်' စာကြည့်တိုက် စာအုပ်အလှူရှင် ဆရာတော်ဦးဇနိန္ဒသာရ (မုံ့ရွာနေဇာ)
အား ကျေးရွာဥက္ကဋ္ဌဦးမြင့်ကို ဂုဏ်ပြုလွှာ ဆက်ကပ်ပုံ (၂၅-၂-၂၀၁၀)



ဆရာတော်မုံ့ရွာနေဇာ စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲ မိန့်ကြားနေပုံ



ဒါန်းပင်တဲ ဆဋ္ဌမအကြိမ် သက်ကြီးပူဇော်ပွဲတွင်
အပူဇော်ခံအဘိုးအဘွားများနှင့် အမှတ်တရ (၂[illegible]-၂-၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မုံရွာနေဇာ ဝိုင်အမ်ဘီအေ ဗုဒ္ဓတာပဒေသာပြိုင်ပွဲ ပထမဆုရရှိခဲ့စဉ်က (၂၈–၆–၁၉၈၆)




ပထမအကြိမ် ချမ်းအေးရိပ်သာ စာပေပညာရှင်ကြီးများပူဇော်ပွဲ (၁၉၉၇)

www.burmeseclassic.com

www.burmeseclassic.com




တိုးတက်လူငယ်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းပြီးနောက်
စာရေးဆရာ / ဆရာမများနှင့် အမှတ်တရ (၂၂-၁၂-၂၀၁၃)


ဆဋ္ဌမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ကျမ်းစကားပြောပွဲအပြီး အမှတ်တရ
(၂၁-၁၂-၂၀၁၃)


ဒုတိယအကြိမ် ဒါန်းပင်တဲ သက်ကြီးပူဇော်ပွဲတွင် စာရေးဆရာကိုရွှေအောင်သင်းအား
ဂုဏ်ပြုလက်ဆောင်ပေးအပ်ပုံ (၁၂-၁၂-၂၀၁၀)


တတိယအကြိမ် ဒါန်းပင်တဲ သက်ကြီးပူဇော်ပွဲတွင် စာရေးဆရာဝင်းသူရ(မဟေသီ)အား
ဂုဏ်ပြုလက်ဆောင်ပေးအပ်ပုံ (၁၂-၁၂-၂၀၁၀)


ဆရာတော်မုံရွာနေဇဦးစီးဆောင်ရွက်ခဲ့သော 'တိုးတက်လူငယ်စာကြည့်တိုက်'
ဒါန်းပင်တဲရွာ၊ မုံရွာမြို့


ဆရာတော်မုံရွာနေဇဦးစီးဆောင်ရွက်ခဲ့သော 'တိုးတက်လူငယ်စာကြည့်တိုက်'
ဒါန်းပင်တဲရွာ၊ မုံရွာမြို့

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မုံရွာနေဇကက မုံရွာမြို့စာနယ်ဇင်းအဖွဲ့သို့ ငွေလှူဒါန်းနေပုံ
(ဥက္ကဋ္ဌ နေမင်းသန်း၊ ဆရာညွန့်လှိုင်ချစ်(ဘုတလင်))



ဆဋ္ဌမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ကျပန်းစကားပြောပွဲအပြီး အမှတ်တရ
(၂၁–၁၂–၂၀၁၃)



ဆရာတော်မုံရွာနေဇ ရွှေအင်းစာပေဟောပြောပွဲတွင် ဟောပြောနေပုံ



တတိယအကြိမ်စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲတွင်
ဆရာမမြနှောင်းညို စကားပြောစဉ် (၁၂–၁၂–၂၀၁၁)



စတုတ္ထအကြိမ် စာပေဟောပြောပွဲတွင် ဆရာမကလျာငြိမ်းစံအား ဂုဏ်ပြုစဉ်
(၁၁–၁၂–၂၀၁၂)




ဆရာတော်မုံရွာနေဇ
ဒေါ်သန်းသန်းစု၊ မဟာမင်း၊ မပန်းအိဖြူ၊ ဒေါ်ဝိဝိ[illegible]တိတရ (၂၀၀၉)

www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးလမ်းမှ ဘဝခရီးသည်များသို့

✗ "ကျေးဇူး ...
ကျေးဇူး ..." နဲ့၊
ရှေးဦးအစကပင်
ပြောလာခဲ့ကြ ထာဝစဉ် ...။

✗ အလျှင်ပြုလျှင် "ကျေးဇူးရှင်"
အပြုအပြင်ခံရသူက "ကျေးဇူးတင်"
"ကျေးဇူးရှင်" ကို
"ကျေးဇူးတင်" ပြီးနောက်
ရောက်လာတဲ့ "ကျေးဇူးဆပ်" တာဝန်လျှင်
ရှိနေသည်ပင်။

✗ "ကျေးဇူးရှိလျက် သိဖို့ခက်
သိသာသိလျက် ပြောဖို့ခက်
အပြောသာရှိလျက် အဆပ်ခက်"
ရှိနေတဲ့ အခက်သုံးခွင်
သိမြင်ကြစေသား။

✗ ဒါ ... သူ ... သင် ...
အိုဘယ့် ... ပုထုဇဉ်
"သိလျှင် ကျင့်
ကျင့်မှ ရ"
ဒဿနစကား အလာမှာ
အမှားမပါစေနဲ့ ကံစခန်းတစ်ထောက်
တရားဘာဝနာနဲ့ ဉာဏ်လမ်းလျှောက်ကြပါမှ
ငြိမ်းမြောက်ကြီးပွား။

မုံရွာနေဇာ
၅-၉-၂၀၁၄





www.burmeseclassic.com


www.burmeseclassic.com



# လေထန်ကျွန်းပေါ်က အမေ

- စိတ်သန္တာန်နရီသံ ချိုချိုအေးရယ်နဲ့
  အမေ့စကားသံ ပင်ကိုတေးသာပ
  အရေးတကယ် ကြုံလာတော့
  ရေးပြချင်စမ်းတာ။
- အမေတို့ အညာသူနှလုံးသားဟာ
  အမုန်းလည်း မပွားတတ်တာမို့
  အမွေဆို အဝေးက ရှောင်
  မွေကို ဆောင်ပါသကွဲ့
  ပြဟ္မစိုရ်တရားဟာ အမေ့ဝါဒပါပဲ
  အမေ့ဘဝမှာ ကာရန်နဘောဝါကျ မညီလှသမို့
  အတည်တကျရယ်တဲ့ သတ်ပုံမမှားရအောင်တော့
  ပြင်ကြရမှာ။
- ပြိတ်သျှကိုလိုနီခေတ်ရောက်ကာမှ
  အမေတို့က လူဖြစ်လာရတာ
  ရမည်းသင်းမှာမွေး ဝါးကပ်တန်းမှာ ကြီးလို့
  တောအရိုင်ဘကြီး ကိုဘသန်းရေ
  ရှင့်ကိုမှ မရမနေနိုင်လို့
  အမွေဆိုင်အိမ်ကြီးရာခိုင် မမက်ပါဘု
  တစ်သက်တာ သည်လမ်း။
- ပဲခူးတောင်ငူ ရေတာရှည်နဲ့ဆွာ
  အရိုင်ဘဖြစ်လိုက် စပယ်ယာဖြစ်လိုက်နဲ့
  ခေတ်စရိုက် စနစ်သံသရာမှာ
  တဗျာဆန်ပုံမလား ကိုဘသန်းရယ်
  ရမ်းကားတာ မဆန်းပေမယ့်
  မှတ်တမ်းတင်တော့
  ဇာတ်ရမ်း ဇာတ်ကြမ်း။
- ဒါပေမဲ့ တို့ပြည်တို့ရွာမှာ
  အမေတို့က မမှုပါဘု
  အဖြေတစ်ခု ရှိနေပြီပဲ
  ခနသုခ မရှိလို့ ဘာအရေးလဲ
  တွေးစရာအခြေအနေတွေက
  ရေးစရာ ကုန်ကြမ်းတွေပါပဲ
  ခြေလက်တွေက မြုမြု။
- အမေ့ဘဝ အစမှသည်အဆုံး
  ဘုံးဘုံးလဲ မကျ ၆၀ ကျော်ဘဝ
  ပင်စင်အငြိမ်းလည်း မစားပါဘု
  သားသမီးတို့ အနာဂတ်အရေး
  ဖေးဖေးမမ အသက်ရှူဝအောင်
  (ကိုဘသန်းရေ)
  မျှော်တွေးဖို့ပဲ။

ဓာတုလုနိုင်





၁၉၆၀ ပြည့်နှစ်တွင် စာစရေးသည်။ ရုပ်ရှင်ဗီဒီယို ဇာတ်ညွှန်းများ ရေးသည်။ စာပေဗိမာန်ဝတ္ထုရှည်ဆု (၂၀၁၁) ရခဲ့သည်။ ရုပ်ရှင် စိန်ရတုသဘင်တွင် ရုပ်ရှင်ဇာတ်ညွှန်းဆောင်းပါးဆု၊ ဗီဒီယို ဇာတ်လမ်းဆု၊ ဗီဒီယိုဇာတ်ညွှန်းဆု (သုံးခု) ရခဲ့သည်။ အမှတ် (၃၉၁)၊ ရွှေပါရုံလမ်း၊ ၄၇ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) တွင် နေထိုင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



# မြင့်မြတ်စိတ်ဖြင့် ကုသိုလ်ယူ

✗ စည်းစိမ်ကြွယ်ဝ
နန်းတော်တမျှ ခမ်းနားလင်းထိန်
အိမ်လှလှနဲ့လည်း မနေရပါစေ။
ဝတ်ကောင်းစားလှ
နေ့စဉ်ပြုလို့ မာန်ကြွဝုဏ်ဆောင်
ယစ်မူးထောင်မှာလည်း မနေလိုပါ။
မြှိုင်ဖက်ကင်းသည့် အဆင်းရုပ်ရည်
ရှင်းသန့်ကြည်မှု ဘာတစ်ခုမှ
မပိုင်ရလည်း ရှိပါစေ။
ဘာသာကောင်းကျိုး ကိုယ့်လူမျိုးထွက်
တိုး၍ဆောင်ကာ ဝါသနာပါ
ကုသိုလ်ရှာဝယ် ခါခါသာပဲ
ပါဝင်နွှဲမည် စိတ်ကာရည်
နိုင်ကြည်စိတ်ထား မြင့်မြင့်ထား။ ။



ညီမင်းဟန် (အုတ်ဖို)



အမည်ရင်းမှာ ဇော်ဝင်းဟန်ဖြစ်ပြီး စာနယ်ဇင်းအစုံတွင် ကဗျာပုဒ်ရေ ၃၀၀ ကျော် ရေးခဲ့သည်။
မြိတ်မြို့နယ် စာရေးဆရာအဖွဲ့ဝင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အညာ၏ ဝါဆို

✖ ကိုယ့်ရပ်ကိုယ့်ရွာ၊ ပင်လယ်ပြာနဲ့
ဝေကွာဝေမင့်၊ တိမ်လွှင့်လွှင့်မှ
ကုန်းမြင့်တောတန်း၊ စိမ်းရောင်သမ်းလို့
ငြိမ်းချမ်းသာယာရှိပါသည်။

✖ ကိုယ့်ရပ်ကိုယ့်ရွာ၊ ပံသုလွှာမှ
ဩဇာပြည့်နှက်၊ ရေကြည်ထွက်မို့
အသက်မွေးနှ၊ မြိုးမြံစုလို့
ကောင်းမှုများစွာ ပြုပါသည်။

✖ ကိုယ့်ရပ်ကိုယ့်ရွာ၊ ရှုကြည့်ပါသော်
ဝါဆိုဝါခေါင်၊ ရေဖောင်ဖောင်မို့
စိမ်းမှောင်တောက်နှံ၊ ပဲပြောင်းကြံတို့
မြိုးလျှံပြည့်ကာ ပေါပါသည်။

✖ ကိုယ့်ရပ်ကိုယ့်ရွာ၊ မြဲမစွာသည့်
ဆွေညာတို့ထံ၊ တစ်ခေါက်ပြန်စဉ်
ချြူသံလွင်လွင်၊ လှည်းညှိုယှဉ်မှာ
ဖြူစင်ခြံပေါက်၊ တစ်ရှဉ်းတောက်လျှက်
အိမ်ပေါက်စေ့ဝင်၊ ပို့သည့်အင်ကြောင့်
ဖခင်ဆွေမျိုး၊ ရွာတစ်ရိုးမှ
အဘိုးအဘွား၊ မြေးမြစ်များတို့
အားရပျူငှာ၊ နှုတ်ဆက်ပါသော်၊
ဝမ်းသာရွှန်းသစ်၊ မျက်ရည်ရစ်သည့်
မှုးမြစ်[illegible]ကာ ဇာတိရွာတစ်ခို
ခြေ[illegible] ပုံးနှစ်တမ်းတ အညာ၏ဝါဆို။ ။

ဒေါက်တာမင်းလဲ့ရီ





အမည်ရင်းမှာ ဒေါက်တာဒေါ်တင်တင်ဖြစ်ပြီး မြို့နယ်ဆရာဝန်(ငြိမ်း) ဖြစ်သည်။ စကားပြေအရေးအသား အပြင် တေးထပ်၊ ရတု၊ လေးချိုးကြီးများ ရေးစပ်ရာတွင် ကျွမ်းကျင်သည်။ ၁၉၉၄ ခုနှစ်တွင် "ဇာပါးနှင်းမှုန် တောင်ငွေ့လုံ၍" စာမူဖြင့် စာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ်ဆုနှင့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာ အသင်းမှ ကျင်းပသော ကဗျာပြိုင်ပွဲ၌ ကဗျာဒုတိယဆု ရရှိခဲ့သည်။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)တွင် နေထိုင် လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



# မြတ်ဆရာသို့ ပူဇော်ခြင်းကဗျာ



✗ သဗ္ဗညုတဉာဏ်တော်ရှင်
ဘုရားသခင်မှလွဲရင်
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ
ဆရာ့ ဆရာများစွာ
လူသားလောကမှာ အမှန်ရှိပါတယ် ...။

✗ ဆရာမရှိ
ငါးပိဖုတ်တောင်နည်းမကျ
ညွှန်ပြဆိုစကား
သင် ... ကြားဖူးပေလိမ့်မယ်။

✗ ကျွန်တော်ငယ်စဉ် ဆရာသခင်က
"သို့လျှင်သို့ဖတ် သို့မှတ်သို့ရေး
သို့မေးသို့ဖြေ
သို့နေသို့ထိုင်သို့ကိုင်သို့နှင်း
ခြေသံမပြင်းစေနဲ့" တဲ့ ...။

✗ "တပည့်ချစ်ခြင်းမေတ္တာသွင်း၍
မပျင်းမရိ လှုံ့လရှိကြ
သတိတမံ ဉာဏ်မြေကတုတ်
ရွှန်းမြိုင့်အုပ်လျက်
လုပ်ကိုင်ရာရာ ဆင်ခြင်ပါမှ
နောင်ခါနောင်ရေး
[illegible]အေးရမယ်" ဆရာမှာခဲ့တယ် ...။

✗ [illegible]ဘာတတ်ဘိ ရှိသည့်အခါ
သမ္မာအာဇီဝ ရှာဖွေကြတဲ့
ရသမျှနှင့် မျှတသုံးစွဲ
လူထဲ လူ့ရွာရောက်တဲ့ခါလည်း
ချိုသာအေးမြ စကားလုနှင့်
ဂီတသံနယ် ယဉ်ကျေးဖွယ်ကို
ဆိုတတ်ကြစေ" ဆုံးမပေခဲ့ ...။

✗ "ဗုဒ္ဓဘာသာ မြန်မာမှုနှင့်
သာဓုဆိုရာ ဆရာမိဘ
အနန္တငါးပါး ဝပ်တွားရိုကျိုး
လက်စုံမိုး၍
ရှိခိုးမလေ့ သင်မမေ့နဲ့" တဲ့ ...။

✗ "ဆရာ့ဆရာ အို ... ဆရာတို့
ဆရာ့ကျေးဇူး အထူးထူးကြောင့်
ကြည်နူးဖွယ်ရာ မင်္ဂလာနှင့်
ကြင်ရာဇနီး ချစ်သမီးနှင့်
ခရီးလမ်းဆုံ ဤလူ့ဘုံမှာ
ဂုဏ်ရှိစွနှင့်
ဘဝတစ်ကွေ့ ခဏတွေ့ပေမယ့်
ချမ်းမြေ့ကြည်နူး အထူးပဲမွေ့လျော်
ကျွန်တော် ပျော်ခဲ့တယ် ...။

✗ နေ့မြင်ညပျောက် သတိရောက်ချိန်
နေမှိန်မှိန် ဘဝမှိန်မှိန်
အလုပ်တွေ ပြယ်ချိန်တော့
ခါးတကိုင်း နားကထိုင်း
စိတ်တိုင်းတကယ်မကျ
သမုဒယကို ကျွန်တော်မေ့
ဒုက္ခသစ္စာကို တွေ့ရတယ် ...။

✗ မရဏံ မေ ဓုဝံ ...။
ဇီဝိတံ မေ အဓုဝံ ...။
သေခြင်းတရားသည် မြဲ၏ ...။
ငါ့အသက်သည် အမြဲမရှိ ...။
သတ္တဝါသမ္မဒိဋ္ဌိ အမှန်မြင်မှ
မဂ္ဂရှစ်ပါး မြတ်တရားအသိနှင့်
ဘုရားတပည့် ကျွန်တော်
ပျော်ရာမှ မနေတော့
တော်ရာမှာ နေလျက်
ထွက်သက်ဝင်သက်ကမ္မဋ္ဌာန်းနှင့်
မဂ်လမ်းကို ရည်ရွယ်လို့
ရဟန်းဝတ်ခဲ့လေပြီ ...။

**မောင်သွေးမှန်**

[မိမိအား ရဟန်းဝတ်ပေးသော ဆရာမင်္ဂလာဘာသ
(စာရေးဆရာမစ်ကိုင်း ဘုလာဘ်သို့)
ရည်ရွယ်ရေးသား ပူဇော်ပါသည်။]

၁၉၆၀ - ၆၁ ခုနှစ်တွင် စာစရေးသည်။ ကဗျာ ၁၀၀၀ ကျော်၊ ဆောင်းပါး ၇၀၀၊ ဝတ္ထုတို/ရှည် ၇၅၀ ခန့် ရေးသားပြီး ဝတ္ထုတိုပေါင်းချုပ် ၁၊ ကဗျာပေါင်းချုပ် ၁၊ တရားစာအုပ် ၅ အုပ် ရေးသားထုတ်ဝေခဲ့သည်။ ယခုအခါ ရဟန်း ဝတ်ဖြင့် စာများ ဆက်လက်ရေးသားနေသည်။ ဘွဲ့တော်မှာ အရှင်စန္ဒိမာဖြစ်၍ မင်္ဂလာဥယျာဉ်ကျောင်း ၇ ရပ်ကွက်၊ သာကေတမြို့နယ်တွင် သီတင်းသုံးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



# မာယာဘုံ



✖ လူ့ဘဝရောက်လာရင်
သေမှာထက်
ဘယ်ဟာမှ မသေချာပါဘူး . . .

✖ စွဲလမ်းမှု တံလှပ်များ
အမှန်အမှတ်မှားလို့
ခံစားပြီး လိုက်နေသမျှ မောရုံပဲ။

✖ လောဘနယ်အကုန်
ဒေါသစွယ်စုံနဲ့
မောဟ တကယ်ယုံအောင်
မဟူရာတောကြီးက
အဖြူပါပြောပြီး
သင့်ကို လှည့်စားနေလိမ့်မယ် . . .။

✖ အို . . . ကံခြည့်သည်ရေ . . .
ပြန်လှည့်လို့ မရနိုင်တော့တဲ့
လူ့ဘဝကို ရောက်လာရင်
နိုင်းသမျှ အစုံလှပ်ရရှာပြီး
အမှတ်တရ ဘာမှမကျန်မယ့်
အနတ္တသံသရာမှာ
သေမှာထက်
ဘယ်ဟာကမှ မသေချာပါဘူး
လူ့ဘဝဆိုတာ
မာယာဘုံတစ်ခုပဲ . . .။

**ရေနံ့သာဝင်းမောင်**



အမည်ရင်း ဦးဝင်းမောင် ဖြစ်သည်။ တေးရေးတေးဆိုသူအဖြစ် ထင်ရှားသည်။ ယခုအခါ စာပေများ ရေး သားပြီး ကိုယ်ပိုင်ထုတ်ဝေလျက် ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် နေထိုင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



# မိခင်၊ ဖခင်သို့ ဦးခိုက်ခြင်း

✘ အမေ...
အမေရဲ့နို့ချိုတစ်စက်ဟာ
ဘဝတစ်သက်
အစွဲမက်ဆုံး အာဟာရ
အလေးနက်ဆုံး အလင်္ကာ
အမြင့်မြတ်ဆုံး ဗိသုကာပါ အမေ။ ။

✘ နို့တစ်စက်ရဲ့တန်ဖိုး
တန်ခိုးအထက်မြက်ဆုံး
အရာအားလုံးအတွက်
တရားအခံဆုံးအမပါ အမေ။ ။

✘ အဖေ
အဖေရဲ့အသိနဲ့ ခွန်အား
သွန်သင်တဲ့စကား
အမှန် အမှား
တရားမပျက်
အသွားထက်တဲ့
ဓားတစ်လက်လိုပါ အဖေ။ ။

✘ အဖေရဲ့
ငွေနဲ့ခြင်တွယ်လို့မရတဲ့
ကိုယ်ကျင့်တရားလက်နက်
ပိုးရှုမဖျက်
ခြမတက်ခဲ့
မနက်ဖြန်တိုင်းရဲ့အဖေ။ ။

✘ လူ့ဘဝရဲ့
လောကဓံတွေကြား
ကျောက်နံရံအထုတွေများ
လူသားနဲ့ ထိုးဖောက်
ဒူးမထောက်ခဲ့တဲ့ အဖေ။ ။

✘ အဖေနဲ့အမေ
အခြေအနေ ဘယ်လိုရှိစေ
အမေ့ရဲ့နို့တစ်စက်ခွန်အား
အဖေ့ရဲ့ကိုယ်ကျင့်တရား
နှလုံးသားထဲစီးဝင်
သွင်သွင်လည်ပတ် ရဟတ်တွေကြား
သားရဲ့အသက်
တစ်ရက် တစ်မနက်
မနက်ဖြန် ပေါင်းဆက်၍ ဆက်ခါ
ရင့်ကျက် နိုင်ကျည်လာ လေလေ
အမေနဲ့ အဖေ့ကို
အောက်မေ့လေလေမို့
ဘယ်အခြေအနေ ရောက်ရောက်
ဒူးထောက်ဦးခိုက်လျက်ပါ အဖေနဲ့အမေ။ ။



အံ့ပွား (စလေ)



အမည်ရင်း ဦးတင်ဝင်းဖြစ်သည်။ တပ်မတော်တွင် ဗိုလ်ကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ပြီး ဒုတိယညွှန်ကြားရေးမှူးတာဝန်ဖြင့် အငြိမ်းစားယူခဲ့သည်။ သန်လျင်မြို့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၌ ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။ စာရေးဆရာအသင်းဝင် ၁၇၅၇ ဖြစ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၁ တိုးချဲ့ရပ်ကွက်၊ တိုက် ၁၄၊ အခန်း ၁၂၊ တော်ဝင်အိမ်ရာတွင် နေထိုင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



# မြတ်ဆရာများကို ပူဇော်ခြင်း

(ရတုပိုဒ်စုံ)

× မှတ်သားစေရာ၊ ရေးဆရာတို့၊ ရေးကာဖွဲ့ပြု၊
စာပေနုဖြင့်၊ ရတုထိုထို၊ ဖွဲ့သီဆိုသည်၊
တေးချိုစာသား၊ ပျို့အများဖြင့်၊
စွမ်းအားရှိရှိ၊ အမှန်သိ၍၊
သိသည့်အကြောင်း၊ နည်းမှန်ကောင်းကို၊
စိတ်ကောင်းနှင့်ခွေ၊ စာအမွေကို၊
ပေးဝေခဲ့ရာ၊ ရခဲ့ပါပြီ၊
များစွာကျေးဇူး တင်စေသော် ...။

× ပြတ်သားဝေဆာ၊ ဖွဲ့သီရာဖို့၊
ကဗျာသံပေါက်၊ ဖြတ်အတောက်ဖြင့်၊
ရှေ့နောက်လည်းညီ၊ စာလည်းမည်စေ၊
ရွေးသီကာရန်၊ အအုပ်ခံနှင့်၊
ဖြတ်ရန်ကိုဖြတ်၊ ထပ်ရန်ထပ်ဖို့၊
ကြုပ်မှတ်သတိ၊ ပေးဝေရှိမို့၊
မှန်သိလည်းရ၊ နည်းလမ်းကျမို့၊
ဆရာ့ဆရာ၊ ကျေးဇူးပါတည့်
လားရာ ရေးထူးဝင်စေသော် ...။

× ရပ်နားမနေပါ၊ မှတ်စရာတို့၊
များစွာတွေ့ရှိ၊ စာပေဇာ်ဂုဏ်၊
အသိစုံကို၊ အာရုံလည်းဆောင်၊
သိရအောင်ရေး၊ မိအောင်တွေးပိုင်၊
ဖွဲ့စည်းနိုင်ဖို့၊ ကြိုင်လှိုင်ပြည့်ဘိ၊
မြတ်ကာဝိကို၊ တပည့်လေးမှာ၊
ရှိကျေးဇူးကို၊ ဆပ်၍လိုသည်၊
မာန်ကိုနှိမ်ကာ၊ လက်ဆယ်ဖြာဖြင့်၊
တွားကာမှေးဦးချင်စေသော် ...



**အောင်သျှင်သူ (မဟာမြေ)**



စာနယ်ဇင်းအစုံတွင် ကဗျာပုဒ်ရေ ၃၀၀ ခန့်ရေးသားပြီး သာကေတမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။ အမှတ် ၆၄၆၊ ဝေဇယန္တာအနောက် ၁၄ လမ်း၊ ၆ အနောက်ရပ်ကွက်၊ သာကေတမြို့နယ်တွင် နေထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

# မိမိ၏ ကျေးဇူးရှင်များ

**မုံရွာနေဇာ**



(က)

အမေ့မေတ္တာ အသင်္ချေ အသင်္ချာ...

အဖေမေတ္တာကလည်း ကုဋေကုဋာပါ...

မိခင်ဆိုတဲ့ အမေ့ရဲ့မေတ္တာအဟုန်ကိုတော့ ပြောပြလို့ မကုန်နိုင်ပါဘူး။ ရေးဖွဲ့လို့ မကုန်နိုင်ဘူး။ လူတိုင်းကိုယ်စီ အမေ ရှိကြတာကိုး။ အမေမွေးလို့ လူဖြစ်လာကြရတာကိုး။ အဖေ့ကိုလည်း ပစ်ပယ်ထားလို့တော့ မရပါဘူး။ အမေနဲ့အဖေတို့ကို ကျေးဇူးတရား အနည်းအများ၊ အထူးအပါး၊ အကြီး အသေး ခွဲခြားပြီး ပြောချင်ပြောပါ။ ကျေးဇူးတရားကတော့ မိဘနှစ်ဦးသားတို့မှာ ကိုယ်စီရှိကြပြီးသားပါ။

မိမိ ပြောလေ့ရှိသလို "အမေနဲ့အဖေ ဘယ်သူက ပိုမြတ်သလဲ" ငြင်းကြ၊ ခုံကြ၊ စကားရည်လုကြတဲ့အခါမှာ တစ်ယောက်က အလောင်းတော်သိဒ္ဓတ္ထမင်းသားကို အမေဖြစ်တဲ့ မယ်တော်မာယာက မွေးဖွားပေးခဲ့တယ်လေ။ ဒီတော့ကာ အမေက မြတ်တာပေါ့" ပြောတဲ့အခါ ကျန်တစ်ဦးက ဘယ်လို ထဖြေတယ်ထင်သလဲ။

"ဟေ့ ... မယ်တော်မာယာချည်း မွေးလို့မရဘူး။ အဖေ သုဒ္ဓေါဒနမင်းကြီးကို ဘယ်မှာ ချန်ထားလို့ရမလဲ" တဲ့ဗျ။ လူရွှင်တော်တွေ ပြက်လုံးထဲမှာ ထည့်ပြောခဲ့ကြတာ ဖြစ်ပေမဲ့ စဉ်းစားစရာပါ။

အမေ့မေတ္တာ ကြီးမားပါတယ်။ မှန်ပါတယ်။

လူတိုင်းရဲ့ တကယ့်ဖြစ်ရပ်တွေရော၊ နိပါတ်စာပေတွေမှာ မြတ်ဗုဒ္ဓ ဟောကြားထားတော်မူတဲ့ ဒေသနာတော်တွေထဲမှာရော ရေးဖွဲ့လို့မကုန်၊ ညွှန်းဆိုလို့ မကုန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် အမြောက်အမြားရှိနေပေတယ်။ အဖကို လက်ယာ ပခုံး၊ အမိကို လက်ဝဲပခုံးပေါ်မှာ အမြဲတမ်းထားပြီး လုပ်ကျွေးပြုစုတောင်မှ ကျေးဇူးမကုန်နိုင်ပါဘူးတဲ့။

ပြီးတော့ . . . မိဘမေတ္တာနဲ့ နှိုင်းယှဉ်လိုက်ရင် အရာရာ ဟာ သေးငယ်သွားတယ်။ မှုန်မွှားသွားတယ် မဟုတ်လား။

(၁)

မိဘမေတ္တာနဲ့ နှိုင်းယှဉ်လိုက်ရင် မြင်းမိုရ်တောင်ကြီးက လည်း နွားချိုလောက်ပဲ ရှိတယ်။ မဟာပထဝီမြေပြင်ကြီးက လည်း မြူမှုန်လောက်ပဲ ရှိတယ်။ မိဘမေတ္တာ စိမ့်စမ်းရေနဲ့ နှိုင်းယှဉ်လိုက်ရင် မဟာသမုဒ္ဒရာရေပြင်ကလည်း မိုးရေ မိုး ပေါက်လောက်ပဲ ရှိသတဲ့။ နှိုင်းယှဉ်ပြောဆိုလေ့ ရှိကြတယ်။

ဘာပဲဖြစ်ဖြစ် အမေဆိုတဲ့ မာတာမိခင်ဟာ မိမိရင်သွေး သားသမီးလေတွေကို ကိုးလလွယ်ပြီး (၉)လနဲ့ (၂၄)ရက်မျှ အားဖြင့် ရက်သတ္တ (၃၉) ပတ်ကျော်လွယ်ကာ ဆယ်လအ တွင်းမှာ ဖွားခဲ့ကြရတယ်လေ။ သားသန္ဓေ ရင်မှာတည်က တည်းက မိခင်ခမျာ စားချင်တာမစားရ၊ သွားချင်တာ မသွား ရ၊ အစားအသောက်၊ အနေအထိုင် အကုန်ဆင်ခြင်၊ အလေး အပင်များကို အမအပြုမရှိဘဲ ဆင်းရဲဒုက္ခအဖုံဖုံ ခံစားခဲ့ကြ ရတယ်။ သည်းခံခဲ့ကြရပေတယ်။

ရင်မှ ကျွတ်မြောက် လူ့လောကသို့ ရောက်လာတဲ့အခါ မှာလည်း မှတ်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ အချမ်းမဖြတ်သန်းရ လေအောင် အစွမ်းကုန်စောင့်ရှောက်ပေးခဲ့ကြတယ်။ ရဲရဲနီ တွေး သားငယ်သမီးငယ်လေးကို ဘာမှမသိခင်ကပင် အကုန် အစင် တာဝန်ယူကြရရှာပေတယ်။ ဒါကြောင့် "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ" လို့ ဆိုထားတာပေ့ါ။ ပုဗ္ဗာ စရိယ - ဆိုတာ လက်ဦးဆရာလေ။ သားသမီးငယ် ရတနာ ရွှေသွေး နနယ်ထွေးလေးတွေကို အစစအရာရာ သင်ကြား ပေးတာ မိခင်နဲ့ဖခင် ကျေးဇူးရှင်တွေပါ။

ကျေဇူးရှင်တွေကို ကျေဇူးမဆပ်နိုင်ကြတဲ့တိုင်အောင် ကျေးမစွပ်ကြပါနှင့်။ ကျေးဇူးမကန်းကြပါနှင့်။ ကျေဇူးရှိတာ ကို ကျေးဖူးသိပြီး မိမိတို့ စွမ်းနိုင်သလောက် ကိုယ့်အတိုင်း အတာနဲ့ကိုယ် ကိုယ့်အထာနဲ့ကိုယ် ပြုစုစောင့်ရှောက် ကျွေး မွေးကာ ကျေးဇူးဆပ်သင့်ကြပါတယ်။

အဲဒါကြောင့် အဖေ့ကိုလည်း ပစ်မထားကြပါနဲ့လို့။ ဖခင် အုပ်စိုးတဲ့ခေတ်ဆိုတာတောင် ရှိခဲ့တယ်မဟုတ်လား။ အမေ့ ခြေရာကို ကိုးကွယ်ကြသလို အဖေ့နေရာကိုလည်း မမေ့ကြ ပါနှင့်။ မှတ်တမ်းတင်ကြပါ။ ကျေးဇူးကြီးလှ မိနှင့်ဖ" လို့ ဆို ထားတယ် မဟုတ်လား။

ရွှေပြည်သာစာပေ ကိုစိုးတင့်တို့အဖွဲ့က စီစဉ်ထုတ်ဝေ နေတဲ့ "အဲဒါ ငါ့အဖေ စာစဉ်" များ ထွက်ပေါ်လာလို့ ကျေးဇူး တင်ရပေတယ်။ မိမိဆန္ဒလည်း ပြည့်ဝသွားလို့ဝမ်းမြောက်ဝမ်း သာ ဖြစ်ရတယ်။ ဘာကြောင့် ဝမ်းသာရပါသလဲ အမေးရှိရင် တော့ အဖြေလည်း ရှိပါတယ်။

မိမိဟာ အဖေနဲ့အဘွားရဲ့လက်ထဲမှာ ကြီးပြင်းခဲ့ရလို့ပါ ပဲ။ ဟုတ်ပါတယ်။ မွေးသမိခင် ကျေးဇူးရှင်အမေဟာ မိမိ ကိုးနှစ်သားအရွယ် လေးတန်းကျောင်းသား လူမမယ်ဘဝမှာ မိမိတို့ကို စွန့်ခွာသွားခဲ့လို့ပါ။ အမေ သေဆုံးတော့ အသက် က လေးဆယ်အရွယ်ပဲ ရှိပါသေးတယ်။ အရွယ်ကောင်းတုန်း ပါ။ အဖေကလည်း အသက်လေးဆယ်ကျော်မှာ မုဆိုးဖိုဘဝ ရောက်ခဲ့ရှာပါတယ်။ နပျိုလှကြွယ် အရွယ်ကောင်းတုန်း ဖြစ် တဲ့ အဖေဟာ သားသမီးသုံးယောက်တို့ကို ငဲ့ညှာကာ နောက် အိမ်ထောင်မပြုခဲ့ပါဘူး။ တစ်ပင်လဲပေမဲ့ တစ်ပင်မထူခဲ့ပါဘူး။ သူ့အတွက် ဘဝခရီးဖော် အိမ်ရှင်မ၊ မိမိတို့အတွက် အမေ အသစ်၊ မိထွေးဆိုတာ မရှိခဲ့ပါဘူး။ မိထွေးရဲ့အစီအမံအောက် သားသမီးတွေ မရောက်စေရဘူး ဆိုတဲ့ သံမဏိစိတ်ထားနဲ့ မိသားစုဘဝကို ရပ်တည်ခဲ့ပါတယ်။ ကျေးဇူးတင်ပါတယ် ဖေဖေ . . .

✦

ကျေးဇူးတင်နေတဲ့ ကျေးဇူးရှင်အဖေကို ကျေးဇူးသိစွာ (မိမိစွမ်းနိုင်သလောက်) ကျေးဇူးဆပ်ခဲ့ပါတယ်။ (၁၀)နှစ် ကျော်ကျော် ကျေးဇူးဆပ်ခွင့် ရခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် အတိုင်းအတာတစ်ခုအထိ မိမိကျေနပ်ခဲ့ပါတယ်။ ဝမ်းသာခဲ့ ရပါတယ်။ အဖေ့ကို ကျွေးမွေးစောင့်ရှောက်ကာ ကျေးဇူးဆပ် ခွင့် ရခဲ့လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



(ဂ)

မိမိ တိုက်ကြီးမြို့နယ်၊ ခုနစ်ကျိုက်အရှေ့ရွာ၊ အောင်မြေဝေယံကျောင်းတွင် ကျောင်းထိုင်စဉ်က ဖြစ်သည်။ ဖခမည်းတော်ကြီး အသက် (၃၀) ကျော် (၄၀) နားနီးနေပြီဖြစ်သောသားဖြစ်သူ မိမိကို ကလေးပမာ ထင်နေပုံရသည်။ အရာရာစိတ်မချနိုင်။ မိဘတိုင်းကလည်း မိမိ၏သားသမီးအပေါ် ဤသို့ပင် ဖြစ်မည်ထင်သည်။ သားသမီး ဘယ်လောက်ကြီးကြီးကလေးဟုပင် ထင်နေကြသည်။ "ကလေးဟု" ပင် ခေါ်ကြသည်။ မိမိ၏ အစ်မအရင်း ဒေါ်ညိုဆိုလျှင် အသက် လေးဆယ်ကျော်နေသော သားများကို "ဖိုးနီ"ဟု ခေါ်သည်။ အသက်လေးဆယ်ခန့်နှင့် သုံးဆယ်တွင်းရောက်နေသူ သမီးများကိုလည်း "မိနီ" ဟု ချစ်စနိုးခေါ်လေ့ရှိသည်။

ယခု ခမည်းတော်ကြီးမှာလည်း သာရေး၊ နာရေး၊ သာသနာရေးကိစ္စများရှိ၍ ပတ်ဝန်းကျင်ကျေးရွာများသို့ ကြွသွားလျှင် ကျောင်းသို့ ပြန်မရောက်မချင်း မျှော်နေတော့သည်။ စိုးရိမ်စိတ်ကြီးမားပုံမှာလည်း ကျောင်းသို့ အကြောင်းအားလျော်စွာ အပင့်အဖိတ် အလျှောက်အတင်နှင့် ရောက်လာသော ဒါယိကာမ (မာတုဂါမ)များတို့ "ဘယ်သူဘယ်ဝါလဲ၊ ဘယ်သူ့သားသမီးတွေလဲ" စသဖြင့် မေးလေ့ရှိသည်။ မိမိသိလျှင် သိသလိုပြောပြမိသော်လည်း တစ်ခါတလေ၌မူ "ကျုပ်လည်း မသိဘူးဗျာ၊ သိချင်ရင် ခင်ဗျားကိုယ်တိုင် မေးကြည့်ပါလား"ဟု ဘုကျကျ အဖြေမျိုးပေးမိတတ်သေး၏။ မိမိ၏ အဖြေစကားကြောင့် ခမည်းတော်ကြီး စိတ်ခုချင် ခုသွားနိုင်ပါသည်။ မတတ်နိုင်ပါ။ သို့ကြောင့်ပင် ရှေးလူကြီးသူမများက "ငရဲလို လူအိုမွေးထား" ဟူ၍ ဆိုရိုးစကားပြုခဲ့ကြသည်။ ပြုစုစောင့်ရှောက်ရလို့ ကုသိုလ်ရပေမဲ့ ဝတ္တရားကျေတယ်ရယ်လို့ ခံစားပီတိဖြစ်မိရသော်လည်း အော်မိပြောမိတာတွေကတော့ ရှိနေခြင်းကို ဆိုလိုဟန်တူပါသည်။

(ဃ)

ဖခမည်းတော်ကြီးကို မိမိကျောင်းထိုင်ပြီး (၂) နှစ်အကြာတွင် မိမိထံ လာနေရန်ခေါ်လိုက်သည်။ ဖခမည်းတော်ကြီးကလည်း ရှောရှောရှူရှူပင် မိမိထံလာနေပါသည်။ သမီးသမက်၊ မြေးများနှင့် နေရထိုင်ရသည်ကို ညည်းငွေ့သည်ထင်ပ။

မိမိသည် ဖခမည်းတော်ကြီးကို (၁၀) နှစ်ကျော် ပြုစုလိုက်ရသည်။ မွေးမေမေ မယ်တော်ကြီးမှာ မိမိ (၉)နှစ်သားအရွယ် လူမမယ်အချိန်တွင် ကွယ်လွန်ခဲ့သဖြင့် မပြုစုလိုက်ရသော်လည်း ဖခမည်းတော်ကြီးကို (၁၀)နှစ်ကျော်ကျော် ပြုစုစောင့်ရှောက်လုပ်ကျွေးလိုက်ရသဖြင့် မိမိကျေနပ်ပါသည်။ ကျေးဇူးတွေ အကုန်ကျေသည်ဟု မဆိုသာသော်လည်း ပြန်လည်တွေးမိတိုင်း ကျေနပ်ပီတိ ဖြစ်မိပါ၏။

ခမည်းတော်ကြီး မိမိထံတွင် နေထိုင်စဉ်အတွင်း ပထမ (၅) နှစ်ခန့်သာ ကျန်းကျန်းမာမာရှိခဲ့သော်လည်း နောက်ပိုင်း (၅) တာကာလတွင် ဆေးသွင်းဆေးထိုး စားဆေးတစ်ဖုံမျိုးစုံကုသပေးခဲ့ရပါသည်။ ဤတွင် ကျေးဇူးစကားဆိုရန် ရှိပါ၏။ ကျန်းမာနေစဉ်မှအစ အိပ်ရာဖျာကပ် မကျန်းမမာ သေခြင်း နီးကပ်သည့်အချိန်အထိ သားသမီးများပမာ ပြုစုစောင့်ရှောက်ပေးကြသော ကိုတင်လှ၊ မအေးမြင့်၊ မမြသွယ်၊ မခင်အေးကြူ စသည့် တပည့်ဒကာမများကို အထူးကျေးဇူးတင်ပါသည်။ အခြားသော ပုဂ္ဂိုလ်များလည်း သူ့ကာလနှင့်သူ ပြုစုကူညီကြသဖြင့် မိမိကျေးဇူးမမေ့ပါ။ ဖခမည်းတော်ကြီးကိစ္စ ရဟန်းပြု ပြာကျသည့်အထိ ဝေယျာဝစ္စ ဆောင်ရွက်ကြသော ကျေးရွာမှ ဒကာ၊ ဒါယိကာမများ ဂေါစရဂါမ်မှ ဆရာတော်သံဃာတော်များ၏ ကျေးဇူးတရားရှိပုံကိုလည်း မှတ်တမ်းပြုပါသည်။

(င)

ဤကျေးဇူးတရားများကို တစ်နည်းတစ်ဖုံ ဆပ်သောအားဖြင့် ၁၃၇၅ ခု (သင်္ကြန်ဦးကာလ) ၂-၄-၂၀၁၄ နေ့က ကျေးဇူးရှိသူများ (၇) နေ့ သားသမီးများအား အမျှဝေပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပပြုလုပ်လှူဒါန်းကာ အမျှအတန်း ပေးဝေခဲ့ပါသည်။ မိမိ (၁၃) နှစ်တာကာလအတွင်းမှာ (၁၃၄၀-၁၃၅၃) ကျောင်းသား ကျောင်းသူများအား စာသင်ပေးခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲ စတင်ကျင်းပပေးခြင်း၊ တရားဟောခြင်း၊ တရားပြခြင်း၊ သာသနာရေး၊ ရပ်ရေးရွာရေး စသောကိစ္စများကို စေတနာ၊ မေတ္တာပွား၍ ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရွက်ခြင်း၊ စာပေရေးသားခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ၁၃၅၃ ခုနှစ်၊ နယုန်လ (၁၄-၆-၁၉၉၁) နေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း (၂)ဗိုင်း အောင်စန္ဒာသိဒ္ဓိကျောင်းတွင် သီတင်းသုံးနေထိုင်ကာ သာသနာရေး၊ ဘာသာရေး၊ အသင်းအဖွဲ့ကိစ္စများ ဆောင်ရွက်ရင်း မြို့နယ်သံဃနာယက အဖွဲ့ဝင် တာဝန်ယူလျက် အမျိုးဘာသာ သာသနာ၊ ယဉ်ကျေးမှုအနုပညာ၊ ပြုပြင်ရေး၊ စာပေများကို ပြုစုရေးသားကာ နေပါကြောင်း မှတ်တမ်းပြုပါ၏။

မိမိ၏ ကျေးဇူးရှင်များစွာထဲမှ ကျေးဇူးတင်ထိုက်သူ တစ်ဦးမှာ အရီးတော် ဖြစ်သည်။ အညာအခေါ် အဖေ၏အစ်မကို အရီးဟု ခေါ်သည်။ ဒွေးကြီး-ဒွေးလေးဟုလည်း ခေါ်သည်။ ဆိုခဲ့သည့်အတိုင်း အမိမဲ့ မိမိမှာ အရီးတော်က အမေလို ဂရုစိုက်သည်။ ဆင်ဖြင့် ရှင်ပြုပေးသည်။ "ရှစ်ရက်ပွဲ"ခေါ် မုံရွာမြို့ ဆုတောင်းပြည့်ပွဲ (သီတင်းကျွတ်လပြည့်မှ လပြည့်ကျော် ရှစ်ရက်အထိ)ကို နှစ်စဉ်လိုက်ပို့သည်။ ခေါက်ဆွဲကြော်ကြိုက်သော မိမိကို ခေါက်ဆွဲကြော်တွေ ကျွေးသည်။ ညကျလျှင် ရုပ်ပွဲကြည့်ကြသည်။ ထိုစဉ်က ရွှေမန်းတင်မောင်၊ မြို့တော်သိန်းအောင်၊ စိန်ပဒေသာ၊ စိန်ကျော်ရွှေ စသော ဇာတ်ပွဲများခေတ် ဖြစ်သည်။ မိမိကတော့ ပွဲမကြည့်ပါ။ ပွဲခင်းထဲမှာ ပါလာသော လက်ဖက်သုပ်၊ ချင်းသုပ်နှင့် မုန့်များကို စားကာ လူလယ်ခေါင်တွင် အိပ်လေ့ရှိပါသည်။

မိမိ ရှင်သာမဏေဝတ်တော့လည်း အရီးတော်က အနားပြာပေါ် ပလင်စတွေဝယ်ပြီး ခမည်းတော်က သင်္ကန်းချုပ်ပေးတာကို ဝတ်ခဲ့ရသည်။ ပြန်လည်စဉ်းစားမိတိုင်း ဆွတ်ပျံ့ဖွယ် အလွမ်းရသကို ခံစားရမိပါသည်။ ခုတော့ဖြင့် အရီးတော်ရော ခမည်းတော်ပါ မရှိတော့ပြီ။ သက်တမ်းအရ ရှေ့ကသွားနှင့်ကြပြီ။ အသက် (၆၀)ကျော် (၇၀)တွင်းသို့ ချဉ်းနင်းရောက်ရှိလာပြီဖြစ်သော မိမိသည်လည်း ဘဝခန္ဓာရရှိထားသူပီပီ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ တစ်ဘဝခန္ဓာ ချုပ်ငြိမ်းရပေဦးတော့မည်သာ။ အရီးတော်ကို ကျေးဇူးတင်ပါ၏။ အရီးတော်၏ ကျေးဇူးတရားများကို မှတ်တမ်းတင်ပါ၏။

(စ)

"မိမိ၏ ကျေးဇူးရှင်များ" ဆိုတဲ့ ခေါင်းစီးနဲ့ စာအုပ်တစ်အုပ် ထုတ်ဝေလိုက်ပါတယ်။ အမေနဲ့ အဖေဆိုတဲ့ မိဘနှစ်ပါး ကျေးဇူးရှင်များကိုသာမက ဘုရား၊ တရား၊ သံဃာ၊ ဆရာသမား၊ ကျေးဇူးရှိသူများကိုပါ ပါဝင်စေချင်လို့ ဒီခေါင်းစီးကို ရွေးလိုက်တာပါ။ ရေးဖွဲ့တဲ့ ပုဂ္ဂိုလ်တွေလည်း နယ်ပယ်ကျယ်ပြန့်သွားစေချင်လို့ပါ။ ကလောင်စုံတို့ရဲ့ လက်ရာမွန်စုံတို့ကို တစ်စုတစ်ပေါင်း ဖတ်ချင်လို့ပါ။ အမှတ်တရလည်း ဖြစ်စေချင်လို့ပါ။ မိမိနဲ့ ချစ်ခင်ကျွမ်းဝင် သိမြင်ဖူးတဲ့ ဆရာ၊ ဆရာမကြီးရွယ်လတ်ငယ် အသွယ်သွယ်တို့ရဲ့ ကျေးဇူးတရားအပေါ် ရှုမြင်ခံစားပုံအစုံစုံတို့ကို ဖတ်ရှုခံစားရလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်။ ကြော်ငြာဝင်တာတော့ မဟုတ်ပါဘူး။ အကြောင်းအရာ ဆက်စပ်သွားလို့ တင်ပြလိုက်တာပါ။

စဉ်းစားကြည့်တဲ့အခါ ဗုဒ္ဓဘုရားဟာလည်း ဒေသနာတော်တွေနဲ့ မိမိတို့ကို အသိအမြင်တွေပေးလို့ ကျင့်သုံးလိုက်နာဖွယ် အဖိုးဖိုးတွေကို ညွှန်ပြပေးလို့ တကယ့်ကျေးဇူးရှင်ကြီးပါ။ တရားတော်တွေဟာ မိမိတို့ဘဝအတွက် ရှေ့ဆောင်လမ်းပြ ကျေးဇူးရှင်တွေပါ။ မိဘကျေးဇူးတွေ ဘယ်လိုကြီးမားကြောင်း သိအောင် ဟောကြားထားတော်မူတယ်။ လက်တွေ့အားဖြင့် ယခု မိမိ ဒီစာတွေ ရေးနိုင်ခြင်းဟာလည်း မြတ်ဗုဒ္ဓ၊ မြတ်ဓမ္မ၊ မြတ်သံဃာ၊ ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်ကျေးဇူးတွေပါ။ မိဘနှစ်ပါးတို့ရဲ့ ဂုဏ်ကျေးဇူးတွေပါပဲလေ။

ပြီးတော့ အာစရိယဂုဏောဆိုတဲ့ ဆရာသမားတွေပါ။

ဆရာသမားဆိုရာမှာ မိမိကို သင်ကြား၊ ပြသပေးတဲ့ ဆရာကို အဓိကထားပြီး သင်ဆရာသာမက မြင်ဆရာ၊ ကြားဆရာတွေလည်း ဆရာတွေပဲ ဖြစ်တယ်။ ကျေးဇူးရှိပေတယ်။ အဖေနဲ့ လူလားမြောက်ခဲ့ရတဲ့ မိမိဟာ အဲဒါ ငါ့အဖေ၊ ဒါမှ ငါ့အဖေကွလို့ ဟစ်ကြွေးရင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသတည်း။

အဖေရှိသူတိုင်း သတိရကြပါစေ...

**မုံရွာနေဇာ**

(၁၃-၈-၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com

အမေ့ထံမှရသော

# အမွေ

**မုံရွာနေဇာ**

ပန်းချီဆွဲ ဝါသနာပါသော မိမိသည် ငယ်စဉ်က ထမင်းမေ့ ဟင်းမေ့ ပန်းချီရေးဆွဲလေ့ ရှိခဲ့သည်။ ရုပ်ပုံကောက်စာများကို သိချင်၍ တတ်သရွေ့ ဖတ်ကြည့်သည်။ မိမိ မသိသော ဝေါဟာရများ၊ အကြောင်းအရာများကို အမေ့ကို မေးသည်။ အမေက မိမိ၏ သိချင်စိတ်၊ စူးစမ်းချင်စိတ်ကို မပိတ်ပင်ခဲ့ပါ။ စိတ်ရှည်စွာ ရှင်းပြတတ်ပါသည်။ မိမိ ဝမ်းသာခဲ့ရသည်။ အမေ့ကို အထူးကျေးဇူးတင်မိပါ၏။

## (က)
## အမေ့ရဲ့မျှော်လင့်ချက်

မိမိသည် စာဖတ်ဝါသနာကို အမေ့ထံမှ ရရှိခဲ့သည်။

မိမိ ဒုတိယတန်းကျောင်းသားအရွယ်က ဖြစ်သည်။ အမေသည် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်နေသည်။ ဘာမဂ္ဂဇင်းမှန်းတော့ မသိခဲ့ပါ။ ထိုစဉ်က ထုတ်ဝေခဲ့သော ရှုမဝ၊ သွေးသောက်၊ သင့်ဘဝ မဂ္ဂဇင်းတစ်ခုခု ဖြစ်မည်။

ထိုစဉ် ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်နေသော မိမိက အမေ ဖတ်နေသောစာအုပ်ကို ကြည့်ချင်၍ မြင်ချင်ဇောဖြင့် ကြိမ်ကုလားထိုင်ပေါ်မှ ရုတ်တရက် ထလိုက်သည်။ ထိုစဉ်က မိမိပုဆိုးကို ကောင်းစွာမဝတ်တတ်သေး။ ပုဆိုးစနှင့် ကြိမ် ကုလားထိုင်မှ ဝါးတန်းအစွန်းများနှင့်ငြိကာ မြေကြီးပေါ်သို့ မှောက်လျက်လဲကျသွားပါသည်။ မိမိ၏ ရင်ဘတ်၊ မျက်နှာနှင့် မဟာပထဝီမြေကြီး ချိတ်ဆက်သွားပါတော့သည်။ မိမိ သတိမရတော့ပါ။ လောကကြီးနှင့် ကင်းကွာသွားပါသည်။

မိမိ သတိရသောအခါ . . .

မိမိ ကိုယ်ခန္ဓာသည် အမေ့ရင်ခွင်ထဲသို့ ရောက်နေပါ ပြီ။

မိမိ မျက်စိဖွင့်ကြည့်သောအခါ အမေ့ မျက်နှာဝင်းပပကို မြင်ရ၏။ အမေက မိမိကို စိုးရိမ်စွာကြည့်ရင်း . . .

"သား . . . သား . . . သား . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု တတွတ်တွတ်ခေါ်နေပါ၏။ အမေ့မျက်နှာကို သေချာ ကြည့်လိုက်တော့ စိုးရိမ်သောကကြောင့် ဖြစ်ပေါ်လာသော မျက်ရည်စတွေ ဝေ့ဝဲနေပါသည်။

"သား သတိရလာပြီလား။ မေမေ စိုးရိမ်လိုက်တာကွယ်။ သား ကြည့်ချင်ရင် မေမေ စာအုပ်ကို ပေးမှာပေါ့။ ခုတော့ ငါ့သားလေး အနာတရဖြစ်ရပြီ"

ခဏအကြာမှာ အမေ၏ သားအပေါ် စိုးရိမ်စိတ်များ ပြေလျော့သွားဟန်တူသည်။ အမေ့မျက်နှာ ပြုံးရောင်သမ်းလာတာကို တွေ့လိုက်ရပါ၏။

ပြီးတော့ . . . အမေက

"ငါ့သားက စာအုပ်ဆိုရင် သိပ်ကြည့်ချင်တာကိုး။ ဒီလောက်စာအုပ်ချစ်တဲ့ ငါ့သား၊ ကြီးလာရင် စာရေးဆရာ ဖြစ်မလားမသိဘူး။ စာရေးဆရာဖြစ်မှာ သေချာပါတယ်လေ"

ဟု မျှော်လင့်ချက် ရောယှက်ပါဝင်သော မှတ်ချက်ကို ပေးပါလေ၏။

သည်တုန်းက အမှန်စင်စစ် နှစ်တန်းကျောင်းသားလေး မိမိမှာ စာကို ကောင်းစွာ မဖတ်တတ်သေးပါ။ စာအုပ်ထဲတွင် ပါဝင်သော သရုပ်ဖော်ပန်းချီပုံများ၊ ဓာတ်ပုံများကို စွဲလမ်းခြင်း ဖြစ်သည်။ သရုပ်ဖော်ပုံ ဓာတ်ပုံများကို ကြည့်ကာ မိမိ ထင်မြင်သလို အရမ်းဘာသာပြန်နေခဲ့ခြင်း ဖြစ်ပါ၏။

ပန်းချီဆွဲဝါသနာပါသော မိမိသည် ငယ်စဉ်က ထမင်းမေ့ဟင်းမေ့ ပန်းချီရေးဆွဲလေ့ရှိခဲ့သည်။ ရုပ်ပုံကောက်စာများကို သိချင်၍ တတ်သရွေ့ ဖတ်ကြည့်သည်။ မိမိ မသိသော ဝေါဟာရများ၊ အကြောင်းအရာများကို အမေ့ကို မေးသည်။ အမေက မိမိ၏ သိချင်စိတ်၊ စူးစမ်းချင်စိတ်ကို မပိတ်ပင်ခဲ့ပါ။ စိတ်ရှည်စွာ ရှင်းပြတတ်ပါသည်။ မိမိ ဝမ်းသာခဲ့ရသည်။ အမေ့ကို အထူးကျေးဇူးတင်မိပါ၏။ ခြွင်းချက်အနေနဲ့ အမေ စက်ချုပ်နေတဲ့အခါမှာတော့ မမေးရပါ။ ထိုအခါ မိမိမှာ သိချင်စိတ်ကို မျိုချခဲ့ရလေသည်။

✦

## အမိမဲ့သားဘဝ

ထိုစဉ်က မိမိတို့မိသားစုမှာ မုံရွာမြို့ ဒေါနဖြံရပ်တွင် နေထိုင်ကြရာ "လယ်တီကျောင်း" တွင် စတုတ္ထတန်းအထိ အမေနှင့်အတူ ကျောင်းတက်ခဲ့ရသည်။

မုံရွာမြို့ ဒေါနဖြံမှ ဒါန်းပင်တဲရွာသို့ ပြောင်းရွှေ့ခဲ့ရသည်။ ဒါန်းပင်တဲရွာတွင် အဘွား (အမေ့အမေ) နှင့် နှစ်ရှည်လများ နေထိုင်ခဲ့ရသည်။ အမေ မသေခင် နှစ်ရက်လောက်က အမေက မိမိကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းကာ ပွေ့ဖိုက်ထားခဲ့သည်။ မိမိမှာ ထူးဆန်းသလို ခံစားခဲ့ရသော်လည်း အမေကတော့ နှစ်ရက်၊ သုံးရက်ကြာလျှင် သူ သေတော့မည်ကို သိနေဟန်တူသည်။

အမေ သေတဲ့နေ့က မှတ်မှတ်ရရ မိမိ ပစ်လွှတ်လိုက်သော ကျောက်ခဲသည် လူတစ်ယောက်ကို ထိမှန်သွားသည်။ မိမိ စိတ်မကောင်း။ မကြာခင် အိမ်နီးချင်းတစ်ယောက်က မိမိ ဆော့ကစားရာသို့ ရောက်လာပြီး . . .

"မင်းအမေ သေပြီ"

ဟူသော သတင်းဆိုးကို ကြားလိုက်ရသည်။ မိမိ မယုံချင်၊ တကယ့်ကို မယုံချင်ပါ။ မယုံချင်သော်လည်း အမေကတော့ အမှန်သေသွားပေပြီ။ အမောတကော ပြေးသွားရင်း အိမ်ရောက်တဲ့အခါ အိပ်ရာပေါ်မှာ ပက်လက်အနေအထားဖြင့် အမေ ငြိမ်သက်နေတာကို တွေ့မြင်လိုက်ရပါပြီ။ မိမိ ဘယ်လိုဖြစ်မှန်းမသိ။ နှံချည့်ခွေယိုင်ကာ အရုပ်ကြိုးပြတ်သလို ဖြစ်သွားပါသည်။ အဘွားနှင့် ညီအစ်ကို မောင်နှမတွေကတော့ အမေ့နံဘေးမှာ ဝိုင်းကာဝမ်းနည်းစွာ ဟစ်အော်ငိုကြွေးနေကြသည်။ "သေခြင်းတရား" ကို မိမိဘဝမှာ ရှေးဦးစွာ တွေ့ကြုံခံစားလိုက်ရခြင်း ဖြစ်ပါသတည်း။

"ငါ့မှာ အမေ မရှိတော့ပါလား" ဟု နာကျင်စွာ ခံစားမိပါ၏။

✦

အဘွား၏ သံယောဇဉ်ကြီးမှုကြောင့် မိမိသည် (၁၄) နှစ်သားအရွယ်ရောက်မှ ရှင်သာမဏေဘဝဖြင့် မုံရွာမြို့ (ပေပင်) ဓမ္မပါရဂူ ပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## (ခ)
## ဆရာသမား၏ မှတ်ချက်စကား

မိမိ သောတဇန စာသင်သားဘဝဖြင့် မုံရွာမြို့ ဆူးလေကုန်းရပ်၊ ဓမ္မပါရဂူစာသင်တိုက်မှာ ပထမကြီးတန်းစာဝါများကို တက်ခဲ့စဉ်က ဖြစ်သည်။ အလင်္ကာကျမ်းနှင့် ဆန်းကျမ်း ဘာသာရပ်ကို ပို့ချပေးသော ဂဏဝါစက စာချဆရာတော်ကြီး ဦးသုမင်္ဂလက မိမိကို နိမိတ်ဖတ်ခဲ့သည်။

စာဝါနားချိန် အညာတမာပင်ရိပ် ခုံတန်းလျားပေါ်မှာ ထိုင်နေခိုက် စာချဆရာတော်ကြီးက မိမိ၏ လက်ဖဝါးနှစ်ဖက်စလုံးကို ယူကြည့်ကာ "ဟာ...အင်မတန် စိတ်ကူးဆန်းကြွယ်တတ်တဲ့ လက္ခဏာရှင်ပဲ။ စာပေအနုပညာကို ရေးသားဖန်တီးမယ့် ပုဂ္ဂိုလ်ပေပဲ" ဟူ၍ မှတ်ချက်ပြုခဲ့လေသည်။

စာချဆရာတော်ကြီး၏ မှတ်ချက်စကားကို မိမိမှာ သဘောအကျကြီး ကျနေခဲ့ပါတော့သည်။ မိမိကလည်း ပင်ကိုအားဖြင့် ကဗျာ၊ လင်္ကာ၊ ပန်းချီနှင့် စာပေအနုပညာကို ဝါသနာကြီးသူပီပီ အလွန်သဘောကျ ကျေနပ်နေခဲ့တာကို ယနေ့တိုင် သတိရနေမိသည်။ ယခုတော့မူ ကျောင်းတိုက်တည်ဆရာတော်ကြီးများ၊ ဂဏဝါစက စာချဆရာတော်ကြီးများ မရှိတော့ပါလေပြီ။ လွန်တော်မူကုန်ကြလေပြီ။ လွမ်းရပါဘိ။ အောက်မေ့သတိရမိပါ၏။

## (ဂ)
## အမေ့ရဲ့နိမိတ်ဖတ်စကား

တစ်ခါသော်...

အမေက မိမိကို ရင်ခွင်ထဲမှာ ပွေ့ချီထားရင် မိမိ၏ နဖူးဆံစလေးများကို ပွတ်သပ်လျက် "ငါ့သား၊ နဖူးက ကျယ်တယ်။ ကြီးလာရင် ဘုန်းကြီးဖြစ်မှာ။ ဆရာတော်ကြီးဖြစ်မှာ" ဟူ၍ နိမိတ်ဖတ်ခဲ့ပါသည်။ ယခုအချိန်အခါတွင် မိမိမှာ အမေ နိမိတ်ဖတ်ခဲ့သည့်အတိုင်း ဗုဒ္ဓသာသနာ့ဝန်ထမ်း ရှင်ရဟန်းဖြစ်ရပါပြီ။ ကျောင်းထိုင်ဆရာတော်ကြီးလည်း ဖြစ်နေပါပြီ။ အမေသာ ဟောဒီလောကကြီးမှာ ရှိနေသေးလျှင် ဘယ်လောက်များ ဝမ်းသာလိုက်မည်နည်း။ ဘယ်လောက်များ ဂုဏ်ယူနေမည်နည်း။

ပြီးတော့...

အမေက မိမိမျက်နှာကို စေ့စေ့စပ်စပ် သေသေချာချာ ကြည့်ပြီး "ငါ့သား နဖူးကလည်း မောက်လိုက်တာ။ မျက်လုံးကလည်း တွင်းချိုင့်ထဲမှာ" ဟု မှတ်ချက်ပြုပါလေသည်။ အပြစ်ပြောသလို နှုတ်က ဆိုနေသော်လည်း အမေ့မျက်နှာက ပြုံးလို့ပါ။ ထွက်လာသောအသံ နူးညံ့ပျော့ပျောင်းစွာ ကရုဏာသံ အပြည့်နဲ့ပါ။ မေတ္တာသံ အပြည့်နဲ့ပါ။ အမေ့ မျက်လုံးထဲမှာ ကြည်နူးမှုအပြည့်အဝရှိနေပုံမှာ ပေါ်လွင်လှပေသည်။

ဪ...အမေဆိုတာ ဘယ်အမေမဆို ဘယ်သူ့အမေမဆို သူတို့၏ သားသမီးများကို အချစ်ဆုံးဖြစ်သလို အချောဆုံး အလှဆုံး ထင်ကြသည်ချည်းပင်။ မိမိအမေကလည်း မိမိရုပ်သွင်ကို အကျည်းတန် အရုပ်ဆိုးထင်မည်မဟုတ်တာ သေချာပါသည်။ စာဖတ်သူအားလုံးတို့၏ အမေများကလည်း စာဖတ်သူအားလုံးတို့ကို အချောဆုံး၊ အလှဆုံးလို့ သတ်မှတ်ထားကြမှာပါ။ မယုံလျှင် သင်တို့၏ အမေများကို မေးကြည့်ကြပါ။

မည်သူ့သားသမီးမှ အရုပ်မဆိုးပါ။ မည်သည့် သားသမီးမှ အကျည်းမတန်ပါ။

အမေအားလုံးကလည်း ပင်ကိုအားဖြင့် မေတ္တာဓာတ်ကြောင့် လှကြတာချည်းပင် ဖြစ်၏။ မည်သူ့အမေမှ အရုပ်မဆိုးကြပါ။

## (ဃ)
## ငါ့မှာ အမေ မရှိတော့ပါလား

အမေ အသက်မရှည်ရှာပါ။ အသက် (၄၀) အရွယ်အရွယ်ကောင်းတုန်းမှာ သေဆုံးသွားရရှာသည်။ သားသမီးမိသားစုတွေနှင့် ပျော်တပြုံးပြုံး နေရတုန်းမှာ အမေ သေဆုံးခဲ့သည်။ မိသားစုနှင့် လောကကြီးကို အချိန်စောစွာ ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေပြီ။ ထိုစဉ်က မိမိအသက် (၉) နှစ်သားသာ ရှိသေးသည်။

အမေ့ရုပ်သွင်ကို ပီပီပြင်ပြင် ကြည်ကြည်လင်လင် မမှတ်မိတော့။ စိတ်ကူးအာရုံတွင် အမေ့ရုပ်ပုံလွှာကို ပုံရိပ်ဖော်၍ မရတော့ပါ။ ဓာတ်ပုံလည်း မရှိပါ။ မုံရွာမီးလောင်စဉ်က မီးထဲပါသွားခဲ့ပြီ။ ဆွေမျိုးတွေကတော့ မိမိသည် အမေနှင့် တူသည်ဟုပြောကြသည်။ အမေ့ကျေးဇူးကို မဆပ်လိုက်ရပါ။

အမေ့အမည်က ဒေါ်ခန့်ပါ။ မွေးချင်းညီအစ်ကိုတွေ ရှိခဲ့သော်လည်း ယခုလက်ရှိမှာတော့ အစ်မတစ်ယောက်နှင့် တူတူမများသာ ရှိပါသည်။ အဖေ ဦးကောင်းတင် (ဖခမည်းတော်ကြီး ဦးကောင်းတင်)ကိုတော့ (၁၀) နှစ်ကျော်ခန့် ကျေးဇူးဆပ်ခွင့်ရလိုက်ပါ၏။ မိမိကျောင်းထိုင်ရာသို့ ခေါ်ဆောင်သွားကာ ပြုစုစောင့်ရှောက်ထားခဲ့သည်။

"ဘာရေး ညာရေး လျှောက်မတွေးနဲ့။ တောင်တွေးမြောက်တွေး စိတ်မလေးနဲ့။ အဖေ စိတ်အေးအေးသာနေ။ ကျုပ် စားရသလိုတော့ စားရမည်။ ကျန်းမာရေးကိုဂရုစိုက်ပါ။ ကုသိုလ်ရအောင် နေပါ။ အသက်ကြီးလာရင် အသက်ရှည်ဖို့ ကျန်းမာဖို့နဲ့ ကုသိုလ်ရဖို့ ဒီသုံးချက်ကိုပဲ အလေးအနက်ထားပါ အဖေ"ဟု မိမိက ပြောလေ့ရှိသည်။

မွေးသမိခင် ကျေးဇူးရှင်ကို ကျေးဇူးဆပ်ခွင့်မရလိုက်သော်လည်း (အရွယ်ရှိသော်လည်း နောက်အိမ်ထောင်မပြုဘဲ မိထွေးနှင့် အစားမထိုးဘဲ) ကျွေးမွေးစောင့်ရှောက်ခဲ့ပေသော ကျွေးသဖခင်ကို စိတ်တိုင်းကျ ပြုစုလိုက်ရသဖြင့် ကျေနပ်ပါသည်။ ဖြေသာပါသည်။ အဖေက လူ့လောကမှာ အသက် (၇၅) နှစ်အတိ နေထိုင်သွားခဲ့သည်။ မိမိ ကျောင်းထိုင်ခဲ့ရာ တိုက်ကြီးမြို့နယ်၊ ခုနစ်ကျိုက်အရှေ့ရွာတွင် ဦးခေါင်းချသွားခဲ့သည်။

မိမိသည် (၃-၄-၂၀၁၄) နေ့က တရားဟော၊ တရားပြ စာပေရေးသား၊ ကလေးသူငယ်များကို စာပေသင်ကြား၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်ကာ (၁၃) နှစ်ကြာ ဗုဒ္ဓသာသနာပြုခဲ့သော ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ ခုနစ်ကျိုက်အရှေ့ရွာ၊ အောင်မြေဝေယံကျောင်းတွင် သက်ကြီးပူဇော်ပွဲနှင့် (၇)နေ့ သားသမီးများအား အမျှဝေပွဲ စီစဉ်ကျင်းပပြုလုပ်ခဲ့ပါသည်။

ဖခမည်းတော်ကြီးနှင့်တကွ ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမ၊ ဆွမ်းဒါယကာ၊ ဆွမ်းဒါယိကာမ၊ ပစ္စည်းလေးပါးဒကာများနှင့် ရဟန်းရှင်လူ ကျေးဇူးရှိသူအားလုံးတို့အား ကုသိုလ်ပြု အမျှဝေခဲ့သည်။ ကျေးရွာမှ အသက် (၇၅) နှစ်နှင့်အထက် အဘိုး၊ အဘွား (၄၀) တို့အား ငွေကြေး ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့သည်။ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပရိသတ် ၂၀၀၀ ကျော်တို့အား သက်သတ်လွတ် ထမင်းကျွေးခဲ့သည်။ ဂေါ်စရဂါမ်ရှိ ကျောင်းများမှ ပင့်သံဃာတော် (၂၅) ပါးတို့အား သင်္ကန်းဆွမ်း နဝကမ္မဝတ္ထုငွေများ လှူဒါန်းခဲ့ပါသည်။ ဤစာကြောင်းကို ဖတ်ရှုမိသူအားလုံး သာဓုအနုမောဒနာ ပြုနိုင်ကြရန် မုဒိတာပွားနိုင်ကြရန် စာနယ်ဇင်းများမှ သတင်းရေးသားပေးကြပါသည်။ အားလုံးကို ကျေးဇူးတင်ပါ၏။

✦

အမေနှင့် ပတ်သက်၍ စပ်မိစပ်ရာ စုံစီနဖာ အမှတ် တရဖြစ်ခဲ့ရတာတွေကို ရေးသားလိုက်မိပါပြီ။ အမေ၊ အဖေအကြောင်းတွေသာမက မိမိဘဝအကြောင်း တစ်စေ့တစောင်းတွေလည်း ပါဝင်နေသည်ကို နားလည်မှုဖြင့် ဖတ်ရှုကြပါ။ မိမိအာရုံတွင် ထင်မြင်ခံစားမိသည့်အတိုင်း ရေးလိုက်ပါသည်။

စာဖတ်သူအတွက် အတွေး တစ်စုံတစ်ရာ မှတ်သားစရာတစ်ခုခုရရှိမည်ဆိုလျှင် ရေးသူ၊ ဖတ်သူ နှစ်ဦးနှစ်ဝ အကျိုးဖလ ရရှိကြမည်ဟု ယူဆမိပါသတည်း။

နမော သဗ္ဗာ သမ္ဗုဒ္ဓသာ

**မုံရွာနေဇာ**

၂၅-၇-၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com

# ဘဝတစ်သက်
# အလှမပျက်

## ကံညွန့်လှိုင်(တောင်ကြီး)

ရှမ်းပြည်နယ်တစ်ခုလုံးကို ယခင်က "ကမ္ဘောဇတိုင်း" ဟု ခေါ်ခဲ့ကြသည်။ စော်ဘွားမင်းများ အုပ်ချုပ်ခဲ့သည့် အချိန်က ဖြစ်ပါသည်။ တောင်ကြီးမြို့ကိုလည်း "ကမ္ဘောဇမြို့တော်" ဟု တင်စားခေါ်ဝေါ်ခဲ့ကြပါသည်။

၁၈၉၄ ခုနှစ်၊ အောက်တိုဘာလတွင် အရေးပိုင်နှင့် နိုင်ငံရေးအရာရှိဌာနချုပ်ရုံးကို တောင်ကြီးမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ထိုအချိန်မှစ၍ တောင်ကြီးမြို့သည် ရုံးစိုက်ရာမြို့ဖြစ်ခဲ့သည်။ ယခင်က သာစည်မှနေ၍ လှည်းဖြင့်တက်ရသည်။ သာစည်နှင့် တောင်ကြီး (၁၀၆) မိုင် ဝေးသည်။ ယခုအချိန်တွင် ထိုသို့မဟုတ်တော့။ ရထားလမ်း၊ ကားလမ်း စသည် အဆင့်ဆင့် ခေတ်အဆက်ဆက် ပြောင်းလဲခဲ့ပြီ။

ယခင်က တောင်ကြီးမြို့သည် တောင်မြောက်လေးမိုင် ရှိခဲ့သည်။ အရှေ့အနောက် အကျယ်တစ်မိုင်ရှိခဲ့သော မြို့မှာ ယခုတော့ သည့်ထက်မက ကျယ်ပြောဘိခြင်း။ တောင်ကုန်းတောင်တန်းများကြား ယခင်ထုံးဖို၊ အောင်သပြေဟုခေါ်ခဲ့သော ယခု အေးသာယာမြို့သစ်အထိပင် တစ်ဆက်တည်းလိုလို ဖြစ်နေပါပြီ။ တောင်ကြီးမြို့သို့ အတက်လမ်း၊ အဆင်း လမ်းဖြစ်သော အသွားအပြန်လမ်းမှာလည်း နှစ်လမ်းဖြစ်နေပါပြီ။

အစစအရာရာ ပြောင်းလဲခဲ့ပြီ။ သည်တစ်ခေါက်ရောက်တော့ အထက်တန်းကျောင်းသည်ပင် (၁၁) ကျောင်း ရှိနေပြီ။ ကျွန်တော်တို့ (၇) တန်းရောက်တော့ အစိုးရအထက်တန်းကျောင်း (၁) ကျောင်း၊ အပြင်ပုဂ္ဂလိက ကျောင်းများဖြစ်သော စာသင်ပြပေးခဲ့ကြသော ဆရာ/ဆရာမများကို လည်း ကျေးဇူးဥပကာရ တင်ရှိပါသည်။ အထူးသဖြင့် ဆရာမ ဒေါ်ခင်သန်းမြင့်နှင့် "ဖြီး" ဆိုသော စကားတစ်လုံးဖြင့် မခံချင်စိတ်ဖြစ်လာအောင်ပြုပြီး သွယ်ဝိုက်၍ ကြိုးစားစေလိုသောဆန္ဒကြောင့် ကြိုးစားခဲ့သဖြင့် ဆုများ ဆွတ်ခူးနိုင်သကဲ့သို့ စာများကိုလည်း ရေးသားနိုင်သည်အထိ ဖြစ်လာသဖြင့် ဖော်မပြနိုင်လောက်အောင် ဝမ်းမြောက်သော ကျေးဇူးသည်လည်း ကျွန်တော့်ရင်ကို စူးနစ်ခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘောဇကျောင်း၊ စိန်အင်းကျောင်း၊ NC ကျောင်းဟူ၍ (၃) ကျောင်းရှိခဲ့သည်။ ထိုကျောင်းများကိုပြည်သူပိုင် သိမ်းပိုက်ပြီး နောက်ပိုင်း အထက်တန်းကျောင်း (၄)ကျောင်း ဖြစ်သွားပါသည်။ ယခုမူ အထက်တန်း (၈) ကျောင်းရှိသည်ဟု သိရပါသည်။

ယခင်က မင်းလမ်း (လမ်းမတော်) တစ်လျှောက်တွင် စိုက်ထားသော ချယ်ရီပင်များ မရှိတော့။ သစ်ပင်စိုက်ပျိုးရန် လုပ်အားပေးခဲ့ရာ ယခင် မသိန်းတင်ဆေးလိပ်ခုံနှင့် ဈေးအထိ နေရာအတွင်း သူငယ်ချင်းနှင့် အတူစိုက်ခဲ့သော ချယ်ရီပင်မှာလည်း ယခုမရှိတော့။ ယခင်အခေါက်ရောက်စဉ်ကတော့ ထိုချယ်ရီပင်မှာ အတော်ကြီးနေပြီ။ ပင်လုံးကျွတ် ပွင့်နေသည်ကို တွေ့ရတော့ သူငယ်ချင်းများကို အမှတ်ရမိသည်။ ယခုတော့ လမ်းဖရိယာချဲ့ထားသဖြင့် ချယ်ရီပင်များ မတွေ့ရတော့ပါ။ ယခင်ကအကြောင်းတွေ ပြန်တွေးမိသဖြင့် လွမ်းမောဖွယ်ကောင်းလှပါသည်။

လိုင်းကားများလည်း ကိုယ်သွားလိုရာ အလွယ်တကူ သွားလို့ရနေပြီ။ ခြေကျင်သွားစရာ သိပ်မလိုတော့။ ကန်သာရပ်သို့ ကီစွတစ်ခုရှိသဖြင့် သွားရမည်။ အပြောင်းအလဲများကို ကြည့်လိုသည်နှင့် ဈေးအနောက်ဘက်တွင်ရှိသော လမ်းအတိုင်း ကန်သာရပ်သို့ လမ်းလျှောက်လာခဲ့သည်။ မြို့ပတ်လမ်းအကွေ့သို့ ချိုးအဝင် ကျွန်တော်နေခဲ့သော ကျောင်း၊ အလယ်တန်းကျောင်းထောင့်စွန်းကို မြင်ရပြီ။

ယခင်က ကျောင်းဝင်းဟူ၍ မရှိ၊ နွားကျောင်း၊ ဆိတ်ကျောင်း၊ လေတံခွန်လွှတ်သူ ကစားသူများ စည်ကားနေသော်လည်း ယခုမူ ခြံဝင်းနှင့် သပ်ရပ်စွာ တည်ရှိနေပါသည်။ ယခင်က ကျောင်းအုပ်ကြီး ဒေါ်ခင်ကြည်မှ အစပြုခဲ့ပါသည်။ ထိုကျောင်းမှနေ၍ ပညာရင်နို့ သောက်စို့ခဲ့ရသဖြင့် ဆရာ၊ ဆရာမများကို တစ်တန်းခြင်းအလိုက် အချို့အမည် မမှတ်မိသော်လည်း တော်တော်များများ မှတ်မိနေပါသေးသည်။ အထူးခြားဆုံး ကျွန်တော့်အား မြေတောင်မြှောက်ပေးသည့် ဆရာအချို့ကိုလည်း မှတ်မိနေပါသည်။ တဖြည်းဖြည်းနှင့် ငယ်စဉ်ဘဝကို စီးမျောလိုက်ပါသွားခဲ့ပါသည်။

✦

မှတ်မှတ်ရရ ထိုအချိန်က ခြောက်တန်းရောက်နေပြီ။ ဆရာ ဆရာမများက မလုံလောက်သဖြင့် ဆရာမတစ်ဦးလျှင် အနည်းဆုံး (၃) ဘာသာခန့် တာဝန်ယူ သင်ကြားရပါသည်။ ဆရာမ ဒေါ်ခင်သန်းမြင့်က ကျွန်တော်တို့ အတန်းပိုင်ဖြစ်ပါသည်။ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ပထဝီ သင်ကြားပေးသည်။ ဆရာမနှင့် အနည်းဆုံး တစ်ရက်လျှင် (၃) ချိန်တွေ့နေရသဖြင့် အတော်လည်း ရင်းနှီးပါသည်။ လမ်းညွှန်စရာရှိလျှင် လမ်းညွှန်၊ မေးစရာရှိလျှင် မေး၊ ဆွေးနွေးစရာရှိလျှင် ဆွေးနွေးနှင့် သင်ကြားခဲ့ကြသဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ ရင်းနှီးလက်ပွန်းတတီး ရှိကြပါသည်။

တစ်ရက်တွင် အင်္ဂလိပ်စာသင်ရင်း ဆရာမက . . .

"မင်းတို့တွေ အင်္ဂလိပ်စာတော်ချင်၊ တတ်ချင်ရင် ဒေရှင်နရီတစ်အုပ်ရှိထားဖို့ လိုတယ်"

ညွှန်ကြားသဖြင့် ကျောင်းသားများ စုဆောင်း၍ ဦးထွန်းငြိမ်း ဒေရှင်နရီကို ငွေ ၂၅/စီစုပြီး ဆရာမထံတွင် အပ်ထားသည်။ လူစုံသောအခါ ဆရာမနှင့်အတူ သွားဝယ်ကြမည်။

ထိုအချိန်က မိဘမရှိသော ကျွန်တော်က ကျောင်းနေ့တစ်ဝက်တက်သောကျောင်းဖြစ်သဖြင့် မနက်ပိုင်းတက်ပြီး နေ့လယ်ပိုင်း အားလပ်နေသည်။ ပန်းရံ၊ လက်သမား စသည်တို့မှာ တစ်နေကုန်ဆင်း၍ အလုပ်လုပ်ကြရသည်။ ထိုအလုပ်မျိုးကိုလည်း လိုက်လုပ်၍မရ။ တစ်နေကုန် အလုပ်ဆင်းရသည့် အလုပ်မှန်သမျှ ဘာအလုပ်မှ လုပ်၍မရတော့ပါ။

အမေရှိစဉ်က ဆေးလိပ်ရောင်းခဲ့သဖြင့် ဆေးလိပ်ခုံတွင် ဆေးလိပ်သွားဝယ်ရင်း ဆေးလိပ်စောင့်ယူရသောအခါများတွင် အားလပ်ချိန်တွင် အအားမနေတတ်သဖြင့် ဆေးလိပ်တံဆိပ်များ ဝင်ရောက်ကပ်ကူခြင်း၊ ဆေးလိပ်သေး (၁၀) လိပ်ကို ရှမ်းစက္ကူဖြင့်ပတ်၍ ၎င်းပေါ်တွင် တံဆိပ်များကပ်ပေးခြင်း၊ ဆေးလိပ်ကြီးကို တစ်လိပ်ခြင်းကပ်၍ (၅၀)လိပ်စီ ထောင့်ကျကျ ပြုလုပ်ပြီး နီးဖြင့် နစ်တန်စည်းပေးခြင်းများကို ဝိုင်းကူ၍ လုပ်ဆောင်ပေးခဲ့သည်။

နေ့တစ်ဝက်ကျောင်းအားချိန်တွင် ရွှေလဝင်း ဆေးလိပ်ခုံတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ငါးရက်တစ်ဈေး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရက်မြောက်ညနေတွင် ငွေတစ်ဆယ်ကျော်၊ တစ်ဆယ်ခန့် ထုတ်ယူရပါသည်။ ထိုအချိန်က လူတစ်ယောက် နေ့စားလိုက်လျှင် ၃/၁၅ပြားရသည့်အချိန် ဖြစ်ပါသည်။ ရရှိသည့်ငွေကို အစ်မဈေးသုံးရန် (ဈေးဝယ်ရန်)အတွက် ၅/ - ပေးလိုက်ပါသည်။

ထိုအချိန်က အစ်မမှာ ငွေရေးကြေးရေး မပြေလည်ပါ။ အစ်မယောက်ျား (ယောက်ဖ) လုပ်သူက ရေနံချောင်းတွင် အလုပ်သွားလုပ်နေရချိန် ဖြစ်ပါသည်။ (၃) လနေမှ တစ်ကြိမ်လောက် ငွေပို့ပေးနိုင်ပါသည်။ တစ်ကြိမ်ပို့လျှင် ၃၀၀/ - လောက် ပို့ပါသည်။ ထိုပို့သောငွေဖြင့် အဓိကကျသော ဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲတို့ကို ကြိုတင်ဝယ်ယူထားရပါသည်။ ကျွန်တော် ရလာသော ငွေကိုမူ ငါးရက်စာဝယ်ယူထားရပါသည်။ ကျွန်တော် သိမ်းဆည်းသောငွေမှာ ထိုအချိန်က ကျောင်းလခ ပေးရသည်။ လိုအပ်သော စာအုပ်၊ ခဲတံ၊ ဖောင်တိန်၊ မှင်တို့ကို ဝယ်ယူခဲ့ရပါသည်။

ယခု ဒေရှင်နရီဝယ်လိုသဖြင့် ငွေလိုလာသည်။ အလုပ်တစ်ခု ထပ်ရှာရဦးမည်။ လက်ရှိအလုပ်လည်း မပျက်၊ အပိုဝင်ငွေရအောင် လုပ်ရမည်။ ထိုစဉ်က အိမ်တွင် ရေတွင်းမရှိသူများက တွင်းရှိသော အိမ်များတွင်လည်းကောင်း၊ ရေဘုံဘိုင်များတွင်လည်းကောင်း ခပ်ယူသုံးစွဲရပါသည်။ အချို့မခပ်နိုင်ကြ၊ ရေလိုနေသည်ကို လေ့လာမိသဖြင့် စုထားသောငွေဖြင့် ပုံးနှစ်ပုံးထမ်းရန် ထမ်းပိုးတစ်ချောင်းနှင့် ပုံးတွင်ချိတ်ဆွဲရန် ကြိုးလိုသဖြင့် ဝယ်လိုက်သည်။ နောက်ရက်များတွင် ဆေးလိပ်ခုံမှ ပြန်လာပြီး ရေထမ်းရောင်းရသည်။

တွင်းရေမကြိုက်ဘဲ ဘုံဘိုင်ရေကိုသာ ထမ်းပေးရပါသည်။ ဘုံဘိုင်ရေမှာလည်း ရေအနည်းငယ်သာလာသည်။ တစ်ထမ်းပြည့်ရန် အချိန်ကြာကြာ စောင့်ရသည်။ ရေခပ်သူရှိနေပါက ပို၍စောင့်ရသည်။ တစ်နေ့မှ လေးထမ်းပင်မပြည့်၊ သုံးထမ်းလောက်သာ ရသည်။ တစ်ကျပ်ဖိုးယူလျှင် လေးထမ်းပေးရပါသည်။ တစ်နေ့လျှင် တစ်ကျပ်ဖိုးပင်မပြည့်တတ်ပါ။

ငွေ ၂၅/ - ရဖို့ ရက် (၂၀)ခန့်ကြာသောအခါမှ ပြည့်ပါသည်။ နောက် ဒေရှင်နရီတစ်အုပ် ရလာပါသည်။ ခက်ခက်ခဲခဲ စုဆောင်းထားသော ငွေဖြင့်ရသော စာအုပ်ကို အမှတ်တရ ယနေ့တိုင် သိမ်းဆည်းထားခဲ့ပါသည်။

မြန်မာစာပြသော ဆရာမဖြစ်သဖြင့်လည်း မြန်မာစာများကို ဖတ်ရန် မှတ်သားထားရန် တစ်နေ့တာ ကိုယ်လုပ်ခဲ့သည့် ကိစ္စများကို မှတ်တမ်းထားရန် ပြောပြရာမှ ဒိုင်ယာယီရေးသော အကျင့်လည်း ဖြစ်လာပါသည်။

တစ်ဖန် ပထဝီပြသော ဆရာမဖြစ်သဖြင့်လည်း ကမ္ဘာကြီးသည် မိမိဝင်ရိုးပေါ်မှနေ၍ ၂၃စောင်း ၁/၂ စောင်းပြီး လည်ပတ်နေကြောင်း နေကြတ်၊ လကြတ်ခြင်းအကြောင်း၊ ကမ္ဘာ၊ နေ၊ လ၊ ကြယ်တို့မှာ လုံးဝန်းသောသဏ္ဌာန်ဖြစ်ကြောင်းတို့ကို ပြောဆိုသင်ပြပါသည်။ မှတ်မှတ်ရရ ဆရာမနှင့်လည်း ငြင်းခုံခဲ့ကြသည်။ အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။

ပထဝီဘာသာရပ် သင်စဉ်က ဖြစ်ပါသည်။ ဆရာမက ကမ္ဘာ၊ နေ၊ လ၊ ကြယ်တို့ လုံးဝန်းပြီး နေ၊ လ၊ ကြယ်တို့သည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီး အနောက်ဘက်သို့ ရွေ့လျားသွားကြောင်း ပြောရာမှ . . .

"ဆရာမ . . . နေတို့၊ လတို့ဟာ ဆရာမပြောသလို ဝိုင်းတာတော့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ . . . လုံးတာတော့ မဖြစ်နိုင်ပါဘူး"

ကျွန်တော်၏အပြောကြောင့် တစ်တန်းလုံးတိတ်ဆိတ်သွားကြပါသည်။ ဘာများ ပြောဦးမလဲဟု နားစိုက်ထောင်နေကြပါသည်။

"ကဲ . . . ဆိုပါဦး၊ မင်းက ဘယ်လိုမြင်သလဲ"

"ပြားနေတဲ့ သံပြားတစ်ချပ်ကိုယူပြီးတော့ အဝိုင်းပုံကိုညှပ်၊ အဲဒီအတိုင်း အရှေ့ကနေ အနောက်ကို စောင်းခြင်း၊ လှည့်ခြင်းမရှိဘဲ ဒီအတိုင်း ယူသွားရင်လည်း အောက်ကနေကြည့်ရင် အဝိုင်းပုံပဲ တွေ့နေရမှာပဲ"

"အေး . . . ဟုတ်တယ်ဟ၊ ဟာ . . . မဖြစ်နိုင်ပါဘူး"

စသည် စသည် ကျောင်းသားများ ဆူညံသွားပါသည်။

"ဟဲ့ . . . တိတ်ကြစမ်း"

ဆရာမက စားပွဲပေါ်သို့ တုတ်နှစ်ချက် သုံးချက် ရိုက်လိုက်သည်။

ကျောင်းသားများ အသံတိတ်သွားကြသည်။

"အမြင်အနေနဲ့ ပြောရရင်တော့ မှန်ပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အရာဝတ္ထုရဲ့ ရွေ့လျားနေတဲ့နှုန်း၊ ပွတ်တိုက်နေရတဲ့အား၊ စက္ကန့်နဲ့အမျှ လည်ပတ်နေတဲ့အားတွေကြောင့် လုံးဝန်းသော သဏ္ဌာန်ဖြစ်ပေါ်ခဲ့တယ်လို့ အကြမ်းမှတ်လို့ရတယ်။ အဝေးက ကြည့်လို့သာလျှင် လုံးဝန်းတယ်လို့ ဆိုပေမဲ့လို့ တကယ်ပြန် ကြည့်ရင် ကမ္ဘာမှာလိုပေါ့။ တောင်တွေ၊ ချိုင့်တွေဖြစ်တဲ့ အနိမ့် အမြင့်တွေ ရှိကြမှာပဲ။ အဲဒါတွေကို တို့ကမ္ဘာမှာက ကွန်တို၊ ဂရမ်တွေနဲ့ ပြကြတယ်။

လတို့၊ ကြယ်တို့၊ နေတို့ဆိုတာ တို့က မရောက်သေး တော့ ဘယ်လို အခြေအနေရှိမယ် မသိဘူး၊ လေ့လာနေကြ တုန်းပဲ။ ဒါကြောင့် ကမ္ဘာအကြောင်းတွေကိုသိချင်ရင် စာတွေ ဖတ်ရမယ်။ မှတ်ရမယ်။ အတုယူတတ်ရမယ်။ တီထွင်ဖန်တီး တတ်ရမယ်။

အချိန်ပြောင်းသွားသဖြင့် ဆရာမထွက်သွားပြီး ဖတ်၊ မှတ်၊ တု၊ တည်၊ လေးချက်ညီကို ယနေ့တိုင် မှတ်မိနေပါ သည်။

နောက်တစ်နှစ်တွင် ခုနစ်တန်းသို့ရောက်ပြီး နှစ်ဟောင်း ကုန်သဖြင့် နှစ်သစ်တို့ရောက်ပြီး၊ ချယ်ရီပင်မှ အရွက်ကြွေကုန် ပြီး၊ ချယ်ရီပန်းများ တဖြည်းဖြည်းဖူးလာရာမှ အချို့ပွင့်ကြ ပြီ။

ဇန်နဝါရီ နောက်ဆုံးပတ်လောက်တွင် ရှမ်းပြည်နယ်နေ့ ကို အမှတ်တရအတွက် ကျွန်ုပ်တို့ လက်ထက်မှ ယနေ့အထိ စာစီစာကုံးပြိုင်ပွဲကို ကျင်းပနေကျ ဖြစ်သည်။

စာစီစာကုံးကျင်းပပုံမှာ တောင်ကြီးမြို့ပေါ်ရှိ အထက် တန်း၊ အလယ်တန်းကျောင်းသားများကို အထက်တန်း အဆင့်၊ အလယ်တန်းအဆင့်ဟူ၍ (၂)ဆင့်ခွဲ၍ ပြိုင်ရသည်။ အလယ်တန်းအဆင့်မှာ (၁) အထက်တန်းကျောင်းများမှ အလယ်တန်းအဆင့်ရှိ ကျောင်းသူကျောင်းသားများ။ ထို အချိန်က အလယ်တန်းအဆင့်မှာ (၇)တန်းအထိ သင်ကြား ကြရသည်။ (၂) အလယ်တန်းကျောင်းမှအလယ်တန်းအဆင့် ရှိသူများဟူ၍ အထက်တန်းနှင့် အလယ်တန်းခွဲခြားယှဉ်ပြိုင် ရပါသည်။

အလယ်တန်းအဆင့်ရှိ ကျောင်းသူကျောင်းသားများမှာ ငါးတန်းမှ (၇)တန်းအထိ ကျောင်းသူ/သားများ မိမိကျောင်း အလိုက် ပြိုင်ချင်သူများ ဝင်ပြိုင်နိုင်ပါသည်။ ထိုမှ (၅)ဦးကို ရွေးထုတ်ပါသည်။ အခြားအလယ်တန်းအဆင့်ရှိကျောင်းများ မှလည်း တစ်ကျောင်းလျှင် (၅) ဦး ရွေးချယ်ပါသည်။

ထိုသို့ တစ်ကျောင်းလျှင် (၅) ဦးစီ ရွေးချယ်ထားသော ကျောင်းမှာ (၆) ကျောင်း ရှိသည်ဆိုပါစို့။ အယောက် (၃၀) ရွေးချယ်မည် ဖြစ်သည်။ ထိုရွေးချယ်ထားသော အယောက် (၃၀) ကို အဆင်ပြေရာကျောင်းတစ်ကျောင်းတွင် ထပ်မံယှဉ် ပြိုင်ရမည် ဖြစ်ပါသည်။ ထိုမှ အောင်မြင်သူ (၅)ဦး (သို့) (၆) ဦးကို ပထမ၊ ဒုတိယ စသည်ဖြင့် ဆု (၆)ဆု ချီးမြှင့်မည် ဖြစ် သည်။ ထိုဆုရရှိသူများသည် ရှမ်းပြည်နယ်နေ့ အခမ်းအနား ကျင်းပရာ စင်မြင့်ထက်တွင် ဆုတက်ယူရမည် ဖြစ်ပါသည်။

ယခုနှစ်တွင် ဆရာမကြီးက မနက် အလံတော် အလေး ပြုစဉ်က (၅) တန်းမှ (၇)တန်းအထိ မနက်ဖြန် စာစီစာကုံး ဝင်ရောက်ယှဉ်ပြိုင်ကြရန် ပြောကြားပါသည်။ ညနေ အိမ်ပြန် လာတော့ မြို့ထဲ စာအုပ်ဆိုင်သို့ ရောက်ရှိသွားပါသည်။ ဆိုင် တွင် ဂုဏ်ထူးဦးသိန်းနိုင်ရေးသော ဂုဏ်ထူးစာစီစာကုံး စာ အုပ်တစ်အုပ်ကို နှစ်ကျပ်ဟု ထင်သည်။ ဝယ်လာခဲ့ပါသည်။

ယခင်နှစ်က ဝင်ရောက်ယှဉ်ပြိုင်ဖူးသော်လည်း ကျောင်း တွင်းပြိုင်ပွဲတွင် မအောင်မြင်ခဲ့ပါ။ သူငယ်ချင်းတစ်ယောက် က ငှားလိုက်သော စံပြစာစီစာကုံးနှင့် ဦးသိန်းနိုင်၏ ဂုဏ်ထူး ကို ဖတ်ပါသည်။ မနက်ကျောင်းရောက်တော့ စာစီစာကုံး ဝင် ဖြေရသည်။ အယောက် (၃၀)ကျော်လောက် ရှိမည်ထင်ပါ သည်။ ခေါင်းစဉ်က "တောင်ကြီးမြို့တွင် အစိုးရအထက်တန်း ကျောင်း နှစ်ကျောင်း ထားရှိသင့်ကြောင်း" ခေါင်းစဉ် တစ်ခု တည်းကို ပေး၍ ယှဉ်ပြိုင်ခဲ့ရပါသည်။

ဘာရမလဲ။ လေ့လာထားသော စာအုပ်နှင့် ပေးသည့် ခေါင်းစဉ်က တစ်လွဲစီ။ သို့သော် စာအုပ်နှစ်အုပ်စလုံးက ရေး သားသည့်အကြောင်းအရာများ အလွန်ကောင်းသောကြောင့် ထပ်ခါထပ်ခါ ဖတ်ဖြစ်ခဲ့ပါသည်။

တနင်္လာနေ့ကျောင်းဖွင့်၍ မုန့်စားကျောင်းဆင်းလွှတ် သဖြင့် မုန့်စားပြီး သွားရောက်ကစားနေကြပါသည်။ ကျောင်း ဝင်းအတွင်း ဖြစ်သော်လည်း ကျောင်းနှင့် အနည်းငယ်လှမ်း ပါသည်။ ကျောင်းတက်ခေါင်းလောင်းထိုးသံကြားမှ အသား



www.burmeseclassic.com

www.burmeseclassic.com


ကုန် ပြေးလွှားလာခဲ့ကြပါသည်။ ပေါဟဲ လိုက်နေပါသည်။ တော်ပါသေးသည်။ ဆရာ မရောက်သေး၍ပင်။ သို့မဟုတ်က အဆူခံရဦးမည်။

အတန်းထဲ ကိုယ့်ခုံအရောက် ပေါဟဲလိုက်နေတုန်း ကျောင်းမော်နီတာက ဆရာမကြီးက ရုံးခန်းသို့လာခဲ့ရန် ခေါ်ကြောင်း ပြောသည်။

"ဟုတ်ရဲ့လားကွာ... မင်းတို့ မနောက်ကြနဲ့"

"ဟုတ်တယ်ပေါ့... ဆရာမ လာပြောသွားတယ်"ဟု ကျောင်းသူများက လှမ်းပြောကြသည်။

"ဟိုက် - ဒုက္ခပါပဲ။ အတန်းထဲ အဝင်နောက်ကျလို့ တစ်ယောက်ယောက်က တိုင်လိုက်ပြီထင်တယ်" ကိုယ့်ကိုယ်ကိုယ် ညည်းမိသည်၊ "ဖြစ်ချင်ရာဖြစ် သွားတွေ့လိုက်မယ်"။ စိတ်ထဲမှရေရွတ်ရင်း ဆရာမကြီးရုံးခန်းသို့ ရောက်သွားသည်။ ဆရာမကြီးကို မတွေ့ရ၊ ကျောင်းသူကျောင်းသားလေးယောက် ရပ်နေကြသည်။

"သူတို့လည်း ငါ့လိုပဲ အဆူခံရမယ်နဲ့ တူတယ်။ တော်သေးတာပေါ့။ ငါတစ်ယောက်ထဲ မဟုတ်လို့"

ထိုသူထဲမှ အတန်းသူတစ်ဦးဖြစ်သူ မညိုညိုဝင်းတစ်ယောက်လည်း ပါသည်။

"ဘာဖြစ်လို့ ခေါ်တာလဲ" တိုးတိုးမေးကြည့်သည်။

"ဘာဖြစ်လို့လဲ မသိဘူး"

မသိကြောင်းကို ပြောသည်။

မကြာပါ။ ဆရာမ ဝင်လာသည်။ ဆရာမ ကိုင်ထားသောလက်ထဲမှ စာရွက်များကို ကျွန်ုပ်တို့ ငါးဦးကို ပေးသည်။ ဘာများပါလိမ့်။

"အဲဒါတွေ ဖတ်ထား" ပြောပြီး ပေးသွားသည်။

ကြည့်လိုက်တော့ ကျွန်တော် ဖြေထားသော စာစီစာကုံး (၆)မျက်နှာ။ ထို့ကြောင့် အကြမ်းဖျင်းကြည့်လိုက်တော့ (၆) မျက်နှာလုံး မင်နီအဝိုင်းများ ရဲဗလောင်းခတ်နေသည်။ "ပြီး" ဆိုသော စကားလုံးများအားလုံးကို ဝိုင်းထားသည်။

အတန်ကြာသောအခါ ဆရာမ ပြန်ဝင်လာသည်။

"ဟိုလေးယောက်ကိုတော့ ဘာမှ ပြောစရာမလိုဘူး။ မင်းကိုတော့ ပြောရလိမ့်မယ်။ မင်းစာမှာ ဘာတွေ တွေ့သလဲ"

"ဘဲဥအနီလုံးတွေ တွေ့ပါတယ် ဆရာမ"

"အေး... အဲဒီ "ပြီး" ဆိုတဲ့ စာလုံး မင်းကို ဒုက္ခပေးတာပဲ။ ဘဲဥပေးရတာ လက်တောင် ညောင်းတယ်။ တခြားလူ ရွေးစရာမရှိလို့ မင်းကို ရွေးလိုက်တယ်မှတ်။ နို့မဟုတ်ရင် ဝေးပါသေးရဲ့"

အဲဒီ "ပြီး" ဆိုတဲ့ စာလုံးကိုပြင်၊ ဝါကျတိုတိုရေး မဖွဲ့နွဲ့တတ်ရင် မဖွဲ့နွဲ့နဲ့။ မင်းတို့ငါးယောက် မနက်ဖြန် အထက်တန်းကျောင်းမှာ သွားပြိုင်ရမယ်။ ဆရာမ မအားလို့ လိုက်နိုင်မှာ မဟုတ်ဘူး။ စည်းကမ်းရှိရှိ သွားပြိုင်ကြ။

ကျွန်တော်တို့ကို လွှတ်လိုက်သည်။ ဆရာမကို မကျေလည်ပါ။ ပြိုင်သူများကြား အရှက်ကွဲခဲ့ရသည်။ အတန်းထဲ ပြန်ရောက်လာတော့လည်း မပြော၍မဖြစ်။ အဖော်များက မေးကြသည်၊ မနေ့က ရေးကြသည့် စာစီစာကုံးတွင် "ပြီး" စာလုံးများကြောင့် ခေါ်၍ဆူကြောင်း ရက်ရက်နှင့် အဖြေလွှာကို ပြလိုက်သည်။ အချို့က ဖတ်ပြီးရယ်ကြသည်၊ "ကြည့်ဦးပေါ့ ဆရာမရယ်" စိတ်ထဲက ကြိတ်၍ ပြောလိုက်သည်။

✦

"ရှမ်းပြည်နယ်နေ့"သို့ပင် ရောက်တော့မည်။ မနက်ဖြန်ဆိုလျှင် အကြိုနေ့။ ကျောင်း (၃) ရက်ပိတ်မည်။ လွတ်လပ်ရေးကွင်းတွင် ရှမ်းပြည်နယ်မှ ဌာနအလိုက် လုပ်ဆောင်ထားရှိမှု မှတ်တမ်းများကို ပြခန်းအဖြစ် ပြသရန် ကွင်းထဲတွင် ပြင်ဆင်နေကြသည့်အချိန် ရှမ်းပြည်နယ်နေ့ကို ဖေဖော်ဝါရီ (၇) ရက်နေ့တွင် ပြုလုပ်ကျင်းပသဖြင့် အကြိုနေ့မှစ၍ ကျောင်းပိတ်ကြသည်။

ပင်လုံစာချုပ်ကို စတင်လက်မှတ်ရေးထိုးသည့်နေ့ကို အမှတ်တရဖြစ်စိမ့်သောငှာ ရှမ်းပြည်နယ်နေ့ သတ်မှတ်ခဲ့သည်။

ကျောင်းဆင်းခါနီး နောက်ဆုံးအချိန် ကျွန်တော်တို့ အတန်းမှ စာသင်ပြနေသော ဆရာကြီးအား ဆရာမကြီး ခေါ်၍ ထသွားပါသည်။ ကျွန်တော်တို့လည်း တစ်ယောက်တစ်ပေါက် စကားများ ပြောဆိုနေကြသည်။ ထို့ကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



အသံက ကျယ်လောင်နေသည်။ သိပ်မကြာပါ၊ ဆရာကြီး ဝင်လာသည်။

"ကဲ . . . အားလုံးတိတ်ကြစမ်း၊ ရှမ်းပြည်နယ်နေ့ စာစီစာကုံးပြိုင်ပွဲမှာ ဆရာတို့ကျောင်းက ဒုတိယဆုကို"

အားလုံးငြိမ်ပြီး နားထောင်နေကြပါသည်။ ကျွန်တော်လည်း ရင်တထိတ်ထိတ်ပင်။

"ဒီအတန်းက မောင် . . . ရရှိပါတယ်"

လက်ခုပ်သံ တဖျောင်းဖျောင်းကြားရသည်။ ကျွန်တော် ဝမ်းသာဝမ်းနည်းလာသည်။ မျက်ရည်များလည်း ကျနေပြီ။ ကျွန်တော် မခံစားနိုင်တော့။ ငိုချလိုက်မိသည်။

✦

တစ်ဖက်တစ်လမ်းမှနေ၍ ကျောင်း၏ဂုဏ်ကို ဆောင်နိုင်ခဲ့ပြီ။ ကျွန်တော်နေခဲ့သော ကျောင်းတော်ကြီးအား တစ်နည်းတစ်လမ်းနှင့် ကျေးဇူးဆပ်ခွင့် ရခဲ့သည်။ ကျွန်တော့်ဘဝတွင် မမေ့နိုင်တော့။

ရှမ်းပြည်နယ်နေ့က ကျောင်းအုပ်ဆရာမကြီးနှင့် မြန်မာစာ သင်ပြသော ဆရာမ ဒေါ်တင်အေးတို့နှင့်အတူ ဆုတက်ယူခဲ့ရသည်။ Crest ဖောင်တိန်တစ်ချောင်း၊ အယ်လ်ဘန် (Album) စာအုပ်တစ်အုပ်၊ ရွှေဥဒေါင်း၏ ဘဝတစ်သက်တာ မှတ်တမ်း၊ ချယ်ရီပွင့်လွှာကဗျာများ စသည်တို့ကို ဆုရရှိခဲ့ပါသည်။

ထိုရရှိသော ဆုများဖြစ်သည့် ချယ်ရီပွင့်လွှာ ကဗျာမှစ၍ ကဗျာဖွဲ့နည်းများ လေ့လာရင်း ကဗျာကိုလည်း သိတတ်ပြီ။ ရွှေဥဒေါင်း၏ ဘဝတစ်သက်တာမှတ်တမ်းကို ဖတ်ရှုရခြင်းဖြင့်လည်း ရှောင်တတ်၊ ဆောင်တတ် မှတ်တမ်းတင်တတ်ရန် Crest ဖောင်တိန်ကလည်း အရေးပါသည်။ နှစ်စဉ် ရှမ်းပြည်နယ်နေ့ ပြိုင်ပွဲဖြစ်မြောက်အောင် ပြုလုပ်ပြုလုပ်ပေးသော ပုဂ္ဂိုလ်များအားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ပါသည်။ နှစ်စဉ် ကျင်းပသွားနိုင်ကြပါစေ။

ပထမဦးစွာ မိဘများ ဆုံးပါးသွားပြီးနောက် နေရေး ထိုင်ရေး အခက်အခဲများကို ဖြေရှင်းပေးခဲ့သော အစ်မနှင့် ယောက်ဖဖြစ်သူအားလည်း ယနေ့တိုင် ဘုရားဝတ်ပြုတိုင်း အမျှဝေခဲ့ပါသည်။ အလုပ်အကိုင် လုပ်တတ်ရန် သင်ပြပေးခဲ့သူများ၊ အလုပ်ပေးခဲ့သောသူများကိုလည်း ကျေးဇူးတင်ခဲ့ပါသည်။ ရေထမ်းရောင်းစဉ်က လုပ်အားခပေးခဲ့သူများကိုလည်း ကျေးဇူးမမေ့တော့ပါ။

စာသင်ပြပေးခဲ့ကြသော ဆရာ ဆရာမများကိုလည်း ကျေးဇူးဥပကာရ တင်ရှိပါသည်။ အထူးသဖြင့် ဆရာမ ဒေါ်ခင်သန်းမြင့်နှင့် "ပြီး" ဆိုသော စကားတစ်လုံးဖြင့် မခံချင်စိတ်ဖြစ်လာအောင်ပြုပြီး သွယ်ဝိုက်၍ကြိုးစားစေလိုသော ဆန္ဒကြောင့် ကြိုးစားခဲ့သဖြင့် ဆုများ ဆွတ်ခူးနိုင်သကဲ့သို့ စာများကိုလည်း ရေးသားနိုင်သည်အထိ ဖြစ်လာသဖြင့် ဖော်မပြနိုင်လောက်အောင် ဝမ်းမြောက်သော ကျေးဇူးသည်လည်း ကျွန်တော့်ရင်ကို စူးနစ်ခဲ့ရပါပြီ။

တစ်ဖန်တုံလည်း ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာဆိုသည့်အတိုင်း ထိုအချိန်က ရေးသားခဲ့သည့် "စံပြစာစီစာကုံး" မှ ဆရာသုံးဦးကိုလည်းကောင်း၊ "ဂုဏ်ထူး" စာစီစာကုံးကို ရေးသားသည့် "ဆရာဂုဏ်ထူး ဦးသိန်းနိုင်" အားလည်းကောင်း ထိုဆရာများအားလုံးကို ဦးညွှတ်၍ ရှိခိုးဦးတင်ပြီး "ဤစာစု" ဖြင့် ကန်တော့ပန်းဆင်လိုက်ပါသည်။ ဤစာစုကို ဖတ်ရှုသူအပေါင်းကိုလည်း ကျေးဇူးတင်အပ်ပါသည်၊ ကျန်းမာရွှင်လန်းကြပါစေ။

နောက်ဆုံးတစ်ဦး ကျန်ရှိနေပါသေးသည်။ ထိုသူမှာ "စံပြ" စာစီစာကုံး စာအုပ်ကို ငှားရမ်းပေးခဲ့သော တိုးနီ (ခေါ်) သန်းအောင်ကိုလည်း အထူးကျေးဇူးတင်ပါသည်။

**ကံညွန့်လှိုင် (တောင်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com



# မိမိ၏ကျေးဇူးရှင်

## ခင်(တိုင်းရင်းမေ)

ရေချိုးပြီး သနပ်ခါးအဖွေးသားနဲ့ အေးအေးချမ်းချမ်း နံနက်စာ ထိုင်စားနေသော မမကြီးကိုကြည့်ကာ ကျွန်မ ကြည်နူးပီတိ ဖြစ်နေမိပါသည်။ သြော်...အနားမှာလည်း သားသမီးမြေးတွေ ဝိုင်းလို့ပါလား။ အားလုံးလည်း ပြုံးလို့ ပျော်လို့လေ။ ဒါကြောင့်လည်း အသက် (၉၅) နှစ်ရှိနေတဲ့ မမကြီးကို တွေ့မြင်သူတိုင်းက ရှေးကုသိုလ် ကောင်းလိုက်တာလို့ ဆိုကြတယ်။ ကျွန်မကတော့ အဲဒီထက် ပိုပြီးပြောလိုက်ချင်ပါတယ်။ မမကြီးက ရှေးကုသိုလ်လည်း ကောင်းတယ်၊ အခုကုသိုလ်လည်း ကောင်းတယ်၊ နောင်ဘဝကုသိုလ်လည်း ကောင်းမှာ အမှန်ပါပဲလို့။

အဖေကြီး ဦးအေးဖေ၊ အစ်မကြီး ဒေါ်ညွန့်ညွန့် (တိုင်းရင်းမေ) မိသားစုနဲ့ စတွေ့ချိန်က ကျွန်မ အသက် (၂၂) နှစ်ပါ။ အလုပ်သင် အယ်ဒီတာ၊ လက်ထောက်အယ်ဒီတာမှ အဆင့်ဆင့် အယ်ဒီတာဘဝရောက်ခဲ့ရသလို အခု အသက် (၇၅) နှစ်သား၊ သမီး မြေးရလာသည်အထိ ကျွန်မတို့မှာ အလုပ်သမား အလုပ်ရှင်လိုမဟုတ်ဘဲ မိသားစုပမာ ရင်းနှီးချစ်ခင် သံယောဇဉ်တွေ ရှိလာခဲ့ကြတယ်။

မြင်းမိုရ်တောင်ဦးမကကျူးသည့် ကျေးဇူးအရှင် မိခင် ဖခင်တို့ကဲ့သို့ ကျွန်မဘဝမှာလည်း ကျေးဇူးကြီးလှသည့် ရှိသေလေးစားရသည့် ကျွေးမိခင် ဖခင်တို့မှာ ဦးအေးဖေ၊ ဒေါ်ညွန့်ညွန့်တို့ပင် ဖြစ်သည်။ ခင်ပွန်းကလည်း စာရေးဝန်ထမ်း၊ ဆွေနည်းမျိုးနည်း ကျွန်မတို့နှစ်ယောက်၊ သားသမီးငါးယောက်ရဲ့ကျောင်းစရိတ်၊ မုန့်ဖိုး၊ အဝတ်အစားတို့ကို မမကြီးနဲ့ အဖေကြီးက သားသမီးတစ်ဦးပမာ ပံ့ပိုးခဲ့ပါ တယ်။



အမည်ရင်းမှာ ဒေါ်ခင်သန်းငွေး ဖြစ်ပြီး ခင်သစ်မြိုင်၊ ပါရမီရှင် စသော ကလောင်ခွဲများဖြင့် စာပေရေးသားလျက် ရှိသည်။ ယခုအခါ ခင်ပွန်းဖြစ်သူ ကဗျာဆရာ သူရဇော်၊ သားသမီးများနှင့် အမှတ် ၂၆၊ ရဲသီဟာလမ်း၊ ၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် နေထိုင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဒေါ်ညွန့်ညွန့်နဲ့ ကျွန်မက အသက် (၂၂) နှစ် ကွာပေမဲ့ ကျွန်မက သူ့ကို "မမကြီး" လို့ ခေါ်ပါတယ်)

အိမ်ထောင်စုတိုင်း ဒုက္ခရောက်ခဲ့ရတဲ့ ၁၉၈၈ အရေးအခင်းကာလမှာလည်း တက္ကသိုလ်ကျောင်းသူနှစ်ယောက်၊ အထက်တန်းကျောင်းသားနှစ်ယောက်၊ (၄) နှစ်အရွယ် သမီးငယ်လေးနဲ့ ကျွန်မတို့မှာ အလွန်ဒုက္ခ၊ သောကများခဲ့ရပါတယ်။ လူကြီးသုံးယောက်မှာရှိတဲ့ ပိုက်ဆံပေါင်းလိုက်လို့ (၁၀) မပြည့်တဲ့အချိန်မှာ အဖေကြီးနဲ့ မမကြီးတို့က ကျွန်မတို့အတွက် အားအင်ပြည့်စေပါတယ်။ စားသောက်ဖွယ် ဆန်၊ ဆီ၊ ငွေကြေးပြည့်စုံစေတဲ့အတွက် ဘဝတူ စာပေသမားမိသားစုတွေကိုတောင် ဝေငှနိုင်ပါသေးတယ်။

၁၉၈၈ ခုနှစ်၊ တိုင်းရင်းမေဂျာနယ် ရပ်နားသွားပေမဲ့ ကျွန်မကတော့ အလုပ်ရပ်နားမသွားဘဲ "ရှမ်း" ဘာသာရေးစာအုပ်များ ပုံနှိပ်ထုတ်ဝေခြင်းအလုပ်ကို ဆက်လုပ်ရပါတယ်။ နေ့စဉ်သွားရတဲ့ အလုပ်မဟုတ်တဲ့အတွက် ကျွန်မ မမကြီးနဲ့အတူ ခရီးတွေအများကြီးသွားဖြစ်ခဲ့ပါတယ်။ မြန်မာပြည်အနှံ့ ဘုရားဖူးခရီး၊ မန္တလေး၊ မုံရွာ၊ စလင်း၊ မော်လမြိုင်၊ ဘားအံ၊ ဧရာဝတီမြစ်ကမ်း စစ်ကိုင်းတောင်ရိုး တခွင်တပြင် နွေရာသီ (သင်္ကြန်)ရက်တိုင်း ခိုဝင်နားခွင့် ကုသိုလ်ပြုခွင့်များ ရခဲ့ပါတယ်။ ဒါဟာလည်း ကျွန်မအတွက် အလွန်တန်ဖိုးရှိလှတဲ့ အခွင့်အရေးတွေပါ။

စာပေလောကမှာ မှတ်တိုင်တစ်ခုဖြစ်ခဲ့တဲ့ တိုင်းရင်းမေဂျာနယ်ဟာ တစ်လနှစ်ကြိမ်ထုတ် စောင်ရေနှစ်သောင်းငါးထောင် ရှိပါတယ်။ အဲဒီအချိန်တုန်းက ဘယ်စာအုပ်တိုက်မှ မရှိတဲ့ စာအုပ်တိုက်မှာ လာယူရတဲ့ လက်ငင်းငွေချေစနစ်နဲ့ ရောင်းရပါတယ်။ နယ်ကို တစ်ရက်ကြိုပို့ပြီး နောက်နေ့ ရန်ကုန်မှာ ရောင်းပါတယ်။ ရန်ကုန်နဲ့ နယ် တစ်ပြိုင်တည်းရောင်းရပါတယ်။ ကျောက်မြောင်း တိုင်းရင်းမေတိုက်မှာ နံနက် (၁၀) နာရီဆိုရင် အုပ်ချုပ်ရေးမှူး ဒေါ်ညွန့်ညွန့်နဲ့ ကျွန်မ ရောင်းပါတယ်။ (၃) နာရီရောင်းရင် ကိုယ်စားလှယ်တွေ လာဝယ်ကြပြီး တိုင်းရင်းမေဂျာနယ် ကုန်သွားပါပြီ။ အဲဒီ ကိုယ်စားလှယ်တွေကလည်း သူတို့ ဆိုင်ရောက်ရင် စာဖတ်သူအသီးသီး လာဝယ်ကြလို့ ရောက်တာနဲ့ ကုန်တာပါပဲ။ ဆိုင်တင်ရောင်းရတဲ့ စာအုပ်မဟုတ်၊ ဆိုင်မှာကျန်နေတဲ့ စာအုပ်မဟုတ်၊ ဆိုင်တင်သလောက်ကုန်ပြီး လိုချင်သလောက် ဝယ်မရတဲ့၊ တစ်နေ့တွင်းရောင်းရတဲ့၊ တိုင်းရင်းမေ တစ်ခေတ်ပါပဲ။ အဲဒီလို အောင်မြင်ခဲ့ရတာလည်း အဖေကြီးနဲ့ မမကြီးတို့ရဲ့ အတုယူစရာ ထူးခြားတဲ့စွမ်းရည်ကြောင့်ပါပဲ။ ကျွန်မတို့ တိုင်းရင်းမေတိုက်မှာ အလုပ်သမား (၄၀) ယောက် ရှိပါတယ်။ အမျိုးသမီး (၁၂) ယောက်ရှိပြီး ကျန်တာ အမျိုးသားများ ဖြစ်ပါတယ်။ အယ်ဒီတာ၊ စာစီ၊ စာရိုက်၊ စာအုပ်ချုပ်၊ ခဲစာလုံးစက်၊ မျက်နှာဖုံးရိုက်စက် ပါရှိတဲ့ တစ်နေရာထဲမှာ စာအုပ်ဖြစ်တဲ့ တိုက်ကြီးတစ်တိုက် ဖြစ်ပါတယ်။

"ပြည်ထောင်စု သားကောင်းသမီးကောင်းများ ထွန်းကားလာစေရမည်" ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ပြုပြီး အမျိုးသမီး စာရေးဆရာမကောင်းတွေကိုလည်း မွေးထုတ်ခဲ့ပါတယ်။ ကျွန်မတို့အယ်ဒီတာတွေကိုလည်း ရှေ့ဆောင်လမ်းညွှန်ခဲ့ပါတယ်။ အဖေကြီးက စာပေပိုင်းမှာ လမ်းပြညွှန်ကြားသလို၊ အမကြီးက စာရင်းအင်းနဲ့ လူမှုဆက်ဆံရေးပိုင်းမှာ ညွှန်ကြားပါတယ်။

အဖေကြီးက တစ်လတစ်ကြိမ် အယ်ဒီတာအစည်းအဝေးလုပ်တယ်။ နိုင်ငံတကာနဲ့ပတ်သက်တဲ့ သတင်း၊ အတွေ့အကြုံ၊ စာပေ၊ နိုင်ငံရေးသတင်းများကို ပြောပြပါတယ်။ ကျွန်မတို့ တိုင်းရင်းမေဂျာနယ်ဟာ (၁၅) ရက်တစ်ကြိမ် (တစ်လနှစ်ကြိမ်) ထွက်ပါတယ်။ တစ်လ နှစ်ဖိုင် (၁၂) လ အတွက် ဖိုင် (၂၄) ခု ထားရပြီး တစ်နှစ်စာ ကျွန်မတို့ စာမူများ ရွေးထားရပါတယ်။ ခေါင်းကြီးစာမူနဲ့ အားကစားသတင်း၊ ရာသီပေါ် ပွဲတော်များသတင်းကလွဲပြီး အပြောင်းအလဲမရှိ။ ဝတ္ထုဆောင်းပါး၊ ကဗျာများ ရွေးထားရပါတယ်။ ဂျာနယ်တစ်ပတ်ထွက်ပြီးတာနဲ့ ဂျာနယ်ရဲ့လိုအပ်ချက်များ မှားယွင်းချက်များရှာပြီး နောက်အပတ်အတွက် ပြင်ဆင်ရပါတယ်။ မမကြီးကတော့ ဝင်ငွေထွက်ငွေ အုပ်ချုပ်ရေးပိုင်းကို တာဝန်ယူ ဖြေရှင်းပါတယ်။ အယ်ဒီတာတစ်ယောက် အလုပ်မလာလို့ အဆင်မပြေဘူးဆိုတဲ့ကိစ္စ၊ အထူးသဖြင့် စာမူရောက် မရောက်၊ ရွေး မရွေး မေးခြင်း၊ စာမူခထုတ်ခြင်း၊ စာမူပို့ခြင်း ကိစ္စများ အဆင်မပြေမရှိရအောင် ဂျာနယ်နဲ့ပတ်သက်တဲ့ ကိစ္စများကို



www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာအားလုံး သိထားရပါတယ်။ ဆောင်ရွက်ပေးရပါတယ်။

အဲဒီခေတ်က ခဲစာလုံးသုံးတဲ့အခါဆိုတော့ ကျွန်မတို့တိုက်မှာ စာစီအမျိုးသမီး၊ ဖိုမင်က အမျိုးသမီး၊ စာရွက်ခေါက်အမျိုးသမီးတွေ ဖြစ်ပါတယ်။ တစ်ခါတစ်ရံ ကျွန်မတို့ အယ်ဒီတာ အမျိုးသမီးတွေက စာရွက်ခေါက်တာတို့၊ စာအုပ်ချုပ်တာတို့မှာ ကူရပါတယ်။ စာအုပ်အချိန်မီထွက်ရေးအတွက် တပျော်တပါး ဝိုင်းလုပ်ကြရတယ်။ တစ်ခါတစ်ရံ မိုးလင်းပါတယ်။ မနက် (၁၀) နာရီ ရောင်းရနိုင်ဖို့အတွက်ပေါ့။ အဲဒီလိုအခါမှာလည်း အလုပ်သမားများကို အချိန်ပိုခပေးခြင်း၊ မုန့်ကျွေးခြင်း၊ ထမင်းကျွေးခြင်းများကို စီစဉ်ပေးပါတယ်။ အလုပ်သမားတွေအပေါ်လည်း အလွန်တာဝန်ကျေပါတယ်။ ဘယ်လိုအကူအညီမျိုးမဆို တတ်နိုင်သလောက် ကူညီခဲ့ပါတယ်။ ဒါကြောင့် အလုပ်သမားအားလုံးက မမကြီးကို တကယ့်အစ်မတစ်ယောက်လို အားကိုးချစ်ခင်ပြီး "မမကြီး" လို့ ခေါ်ကြတယ်။ အလှူအတန်း အပေးအကမ်းလည်း ရက်ရောတယ်။ ကျွန်မတို့ အမျိုးသမီးတွေဆို မမကြီးရဲ့လက်ဆောင်တွေ မကြာခဏရတတ်ကြတယ်။

ခေါင်းညှပ်တဲ့ ကလစ်ကလေးကအစ လက်ကိုင်ပဝါ၊ အင်္ကျီ၊ လုံချည်တွေအဆုံး ပေးတတ်ပါတယ်။ အဲဒီခေတ်အချိန်က အလုပ်သမားနေ့၊ တောင်သူလယ်သမားနေ့ ချီတက်ပွဲတွေ ရှိတယ်။ အဲဒီချီတက်ပွဲတွေဆို ကျွန်မတို့ အမျိုးသမီးတွေအတွက် အင်္ကျီလုံချည် ဆင်တူချုပ်ပေးတယ်။ သူကိုယ်တိုင် ဝတ်ဆင်တယ်လေ။ သူက ခရမ်းရောင်ကြိုက်တော့ ကျွန်မတို့အားလုံး ခရမ်းရောင်ပဲပေါ့။ စာအုပ်တစ်အုပ်ထွက်ပြီးတိုင်း စာရင်းကိုင်က ကျွန်မတို့ အယ်ဒီတာအစည်းအဝေးမှာ ဒီအပတ် ဂျာနယ်ရဲ့ ကုန်ကျစရိတ်တွေကို တင်ပြရပါတယ်။

စာမူခ၊ စက္ကူဖိုး၊ ရိုက်ခ၊ ရုံးစရိတ်၊ ဘလောက်ဖိုး၊ အလုပ်သမားခ စသဖြင့်ပေါ့။ ကျွန်မတို့ ဂျာနယ်တစ်စောင်ရဲ့ကုန်ကျစရိတ်ကို သိရပါတယ်။ အဲဒီတုန်းက တစ်စောင်မှ ငါးပြား၊ ဆယ်ပြားပဲ အမြတ်ထွက်တာပါ။ စောင်ရေများတော့ အများကြီး ဖြစ်သွားတာပေါ့။ ကျွန်မတို့တစ်တွေ တစ်နေ့ စာရေးဆရာကြီးတွေ၊ ထုတ်ဝေသူတွေ၊ ပုံနှိပ်တိုက်ပိုင်ရှင်ကြီးတွေ ဖြစ်ခဲ့ရင် အားလုံးသိထားဖို့ ပုံစံပေးထားတာပေါ့လေ။

အဲဒီတုန်းကတော့ အဖေကြီးရဲ့အစည်းအဝေးကို ဘဝင်မကျပေမဲ့ နောက်တဖြည်းဖြည်းမှ အဖိုးတန်မှန်း သိလာခဲ့ပါတယ်။

အဲဒီအချိန်က ကျွန်မတို့ စာပေလောကမှာ ဆရာမကြီး ခင်နှင်းယုတို့၊ ခင်ဆွေဦးတို့ နာမည်ကြီးချိန်ပေါ့။ သူတို့ ဝတ္ထုတွေ ဖတ်၊ ကြိုက်တဲ့နေရာ လိုင်းတွေတား၊ စာတွေ အလွတ်ကျက်တဲ့အခါဆိုတော့ ကျွန်မတို့ အယ်ဒီတာအချင်းချင်း အဖေကြီးနဲ့ အမကြီးကို ခင်နှင်းယုစာလုံးနဲ့ "ဦးပုံစံနဲ့ ဒေါ်တိကျ" လို့ သူတို့ နောက်ကွယ်မှာ ခေါ်ကြတယ်။

ဒေါ်ညွန့်ညွန့် တိကျပုံကတော့ ကျွန်မလို ပြီးစလွယ်လုပ်တတ်သူတဲ့၊ ကျွန်မမှာ မကြာခဏ အမှားအယွင်းဖြစ်တတ်ပါတယ်။ သူမလာတဲ့ ရက်တွေမှာ ကျွန်မက ငွေဝင်အထွက် စာရင်းကိုင်ပေးရပါတယ်။ ကြော်ငြာခတွေ လက်ခံပေးရတယ်။ တစ်ခါက အဝင်အထွက်စာရင်းမှာ စာအုပ်ဟိုဘက်မျက်နှာကို ကူးလိုက်တာ အစွန်းထွက် ပိုက်ဆံ (၁၀) ပြား မရေးမိလိုက်ဘူး။ ပြန်စစ်တော့ အဲဒီဆယ်ပြားပြဿနာ ဖြစ်တာပေါ့။ ကျွန်မ တစ်လလုံး ပြန်ရေးရမှာဆိုတော့ "မရေးချင်ဘူး . . . အစ်မရယ်၊ တစ်ခုခု အသုံးပြုလိုက်ပါလို့" ဆိုတော့ စာရင်းကို ဒီလိုလုပ်လို့ ဘယ်ရမလဲ။ တစ်ရက်နဲ့မပြီးရင် နှစ်ရက်၊ သုံးရက် အချိန်ရတာပဲ။ ပြန်ရေးပါတဲ့။ ကျွန်မမှာ မကျေမနပ်နဲ့ ပြန်ရေးရပါတယ်။ တစ်ခါမကပါဘူး၊ နောက်တော့ သတိထားရေးရင်း အမှားအယွင်းမရှိတဲ့ စနစ်ကောင်းတစ်ခု ရလိုက်တော့ပါတယ်။

နောက်တစ်ခုက အချုပ်ပညာပေါ့။ ကျွန်မက အင်္ကျီချုပ်ဝါသနာပါတော့ သူက အားရက်တွေမှာ လာပါဆိုပြီး အင်္ကျီညှပ်၊ လက်ချုပ်၊ စက်ချုပ်၊ ကြယ်သီးတပ် သင်ပေးပါတယ်။ မမကြီး စက်ချုပ်အလွန်ကျွမ်းကျင်ပါတယ်။ သူ့အင်္ကျီနဲ့ သမီးတွေ၊ သားတွေအင်္ကျီတွေကို သူကိုယ်တိုင် ချုပ်ပေးတယ်။ သားရှင်ပြု၊ သမီးတွေ နားထွင်းတုန်းကဆိုရင် သမီးတွေအတွက် ထိုင်မသိမ်းအင်္ကျီကို ကိုယ်တိုင်ချုပ်တာ။ သူ့ကျေးဇူးကြောင့်ပဲ ကျွန်မကလေးတွေကို ကျွန်မကိုယ်တိုင် အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီချုပ် ဝတ်ဆင်ပေးခဲ့ရပါတယ်။ မိန်းကလေးတွေ မွေးထားပြီး တစ်ယောက်လောက်တော့ စက်ချုပ်သင်ပေးသင့်တာပေါ့လို့ အကြံပေးတိုက်တွန်းတာကြောင့် ကျွန်မသမီးအကြီးဆုံးကို (၁၀)တန်းဖြေပြီး ကျောင်းပိတ်ရက်မှာ အချုပ်သင်ပေးခဲ့ပါတယ်။ အခုတော့ သူတို့ညီမတစ်တွေ သွားစရာရှိရင် စက်ဆိုင်မပြေးရဘဲ ချက်ချင်း ချုပ်ဝတ်သွားနိုင်ကြတယ်လေ။

ကျွန်မဘဝမှာ အဖေကြီးနဲ့ မမကြီးက အသီးအပွင့်လည်း စားရ၊ အရိပ်လည်းခိုရတဲ့ အရိပ်အခက်နဲ့ ပြည့်စုံတဲ့ သစ်ပင်ကြီးတစ်ပင်ပမာ ကျေးဇူးကြီးလှပါတယ်။ အဖေ၊ အမေက မေတ္တာထားတယ်ဆိုတော့ ဒီအဖေ၊ အမေ့ သားသမီးတွေကလည်း ကျွန်မတို့ မိသားစုအပေါ် တကယ့်အစ်မတစ်ယောက် ပမာ လေးစားချစ်ခင်ကြပါတယ်။ ကျွန်မသမီးတွေကျောင်းပြီးလို့ အလုပ်မရခင်မှာလည်း အစ်မသမီး ဆွေဆွေအေးရဲ့ကုမ္ပဏီမှာ အတွေ့အကြုံရအောင်ဆိုပြီး ထမင်းကျွေး၊ မုန့်ဖိုးပေး၊ အသုံးစရိတ်ပေးပြီး ပညာသင်ယူစေခဲ့ပါတယ်။

၁၉၉၃-၉၄ ခုနှစ် အဲဒီအချိန်ဟာ မြန်မာနိုင်ငံမှာ အာဟာရပြည့်စုံစွာ စားသောက်ရေး၊ ကျန်းမာရေးဆိုင်ရာ အသိပညာလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက ဟောပြောပွဲများလုပ်ခြင်း၊ သင်တန်းများပို့ချခြင်း၊ ပြုလုပ်တဲ့အချိန်ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်မကို အဖေကြီးနဲ့ မမကြီးက သင်တန်းတက်ဖို့၊ ဟောပြောပွဲကို လိုက်နားထောင်ဖို့ ခွင့်ပြုစေပါတယ်။ ဒါကြောင့်လည်း ကျွန်မ တိုင်းရင်းမေဂျာနယ်မှာ အာဟာရအကြောင်း သိကောင်းဖွယ်ကဏ္ဍကို အပတ်စဉ် ရေးခွင့်ရပြီးခင်(တိုင်းရင်းမေ) ဖြစ်ခဲ့ရပါတယ်။

သက်ရှိထင်ရှား အဖေ၊ အမေကို တွေ့မြင်နေရတာကို အလွန်တန်ဖိုးထား၊ လိုလားကြတဲ့ အဖေကြီးနဲ့ မမကြီးရဲ့သားသမီးတွေက အဖေ၊ အမေ အသက်ရှည်နိုင်သမျှရှည်အောင် လိုလေသေးမရှိ ကြိုးစားပြုစု ဆေးကု၊ ကျွေးမွေး ကျေးဇူးဆပ်ကြပါတယ်။ ကျေးဇူးသိတတ်သူများလည်း ဖြစ်ကြပါတယ်။ ဒီလို သား၊ သမီး လိမ္မာများ ရှိတာဟာလည်း ရှေးဘဝက ကောင်းခဲ့လို့ ယခုဘဝ ကောင်းကြတာလို့ ဆိုရမှာပါ။

အဖေကြီးက ၅-၄-၂၀၁၂ နေ့က လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာ အသက် (၉၉) နှစ်ရှိခဲ့ပါပြီ။ ယခု မမကြီးက (၉၅) နှစ်ပါ။ ကိုယ်ခန္ဓာ တင်းမာကြံ့ခိုင်ဆဲ၊ အသားအရေ ဖြူဝင်းစိုပြေဆဲ၊ အချိန်မှန် အိပ်ရာထ၊ အချိန်မှန် ရေချိုး၊ အချိန်မှန်စားသောက်ပြီး အသိမလွတ်၊ သတိမလွတ်၊ တရားထိုင်၊ တရားနာပြီး ကုသိုလ်စိတ်သာ ဖြစ်တည်နေပြီး သူ့ကို လာတွေ့သူများ ဘာစားပြီးပလဲ၊ ဘာကျွေးကြလဲ၊ ကော်ဖီရော သောက်ပြီးပလားဆိုတာကိုသာ တွင်တွင် မေးတတ်သူပါ။ ဒီလို စေတနာ မေတ္တာတွေကြောင့်လည်း ဒီနေ့ထိ အရွယ်မအိုဘဲ နုပျိုလန်းဆန်းစေတာလား။

သားသမီးမြေးတွေနဲ့ အတူ ဆွေမျိုးမိတ်ဆွေများရဲ့လိုအပ်ချက်ကို ဖြည့်ပေးဖို့ အမြဲအဆင်သင့် ဖြစ်နေတဲ့ . . .

မိဘဝတ္တရားကျေခြင်း၊

ဆွေမျိုးသားချင်းများရဲ့ အားထားရခြင်း၊

အလှူရေစက် လက်နဲ့မကွာခြင်း၊

မိတ်ဆွေအပေါင်းအသင်းများအပေါ် တာဝန်ကျေခြင်းတို့ကြောင့် လိမ္မာသူ သားသမီးမြေးတွေနဲ့ မိတ်ဆွေများကသူ့ဘေးမှာ အမြဲ အစာအာဟာရကျွေးသူ၊ ဆေးတိုက်သူ၊ စားကောင်းသောက်ဖွယ်များ လာပို့သူများ ဝိုင်းဝိုင်းလည်ပေါ့။

သားသမီးတွေက သူတို့အဖေ အသက်တစ်ရာမွေးနေ့ မလှူလိုက်ရလို့ မမကြီးကို အသက်တစ်ရာမွေးနေ့ အလှူအတန်းလုပ်ဖို့ ကြိုးစားနေကြတယ်။ ကျွန်မကတော့ နှစ်ပတ်တစ်ခေါက်လောက် အနိုင်နိုင်သွားနိုင်ပြီး မမကြီးရဲ့သောက်နေကြ၊ အင်ရှုံးယားခွက်လေးကို ယူပေးရုံ၊ နို့ခေါက်ဆွဲတစ်ဇွန်း နှစ်ဇွန်း ဝင်ကျွေးရုံ၊ ဆေးလေးတွေ ယူပေးရုံ၊ လက်သုတ်ပဝါလေး ယူပေးရုံလောက်သာ ပြုစုခွင့် ရခဲ့ပါတယ်။

အသားအရေ ဖြူဝင်းလျော့ရဲခြင်းမရှိ စိုပြေတောင့်တင်းနေတဲ့ ကိုယ်ခန္ဓာကို မတ်မတ်ထိုင်ပြီး အေးချမ်းကြည်လင်စွာသူ့သစ်ခွပန်းလေးများကို ကြည်နူးစွာကြည့်နေတဲ့ မမကြီးရဲ့လက်ကလေးကို ကျွန်မ ကိုင်လိုက်မိပါတယ်။ လက်ကလေးက ဖြူဝင်းပျော့ပျောင်းပြီး အကြောလေးတွေက စိမ်းလို့။ မွဲခြောက်နေတဲ့ အသားအရေနဲ့ တီကောင်ကြီးတွေလို ညိုမည်းမည်း ဖြစ်နေတဲ့အကြောတွေ ပြိုင်းပြိုင်းထနေတဲ့ ကျွန်မ လက်နဲ့ ကိုင်လိုက်ရတာ မမကြီးကို အားနာလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com





အမျိုးသားစာပေဆု၊ တစ်သက်တာ အမျိုးသား စာပေဆုရှင် (ပခုက္ကူ ဦးအုံးဖေ တစ်သက်တာ စာပေဆုရှင်) အပူဇော်ခံ သက်ကြီးစာပေ ပညာရှင် ဖြစ်သည်။ စာရေးဆရာကြီး မဟာဆွေ၏ သမီးဖြစ်သည်။

# အမည်မသိ ပညာရှင်တစ်ဦးပြောသည်

ကျွန်မတို့အိပ်မက်တွေ အကောင်အထည်ပေါ်စေလိုလျှင်...
ဦးဆုံးလုပ်ရမည်မှာ အိပ်ရာက နိုးထဖို့ဖြစ်သည်တဲ့...

If you want your dreams to come true . . .
the first thing you have to do is wake up!

သည်စာကို ဖတ်ရှုရပြီး ကျွန်မဘဝအတွက် အကျိုးရှိသဖြင့် စာရေးသူသည် ကျွန်မ၏ ကျေးဇူးရှင် ဖြစ်ပါသည်။

**ခင်ဆွေဦး**

"ပြန်ဦးမယ်နော်လို့"
နှုတ်ဆက်လိုက်တော့ ပြုံးပြီး ခေါင်းညိတ်ရင်း...
"ဘယ်တော့ လာဦးမှာလဲ" တဲ့။
"လာမှာပေါ့...အစ်မရယ်"
အနားမှာရပ်နေတဲ့ မမကြီးသမီး ဆွေဆွေအေးက...
"မောနေသလား အစ်မအသံ မောသံပါနေတယ်"
"အင်း...မမ နည်းနည်းမောနေတယ်"
"ဆေး မှန်မှန်မသောက်ဘူးလား...အစ်မရဲ့"
"သောက်ပါတယ်ကွယ်"
လို့ ကျွန်မက မောဟိုက်သံနဲ့ ပြောလိုက်ပါတယ်။
ဒီအသံ၊ ဒီဟန်ပန်၊ ဒီရုပ်ရည်နဲ့ မမကြီးရဲ့အသက် (၁၀၀) မွေးနေ့ပွဲကို ကျွန်မ ပါဝင်နိုင်ပါ့မလား။

ကျေးဇူးတင်ချက်၊ သိပ်ပါလျက်
ခက်ခဲဆပ်ဖို့ရာ။
ကာယကံဖြင့်၊ ပေးဆပ်ခွင့်
မသင့်မကြုံပါ။
ကျေးဇူးတရား၊ စာရေးသား
ဆပ်ခြားမကုန်သာ။
လက်ငုံယှက်ပူး၊ ကြာနှယ်ဖူး
ရှိခိုးတင်ထိပ်မှာ။

(ကျေးဇူးရှိသူများကို ကျေးဇူးတင်လျက်ရှိကြောင်း ကျေးဇူးစကား ရေးသားခွင့်ပေးပါသော ဆရာတော် မုံရွာနေဇာအား ကျေးဇူးတင်စွာ ရှိခိုးဦးခိုက်ကန်တော့လိုက်ပါသည် ဘုရား)

**ခင် (တိုင်းရင်းမေ)**



www.burmeseclassic.com

www.burmeseclassic.com



# မိမိ၏ကျေးဇူးရှင်များ

## ခင်မောင်လွင်(မြန်မာစာ)



အမည်ရင်းမှာ ဦးခင်မောင်လွင် ဖြစ်ပြီး ၁၉၅၈ တွင် ကဗျာစတင်ရေးသားခဲ့သည်။ ၁၉၇၀ မှစ၍ ခင်မောင်လွင်(မြန်မာစာ) ကလောင်အမည်ယူကာစာများ ရေးသားခဲ့သည်။ ယခုအခါ သရဖီ ၇ လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် နေထိုင်လျက်ရှိသည်။

"မနုဿတ္တ ဘာဝေါ ဒုလ္လဘော" လူ့ဘဝသည် ရခဲ၏။

ထို့ကြောင့် မြတ်ဗုဒ္ဓက လက်သည်းခွံပေါ် မြေမှုန့်များ တင်၍ မဟာပထဝီမြေကြီး နှင့် နှိုင်းယှဉ်ပြီး မြတ်ဗုဒ္ဓ၏တရားတော်ကို နှစ်သက်လိုက်နာသူက လက်သည်းခွံပေါ်မှ မြေမှုန့်လောက်ပဲ ရှိသည်။ မနှစ်သက် မလိုက်နာသူက မဟာပထဝီမြေကြီးလောက်ရှိသည်ဟု မိန့်ဆိုရခြင်း ဖြစ်၏။

ကုသိုလ်ကောင်းမှုကို မေ့မေ့လျော့လျော့ မနေခဲ့သူသည် ကံ၏ဆုံးဖြတ်ချက်ဖြင့် လူ့ဘဝသို့ ရောက်နိုင်မည်ဖြစ်၏။

လူ့ဘဝကို ရလာမည်ဆိုပါလျှင် ကြီးမားလှသော မိဘ၏ ကျေးဇူးကို နဖူးတွေ့ဒူးတွေ့ တွေ့ရလေတော့၏။ အမှန်မှု မိခင်၏ ဝမ်းကြာတိုက်ထဲမှာ ရှိနေစဉ်ကာလကပင် မိခင်ဖြစ်သူသည် အနေအထိုင်၊ အသွားအလာ၊ အစားအသောက် အားလုံးဆင်ခြင်ရ၏။ မမြင်ရသေးသော ရင်သွေးကလေးကို ချစ်မြတ်နိုးနေရ၏။ လူပီပီသသ မွေးဖွားလာရန် ဆုတောင်းရသည်မှာလည်း မောလှပါ၏။ ဤကိစ္စတစ်ခုတည်းနှင့်ပင် ကျေးဇူးကား ကြီးမားလှပါ၏။

ထို့ကြောင့်ပင် မြတ်ဗုဒ္ဓက မိဘတို့၏ ကျေးဇူးကို အလွယ်တကူ ဆပ်ရုံနှင့် မကျေနိုင်။ ကျေအောင် ဆပ်ဖို့ လည်း မလွယ်ကူဟု မိန့်ကြားရခြင်း ဖြစ်၏။

ဆက်၍လည်း အနှစ် (၁၀၀) အသက်ရှည်သောသူ သည် အမိကို လက်ဝဲ၊ အဖတို့ လက်ယာထား၏။ တစ်သက်လုံး တာဝန်ယူပြုစုလုပ်ကျွေးပါသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မကျေနိုင်သေးဟု မိန့်ဆိုတော်မူ၏။

ဤမျှအထိ ကျေးဇူးဆပ်သော်လည်း ကျေးဇူးမကျေခြင်း အကြောင်းကို မြတ်ဗုဒ္ဓက ဆက်လက်မိန့်ဆိုထားပြန်၏။

ပထမဆုံးအနေဖြင့် မိဘတို့သည် အသက်ရှင်သန်ရန် နို့ချိုတိုက်ကျွေး၍ သားသမီးများအား လောကကြီးကို တွေ့မြင်ခွင့်၊ ကြည့်ရှုခွင့်၊ ဆုံဆည်းခွင့် ပေးခြင်းဖြင့် တံခါးဖွင့်ပေးလိုက်၏။

ထို့နောက် လူတစ်လုံး၊ သူတစ်လုံး ဖြစ်စေရန် ပညာသင်ပေးခြင်း၊ စီးပွားဥစ္စာကြွယ်ဝ ချမ်းသာစေခြင်း၊ ကျန်းမာပျော်ရွှင်စေခြင်း စသည်တို့ကို မညည်းမညူ ပြုစုပျိုးထောင်ပေးခဲ့၏။

ထို့ကြောင့် မိဘတို့အား ကျေးဇူးဆပ်ရန် မလွယ်ကူကြောင်း ဟောမိန့်ကြားခဲ့ခြင်း ဖြစ်၏။

သို့ရာတွင် မိဘကျေးဇူးကျေအောင် ဆပ်နိုင်ကြောင်း နည်းလမ်းကောင်းကို မြတ်ဗုဒ္ဓသည် ဆက်လက်ညွှန်ကြားထားပါ၏။

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာတို့ကို ပြည့်ပြည့်ဝဝ မိဘတို့၏ နှလုံးသားထဲရောက်အောင် စွမ်းဆောင်ပေးခြင်းသည် ပစ္စုပ္ပန်သံသရာနှစ်ဖြာသောအကျိုး မည်သည့်ဓမ္မနည်းဖြင့် ကျေးဇူးဆပ်ခြင်းဖြစ်ပါ၏။ ဤနည်းသည်သာလျှင် မိဘတို့၏ ကျေးဇူးကို အကျေဆပ်နိုင်မည် ဖြစ်ပါ၏။

သို့တည်းမဟုတ် မိမိကိုယ်တိုင် မဂ်ဖိုလ်နိဗ္ဗာန်ရအောင် စွမ်းဆောင်နိုင်ခဲ့လျှင်လည်း မိဘကျေးဇူးကို အကျေဆပ်နိုင်ပါ၏။

ဤမျှဆိုလျှင် မိဘကျေးဇူးသည် အထူးကြီးမားကြောင်း ဆပ်ရန်မလွယ်ကူကြောင်း သိသာလှပါ၏။

ထို့ထက် ရတနာသုံးပါးတို့၏ ကျေးဇူးသည်ကား . . .။

လူသည် ပတ်ဝန်းကျင်လောက၏ သားသမီး ဖြစ်၏။ ထို့ကြောင့် လောက၏ ကျေးဇူးကို သိတတ်ရမည် ဖြစ်၏။

ပတ်ဝန်းကျင်လောက၏ ကျေးဇူးကို သိတတ်သူများတွင် မြတ်ဗုဒ္ဓသည် သူတကာတို့ထက် သိသူဖြစ်တော်မူ၏။

မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတ ဉာဏ်တော်ကိုရ၍ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူခဲ့၏။ ထိုနှစ် ဝါဆိုလပြည့်၊ စနေနေ့တွင် ပဉ္စဝဂ္ဂီ (၅) ဦးတို့အား တရားဦး ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားတော်မူ၏။

သည်အချိန်မှစ၍ အရှင်မြတ်ထိုးထွင်း၍ သိထားတော်မူသော သစ္စာလေးပါး မြတ်တရားကို ဝေနေယျသတ္တဝါတို့ သိခွင့်၊ ကျင့်သုံးခွင့် ရတော့၏။

စင်စစ် ဓမ္မဟူသော သဘာဝတရားတို့သည် မူလကတည်းက ရှိနှင့်နေပြီးဖြစ်၏။ မြတ်ဗုဒ္ဓသည် ထိုဓမ္မကို တွေ့ရှိသူ၊ သိရှိသူ၊ ဖော်ထုတ်သူသာ ဖြစ်၏။ ဖန်တီးသူကား မဟုတ်ပေ။ တစ်နည်းဆိုရလျှင် အမှန်တရားကို ပြီးပြည့်စုံစွာ အကြွင်းမရှိ သိရှိသူသာ ဖြစ်၏။

မြတ်ဗုဒ္ဓ ပွင့်ထွန်းပေါ်ပေါက်လာပြီး ဖော်ထုတ်ဟောကြားတော်မူခဲ့သည့်အတွက် ဝေနေယျသတ္တဝါတို့ အို၊ နာ၊ သေ အငြိမ်းဓာတ်ရ၍ သံသရာမှ လွတ်မြောက်ခဲ့ရ၏။

မြတ်ဗုဒ္ဓသည် ဝေနေယျ သတ္တဝါတို့အပေါ် ကျရောက်လာမည့် မကောင်းကျိုးကို ကာကွယ်နိုင်ရန်နှင့် ကောင်းကျိုးဖြစ်ထွန်းစေရန်အတွက် တရားဓမ္မဖြင့် လမ်းညွှန်၍ အကြံဉာဏ်များ ပေးခဲ့၏။ ပစ္စုပ္ပန်ကောင်းအောင် ပြုလုပ်ပါလျှင် နောင်အနာဂတ်သည်လည်း အလိုလို ကောင်းမည်သာ ဖြစ်ကြောင်း ထင်ရှားစေ၏။

> စင်စစ် ဓမ္မဟူသော သဘာဝတရားတို့သည် မူလကတည်းက ရှိနှင့်နေပြီးဖြစ်၏။ မြတ်ဗုဒ္ဓသည် ထိုဓမ္မကို တွေ့ရှိသူ၊ သိရှိသူ၊ ဖော်ထုတ်သူသာ ဖြစ်၏။ ဖန်တီးသူကား မဟုတ်ပေ။ တစ်နည်းဆိုရလျှင် အမှန်တရားကို ပြီးပြည့်စုံစွာ အကြွင်းမရှိ သိရှိသူသာ ဖြစ်၏။ မြတ်ဗုဒ္ဓ ပွင့်ထွန်းပေါ်ပေါက်လာပြီး ဖော်ထုတ်ဟောကြားတော်မူခဲ့သည့်အတွက် ဝေနေယျသတ္တဝါတို့ အို၊ နာ၊ သေ အငြိမ်းဓာတ်ရ၍ သံသရာမှ လွတ်မြောက်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပရိနိဗ္ဗာန်မပြုမီ (၄၅)နှစ်တာ ကာလပတ်လုံး မနေမနား အမြိုက်ရေစင် သွန်းလောင်းခဲ့သော သဗ္ဗညုတ ဉာဏ်တော်ရှင် မြတ်ဗုဒ္ဓ၏ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တအား ကြည်ညိုမဆုံးအောင် ဦးခိုက်မိပါတော့၏။

ဤသို့ဖြင့် ဗုဒ္ဓသရဏံ ဂစ္ဆာမိ ခဲ့ရပါ၏။

✦

လွန်ခဲ့သော နှစ်ပေါင်း (၂၆၀၀)မှ မြတ်ဗုဒ္ဓဟောကြားခဲ့သော တရားတော်များကို ဝေနေယျတို့သည် သိခွင့်၊ ကျင့်သုံးဆောက်တည်ခွင့်ရသဖြင့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းခဲ့၏။

"ငါမရှိသည့်နောက် ငါ ဟောကြားခဲ့သော တရားတော်များသည် ငါ၏ကိုယ်စား သင်တို့၏ ဆရာဖြစ်ပေလိမ့်မည်" ဟူ၍ အရှင်အာနန္ဒာအား မြတ်ဗုဒ္ဓသည် မိန့်မှာခဲ့၏။

တကယ်လည်း မြတ်ဗုဒ္ဓအနေဖြင့် ကောင်းရာကောင်းကြောင်း ညွှန်ကြားရုံသာ ပေးနိုင်၏။ "လိုရာဆန္ဒ ပြည့်ဝစေသတည်း" ဟူ၍ လုပ်မပေးနိုင်။ ဖြစ်ချင်တာ ဖြစ်အောင်လုပ်ဖို့က မိမိကိုယ်တိုင်ပင် ဖြစ်၏။ မိမိကိုယ်သာ အားကိုးရမည် ဖြစ်၏။

အပါယ်လေးဘုံ ရှိနေခြင်းသည် လူတို့ ဒုစရိုက်လုပ်နေ၍သာဖြစ်ကြောင်း၊ သုစရိုက်တရားကို လိုက်နာကျင့်သုံးပါလျှင် အပါယ်မှ လွတ်မြောက်နိုင်ကြောင်း ဓမ္မက ပြောပြနေ၏။

အပါယ်မှ လွတ်မြောက်ရုံသာမဟုတ် သံသရာမှ လွတ်မြောက်လိုပါလျှင်လည်း မဂ္ဂင်ရှစ်ပါးကို မိမိသန္တာန်မှာ မရှိလျှင် ရှိအောင်လုပ်ရမှာဖြစ်ကြောင်း၊ ဝိပဿနာဘာဝနာကို ပေါက်ပေါက်ရောက်ရောက် ကြိုးစားရမှာဖြစ်ကြောင်း၊ မြတ်ဗုဒ္ဓ၏ ဓမ္မတွင် အပြည့်အစုံ ပါသည်သာမက ဘက်ပေါင်းစုံအောင် ညွှန်ပြထားပြီးလည်း ဖြစ်၏။

မြတ်ဗုဒ္ဓ ညွှန်ပြခဲ့သည့် တစ်ကြောင်းတည်းသော လမ်းပေါ်တွင် လျှောက်လှမ်းကြသည့်အတွက်လည်း သံသရာမှ လွတ်မြောက်ခွင့် ရခဲ့ကြ၏။

ထို့ကြောင့် နှောင်းခေတ် လူတို့အတွက် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသော ပိဋက သုံးပုံသည် မြတ်ဗုဒ္ဓကိုယ်စား ကိုးကွယ်အားထားရာ ဆရာတစ်ဆူဖြစ်ကြောင်း လက်ခံယုံကြည်ခဲ့ကြ၏။

မြတ်ဗုဒ္ဓသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးဖြင့် အကျင့်စရိုက် အားလျော်စွာ တရားတော်များသည်လည်း ကျေးဇူးတော် အနန္တဖြစ်ခဲ့ရပါ၏။ ဝေနေယျတို့ကလည်း လေးလေးစားစား လိုက်နာကျင့်သုံးခဲ့ကြ၏။

ဤသို့ဖြင့် ဓမ္မ သရဏံ ဂစ္ဆာမိခဲ့ရပါ၏။

✦

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို မပျောက်ပျက်စေရန် ရှင်မဟာကဿပ ရဟန္တာ အရှင်မြတ် ဦးဆောင်၍ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ အစ ရှိသော ရဟန္တာအပါး (၅၀၀)တို့က မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီး (၃)လအကြာတွင် ရာဇဂြိုဟ်ပြည်၌ စုပေါင်းရွတ်ဆို၍ သံဂါယနာ တင်ခဲ့ကြ၏။

ယနေ့အထိ သံဂါယနာ (၆) ကြိမ် တင်ပြီးသော ပိဋကတော်များသည် မြန်မာပြည်တွင် မြတ်ဗုဒ္ဓ ဟောကြားခဲ့သော မူရင်းအတိုင်း အခိုင်အခံ့ ပြည့်ပြည့်စုံစုံ ရှိနေပါ၏။

မြန်မာပြည်သူပြည်သားများသည်လည်း ရှင်အရဟံ ရဟန္တာမြတ်၏ ကျေးဇူးတော်ကြောင့် မြင့်မြတ်သော ထေရဝါဒ ဗုဒ္ဓဘာသာများအဖြစ် သက်ဝင်ယုံကြည်ခဲ့ရပါ၏။

အကယ်၍သာ ထေရဝါဒဗုဒ္ဓဘာသာ ပုဂံပြည်သို့ မရောက်ရှိခဲ့ပါက မိမိတို့သည် ရှီးရာနတ်ကိုသာ သိမည်ဖြစ်၏။ ဘုရားကိုလည်း သိမည်မဟုတ်။ သဗ္ဗညုတဉာဏ်တော်ကိုလည်း သိမည်မဟုတ်။ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးတို့ကိုလည်း သိမည်မဟုတ်။ ဤသို့ဖြင့် သံသရာထွက်ပေါက်ကို မတွေ့ဘဲ အဆိုးသံသရာထဲမှာ တဝဲလည်လည်ဖြစ်နေရပေဦးတော့မည်။

www.burmeseclassic.com



ယခုမှ ထောင်စုနှစ် (၂)ခုကျော်မျှ ကြာညောင်းခဲ့သော်လည်း မြတ်ဗုဒ္ဓ၏ အဆိုအမိန့် တရားတော်များသည် မှုရင်းအတိုင်း တည်ရှိနေရခြင်းမှာ ရဟန္တာမထေရ်များနှင့် သံဃာတော် အရှင်သူမြတ်များ၏ အပင်ပန်းခံ လုံ့လပြုလျက် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့ကြ၍သာ ဖြစ်၏။

ထို့ပြင် မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို ပေါက်ပေါက်ရောက်ရောက် အားထုတ်ခဲ့ပြီး ဝေနေယျသတ္တဝါတို့ လိုက်နာ ကျင့်သုံးနိုင်ရန်အတွက် မူရင်းအာဘော် မပျက်စေဘဲ ဟောပြောဆုံးမသည်သာမက သံသရာထွက်ပေါက်ကိုလည်း မြတ်ဗုဒ္ဓကိုယ်စား ညွှန်ကြားပြသပေးလျက်ရှိ၏။ ကုသိုလ်ကောင်းမှုပြုလုပ်ရန်အတွက်လည်း လယ်ယာမြေကောင်းသဖွယ် လူတို့ အားထားယုံကြည်ခဲ့ရပါ၏။

ထို့ကြောင့်ပင် သံဃာတော်အရှင်သူမြတ်များ၏ ကျေးဇူးတော်ကား အနန္တပင် ဖြစ်ပါတော့၏။

ဤသို့ဖြင့် သံဃံ သရဏံ ဂစ္ဆာမိခဲ့ရပါ၏။

✦

"ကျေးဇူး"ဟူသည် သူတော်ကောင်းတို့၏ အမှတ်အသား၊ အကျင့်စရိုက် လက္ခဏာ ဖြစ်၏။

တစ်စုံတစ်ယောက်က မိမိအပေါ်အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်လျက် မေတ္တာဖြင့် ကူညီလုပ်ကိုင်ဆောင်ရွက်ပေးခြင်းပင် ဖြစ်၏။ ထိုနည်းအတူ မိမိကလည်း ကျေးဇူးတုံ့ပြန်ရမည်သာ ဖြစ်၏။ ဤသို့ဖြင့် တစ်ဦးမေတ္တာတစ်ဦးမှာ ဖြစ်လာရ၏။

ယနေ့အချိန်အခါသည် မြန်မာပြည်တွင် ထေရဝါဒ ဗုဒ္ဓသာသနာ နေလိုလနယ်မက ထွန်းလင်းတောက်နေချိန် ဖြစ်၏။ မိမိတို့သည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ အနိုင်းမဲ့ကျေးဇူးတော်ကို အထူးသိရမည် ဖြစ်ပါ၏။ သိရုံသာမဟုတ် ကျေးဇူးဆပ်ရမည်လည်း ဖြစ်ပါ၏။

သို့မှသာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးမှ ရရှိခဲ့သော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် နောင်းခေတ်ဝေနေယျတို့အတွက် ဗုဒ္ဓသာသနာတော်ကြီး ထားခဲ့ရကျိုး နပ်မည်ဖြစ်၏။

ထေရဝါဒ ဗုဒ္ဓဘာသာသည် မြတ်ဗုဒ္ဓ၏ တရားတော် အစစ်အမှန်ဖြစ်ပါလျက် လိုက်နာကျင့်သုံးသူ အချို့ကလောဘ၊ ဒေါသ၊ မောဟ ရှေ့တန်းတင်ကာ မမှန်မကန် မိမိလုပ်ချင်ရာလုပ်နေကြပါလျှင် ဗုဒ္ဓဘာသာဂုဏ်သိက္ခာ ညှိုးနွမ်းသွားမည်သာဖြစ်၏။ တရားပိုင်ရှင်မြတ်ဗုဒ္ဓကို မလေးမစား ထိပါးရာလည်း ရောက်မည်ဖြစ်၏။

စင်စစ် မိမိတတ်စွမ်းသမျှ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို သတိတရ ကျေးဇူးဆပ်ရန် အားထုတ်သင့်ပါ၏။

မြတ်ဗုဒ္ဓအလိုလားဆုံး ကျေးဇူးဆပ်ခြင်းမှာ အရဟတ္တဖိုလ်ကို အမြန်ဆုံးရအောင် အချိန်မဖြုန်းဘဲ အားထုတ်ခြင်းသာ ဖြစ်ပါ၏။

**ခင်မောင်လွင် (မြန်မာစာ)**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူး

## စောပြည်စိုး

အမည်ရင်းမှာ ဦးပြည်စိုးဖြစ်ပြီး ရဟန်းဘဝဖြင့် ဓမ္မာစရိယ၊ ဝိနယပါရဂူဘွဲ့ရခဲ့ပြီး လူဝတ်လဲကာ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ ရသည်။ ယခုအခါ ဓမ္မဗီရဂျာနယ်တွင် အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး စာရေးဆရာအသင်းဝင် ၂၄၇၈ ဖြစ်သည်။

ကျေးဇူးဟူသော စကားကို ပါဠိစာပေ၌ ကတညုတာ၊ ကတဝေဒီ ဟူ၍ နှစ်မျိုး ဖော်ပြထားသည်။

ထိုတွင် ကတညုတာဟူသည် ပြုအပ်သောကျေးဇူးကို သိသည့်၏အဖြစ်၊ ကတဝေဒီကား သူ ပြုဖူးသော ကျေးဇူးကို သိတတ်၍ တုံ့ပြန်သူအဖြစ်ဟု ပါဠိ - မြန်မာ အဘိဓာန်တွင် ဖော်ပြထားသည်။

ကျေးဇူး၊ ကျေးဇူးဟူသောစကားသည် စာလုံးအရေအတွက်အားဖြင့် နှစ်လုံးမျှသာ ဖြစ်သော်လည်း ၎င်း၏ အကျိုးသက်ရောက်မှုမှာ များစွာကျယ်ဝန်းလှပေသည်။ သို့ရာတွင် လူတို့က အမှုမဲ့အမှတ်မဲ့ ကျေးဇူးပါ။ ကျေးဇူးတင်ပါသည်ဟု လွယ်လွယ် ကူကူ ပြောတတ်ကြသည်။

စင်စစ်အားဖြင့် ...

- သူတစ်ဦးပြုခဲ့ဖူးသောကျေးဇူးကို သိတတ်သူ အလွန်ရှားသည်ဟူ၍ လည်းကောင်း၊
- သူ ပြုခဲ့ဖူးသောကျေးဇူးကို ဝစီနှုတ်မြွက် ထုတ်ဖော်ပြောကြားရန် အလွန်ရှားပါးသည်ဟူ၍လည်းကောင်း၊
- သူ့ကျေးဇူးကို သိသည့်အလျောက် ကာယကံမြောက် ပေးဆပ်သူကား အရှားဆုံးဖြစ်သည်ဟုလည်းကောင်း ကျမ်းဂန်များ၌ ဖော်ပြထားသည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓက ...

www.burmeseclassic.com



ရဟန်းတို့ လောက၌ရနိုင်ခဲသောပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ . . .

၁။ ရှေးဦးစွာ ကျေးဇူးပြုတတ်သော ပုဂ္ဂိုလ်နှင့်

၂။ သူတစ်ပါး ပြုဖူးသောကျေးဇူးကိုသိ၍ ကျေးဇူးတုံ့ပြန်တတ်သော ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ ဤလောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်းဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ် ၁၁/၁ အာသာဒုပ္ပဇဟာဝဂ်၌ မိန့်မြွက်ဟောကြားထားသည်။

## သံသရာ၌ ကျင်လည်သမျှ

၃၁ ဘုံ၌ ကျင်လည်ခဲ့ဖူးသော ပုဂ္ဂိုလ်မှန်သမျှ မည်သည့်အချိန်ကစ၍ ဖြစ်တည်လာခဲ့သည်ကို မသိနိုင် (အနာဒိ) သကဲ့သို့ မင်္ဂ၊ ဖိုလ်၊ နိဗ္ဗာန်သို့ မျက်မှောက်မပြုနိုင်မချင်း (အနန္တ) ကာလအထိ သံသရာ၌ ကျင်လည်ခဲ့ရာတွင် အမိမတော်ခဲ့ဖူးသူမရှိ။ အဖမတော်ခဲ့ဖူးသူ မရှိ။ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ တူ၊ တူမ၊ သားသမီး၊ ညီအစ်ကို မတော်ဖူးသော ပုဂ္ဂိုလ်မရှိဟူ၍ ကျမ်းဂန်များ၏ အဆိုအရ သိရှိရသည်။

ဂေါတမဗုဒ္ဓအလောင်းတော်သည်ပင် ဤကမ္ဘာမှပြန်၍ ရေတွက်သော် သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းကာလ တုန်းဆီက ဘုရင့်သမီးတော်လေး ဖြစ်ခဲ့ဖူးပြီး ထိုမှတစ်ဖန် ယောကျ်ားလေးဘဝ ဆုတောင်းသဖြင့် ယောကျ်ားစင်စစ်ဖြစ်ခဲ့ရသည်။ ဒီပင်္ကရာဘုရား ပွင့်တော်မူသောအခါ၌ သုမေဓာရသေ့အဖြစ် ဒီပင်္ကရာဘုရားထံမှ ဘုရားစင်စစ်ဧကန်ဖြစ်မည်ဟု ဗျာဒိတ်ပန်း ပန်ဆင်ခွင့်ရခဲ့သည်။ သုမေဓာရသေ့ဘဝမှသည် ဂေါတမဗုဒ္ဓဖြစ်သည်အထိ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရသည်။ ပါရမီဖြည့်ပြီးပြည့်ပြီးမှသာ ဗုဒ္ဓဂေါတမအဖြစ် ပွင့်တော်မူခဲ့ပါ၏။

ကျွန်ုပ်တို့၏ ဗုဒ္ဓအလောင်းတော်သည်ပင် ထိုမျှ ကြာမြင့်စွာ သံသရာ လည်ခဲ့ရသည်ရှိသော် သူသူငါငါ သတ္တဝါအနန္တတို့ သံသရာလည်ခဲ့သည့်ကာလကို မှန်းဆ၍ပင် မရနိုင်ပါချေ။

ထိုသို့သော ရှည်လျားလှစွာ ကာလပတ်လုံး သံသရာရေပြင်ကျယ်တွင် မျောချည်၊ မြုပ်ချည်၊ ပေါ်ချည်ဖြင့် စုန်ဆန်နေရသဖြင့် တစ်ကြိမ်တစ်ခါ (သို့မဟုတ်) အကြိမ်များစွာ တစ်နည်းနည်းဖြင့် ဆွေမျိုးတော်စပ်ကြမည်ဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး ကျေးဇူးခံ ကျေးဇူးစား ဖြစ်ကြမည်ဆိုသည်မှာ ယုံမှားဖွယ် မရှိပါချေ။

## ကျေးဇူးတရားကျယ်ဝန်းလှပုံ

ဒေလာကဝေါဟာရ ပြောစမှတ်ပြုကြရာတွင် . . .

- တစ်လုတ်စားဖူး သူ့ကျေးဇူး
- တစ်ပုဒ်ပေဟာဖူး သူ့ကျေးဇူး
- ခိုဖူး နားဖူး သူ့ကျေးဇူး

ဟူ၍ရှိရာ ယုတ်စွအဆုံး သက်မဲ့ဖြစ်သော သစ်ပင်ရိပ်ဝါးပင်ရိပ်ကို ခိုမိပါက ထိုသစ်ပင် ဝါးပင်တို့သည် အရိပ်ခိုသူ၏ ကျေးဇူးရှင် ဖြစ်နေပေပြီ။ ထိုသစ်ပင် ဝါးပင်ကို မဖျက်ဆီးရာ၊ ဖျက်ဆီးချေက ကျေးဇူးကန်းသူ စာရင်းဝင်သွားမည် ဖြစ်သည်။

အနန္တော အနန္တငါးပါးတို့ကား လူသားများအဖို့ အတုမဲ့၊ အနှိုင်းမဲ့ ကျေးဇူးရှင်များ ဖြစ်ကြပေသည်။ ယင်းကျေးဇူးရှင်များကို ကိုယ်၊ နှုတ်၊ စိတ် တစ်မျိုးမျိုးဖြင့် မပြစ်မှားအပ်ပေ။ ပြစ်မှားမိပါကလည်း မိမိအပြစ်ကို ဝန်ချတောင်းပန်ရပေသည်။ ဝန်ချတောင်းပန်ခြင်းမပြုပါက အပြစ်မပြေသဖြင့် ယခုဘဝတွင်ပင်လည်းကောင်း၊ သံသရာတွင်လည်းကောင်း ဘေးအန္တရာယ်ဆိုး အဖြစ်ဆိုး တစ်မျိုးမျိုးဖြင့် မလွဲမသွေ ကြုံရပေမည်။ သူယုတ်မာပင် ဖြစ်တော့သည်။

ထမင်း၊ အဖျော်စသော အာဟာရသည် အသက်ရှင်သန်ခြင်းကို အထောက်အကူပြုသည်။ (သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ) ထမင်းတစ်လုတ် ရေတစ်မှုတ်ကို စားသောက်ဖူးသည်ရှိသော် ထိုထမင်း၊ အဖျော်ပေးလှူသူသည် မိမိ၏ တစ်နေ့တစ်ရက် တစ်နံနက် အသက်ရှင်ရေးအတွက် ပေးလှူသူဖြစ်ခြင်းကြောင့် ထမင်းရှင် အသက်သခင် ကျေးဇူးရှင် မည်ပါသည်။ ထိုသူကို ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မပြစ်မှားအပ်ပေ။ တစ်လုတ်စားဖူး သူ့ကျေးဇူးမည်ပေ၏။ ယင်းနှင့် စပ်လျဉ်း၍



www.burmeseclassic.com

www.burmeseclassic.com



"တစ်လုတ်ထမင်း၊ တစ်ရှုတ်ဟင်းကို၊ ဝမ်းတွင် လျှာနူး၊ သုံးရဖူးမူ၊ သူ့ကျေးဇူးကို၊ ပြစ်မှားတရံ၊ မနောကံမျှ၊ မကြံအပ်ပေ" ဟူ၍ ပညာရှိတို့ မိန့်မှာတော်မူခဲ့ပါ၏။

ရတနာသုံးပါး၊ မိဘဆရာသမားနှင့် မိမိအား ဆိုဆုံးမသူအားလုံးသည် လောကီရေးအားဖြင့် ကြီးပွားတိုးတက်ရန်နှင့် ဓမ္မရေးအားဖြင့် သံသရာမှ လွတ်မြောက်ရန် နည်းညွှန်လမ်းပြသူများဖြစ်သဖြင့် ကျေးဇူးရှင်များ ဖြစ်ကြပေသည်။ ထိုပုဂ္ဂိုလ်များသည် လောကကြောင်း၊ ဓမ္မကြောင်းအားဖြင့် အဆင့်ဆင့်မြင့်တက်အောင် ဆုံးမသူများဖြစ်သဖြင့် ယင်းတို့၏ ကျေးဇူးဂုဏ်ကို အစဉ်အမြဲ နှလုံးသွင်းကျင့်ဆောင်ခြင်းဖြင့် ကျေးဇူးဆပ်ကြရပေမည်။

ဤနေရာတွင် လက်ယာတော်ရံ အဂ္ဂသာဝကဖြစ်တော်မူသော အရှင်သာရိပုတ္တ ရဟန္တာထေရ်မြတ်ကြီး၏ ကျင့်သုံးနည်းကို မှတ်ယူကျင့်သုံးအပ်ပေသည်။ ထိုအရှင်သာရိပုတ္တအလောင်းသည် ဥပတိဿပရိဗိုဇ်ဘဝဖြင့် ပဥ္စဝဂ္ဂီငါးဦးတွင် အငယ်ဆုံးဖြစ်သော အရှင်အဿဇိထံမှ "ယေ ဓမ္မာ ဟေတုပ္ပဘာဝါ" စသော လေးပါဒ တစ်ဂါထာကို နာကြားရသဖြင့် သောတာပန် တည်တော်မူသွား၏။ ဥပတိဿမှ အရှင်သာရိပုတ္တ အဂ္ဂသာဝက အရှင်မြတ်ကြီးသည် အရှင်အဿဇိမထေရ်ကို မိမိ၏ လက်ဦးဆရာအဖြစ် သတ်မှတ်ကာ ထေရ်အရှင်၏ ဘဝတစ်လျှောက်လုံး အရှင်အဿဇိ သီတင်းသုံးရာကို ဦးခေါင်းပြု၍ ကျိန်းစက်တော်မူခဲ့ပေ၏။ ကျေးဇူးတရားကို တုံ့ပြန်ပေးဆပ်ခြင်းပင် ဖြစ်ပေ၏။

အနန္တကျေးဇူးရှင်၏ ကျေးဇူးတရားကို မျက်ကွယ်ပြုကာ ကျေးဇူးကန်းသော လုပ်ရပ်ကြောင့် အမြတ်ဆုံးတရားမှ လက်လွှတ်ဆုံးရှုံးရသော သာဓကတစ်ရပ်မှာ ဘုရားဒါယကာ သောတာပန်အရိယာဖြစ်သော ဖခင် ဗိမ္ဗိသာရမင်းနှင့် သားတော် အဇာတသတ်မင်းသားဇာတ်လမ်းပင် ဖြစ်၏။ သာသနာ့သမိုင်းတွင် သာသနာ့အကျိုးကို အကြီးကျယ်ဆုံး ဆောင်ရွက်သူလည်းဖြစ်၊ ပထမသံဂါယနာတင်ပွဲ၏ ဒါယကာလည်းဖြစ်ပါလျက် ကျေးဇူးရှင်ဖခင် ဘုရင်ကြီးအား သတ်မိခဲ့သော ကျေးဇူးကန်းလုပ်ရပ်ကြောင့် လောဟကုမ္ဘီငရဲတွင် အနှစ်ခြောက်သောင်း ကျခံရလျက်ရှိသည်။ အကယ်၍ ကျေးဇူးရှင်ဖခင်ကြီးအား ကျေးဇူးကန်း သတ်ဖြတ်မှု မကျ လွန်ခဲ့မိပါက သောတာပန်အရိယာ ဖြစ်နိုင်သူတည်း။

သို့ရာတွင် မိမိကျူးလွန်ခဲ့သော ကျေးဇူးကန်းမှုက အပါယ်ငရဲသို့ ဆွဲချသွားလေတော့သည်။ ထို့ပြင် တဝအဟိတ်တိရစ္ဆာန် ဗျိုင်းသတ္တဝါထံမှငါးဖမ်းပုံ၊ အမျိုးမျိုးသော ကစားပုံအတတ်ပညာကို နမူနာယူလျက် လုံကစားပုံဖြင့် ကျော်ကြားလာသော ကျေးတောသားသည် ဆရာဖြစ်သော ဗျိုင်းထံမှတတ်သော အတတ်ပညာဖြစ်ကြောင်းကို မျက်ကွယ်ပြု ပြောဆိုခြင်းကြောင့် လုံစူးကာ သေဆုံးရသည်။ (ဆရာကာပြန် အာခေါင်လုံစူးဟူ၍ ဆိုထုံးပြုကြသည်။) ကျေးဇူးတရားကို မျက်ကွယ်ပြုသော ဖြစ်ရပ်ပေတည်း။

သို့ဖြစ်သောကြောင့် ကျေးဇူးတရားကို မျက်ကွယ်မပြုသင့်ပါ။ သူတော်ကောင်းတို့ ကျေးဇူးဆပ်သောထုံးကို နှလုံးမူလျက် ကျေးဇူးတင်ရှိသော ပုဂ္ဂိုလ်များ၏ ကျေးဇူးကို သိရှိနေရပါမည်။ သိသည့်အလျောက် အကြောင်းကြုံတိုင်း ထိုကျေးဇူးကို ထုတ်ဖော်ပြောဆိုရန် ဝန်မလေးသင့်ပေ။ ထိုကျေးဇူးကိုလည်း ပေးဆပ်ကြရပါမည်။ ဤသို့အားဖြင့် ပြုအပ်သော ကျေးဇူးကိုသိရှိပြီး ပြန်လည်ကာ ကျေးဇူးတုံ့ပြန်ပေးဆပ်ခြင်းဖြင့် လောကီ၊ လောကုတ္တရာ ကျိုးနှစ်ဖြာ တိုးပွားစေကြောင်း ကျင့်သုံးဆောင်ရွက်ရန် အသိပေးအပ်ပါသည်။

**စောပြည်စိုး**



www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးကျင့်ဝတ်

**စိတ်မိုး**



ဘွဲ့တော်မှာ ဘဒ္ဒန္တတိက္ခဉာဏ ဖြစ်ပြီး အမှတ် ၅ ဝိုင်း တောင်ဥက္ကလာပ သိပ္ပံမဠ္ဍူစာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဖြစ်သည်။ "ပိဋကတ်သမိုင်းဝင် အလှူရှင်များ" စာအုပ်ဖြင့် ၂၀၁၃ ခုနှစ် ဒုတိယ အကြိမ်မြောက် ဓမ္မဒူတစာပေဆု ရရှိခဲ့သည်။

## ဘဝနှင့် ကျေးဇူးရှင်

လောက၌ "ဘဝ" ဟူ၍ ဖြစ်လျှင်ဖြစ်ခြင်း ဘဝ၏ ကျေးဇူးရှင်လည်း ဘဝနှင့်အတူ တစ်ပြိုင်တည်း ဖြစ်ရသည်။

အမိအဖတို့သည် သွေးကျေးဇူး၊ မွေးကျေးဇူး၊ ကျွေးကျေးဇူးဟူသောဂုဏ်ဖြင့် ဘဝနှင့်အတူ တစ်ပြိုင်တည်း ဖြစ်သော ကျေးဇူးရှင်များဟူ၍ ဇာတိဖြစ်စဉ် မော်ကွန်းတင်ခြင်း ခံရသည်။ ကျေးဇူးဟူသည် လူသုံးဝေါဟာရတို့တွင် ဂုဏ်ရှိသော ဝေါဟာရ ဖြစ်ရသည်။ ထို့ကြောင့် ကျေးဇူးရှင်ဖြစ်ရခြင်းသည် ဂုဏ်ရှိသော ဘဝရခြင်း ဖြစ်သည်။

စင်စစ် ကျေးဇူးရှင်ကား ကျေးဇူးကျင့်ဝတ်ကို တည်ထောင်ခြင်းဖြစ်သည်။ ကျေးဇူးကျင့်ဝတ်သည် ဘဝသမိုင်း၌ ထင်ရှားရှိသော ကျင့်ဝတ်ဖြစ်သည်။ ထိုကျေးဇူးကျင့်ဝတ်သည် လူ့ဘဝ၌ နေခွင့်ရှိသော လူတိုင်း၌ ရှိသင့်သောကြောင့် လူတိုင်းနှင့် သက်ဆိုင်သော ကျင့်ဝတ်ဖြစ်သည်။

## ကျေးဇူးကျင့်ဝတ်

ယင်းသို့ ကျေးဇူးကျင့်ဝတ်ကား လူတိုင်းနှင့် သက်ဆိုင်ခြင်းကြောင့် ကျေးဇူးကျင့်ဝတ်ဖြစ်စဉ် အခြင်းအရာတို့ကိုလည်း လူတိုင်း သိသင့်သည်။

ကျေးဇူးကျင့်ဝတ်ဟု ဆိုရာတွင် . . .



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးပြုခြင်းဟူ၍ နည်းဗျူဟာသုံးမျိုး ခွဲခြားသိဖို့ လိုသည်။

ကျေးဇူးသိခြင်း ဟူသည် ...

မိမိ၌ မေတ္တာစိတ်ဖြစ်စေလျက် သူတစ်ပါး၏ ကူညီဆောင်ရွက်ရာဟူသမျှတို့ကို ကျေးဇူးအမြင်ဖြင့် သိခြင်းသည် ကျေးဇူးသိခြင်း ဖြစ်သည်။

ကျေးဇူးဆပ်ခြင်းဟူသည် ...

မိမိအား လောကဓမ္မဖြင့် စွမ်းအားအလျောက် ကျေးဇူးပြုသော အဆွေခင်ပွန်းတို့ကို ပြန်လည်ကျေးဇူးပြုခြင်းသည် ကျေးဇူးဆပ်ခြင်း ဖြစ်သည်။

ကျေးဇူးပြုခြင်း ဟူသည် ...

ဓမ္မစကား၊ ပညာစကား ဟောကြားသင်ကြားပေးခြင်း၊ ဥစ္စာဓနစွန့်လွှတ်ပေးခြင်း၊ လူမှုရေးအဖြာဖြာ ကူညီစောင့်ရှောက်ခြင်း၊ ဆုံးမစကား မြွက်ကြားချီးမြှင့်ခြင်း စသော သူတစ်ပါးအား မေတ္တာစိတ်ဖြစ်စေလျက် အကျိုးဆောင်ခြင်းသည် ကျေးဇူးပြုခြင်း ဖြစ်သည်။

## လူနှင့်အတူ

"လူ"သည် လူ့လောက၌ သီးခြားလူ ဖြစ်ခဲ့ရသည်။ သို့သော် သီးခြား "လူ"ဖြစ်ခဲ့ရသည့် "လူ"သည် သီးခြားနေ၍မရ၊ "လူ"အချင်းချင်း ပေါင်းသင်းဆက်ဆံကြရသည်။ ထိုအခါ ကျေးဇူးကျင့်ဝတ်လည်း "လူ"နှင့်အတူ ပူးတွဲပါဝင်ခဲ့ရသည်။

သို့သော် ကျေးဇူးကျင့်ဝတ်သည် လူနှင့်အတူ ပါဝင်သည်ဟု ဆိုသဖြင့် ကျေးဇူးကျင့်ဝတ် လူတိုင်းသိသည်။ လူတိုင်းပြုသည်ဟုဆိုခြင်းမဟုတ်၊ ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးပြုခြင်းကျင့်ဝတ်သည် လူ့လောက၌ တွင်တွင်ကျယ်ကျယ် သုံးနှုန်းပြောဆိုကြသော်လည်း ကျေးဇူးကျင့်ဝတ်၏ကျေးဇူး လူတိုင်းမသိကြ၊ အလေးအမြတ် မပြုကြ။

> ဗုဒ္ဓဘုရားရှင် ဘုရားဖြစ်၍ ခုနစ်ဝါမြောက်ရောက်သော် တာဝတိံသာနတ်ပြည်သို့ ကြွချီကာ တာဝတိံသာနတ်ပြည်၌ သန္တုသိတနတ်သားဖြစ်၍ နတ်စည်းစိမ် စိုးစံလျက်ရှိသော မိခင် မယ်တော်အား ကျေးဇူးဆပ်တရားဟုထင်ရှားကျော်စောသည့် မဟာပဋ္ဌာန်းအပါအဝင် အဘိဓမ္မာ တရားစဉ်တို့ကို ဟောကြားတော်မူခဲ့သည်။

## ဗာလလူမိုက်

ဘဝ၏ကျေးဇူးရှင်၌ ပြုအပ်သောကျေးဇူးကျင့်ဝတ်ကို ပညာအမြင်ကျယ်ပြန့်၍ ယဉ်ကျေးလျှင်သာ ပြုကျင့်သည်။ ပညာအမြင်ကျဉ်းမြောင်း၍ မယဉ်ကျေးလျှင်ကား ကျေးဇူးကျင့်ဝတ်မပြုကြ၊ ထိုသို့ ပုဂ္ဂိုလ်တို့ကို "ဗာလ၊ လူမိုက်" ဟု ရေတွက် မှတ်တမ်းတင်ကြသည်။

စင်စစ် မိဘ၊ ဆရာ စသော ဘဝဆွေမျိုး၊ ဘဝမိတ်ဆွေတို့၏ ကျေးဇူးကိုမသိခြင်း၊ မဆပ်ခြင်း၊ ကျေးဇူးတုံ့ပြန်မပြုခြင်းကြောင့် ဘဝအတွက် မနှစ်သက်အပ်သော "ဗာလ၊ လူမိုက်" ဟူ ကမ္ပည်းရေးထိုးမှတ်တမ်းတင်ခံရခြင်း ဖြစ်သည်။

## ကျေးဇူးကျင့်ဝတ်ပြုရခြင်း

စင်စစ် လောက၌ မြင့်မြတ်သောလူ့ဘဝဖြစ်ရခြင်းသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာဘဝ ရရှိခြင်းဖြစ်သည်။

ထိုပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ဘဝရှင်သန်လန်းဆန်းစေရန် ထိန်းသိမ်းရာ၌ ကျေးဇူးကျင့်ဝတ်ပြုရခြင်းလည်း ပါဝင်သည်။

လောက၌ မိဘဆွေမျိုးအပါအဝင် လူသားအချင်းချင်း ဆက်ဆံကြရာဝယ် ကျေးဇူးမကင်းအပ်၊ အပြန်အလှန် ကျေးဇူးအချင်းချင်း ပေါင်းစည်းထိတွေ့ကြရသည်။

ဥပမာ ရေတစ်ခွက်၊ ထမင်းတစ်ဆုပ်၊ မုန့်တစ်ခု၊ သစ်သီးတစ်လုံး ကျွေးဖူးပေးဖူးလျှင်ပင် အာဟာရဆိုင်ရာ ကျေးဇူးကျင့်ဝတ်ပြုခြင်း သက်ဝင်သည်။

စင်စစ် လောကရေး၊ ဓမ္မရေးတို့၌ အပြန်အလှန် ကူညီဆောင်ရွက်လျှင် ကျေးဇူးကျင့်ဝတ်ပြုခြင်းပင် ဖြစ်သည်။

ကျေးဇူးပြုသော ကျေးဇူးရှင်အား ကျေးဇူးမဆပ်ခြင်းသည် ကျေးဇူးကျင့်ဝတ်ပျက်စီးခြင်းဖြစ်ကြောင်း လက်ခံကြရသည်။ ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးပြုခြင်းဟူသော ကျေးဇူးကျင့်ဝတ်ကား လူသားအချင်းချင်း လိုအပ်သော ကျင့်ဝတ်ဖြစ်သည်။

ယင်းသို့ ကျေးဇူးကျင့်ဝတ်သည် လူအချင်းချင်း မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်စေသော ကျင့်ဝတ်ဖြစ်၍ လူတို့၌ လိုအပ်သော ကျင့်ဝတ်ဖြစ်သော်လည်း လူတိုင်း ကျေးဇူးကျင့်ဝတ်မပြည့်စုံကြ။

ပညာအရည်အသွေး ရှင်သန်ကြွယ်ဝသော လူအချင်းချင်းသာလျှင် အပြန်အလှန်ကျေးဇူးပြုရခြင်း၌ ကြည်လင်နှစ်သက်၍ ကျေးဇူးကျင့်ဝတ်နှင့် ပြည့်စုံသည်။

## လူ၏ဂုဏ်ကို တောက်ပစေခြင်း

အထူးသဖြင့် ကျေးဇူးကျင့်ဝတ်သည် လူ၏ ဂုဏ်ကို တောက်ပတင့်တယ်စေခြင်းဖြစ်၍ ဘဝ၏မြင့်မြတ်ရာ၌ တည်သော ပညာရှိပုဂ္ဂိုလ်တို့ သုံးစွဲအပ်သော လူမှုကျင့်ဝတ် ဖြစ်သည်။

ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးပြုခြင်းဟု ဆိုအပ်သော ကျေးဇူးကျင့်ဝတ်ကား ဆောင်ရွက်ရန် လွယ်ကူသည်ဟု မှတ်ထင်ရသော်လည်း ပညာအရည်အသွေး ညံ့ဖျင်းလျှင် ဤကျင့်ဝတ်အရာ၌ မေ့မေ့လျော့လျော့ ဖြစ်တတ်သည်။

ဘဝအရည်အသွေး အထွတ်အထိပ်ရောက်သော ပညာရှိတို့ကား ဤကျင့်ဝတ်ကို အထူးအလေးအမြတ်ပြု၍ ကျေးဇူးဂုဏ်မြှင့်တင်ကြသည်။

## ဗုဒ္ဓ

ဗုဒ္ဓဘုရားရှင်သည် လောက၌ ဗုဒ္ဓလောင်းလျာ လူသားဘဝဖြင့် ဖွားမြင်ခဲ့ရသော်လည်း ဖွားမြင်လျှင် ဖွားမြင်ခြင်း ကျေးဇူးရှင် မိခင်မယ်တော် ကွယ်လွန်ရခြင်းကြောင့် မိခင်မယ်တော်အား လူ့ဘဝ လူသားဖြစ်ရစဉ် ကျေးဇူးဆပ်ခွင့် မရခဲ့။

"ဗုဒ္ဓ" လောင်းလျာသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်အပ်သော ပါရမီတို့၏ ကျေးဇူးကြောင့် "သိဒ္ဓတ္ထ"မင်းသားဘဝ စွန့်လွှတ်၍ "ဗုဒ္ဓ" ဖြစ်သောအခါ ရှေးဦးစွာ လောကီစျာန်အရာ၌ ကျေးဇူးပြုခဲ့ဖူးသော အာဠာရနှင့် ဥဒကတို့အား ကျေးဇူးဆပ်လိုသဖြင့် တရားဟောကြားရန် ကြည့်ရှုဆင်ခြင်သော် အာဠာရနှင့် ဥဒကတို့သည် ဗြဟ္မာ့ပြည် ရောက်၍ တရားနာကြားခွင့် ဆုံးရှုံးရသောကြောင့် တရားဖြင့် ကျေးဇူးဆပ်ခွင့်မရခဲ့။

ထို့ကြောင့် ဒုက္ကရစရိယာကျင့်စဉ်ကာလဝယ် ဝေယျာဝစ္စဝတ်ဖြင့် ကျေးဇူးပြုခဲ့ကြသော ပဥ္စဝဂ္ဂီတို့အား ကျေးဇူးဆပ်တရား ရှေးဦးစွာ ဟောကြားခဲ့ရသည်။

စင်စစ် ဗုဒ္ဓဘုရားရှင်မို့ အထူးကျေးဇူးသိခြင်းကြောင့် အထူးထူးအပြားပြားတရားဖြင့် ကျေးဇူးဆပ်ခြင်း ဖြစ်သည်။

တစ်ဖန် ဗုဒ္ဓဘုရားရှင် ဘုရားဖြစ်၍ ခုနစ်ဝါမြောက်ရောက်သော် တာဝတိံသာနတ်ပြည်သို့ ကြွချီကာ တာဝတိံသာနတ်ပြည်၌ သန္တုသိတနတ်သားဖြစ်၍ နတ်စည်းစိမ် စိုးစံလျက်ရှိသော မိခင်မယ်တော်အား ကျေးဇူးဆပ်တရားဟု ထင်ရှားကျော်စောသည့် မဟာပဋ္ဌာန်းအပါအဝင် အဘိဓမ္မာတရားစဉ်တို့ကို ဟောကြားတော်မူခဲ့သည်။

စင်စစ် လူ့ဘဝ၌ လူဖြစ်ရစဉ် ဖွားမြင်လျှင် ဖွားမြင်ခြင်း မိခင်မယ်တော် ကွယ်လွန်ရသောကြောင့် လူသားအဖြစ်ဖြင့် ကျေးဇူးဆပ်ခွင့်မရခဲ့။

ထို့ကြောင့် တာဝတိံသာနတ်ပြည်သို့ ကြွချီကာ ကျေးဇူးဆပ်တရား ချီးမြှင့်တော်မူခြင်း ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်တို့ ဆောင်ရွက်ရာဟူသည် မြင့်မြတ်စင်ကြယ်သောအရာသာ ဖြစ်သည်။ ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးပြုခြင်းဟု ဆိုအပ်သော ကျေးဇူးကျင့်ဝတ်နှင့် ပြည့်စုံသူသည် ပညာရှိသူတော်စင်သာ ဖြစ်သည်။

## အရှင်သာရိပုတ္တရာ

အခါတစ်ပါး ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရှိတော်မူစဉ် အမှတ်မထင် တစ်နေ့ဝယ် ရဟန်းတို့အား ဝေယျာဝစ္စ အလုပ်အကျွေးပြုလျက် ဆင်းရဲစွာ နေရရှာသော ကပ္ပိယပုဏ္ဏားကြီးနှင့်တွေ့၍ ပုဏ္ဏားကြီး၏ ရဟန်းပြုလိုသောဆန္ဒ သိခဲ့ရသည်။

ဗုဒ္ဓဘုရားရှင်သည် ရဟန်းသံဃာအစည်းအဝေးတွင် ချစ်သားတို့ ရဟန်းတို့အား ဆင်းရဲစွာလုပ်ကျွေးလျက်ရှိသော ပုဏ္ဏားကြီး၏ ကျေးဇူးကို ထင်ရှားစွာမှတ်မိသော ရဟန်းရှိ၏လောဟု မေးတော်မူရာ အရှင်သာရိပုတ္တရာမထေရ်သည် သက်န်းကို လက်ကန်တော့တင်၍ ရိုသေစွာ လက်အုပ်ချီလျက် အရှင်မြတ်ဘုရား ပုဏ္ဏားကြီး၏ ကျေးဇူးကို ထင်ရှားစွာ မှတ်မိပါသည်။ တပည့်တော် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်စဉ် ဤပုဏ္ဏားကြီးသည် ဆွမ်းတစ်ယောက်မျှ လောင်း

www.burmeseclassic.com



လှူဖူးသည်ကို ထင်ရှားစွာ မှတ်မိပါသည်ဘုရားဟု လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က "ချစ်သားသာရိပုတ္တရာ၊ ကျေးဇူးရှိသော ပုဏ္ဏားကြီးအား ဆင်းရဲအပေါင်းမှ လွတ်စေသင့်သည်မဟုတ်လော"ဟု မိန့်တော်မူသဖြင့် အရှင်သာရိပုတ္တရာမထေရ်က "အရှင်မြတ်ဘုရား ပုဏ္ဏားကြီးအား ရဟန်းပြုပေးပါမည်ဘုရား"ဟု လျှောက်ထား၍ ပုဏ္ဏားကြီးကို ရဟန်းပြုပေးတော်မူသည်။

ထိုပုဏ္ဏားရဟန်းကြီးကား နောင်အခါသာသနာတော်၌ "ရာဓ"ဟူ၍ ထင်ရှားကျော်စောသော မထေရ်ကြီး ဖြစ်ရသည်။ ဤကား အရှင်သာရိပုတ္တရာ၏ ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးကျင့်ဝတ် ပြည့်စုံခြင်းကြောင့် ကျေးဇူးရှင်ကပ္ပိယပုဏ္ဏားကြီးရဟန်းချမ်းသာ ခံစားရခြင်းဖြစ်သည်။ ပညာရှိတို့ကား ကျေးဇူးကျင့်ဝတ် သိတော်မူကြသည်။

ထို့ပြင် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် သွေးအန်ရောဂါဖြင့် ပရိနိဗ္ဗာန်ပြုအံ့ဆဲဆဲ၌ပင် အယူမစင်ကြယ်သေးသော ကျေးဇူးရှင် မိခင်မယ်တော်ကြီးအား ကျေးဇူးဆပ်သောအားဖြင့် တရားဟောကြားလိုသောကြောင့် မိမိဖွားမြင်ရာတိုက်ခန်းသို့ကြွ၍ ကျေးဇူးဆပ်တရားဟောကြားကာ မိခင်မယ်တော်ကြီးအား အယူသန့်ရှင်းစင်ကြယ်စေခဲ့သည်။

## ညီတော် အရှင်အာနန္ဒာ

ဗုဒ္ဓ၏ ညီတော်အရှင်အာနန္ဒာသည် အလုပ်အကျွေးဖြင့် ကျေးဇူးပြုသော ရဟန်းတော်တစ်ပါးအား ကျေးဇူးဆပ်သောအားဖြင့် သင်္ကန်းဒွိစုံငါးရာ ပေးစွန့်၍ ကျေးဇူးဆပ်ခဲ့ဖူးသည်။

## အထူးကား

ဗုဒ္ဓဘုရားရှင်ပင်လျှင် ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးပြုခြင်းဟူသော ကျေးဇူးကျင့်ဝတ် မချို့ယွင်းစေရန် ဆောင်ရွက်တော်မူသည်အ။

ထို့အတူ ရဟန္တာအရိယာအရှင်မြတ်တို့လည်း ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးပြုခြင်းဟူသော ကျေးဇူးကျင့်ဝတ်မချို့ယွင်းစေရန် ဆောင်ရွက်ကြရသည်။

ဤသို့ ကျေးဇူးကျင့်ဝတ်ခရီးစဉ်ကား ဂန္ထဝင်ထင်ရှားသဖြင့် မြင့်မြတ်စင်ကြယ်သော ကျင့်ဝတ်ဖြစ်ကြောင်း သိမြင်ကြရသည်။

"ဗုဒ္ဓ" ဘုရားရှင်သည် ကျေးဇူးကျင့်ဝတ်၏ မြင့်မြတ်ခမ်းနားဖွယ်ရာတို့ကို "ကတညုတမင်္ဂလာ" ဟူသော အမည်ဖြင့် လောကအား အသိပေးခဲ့သည်။

ထို့ကြောင့် ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးပြုခြင်းဟူသော ကျေးဇူးကျင့်ဝတ်ကို ပညာရှိသူတော်ကောင်းတို့သည် အလွန်နှစ်သက်မြတ်နိုးကြသည်။ တစ်သဝေမတိမ်းကျင့်သုံးကြသည် ကျေးဇူးကျင့်ဝတ် ကျေပွန်ခြင်းဖြင့် ဘဝအား အမွှန်းတင်ကြသည်။

## ကတညုတမင်္ဂလာ ပန်ဆင်ကြစို့

စင်စစ် ဉာဏ်ပညာစွမ်းအားကောင်းသော ပညာရှိ သူတော်စင်တို့သည် ကျေးဇူးကျင့်ဝတ်နှင့် ပြည့်စုံကြသည်သာ ဖြစ်သည်။

ဘဝပါရမီ သိမ်ဖျင်းလျှင်သာ ကျေးဇူးကျင့်ဝတ်ကင်းစင်ခြင်း ဖြစ်သည်။

ကျေးဇူးကျင့်ဝတ်ကင်းစင်လျှင် "ကတညုတမင်္ဂလာ" ပန်ဆင်ရခွင့် ဆုံးရှုံးရမည်သာ ဖြစ်သည်။

ထို့ကြောင့် ကျေးဇူးကျင့်ဝတ်ပြည့်စုံခြင်းဖြင့် ဘဝအား မြင့်မြတ်စင်ကြယ်ရာ၌ တည်စေလျက် "ကတညုတမင်္ဂလာ" ပန်ဆင်ကြပါစို့။

**စိတ်မိုး**

စိတ္တွေန လောကော နီယတိ



www.burmeseclassic.com

www.burmeseclassic.com



# ခြေရာတစ်စုံရဲ့ ကျေးဇူးတရား

စိန့်ခင်မောင်မြင့်

မိမိနှင့် စာရေးဆရာညွှန့်ဝင်းကိုတို့ကို စာပေအသိုင်းအဝိုင်းက မိဘမေတ္တာရေသ စာစုတွေရေးတဲ့ စာရေးဆရာတွေလို့ အသိအမှတ်ပြုခေါ်ဝေါ်လေ့ရှိကြသည်။ မိမိတို့နှစ်ဦးကလည်း စာပေလောကထဲကို "မိဘမေတ္တာ" စာပေတွေဖြင့် ဝင်ရောက်ခဲ့ရခြင်းဖြစ်သည်။ ဟိုအရင် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်တုန်းက "နှင်းမွှန်သိမ့်" ဆိုတဲ့ ကလောင်နာမည်နဲ့ အချစ်ဝတ္ထုနဲ့ ကဗျာတွေရေးပြီး ပန်းဝေသီ၊ ရင်ခုန်သံ၊ ချယ်ရီ၊ ပေဖူးလွှာ၊ ကလျာ၊ မဟေသီ အစရှိသော မဂ္ဂဇင်းများသို့ ပို့ဆောင်ခဲ့သည်။ အမှီမရှိတဲ့အတွက်ကြောင့် စာပေနယ်မှာ နေရာမရခဲ့။ အယ်ဒီတာရဲ့ ပယ်စာရင်းခြင်းတောင်းထဲမှာ အိပ်စက်အနားယူခဲ့ရသည်။ ထိုအချိန်မှစ၍ စာရေးခြင်းကို စိတ်ကုန်ပြီး စာမရေးဖြစ်တော့ပါ။ ၂၀၁၂ ခုနှစ်မှာ ဆရာမောင်မောင်ဖြူရဲ့ "နွေဦးကာလမြူထသောအခါ" ဝတ္ထုနဲ့ ပတ်သက်ပြီး စာပေနယ်ထဲသို့ ဆရာညွှန့်ဝင်းကိုနဲ့အတူ ဝင်ရောက်ဖြစ်ခဲ့ကြသည်။

"နွေဦးကာလမြူထသောအခါ" ဘဝသရုပ်ဖော်ဝတ္ထုကို ရာပြည့်စာပေတိုက်က ဒုတိယအကြိမ်ထုတ်ဝေဖို့ ဆရာမောင်မောင်ဖြူရဲ့ စာပေမျိုးဆက် ညွှန့်ဝင်းကိုထံသို့ စာရေးဆရာ ဇင်ယော်(မာန်) ရောက်လာခဲ့သည်။ "စာပေမျိုးဆက် တာဝန်မကျေဘူးဗျာ" လို့ ကရုဏာစိတ်ဖြင့် ပြောခဲ့သည်။ ပြီးတော့ သူကိုယ်တိုင်စီစဉ်ထုတ်ဝေမယ့် မေတ္တာရှင်ဆရာတော်ဦးစီး၍ အဲဒါငါ့အဖေစာစဉ် (၁)မှာ မိဘမေတ္တာရေသ ဇာတ်လမ်းလေးတွေရေးဖို့ ဆရာညွှန့်ဝင်းကို့ကို တိုက်တွန်းခဲ့သည်။ ဆရာညွှန့်ဝင်းကိုကလည်း မိမိကိုပါ စာပေနယ်ထဲသို့ လက်တွဲခေါ်ယူပြီး သူက "အမေ့မှာတမ်း" နှင့် မိမိက "ခြေရာတစ်စုံ၏ သမိုင်းအစ" မိဘမေတ္တာရေသဝတ္ထုတွေရေးပြီး ပေးပို့ခဲ့သည်။



အမည်ရင်းမှာ ဦးခင်မောင်မြင့်ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် စာပေစတင်ရေးသားခဲ့သည်။ အကျိုချုပ်လုပ်ငန်း လုပ်ကိုင်ပြီး ဝါသနာပါရာ စာပေများ ရေးသားလျက်ရှိသည်။ သာကေတမြို့တွင် နေထိုင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ငါ့အဖေ့စာစဉ် (၁) မှာ ဆရာညွန့်ဝင်းကို ပါဝင်လာခဲ့သည်။ မိမိ မပါဝင်ခဲ့ပေ။ မိမိ မပါဝင်ခဲ့ပေမဲ့ ဆရာညွန့်ဝင်းကို ပါဝင်လာခဲ့သောကြောင့် အထူးဝမ်းသာခဲ့ရပါသည်။ City Star ခန်းမမှာ စာရေးဆရာတွေရဲ့ဂုဏ်ပြုညှိခံပွဲလေးကို မိမိကိုပါဖိတ်၍ တက်ရောက်ခဲ့ရသည်။ နောက်တစ်ကြိမ် "စိန်ခင်မောင်မြင့်ရဲ့ပွဲဖြစ်မှာ" ပါလို့ နှစ်သိမ့်စကားပြောလို့ ဝမ်းသာပီတိ ဖြစ်ရပါသည်။

၂၀၁၄ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ စံတော်ချိန်သတင်းစာကို ဖတ်ရင်း စံတော်ချိန်ရဲ့ အတွေးအမြင်စာအုပ်ကြော်ငြာကဏ္ဍမှ အဲ့ဒါငါ့အဖေစာစဉ် (၄) "ဂျိုကာဖေဖေ" နာမည်နဲ့တွေ့လိုက်ပြီး ရွေးချယ်ထားတဲ့ စာရေးဆရာတွေကို သိချင်လို့ ဖတ်လိုက်တော့ မေတ္တာရှင် (ရွှေပြည်သာ)၏ ခန္တီပါရမီရှာဝတ္ထုမှသည် ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၏ ဘတောဝါနော ဘရိယာသတိ၊ မောင်လှမျိုး (ချင်းချောင်းခြံ)၏ အကြိမ်ကြိမ်၊ ခင်မြဖင်၏ "လေပြေကလေး"၊ မနှင်းဖွေး၏ "အမှည့်တဝင်းဝင်း"၊ လယ်တွင်းသားစောချစ်၏ "မျက်နှာငယ်မှာ စိုးပါတယ်"၊ ရဲခေါင်မဲမောင်၏ "ဂုဏ်ယူရမည့်သားသမီး"၊ မောင်သာယာ၏ "ဆေးဖိုး"၊ ဆင်ဖြူကျွန်းအောင်သိန်း၏ ကျွန်တော့်အဖေနှင့် စိန်ခင်မောင်မြင့်၏ "ခြေရာတစ်စုံ၏ သမိုင်းအစ" စသည့် ခံစားမှုရသအဖုံဖုံကို ပေးစွမ်းနိုင်သည့်ဝတ္ထုများလို့ ဖတ်လိုက်မိတယ်ဆိုရင်ပဲ ရင်ထဲမှာ ဝမ်းသာကြည်နူးခြင်းတွေနဲ့အတူ ကျေးဇူးဖခင်ဖေဖေနဲ့ မွေးမိခင်မေမေတို့ကို အရမ်းသတိရသွားမိပြီး အကျီချုပ်ဆိုင်လေးမှာ ကိုးကွယ်ထားတဲ့ မိဘနှစ်ပါးဓာတ်ပုံလေးကို ဦးခိုက်ပူဇော်လိုက်မိသည်။ ဆရာညီမေတ္တာဆီ ဖုန်းဆက်၍ ကျေးဇူးတင်စကားပြောမိပြီး "အဲဒါအဖေ စာစဉ် (၄)စာအုပ်ကို ဝယ်ချင်လို့ ဘယ်ဆိုင်တွေကို တင်ပို့ရောင်းချနေပါသလဲလို့" မေးလိုက်ပြီး မြို့ထဲမှာ အလုပ်လုပ်နေတဲ့ အစ်ကိုကြီးဆီဖုန်းဆက်၍ ရုံးကအပြန်ဝယ်ခဲ့ဖို့ မှာလိုက်မိသည်။ ညနေ အစ်ကိုကြီးပြန်လာတော့ စာအုပ်ကို မြင်ချင်တွေ့ချင်ဇောနဲ့ သွားကြည့်လိုက်မိတော့ မိမိရဲ့ "ခြေရာတစ်စုံရဲ့သမိုင်းအစ" ဇာတ်လမ်းလေးရဲ့ရှေ့မှာ သက်ဆိုင်ရာပုံလေးတွေကို ထည့်ပေးထားသည်။ မိမိဇာတ်လမ်းနဲ့ လိုက်ဖက်သော ရဟန်းဝတ်အသွင်ပုံနဲ့ ခြေရာတစ်စုံကိုထည့်ပေးထားတာတွေ့ရသော ကျေးဇူးရှင် ဖေဖေနဲ့မေမေကို ပို၍သတိရပြီး ခြေရာယူခဲ့တဲ့နေ့လေးရဲ့ပုံရိပ်သဏ္ဍာန်တွေကို ပြန်လည်မြင်ယောင်ခဲ့မိသည်။ ဖေဖေနဲ့ မေမေ ဆုံးပါးသွားခဲ့တာ ဆယ်စုနှစ် နှစ်စု နှစ် (၂၀) ရှိသွားပြီ။ ဒါပေမဲ့ ခြေရာတစ်စုံနဲ့အတူ မိမိအနားမှာရှိနေတယ်လို့ ခံစားမိသည်။ အဲဒါ ငါ့အဖေစာစဉ် (၄)ထွက်ပြီး တစ်ပတ်အကြာမှာ မေတ္တာရှင်ဆရာတော်မှ "ဂျိုကာဖေဖေ" မှာပါရှိသော စာရေးဆရာများနှင့်အတူ စာရေးဆရာများ၊ အယ်ဒီတာများ၊ စာနယ်ဇင်းသမားတွေကို ဗိုလ်ချုပ်လမ်းမှာရှိတဲ့ စင်ထရယ်ဟိုတယ်မှာ စာအုပ်မိတ်ဆက်ပွဲလေးနဲ့အတူ "နလုံးသားမှာ ဘုရားတည်" ခေါင်းစဉ်ဖြင့် စာမေးပွဲဖြေဆိုရာတွင် ဆုရသူများရဲ့ ဆုပေးပွဲနှင့်အတူတွဲ၍ ဂုဏ်ပြုပွဲလေး ပြုလုပ်ပေးခဲ့သည်။ မိမိဘဝတစ်လျှောက် အခုလို ဟိုတယ်မှာ စာပေပွဲလေးကို မိမိကိုယ်တိုင် ရေးသားပါဝင်ခဲ့တဲ့ စာအုပ်မိတ်ဆက်ပွဲလေးနဲ့အတူ ကိုယ်တိုင်တက်ရောက်ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါ။ မိဘနှစ်ပါးရဲ့ကျေးဇူးကြောင့်လို့ မိမိ နားလည်လိုက်မိသည်။ သူတို့ရဲ့ကိုယ်စား ကိုယ်ပွားခြေရာတစ်စုံဇာတ်လမ်းလေးကြောင့် အခုလို လူပုံအလယ်မှာ တင့်တယ်နေရသည်။

စာအုပ်မိတ်ဆက်ပွဲလေးမှာ စာရေးဆရာအသင်း၏ ဥက္ကဋ္ဌ၊ ဆရာလယ်တွင်းသားစောချစ်ကို မိတ်ဆက်စကားသွားပြောတော့ "ကျွန်တော် ဂျိုကာဖေဖေဝတ္ထုမှာပါတဲ့ ခြေရာတစ်စုံရဲ့ သမိုင်းအစရေးတဲ့ စိန်ခင်မောင်မြင့်ပါဆရာ" "အခုလို တွေ့ရတာဝမ်းသာပါတယ်" "နောင်လည်း မိဘမေတ္တာရသတွေ ဆက်ရေးနိုင်ပါစေ" "ကျေးဇူးတင်ပါတယ်ဆရာကြီးရယ်" လို့ လက်အုပ်ချီဦးခိုက်မိသည်။ ဆရာညီမေတ္တာကလည်း "ဂုဏ်ယူပါတယ်ဆရာ" ဆရာဇင်ယော်(မာန်)ကလည်း "ဒီတစ်ခါ ကိုယ့်လူရဲ့ပွဲဖြစ်သွားပြီနော်" ကျွန်စာရေးဆရာများဖြစ်ကြသော ဆရာသန်းဝင်းရှိန်၊ မောင်လွမ်းရည် (ရွှေတောင်)၊ မောင်ယဉ်လှိုင်း (ဟင်္သာတ)၊ ဆရာနေမင်းချို၊ ဆရာမြစိုးလွင်၊ ဆရာမ မနွယ် (ကလော)၊ ဆရာမ ရွှေယဉ်နု၊ ဆရာမဖွန်ဖြူ (ပညာရေး)၊ ဆရာမ မကျေးဥ၊ ဆရာ ဆရာမတွေရဲ့ ဂုဏ်ပြုစကားတွေကြောင့် ခြေရာတစ်စုံရဲ့ကျေးဇူးတရားလေးဟာ မိမိအတွက် ပွဲလည်တင့်နေသည်။ "စင်ထရယ်ဟိုတယ်ခန်းမ" ထဲကနေ ကွယ်လွန်သွားကြပြီဖြစ်တဲ့ ကျေးဇူးရှင် ဖေဖေနဲ့မေမေ ဦးခိုက်ရှိခိုးလိုက်မိပါသည်။

ခြေရာတစ်စုံရဲ့ လှိုင်းဂယက်က တစ်ပတ်အတွင်းမှာ တုံ့ပြန်သံတွေ ကြားလာခဲ့ရသည်။ စာပေမိတ်ဆွေများနှင့် ဓမ္မမိတ်ဆွေများထံမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ခြေရာတစ်စုံရဲ့ သမိုင်းအစ" ဝတ္ထုလေးကို သားသမီးတွေကို ဖတ်ခိုင်းလိုက်တော့ သူတို့လေးတွေက ကျွန်တော်တို့ရဲ့ မိဘနှစ်ပါးရဲ့ ခြေရာတစ်စုံကို ယူပါရစေလို့ ခွင့်တောင်းလာကြတယ်"

"ကျွန်တော့်သားက သူ့ရဲ့လုပ်အားခကို ကျွန်တော့်ထံ အပ်ပြီး ခြေရာယူဖို့ ဖွင့်ပြောလာတယ်။ ဝမ်းသာလွန်းလို့ မျက်ရည်တောင် ကျရပါတယ်ဗျာ"

ဝမ်းသာကြည်နူးခြင်းအသံလှိုင်းတွေကြောင့် မိမိမှာ ပီတိဖြစ်ခဲ့ရသည်။ စာအုပ်မိတ်ဆက်ပွဲကျင်းပပြီး နှစ်လအကြာမှာ ဆရာညွှန့်ဝင်းကိုမှ စာရေးဆရာမြချစ် (ရွှေတောင်) အား မိမိအင်္ကျီချုပ်နေတဲ့ပုံနဲ့အတူ အင်္ကျီချုပ်သင်ပေးတဲ့ ဆရာဓာတ်ပုံရယ် ဖေဖေ မေမေတို့ရဲ့ဓာတ်ပုံကို နောက်ခံထားပြီး ဓာတ်ပုံလာရိုက်သည်။ ပြီးတော့ အမေ့အိမ်ကိုသွားပြီး ခန်းဆီးထိပ်ဝမှာ မှန်ဘောင်သွင်းထားတဲ့ ဖေဖေနဲ့ မေမေ ခြေရာတစ်စုံကို ဓာတ်ပုံရိုက်ယူသွားသည်။ သိပ်မကြာခင်မှာပဲ "Essential Days" ဂျာနယ်မှာ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ၏ လုပ်ဆောင်မှုများကို ဂုဏ်ပြုချီးမွမ်းနေရခြင်းထက် သူလိုကိုယ်လို သာမန်လူတွေထဲက စိတ်ထားမြင့်မြတ်သူ ဗီဇရိုက်ကောင်းသူ၊ ပရဟိတ လူမှုဝန်ထမ်းစိတ်ရှိသူတချို့၏ လုပ်ဆောင်မှုတို့ကိုလည်း စာရေးသူတွေရှိခဲ့သဖြင့် လေးစားအတုယူစရာအဖြစ် တင်ပြလိုက်ရပါသည်ဟု အစချီ၍ "မိဘခြေရာကိုးကွယ်ပါ" ဆိုတဲ့ ဆရာညွှန့်ဝင်းကိုရဲ့ဆောင်းပါးလေးတစ်ပုဒ် ပါလာခဲ့သည်။ စာရေးသူကိုယ်တိုင် မိမိအား ဝမ်းသာအားရလာပြပြီး "စိန်ခင်မောင်မြင့်တို့ရဲ့ ခြေရာတစ်စုံ" က ဘုန်းတန်ခိုးတက်ပြီး အစွမ်းထက်နေပါလားဆိုပြီး ချီးကျူးစကားပြောခဲ့သည်။ မိမိဓာတ်ပုံနဲ့အတူ ဖေဖေ၊ မေမေတို့ရဲ့ ခြေရာတစ်စုံပုံလေးကို တွေ့လိုက်တယ်ဆိုရင်ပဲ ရင်ထဲမှာ ပြောမပြနိုင်လောက်အောင် ဝမ်းသာပီတိ ဖြစ်ခဲ့ရသည်။

"ခြေရာတစ်စုံရဲ့ သမိုင်းအစ" သမိုင်းတွင်ရစ်ပေလေတော့သည်။

ဂျာနယ်ကို ဖတ်မိသူတိုင်း မိမိကဲ့သို့ မိဘတွေရဲ့ခြေရာကို ယူပြီး တန်ဖိုးထားကိုးကွယ်ကြတော့မှာပါလားဆိုတာ တွေးရင်း ပီတိလှိုင်းတွေ ဖြစ်မိတော့သည်။

ခြေရာတစ်စုံကြောင့် မိမိ စာရေးဆရာ ဖြစ်ခဲ့လေပြီ။ ဂျာနယ်တွေမှာ၊ ဆောင်းပါးတွေ အများကြီးရေးဖြစ်ခဲ့သည်။ ရွှေမိုးညွှန်းစာစဉ်ကထုတ်ဝေတဲ့ စာစဉ် (၅) အထိ မိဘမေတ္တာ ရသစာစုရေးတဲ့ ပင်တိုင်စာရေးဆရာ ဖြစ်ခဲ့သည်။ တခြားမဂ္ဂဇင်းတွေထဲမှာလည်း ဝတ္ထုတွေ ရေးပို့ဖြစ်ခဲ့သည်။ ဘဝ၊ ရသ၊ ဓမ္မတွေရေးနေတဲ့ စာရေးဆရာတစ်ယောက် ဖြစ်ခဲ့ရသည်။

မိမိ အခုလို စာရေးဆရာတစ်ယောက် ဖြစ်နေပြီဆိုတာကို ကျေးဇူးရှင် ဖေဖေနဲ့ မေမေကို မြင်စေချင်သည်။ လွယ်အိတ်ကလေးလွယ်ပြီး စာရေးဆရာဖြစ်နေတဲ့သားကိုကြည့်ပြီး ဝမ်းသာပီတိ ကြည်နူးခြင်းတွေနဲ့အတူ သားရေးတဲ့ ဝတ္ထု၊ ဇာတ်လမ်းနဲ့ ဂျာနယ်တွေကို ကိုင်ပြီး အသိမိတ်ဆွေတွေကို ကြွားနေဦးတော့မည်။

မိမိအလုပ်က အပြန် ဖေဖေနဲ့မေမေရဲ့မိသားစုအိမ်လေးကိုဝင်၍ မိမိအကြောင်းကို ရေးထားတဲ့ "မိဘခြေရာကိုးကွယ်ပါ" ဂျာနယ်စာစောင်လေးကိုကိုင်ပြီး အိမ်ခန်းဝမှာ တခမ်းတနား မှန်ဘောင်သွင်းထားသော မိမိအသက် (၃၀) ပြည့်နေ့တွင် ယူထားတဲ့ မိဘနှစ်ပါးရဲ့ ခြေရာတစ်စုံကို ငေးမောကြည့်ရင်း . . .။

ဖေဖေနဲ့ မေမေ . . .

အသက်ထင်ရှားမရှိခဲ့သော်ငြားလည်း သားသမီးတွေအပေါ် နွေးထွေးခြင်း မေတ္တာဓာတ်တွေ ပေးနေတဲ့ နေမင်းတစ်ဆူလိုပါပဲလား။ အေးမြငြိမ်းချမ်းသော ချစ်ခြင်းတွေ ပေးနေတဲ့ လမင်းတစ်ဆူလိုပါပဲလား။ နေမင်းနဲ့ လမင်းဟာ လူသားတွေအတွက် အစဉ်အမြဲ အကျိုးပြုနေသလို ဖေဖေနဲ့ မေမေတို့ကလည်း သားဘဝမှာ အကျိုးထူးတွေ ပေးနေဆဲပါလား။ အသက်ရှုနေသမျှ၊ မိဘမေတ္တာရသစာစုတွေရေးနေသမျှ အစဉ်အမြဲ နှလုံးအိမ်ထဲမှာ သတိတရ ရှိနေမှာပါ။ ပြာသိုလရောက်တိုင်း ပို၍ ပို၍ သတိရနေတော့မှာပါ။ ပြာသိုလမှာ ဖေဖေနဲ့ မေမေတို့၏ ခြေရာတစ်စုံကို ယူခဲ့လို့ပါပဲ။ ခြေရာတစ်စုံယူခဲ့သော နေ့လေးတစ်နေ့မှာ ဖေဖေနဲ့ မေမေတို့၏ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း ပီတိ အပြုံးတွေလွှမ်းနေတဲ့ မျက်နှာလေးတစ်စုံကို အတွေးစိတ်၊ လွမ်းတဲ့စိတ်တွေနဲ့အတူ "အနိုင်းမဲ့ကျေးဇူးရှင်" ဖေဖေ၊ မေမေကို အခါခါဦးခိုက်ကန်တော့လိုက်မိပါတော့သည်။

**စိန်ခင်မောင်မြင့်**



www.burmeseclassic.com

www.burmeseclassic.com



# မိမိ၏ကျေးဇူးရှင်

## ဆင်ဖြူကျွန်းကျော်လှိုင်ဦး



ဘာသာ၊ သာသနာရေးဆိုင်ရာ ဆောင်းပါးများနှင့် တိုင်းရင်းဆေး ဆောင်းပါးများ ရေးသားသည်။ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းနှင့် မြို့နယ်တိုင်းရင်းဆေးဆရာများအသင်းတို့တွင် ဘဏ္ဍာရေးမှူး တာဝန်များ ထမ်းဆောင်လျက်ရှိသည်။

မင်္ဂလာတရားတော်၌ ကတညုတာ သူ ပြုခဲ့ဖူးသော ကျေးဇူးကိုသိခြင်းသည် မင်္ဂလာမည်၏။ ကျေးဇူးမှာ ဥစ္စာပေးခြင်း၊ အတတ်သင်ပေးခြင်း၊ ဆုံးမခြင်း၊ ဘေးရန်ကာကွယ်ပေးခြင်း စသည်တို့ဖြစ်၏။ ပြုအပ်သော သူတစ်ပါး၏ ပြုခဲ့ဖူးသော ကောင်းမှုကိုပင် ကတညုတာ ကျေးဇူးသိတတ်သူ မည်ကြောင်း ကတညုတာမင်္ဂလာ၌ ဖွင့်ပြဆို၏။

မိမိသည် အသက်အားဖြင့် (၇၀) အရွယ်သို့ ရောက်လာပြီဖြစ်၏။ ဘဝတစ်ခု၏ နိဂုံးပိုင်း၊ ဇရာပိုင်းရောက်လာပေပြီ။ ထို တစ်ဆယ်စုနှစ် ခုနှစ်အတွင်း နှစ်ပေါင်း (၇၀) နှစ်ခရီးအတွင်းမှာ ဘဝမျိုးစုံအတွေ့အကြုံမျိုးစုံတို့ဖြင့် ဖြတ်သန်းလာရချိန်မှာ ကျေးဇူးတင်ထိုက်သူတွေ များစွာရှိခဲ့ပေသည်။

ထိုများစွာသော ကျေးဇူးရှင်တွေထဲမှ ကျေးဇူးရှင်တစ်ဦးကို ထုတ်ဖော်မြွက်ကြားစာရှုသူတို့အား တင်ပြလိုပါသည်။

ထိုစဉ်အခါက မိမိ၏အသက်သည် (၂၄) နှစ်အရွယ်သာ ရှိသေး၏။ သွက်လက်တုန်း၊ ဖျတ်လတ်တုန်း၊ လျင်မြန်ပေါ့ပါးတုန်း အရွယ်ဖြစ်၏။ ဟင်္သာတမြို့ အုတ်ကျောင်းမှာ နေစဉ်အခါကဖြစ်၏။ ၁၉၆၈ - ခုနှစ်မှာ မိမိသည် ပထမလတ်တန်းအောင်မြင်၍ ၁၉၆၉ - ခုနှစ် တစ်နှစ်နားပြီးနေမည်။ ပထမတန်းကြီးအတွက် ကျက်စရာရှိသည့် စာများကိုလည်း ကျက်မှတ်နေမည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုနားနေစဉ်ကာလအတွင်းမှာ နိုင်ငံတော်၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးပညာ အရည်အချင်းစစ်စာမေးပွဲကို ၁၉၆၉ – ခုနှစ်တွင် နောက်ဆုံးဖြေဆိုခွင့် ကျင်းပပေးမည်။ နောင်ကျလျှင် တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့ကိုသာ ဖွင့်သင်ကြားပေးတော့မည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်းရှိ ဆေးဆရာများအား အရည်အချင်းစစ်စာမေးပွဲကို နောက်ဆုံးအကြိမ် ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာ၏။ (ထိုစဉ်က ရဟန်းသံဃာတော်များလည်း ဖြေဆိုခွင့်ပြု၏။)

ဤတွင် မိမိသည် တိုင်းရင်းဆေးကိုလည်း ဝါသနာပါ၊ အကြီးတန်းကိုလည်း မဖြေဘဲ နားနေသည့်အတွက် ဒါအခွင့်အရေးတစ်ခုပဲဟု ဆုံးဖြတ်ချက်ချကာ တိုင်းရင်းဆေးပညာသင်ကြားပေး သင်တန်းဖွင့်နေသော ဆရာဦးမြင့်မောင်၊ ဆရာဦးကျော်သန်း၊ ဆရာဦးတင်မြတို့၏ သင်တန်းသို့ တက်ရောက်၍ နယသုံးဘာသာ ပြဋ္ဌာန်းသော ကျမ်းရင်း (၁၁) ကျမ်း တိုင်းရင်းဆေးကျမ်းစာများကို သင်ကြားဖြစ်ခဲ့၏။

ထိုစဉ် ပြဿနာပေါ်လာ၏။ စာချဆရာတော်က ပထမကြီးတန်းမဖြေလျှင် ဤကျောင်းမှာ မနေရဟု နှင်ချခံရလေ၏။ မိမိသည် စိတ်ညစ်သွား၏။ ဇာတိရပ်ရွာနှင့်လည်းဝေး၊ တိုင်းရင်းဆေးလည်း သင်ချင်တက်ချင်။ ပထမကြီးတန်းကို ဒီနှစ်ဖြေလျှင်လည်း ကျရှုံးမယ့်အတူ ဆေးပညာကိုပဲ ပေါက်ပေါက်ရောက်ရောက်ဖြစ်အောင် သင်ကြားမည်ဟု ဆုံးဖြတ်မိ၏။

ဤသို့ ပြဿနာပေါ်လာတော့ မိမိသည် ဘာလုပ်ရ ဘာကိုင်ရမှန်းမသိ ဖြစ်နေစဉ် အတူနေသူငယ်ချင်းဖြစ်သူ ဦးတောသိယ (ယခုဟင်္သာတမြို့နယ်၊ တာကွေ့ရွာကျောင်းဆရာတော်)က မိမိကို ကူညီသည့်အနေနှင့် သူ၏ရွာကျောင်းမှာ ခေတ္တနေရန်ပြော၍ ဒေါင့်ကြီးရွာ သတိပဋ္ဌာန်ကျောင်းမှာ မိမိနှင့် ဦးတောသိယတို့ အတူသွားနေဖြစ်ကြ၏။ သူသည် သူ၏ပညာသင်ရေးကို ရပ်ဆိုင်းထားခဲ့ပြီး မိမိနှင့်အတူ ဆင်းရဲခံပြီး မိမိဘဝကို အနစ်နာခံပြီး လိုက်နေ၏။ စားရေးသောက်ရေးများကိုလည်း သူကပင် တာဝန်ယူကျွေးမွေး၏။

စာရေးသူသည် ပေါ့ပေါ့နေ၍ မရတော့။ ဒီတိုင်းရင်းဆေးပညာစာမေးပွဲကို အောင်မှဖြစ်မည်။ မအောင်လျှင် ကဲ့ရဲ့ခံရမည်။ ဘဝနှင့်ရင်းပြီး ဖြေဆိုရမည်ဖြစ်၍ မအောင်လို့မဖြစ်၊ အောင်မြင်အောင် ကြိုးစားရမည်ဟု မိမိ၏ စိတ်ဓာတ်ကို မြှင့်တင်ပြီး ဆန္ဒအဓိပတိများ တက်ကာသင်ယူခဲ့၏။ မိမိတိုင်းရင်းဆေးဆရာတစ်ယောက် ဖြစ်လာရသည်မှာ လွယ်လွယ်ကူကူ ဖြစ်လာရသည်မဟုတ်။ အခက်အခဲပေါင်းများစွာကို ကျော်လွှားပြီး သူငယ်ချင်းဖြစ်သူ တာကွေ့ကျောင်းဆရာတော် ဦးတောသိယ ကူညီပံ့ပိုးမှုကြောင့် တိုင်းရင်းဆေးဆရာတစ်ယောက် ဖြစ်လာခဲ့ရခြင်း ဖြစ်ပါ၏။ ကျေးဇူးများစွာ ကြီးလှပေစွတကား။

ဇလွန်မြို့နယ်၊ ဒေါင့်ကြီးရွာရောက်တော့ အေးချမ်းစွာပင်နေရင်း တိုင်းရင်းဆေးစာတွေကို အလွတ်ကျက်၏။ မှတ်၏။ သဒ္ဒါ သင်္ဂြိုဟ်များ ကျက်သကဲ့သို့ တိုင်းရင်းဆေးစာများကို နေ့အခါမှာ အလွတ်ကျက်၏။ အာဂုံရအောင်ပြု၏။ ညအခါမှာ နေ့ကျက်ပြီးသားစာများကို အလွတ်အာဂုံပြန်ဆို၏။ ကြိုးစားလျက်နေ၏။ စာမေးပွဲဖြေဆိုဖို့ကတော့ လိုသေး၏။ ကဆုန်လလောက်မှ ဖြေရမှာ။ ခုမှ နတ်တော်လလောက် ရှိသေး၏။ စာတွေကတော့ အတော်ရနေပြီဖြစ်၏။ ဒါပေမဲ့ စိတ်ကတော့ အားမရလှသေးပေ။ အတိုက်အခံဖြစ်ပြီး သင်ကြားခဲ့ရသော ပညာဖြစ်၍ မအောင်လျှင်မဖြစ်၊ အောင်ကို အောင်

> အောင်မြင်အောင် ကြိုးစားရမည်ဟု မိမိ၏စိတ်ဓာတ်ကို မြှင့်တင်ပြီး ဆန္ဒအဓိပတိများတက်ကာ သင်ယူခဲ့၏။ မိမိ တိုင်းရင်းဆေးဆရာတစ်ယောက် ဖြစ်လာရသည်မှာ လွယ်လွယ်ကူကူ ဖြစ်လာရသည်မဟုတ်။ အခက်အခဲပေါင်းများစွာကို ကျော်လွှားပြီး သူငယ်ချင်းဖြစ်သူ တာကွေ့ ကျောင်းဆရာတော် ဦးတောသိယ ကူညီပံ့ပိုးမှုကြောင့် တိုင်းရင်းဆေးဆရာတစ်ယောက် ဖြစ်လာခဲ့ရခြင်း ဖြစ်ပါ၏။ ကျေးဇူးများစွာ ကြီးလှပေစွတကား။



www.burmeseclassic.com

www.burmeseclassic.com



မှ ဖြစ်မည်။ အောင်မြင်မှုသေချာစေရန် ဇလွန်မြို့တစ်ဖက်ကမ်း အေးရွာကျောင်းပေါင်းကျောင်းတိုက်မှ ဦးသာဂိန္ဒ တိုင်းရင်းဆေးပညာသင်ကြားပေးနေသော သင်တန်းသို့ သွားပြီး တက်ရောက်ပညာသင်ကြားခဲ့ပြန်၏။

ဤသင်တန်းတက်လိုက်သောအခါ နဂိုက မရှင်းမလင်းတာတွေ နားမလည်တာတွေ ရှင်းလင်းနားလည်သွား၏။ မိမိကိုယ်မိမိလည်း အောင်မြင်ပြီဟု သေချာပေါက်တွက်မိ၏။

ဆရာတော် ဦးသာဂိန္ဒသည် ထိုအချိန်က သင်တန်းသားရဟန်းတော်၊ ကျား မအားလုံး (၅၀)ကျော်ခန့် သင်ကြားပေး၏။ စေတနာပါပါနှင့် တတ်သိနားလည်သည်အထိ စိတ်ရှည်လက်ရှည် သင်ကြားပေး၏။ အစားအစာလည်း ကျွေးမွေး၏။ ပညာကိုလည်း အခမဲ့သင်ကြားပေး၏။ ကျေးဇူးကြီးမားလှပေစွ။ (ယခုအခါ ပျံလွန်တော်မူသွားပြီဖြစ်၍ ကျေးဇူးမဆပ်လိုက်နိုင်တော့ပါ။ သို့သော် ဆရာတော် သင်ကြားပေးလိုက်သော တိုင်းရင်းဆေးပညာများဖြင့် ပြည်သူနှင့် စခန်းဝင်ယောဂီများကို အခမဲ့ကျန်းမာရေး ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးနေပါသည်။)

သို့နှင့်ပင် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ၁၉၆၉ - ခုနှစ်၊ နောက်ဆုံးဖြေဆိုရသော တိုင်းရင်းဆေးစာမေးပွဲတွင် လွယ်ကူစွာဖြေဆိုနိုင်၍ အောင်မြင်ခြင်းသို့ ရောက်ခဲ့၏။ မိမိသည် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ကြိုးစားခဲ့ရသမျှ အရာထင်အောင်မြင်ခဲ့ပြီဖြစ်၍ မိမိမှာ ဖော်မပြတတ်လောက်အောင်ပင် ဝမ်းသာပီတိဖြစ်မိ၏။ သူငယ်ချင်းဖြစ်သူ ဦးတောသိယကိုလည်း များစွာပင် ကျေးဇူးတင် မိ၏။ (ယနေ့ ရန်ကုန်တိုင်းမှာ တိုင်းရင်းဆေးဆရာတစ်ယောက်အနေနှင့် ပေါ်လွင်ထင်ရှားပြီး ပြည်သူများကို ကုစားပေးနေနိုင်သည်မှာ မိမိ၏ကျေးဇူးရှင် ဆရာတော် ဦးတောသိယ ကူညီခဲ့၍သာ ဖြစ်ပါကြောင်း ကျေးဇူးရှင်ကို နေ့စဉ်ဘုရားရှိခိုးပြီးတိုင်း အထူးပြုမေတ္တာပို့ အမျှဝေမိ၏။)

သို့နှင့် မိမိ၏ ကျေးဇူးရှင် ဦးတောသိယနှင့် နှစ်ပေါင်း (၃၅) နှစ်ကျော်မျှ ဝေးကွာခဲ့ရ၏။ လူချင်းမတွေ့၊ အဆက်အသွယ်မရှိ ဖြစ်ခဲ့ရ၏။ ၂၀၁၂ခုနှစ်၊ စာမူကိစ္စတစ်ခုနှင့် ဟသ်ာတမြို့အတွင်း ပတ္တမြားစာသင်တိုက် စာချဆရာတော် ဦးဝိလာသထံ (အုတ်ကျောင်းမှာ အတူနေခဲ့ရသော ဆရာတော်) ရောက်ရှိစဉ် ဦးတောသိယ တာကွေ့မှာ ကျောင်းထိုင်နေကြောင်းသိရ၍ သွားရောက်တွေ့ဆုံရာ မမှတ်မိ၊ သေချာပြောပြတော့မှ မှတ်မိပြီး ဝမ်းမြောက်ဝမ်းသာ ရေးဟောင်းနှောင်းဖြစ်များကို ပြောမကုန် ဖြစ်နေကြ၏။

၂၀၁၃ ခုနှစ် တစ်နေ့မှာ ရန်ကုန်သို့ မိမိကျေးဇူးရှင် ဦးတောသိယ ရောက်ရှိစဉ် မိမိအိမ်သို့ပင့်၍ ဆွမ်းကပ်၊ သင်္ကန်းကပ်၊ ဝတ္ထုပစ္စည်းများကပ်၍ ကျေးဇူးဆပ်မိ၏။ ကျေးဇူးတရားတို့ကား ဤမျှဖြင့်လည်း မကုန်သေး။ ပေးဆပ်နေဦးမည်ဟု အမြဲအောက်မေ့နလုံးသွင်းနေမိ၏။

မိမိသည် ယခုအခါ အသက် (၇၀)သို့ ရောက်ရှိနေပြီ ဖြစ်သော်လည်း အသက် (၂၄)နှစ်အရွယ်က မိမိ၏ ဘဝအခက်အခဲများကို ကိုယ်ကျိုးစွန့်၍ အကူအညီပေးခဲ့သော ဟသ်ာတမြို့နယ်၊ တာကွေ့ကျောင်းဆရာတော် ဦးတောသိယ၏ ကျေးဇူးတရားများကို အစဉ်အောက်မေ့လေးစားလျက် ရှိနေပါကြောင်း မိမိ၏ ကျေးဇူးရှင်တွေများစွာထဲမှ ဤတစ်ဦးကို ရွေးထုတ်နုတ်ဖော်ပြလိုက်ရပါသည်။

**ဆင်ဖြူကျွန်း ကျော်လှိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်နှစ်နာရီ
# ထမင်း

**ဆွန်အဲလူ**

ဆင်းရဲမွဲတေမှုအား တခုတ်တရ စာဖွဲ့ကြသူ အရေအတွက် များများစားစား တွေ့ခွင့်ရှိလာခဲ့ပါသည်။ ၂၀၁၀ ၏ ဟိုဘက်ပိုင်းတုန်းက ဆင်းရဲသည့်ကိစ္စအား မှန်ပင်မှန်ငြားသည့်တိုင် ပေါ်ပေါ်ထင်ထင် ရေးခွင့်မသာခဲ့သည်မှာ သမိုင်းတစ်ရပ်အဖြစ် (အခုတော့) ကျန်ခဲ့ပါပြီ။ သို့သော် စာဖွဲ့ခံရသော ဆင်းရဲမွဲတေမှုကတော့ သူ့အကြောင်း သီးသီးသန့်သန့် တင်စားနေကြလေမှန်း သိမှာမဟုတ်ပါ။

ဤနေရာတွင် အခြင်းအရာတစ်ရပ် ဖြစ်ထွန်းလာပါသည်။ ဆင်းရဲသည့်အကြောင်း စကားစပ်မည်ဆိုလျှင် အဆိုပါ ဆင်းရဲမှုသည် ဗယော်ဗယ ကြည့်ပျော်ရှုပျော်လောက် ရှိနေမှ စာဖွဲ့လို့ တင့်တယ်သည့်အကြောင်း ဖြစ်ပါမည်။ နားမရှုပ်စေလိုပါ။ ရေခဲတုံးကို တင်ပြမည်ဆိုမှတော့ ထိုရေခဲတုံးသည် ရေခဲတုံး၏ ပုံပန်းသဏ္ဍာန်အတိုင်း ရှိနေဖို့သင့်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ရေခဲတုံးဟု လက်ညှိုးထိုးပြသည့်အချိန်တွင် ထိုအရာသည် အရည်ပျော်ခဲ့ပြီးဖြစ်လျက် "ရေခဲပျက်" ဘဝ ရောက်နေမည်ဆိုလျှင် မဟာန်တော့တာဖြင့် သေချာပါသည်။

ဆင်းရဲသည်။ သို့သော် ထိုဆင်းရဲခြင်းသည် ဆင်းရဲမှု ရေချိန်အောက်သို့ အဆမတန် စိုက်ဆင်းထိုးကျနေခဲ့ပြီဆိုပါလျှင် ယုတ္တိလွန် အနေအထားသို့ အရှိန်လွန်ရောက်ရှိသွားပြီ ဖြစ်သဖြင့် ယုံနိုင်စရာ အခြေအနေရှိမှာ မဟုတ်တော့ပါ။

ဆင်းရဲသားများအနက် လက်လုပ်လက်စားဟူသည့် လုပ်အားကို ရောင်းစားသူသာ ဖြစ်ပါသည်။ ဆိုပါစို့ မောင်ကျစ်သည် ကူလီတစ်ယောက်ဖြစ်သည်။ သူက ဆယ်ပိဿာလေးသော အထုပ်တစ်ထုပ်ကို ပေတစ်ရာ အဝေးသို့ သယ်ပို့ပေးလျှင် ငွေ

သူတောင်းစား၏ အထက်၊ ဒိုးမဲ့ဒိမ်မဲ့၏အောက်နား (ယင်းကဲ့သို့ လူတန်းမဝင်သူတန်းမဝင်) ဘဝ၏ ခါးသီးမှုနှင့် နာကျင်ခြင်းဝေဒနာတွေအကြောင်း မကြုံဖူး မခံစားဖူးသူများ နှစ်နှစ်ကာကာ သဘောမပေါက်နိုင် ဆိုချင်ပါသည်။ မိသားစုထမင်းဝိုင်းအတွက် အချိုမှုန့်သည် နတ်သုဒ္ဓါ ဖြစ်လို့နေ၏။ ဆားတစ်တို့နှင့် ငါးပိရည်တစ်ပန်းကန်အား ရောမဟင်းအမည်ကြီးတစ်ခုကဲ့သို့ အားထားလို့နေရ၏။ ဆီဆိုသည်မှာ ဖိမ်ခံပစ္စည်းသက်သက်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးဆယ်ရသောအလုပ်ကို လုပ်သည်။ သူ့အား အထုပ်သယ်ခိုင်းသူက လုပ်အားဝယ်သူဖြစ်ပြီး မောင်ကျစ်က လုပ်အားရောင်းသူဖြစ်သည်။ ဤသည်မှာ လုပ်အားကို တိုက်ရိုက်ရောင်းချခြင်းသက်သက် ဖြစ်ပါသည်။

ထိုသို့မဟုတ်ဘဲ မောင်ကျစ်က သူ ကုန်ထမ်းခွင့်မရှိသောအချိန်မှာ ဝါးလုံးရှာပြီး ထိုကုန်ကြမ်းပစ္စည်း (ဝါးလုံး) အားဓားဖြင့်ခွဲခြမ်းစိတ်ဖြာပြီး ချည်နှောင်ထုပ်ပိုးရာတွင်သုံးသော နှီးအဖြစ် ပြုလုပ်အသွင်ပြောင်းကာ ရောင်းချခြင်းအမှုလည်း ပြုကောင်းပြုနိုင်ပါသေးသည်။ ယခုလိုမျိုးကိစ္စကိုတော့ လုပ်အားကို တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်ရောင်းချခြင်းဟု ခေါ်ရမှာ ဖြစ်ပါသည်။

ရောင်းတာချင်းအတူတူ လုပ်အားဝန်ဆောင်မှုကိုဖြင့် ရုပ်ပျက်ရည်ပျက် မည်သူမျှ ရောင်းချင်မည်မဟုတ်ပါ။ စိန်၊ ပတ္တမြား၊ နီလာ စသော ကျောက်မြက်တွေ၊ ရွှေတို့၊ ပလက်တီနမ်တို့လို အထက်တန်းကျကျ အဖိုးထိုက် အဖိုးတန်တွေကိုသာ ခန့်ခန့်ညားညား စတိုင်နှင့် မလိုင်နှင့် ရောင်းလိုသည်သာ ဖြစ်ပါသည်။

သို့သော် လက်ထဲမှာ ရောင်းစရာပစ္စည်း တူတူတန်တန် မရှိသူအဖို့ ငွေကြေးအရင်းအနှီးလောက်လောက်လားလား စိုက်စရာမလိုသော ကြွက်သားကို ညှစ်ရုံဖြင့် ရနိုင်သော "ကာယလုပ်အား" ကို ရောင်းချစားသောက်ရန်မှတစ်ပါး အခြားမရှိတော့ပါ။

အခြေအနေဆိုးတစ်ရပ်၏ ပစ်ချခြင်းခံရသော တစ်နေ့တွင် ပုံပျက်ပန်းပျက် ဆင်းရဲမှုတစ်ခုသည် မိမိထံသို့ တည့်တည့်ကြီး ဆိုက်ရောက်လာသောအခါ ဘာမှ မတတ်နိုင်ပါ။ လက်လှုပ်ပါးစပ်လှုပ် သို့မဟုတ် ကြွက်သားလှုပ်မှ အထက်မေးအောက်မေးလှုပ်ခွင့်ရှိသော ဘဝသည် လူ့ဘဝနှင့် တိရစ္ဆာန်ဘဝ၏ (နယ်စပ်)ဖြစ်သည်ကို မသိခဲ့ရိုးလည်း အမှန်ပင် ဖြစ်ပါသည်။

ခြင်ထောင်မရှိ၊ စောင်မရှိ၊ မျက်နှာသုတ်ပဝါမရှိ၊ ဖိနပ်မရှိ၊ ဆန်အိုးမရှိ၊ မနက်တစ်နပ်ပြီးလျှင် ညတစ်နပ်အတွက် ဘယ်လို ဖန်တီးရမှန်းမသိ။ ယင်းအခြေအနေ၌ လုပ်အားကို ရောင်းစားရန်လည်းကောင်း၊ သို့တည်းမဟုတ် လိမ်လည်စားရန်လည်းကောင်း၊ ခိုးဝှက်စားသောက်ရန်လည်းကောင်း၊ အဆုံးစွန်၌ လုယက်စားသောက်ရန်လည်းကောင်း လတ်တလော အဆင်ပြေမှုအတွက် ဘာကိုပဲဖြစ်ဖြစ် မျက်စိမှိတ်ပြီး နင်းချရန် အလွန်နီးစပ်လို့နေခဲ့ကြောင်း ထိုသို့လုပ်ရန်လည်း သိပ်ပြီးတော့ ဝန်မလေးခဲ့ကြောင်း နောင်တော့ ပြန်တွေးဖြစ်ခဲ့ပါသည်။

မှန်ခဲ့သည်။ အငိုက်မိခဲ့သည်ဟူ၍ ပြောလို့ရမည်ထင်ပါသည်။ အကြောင်းသော် မိမိဝမ်းတစ်ထွာအရေးထက် မိမိကိုယ်ပွား မိမိသွေးသားလေးတွေရဲ့ဆာလောင်ညှိုးငယ်သော အမူအရာလေးများက မိမိအား အသည်းအသန် မီးမြှိုက်နေသောကြောင့် ဖြစ်ပါသည်။

ရှေးနွားကဆိုခဲ့သော "ရေခဲပျက်" သို့မဟုတ် ဆင်းရဲတွင်း၏ အနက်ဆုံးအဝီစိဘုံသို့ ရောက်သလို ဘဝမျိုးအား မည်သူမျှ ရချင်မည် မဟုတ်ပါ။ မြည်းစမ်းကြည့်ချင်မည် မဟုတ်ပါ။ သို့သော် ယခုအချိန်တွင် မိမိ၌ ဆင်းရဲထုပ်ကြီး ပိုက်မိလို့နေပါပြီ။

သူတောင်းစား၏ အထက်၊ အိုးမဲ့အိမ်မဲ့၏ အောက်နား (ယင်းကဲ့သို့ လူတန်းမဝင် သူတန်းမဝင်) ဘဝ၏ ခါးသီးမှုနှင့် နာကျင်ခြင်း ဝေဒနာတွေအကြောင်း မကြုံဘူး မခံစားဘူးသူများ နှစ်နှစ်ကာကာ သဘောမပေါက်နိုင် ဆိုချင်ပါသည်။

မိသားစု ထမင်းဝိုင်းအတွက် အချိုမှုန့်သည် နတ်သုဒ္ဓါဖြစ်လို့နေ၏။ ဆားတစ်တို့နှင့် ငါးပိရည် တစ်ပန်းကန်အားဖရောမဟာင်းအမည်ကြီးတစ်ခုကဲ့သို့ အားထားလို့ နေရ၏။ ဆီဆိုသည်မှာ ဇိမ်ခံပစ္စည်းသက်သက်။

ထိုစဉ်ခိုက်ကား မင်္ဂလာဖိတ်စာတို့မလာ။ သာရေးနာရေးသည် မိမိတို့နှင့် ရန်ငြိုးရန်စရှိသူပမာ ဝေးဝေးရှောင်၏။ ဧည့်သည် နတ္ထိ။ လမ်းမှာ တွေ့သူတိုင်း မျက်နှာလွှဲသဖြင့် နှုတ်ဆက်ရသက်သာတာ အမြတ်ထွက်သည်။

အသက်မွေးဝမ်းကျောင်း ပရိယေသနအတွက် ကြွက်သား လောင်စာတစ်ခုတည်းဖြင့်သာ ခုတ်မောင်းရ၏။ ကူလီကူငှား၊ နေ့စား၊ ပုတ်ပြတ်၊ မြေတူး၊ မြက်နှင့် အထမ်းအပိုး၊ တောက်တိုမယ်ရနှင့် လေးလေးပင်ပင် မျိုးစုံမလုပ်ဖူးတာ မရှိသလောက်ပင်။ Dirty ညစ်ပတ်၊ Danger အန္တရာယ်ရှိ၊ Difficult ခက်ခဲ။ ဘာမျှ ဇံမရွေးနိုင်ပါ။

နောက်ဆုံးတွင် မိမိတို့ ယာယီခိုအောင်းနေထိုင်သော ရွာငယ်ဇနပုဒ်နားရှိ အင်တိုင်းတောတစ်ခုက ထမင်းပေးပါသည်။ ထိုတောလေးထဲမှာ "သမန်းပင်"ဟုခေါ်သော အခင်

www.burmeseclassic.com



ငယ်တစ်မျိုး အစုအဝေးလိုက် ပေါက်ရောက်လို့ နေပါသည်။ အပင်လေးများက မိမိတို့ မိသားစုအား ငါးနှစ်ခန့် အကျိုးပြုခဲ့ပါသည်။

သူတို့ကို သွားရောက် ခုတ်သိမ်းရုံးဆွတ်ရန် မနက် ငါးနာရီလောက်ကတည်းက အိမ်မှ ထွက်ရပါသည်။ တောတာလေးထဲရောက်လျှင် သမန်းပင် အလက်လေးများကို တောက်လျှောက်ခုတ်ယူပြီး အရိပ်ကောင်းကောင်းတွင် စုပုံထားကြရပါသည်။ သားအဖသုံးယောက်(နိုင်သာရှ) အလက်များရလျှင် ထိုအလက်ပုံနားမှာထိုင်ပြီး အရင်းက အလက်တို့ကို ဖျင်ရသင်ရပါသည်။ အဖျားပိုင်းတစ်ပေခန့်က အရွက်လေးများကိုသာ ချန်ရစ်ပြီး ကျန်တာတွေကို ဓားဖြင့် သပ်ချရှင်းလင်းဖယ်ပစ်ရပါသည်။

ပြီးတော့ ထိုသင်ပြီးသားအလက်တွေကို အစည်းသုံးစည်းခွဲစည်းကာ သားအဖတစ်တွေ တစ်ယောက်တစ်စည်းစီထမ်းရွက်ပြီး အိမ်ပြန်ကြရပါသည်။ ထိုအချိန်ကား နေမွန်းတည့်ချိန်ခန့်ရှိပါပြီ။ ကျွန်တော်တို့ ခြေဖဝါးများအတွက် ဖိနပ်များ၏အကာအကွယ်ကို ယူခွင့်မရှိပါ။ တစ်ရာ့ကိုးဆယ်သာပေးရသည့် ကားတာယာဖိနပ်လောက် ဝယ်ဖို့ ပိုက်ဆံပင်လျှင် မရှိပါ။ သဲလမ်းပူပူ၊ ကျောက်ဘီလူးခေါ် ဂဝံကျောက်ပူပူ လမ်းကြမ်းရှတတွင် ခုန်ပေါက်ပြီး ပြေးကြရပါသည်။

အိမ်ရောက်တော့ မြေကွက်လပ်ရှိသမျှမှာ ထိုအလက်လေးတွေကိုဖြန့်ပြီး လှန်းကြရပါသည်။ နေပြင်းပြင်းထန်ထန်ကြီး ပူလျှင် ညနေသုံးနာရီလောက်၌ အရိုးတွေ မခြောက်သေးသည့်တိုင် အလက်ဖျားလေတွေက ခြောက်သွေ့ပြီး အရောင်ပြောင်းကာ ကုန်ချောလုပ်ဖို့ အသင့်ဖြစ်၍ နေပါပြီ။

ထိုအလက်မျိုး သုံးဆယ်ခန့်ကိုစုယူ၍ ကောက်ညှင်းထုပ်စည်းနည်းကားမျိုး ငါးချက်ခန့်စည်းပြီး အချောသပ် ပြုပြင်လိုက်လျှင် တံမြက်စည်းတစ်ချောင်း ရလာပြီ ဖြစ်ပါသည်။

တစ်နေ့တာ ထုတ်လုပ်မှုရလဒ်အဖြစ် တံမြက်စည်းအချောင်းနှစ်ဆယ်ကျော်ခန့် ရပါသည်။ ၎င်းကို ဇနီးသည်က ခေါင်းပေါ်ရွက်ပြီး ဖောက်သည်စပ်ပြီးသားရှိခဲ့လျှင် ဖောက်သည်၏ဆိုင်သို့ တစ်လုံးတစ်ပေါင်းတည်းသွား၍ သွင်းတန်သွင်းပါသည်။ ထိုရက်များတွင် စောစောထမင်းစားခွင့် ရှိပါသည်။

အကယ်၍ စပ်ကြီးသားဖောက်သည်မရှိ၍ အရပ်ထဲလည်ပြီး လက်လီရောင်းနေရလျှင် ည (၈) နာရီလောက်အထိ ဝမ်းဗိုက်အော်ဂင်တီးရင်း တပိန်ပိန် တလိမ်လိမ်ဖြင့် စောင့်ကြရပါသည်။

ရောင်းချပြီး အသင့်ဝယ်လာသော ဆန်၊ ငါးပိ စသည်တို့ကို မီးပြင်းတိုက်၍ ချက်ပြုတ်ကြရပါသည်။ မီးထွန်းစရာ ဖယောင်းတိုင်သော်လည်းကောင်း၊ ရေနံဆီသော်လည်းကောင်း မဝယ်နိုင်သဖြင့် ထင်းမီးထိုးကာ ထိုမီးရောင်အောက်မှာပဲ ပူပူလောလော မမြင်မကမ်း လင်းတမျို မျိုချရပါသည်။

တစ်နေ့လုပ်တစ်နေ့စား စစ်စစ်တွေရဲ့ အချိန်ဇယားက ရပ်ထားလို့မရပါ။ နောက်နေ့မနက် စောစောထပြီး ရှိတာလေး စားကာ သမန်းပင်ခုတ် သွားရပြန်ပါသည်။

မနက် (၅) နာရီ စတင်လှုပ်ရှားပြီး နောက်ထပ် ဆယ့်နှစ်နာရီအကြာ ညနေ (၅) နာရီခန့်တွင် ထမင်းဖြစ်သောလုပ်ငန်းတစ်ရပ်မှာ (မိမိတို့လို ခြေလက်အင်္ဂါကလွဲပြီး ဘာမှမရှိသူများအတွက်) သည်အလုပ်တစ်ခုက အဆင်ပြေဆုံးဖြစ်လို့ နေပါသည်။

သို့သော် ခုတ်ပြီးသား သမန်းပင်လေးတွေ အမြန်ခြောက်သွေ့ပြီး ကုန်ချောအဖြစ် အသွင်ပြောင်းနိုင်ဖို့အတွက် အခြေအနေတစ်ရပ် မလွဲမသွေလိုအပ်ပါသည်။ ယင်းမှာ နေမင်းကြီး ကြွက်ကြွက်ဆူအောင် ဒင်ပြည့်အင်ပြည့် ပူပေးဖို့က အရေးကြီးဆုံး ဖြစ်လို့နေပါသည်။ တိမ်တောင်ဆိုက်နေလို့၊ မိုးအုံ့နေလို့၊ အပူဓာတ်လုံလောက်အောင် မရလျှင် ကုန်ချောလုပ်လို့ မရတော့ပါ။ ကုန်ချောမရ၊ ပိုက်ဆံမရ၊ ဆန်မရလျှင် . . .။

ထို့ကြောင့် မိမိတို့ ဝမ်းတစ်ထွာလုပ်ငန်းခွင် လည်ပတ်ရေးအတွက် ဘာဏုရာဇာ ဒေါင်းဖလ်ဝါ၏ သက်ရောက်မှုအာနိသင်က အဓိကကျဆုံးသော အခန်းကဏ္ဍမှ ရပ်တည်လို့ နေပါသည်။

မိမိတို့မိသားစု၏ အသက်ဓာတ်ကို ပံ့ပိုးရှင်သန်ရေး၌ အဓိကမဏ္ဍိုင်တစ်ရပ်အဖြစ် ပံ့ပိုးပေးခဲ့သော နေမင်းကြီးအား ကျေးဇူးရှင်ဟု မသတ်မှတ်လျှင် မဖြစ်ပါ။ နေမင်းကြီးကို အထူးကျေးဇူးတင်ရှိရပါသည်။

(၁၉၉၀ လွန်ကာလများသို့ )

**ဆွန်အဲလူ**



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားမှတ်တမ်း
## (မိမိ၏ကျေးဇူးရှင်များ)
### ဇော်နောင်



အမည်ရင်းမှာ ဦးဇော်ထွန်း ဖြစ်ပြီး ၁၉၅၉ ခုနှစ်တွင် စာ စတင်ရေးသားခဲ့သည်။ ယခုအခါ အမှတ် ၁၁၉၊ စွယ်တော်လမ်း၊ ၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) တွင် နေထိုင်လျက်ရှိသည်။

လူတိုင်းရဲ့ဘဝမှာ ကျေးဇူးတရားနဲ့ မကင်းဘူး။ သူ့ကျေးဇူး ကိုယ့်ကျေးဇူးပါပဲ။ ကိုယ်က သူများကို ကျေးဇူးပြုခဲ့တာတွေ ရှိမှာဖြစ်သလို၊ သူများက ကိုယ့်ကို ကျေးဇူးပြုခဲ့တာ တွေလည်း ရှိမှာပါပဲ။ တကယ်တော့ လူတွေ သတိမထားမိကြလို့ပါ။ လူ့အဖွဲ့အစည်းအတွင်းက လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် အမှီသဟဲပြုနေတာဖြစ်ပြီး အပြန်အလှန် ကျေးဇူးပြုနေကြတာပဲ ဖြစ်တယ်။ အားလုံးဟာ မကင်းရာမကင်းကြောင်းတွေချည်းပဲ။ ဒီသဘောကိုသာ လက်ခံနိုင်ရင် လူ့အဖွဲ့အစည်းအတွင်း၊ လူသားအချင်းချင်း ဆက်ဆံရေးဟာ အခုထက်ပိုကောင်းတဲ့ လူမှုဆက်ဆံရေးတစ်ရပ်ဖြစ်ပြီး ဘယ်လိုပဲ မတူခြားနားတဲ့ အတွေးအမြင်၊ အယူဝါဒရှိရှိ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ကြပါလိမ့်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် ကျေးဇူးတရားကို သိတတ်ခြင်း၊ ကျေးဇူးတရားကို ပွားများခြင်းတို့ဟာ လူတိုင်းအတွက် ဘယ်လိုမှ မပျက်ကွက်သင့်တဲ့ လူမှုဝတ္တရားလို့ နားလည်ရပါမယ်။

မိမိဘဝမှာ ကျေးဇူးတင်ရမယ့်၊ ကျေးဇူးတင်ထိုက်သူတွေ အများအပြားပဲ ရှိတယ်။ အခု ဒီဆောင်းပါးမှာ မိမိရဲ့ "စာပေဘဝ ကျေးဇူးရှင်များ" ကိုပဲ အထူးပြုဖော်ပြသွားမှာ ဖြစ်တယ်။ မိမိ အခု အသက် (၇၀)။ စာရေးသက်က နှစ် (၅၀) ကျော်လုံးလုံး စာရေးခြင်း အလုပ်တစ်ခုကိုပဲ စွဲစွဲမြဲမြဲ လုပ်ခဲ့ပြီး အခု သက် (၇၀) ရှိတဲ့အထိလည်း စာရေးခြင်းအလုပ်မှာပဲ ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်တုန်းပဲ။ အဲဒီအတွက် မိမိ ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို ဂုဏ်လည်း ယူမိပါတယ်။ ဘဝမှာ ကိုယ်မလုပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို မလုပ်ရဘဲ ကိုယ်လုပ်ချင်တာတွေကိုပဲ လုပ်ခွင့်ရတာ လောက် ကံကောင်းတာ၊ စိတ်ချမ်းသာစရာကောင်းတာ မရှိတော့ဘူးလို့ ထင်ပါတယ်။ မနုဿတ ဒုလ္လဘလို့ဆိုတဲ့ အတိုင်း လူ့ဘဝဟာ ရခဲသလို စာရေးဆရာဘဝကို ရရှိတာ ဟာလည်း ဒုလ္လဘတရားတစ်ခုလို့ ဆိုနိုင်ပါတယ်။ အဲဒါ ကြောင့် လူ့ဘဝမှာ ရခဲတဲ့ အခွင့်ထူးကြီးကို မိမိပိုင်ဆိုင်ခွင့် ရ အောင် အထောက်အပံ့ပေးခဲ့ကြတဲ့ သူများအားလုံးဟာ "မိမိရဲ့ စာပေကျေးဇူးရှင်များ" ဖြစ်ကြတယ်လို့ မိမိခံယူပြီး သူတို့ရဲ့ ကျေးဇူးတရားတွေကို မမေ့မလျော့ မပေ့ါမဆ အမြဲ တမ်း သတိတရ မပျက်မကွက် ပွားများပါတယ်။ အဲသလို ပွား များတိုင်းလည်း မိမိမှာ ဝမ်းသာကြည်နူး အထူးပဲ ပီတိသော မနဿ ဖြစ်ရပါတယ်။ ကျေးဇူးတရားကို ပွားများခြင်းဟာ မင်္ဂလာတစ်ပါးပေပဲ။

မိမိရဲ့စာပေကျေးဇူးရှင်များအကြောင်းကိုပြောရင် ပထမ ဦးဆုံးပြောရမှာက မြန်မာစာပြ ဆရာများပဲ ဖြစ်ပါတယ်။ မိမိ တို့ ကျောင်းသားဘဝက ဒေါင်းဖတ်စာကို သင်ရပါတယ်။ ဒေါင်းဖတ်စာထဲမှာ ကဗျာတွေ ပါပါတယ်။ လယ်တီဆရာ တော် ဘုရားကြီးရဲ့ သုံးလူရှင်ပင် ကျွန့်ထိပ်တင် အစချီကဗျာ၊ ကင်းဝန်မင်းကြီးရဲ့ ခရီးသွားကဗျာတို့ကို တတိယတန်းက တည်းက အလွတ်ကျက်မှတ်ခဲ့ရပြီး အခုအထိ မှတ်မိနေပါ သေးတယ်။ နောက်တော့ ဦးကြင်ဥရဲ့ သီချင်းပဒေသာထဲက ကဗျာတွေနဲ့ ကျွမ်းဝင်၊ ဆရာမင်းသုဝဏ်ရဲ့ သပြေညိုကဗျာ တွေနဲ့ ရင်းနှီး၊ ဆရာကြီးဦးဖေမောင် ပြုစုတဲ့ ကဗျာ့ပန်းကုံးထဲက ကဗျာတွေနဲ့ မိတ်ဆွေဖြစ်လို့ နောက်ဆုံးတော့ ကဗျာဟာ မိမိအတွက် မရှိမဖြစ်တဲ့ အမွှန်ပန်းတစ်ပွင့် ဖြစ်ခဲ့တော့တာပါ ပဲ။ ဒီအမွှန်ပန်းကလေးကို ဘဝတစ်လျှောက်လုံး၊ မြတ်မြတ် နိုးနိုး တန်ဖိုးထားတတ်အောင် ပထမဦးဆုံး မိတ်ဆက်ပေးခဲ့ တဲ့ စာသင်ခန်းထဲက ဆရာများရဲ့ကျေးဇူးဂုဏ်ဟာ မိမိရဲ့ကဗျာ ဆရာ၊ စာရေးဆရာဘဝအတွက် ပထမဦးဆုံး အထောက် အပံ့လို့ပဲ ဆိုရပါလိမ့်မယ်။

ဒုတိယအထောက်အပံ့ကတော့ မိမိရဲ့ အဘိုးဖြစ်သူ ဦးမြတ်သာထွန်းပါပဲ။ အဘိုးကို မိမိက အဘလို့ ခေါ်ပါတယ်။ အဘဟာ မိမိရဲ့ စာဖတ်လိုစိတ်၊ စာပေမှာ မွေ့လျော်စိတ်ကို ပျိုးထောင်ပေးခဲ့ပါတယ်။ ငါးရုံ့ငါးဆယ်တို့၊ ဇိနတ္ထပကာသနီ တို့၊ ဇာတ်ကြီးဆယ်ဘွဲ့တို့ဆိုတဲ့ မြန်မာစကားပြေကောင်းတွေ ကို မိမိ အလယ်တန်းကျောင်းသားဘဝကတည်းက အဘိုးရဲ့ ကျေးဇူးနဲ့ ဖတ်ပြီးနေပါပြီ။ မိမိ စာပေကို တပ်မက်မှန်း၊ စာပေ မှာ ထက်သန်မှန်းသိတဲ့ အဘိုးဟာ မိမိကို စာအုပ်တွေ တစ် အုပ်ပြီးတစ်အုပ် ချကျွေးပါတယ်။ ဒီလိုနဲ့ မိမိဟာ အသက် (၁၃) နှစ်သားလောက်မှာတင် မြန်မာစာညွန့် ပေါင်းကျမ်းတို့၊ မဃဒေဝလင်္ကာကြီးတို့၊ မိလိန္ဒပညာတို့၊ ဦးပုညမေတ္တာစာ၊ ကျည်းကန်ရှင်ကြီးမေတ္တာစာ၊ အုပ်ဖိုဆရာတော်ဘုရားကြီး မေတ္တာစာ စတဲ့ စာအုပ်ကြီးတွေကို အဘိုးရဲ့လမ်းညွှန်ပံ့ပိုးမှုနဲ့ တစ်အုပ်ပြီးတစ်အုပ်၊ ဖတ်ဖြစ်ခဲ့ပါတယ်။ အဘိုးဟာ မိမိအနေ နဲ့ စကားပြေထက် ကဗျာဘက် ပိုပြီးတိမ်းညွတ်တာကိုလည်း သတိပြုမိတယ်။ ဒါကြောင့် ကဗျာကို စနစ်တကျရေးတတ် အောင်ဆိုပြီး ဓမ္မာစရိယဆရာကြီး ဦးထွန်းရွှေ ရေးသားပြုစုတဲ့ နန္ဒမာလိနီခေါ်တဲ့ ကဗျာ့စွယ်စုံကျမ်းကြီးတစ်အုပ်ကိုလည်း ဝယ်ပေးခဲ့ပါတယ်။ မိမိအနေနဲ့ မြန်မာကဗျာကို စနစ်တကျ ရေးတတ်လာတာ မြန်မာကဗျာကို မြန်မာ့နားထဲဝင်အောင် ရေးတတ်လာတာဟာ အဲဒီကဗျာစွယ်စုံကျမ်းကြီးကို ဖတ်ရှု လေ့လာခွင့်ရခဲ့တဲ့ အကျိုးသက်ရောက်မှုပါပဲ။

တတိယမြောက် ကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ်များက တော့ မိမိရဲ့ ရေးဖော်ရေးဖက်များပါပဲ။ ကိစ္စတစ်ရပ် အောင် မြင်ဖို့ရာ အဓိကက ကာယကံရှင်ရဲ့ စိတ်အားထက်သန်မှု၊ ကြိုးစားအားထုတ်မှုအပေါ်မှာ တည်ပေမဲ့ အသိုင်းအဝိုင်း၊ ကျောထောက်နောက်ခံလည်း လိုအပ်လိမ့်မယ် ထင်ပါတယ်။ မိမိမွေးဖွားရာ၊ ကြီးပြင်းရာအရပ်ဟာ ကြည့်မြင်တိုင်၊ မကျည်း တန်း (မြောက်ပိုင်း)ပါ။ အဲဒီမှာ မိမိနဲ့ ဝါသနာတူ လူငယ်များ အပေါင်းအသင်း ဖွဲ့ဖြစ်ကြပါတယ်။ ကိုဝင်းမြိုင် (မောင်ဖြူစင် ရွှေဝါမြေ)၊ ကိုလှသောင် (မောင်သပြေ - ရွှေဝါမြေ)၊ ကိုဇော် ထွန်း (ဇော်နောင် - ရွှေဝါမြေ)၊ ကိုစိုးမြင့် (နီဦး)၊ ကိုတင် အောင် (ဘုန်းမော်ဆွေ)၊ ကိုလှမြင့် (ကေတုလှနိုင်)၊ ကိုသန်း (ဏီဦး) စသည်တို့ ဖြစ်ပါတယ်။ အဲဒီ ရေးဖော်ရေးဖက်များ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မိမိက အသက်အငယ်ဆုံး ဖြစ်လိမ့်မယ် ထင်ပါတယ်။ အသက်အကြီးဆုံးက ကိုလှမြင့် (ကေတုလှနိုင်) ပါပဲ။ မိမိတို့ အားလုံးဟာ အသက်ကြီးငယ် မခွဲခြားဘဲ အင်မတန်ကို ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး၊ စည်းစည်းလုံးလုံး ရှိကြပါတယ်။ "ခွာညိုဦးကဗျာများ" ဟာ အဲဒါတွေရဲ့ အထိမ်းအမှတ်ပဲလို့ ဆိုနိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ အချင်းချင်း ဆက်ဆံရေးဟာ တကယ့်ညီရင်းအစ်ကို ဆက်ဆံရေးပဲ။ ရဲဘော်ရဲဘက် ဆက်ဆံရေးပဲ။ သူ့ရေးဖြစ်တာ ကိုယ့်ကိုပြ၊ ကိုယ်ရေးဖြစ်တာ သူ့ကို ပြန်နဲ့ အပြန်အလှန် ဆွေးနွေးကြ၊ ဝေဖန်ကြ၊ ငြင်းကြခုံကြ။ စာမူခလေးတွေ ရတဲ့အခါ ကျွေးကြမွေးကြ၊ စားကြသောက်ကြ။ စားကြသောက်ကြတယ်ဆိုပေမဲ့ လက်ဖက်ရည်ဆိုင်ပဲ ထိုင်ကြတာပါ။ အဲဒီတုန်းက ကြည့်မြင်တိုင်မှာ မြန်မာလက်ဖက်ရည်ဆိုင်တွေ ပေါ်ဦးစကာလ၊ ၅၉-၆၀ လောက်က ထင်တယ်။ ဒီအရင်ကာလတွေတုန်းက လက်ဖက်ရည်ဆိုင်တွေဟာ တရုတ်လူမျိုးတွေဖွင့်တဲ့ လက်ဖက်ရည်ဆိုင်နဲ့ ကုလားကာကာဆိုင်တွေပဲ ရှိတာကိုး။ လူငယ်တွေရဲ့ လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုဆိုတာလည်း မိမိတို့တွေ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြတဲ့ အချိန်လောက်ကပဲ အစပြုတာ ဖြစ်လိမ့်မယ်ထင်တယ်။ အဲဒီ ကာလနေ့ရက်တွေဟာ မိမိတို့ အတွက် ဘယ်တော့မှ မေ့ရက် စရာမရှိတဲ့နေ့ရက်တွေပါ။ အင်မတန် ပျော်ရွှင်ကြည်နူးစရာ ကောင်းတဲ့ နေ့ရက်တွေပါ။

> ဆရာဇန်းမော်တင်အောင်က သူ့စာတစ်ပုဒ်မှာ သူ့အနေနဲ့ အမှန်တကယ် ကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ်တစ်ယောက် သူ့အနီးမှာ ရှိနေပါလျက်ကနဲ့ မေ့လျော့နေမိကြောင်း။ ၎င်းမှာ သူ့ဒုက္ခအသီးသီးကို ခါးစည်းခံပြီး သူ့ဘဝတစ်လျှောက်လုံး ပါရမီဖြည့်ပေးခဲ့တဲ့ သူ့ဇနီးဖြစ်ကြောင်း ရေးဖူးတယ်။ အဲဒါကို ဖတ်ဖူးမှတ်ဖူးထားလို့ပါပဲ။

အားသစ်လောင်းတဲ့ကာလ။ ဉာဏ်သစ်လောင်းတဲ့ကာလ။ စာပေအရုဏ်ဦး။ အဲဒီနေ့ရက်မျိုးတွေကိုသာ မိမိ မဖြတ်သန်းခဲ့ရဘူးဆိုရင် ဇော်နောင်ဆိုတဲ့ ကလောင်တစ်ချောင်းလည်း ပေါ်ပေါက်ချင်မှ ပေါ်ပေါက်လာနိုင်မှာပါ။ အဲဒါကြောင့် မိမိ စာပေညီအစ်ကိုများရဲ့ နွေးထွေးတဲ့ စာပေဆက်ဆံရေးကို ကျေးဇူးတင်လို့ မဆုံးပါဘူး။

စတုတ္ထကျေးဇူးရှင်များကတော့ စာနယ်ဇင်းအသီးသီးက အယ်ဒီတာများပါ။ မိမိတို့ခေတ်က လက်သင်ကဗျာဆရာ၊ စာရေးဆရာများဟာ အခုခေတ်လို မဂ္ဂဇင်းတိုက်တွေကို အသွားအလာ၊ အဝင်အထွက် မရှိဘူး။ စာမူပို့ရင် စာတိုက်ကပဲ ပို့လိုက်ကြတာပါပဲ။ ဘယ်အယ်ဒီတာ တစ်ယောက်မှ အသိမိတ်ဆွေ မရှိဘူး။ အယ်ဒီတာများကလည်း တော်ရုံစာမူကို ထည့်ပေးလေ့မရှိဘူး။ တိုက်တစ်တိုက်မှာ ကိုယ့်စာမူပါဖို့ကို ဆယ့်လေးငါးပုဒ်၊ အပုဒ်နှစ်ဆယ်လောက်ကို ပို့ကြရတာ။ တစ်ခါပေးလိုက် မပါလိုက်၊ နောက်တစ်ခါ ထပ်ပေးလိုက် မပါလိုက်နဲ့ အကြိမ်ကြိမ်အခါခါ ကြိုးစားပြီး ထပ်ထပ် ပို့ရတာ။ အဲဒီတိုက်က အရွေးခံရပြီး ကိုယ့်စာမူလေးပါလာတယ်ဆိုရင် အလွန်ကို ဝမ်းသာတာ။ အဲဒီအခါကျမှ ကိုယ့်စာမူကို ကိုယ်သတိထားပြီး ပြန်ဖတ်ကြည့်မိတယ်။ ကိုယ့်စာမူဟာ ကိုယ်အရင်ရေးခဲ့တာတွေနဲ့မတူဘဲ တမူထူးပြီး ကောင်းနေတာကိုး။ ဒီတော့မှ အယ်ဒီတာတွေက ကိုယ့်စာမူကို အရင်က ထည့်မပေးတာ သူတို့မဂ္ဂဇင်းရဲ့ အဆင့်မမီသေးလို့ လိုနေသေးလို့ ဆိုတာကို သဘောပေါက်လာတယ်။ ဟိုတုန်းက အယ်ဒီတာများဟာ အဲသလို အယ်ဒီတာတွေ၊ အလွန်လေးစားဖို့ကောင်းတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ အဲဒါကြောင့် ခေတ်ပြိုင်မဂ္ဂဇင်းအသီးသီးက အယ်ဒီတာများကိုလည်း ၎င်းတို့ရဲ့ မဂ္ဂဇင်းစာမျက်နှာများပေါ်ကို ဖြတ်သန်းခွင့်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါတယ်။ အထူးသဖြင့် သွေးသောက်မဂ္ဂဇင်းကို ကျေးဇူးတင်ပါတယ်။ သွေးသောက်ဟာ မိမိကို မဂ္ဂဇင်းစာမျက်နှာများပေါ် ဖြတ်သန်းခွင့် ပထမဦးဆုံးပေးခဲ့တဲ့ မဂ္ဂဇင်းပါ။ အဲဒီတုန်းက မဂ္ဂဇင်းကြီးဆိုလို့ လေးစောင်ပဲ ရှိပါတယ်။ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ သွေး



www.burmeseclassic.com

www.burmeseclassic.com



သောက်။ အဲဒီမဂ္ဂဇင်းကြီးတွေမှာ ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ပါဖို့ အရေးဟာ အတော့်ကို မလွယ်တဲ့ကိစ္စပါ။

ပဋ္ဌမမြောက် ကျေးဇူးတင်ရမယ့်သူတွေကတော့ မိမိရဲ့ ချစ်ဇနီးနဲ့ တစ်ဦးတည်းသော သမီးပဲဖြစ်ပါတယ်။ အခုလို သတိတရရှိရတာကလည်း ဆရာဇန်းမော်တင်အောင်ရဲ့ ကျေးဇူးကြောင့်ပါ။ ဆရာဇန်းမော်တင်အောင်က သူ့စာတစ်ပုဒ်မှာ သူ့အနေနဲ့ အမှန်တကယ် ကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်။ သူ့အနီးမှာ ရှိနေပါလျက်ကန့် မေ့လျော့နေမိကြောင်း။ ၎င်းမှာ သူ့ဒုက္ခအသီးသီးကို ခါးစည်းခံပြီး သူ့ဘဝတစ်လျှောက်လုံး ပါရမီဖြည့်ပေးခဲ့တဲ့ သူ့ဇနီးဖြစ်ကြောင်း ရေးဖူးတယ်။ အဲဒါကို ဖတ်ဖူးမှတ်ဖူးထားလို့ပါပဲ။ မိမိအနေနဲ့လည်း မိမိရဲ့ ချစ်ဇနီးနဲ့သမီးငယ်ကို ကျေးဇူးတင်ရမှာပါ။ မိမိဟာ ဘဝတစ်လျှောက်လုံး စာရေးတာကလွဲလို့ တခြား ဘာအလုပ်မှ မလုပ်ခဲ့ဖူးဘူး။ စာရေးလို့ရတဲ့ ဉာဏ်ပူဇော်ခဟာ ဘယ်လောက်မှ မရှိဘူးဆိုတာ အားလုံးအသိပဲ။ ခေါ်တော့သာ ဉာဏ်ပူဇော်ခ၊ ရတဲ့ငွေကျတော့ တစ်ပဲခြောက်ပြား၊ လက်ဖက်ရည်ဖိုးလောက်ပဲ ရှိတာကလား။ ဒီတော့ မိမိအနေနဲ့က အိမ်ထောင်ဦးစီးဖြစ်ပြီး မိသားစုတာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်ခဲ့ဘူး။ မိမိယူရမယ့်တာဝန်ကို ဇနီးသည်က ယူရပြီး မိမိရဲ့စာရေးဆရာဘဝကို ပါရမီဖြည့်ခဲ့တာ။ မိမိအနေနဲ့ လုံး၀ မပေးနိုင်တာ မဟုတ်ပေမဲ့ ပေးနိုင်တဲ့ငွေက မဖြစ်စလောက် အနည်းအကျဉ်းပါ။ ဒါလည်းပဲ ပုံမှန်ဝင်ငွေ မရှိတော့ တစ်ခါတစ်ရံမှသာ ပေးနိုင်တာမျိုးပါ။ သမီးဖြစ်တဲ့သူကလည်း ဖခင်ဖြစ်သူရဲ့ အခြေအနေကို နားလည်ပြီး ဘာတစ်ခုမှ မပူဆာဖူးရှာပါဘူး။ သမီးအတွက် မွေးနေ့လက်ဆောင်အဖြစ် ပတ်ကားဖောင်တိန် မီးခိုးရောင်လေးတစ်ချောင်းသာ ဝယ်ပေးခဲ့ဖူးပါတယ်။ မိမိရဲ့ဇနီးနဲ့ သမီးငယ်ဟာ မိမိရဲ့ ပါရမီဖြည့်ဖက်တွေ ဖြစ်တယ်။ သူတို့သာ မိမိရဲ့ စာရေးဆရာဘဝကို မလေးမစားနဲ့ မခန့်မညား မထီမဲ့မြင်ပြုပြီး သူတို့လိုချင်တာတွေကို မဖြစ်မနေ ဖြည့်ဆည်းပေးဖို့ အတင်းအကျပ် တောင်းဆိုခဲ့ရင် ပူညံပူညံ လုပ်ခဲ့ကြရင် မိမိရဲ့ စာရေးဆရာဘဝဟာ လမ်းခုလပ်မှာတင် ပြိုလဲသွားခဲ့နိုင်ပါတယ်။ စားဝတ်နေရေးအတွက် တစ်ချိန်က ကိုယ်အလွန် အင်မတန် တပ်မက်ခဲ့တဲ့ စာရေးဆရာဘဝကို စွန့်လွှတ်သွားကြရရှာတဲ့၊ ရေးဖော်ရေးဖက် သူငယ်ချင်း၊ စာရေးဆရာ၊ ကဗျာဆရာတွေ၊ မိမိရဲ့မျက်မြင်အများကြီးပါ။ အဲဒီ သွားလေသူ၊ သူငယ်ချင်းများ အကြောင်းကို တွေးမိလေ မိမိရဲ့ဇနီးသည်နဲ့ သမီးငယ်ကို ကျေးဇူးတင်လေလေ ဖြစ်ရပါတယ်။

မိမိ အသက် (၇၀)ရှိပြီ။ မိမိ အသက် (၇၀)ရှိတဲ့အချိန်၊ မိမိကိုယ်ကိုမိမိ ပြန်ကြည့်လိုက်တဲ့အခါ မိမိဟာ အခုချိန်အထိ ကဗျာဆရာ၊ စာရေးဆရာအဖြစ်နဲ့ ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်သေးတာကို တွေ့ရတဲ့အဘွက် အလွန်ပဲ ဝမ်းသာမိပါတယ်။ ဂုဏ်လည်း ဂုဏ်ယူမိပါတယ်။ အဲသလို ဝမ်းသာနိုင်အောင်၊ ဂုဏ်ယူနိုင်အောင် မိမိရဲ့ကဗျာဆရာ၊ စာရေးဆရာ စာပေဘဝကို အထောက်အပံ့ပေးခဲ့တဲ့ ပုဂ္ဂိုလ်များအားလုံးဟာ မိမိရဲ့စာပေကျေးဇူးရှင်ကြီးများ ဖြစ်ကြပါတယ်။ အဲဒီ မိမိစာပေကျေးဇူးရှင်ကြီးများရဲ့ ကြီးမားလှတဲ့ ကျေးဇူးတရားတွေကို ဦးထိပ်ပန်ဆင် ခရီးနှင်ခဲ့လို့လည်း အခုလို စာပေခရီးတွင်ခဲ့တာ ဖြစ်ပါလိမ့်မယ်။ မိမိရဲ့ စာပေဘဝဖြတ်သန်းမှုမှာ နည်းမျိုးစုံနဲ့ အထောက်အပံ့ပေးခဲ့ကြတဲ့၊ ကူညီခဲ့ကြတဲ့၊ ပုဂ္ဂိုလ်ကြီးငယ်အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြီး ကျေးဇူးစကားဆိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဇော်နောင်**



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဘဝ၏ အမှတ်ရစရာ အနန္တဆရာ

**ညီမေတ္တာ**

ကျွန်တော်တို့ ဗုဒ္ဓဘာသာ ဗမာလူမျိုးများ အဓိကထား ကိုးကွယ်ကြသည်မှာ ရတနာသုံးပါးနှင့် ကျေးဇူးရှင်ဖြစ်ကြသော မိဘ၊ ဆရာသမား၊ အနန္တော အနန္တငါးပါး တို့သာ ဖြစ် ကြပါသည်။

ထိုအနန္တငါးပါးထဲမှ အမှတ်ရစရာ အဖြစ်အပျက် အတွေ့အကြုံကတော့ဖြင့် တစ်ယောက်နှင့်တစ်ယောက် တစ်မျိုးစီ ရှိကြမည်ပင်။ ရှင်သာရိပုတ္တရာသည် သူ့ဘဝမှာ အစဉ်အမြဲ ကျေးဇူးတင်နေရသည်က အရှင်အဿဇိမထေရ်မြတ်ပင်။ ဘုရားရှင်နှင့် မတွေ့ခင် အရှင်အဿဇိမထေရ်၏ တရားဂါထာကို အရင်နာကြားခွင့်ရသောကြောင့်သာ ယခုလို လက်ယာရံ သာဝကအဖြစ် ဘုရားရှင်အနားမှာ သီတင်းသုံးခွင့်ရခဲ့တာ မဟုတ်လား။

ဒါကြောင့် အရှင်အဿဇိမထေရ်ရောက်တဲ့အရပ်ကို မှန်းပြီး ဦးချပြီးမှသာ ရှင်သာရိပုတ္တရာဟာ ကျိန်းစက်လေ့ရှိတယ်တဲ့။

ကျွန်တော့်ဘဝမှာလည်း အမှတ်ရစရာ ဆရာနှစ်ဦးရှိပါ သည်။

ပထမဆရာက ငယ်စဉ်ကိုရင်ဘဝက ဆရာဘုန်းကြီး၊ နောက်တစ်ဦးက လောကီ အတတ်ပညာသင်တဲ့ဘဝမှာ တွေ့ခဲ့ရတဲ့ လက်သမားဆရာ ကျွန်တော်တို့က ဘကြီး လို့ပဲ ခေါ်ကြတယ်။ ဘကြီးကလည်း သူ့ကို ဆရာခေါ်တာမကြိုက်ပါ။ ကျွန်တော်က ဘာဖြစ်လို့လဲ ဘကြီးလို့ မေးကြည့်တော့။

"မင်းအိမ်တစ်အိမ်ကို ဝင်တော့မယ်ဆိုရင် အဲဒီအိမ်ညွှန့်ခန်းမှာ အိမ်ရှင်တွေ ဖိနပ်စီးလား၊ မစီးလား ကြည့်လိုက်၊ အဲဒီအိမ်ကြမ်းခင်းဟာ ဘယ်လောက်သန့်ရှင်းသပ်ရပ်နေပါစေ၊ သူတို့ဖိနပ်စီးရင် မင်းလည်း စီးရမယ် ချွတ်စရာမလိုပါဘူး။ အဲ သူတို့မစီးဘူးဆိုရင် မင်းခြေထောက် ဘယ်လောက်ပဲ သန့်နေပါစေ မင်းလည်း မစီးပါနဲ့။ ညွှန့်ခန်းမှာရှိတဲ့ ထိုင်ခုံတွေဟာ ထိုင်ဖို့အတွက်ဖြစ်တယ်။ ဒါကြောင့် အထိုင်ခိုင်းကို မစောင့်နဲ့ ဝင်ထိုင်ရဲရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဆိုတာ ဆရာနဲ့တူအောင် နေနိုင်၊ ကျင့်နိုင်၊ သင်ပြနိုင်မှ ဆရာခေါ်ထိုက်တာကွ။ ဒါက ငါ့အယူအဆပြောတာနော်။ လောကီလောကုတ္တရာနှစ်ဖြာလုံး အကျိုးရှိအောင် သင်ပြပေးနိုင်မှ ဆရာဂုဏ်မြောက်မယ်လို့ ငါ ထင်တယ်။ ငါ့မှာ အဲဒီလောက်ထိ မကျင့်နိုင်မသင်ပြနိုင်သေးလို့ မခေါ်စေချင်တာပဲ"

"ရှေ့ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနင့်ဖ"ဟူသောစကားကို စာဖတ်သူတို့ သိရှိပြီးဖြစ်ပါလိမ့်မည်။ ကျွန်တော့်ဘဝမှာအသိတွေရစေခဲ့တာကတော့ မန္တလေး ချမ်းမြသာစည်မြို့နယ်၊ မူလဆီးဘန်းနီကျောင်းတိုက် ပညာ့ဗိမာန်ကျောင်း ဦးပညာသာမိဆရာတော်ပဲ ဖြစ်ပါတယ်။

ကျွန်တော် ကိုရင်ဝတ်ခါစ (၉) နှစ်သားအရွယ်သာ ရှိပါသေး၏။ စာဖတ်သည့်အခါ စာလုံးပေါင်း ဖတ်နေရသည်။ ဆရာတော်က ကျွန်တော် စာဖတ်မသွားသေးတာသိသောအခါ ပုံပြင်စာအုပ်များကို ပေးဖတ်ခိုင်းလေ၏။ နေ့စဉ်ဖတ်ပြီးသော ပုံပြင်များကို ညရောက်သောအခါ ဆရာတော်ကို ဝတ်ပြုရင်း ပြန်ပြောပြရလေ၏။ ဝတ်ပြုသောအခါ ကိုရင်သုံးလေးပါးရှိလေရာ ရယ်စရာပုံပြင်ပြောလျှင် ဝိုင်းရယ်ကြလေ၏။

ထိုအခါမှစပြီး ကျွန်တော် စာဖတ်သွားလာ၏။ စာဖတ်ချင်တဲ့စိတ်များလည်း ဝင်လာသည်။ ယခုအခါ ပုံပြင်များစွာကို စကားပြောရာတွင် ထည့်ပြောနိုင်ခဲ့၏။ စာရေးဖြစ်သည်မှာလည်း ထိုအကြောင်းတို့ကြောင့်ဟု ယုံကြည်မိပါသည်။

ဆရာတော်ကြီးမှာ အကျင့်ကောင်းများစွာရှိသည့်အနက်မှ နှစ်ခုသုံးခုလောက်ကို ကျွန်တော် လက်တွေ့ကျင့်သုံးဖြစ်ပါသည်။

ထိုအကျင့်ကတော့ လက်အောက်ငယ်သားများကို ပေးကမ်းစွန့်ကြဲရာတွင် ဖြစ်သလို ရှော့အင့်ဟူ၍ ဖြစ်သလို ချပေးတာမျိုးကို ဘယ်တော့မှ မလုပ်ပါ။

ကျွန်တော်တို့ကိုရင်တွေကို သင်္ကန်းစွန့်လျှင်ပင် ဆရာတော်ရှေ့မှာ သေချာထိုင်ခိုင်းပြီးမှ လက်နှစ်ဖက်ဖြင့် ပေးလေ၏။ မပေးခင် ဆရာတော်ပြောခဲ့သော အတွေးပါသော စကားလေးကို ယခုတိုင် မှတ်မိနေသေးသည်။

"ငါ သင်္ကန်းကိုတောင် မနမြောလို့ပေးနိုင်မှတော့ သေသေချာချာ ပေးရမယ့်ကိစ္စလေးကျမှတော့ တွန့်တိုမနေပါဘူးကွာ"

ထိုအကျင့်သည် ကျွန်တော့်ကို ယခုတိုင်စွဲနေခဲ့ပါသည်။ ဘယ်သူ့ကို ဘာပဲပေးပေး၊ ဘာပဲလှူလှူ ကိုယ်ထိလက်ရောက် ရိုသေစွာ ပေးတတ်ယူတတ်နေပါသည်။ ဆရာတော်သည် မိမိ၏လက်အောက်ငယ်သားဖြစ်စေကာမူ အထင်မှားအပြောမှားရှိပါက တောင်းပန်လေ့ရှိ၏။ တစ်ခါတော့ စာရေးသူကို အထင်မှားကာ အပြစ်လုပ်တယ်ဟု သတ်မှတ်ပြီး ရိုက်မိလေ၏။ နောက်မှ အဖြစ်မှန်ကိုသိကာ ကိုရင်ငယ်ဖြစ်သော စာရေးသူကို ငါ မှားသွားတယ်ကွာ စိတ်မကောင်းပါဘူး ဟူ၍ သူ့အမှားကို ဝန်ခံလေ၏။

ကျွန်တော်လည်း ယခုအခါ လက်အောက်ငယ်သားများကို မိမိမှားလျှင် မှားကြောင်းဝန်ခံရဲပါသည်။ မိမိထက် အတွေးအခေါ်ကောင်းလျှင်လည်း ကောင်းကြောင်း ချီးမွမ်းနိုင်ခဲ့ပါသည်။

ယနေ့တိုင် မမေ့နိုင်သော ဆရာတော် ဖြစ်ပါသည်။ နောက်ဆရာတစ်ယောက်က ကျွန်တော်တို့ အခေါ် ဘကြီးဖြစ်ပါသည်။

ကျွန်တော် လက်သမားပညာကို ဆရာပေါင်းများစွာထံမှာ လုပ်ကိုင်သင်ယူခဲ့ဖူးပါသည်။ ထိုအထဲမှ ဘကြီး၏ ပြောဆိုသင်ပြမှုများက ကျွန်တော့်ကို အမှတ်ရစေပါသည်။

"မင်းအိမ်တစ်အိမ်ကို ဝင်တော့မယ်ဆိုရင် အဲဒီအိမ်ရှေ့ခန်းမှာ အိမ်ရှင်တွေ ဖိနပ်စီးလား၊ မစီးလား ကြည့်လိုက်၊ အဲဒီအိမ်ကြမ်းခင်းဟာ ဘယ်လောက်သန့်ရှင်းသပ်ရပ်နေပါစေ၊ သူတို့ ဖိနပ်စီးရင် မင်းလည်း စီးရမယ် ချွတ်စရာမလိုပါဘူး။ အဲ သူတို့ မစီးဘူးဆိုရင် မင်းခြေထောက် ဘယ်လောက်ပဲ သန့်နေပါစေ မင်းလည်း မစီးပါနဲ့။ ဧည့်ခန်းမှာရှိတဲ့ ထိုင်ခုံတွေဟာ ထိုင်ဖို့အတွက်ဖြစ်တယ်၊ ဒါကြောင့် အထိုင်ခိုင်းကို မစောင့်နဲ့ ဝင်ထိုင်ရဲရမယ်"

ဘကြီးစကားတွေက ကျွန်တော့် စိတ်အားငယ်မှုတွေကို ပျောက်စေခဲ့ပါသည်။ ပြောစရာ အကြောင်းတစ်ခုခုရှိလာရင်လည်း ပုံတိုပတ်စလေးနဲ့ ရယ်စရာမှတ်သားစရာဖြစ်အောင် ပြောလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတော့ နာမည်ကြီး ဝါးကပ်ထရံဆိုင်က ထရံကို ဝယ်ဖို့ပြောတော့ ဘကြီးက အခြားဆိုင်က ဝယ်ပြီးဖြစ်နေ တယ်။

"မင်းကလည်းကွာ နာမည်မကြီးပေမဲ့ ကောင်းတာတွေ ရှိပါတယ်"

တစ်ခါတုန်းက ကင်းခြေများကောင်က အခြားပိုးကောင် တွေအပေါ် သူ့ခြေများတာကို ဂုဏ်ယူပြီး ပြောလေ့ရှိတယ်တဲ့ ကွ။ တစ်နေ့မှာတော့ ဟေ့ ငါ့လောက်ခြေများတဲ့ကောင် ဘယ်သူရှိလဲလို့ အော်ပြောလိုက်တယ်တဲ့။ အဲဒီမှာ ပိုးနက် သန်ကောင်က ထွက်လာပြီး ဘယ်သူအော်နေတာလဲကွလို့ ဆိုလိုက်တော့ ကင်ခြေများက ခေါင်းပုသွားပြီး ဟဲ...ဟဲ... မင်းကို ဘာမှမပြောပါဘူးကွာလို့ ပြောပြီး တွင်းထဲ ပြန်ဝင် သွားတယ်တဲ့ကွ။ ငါဝယ်တဲ့ ထရံက နာမည်မကြီးပေမဲ့ ကောင်းပါတယ်ကွာ။ ခြေများတယ်လို့ နာမည်မပါပေမဲ့ ပိုး နက်သန်ကောင်ရဲ့ခြေထောက်တွေက မရေမတွက်နိုင်အောင် များနေတယ် မဟုတ်လား"

ကျွန်တော့်ဘဝ၏ မှတ်သားစရာ အနန္တဆရာများ၏ မှတ်သားစရာများကို ပြောပြရလျှင်ဖြင့် ကုန်နိုင်ဖွယ်မထင် ပါ။

တစ်ခါကလည်း အလုပ်ထဲတွင် ဒေါသဖြစ်စရာနှင့် တွေ့ သောကြောင့် စိတ်ကိုမထိန်းနိုင်ဘဲ သစ်သားများကို ပစ်ချ လေ၏။ ဒါကိုမြင်သော ဘကြီးက "ဟေ့ကောင် မင်း စိတ် ကလေးကို ပြင်လိုက်ပါကွာ" စိတ်ကလေးကို ပြင်လိုက်ပါဆို သော ပုံပြင်လေးကို ဘကြီးက ပြောပြထားခြင်းကြောင့် ပင်။

တစ်ခါတုန်းက နံနက်ခင်း တောတွင်းတစ်နေရာမှာ ရသေ့တစ်ပါးနဲ့ ဖိုးသူတော်တစ်ယောက်တို့ဟာ ချမ်းအေး လွန်းတဲ့အတွက် သစ်ခြောက်တွေစုပြီး မီးပုံလုပ်ခါ မီးလှုံနေ ကြတယ်တဲ့။

အဲဒီအချိန်မှာ ကျားကြီးတစ်ကောင်ဟာ ချမ်းနေတာနဲ့ မီးပုံနားကို ဝပ်တွားပြီး ဖြည်းဖြည်းချင်း တိုးလာတယ်တဲ့။ ဒါကို မြင်တဲ့ ဖိုးသူတော်က ကြောက်သွားတာပေါ့။ ရသေ့က ဖိုးသူတော်ကို မျက်ရိပ်မျက်ကဲပြပြီး အသာနေပါလို့ ပြော လိုက်တယ်။ အဲဒီလို မီးလှုံနေရာကနေ ကျားကြီးက ပါးစပ်ကြီး ဟပြီး သမ်းလိုက်တယ်။ ဒါကို မြင်တဲ့ ဖိုးသူတော်က စိတ်ထဲ ကနေ စဉ်းစားလိုက်တယ်။

"အင်း... ခုလို ပါးစပ်ကြီးဟနေတုန်း ထင်းမီးနဲ့ထိုး လိုက်ရရင်" အဲဒီလို တွေးနေတုန်းမှာပဲ ကျားကြီးက ဖိုးသူ တော်ကိုကြည့်ပြီး ဟိန်းလေ၏။ ထိုအခါ ရသေ့က ဖိုးသူတော် ကို "ဟေ့..သူတော် မင်းစိတ်ကလေးကို ပြင်လိုက်ပါကွာ"

ထိုပုံပြင်ပြောပြီးကတည်းက ဘယ်သူ လောဘ၊ ဒေါသ ဖြစ်ဖြစ် ဘကြီးက မင်း စိတ်ကလေးကို ပြင်လိုက်ပါကွာလို့ သတိပေးစကားပြောလေ့ ရှိပါတယ်။

ယခုအခါ ထိုသတိပေးစကားလေးက လောဘ၊ ဒေါသ ဖြစ်စရာနဲ့ ကြုံတိုင်း ကျွန်တော့်ဘဝမှာ အမြဲတမ်း သတိပေး လျက်ပါ။

စာရေးသူကဲ့သို့ စာဖတ်သူများအနေဖြင့်လည်း ဆရာ သမားများ၏ မှတ်သားစရာများအား မှတ်သားထားသင့်ပါ ကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါတော့သည်။

**ညီမေတ္တာ**



www.burmeseclassic.com

www.burmeseclassic.com



# ဖေဖေ့လက်ဆောင် နှင့် မေမေ့ယပ်တောင်

## ညွန့်ဝင်းကို

ဘဝတစ်ခုမှာ ဖြတ်သန်းထိတွေ့ခံစားလာခဲ့ရသော အရာတို့ကား ပြန်စဉ်းစား မိလျှင် အံ့မခန်းပင်။ အမှတ်တမဲ့ နေသော်လည်း အမှတ်တမဲ့ဖြစ်သလို မှတ်မှတ်ရရ နေတတ်လာသောအခါ "ဘဝသမိုင်းမှတ်တမ်း" တို့ ဖြစ်လာခဲ့တော့သည်။ မိမိသည် သာမန်လူထဲက လူတစ်ယောက်ဖြစ်သော်လည်း စာပေဝါသနာနှင့် အတိတ်ပုံရိပ် တို့ကို တွေးဆဆင်ခြင်တတ်သော အလေ့အကျင့်ကြောင့် ဘဝအတွက် ကမ္ပည်းတင် စရာတွေ ဖြစ်လာခဲ့ရလေသည်။

မြေလတ်ဒေသ၊ ကျောက်ပန်းတောင်းသားဖခင် (ဦးဇော်ဝင်း) နှင့် အောက်အရပ် သထုံသူ မိခင် (ဒေါ်နှင်းမြ) တို့မှာ မြန်မာပြည်၏ နိုင်ငံရေးပြောင်းလဲမှုကာလ ၁၉၄၅ ခုနှစ်ဝန်းကျင်က ဝံသာနုစိတ်ဓာတ်တွေ ရှင်သန်ပြီး ယုံကြည်ချက်ကိုယ်စီနှင့် ရန်ကုန် မြို့ရောက်လာခဲ့ကြသည်။ "ငြိမ်းချမ်းရေး ကွန်ကရက်" ဟု ခေါ်သော နိုင်ငံရေး တိုး တက်လှုပ်ရှားမှုမှာ ပါဝင်ကာ နှစ်ဦးသားဘဝတစ်ခု တည်ဆောက်၍ မိမိကို မွေးဖွား ခဲ့သည်။

တာဝါလိန်းလမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင် ကြည် ဆေးရုံသည် မိမိ၏ ချက်မြှုပ်ဖြစ်ခဲ့၏။ မွေးဖွားပေးသူ ဝမ်းဆွဲဆရာမမှာလည်း ဗိုလ်ချုပ်ဇနီးနှင့်နာမည်တူ ဒေါ်ခင်ကြည်ပင် ဖြစ်သည်။ ငယ်ငယ်ကတည်းက မေမေ မကြာခဏ ပြောပြခဲ့သည်။ စာပေဗဟုသုတ လေ့လာပြီး မှတ်စုမှတ်တမ်း အသိမ်းအဆည်းကောင်းခဲ့သော မေမေသည် မိမိ၏မွေးစာရင်းကို နှစ်များစွာထဲက မိမိအား ပေးအပ်ထားခဲ့လေ



ဆရာညွန့်ဝင်းကိုသည် ဂျာနယ် မဂ္ဂဇင်းများတွင် စာပေများ ရေး သားလျက်ရှိပြီး (၆၅) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်တွင် နေထိုင် လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်။

မွေးချင်းမောင်နှမ (၈) ယောက်တွင် ဒုတိယမြောက် မိမိကသာ "တာဝန်လိမ်းလမ်း၊ ဒေါ်ခင်ကြည်၏ သားဖွားဆေးရုံ" တွင် မွေးဖွားခဲ့ပြီး ကျန်မောင်နှမတွေမှာ "ဂျာမာခါနာ" ဟု ခေါ်သော "ဗဟိုအမျိုးသမီးဆေးရုံ" တွင် မွေးဖွားခဲ့ကြသူများ ဖြစ်သည်။ မိမိကို မေမေက "ထူးခြားသည်" ဟု မကြာမကြာပြောခဲ့ဖူး၏။ သည်ထူးခြားမှုက အရာရှိကြီး၊ ဂုဏ်ဒြပ်ကြီး၊ ကုန်သည်လုပ်ငန်းရှင်ကြီး၊ စီးပွားရေးသမားကြီး၊ ထူးထူးခြားခြား မဖြစ်ဘဲ "ဖြစ်ခဲသော စာရေးဆရာဘဝ" ကို ဖြစ်လာခဲ့ခြင်းဟု ပင် ပြောချင်ပါသည်။

လောကတွင် "လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ" ဆိုသော ရှေးစကားမှာ၊ လူသားတစ်ဦးအတွက် အနီးဆုံး ပတ်ဝန်းကျင်နှင့် ကျေးဇူးရှင် ဆရာသခင်တို့ ဖြစ်နေကြသည် မဟုတ်ပါလား။

မိမိ၏ဘဝအတွက် "စာပေအမြုတေ" ဖြစ်လာရသည်ကတော့ အခြားမဟုတ်။ မိမိ၏ ဖခင်သည် ၁၉၅၁ - ၅၂ ခုနှစ်ဝန်းကျင်က လင်းယုန်ဂျာနယ်၊ ရှုထောင့်ဂျာနယ်၊ အိုးဝေဂျာနယ်တို့တွင် အဖွဲ့ဝင် အယ်ဒီတာတစ်ဦး ဖြစ်ခဲ့သည်။ ဟံသာဝတီ၊ ဗိုလ်တထောင်၊ ကြေးမုံ၊ မြန်မာ့အလင်း စသော သတင်းစာတို့သည်လည်း ငယ်စဉ်ထဲက တွေ့မြင်ယဉ်ပါးနေကျ။

သတင်းစာကို လက်နှစ်ဖက်ဖြင့် ဖြန့်ဖတ်နေလျှင် လူတစ်ကိုယ်လုံးကို ကွယ်သွားစေသော စာရွက်ဆိုဒ်ကြီးများပင်။

ဖေဖေ အလုပ်ကပြန်လာလျှင် စာအုပ်တွေပါလာသဖြင့် မိမိတို့မောင်နှမတစ်တွေ အလုအယက် ဖတ်ကြရသည်။ ဘားမားစတား စာစောင်မှအစ၊ ဂျာနယ်စုံဖြစ်ပြီး လူထုဦးလှ၏ ပုံပြင်များ၊ သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ ရှုမဝတွေလည်း ဖတ်နေခဲ့ရပြီ။ ဖေဖေသည် အနေတည်သဖြင့် မကပ်ရဲသော်လည်း ဖေဖေယူလာသော စာအုပ်တွေကိုတော့ အမြတ်တနိုး မက်မက်မောမော ရှိလှသည်။

မူလတန်းကျောင်းသားဘဝက ဖေဖေ့မွေးရပ်မြေ ကျောက်ပန်းတောင်းကို နွေရာသီကျောင်းပိတ်ရက် အလည်သွားသည့်အခါ ရန်ကုန်ဘူတာကြီးမှ စအထွက် အညာရောက်ပြီး ကြက်မောက်တောင်ဆည် လုပ်အားပေး၊ ပုပ္ပါးတောင် ဘုရားဖူးသွားတာတွေကိုပါ စေ့စေ့စုံစုံ အိမ်သို့ စာပြန်ရေးရာ အံ့ဩကုန်ကြသည်။ လူကြီးစကားဝိုင်းတွင် မေမေက ဖတ်ပြရာ အိမ်ကိုရောက်နေကြသော ဆရာကြီး ဦးသော်ဇင်၊ ဦးဘဝင်း (လင်းယုန်)၊ ရဲရဲတောက် - သခင်သန်းတင်၊ မန်းလှဖေ (ရုပ်ရှင်သရုပ်ဆောင်)၊ ဆရာ ဦးစံဝင်း (ယိုးဒယားပို့က် ဘာသာပြန်ဆုရ) တို့က "ကျုပ်တို့ ကျောက်ပန်းတောင်း ရောက်သွားသလိုပဲ" ဟု မှတ်ချက် ချကြသည်။

အလယ်တန်းရောက်သောအခါ လုံးချင်းတွေဖတ်လာသည်။ တက္ကသိုလ်ဘုန်းနိုင်၊ တက္ကသိုလ်နေဝင်း၊ ဒေါ်ခင်နှယ်ဆွေ၊ ဆရာ (ဦး)သိန်းဖေမြင့်၊ ဆရာသော်တာဆွေ၊ ဆရာသာမု၊ ဆရာမင်းကျော်၊ ဆရာနတ်နွယ်၊ ဆရာမ ခင်နှင်းယု၊ ဆရာမ ခင်ဆွေဦး၊ ဗန်းမော်တင်အောင်၊ ဒဂုန်ရွှေမျှား၊ ဆရာကြီး ရွှေဥဒေါင်း တို့၏ စာများကိုဖတ်ပြီး စာကြည့်တိုက်တွေမှာ ရှာဖွေတတ်သည့်အလေ့အကျင့်လည်း ရလာခဲ့သည်။ ကျောင်းတွင်း နံရံကပ်စာစောင်တွင်လည်း ကလောင်သွေးစမြူလာသည်။ အတန်းထဲမှာ စာအုပ်သေးသေးလေးတွေရေးပြီး အတန်းကူးလဲလှယ်ဖတ်ရှုကြ၊ ပီတိဖြစ်ကြရသည်။

တစ်ခါတော့ ဝါသနာတူ သူငယ်ချင်းတစ်စုနှင့် "မုတ်သုန်မဂ္ဂဇင်း" ဆိုပြီး လက်ရေးဖြင့် ထုတ်ကြသည်။ အတန်းစဉ်လှည့်လည်ငှားဖတ်ရင်း ဟိုးလေးတကြော်ဖြစ်ကာ ကျောင်းအုပ်ဆရာကြီးထံရောက်သွားသဖြင့် သတိပေးခံခဲ့ရသည်။ ပညာသင်ကြားချိန်မှာ ဝါသနာကို သင့်သလောက်ပဲလုပ်ဖို့ လိုကြောင်း ပညာရေးအားနည်းသွားမည်စိုးကြောင်း ဆိုဆုံးမလေသည်။ ထိုဆရာကြီးကား သယ်န်းကျွန်း၊ အ.လ.က (၂) တွင် နာမည်ကြီးသော ဆရာကြီး ဦးကျောက်ဒိုးဖြစ်ပြီး စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)၏ ညီမောင် ဖြစ်နေပေတော့သည်။

ဖခင်သည် လွတ်လပ်ရေးမတိုင်မီက တပ်မတော်တွင် (ဘီဒီအက်ဗမာ့တပ်မတော်) စစ်မှုထမ်းခဲ့သူတစ်ဦးဖြစ်ရာ မော်ကွန်းဝင် (တတိယဆင့်) ရရှိခဲ့သူ ဖြစ်သည်။ နောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်လောက၌ ကျင်လည်၍ မိမိတို့လည်း စာပေနှင့်နီးစပ်လာခဲ့ရသည်။ ဘဝအတွေ့အကြုံ ဗဟုသုတရရန် ပြုစုပျိုးထောင်ပေးခဲ့ပြီး လူထဲသူထဲဝင်ရောက်ရန်လည်း လေ့ကျင့်ပေးခဲ့သည်။

ငယ်စဉ်ကလေးဘဝက "တော်လှန်ရေးနေ့" ဆိုလျှင် မိမိတို့တစ်တွေ ဗိုလ်ချုပ်ပန်းခြံရှိ ပျော်ပွဲရွှင်ပွဲကို သွားကြရသည်။ လွတ်လပ်ရေးတိုက်ပွဲဝင် လူထုလူတန်းစားအားလုံး "မိတ်ဆုံစားပွဲ" မှာ တွေ့ဆုံကြရသည်။ ကစားစရာတွေ၊ စားစရာတွေ၊ ပျော်စရာတွေ များပြားပြီး လက်ဆောင်တွေလည်း ရကြသည်။ လွတ်လပ်ရေး ရဲဘော်ရဲဘက်တို့၏ မိသားစုတွေနှင့် ဖက်လှဲတကင်း တရင်းတနှီးနေကြရသည်။ ဖခင်တို့တစ်တွေမှာလည်း ငယ်မူပြန်ကာ သူတို့အချင်းချင်း ငယ်ကြောင်းအဖြစ်သနစ်စုံ ပြောဆိုမဆုံးနိုင်ဘဲ ပွေ့ဖက်နှုတ်ဆက်နေကြတာကိုလည်း တွေ့ကြရ၏။ ဘဝနွမ်းပါးသူ ရဲဘော်များနှင့် ခြေလက်အင်္ဂါချို့တဲ့သူများကလည်း တစ်ဒင်္ဂဘဝကို မေ့ပျောက်ကာ အတိတ်ကိုပုံဖော်၍ ပျော်ရွှင်မြူးတူးပြီး ကလေးတွေလို ကခုန်နေကြတာမြင်ရတော့ မိမိတို့တွေအဖို့ ရယ်ချင်စရာ ဖြစ်ခဲ့ကြတော့သည်။

ဒီထက်ပိုသည်က ရဟန်းဝတ်ထားသော ရဲဘော်ဟောင်းကြီးတို့ကို ဖခင်တို့တစ်တွေ တန်းစီပြီး ဆလွတ်ရိုက်ကာ "ရဲဘော် ဘုန်းကြီးကို အားလုံး အလေးပြု" ဆိုပြီး အသံကျယ်ကျယ်လောင်လောင်နှင့် အော်ဟစ်ပြီး အလေးပြုကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကိုလည်း အလေးပြုကြပြီး ရင်ထဲရှိတာတွေ တိုင်တည်ပြောဆိုနေကြတော့သည်။

အိုးကြီးအိုးငယ် စားဖွယ်သောက်ဖွယ်အစုံ ဝေငှပေးကာ ပျော်ရွှင်ကြရသည်မှာ နှစ်စဉ်ပင်။ ရဲဘော်ရဲဘက်တို့၏ စိတ်သစ်လောင်းသောပွဲကြီးကား တစ်သက်တာ မမေ့နိုင်အောင် နွေးထွေးစိတ်၊ ကြည်နူးစိတ်၊ ချစ်ခင်ရင်းနှီးစိတ်နှင့် လက်တွဲမဖြုတ် သွေးစည်းခဲ့ကြရသည်။

ကျိုက္ကဆံကွင်းတွင်လည်း အလုပ်သမားနေ့၊ ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့၊ တောင်သူလယ်သမားနေ့စသော နေ့ထူးနေ့မြတ်တွေ ကျင်းပသည့်အခါ သွားရောက်ပြီးပြခန်းတွေကို လေ့လာခိုင်းသည်။ ညဘက် လူထုချီတက်ပွဲကြီးကိုလည်း လူကြီးတွေနှင့်အတူ လိုက်ပါခဲ့ရသည်။ နံနက်မိုးလင်း ဖုန်တသောသောနှင့် လူအုပ်ကြီးထဲမှာ ညှပ်နေကြတော့သည်။ အရွယ်ရလာသောအခါ ဗဟိုရုပ်ရှင်နှစ်ကားပေါင်းကြည့်ပြီး ည၌ (၂) နာရီ၌ လူထုစကားပြောစင်ကွင်းထဲမှာ အိပ်စောင့်ကာ နံနက် (၆)နာရီ လူထုချီတက်ပွဲကို စောင့်နေရတော့သည်။

ဖခင်၏ ရဲဘော်ရဲဘက်၊ ဆရာသမားများထဲမှာ တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်ခဲ့သူထဲမှ တစ်ဦးအပါအဝင်ဖြစ်သော မီးတုတ်သခင်သိန်းမောင်ကြီး၊ ချောက်သားရေနံမြေသခင်သိန်းအောင်၊ ဆရာစံသူပုန် ဂဠုန်တပ်သားဦးဘိုးဖြူ၊ ကမ္ဘာလှည့် ပီယမောင်မောင်၊ သိန်းသုံးဆယ် ဦးကိုကိုကြီး၊ မိုးအောက်မြေပြင် ရေးသားသူ စာရေးဆရာမင်းအောင်တို့နှင့် တရင်းတနှီးနေခဲ့ရပြီး စာပေဘဝအတွေးအမြင်အသိပညာများ တိုးပွားလာခဲ့ရလေသည်။

ဖခင်၏ဝါဒမှာ "စားဝတ်နေရေးအတွက် အတတ်ပညာကို ငတ်လာရင် ရှာစားတတ်လာလိမ့်မယ်။ အသိပညာနဲ့ ကိုယ်ကျင့်တရားကိုတော့ လေ့ကျင့်မွေးမြူမှ တစ်သက်တာ ဘဝနောင်ရေးအေးမှာ" ဟု ဆိုဆုံးမခဲ့ပါသည်။

မိမိတို့ဘဝတွင် လောကဓံဝဲဩဃကို ချို့တဲ့စွာဖြတ်သန်းရင်း ဖခင်၏ "စံပေတံ" နှင့် ရှန်းကန်လှုပ်ရှားခဲ့ရလေသည်။ ဘယ်ဘဝရောက်ရောက် ပေတံမပျောက်ခဲ့။ အရွယ်ရောက်၍ ဆင်ခြင်သိနှင့် သုံးသပ်လိုက်သောအခါ "စာပေသည် ပင်မကြီး" ဖြစ်နေသည်ကို ထင်ရှားစွာ တွေ့မြင်နေရပါတော့သည်။ ကျေးဇူးကြီးမားလှစွာသော ဖခင်ကား အသက် (၅၆) နှစ်အရွယ် ၁၉၈၂ - ခုနှစ်တွင် သယ်နှင်းကျွန်းမြို့နယ်၌ ကွယ်လွန်ခဲ့ပါသည်။ မိမိမျက်စိရှေ့မှောက်မှာ ဆုံးပါးသွားသော ဖခင်ကို ကျေနပ်စွာပြုစုခွင့်ရသဖြင့် စိတ်ထိခိုက်စရာ မဖြစ်ခဲ့။

ထိုဖြစ်အင်ကိုကြည့်ပြီး မိခင်ဖြစ်သူမှာ စိတ်လှုပ်ရှားကာ "ညောင်ညိုပင်စခန်းက ခွဲကြရပြီ" ဟု ကြေကွဲဆို့နစ်စွာ ပြောနေလေသည်။ မိဘများ၏ဆရာသမား ဝိဓုရသခင်ချစ်မောင်လာရောက်အားပေးတော့ မိခင်မှာ ပဋာမြေလူးဖြစ်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူထံမှ မိမိရရှိခဲ့သောအရာကို သုံးသပ်ဆင်ခြင်လိုက်သောအခါ "စာပေ"ဟုပင် မှတ်ချက်ချမိပါသည်။ အမှန်ပင် မိမိနှလုံးသည်းပွတ်ထဲ ရောက်ရှိလာခဲ့သော စာပေတို့ကား "ဖေဖေ့လက်ဆောင်" များပင် မဟုတ်ပါလား။ မိမိ၏ စာရေးဆရာမျိုးစေ့ကို ပထမဆုံး ပုံဖော်ပေးခဲ့သူပင်။

မှဆိုးမဘဝ ရောက်သွားသော မိခင်ကား အတောင်စုံ၍ ပျံသွားကြသော သားသမီးတို့ကိုကြည့်ပြီး သံဝေဂရရှာသည်။ အားကိုးရသော ဩရသ သားကြီး အိမ်ထောင်ပြုသွားသောအခါ "တို့က ပစ္စည်းပျောက်သွားတဲ့သူ၊ သူတို့က ကောက်ရတဲ့သူ"ဟု တစ်ဖက်လူကို နားလည်ခံစားပေးခဲ့သည်။ ညီမတွေ အိမ်ထောင်ရှင်ဖြစ်သွားတော့လည်း "ကြက်ကလေးတွေကြီးလာတော့ ကြက်မကြီးရဲ့အတောင်ကြားက ထိုးထွက်သွားတာ သဘာဝပါပဲ"ဟုလည်း ပြောဆိုတတ်ခဲ့သည်။ မိမိမှာသာ မေမေ့အတွက် စာနာပြီး "တိုးတိုးဖော်" ဖြစ်ခဲ့ရတော့သည်။

ထူးခြားသည်မှာ မေမေက စာဖတ်ဝါသနာပါပြီး ဗဟုသုတ ရှာဖွေတတ်သည်။ သွက်လက်ချက်ချာသည်။ အပြောအဆို ရည်မွန်သိမ်မွေ့သည်။ မှတ်သားဉာဏ်ကောင်းသည်။ သင်ခန်းစာယူတတ်သည်။ အတွေးအမြင် ဆင်ခြင်ဉာဏ်၊ မှတ်ချက်ထုတ်နုတ်မှုအားကောင်း၏။ သည်အရာကပင် မိမိအတွက် အထောက်အပံ့ဖြစ်ခဲ့သည်။ မိမိ၏ စာရေးဆရာမျိုးစေ့ကို ဒုတိယမြောက် ပုံဖော်ပေးခဲ့သူပင်။

စဉ်းစားကြည့်သည့်အခါ ဖေဖေ့ဗီဇသည် မိမိမှာ တစ်ဝက်ပါပြီး မေမေ့ဗီဇသည်လည်း မိမိမှာ တစ်ဝက်ပါသည်။ ပြီးတော့ မိမိ၏ဗီဇကမူ သီးခြားထပ်မံပါလာသည်ဟု မှတ်ချက်ပြုမိလေသည်။ တစ်ခါတစ်ခါ ဒီဗီဇသုံးခုစလုံး တစ်လုည့်စီဖြစ်သွားတာလည်း ရှိသည်။ တစ်ပေါင်းတည်း ဖြစ်သွားတာလည်း ရှိသည်။ ကွက်ကျား ပျောက်ကျား တစ်စစထွက်လာတာလည်း ရှိသည်ဟု ဆင်ခြင်မိနေလေသည်။ နောက်ဆုံးတော့ အတောင်မစုံသော မိမိသည်သာ မေမေနှင့်အတူ "အမေတစ်ခု သားတစ်ခု" ဖြင့် ဘဝအနာဂတ်ကို ဖြတ်သန်းခဲ့ကြရတော့သည်။ ဝန်ထမ်းဘဝဖြင့် ရပ်တည်ခဲ့သော မိမိမှာ ရုပ်ဝတ္ထုတွေ ချို့တဲ့ခဲ့သော်လည်း အသိပညာ၊ အဘိဓမ္မာတွေ မချို့တဲ့အောင် မေမေက တရားဓမ္မနှင့် ညွှန်ပြဆုံးမပေးခဲ့ပါသည်။

"မသာထမင်း မသာဟင်း မစားချင်ဘူး"ဟု ကိုယ်ကျင့်တရားပျက်သော ခေတ်ရေစီးကြောင်းစီးပွားရေးကို ရှောင်ရှားစေခဲ့သည်။ ရောင်စုံအတွေးအခေါ်တွေနှင့် ကြီးပြင်းခဲ့ရသော မိမိမှာ ရုပ်ဝါဒစိုးမိုးမှုတွေ ကွယ်ပျောက်ပြီး ဗုဒ္ဓ၏ ဩဝါဒအောက်တွင် မေမေက တစ်ဆင့်ဘာသာပြန်ပေးခဲ့သော "ဓမ္မအသိ" တို့ကို တစစနှင့် နှလုံးသားထဲမှာ ဘုရား တည်လာခဲ့တော့သည်။

ဓမ္မာနုပဿနာ သစ္စာဒီပကယောဂီဖြစ်လာသော မေမေသည် ဘဝအတွေ့အကြုံတွေနှင့် နီးစပ်ရာ လူမှုရေး အသိုင်းအဝန်းမှာနေပျော်ခဲ့ပြီး အိမ်တိုင်ရာရောက် ဓမ္မဆွေးနွေးပွဲတွေနှင့် စစ်အာဏာရှင်တစ်ခေတ်လုံး လူတိုင်း၏ ရင်ထဲက အကြိတ်အခဲတွေကို "ဓမ္မဆေးခါးကြီး"ဖြင့် မျှဝေတိုက်ကျွေးခဲ့လေတော့သည်။

"မနက်ဖြန်ကို ကိုယ်မပိုင်ဘူး၊ မျက်မှောက်ကာလကသာ လက်ရှိဘဝအတွက် အဓိပ္ပာယ်အရှိဆုံး၊ စိတ်အချရဆုံး၊ အတိတ်နဲ့အနာဂတ်ကို ပစ္စုပ္ပန်ကသာ အဆုံးအဖြတ်ပေးတာ" စသဖြင့် မိမိရင်ထဲမှာ လက်တွေ့တရားသဘောကို သိနားလည်ခဲ့ရသည်။ မိခင်ကိုလည်း တရားဓမ္မနှင့် ကျေးဇူးဆပ်တတ်ခဲ့သည်။ "ဗုဒ္ဓသည် ဓမ္မနှင့် ကျေးဇူးဆပ်၍ နို့နှစ်လုံးဖိုးကျေခဲ့သည်"ဟု မေမေ ပြောခဲ့ဖူးလေသည်။

နယ်တရားစခန်းကို မေမေသွားရောက်သည့်အခါ အသက် (၈၀) ကျော် မေမေ့ကို မိမိက စိတ်မချသဖြင့် တားရာ "မပူပါနဲ့သားရယ်၊ အိမ်မှာနေလည်း သေမှာပဲ။ လမ်းသွားနေရင်လည်း သေမှာပဲ။ သေခြင်းတရားဟာ နေရာဒေသ၊ အချိန်ကာလ ရွေးတာမှမဟုတ်ဘဲ။ သေမယ့်အတူတူ တရားဓမ္မနဲ့သေတာက မြတ်တာပေါ့။ အသက်ကြီးလေ ဓမ္မနဲ့ ရင်းနှီးလေ ဖြစ်အောင် လုပ်ရမှာပေါ့။ သေကွဲ မကွဲ ရှင်ကွဲ ကွဲပဲကွာ။ နေဝင်ခါနီး စပါးလှန်းတဲ့အခါ နာနာမွှေရမှာ မဟုတ်လား"ဟု ပြောလေ့ရှိလေသည်။

www.burmeseclassic.com



သည့်တွင် မိမိက အထုပ်ထမ်းပြီး ကားဂိတ်၊ သင်္ဘောဆိပ်၊ ဘူတာရုံတို့ကို လိုက်ပို့လိုက်ကြိုပြုလုပ်ပေးခဲ့လေသည်။ မိမိသည် သော့ခလောက်လေးကို အိမ်စောင့်တာဝန်ပေးထားပြီး အိပ်ချိန်မှအပ ရုံးနှင့်လူမှုရေးတွေ လည်ပတ်သွားလာနေခဲ့ရသည်။ ကြွပ်ကြွပ်အိတ်ထမင်း၊ ဟင်းသည် မေမေ့လက်ရာလောက် ခံတွင်းမမြိန်ခဲ့။ မေမေ့ ချွေးခံအကျီနှင့် ထဘီကို လျှော်ဖွပ်ကာ မေမေ့ကို လွမ်းနေရသော ကာလများ ဖြစ်ခဲ့ရတော့သည်။

မေမေက ရန်ကုန်မြို့လယ်တွင်လည်း လိုင်းကားတွေကို ကျင်ကျင်လည်လည် ဖျတ်ဖျတ်လတ်လတ် စီးတတ်ပြီး ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟတွေကို "တရားစကားပြောလို့ မရတဲ့ အိမ်ကို မသွားဘူး" ဟု ပြောနေလေသည်။ မေမေ အမြဲပြောတတ်လေ့ရှိသောစကားမှာ "အရာရာတိုင်းဟာ မိမိ အလိုကျမဖြစ်ဘူး၊ အကောင်းလည်း မမြဲဘူး၊ အဆိုးလည်း မမြဲဘူး၊ အဲဒါ ဗုဒ္ဓရဲ့တရားတော်ပဲ" တဲ့။

လောကအတွေ့အကြုံနှင့် လောကဓံ အထုအထောင်း ခံရသောမေမေသည် တရားဓမ္မနှင့် ကြုံကြုံခံနေတတ်ခဲ့သည်။ မိမိတို့သားအမိနှစ်ယောက် တောင်ဒဂုံ (၆၅)ရပ်တွင် (သိမ်ချောင်းရွာပောင်း) ထဲမှာ တဲအိမ်ကလေးနှင့် နေကြရသော အခါ "ဘာမှမရှိတာ အချမ်းသာဆုံးပဲ" ဟု ခံယူကျင့်သုံးနေလေသည်။ နောက်ဆုံးတော့ မိမိတို့သည် "ဘဝကို ဓမ္မနှင့် တည်ဆောက်"ပြီး နလုံးသားမှာ ဘုရားတည်ကာ ဘဝရပ်တည်ခဲ့ကြရသည်။

လောဘနည်းတော့ သောကလည်း နည်းလာသည်။ ကိလေသာလည်း ပါးလျားလာခဲ့သည်။ မေမေ့ အဆုံးအမသည် ဗုဒ္ဓ၏ အဆုံးအမသာ ဖြစ်ခဲ့တော့သည်။ "သတိပဋ္ဌာန်ဖြင့် နေတတ်မှ သံသရာပြတ်မည်" ဟု ယုံကြည်လာပြီး မေမေနှင့်အတူ တရားစခန်းကိုလည်း နှစ်စဉ်ဝင်ရောက်၍ လေ့ကျင့်လာခဲ့လေသည်။ "ဘဝပြတ်ကြောင်း တရားသည် ဝိပဿနာမှတစ်ပါး အခြားမရှိ" ဆိုတာကို လက်တွေ့ဒိဋ္ဌ ယုံကြည်ကိုးစားခဲ့ပါတော့သည်။

ထီလက်မှတ်နောက်ကျောမှ စာကိုပင် မျက်မှန်သုံးစရာမလိုဘဲ ဖတ်နိုင်သော မေမေသည် "အိုနာရောဂါ" မှ တစ်ပါး အခြားရောဂါမရှိခဲ့။ ဒေသန္တရခရီးအဖြစ် မြန်မာပြည်ဘုရားစုံ ဖူး ဆန္ဒကိုလည်း ဖြည့်ဆည်းပေးခဲ့လေသည်။ ပခုက္ကူသီဟိုဠ်ရှင်ဘုရား၊ မုံရွာလေးကျွန်းစကြာ မတ်ရပ်ဘုရားကြီး (အရှင်ဆန္ဒာဓိကနှင့် အရှင်ရဝေန္ဒယ(အင်းမ)တို့ ဓာတ်လှေကားပြုတ်မကျမီ နှစ်ပတ်အလို) ပုဂံရှေးဟောင်းဘုရားများ၊ မန္တလေး မဟာမြတ်မုနိ၊ စစ်ကိုင်း ဆွမ်းဦးပုညရှင်၊ ကျိုက္ခမီ ရေလယ်ဘုရား၊ ကျိုက်ထီးရိုးဆံတော်ရှင်၊ မော်လမြိုင်တောင်ရိုးတန်းဘုရားများ စသည်တို့အား ဖူးမြော်စေခဲ့လေသည်။ ဒေသခံ မိတ်ဆွေအပေါင်းအသင်းတို့ကလည်း ဒါနကုသိုလ်ပြုခဲ့ကြသည်။

၂၀၁၀ ခုနှစ်တွင် အသက် (၈၃)နှစ်ရှိပြီဖြစ်သော မေမေသည် "ဒီနှစ် ငါ့ကိုယ်ငါ စိတ်မချတော့ဘူး နီးနေပြီ။ ဝေးတယ်ဆိုတာ မရှိဘူး" ဟု ပြောလာတတ်ပြီး နွေကာလမှာ အပြင်မထွက်နိုင်တော့။ "တွေ့ချင်သူတွေကို ခေါ်ပေး" ဟု ပြောကာ လူဟောင်းသူဟောင်းတို့အား ခေါ်တွေ့၍ "နာနေပြီ" ဟု ဆိုပြီး တရားစကားတွေ ဒိုင်ခံပြောနေတော့၏။

အများစုက မေမေ့ကို "တရားကိန်းနေသူ" ဟု မှတ်ချက်ချကြသည်။ ၂၀-၈-၂၀၁၀ နေ့တွင် မေမေ ကွယ်လွန်ခဲ့ပါတော့သည်။ မေမေကား မိမိကို တရားဓမ္မတွေ ပြသွားခဲ့ပြီး "အနတ္တသဘော" ကို လက်တွေ့ဆုံးမခဲ့လေပြီ။ သို့ဖြင့် မေမေ မကြာခဏ ပြောဆိုလေ့ရှိသော စကားစုတို့ကို "မေမေ့ နာရေး ယောဂီယပ်တောင်" လေးမှာ ရိုက်နှိပ်ကာ ဝေငှဒါနပြုလိုက်ရပါတော့သည်။

"အရာရာတိုင်းဟာ မိမိအလိုကျ မဖြစ်ဘူး။ အကောင်းလည်း မမြဲဘူး။ အဆိုးလည်း မမြဲဘူး။ အဲဒါ ဗုဒ္ဓရဲ့တရားတော်ပဲ" ဟု။

**ညွှန့်ဝင်းကို**



www.burmeseclassic.com

www.burmeseclassic.com

# တင်ပေဖူးသည့် ကျေးဇူးသိခြင်းဆိုရာတွင်

## ညွှန့်ဟံ(ကြူတော)



အမည်ရင်းမှာ ဦးညွှန့်ဟံဖြစ်ပြီး မြန်မာနိုင်ငံ စာရေးဆရာ အသင်း ညီလာခံကိုယ်စား လှယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) စာရေးဆရာအသင်း အတွင်း ရေးမှူး ဖြစ်ပါသည်။ ယခုအခါ အမှတ် ၃၆၊ ဘိုးရာဇာလမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက် ပိုင်း) တွင် နေထိုင်လျက် ရှိပါ သည်။

အစဉ်အလာဝေါဟာရ ခေတ်သုံးစကားများစွာတွင် ကျေးဇူးဆိုသည့် စကားလုံးက အတော်ပင် တွင်ကျယ်ပေ၏။ ယဉ်ကျေးမှုအသွင်၊ လူမှုရေးအမြင်၊ လောကဝတ် စကားအနေဖြင့် တွင်တွင်ကျယ်ကျယ် သုံးကြယဉ်ပါးကြပေ၏။ နှစ်လိုဖွယ်လည်း ကောင်း၏။ အသိအမှတ်ပြုခြင်း၊ ကျယ်ပြန့်ခြင်း၊ စိတ်ရောကိုယ်ပါ စွမ်းနိုင်ခြင်း၊ မစွမ်းနိုင်ခြင်း၊ အပေါ်ယံရုပ်တိုက်ပြောဆိုခြင်း၊ အလေးအနက်ခံယူခြင်း စသည် ဖြင့် ကဏ္ဍစုံ၊ နေရာစုံဟု ဆိုချင်၏။ မပြောမဖြစ် ပြောရသည် လည်းရှိ၏။ စိတ်ပါလက်ပါ ပြောရဆောင်ရွက်ရသည်လည်း ရှိ၏။ ပေါ့ပါးခြင်း၊ အနှစ်သာရရှိခြင်း မျိုးစုံတွင် ကျယ် သည်ဟု ဆိုရသော်လည်း မူရင်းအနှစ်၊ ဇာစ်မြစ်သဘောက တန်ဖိုး ရှိ၏။ ဂုဏ်သိက္ခာ ပြည့်ဝ၏။ ကျင့်သုံးသူတို့၏ နှလုံးသားနှင့် အတော်ပင် သက်ဆိုင်သည်ဟု ဆိုချင်၏။ အခြားသော ဝေါဟာရတွေကို မသုံးစွဲဖြစ်သည့်တိုင်အောင် ကျေးဇူးဆိုသည့် အက္ခရာ နှစ်လုံးက ပေါ့ပေါ့ပါးပါး ရေပန်းစားစွာ ကြားရတတ်သည်။ ကိုယ်တိုင်လည်း ပြော တတ်၏။ ပြောမကုန်၊ ရေးမခန်း အကြောင်းအရာတွေ စံနှုန်း၏ပမာ လိုက်နာစရာ တွေက မနည်းမနော။ သမားရိုးကျကိုလွန်လျက် အတွေးအဆကောင်းတွေလည်း ရှိပေ၏။

ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝက ဖြစ်လေသည်။ ကျောင်းသင် စာပေအရ ကျေးဇူးရှင် တောင်ဖီလာဆရာတော်ကြီး၏ ကဗျာများကို အမိအရ ကျက် မှတ်ရ၏။ ယင်းတို့တွင် တင်ပေဖူးသည့် ကျေးဇူးရှိလျက် အဆပ်ခက်ဆိုသည့် အပိုဒ် ပါဝင်သည်။ ကျေးဇူးရှိမှန်းသိသော်လည်း လက်တွေ့အားဖြင့် ကျေးဇူးဆပ်ဖို့ တုံ့နှေး ခက်ခဲတတ်ကြောင်း ဩဝါဒပေးခြင်း ဖြစ်၏။ ကျေးဇူးရှိခဲ့သည်ကို သိခြင်း၊ အမှတ်ရ ခြင်း၊ ဆင်ခြင်ခြင်း၊ ပေးဆပ်ခြင်းများ ပြုကြရန် တိုက်တွန်းမှု အထွေထွေ၊ ကြားသိ



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့အဆုံးမခံကြရပြီး ဖြစ်လေသည်။ ထိုသဘောသည် ဗုဒ္ဓဘာသာ၏ အဆုံးအမအောက်၌တည်သော အရိုးအစဉ် မြန်မာမှုပင် ဖြစ်ပါသည်။

ပါဠိဘာသာစကား ကတညုတမှလာသော ကျေးဇူး စကားလုံးကို ရှေ့ဆက်နောက်ဆက် ဝိဘတ်အသွယ်သွယ် တင်စားကြသည်နှင့်အမျှ အဓိပ္ပာယ်ပြောင်းသွားပေသည်။ ကတညုတ ကတဝေဒီ ကျေးဇူးပြုခြင်း၊ ဆပ်ခြင်း၊ ခံစားခြင်း၊ မျှဝေခြင်းတို့ကို သဟဇာတဖြစ်အောင် အားထုတ်ကြဖို့ ဖြစ်၏။ သူ့ကျေးဇူးကို အထူးသိမြင်စေကြောင်း မှတ်တမ်းဟောင်း များစွာ သာဓကအဖြာဖြာဖြင့် ရည်ညွှန်းခြင်းက မဆုံးနိုင်ဟု ဆိုချင်၏။

ကျေးဇူးရှိ၊ ကျေးဇူးတင်၊ ကျေးဇူးကန်း၊ ကျေးဇူးသစ္စာ စောင့်သိရိုသေ၊ ကျေးဇူးကမ္ဘာ၊ ကျေးဇူးကြီး၊ ဂုဏ်ကျေးဇူး၊ ကျေးဇူးရှင်ကို ကျေးစွပ်၊ ကျေးဇူးဆပ်၊ ကျေးဇူးတင်၊ ကျေးဇူးကို ထောက်ထား၊ ကျေးဇူးမဲ့၊ ကျေးဇူးများ၊ ကျေးဇူးသိ စသည်ဖြင့် ဝေဝေဆာဆာ ရှိပေသည်။ သုံးစွဲမှုကို နေရာတကျရှိကြပေရာ သူ့အဓိပ္ပာယ်နှင့် သူ ဖြစ်၏။ ကျေးဇူးတရားကို အလေးထားသော မြန်မာတို့သည် အသေးအဖွဲကိစ္စမှ ကြီးကျယ်ခမ်းနား အကြောင်းအရာများအထိ သူ့တန်ဖိုးနှင့်သူ စောင့်သိရှိသေကြသည်။

အစဉ်အလာ မြန်မာစာပေလောကပင် ကျေးဇူးတရားက စတင်ခဲ့သော မြန်မာစာပေဟု ကင်ပွန်းတပ်ချင်ပေသည်။ မြန်မာစာပေနှင့် ယဉ်ကျေးမှု စတင်ပေါ်ထွန်းစ၊ ပုဂံခေတ် ကျောက်စာများကို လေ့လာပါက ကျေးဇူးဆပ် အကြောင်းအရာတွေ ရှုမြင်သိမှတ်ခံစားနိုင်၏။ အထင်ကရ ကျောက်စာဖြစ်သော ဘာသာစကားလေးမျိုးဖြင့် ရေးထိုးသော ရာဇကုမာရ်ကျောက်စာကို ကြည့်ပါ။ မြေးကအရင်း သားကအဖျားဟု ဆိုရသည့်ဖြစ်ရပ် ရာဇကုမာရ်မင်းသား ကြုံခဲ့၏။ ခမည်းတော် ကျန်စစ်သားမင်းက မြေးတော်ကို ထီးနန်းပေးခဲ့၏။ သားအရင်းက စိုးစံခွင့်မရ။ သို့သော် ငြိုငြင်မှု တစ်စုံတစ်ရာ မရှိ။ ထို့ပြင် ဖခင် နတ်ရွာစံခါနီးတွင် သူ အပိုင်စားရသော ရွာသုံးရွာနှင့် ရွှေဆင်းတုကို လှူ၏။ ဖခင်ကို အလှူအတွက် သာဓုခေါ်စေ၏။ သာမန်အချိန်၌ မိဘကို လုပ်ကျွေးခြင်းထက် တွယ်လွန်ခါနီး မမာမကျန်းဖြစ်ချိန်တွင် မိဘကို အလုပ်အကျွေးပြု၊ အလှူဒါနပြုရသည့် လုပ်ငန်းက မြင့်မြတ်လှ၏။ သားတစ်ယောက်အနေဖြင့် ထီးနန်းဆက်ခံခွင့်ရှိပါလျက် ခံစားခွင့်မရသည်ကို လျစ်လျူရှု၏။ မိဘကျေးဇူးကို အမြင့်မြတ်ဆုံးဆပ်၏။ ထိုအကြောင်းအရာကို မြန်မာ၊ ပျူ၊ မွန်၊ ပါဠိဘာသာစကားလေးမျိုးဖြင့် အက္ခရာကမ္ပည်းမော်ကွန်းတင်၏။ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု အထွေထွေ နောင်းခေတ်များအတွက် တန်ဖိုးမဖြတ်နိုင်အောင် လေ့လာခွင့်ရ၏။ ထူးခြားသည်မှာ သမားရိုးကျ အကြောင်းအရာကို မှတ်တမ်းတင်ခြင်းမဟုတ်။ ဖခင် ကျေးဇူးမှတ်တမ်းတင်စာပေအဖြင့် ပေါ်လွင်စေပါ၏။ သို့ဖြစ်၍ ကျေးဇူးတရားက စတင်ခဲ့သော မြန်မာစာပေဟု ကင်ပွန်းတပ်ချင်၏။ အတုယူစရာ စာပေဓလေ့ ဖြစ်၏။ ကျေးဇူးသိခြင်း၊ ဆပ်ခြင်း အသိဉာဏ် ရင့်သန်စေ၏။ စွဲမြဲထင်ဟပ် အသိအမှတ်ပြုရသည့် မွန်မြတ်ခြင်းကို မြင်ရပေ၏။

ကျေးဇူးခံကျေးဇူးစား အလွှာများ၌ ကျေးဇူးပြုပုံခြင်း မတူကြပေ။ အလေးအနက် အတိမ်အကျယ် ရှိပေသည်။ ဗုဒ္ဓကျေးဇူး၊ မွေကျေးဇူး၊ သံဃကျေးဇူး၊ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များ၏ အထူးသိဖွယ်များ၊ တစ်လုတ်စားဖူး သူ့ကျေးဇူး အကြောင်းတွေ ဇာတိဂုဏ်ဒြပ် ကျေးဇူးဆပ်ကြောင်း မမေ့ ကောင်းစရာများ ရေးဖွဲ့မှုတွေ ပါဝင်ဆင်နွှဲမှုနှင့် ပီတိဖြစ်ဖွယ် အမှတ်အသားတွေကား ထင်ရှားကြပေသည်။ ကျေးဇူးတင်စရာကောင်းသော လူပုဂ္ဂိုလ်၊ ရုပ်ဝတ္ထု၊ လှုပ်ရှားမှုများက အမှတ်တမဲ့ ပြုခြင်းဗှာ မထိုက်ဟုထင်၏။ အနိမ့်ဆုံးအားဖြင့် ပေါင်းသင်းသမှု ဆက်ဆံခြင်းကိစ္စတွင် မိတ်ဆွေကောင်းသည် ကျေးဇူးရှင်ဖြစ်နေတတ်၏။ အင်္ဂလိပ်စကားပုံ “A friend in need is a friend in deep” ဟု၍ တွေ့ရဖူး၏။ တကယ့်လိုအပ်ချက်ရှိချိန်တွင် အကူအညီပေးဖြည့်ဆည်းသောသူသည် မိတ်ဆွေကောင်းဖြစ်ရုံမက ကျေးဇူးရှင်ဟု ဆိုထိုက်၏။ နိမ့်ပါးဝေဝါးချိန်တွင် အားပေးတတ်သော ကောက်ရိုးတစ်မျှင် အကြံဉာဏ်သည် ကျေးဇူးတစ်မျိုးပင် ဖြစ်၏။ ထိုထိုသော ကျေးဇူးတရားကို အကြောင်းပြု၍ အတွေးအမြင်ပြောင်း သင်ခန်းစာရကာ ဘဝခရီး လှုလုံးလှအောင် ဖြတ်သန်းနိုင်သူတို့ များလှပါ၏။

ကျေးဇူးရှင်ကို ပစ်မှားသဖြင့် အတိဒုက္ခရောက်ရကြောင်း မလျော်မကန်ဖြစ်ရပ်များအကြောင်း သာဓက၊ ဝတ္ထုပုံပြင် ဇာတ်လမ်းအဖြစ်မှန်သရုပ်သကန်တွေ များလှပါပြီ။ ဘုရားဟော ဇာတကမှအစပြု၍ ခေတ်ဟောင်း၊ ခေတ်လယ်၊ ခေတ်သစ်အထိ ဖြစ်လေသည်။ ကျေးဇူးရှိသည်ကို မသိကျိုးကျွန်ပြုမှုတွေက နေရာစုံ၌ တွေ့ရပြီး ကိုယ်တွေ့ဖြစ်စဉ်တွေ သင်ခန်းစာ အထွေထွေ ရှိကြပြီးလေပြီ။ ဝန်လေးတတ်သော ဖော်

www.burmeseclassic.com



ထုတ်တတ်မှုများစွာသည် စိတ်မသက်မသာစရာ ဖြစ်ရပေ၏။

ထပ်ဆင့်တွေးဆ အမှတ်ရစရာလည်း ရှိပါ၏။ ကျေးဇူးပြုအတင်ခံရသူက လုစ်ဟာမှုများဖြစ်၏။ ကိုယ့်ဂုဏ်ကိုယ်ဖော်မှုလည်း ဖြစ်၏။ မှတ်သားခဲ့ဖူးသော ဝတ္ထုဇာတ်လမ်းလေး ရှိ၏။

တစ်ခါက ကျေးလက်နေ လူလတ်များထဲတွင် မျက်စိခွန်အားချို့တဲ့သူတစ်ဦး ရှိ၏။ ယင်းအတွက် လူရည်လည်သော မြို့ပြရောက်ခွင့်ကြုံသော သူငယ်ချင်းက မျက်မှန်ဝယ်ပေး၏။ ကံကောင်းထောက်မစွာ အဆင်ပြေသွားပေသည်။ အနေတော်ဖြစ်သွားသဖြင့် ကျေးဇူးတင်မဆုံး ဖြစ်ရသည်။ သို့ရာတွင် လူစည်ကားရာနေရာတိုင်းတွင် မျက်မှန်ဝယ်ပေးသူက သူ့ကြောင့် ထိုသူ မျက်မှန်နှင့် အဆင်ပြေကြောင်း ဂုဏ်ရည်ဖော်ထုတ်လေ့ ရှိ၏။ ကြာသော် သည်းမခံနိုင်သဖြင့် အဆင်ပြေနေသော မျက်မှန်ကို မျက်စိအမြင် ချို့ယွင်းသူက ပစ်ပေါက်ဖျက်ဆီးလိုက်ပါတော့သည်။

စိတ်ဓာတ်ခွန်အား ကိုယ်ခန္ဓာကိုယ်စွမ်းပကား ချို့ယွင်းသူသည် အားကိုးအားထား ရှာတတ်ရှိတတ်၏။ တစ်ဖက် ငြိုငြင်မှုမရှိပါက ကျေးဇူးရှင်အစစ် ဖြစ်ပေသည်။ ကောက်ရိုးတစ်မျှင် ကျေးဇူးရှင်တွေကလည်း ဖြတ်သန်းရသမျှ ကြုံခဲ့ရမည် ဖြစ်၏။ သို့သော် အချို့သော မိဘများကပင်လျှင် မိမိတို့ဘက်မှ ဝတ္တရားကောင်းစွာ မကျေပွန်သည့်တိုင် သားသမီးများ အခွင့်သာသဖြင့် စီးပွားလူမှုကောင်းစားချိန်တွင် မိမိတို့ ကိုယ်ကို ကျေးဇူးရှင်အဖြစ် ဂုဏ်ဖော်တတ်သည်ကို တွေ့ရဖူး၏။ မိဘနှင့်သားသမီးအသိ၊ ဘာသာတရား၏ အဆုံးအမကြောင့်သာ မပြောသာဘဲ ရှိမည်ထင်ပါ၏။

စာရေးသူသည် ဝန်ထမ်းဘဝ၊ ရာထူးဂုဏ်သိမ်နှင့် စာပေရေးရာအရ အတန်အသင့် နေရာရသည်ဟု ဆိုချင်ဆိုနိုင်၏။ ကံဉာဏ်ဝီရိယ ကိုယ်တိုင်အားထုတ်မှုလည်း ပါဝင်သည်ဟု ယူဆ၏။ သို့ရာတွင် ခန္ဓာကိုယ်အစိတ်အပိုင်း၊ မကောင်းသောအာရုံချို့တဲ့မှု ကြုံခဲ့ရပေ၏။ ထိုအခါ စာပေနယ်၌ အလျဉ်မပြတ် စီးဆင်းတိုးဝင်ခွင့်ရ၏။ လူမသိ သူမသိ ဖြစ်ခဲ့၏။ အကြောင်းရှိ၏။ နောက်ကွယ်က မိသားစုပံ့ပိုးမှုကြောင့်ဖြစ်၏။ ကျေးဇူးရှင်ပင် ဖြစ်၏။ သာမန်အခြေအနေ၌ မထူးခြားသော်လည်း စိတ်အခန့်မသင့်သဖြင့် သူတို့ကြောင့် မိမိဘဝ ရပ်တည်နိုင်ကြောင်း ဂုဏ်ရည်သွေးပြောဆို၊ မိမိကို နှိမ့်ချသည့်အခါ အလွန်အမင်း စိတ်မကောင်းဖြစ်ရသည်။

ယေဘုယျတွေ့ရလေ့ရှိသော အဖြစ်အပျက်များတွင် ရာထူးဂုဏ်သိမ်၊ အရှိန်အဝါမြင့်ကာ ဩဇာအာဏာ သက်ရောက်ချိန်တွင် ထိုသူအပါး ဝန်းရံမြှောက်စား၊ အလာအသွား ရှိ၏။ ထိုသူကလည်း တတ်စွမ်းသမျှ စောင်မချီးမြှောက်တတ်၏။ သို့ရာတွင် အခွင့်အာဏာအရှိန်အဝါ ကင်းမဲ့ချိန်တွင် တစ်ချိန်က ကျေးဇူးရှိသည် ကျေးဇူးရှင်ဟု ပြောဆိုသူများသည် လုံးဝပင် ချဉ်းကပ်မှု မပြုကြခြင်း ဖြစ်လေသည်။

တွေ့ရတတ်သော စရိုက်လက္ခဏာများ မကြာခဏ ကြုံရဖူး၏။ တစ်စုံတစ်ယောက် ကြီးပွားတိုးတက်သည်ကို မြင်ရသူက "ဒီကောင် အခုလို ကြီးပွားနေတာ တစ်ချိန်က ငါ ကူညီခဲ့လို့ပေါ့။ အရင်က ဘာမှမဟုတ်ဘူး။ အခုတော့ ငါ့ကျေးဇူးကို အသိအမှတ်မပြုတော့ဘူး" ဟု ဆိုတတ်ကြခြင်း ဖြစ်၏။ မိမိ၏ဂုဏ်ကို လျစ်လျူမရှုနိုင်ခြင်းကပင် လောကဓမ္မတာ ဖြစ်လေသည်။

များစွာသော ကျေးဇူးရှိမှုတွင် စာပေကျေးဇူးသည် မဖောက်မပြန် အမြဲမှန်ကန်သည်ဟု ဆိုချင်ပေသည်။ အတွေးမှန်၊ အမြင်မှန်ပေးပြီး ဘဝအလင်း ထွန်းလင်းတောက်ပြောင်ခွင့်ရသဖြင့် မှီခိုကြရမည်သာဖြစ်၏။ စာရေးသူတို့သည် အမှတ်မထင် ကြားသိမြင်တွေ့ရသော စာပေ၊ မီဒီယာ၊ ဖန်သားပြင်၊ ရုပ်မြင်သံကြား၊ အသံလှိုင်းများက သုတပညာနှင့် ခံစားမှုတွေ့ရသဖြင့် ကျေးဇူးကြီးသည်ဟု ခံယူလေ့ရှိသည်။ ထပ်ဆင့် စိတ်ကူးပုံဖော်နိုင်၏။ နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်း၊ ဂုဏ်ကျေးများကား အထူးပြောဖွယ်မရှိပေ။

စာရေးသူ၏ အယူအဆဆိုလျှင် ကျေးဇူးတရား၌ ပေးသူနှင့် ယူသူသည် ယူသူဘက်က ပို၍ အသိအမှတ်ပြုပေးဆပ်ရန်သာရှိ၏။ ကျေးဇူးခံဘက်က မိမိလုပ်သင့်သည်ကို လုပ်သည်ဟုသာ သဘောထားသင့်၏။ ရှေ့တန်းတင် ဂုဏ်ယူပြောမျှော်လင့်စောင့်စားခြင်းကို တတ်စွမ်းသမျှ ဆင်ခြင်သင့်သည်ဟု ယူဆမိသည်။ တစ်ခါတစ်ရံ အပြောအဆို မရှိပါလျှင် ပို၍ သိက္ခာရှိတတ်၏။ သို့မဟုတ်ပါက သင့်မြတ်သော မျက်မှန် တပ်ဆင်ပေးပါလျက် အလွန်အကျူး အသိအမှတ်ပြု ခံချင်လွန်းချိန်၌ မျက်မှန်ကို ရိုက်ချိုးနိဂုံးချုပ်စေသည့် အတွေးမျိုး ကြုံရစရာရှိ၏။

ကျေးဇူးသည် နောင်တဆိုသည့် ဝေါဟာရနှင့် မစပ်ဆိုင်ဟု ပြောလိုပါ၏။ ကျေးဇူးပုံရိပ်တွေက ထွေပြားလှပေသည်။

ညွန့်ဟံ (ကြူသော)



www.burmeseclassic.com

www.burmeseclassic.com



# ဝိဝိဓေါ်ကျေးရူးရှင်များ

**ငွေးမောင်**

၁၉၄၇ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့ထုတ် "ပြည်သူ့ရဲဘော်" ဂျာနယ်မှာ ကျွန်တော်၏ "သင်းတို့လောက" ဝတ္ထုတို ပါရှိပါသည်။ စာပေလောကဥ္စ ခြေချမိပြီဟု ဆိုနိုင်ပါသည်။

ပထမဆုံး လက်ရာဖော်ပြခံရသဖြင့် အားတက်ကာ ဝတ္ထုတိုဆောင်းပါး၊ ကဗျာ၊ စာညွှန့် (စာညွှန်းမဟုတ်ပါ) စသည်များ ဆက်လက်ရေးသားပါသည်။ ကလောင်အမည်က ရေနံမြေမှ ရဲဘော်၊ ရဲဘောင်မောင်လှ၊ မောင်မြတ်စံ စသည်တို့ ဖြစ်ပါသည်။

နောက်ပိုင်း ရှုမဝမဂ္ဂဇင်းမှာ "န" ဝတ္ထုရှည်ဖော်ဖြစ်တော့မှ ကလောင်အမည် "ငွေးမောင်" ကို စတင်သုံးပါသည်။

ကျွန်တော် ချောက်မြို့အထက်တန်းကျောင်းမှာ ပညာသင်ဆဲဥ္စ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပါသည်။ စာသင်ကျောင်းများ ပိတ်ကုန်ပြီ။ ဂျပန်များ ဝင်ရောက်လာပြီ။ ဂျပန်ခေတ်မှာ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်၏ ဝန်ထမ်းတပ်ဖွဲ့ ရှိပါသည်။ စစ်အောင်နိုင်ရေး ပံ့ပိုးရန်အတွက်ပါ။

ပုဂံဦးဘဂျမ်းခေါင်းဆောင်သော "အရှေ့အာရှတိုက် လူငယ်များ အစည်းအရုံး" လည်း ရှိပါသည်။ အစည်းအရုံး၏ ရည်ရွယ်ချက်က လူငယ်များ ဗလငါးတန် (ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ)တို့ တိုးတက်အောင် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ကျွန်တော်က ဉာဏဗလမှူးပါ။



အမည်ရင်းမှာ ဦးငွေးမောင်ဖြစ်၍ စည်သူဘွဲ့ ရရှိသည်။ အမျိုးသားစာပေဆုနှင့် တစ်သက်တာ စာပေဆုများ ရခဲ့သည်။ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ဖြစ်၍ ယခုအခါ ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် နေထိုင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ မြန်မာစာဆရာကြီးများကို ပင့်ဖိတ်၍ စာပေအကြောင်း ဟောပြောစေပါသည်။ မြန်မာ့ယဉ်ကျေးမှု ဟောပြောစေပါသည်။ ကျပမ်းစကားပြောပွဲ၊ စကားရည်လုပွဲများ ကျင်းပပါသည်။ လက်ရေးစာစောင် ထုတ်ဝေပါသည်။

စစ်ပြီးသောအခါ ကျွန်တော် ကျောင်းစာဆက်၍မသင်တော့။ စာပေကြိုးစားရေးသည်။ တစ်ဆင့် တစ်ဆင့် တိုးတက်မှု ရသည်။ ဤအကျိုးကျေးဇူး၏အကြောင်းရင်းကို ဖော်ပြပါဦးမည်။

ကျွန်တော် ဆယ်နှစ်သားကတည်းက စာဖတ်သည်။ ဖတ်ပုံဖတ်နည်းက ဝဇီရာစာအုပ်ထွက်ပြီးသား (၄၀) ကို တစ်ဆက်တည်း အားလုံးဖတ်သည်။ ငွေစန္ဒာ၏ စာအုပ်ထွက်ပြီး (၃၀)ကို တစ်ဆက်တည်း ဖတ်သည်။ သတိုးသီလ၏ စာအုပ်ထွက်ပြီး (၄၀)ကို တစ်ဆက်တည်း ဖတ်သည်။ အလားတူ သိပ္ပံကျော်ထင်၊ မြမျိုးလွင်၊ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ မဟာဆွေ၊ မင်းဆွေ၊ ရွှေဒုံးဘီအောင်၊ သုခ၊ ရန်အောင်၊ ဆရာမကြီး ဒဂုန်ခင်ခင်လေး၊ ဒဂုန်ခင်လေးဆွေ စသည်များကို ဖတ်ပါသည်။ စာဖတ်ကျင့်ရနေသောအခါ လမ်းလျှောက်သွား၊ လက်ဝါးခန့် စာရွက်အစုတ်ကလေးတွေ့၍ ကောက်ယူကြည့်၊ စာရေးဆရာအမည် စာအုပ်အမည်မပါ။ သို့သော် ထိုစာရွက်စုတ်ကလေး စာရေးဆရာ မည်သူ၏ ဘယ်ဝတ္ထုမှဟု ပြောနိုင်သည်။ လစဉ်ထုတ်မဂ္ဂဇင်းများ အပတ်စဉ်ထုတ် ဂျာနယ်များ၊ တစ်ပတ်တစ်ကြိမ်ထုတ် ကျောင်းသား သတင်းစာမှ မကျန် ဖတ်ခဲ့ပါသည်။

ကျွန်တော် စာပေလုပ်ငန်းဖြင့် အသက်ဝမ်းကျောင်းပြုခဲ့သည်မှာ နှစ်ပေါင်း (၇၀) ရှိပါပြီ။ မိသားစုကိုလည်း သင့်တင့်လျောက်ပတ်အောင် ပြုစုမျိုးထောင်ပေးနိုင်ခဲ့ပါသည်။ ဤသည်တို့မှာ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း မြန်မာစာပေလောကမှ စာရေးဆရာကြီးများ၊ ကျွန်တော် ချဉ်းကပ်၍ အင်္ဂလိပ်စာပေ ဆည်းပူးနိုင်ခွင့် ရရှိစေသည့် ဆရာ/ဆရာမကြီး၏ မေတ္တာစေတနာတို့ကြောင့် ဖြစ်ပါသည်။

ထိုသို့ စာဖတ်နာခြင်းနှင့် စစ်အတွင်း အတွေ့အကြုံများကြောင့် ဘဝအထွေထွေ လူတန်းစားအမျိုးမျိုး လူဆိုးနှင့် လူကောင်းတို့ အတော်အတန် ခွဲခြားသိနိုင်ခဲ့ပါသည်။

ကျွန်တော်သည် အသက်မွေးဝမ်းကျောင်း မည်သည့်ပညာမျှ မတတ်ပါ။ စာပေနယ်အတွင်းလည်း အတော်ကလေး ရောက်နေပြီ။ သည်တော့ စာပေအလုပ်နှင့်ပင် ရပ်တည်တော့မည်ဟု ဆုံးဖြတ်ပါသည်။

စာရေးဆရာလုပ်တော့မည်ဆိုလျှင် မိခင်ဘာသာတစ်မျိုးတည်း တတ်ရုံဖြင့် ရပ်တည်ရန် ခဲယဉ်းမည်အမှန်ပါ။ ပိဋကသုံးပုံ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ်များအဖို့တော့ စာကောင်းပေမွန် ရေး၍မကုန်နိုင် ဖြစ်ပါသည်။

ကျွန်တော် ဘာလုပ်မည်နည်း။ အနီးစပ်ဆုံးက အင်္ဂလိပ်စာ လေ့လာဆည်းပူးရမည်။ ကျွန်တော် ချောက်မြို့မှာရှိစဉ် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သူများထံ ချဉ်းကပ်ပါသည်။ စာတစ်လုံးပဲရရ၊ စာတစ်ပိုဒ်ပဲရရ မှတ်သားနာယူပါသည်။

စာပေနယ်မှာ ခြေချတော့မည်ဆိုတော့ ရန်ကုန်မှာနေမှ ဖြစ်ပါသည်။ ကျွန်တော် ရန်ကုန်ရောက်လာ၊ အလုပ်လုပ်ရင်း ပညာရှာ၊ ပညာရှာရင်း အလုပ်လုပ်။ သို့ဖြင့် သွေးသောက်မဂ္ဂဇင်း၊ မြဝတီ၊ ငွေတာရီ၊ သိပ္ပံနှင့် သပြေမဂ္ဂဇင်းတို့မှာ အယ်ဒီတာလုပ်ကိုင်ပါသည်။

ဆရာမကြီး ခင်မျိုးချစ်ထံမှာ ကျွန်တော် အင်္ဂလိပ်စာ သင်ယူပါသည်။ သွေးသောက်မဂ္ဂဇင်းဝတ္ထုရှည်အတွက် အင်္ဂလိပ်ဝတ္ထု မိဒေးယကို ဘာသာပြန်ရာတွင် ဆရာမကြီးက စာအုပ်ကြည့်၍ နှုတ်မှ ပြော၊ ကျွန်တော်က လိုက်ရေးပါသည်။ ဆရာမကြီးက "မြန်မာဝိဇယဇာတ်နှင့် တူတယ်ကွယ့်"ဟု ပြောပါသည်။

ထို့နောက် ဆရာတင့်တယ်ထံမှာဆက်လက်၍ အင်္ဂလိပ်စာ တက်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး လန်ဒန်ဘီဘီစီသို့ ပထမဆုံး သွားရောက်အမှုထမ်းသူမှာ ဆရာတင့်တယ်ပါ။

ပြီးလျှင် ဆရာ တက္ကသိုလ်နေဝင်းထံ ဆက်လက်သင်ယူပါသည်။ ဤဆရာသုံးဦးမှာ မြန်မာ - အင်္ဂလိပ် ပြီးပြည့်စုံအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်သူများ ဖြစ်ပါသည်။

သည့်နောက်တွင်လည်း အင်္ဂလိပ်စာသင်တန်း၊ စကားပြော သင်တန်းများကို အချိန်ရသလောက် တက်ပါသည်။

တစ်ကြိမ်၌ အင်္ဂလိပ်စကားပြောသင်တန်းတစ်ခု ကြော်ငြာကို ဖတ်ရှုရပါသည်။ နံနက်ပိုင်း (၉) နာရီ ကမာရွတ်မှာ ညနေပိုင်း (၅၁) လမ်းမှာပါ။ ကျွန်တော် (၅၁) လမ်းသို့သွားလိပ်စာပါ (၃ ထပ်တိုက်ခန်းဟုထင်ပါသည်) တိုက်ခန်းတံခါးကို ခေါက်၊ တံခါးဖွင့်ပေးသူက သတင်းထောက်ရှာနေရပါ။ ကျွန်တော်က အကျိုးအကြောင်းပြောပြတော့ သူက "ခင်ဗျားသားတွေ ပို့မလို့လား" ဟု မေးသည်။ ကျွန်တော်က "ကျွန်တော် တက်မှာပါ" ဟု ဖြေတော့ သူက ရယ်ပါသည်။

ဆရာက စောဒေးပစ်ဖရော်ဆေးပါ။ ကရင်အမျိုးသားထင်ပါသည်။ အသက် (၂၅) နှစ် ကျော်မည်မထင်။ အလွန်နှစ်လိုဖွယ်ကောင်းသူ ဖြစ်ပါသည်။ သူက ဘာသာဗေဒဖြင့် အင်္ဂလန်မှ ဒေါက်တာဘွဲ့ရရှိခဲ့ပါသည်။

ဆရာက အသင်အပြကောင်းသည်။ သင်တန်းသားများ အဖို့ များစွာအကျိုးရှိသည်။ ကျွန်တော်လို့ သက်ကြီးသင်တန်းသား သုံးဆယ်ဦးခန့် ရှိပါသည်။ ကျွန်တော်တို့ အင်္ဂလိပ်ဘာသာ စကားအကြောင်း ပိုမိုသိရသည်။

နောက်တစ်ခု ရှိပါသေးသည်။ ကျွန်တော် သိပ္ပံမဂ္ဂဇင်းမှာ လုပ်ကိုင်တော့ ဆရာကြီး သိပ္ပံမှူးတင်နှင့် တွဲရပါသည်။ သိပ္ပံ စာပေဝတ္ထု ဆောင်းပါးများ အင်္ဂလိပ်စာနယ်ဇင်းတို့မှ ယူရသည်။ ထိုစာအုပ်များကို အိန္ဒိယလူမျိုး အသက် (၅၀) ခန့်မျှ တစ်ဦးလာ၍ ပေးလေ့ရှိသည်။ ထိုအခါ ရောင်းသူနှင့် ဝယ်သူ ဈေးစကား ပြောရသည်။ ဆရာကြီးမှူးတင်က မင်းက ငါ့ လည်ပင်းညှစ်တာပဲဟု အင်္ဂလိပ်လို ပြောပါသည်။ ကျွန်တော် နှစ်ခြိုက်သည်။

တစ်ခါမှာ ဆရာသိပ္ပံမှူးတင်၊ ဆရာဦးဆန်းလွင်နှင့် ကျွန်တော် ဟောပြောပွဲအတွက် အောက်ပိုင်းမြို့တစ်မြို့သို့ ရေယာဉ်ဖြင့် သွားရသည်။ ရေယာဉ်ပေါ်မှာ သူတို့နှစ်ဦး (၁၂) နာရီကျော်မျှ မနားတမ်းစကားပြောသည်။ အကြောင်းအရာများစွာထဲမှာ သိပ္ပံအကြောင်း၊ ဘာသာရေးအကြောင်းပါသည်။ နှစ်ဦးစလုံးက ပညာရပ်ရော ဘာသာစကားပါ ကျွမ်းကျင်သူများ ဖြစ်လေရာ မြန်မာလိုပြောလိုက်၊ အင်္ဂလိပ်ဘာသာဖြင့် ပြောမဆုံးနိုင် တောသုံးထောင်ပါ။ ကျွန်တော်သည် အပါးမှာ သက်သောင့်သက်သာ လဲလျောင်းရင်း နားထောင်ရသည်မှာ အရသာရှိလှပါပေ၏။

ဆရာမှူးတင် တာဝန်ပေးသော သိပ္ပံဝတ္ထုဆောင်းပါးများ ကျွန်တော် ဘာသာပြန်၍ မဂ္ဂဇင်းမှာ ဖော်ပြပါသည်။ ဆရာ သိပ္ပံမှူးတင်နှင့် တွဲရသဖြင့် ကျွန်တော် အင်္ဂလိပ်စာပေ တိုးတက်မှု ရပါသည်။

ကျွန်တော် စာပေလုပ်ငန်းဖြင့် အသက်ဝမ်းကျောင်းပြုခဲ့သည်မှာ နှစ်ပေါင်း (၇၀) ရှိပါပြီ။ မိသားစုကိုလည်း သင့်တင့်လျောက်ပတ်အောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပါသည်။

ဤသည်တို့မှာ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း မြန်မာ စာပေလောကမှ စာရေးဆရာကြီးများ။ ကျွန်တော် ချဉ်းကပ်၍ အင်္ဂလိပ်စာပေ ဆည်းပူးနိုင်ခွင့် ရရှိစေသည့် ဆရာ ဆရာမကြီး၏ မေတ္တာစေတနာတို့ကြောင့် ဖြစ်ပါသည်။

အထက်က ဖော်ပြပါ သင်ဆရာ မြင်ဆရာ ကြားဆရာ အားလုံးသည် မိမိ၏ ကျေးဇူးရှင်များ ဖြစ်ပါကြောင်း ဂါရဝပြု ဦးညွှတ်လျက် တင်ပြပါသည် ခင်ဗျား။

**ငွေးမောင်**



www.burmeseclassic.com

www.burmeseclassic.com



# သူပြုဖူးသော ကျေးဇူး အထူးသိတတ်

## တက္ကသိုလ်သျှင်သီရိ



အမည်ရင်းမှာ ဦးကိုကိုမြိုင်ဖြစ်၍ သာသနာရေးဦးစီးဌာနမှ အငြိမ်းစားယူခဲ့ပြီး စာပေများရေးသားပြုစုသည်။ ထို့ပြင် "အဘိဓမ္မာ သင်တန်းများ" ကိုလည်း ပို့ချလျက်ပါသည်။

နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တစ်စုံတစ်ယောက်၏ ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ သိရှိခြင်း သည်လည်းကောင်း။

ကုသိုလ်တို့သည် သတ္တဝါတို့ကို အပါယ်ဆင်းရဲဘေးမှ စောင့်ရှောက်ကာကွယ်ပေးတတ်သောကြောင့် ကျေးဇူးများ ကုန်၏။ ထိုကောင်းမှုတို့၏ ကျေးဇူးကို အောက်မေ့ခြင်းသည် လည်းကောင်း။

အလွန်အကျူး တင်ရှိခဲ့ဖူးသော သူ့ကျေးဇူးကို အထူး သိခြင်းသည်လည်းကောင်း ကတညုတ မင်္ဂလာဟူ၍ ဗုဒ္ဓက မင်္ဂလသုတ်၌ ဟောကြားခဲ့ပါသည်။

မဖြစ်သေး၊ မရရှိသေးသော အခြေအနေကိုဖြစ်အောင်၊ ရရှိအောင် ပြုလုပ်ပေးခြင်းဖြစ်ပြီး ရရှိပြီးသော အခြေအနေကို တည်တံ့တိုးတက်အောင် ပြုလုပ်ပေးခြင်းကို ကျေးဇူးပြုသည်ဟု ခေါ်ဆိုကြောင်း အဘိဓမ္မာ - ၃၊ အဋ္ဌကထာ၌ ဆိုထားပါသည်။

မိမိဘဝကြီးပွားတိုးတက်စေရန် (သို့မဟုတ်) တည်တံ့ခိုင်မြဲစေရန် လမ်းညွှန်ကူညီပြုလုပ်ပေးခဲ့သူကို ကျေးဇူးရှင်ဟု ခေါ်ဆိုပါသည်။

ကောင်းမှုဟူသမျှတို့သည် ကောင်းမှုရှင်ကို အပါယ်ဘေးမှ ကင်းလွတ်စေလျက် ကောင်းကျိုးချမ်းသာအဖြာဖြာကို ရရှိအောင်ပြုလုပ်ပေးတတ်၍ ကောင်းမှုဟူသည် သတ္တဝါတို့၏ ကျေးဇူးရှင်ပင်ဖြစ်သည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်ကူညီခြင်း၊ ထုတ်ဖော်ချီးကျူးခြင်း၊ အောက်မေ့သတိရခြင်း စသည်ဖြင့် သူတစ်ပါး၏ကျေးဇူးကို ပေးဆပ်ရ၏။ အကုသိုလ်မှ ရှောင်ကြဉ်ခြင်း၊ ဆင်ခြင်ပွားများခြင်း စသည်ဖြင့် ကုသိုလ်၏ ကျေးဇူးကို တုံ့ပြန်မှုပြုရသည်။ ကျေးဇူးကို သိရုံမျှဖြင့် တာဝန်မကျေသေးပေ။ စွမ်းနိုင်သမျှ တုံ့ပြန်ပေးဆပ်ရ၏။ ပေးဆပ်နိုင်အောင်လည်း ကြိုးစားရမည် ဖြစ်သည်ဟု ဆိုထားပါသည်။

လောက၌ မည်သူမဆို သူတစ်ပါးကျေးဇူးနှင့် ဆက်သွယ်နေသူသာ ဖြစ်ပါ၏။ မိမိကိုယ်ကို သူတစ်ပါးကျေးဇူးနှင့် ကင်းရှင်းသူဟု ထင်မှတ်နေသူသည် ကတညုတမင်္ဂလာ ပျက်စီးသူသာ ဖြစ်သည်။

ကျေးဇူးရှင်ဟူသည် ဆင်းရဲသူ နိမ့်ကျသူလည်း ဖြစ်နိုင်၏။ ချမ်းသာသူ၊ မြင့်မြတ်သူလည်း ပါဝင်နိုင်ပါ၏။ လူပုဂ္ဂိုလ်လည်း ဖြစ်နိုင်၏။ တိရစ္ဆာန်လည်း ဖြစ်နိုင်၏။ ဤသို့ဖြင့် ကျေးဇူးရှင်သည် အလွှာပေါင်းစုံနှင့် သက်ဆိုင်၏။

ထို့အတူ ကျေးဇူးပြုရာ၌လည်း အနည်းအများ အကြီးအသေး ကွာခြားချက်ရှိနိုင်သည်။ အချို့က လောကီကြီးပွားချမ်းသာရေးအတွက် အကျိုးကျေးဇူးပြု၏။ အချို့က လောကုတ္တရာချမ်းသာအတွက် လမ်းညွှန်ပြသပြီး ကျေးဇူးပြု၏။

လောက၌ ကျေးဇူးတရားအားလုံးတို့တွင် မဂ် ဖိုလ်နိဗ္ဗာန် ရရှိအောင် ပြုလုပ်ပေးသော ကျေးဇူးသည် အမြတ်ဆုံးဖြစ်၏။ ဘုရားရှင်နှင့် တပည့်သာဝကသံဃာတော်များသည် သတ္တဝါတို့ကို ဆင်းရဲခပ်သိမ်းမှ ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်ကို ပို့ဆောင်လမ်းညွှန်ပြသသူများဖြစ်၍ လောက၌ တုနှိုင်းမရသော ကျေးဇူးရှင်ဖြစ်ကြသည်။

ဗုဒ္ဓက …

"ရဟန်းတို့ လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်နှစ်မျိုး ရှိ၏။

သူတစ်ပါးအား ရှေးဦးစွာ ကျေးဇူးပြုတတ်သူ။

သူတစ်ပါး၏ ကျေးဇူးကို တုံ့ပြန်ပေးဆပ်တတ်သူတို့တည်း"

ဟု အင်္ဂုတ္တိုရ်၌ ဟောကြားခဲ့ပါသည်။

အဘယ်ကြောင့် ရခဲပါသနည်းဆိုသော် သတ္တဝါတို့အား မသိမှု (အဝိဇ္ဇာ)နှင့် တပ်မက်မှု (တဏှာ)တို့က လွှမ်းမိုးနှိပ်စက်ခံနေရသောကြောင့် ဖြစ်၏။

သူတစ်ပါးအား ရှေးဦးစွာ ကျေးဇူးပြုရာ၌ မိမိအတွက် ကိုယ်စိတ်ပင်ပန်း ဆင်းရဲမှုဖြစ်ရ၏။ တပ်မက်မှု လွှမ်းမိုးခံရသူသည် မိမိကိုယ်ကို ငဲ့ညှာ၏။ ဆင်းရဲပင်ပန်းမှုကို မခံလိုပေ၊ သို့အတွက် လောက၌ ရှေးဦးစွာ ကျေးဇူးပြုတတ်သူ ရှားပါး၏။

သူတစ်ပါးကျေးဇူးကို တုံ့ပြန်ပေးဆပ်သူသည် အသိ၊ အလိမ္မာ၊ ဉာဏ်ပညာမရှိပါချေ။ သို့အတွက် သူတစ်ပါးကျေးဇူးကို တုံ့ပြန်ပေးဆပ်သူ ရနိုင်ခဲခြင်း ဖြစ်ပါသည်။

ဗုဒ္ဓ၏ အဂ္ဂသာဝက ရှင်သာရိပုတ္တရာ မထေရ်မြတ်သည်ကား "တင်ခြင်း လွန်ကျူး၊ ထိုကျေးဇူးကို အထူးသိစေ" ဟူသော ဗုဒ္ဓ၏ အဆုံးအမအတိုင်း လောက၌ တုနှိုင်းမရသော ကျေးဇူးသိတတ်သော မထေရ်မြတ်တစ်ပါးဖြစ်ခဲ့ပုံကို ဗုဒ္ဓကိုယ်တော်တိုင်ကလည်းကောင်း၊ ရဟန်းတို့ကလည်းကောင်း ချီးမွမ်းပူဇော်ခံခဲ့ရပါသည်။

ရှင်သာရိပုတ္တရာ၏ သူပြုဖူးကျေးဇူးအထူး သိတတ်သော သာဓကတစ်ခုမှာ သာဝတ္ထိပြည်ဝယ် ဆင်းရဲနွမ်းပါးသော ရာဓအမည်ရှိသော ပုဏ္ဏားအိုဆင်းရဲသားတစ်ဦးသည် "ငါသည် ရဟန်းတော်အရှင်မြတ်တို့ကို မှီခိုလျက် အသက်မွေးမြူရတော့အံ့"

ဟု ကြံ၍ ဇေတဝန်ကျောင်းတော်သို့ သွားရောက်ပြီးသော် ကျောင်းပရဝုဏ်အတွင်း စိမ်းစိုပေါက်ရောက်နေသော မြက်ပင်တို့ကို သုတ်သင်ရှင်းလင်းခြင်း၊ ပရဝုဏ်ကို တံမြက်လှည်းခြင်း၊ မျက်နှာသစ်ရေ၊ သောက်ရေ၊ သုံးဆောင်ရေ တည်ထားခြင်း စသည်တို့ကို ပြုလုပ်လျက် ကျောင်းအတွင်း၌သာလျှင် နေလေသည်။

ရဟန်းတို့သည် ထိုပုဏ္ဏားဆင်းရဲသားကို ဆွမ်း စသည်ဖြင့် မြောက်စားချီးမြှင့်ပေးကြသည်။ ရဟန်းပြုပေးခြင်းကိုကား အလိုမရှိကြသောကြောင့် ရဟန်းမပြုပေးကြချေ။ ရာဓပုဏ္ဏား

www.burmeseclassic.com



ဒိုသည် ရဟန်းပြုလိုသော်လည်း ရဟန်းအဖြစ်ကို မရ၍ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကာ ကိုယ်ခန္ဓာကြုံလှီးလာလေသည်။

တစ်နေ့သောအခါဝယ် ဗုဒ္ဓသည်မိုးသောက် ယံလောကကို ကြည့်ရှုတော်မူသည်ရှိသော် ထိုပုဏ္ဏားကိုမြင်တော်မူ၍

"အသို့ဖြစ်လတံ့နည်း"

ဟု ဆင်ခြင်တော်မူသော် ရဟန္တာဖြစ်လတံ့ကို သိတော်မူ၍ ညချမ်းအချိန်ကျောင်းခန်းလှည့်လည်ဘိသကဲ့သို့ ပုဏ္ဏား၏ အထံသို့ ကြွတော်မူသည်။

"ပုဏ္ဏားကြီး အဘယ်သို့သောအမှုကို ပြုပြီးလျှင် လှည့်လည်ဘိသနည်း" ဟု မေးသည်။

"မြတ်စွာဘုရား တပည့်တော်သည် ရဟန်းသံဃာတို့၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြုစုဆောင်ရွက်နေပါသည် ဘုရား"

"ပုဏ္ဏားကြီး ထိုရဟန်းများထံမှ တစ်စုံတစ်ခုထောက်ပံ့ ချီးမြှင့်ခြင်းကို ရပါသလော"

"မြတ်စွာဘုရား . . . အစာအာဟာရ ချီးမြှင့်ခြင်းမျှကိုမူကား ရပါ၏။ စင်စစ် တပည့်တော်သည် ရဟန်းပြုလိုပါ၏။ ထိုချီးမြှင့်မှုကိုကား မရပါ ဘုရား"

> "အရှင်သာရိပုတ္တရာသည်ကား သူ ပြုဖူးသော ကျေးဇူးကို အထူးသိတတ်လှပေစွ၊ တစ်ယောက်ချိုမျှလောက်သော ဆွမ်းကို ကြည်ဖြူရွှင်လန်းလှူဒါန်းပေးကမ်းဖူးသော ကျေးဇူးအကျိုးကို အောက်မေ့ပြီး ဆင်းရဲငြိုငြင် ပင်ပန်းလှသော ပုဏ္ဏားကြီးကို ရဟန်းပြု၍ ချီးမြှောက်ကျေးဇူးဆပ်တော်မူ၏။ မထေရ်သည်လည်း အဆုံးအမခံသောပုဂ္ဂိုလ်ဖြစ်၍ ဆုံးမခြင်းငှာ ခံနိုင်သော တပည့်ကိုသာလျှင် ရလေ၏"

ဟု လျှောက်ထားသောအခါ ဗုဒ္ဓက ရဟန်းသံဃာတော်များကို စည်းဝေးစေပြီး ထိုသို့သောအကြောင်းကို မေးမြန်းစိစစ်တော်မူပြီးသော် . . .

"ချစ်သားတို့ . . . ဤပုဏ္ဏားကြီး၏ ပြုစုဖူးသော ကျေးဇူးအထူးကို အောက်မေ့နလုံးသွင်းမိသော တစ်စုံတစ်ယောက် ရှိပါလေသလော"

ဟု မေးတော်မူသည်။

"မြတ်စွာဘုရား . . . တပည့်တော်သည် အောက်မေ့နလုံးသွင်းမိပါ၏။ ဤပုဏ္ဏားကြီးသည် တပည့်တော် ရာဇမြို့၏ မြို့တွင်း ဆွမ်းခံလှည့်လည်စဉ် တစ်ယောက်ချိုမျှသော မိမိ၏ ထမင်းအာဟာရကို ပေးလှူခဲ့ဖူးပါသည်။ ဤသို့လျှင် ပုဏ္ဏား ပေးလှူဒါန်းသော ကျေးဇူးကို တပည့်တော် အောက်မေ့နလုံးသွင်းမိပါ၏ဘုရား" ဟု ရှင်သာရိပုတ္တရာမထေရ်က လျှောက်ထားသည်။

"ချစ်သား . . . သာရိပုတ္တရာ။ အသို့ပေးနည်း။ ဤသို့ မိမိ ပြုဖူးသော ကျေးဇူးရှိသောသူကို ဆင်းရဲအပေါင်းမှ လွတ်စေခြင်းငှာ မပြုအပ်ပါသလော"

"မြတ်စွာဘုရား . . . ကောင်းလှပါပြီ၊ တပည့်တော် ရဟန်းပြုပေးပါတော့မည် ဘုရား"

ရှင်သာရိပုတ္တရာသည် ဗုဒ္ဓထံ ဤသို့ဝန်ခံပြီး ရာဓပုဏ္ဏားကြီးကို ရဟန်းပြုလေသည်။

ထိုရဟန်းကြီးသည် ဆွမ်းစားဇရပ်၌ စည်းဝေးနေထိုင်ကြသည်ရှိသော် အဆုံးစွန်ဖြစ်သော နေရာ၌ နေရသည်။ ယာဂုဆွမ်းစသည်ဖြင့် ဆင်းရဲပင်ပန်းနွမ်းနယ်ရသည်။

အရှင်သာရိပုတ္တရာသည် ထိုရဟန်းကြီးကို ခေါ်ဆောင်၍ ဒေသစာရီ လှည့်လည်ကြွတော်မူသည်။ အစဉ်မပြတ်လည်း . . .

"အသင်အား . . . ဤအမှုသည် အပ်၏။ ဤအမှုသည် မအပ်"

ဟု အထပ်ထပ် သွန်သင်အဆုံးအမ ပေးတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရဟန်းကြီးသည် ပြောဆိုဆုံးမလွယ်သော ပုဂ္ဂိုလ်ဖြစ်၍ ရှိသေစွာ အဆုံးအမကိုခံယူပြီး ကျင့်သဖြင့် နှစ်ရက် သုံးရက်မျှဖြင့်ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အရှင်သာရိပုတ္တရာသည် ထိုရဟန္တာမထေရ်ကို ခေါ်ယူ၍ ဘုရားရှင်ထံသို့ ဝင်ရောက်ဖူးမြော်ကြသည်။

"ချစ်သား…ရှင်သာရိပုတ္တရာ၊ အသင်၏တပည့်ရဟန်းကြီးသည် ပြောဆိုဆုံးမလွယ်ပါ၏လော"

"မြတ်စွာဘုရား . . . ဤရဟန်းကြီးသည် အလွန်ပင်သွန်သင်ဆုံးမလွယ်ပါ၏ ဘုရား။ တစ်စုံတစ်ခုသော အပြစ်ကိုပြ၍ ပြောဆိုဆုံးမသော်လည်း အမျက်မာန်တက်ကြွခြင်း တစ်ရံတစ်ခါမျှ မရှိပါဘုရား"

"ချစ်သား . . . သာရိပုတ္တရာ၊ ဤသို့သဘောရှိသော အတူနေတပည့်ကို ရသည်ရှိသော် အဘယ်မျှလောက်သော တပည့်တို့ကို မွေးကျွေးပြုပြင် သွန်သင်ဆုံးမ သိမ်းဆည်းစောင့်ရှောက်နိုင်လတံ့နည်း"

"မြတ်စွာဘုရား . . . ဤကဲ့သို့သော သဘောရှိသော တပည့်တို့ များစွာပင်ဖြစ်လေငြားသော်လည်း ပြောဆိုဆုံးမသွန်သင်သိမ်းဆည်းခြင်းငှာ စွမ်းနိုင်ပါ၏"

ဟု လျှောက်ထားခဲ့လေသည်။

ထိုရှင်သာရိပုတ္တရာ၏ အတုမရှိသော ကျေးဇူးသိတတ်မှုနှင့် ပတ်သက်၍ ရဟန်းတို့က . . .

"အရှင်သာရိပုတ္တရာသည်ကား သူ ပြုဖူးသော ကျေးဇူးကို အထူးသိတတ်လှပေစွ၊ တစ်ယောက်ချိုမျှလောက်သော ဆွမ်းကို ကြည်ဖြူရွှင်လန်းလှူဒါန်းပေးကမ်းဖူးသော ကျေးဇူးအကျိုးကို အောက်မေ့ပြီး ဆင်းရဲငြိုငြင် ပင်ပန်းလှသော ပုဏ္ဏားကြီးကို ရဟန်းပြု၍ ချီးမြှောက်ကျေးဇူး ဆပ်တော်မူ၏။ မထေရ်သည်လည်း အဆုံးအမခန့်သော ပုဂ္ဂိုလ်ဖြစ်၍ ဆုံးမခြင်းငှာ ခန့်သော တပည့်ကိုသာလျှင် ရလေ၏"

ဟူ၍ ချီးမွမ်းစကားပြောဆိုကြလေသည်။

ထို့ကြောင့် ဤလောကရှိ လူသားအပေါင်းသည် ရှင်သာရိပုတ္တရာထုံးကို နှလုံးမူ၍ . . .

- သူ၏ ကျေးဇူး၊ ရှိခဲ့ဖူး၊ အထူးပြန်ဆပ်နိုင်စေသော်။
- မဆပ်နိုင်ချေ၊ ရှိပစေ၊ မချေဖျက်မိစေသော်။
- နင်ဘာလဲ၊ ငါဘာလဲ၊ ပြိုင်ပွဲမဝင်မိစေသော်။
- တင်ပေဖူးသည့်၊ ကျေးဇူးရှိလျက်၊ အဆပ်ခတ်၊
- ချစ်သည်၊ ခင်သည်၊ ကျင်သည်၊ ကျွမ်းသည်မှန်စေ၊
- အပူရှိက ထောက်ပံ့ကူညီမှုရခဲ့သည်။
- အဝတ်အစား၊ အသုံးအဆောင်၊ အဆောက်အအုံ၊ ပြုစုကျွေးမွေး ပေးကမ်းစားသောက် ရသည်မှန်စေ၊ သူကျေးဇူးသိခဲသည်

ဟူသော အဆုံးအမစကားတို့ကို လိုက်နာကျင့်သုံးဆောက်တည်ကြစေ။

**တက္ကသိုလ်သျှင်သီရိ**
(မဟာစရိယ၊ ဘီအေ)

www.burmeseclassic.com



# အိမ်တစ်ဆောင် မီးတစ်ပြောင်

## ဓာတ်ပုံမောင်မောင်အေး



အမည်ရင်းမှာ ဦးမောင်မောင်အေး ဖြစ်ပြီး ဓာတ်ပုံလုပ်ငန်းလုပ်ကိုင်ရင်း စာရေးသည်။ ဇနီး ဖြစ်သူမှာလည်း တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) ကလောင် အမည်ဖြင့် စာရေးသည်။ ယခုအခါ အမှတ် ၈၂၊ နဝရတ်လမ်း၊ ၄၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) တွင် နေထိုင်လျက် ရှိသည်။

အိမ်တစ်ဆောင် မီးတစ်ပြောင်ဆိုသော ဝေါဟာရကို ကျွန်တော်တို့ ငယ်စဉ်ဘဝက အသုံးများခဲ့ပါသည်။ ယနေ့ ကျွန်တော် အသက်ကလေး နည်းနည်းရလာသောအချိန်တွင် အဆိုပါဝေါဟာရစကားလုံးကို သိပ်မသုံးကြတော့ဟု ထင်ပါသည်။ စာပေအရေးအသားတို့၌လည်း အတွေ့ရနည်းလာသည်ကို သတိပြုမိ၏။ အိမ်တစ်ဆောင်မီးတစ်ပြောင်ဆိုသော စကားလုံးကို သေချာစွာ တွေးတောဆင်ခြင်ပါက လေးနက်သော အဓိပ္ပာယ်ကို တွေ့ရမည်ဖြစ်၏။

အိမ်တစ်ဆောင် မီးတစ်ပြောင်၏ လေးနက်သော အဓိပ္ပာယ်၏ နောက်တွင် ကျယ်ဝန်းသော ကြောင်းကျိုးများ ဆက်စပ်လျက်ရှိနေသည်ကိုပါ တွေ့လာရမည်ဖြစ်၏။ ထိုကြောင်းကျိုးများကို ဆက်စပ်တွေးမိလေသောအခါ ကျွန်တော်၏ မိဘနှစ်ပါးနှင့် အစ်မကြီးတို့သည် ငါ့ဘဝ၏ ကျေးဇူးရှင်ကြီးများပါလားဟု တကယ်ပင်သိနားလည်ခဲ့ရပါသည်။

အဘယ်ကြောင့် အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် မိဘနှစ်ပါးနှင့် အစ်မကြီးတို့သည် ကျေးဇူးရှင်များအဖြစ် ဆက်နွယ်မှု ရှိနေရသနည်းဟူမူ ယနေ့ထုတ်ဝေနေသည့် မဂ္ဂဇင်းဂျာနယ်အချို့တို့၏ စာမျက်နှာများပေါ်တွင် ဓာတ်ပုံမောင်မောင်အေး (ခ) သပိတ်ကျင်း ကျော်ကျော်ထွန်းဟူသော ကလောင်နာမည်တစ်ခုကို ရရှိပိုင်ဆိုင်ထားသော ကျွန်တော်သည် အိမ်တစ်ဆောင် မီးတစ်ပြောင်ဖြင့် မပူမပင် မကြောင့်မကြ၊ မချမ်းသာသော်လည်း မဆင်းရဲဘဲ စိတ်ချမ်း မြေ့စွာ မြေပိုင်အိမ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်ဆောင် မီးတစ်ပြောင်ဖြင့် ရပ်တည်နေထိုင်ခွင့် ရရှိခဲ့ပါသည်။ မြို့တော် ရန်ကုန်လိုနေရာမျိုးတွင် မြေပိုင်အိမ်ပိုင်ဘဝဖြင့် နေထိုင်ရသူဆိုသည်မှာ ရာခိုင်နှုန်းအားဖြင့် ၂၅% ပင် ရှိမည်မထင်ပါ။

ပေတာဝတ္ထု ပါဠိတော် မြန်မာပြန်၌ နတ်ပြည်တွင် ဘုံဗိမာန်အပြည့်အစုံဖြင့် ခံစားနေထိုင်ခွင့်ရသော အချို့နတ်တို့သည် မိမိတို့ အဘယ်သို့သော ကောင်းမှုကို ပြုလုပ်ခဲ့၍ ဤနတ်စည်းစိမ်ကို ခံစားရရှိသနည်းဟု အတိတ်ဘဝကို ပြန်၍ သုံးသပ်သည်ကို တွေ့ရှိရ၏။ ထို့နည်းတူစွာ ကျွန်တော်သည်လည်း ယခုကဲ့သို့ သာယာချမ်းမြေ့စွာ စာပေလေးများ ရေးသားရင်း အိုးပိုင်အိမ်ပိုင်ဘဝဖြင့် နေထိုင်ခွင့်ရသည်ကို သေချာစွာ ပြန်လည်သုံးသပ်သောအခါ မိဘနစ်ပါးနှင့် အစ်မကြီးတို့၏ ကျေးဇူးကြောင်းပါလားဟု သိရှိနားလည်ခဲ့ရပါသည်။

ကျွန်တော်၏ မိဘနစ်ပါးသည် ဆင်းရဲနွမ်းပါးသူများပီပီ ဆွေမျိုးနီးစပ်တော်သည်ဆိုသော ဒေါ်ပန်းစိန်၏ ခြံဝိုင်းထဲတွင် တဲသာသာ အိမ်ကလေးဆောက်၍ နေရသူများ ဖြစ်၏။ သားသမီးလေးယောက်ဖြင့် ကြုံရာကျပန်းလုပ်ကိုင်၍ တစ်နေ့စာတစ်နေ့ ရှာဖွေလုပ်ကိုင်စားသောက်ရ၏။ အဖေသည် သူပိုင်သော ဓားတစ်ချောင်းကို အရင်းပြု၍ ပဲခူးရိုးမတောသို့ တက်ခါ ကျသောင်းဝါး၊ တင်းဝါး စသည်တို့ကို ခုတ်၍ ဝါးဖောင်ဖွဲ့ကာ ခုတင်ဘီးလင်းချောင်းအတိုင်း ဖောင်မျှောခဲ့ပြီး ကျွန်းကလေးသစ်ဆိပ်ရောက်လျှင် ဝါးဒိုင်များထံတွင် သူတို့ပေးသမျှ ဈေးဖြင့် ရောင်းခဲ့ရ၏။

အမေက ဘူးသီးကြော်၊ ပဲကြော်လေးများကြော်ကာ ရွာနီးစပ်ချုပ်ဖြစ်သော ကိုင်းတောစုရွာ၊ မာလကာကုန်းရွာတို့ကို လှည့်လည်ရောင်းရ၏။ အကြော်နှင့်ဆန် လဲလှယ်လျှင်လည်း လဲလှယ်ရ၏။ တစ်ခါတရံ ရောင်း၍ မကုန်လျှင် အိမ်အတွက် ညစာဟင်းအဖြစ် ထမင်း၊ ငါးပိရေတို့ဖြင့် စားရ၏။ အစ်ကိုအကြီးဆုံးက အစိုးရစစ်တပ်တွင် စစ်သားလုပ်နေသဖြင့် ဘယ်ဒေသသို့ ရောက်နေသည်ပင် မသိရချေ။

အပျိုကြီးဖားဖားဖြစ်လာပြီဖြစ်သော အစ်မကြီးမခင်တင့် (အိမ်နာမည်ကုလားမ) က ကောက်စိုက်ရာသီတွင် နေ့စားကောက်စိုက်လိုက်ရ၏။ ထိုစဉ် ဒုတိယကမ္ဘာစစ်ပြီးကာလ အချိန် ၁၉၄၆-၄၇ ခန့်က ကောက်စိုက်ခ တစ်နေ့မှ တစ်ကျပ်နှစ်ဆယ့်ငါးပြား (၅ မတ်) ရ၏။ ကျွန်တော်အထက်မှ အစ်ကိုလတ်က ဦးနှောက်ကျပ်မပြည့်သူဖြစ်၍ ဘာမျှမလုပ်နိုင်သူ။ ကျွန်တော်ဆိုသော မောင်လေးက စာသင်ချိန်မှာ ဒုတိယကမ္ဘာစစ်ကာလနှင့် ကြုံနေ၍ စာတစ်လုံးမျှ မသင်ရသေး။ စစ်ကြီးပြီးတော့ အသက်က (၁၁) နှစ်သား ရှိနေပြီဖြစ်၏။

ကျွန်တော်၏ အထက်က အစ်ကို အစ်မများသည် ရွာဦးကျောင်းဆရာတော် ဦးလာဘထံတွင် သင်ပုန်းကြီးကုန်မင်္ဂလသုတ်အထိသာ သင်ခဲ့ရ၏။ အလုပ်လုပ်နိုင်သောအရွယ်ရောက်လျှင် ရရာအလုပ်ဝင်လုပ်ကြရ၏။ ဤသည်ပင် ထမင်းနပ်မှန်ရုံမျှသာ ရှိ၏။ လူပုံက ပျော့ပျော့နွဲ့နွဲ့သာရှိသော ကျွန်တော်၏ အခြေအနေကို အဖေက အကဲခတ်၍…

"မယ်ရှင်ရေ နင့်သားကတော့ အလုပ်ကြမ်းလုပ်နိုင်မယ့်ကောင်မဟုတ်ဘူး။ လောကဓာတ် ကျောင်းထားပေးရမှပဲ"

ဟု ဆိုပါသည်။ အမေ့နာမည် မဖွားရှင်ကို အဖေက "မယ်ရှင်" ဟုခေါ်ပါသည်။ လောကဓာတ်ကျောင်းဆိုသည်မှာ ထိုခေတ်က တောသူတောင်သားတို့က ခုခေတ်အခေါ် "အ.မ.က၊ အ.လ.က၊ အ.ထ.က" တို့ကိုလောကဓာတ်ကျောင်းဟု ခေါ်ပါသည်။ ကျွန်တော်တို့နေထိုင်ရာ ကွမ်းခြံရွာတွင်

> ငါ ဤသို့ ဘာကြောင့် နေထိုင်ခွင့်ရခဲ့သလဲဟု နောက်ကြောင်းများကို ပြန်လည်သုံးသပ်သောအခါ တစ်နေ့စာတစ်နေ့ ပင်ပန်းကြီးစွာ ရှာဖွေစားနေရသည့်ကြားမှ သူတို့လို မဖြစ်စေရန် ငါ့အား အင်္ဂလိပ်ကျောင်းသို့ ဖြစ်သည့်နည်းဖြင့် ထားပေးခဲ့သော မိဘနစ်ပါးနှင့် အစ်မကြီးတို့၏ တုန္ဒိုင်းမရသည့် အနန္တမေတ္တာကြောင့်ပါလားဟု ယနေ့ သေချာ ကျေးဇူးတရားတွေ သိနားလည်ခဲ့ရပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



စာသင်ကျောင်း မရှိပါ။ ထို့ကြောင့် ရွာနှင့် နှစ်မိုင်ခန့်ဝေးသော လက်ပံတန်းမြို့လေးမှ စည်းကမ်းကြီးလှသော ဆရာကြီး ဦးစိန်၏ မူလတန်းကျောင်းတွင် ထားပေးပါသည်။

ကျွန်တော်က ဆယ့်တစ်နှစ်သားအရွယ် လူပျိုပေါက် ဘဝမှ က.ခ.စ သင်ရတာမို့ စာထဲ စိတ်မဝင်စားတော့သလို ဉာဏ်ရည်အိုင်ကျူကလည်း နိမ့်သဖြင့် ဒုတိယတန်းရောက် ချိန်တွင် သချ်ာမလိုက်နိုင်တော့ပါ။ ဆရာကလည်း ကြိမ်ဆရာ ဖြစ်၍ သချ်ာမှားပါက ကြိမ်နှင့်ဆော်ပါသည်။ ကြာသော် ဆရာ ၏ ကြိမ်ဒဏ်မခံနိုင်၍ ကျောင်းမနေတော့ပါ။ ထိုနှစ်တွင် ပဲခူး ရိုးမထဲ၌ ဝါးခုတ်ရသောအဖေသည် ရိုးမငှက်ဖျားကြောင့် လူ့ ဘဝမှ ထွက်ခွာသွားပါတော့သည်။

မိသားစုဝမ်းရေးကို အမေနှင့် အစ်မကြီး မခင်တင့်တို့က နေ့မနား ညမအား ကြံ့ရာကျပန်းရှာဖွေလုပ်ကိုင်ဖြေရှင်းရင်း ကျွန်တော်တို့ အင်္ဂလိပ်ကျောင်းပြောင်းထားပေးပါသည်။ ထို ခေတ်က အ.ထ.ကကို ကျွန်တော်တို့ရွာက အင်္ဂလိပ်ကျောင်း ဟု ခေါ်ပါသည်။ အမေနှင့် အစ်မကြီးက ကြံ့ရာကျပန်း ရှာဖွေ လုပ်ကိုင်စားသောက်ရရင်း အင်္ဂလိပ်ကျောင်းထားပေးသဖြင့် ၁၉၅၈ ခုနှစ်တွင် ကျွန်တော် ဟိုက်စကူးဖိုင်နယ် အောင်မြင် ခဲ့ပါသည်။

အမေ မုဆိုးမကြီးနှင့် အပျိုကြီးအစ်မတို့ ရုန်းကန်လှုပ်ရှား ရှာဖွေကျွေးမွေးနေရသည်ကို မရှုရက်တော့သဖြင့် ထိုနှစ်မှာ ပင် အစိုးရဌာနကြီးတစ်ခု၌ အလုပ်လျှောက်ထားကာ အလုပ် ဝင်ခဲ့ပါသည်။ တစ်လလျှင် ၁၂၆/၅၀/ - (တစ်ရာနှစ်ဆယ့် ခြောက်ကျပ်နှင့် ငါးဆယ်ပြား) ရရှိသည့် အောက်တန်းစာရေး လေးအဆင့် ဖြစ်ပါသည်။ ငမိုက်သား ကျွန်တော်သည် ပင် ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်စားသောက်နေရရှာသော ကျေး ဇူးရှင်မိခင်ကြီးနှင့် အစ်မကြီးတို့အား တစ်ကျပ်တစ်ပြားမျှ သော ငွေကြေးဖြင့် ပြန်လည်ပေးကမ်းခြင်း မပြုနိုင်ခင်မှာပင် မိန်းမရလိုက်ပါသည်။ ကျေးဇူးရှင်အမေနှင့် အစ်မကြီးတို့က "သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်" ပစေပေ့ါဟု ခွင့်လွှတ်ကြပါ သည်။

အစိုးရဝန်ထမ်းဘဝဖြင့် ရိုးသားကြိုးစားလုပ်ကိုင်သော ကြောင့် နှစ်ပေါင်း (၂၅)နှစ်ကျော် တာဝန်ထမ်းဆောင်ပြီးချိန် တွင် လက်ထောက်မြေတိုင်းအရာရှိအဆင့်သို့ ရောက်ရှိခဲ့ပါ သည်။ ခေတ်တွေ၊ စနစ်တွေလည်း အလီလီပြောင်းခဲ့ပါသည်။ ထိုအချိန်တွင် ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သူ ဘယ်အစိုး ရမှ မလုပ်ခဲ့ဖူးသည့် လုပ်ရပ်ကို နိုင်ငံတော်အစိုးရမှ လုပ် သက်ရင့် ဝန်ထမ်းများဘဝ သာယာချမ်းမြေ့စေရေးအတွက် မြေနေရာနှင့် အိမ်ယာဆောက်လုပ်နေထိုင်ရန် ငွေထုတ်ချေး ခဲ့ပါသည်။

ကျွန်တော်၏ မိဘနှစ်ပါးနှင့် အစ်ကိုတို့သည် မြေပိုင်ယာ ပိုင်မရှိဘဲ ကွယ်လွန်ချိန်အထိ သူများခြံထဲတွင် ကပ်ရပ်နေ ထိုင်သွားရရှာပါသည်။ ယနေ့ ကျွန်တော်၏အသက်သည် (၇၉) နှစ် ရှိပါပြီ။ ဤအသက်အရွယ် ဇရာအိုဘဝတွင် မချမ်း သာသော်လည်း မဆင်းရဲဘဲ လိုသမျှပြည့်စုံသောဘဝဖြင့် တစ်ဖက်က စာတိုပေစလေးများ ရေးသားရင်း အိမ်တစ် ဆောင် မီးတစ်ပြောင်ဖြင့် စိတ်ချမ်းမြေ့စွာ နေထိုင်ခွင့်ရရှိခဲ့ပါ သည်။ ငါ ဤသို့ ဘာကြောင့်နေထိုင်ခွင့်ရခဲ့သလဲဟု နောက် ကြောင်းများကို ပြန်လည်သုံးသပ်သောအခါ တစ်နေ့စာ တစ်နေ့ ပင်ပန်းကြီးစွာ ရှာဖွေစားနေရသည့်ကြားမှ သူတို့လို မဖြစ်စေရန် ငါ့အား အင်္ဂလိပ်ကျောင်းသို့ ဖြစ်သည့်နည်းဖြင့် ထားပေးခဲ့သော မိဘနှစ်ပါးနှင့် အစ်မကြီးတို့၏ တုနှိုင်းမရ သည့် အနန္တမေတ္တာကြောင့်ပါလားဟု ယနသေချာ ကျေးဇူး တရားတွေ သိနားလည်ခဲ့ရပါသတည်း။

**စာတ်ပုံမောင်မောင်အေး**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဖူး

## မကြွယ်ကြွယ်

ဂျပန်ခေတ်တုန်းကပါ။

ကျွန်မက ကျောင်းလည်းမနေရ၊ အသက်ကလည်း ၈ နှစ်၊ ၁၀ နှစ်အရွယ်။ အိမ်အလုပ် ကူလုပ်ရတဲ့အရွယ်လည်း မဟုတ်၊ ကစားရအောင်ကလည်း ကစားလို့ကောင်းတုန်း၊ လေယာဉ်ပျံကလာ၊ စက်သေနတ်နဲ့ပစ်၊ ဗုံးကြဲဆိုတော့ လေယာဉ်ပျံဆို အသံကြားတာနဲ့ ပုန်းကျင်းထဲ ဝင်ရပါရော။ လေယာဉ်ပျံသံကလည်း ကျွန်မတို့က အရင်မကြားပါဘူး။ ခွေးက အရင်ကြားတာ။ သူက လေယာဉ်ပျံသံလည်းကြားရော ပုန်းကျင်းထဲ ဝင်ပါရော။

အိမ်သားတွေ မဝင်သေးလို့ သူကလည်း ကျင်းဝက ထွက်အော်၊ အိမ်သားတွေဝင်ပြန်တော့ အမေ မလာလို့ အမေကြားအောင် အော်။ ပုန်းကျင်းရဲ့အတွင်းအကျဆုံးပိုင်းမှာ သူက နေတာ။ လူတွေထဲ အဖေ့ကို မတွေ့တော့ ကျပ်ကျပ်ထည်းထည်း ကျင်းအတွင်းပိုင်းကနေ အဝနားကိုထွက်၊ အဖေကြားအောင် အူပြီးတော့ ပြေးဝင်ပြီး သူ့နေရာသွား၊ တစ်နေ့တစ်နေ့ ဒီလိုပဲ ကုန်ရတဲ့အချိန်ပါ။

ထိုင်နေရတာလည်းပျင်းတော့ စာဖတ်ဦးမယ်လို့ တွေးမိပါတယ်။ ဒါကြောင့်အဖေ့ စာအုပ်ဗီရိုကို ဖွပါတယ်။ တွေ့တဲ့စာအုပ်က သတင်းစာဆရာကြီး ဦးသိန်းမောင်ရေးတဲ့ မြန်မာ့သူရဲကောင်းများဆိုတဲ့ စာအုပ်ပါ။ မင်းရဲကျော်စွာအကြောင်း၊ တပင်ရွှေထီးအကြောင်း ရေးထားပါတယ်။ ကျွန်မ တစ်ခါတည်း စွဲသွားတာပါပဲ။ ဒီမင်းသားတွေရဲ့သတ္တိတွေကို သဘောကျလိုက်တာလေ။ တပင်ရွှေထီး အသတ်ခံရတာ ဖတ်ရ

အမည်ရင်းမှာ ဒေါ်ကြွယ်ကြွယ်ဖြစ်၍ ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဖြစ်သည်။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)တွင် နေထိုင်ပြီး စာရေးဆရာအသင်းဥက္ကဋ္ဌ ဖြစ်ခဲ့ဖူးသည်။ ယခု စာရေးဆရာအသင်း (ဒဂုံမြို့သစ်-အရှေ့) နာယက ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မရင်ထဲမှာ ဆို့သွားတာပဲ။ ခုထိ စဉ်းစားမိရင် ဖြစ်ရလေခြင်း။ ဒီလောက် အတိတ်ထူးနိမိတ်ထူးတွေနဲ့ ဖွားခဲ့တဲ့သူ၊ သတ္တိကောင်းတဲ့သူ၊ အရက်သေစာစွဲလို့သာ သေရလေခြင်းလို့ ဝမ်းနည်းကြေကွဲရ ခံစားနေမိပါတယ်။

အဲဒီစာအုပ်စွဲသွားရာကစာဆိုရင် ဖတ်ချင်တဲ့စိတ်ကတားလို့ မရအောင်ပါပဲ။ အစ်ကိုကြီးရဲ့စာအုပ်စင်က ကျွန်ုပ်နှင့် မိုက်ကယ်ကောလင်း၊ ကျွန်ုပ်၏ စွန့်စားခန်း၊ ဥရောပအတွင်းရေး၊ အာရှအတွင်းရေး စတဲ့ စာအုပ်တွေ ဖတ်မိပါတယ်။ အတွင်းရေးစာအုပ်တွေရေးတဲ့ စာရေးဆရာ ဂျွန်ဂန့်သာဆိုတာ စက်ဘီးစီးပြီး တိုင်းပြည်အသီးသီးကို သွားပြီးအဲဒီမှာ လေ့လာတွေ့ရှိချက်တွေကို စာအုပ်ပြန်ရေးထားတာပါ။ ကျွန်မ အဲဒီအတွင်းရေးစာအုပ်ကို ဖတ်ပြီး သူ့လိုသွား၊ သူ့လို စာရေးချင်လိုက်တာလေ။

ကျွန်မ အဲဒီထဲက စာရေးချင်တဲ့စိတ်၊ ကမ္ဘာ့နိုင်ငံအသီးသီးက ခေါင်းဆောင်တွေအကြောင်း သိချင်တဲ့စိတ်တွေ ဝင်လာတာပါ။ ဒါကြောင့် စာအုပ်တွေဖတ်တော့ နပိုလီယံအကြောင်း၊ လင်းကွန်းအကြောင်း စတာတွေလည်း ဖတ်ဖြစ်သွားပါတယ်။

ကျွန်မအမေက ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းသွားပါတယ်။ ဥပုသ်စောင့်ပါတယ်။ အိမ်ကစားစရာတွေ ချက်ပြီးကျောင်းမှာ သံဃာတော်တွေကပ်၊ သူလည်းစားလို့၊ အမေ့လိုပဲ ဥပုသ်စောင့်လာတဲ့ မိန်းမကြီးတွေရှိပါတယ်။ သူတို့ဆွမ်းအုပ်တွေပေါင်းပြီး သံဃာတော်တွေကို ဆွမ်းကပ်ကြပါတယ်။ အမျိုးသားဥပုသ်သည်တွေကို ကျွေးတဲ့အခါ အရင်ကျွေးပြီး နောက်မှ အမျိုးသမီးဥပုသ်သည်တွေက စားကြပါတယ်။ ကျွန်မကိုတော့ ပန်းကန်ပြားထဲမှာ ကျွန်မ စားနိုင်သလောက် ထမင်းထည့်ပြီး အဲဒီပေါ်က ဟင်းထည့်ပေးပါတယ်။

ဆွမ်းဘုဉ်းပေးပြီးတော့ ဆရာတော်တွေက သူတို့ကျောင်းခန်းထဲမှာ နေကြပါတယ်။ ဥပုသ်နေ့ကျောင်းပိတ်လို့ ကိုရင်တွေ၊ ကျောင်းသားတွေကို စာမသင်ကြရပါဘူး။ ဥပုသ်သည်တွေလည်း ထမင်းစားပြီး ပုတီးစိပ်တဲ့သူကစိပ်၊ အမျိုးသားတွေက စစ်သတင်းပြောသူကပြောကြ၊ အမျိုးသမီးအချို့ကလည်း ကုန်ဈေးနှုန်းမြင့်မြင့်လာတဲ့ကြောင်း၊ ဆီရှား၊ ဆားရှားလာတဲ့အကြောင်းတွေ ပြောနေကြပါတယ်။

ကျွန်မက ဘာလုပ်ရမှန်းလည်းမသိဘူး ထိုင်ပဲနေရပါတယ်။ ကျောင်းဝိုင်းကြီးက (၄.၅) ဧကလောက် ကျယ်ပါတယ်။ အမေရဲ့မိဘတွေ လှူထားတာပါ။ အရိပ်ကလည်းကောင်း၊ သန့်ရှင်းနေတာပါပဲ။ ကျောင်းဝိုင်းထဲ လျှောက်သွားတော့ ကျောင်းတစ်ဆောင်ကနေ တစ်ဆောင်ကူးတဲ့လမ်းရှိပါတယ်။ အမိုးလည်း မိုးထားပါတယ်။ ထိုင်လို့ရတဲ့တန်းကလည်း လူလေးငါးယောက်ထိုင်လို့ ရတဲ့တန်း နှစ်တန်းလုပ်ထားပါတယ်။ အဲဒီတန်းတစ်ခုပေါ်မှာ စာအုပ်တစ်အုပ် တွေ့ပါရော။ ယူကြည့်လိုက်တော့ ဇကနိပါတ်ဆိုတဲ့စာအုပ်ပါ။ ကျွန်မ အဲဒီတန်းမှာထိုင်ပြီး အဲဒီစာအုပ် ဖတ်တော့တာပါပဲ။

နေ့လယ် နှစ်နာရီ၊ သုံးနာရီလောက်ရှိတော့ အမေကကျွန်မနားကို ရောက်လာပါတယ်။ ထမင်းဆာသလားလို့မေးပါတယ်။ မဆာပါဘူးလို့ ကျွန်မက ဖြေပေမဲ့ အမေကကျွန်မဆာမှာ ပူနေပါတယ်။ ဆာရင်စားလေ၊ အမေ ပြင်ကျွေးမယ်လို့ ပြောပါတယ်။ ကျွန်မက ကျွန်တော် မဆာပါဘူးလို့ပြောလိုက်တယ်။ အဲဒီတုန်းက ကျွန်မလို့ ကျွန်မ ပြောတတ်ဘူး။ အစ်ကိုတွေလို ကျွန်တော်လို့ပဲ ပြောတတ်နေတာပါ။

အမေကတော့ ကျွန်မလည်း ဥပုသ်စောင့်ထားတာ၊ ကလေးဆိုတော့ ဆာမှာပဲလို့ ပူနေမှာပေါ့။ ကျွန်မ ခု ပြန်စဉ်းစားတော့ ကျွန်မ အမေဥပုသ်ကျောင်းသွားတိုင်း ကျွန်မလိုက်တယ်။ ဥပုသ်လည်း စောင့်ပါတယ်။ ကျွန်မဟာ ရှစ်နှစ်၊ ၁၀ နှစ်လောက်ကတည်းက ဥပုသ်စောင့်ခဲ့တာပါလားလို့တွေးမိပါတယ်။ ဥပုသ်စောင့်ရင်း နိပါတ်တော်တွေ ဖတ်တော့စိတ်က အဲဒီထဲမှာပဲလေ။ ထမင်းဆာတဲ့စိတ် တစ်ခါခါမှ မပေါ်ခဲ့ပါဘူး။

ကျောင်းထိုင်ဆရာတော်က ဦးဝိမလတဲ့၊ သူက ကျွန်မအထက်အစ်ကိုကို တော်တော်ချစ်တာ။ ကိုကိုလုပ်သမျှ မှန်တာပဲလို့ ပြောတတ်တာ။ ကျွန်မ စာဖတ်တာတွေ့တော့သဘောကျလို့၊ ဇကနိပါတ်ဖတ်ပြီးတော့ အခြားသော



www.burmeseclassic.com

www.burmeseclassic.com



နိုပါတ်တွေဖတ်ဖို့ စာအုပ်တွေ ကျွန်မကို ပေးပါတယ်။ ဇိနတ္ထပကာသနီလည်း ဖတ်ရပါတယ်။ ဖတ်သမျှတွေ သူ့ကို ပြန်လျှောက်ရတယ်။ တချို့ကို ဖြည့်စွက်ပြောပါတယ်။ ကျွန်မ စာဖတ်တာတွေ့တဲ့ ကျွန်မတို့အမေရဲ့ဆရာ ပဲခူးမြို့မှ ဆရာတော်ဘုရားကြီး (ပထမဆုံး နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ) ရဲ့ ဆရာဖြစ်တဲ့ ဆရာဦးစံအေးက ကဝိသေနင်္ဂဗျူဟာကျမ်းလို့ ထင်တယ်။ အဲဒီစာအုပ် ပေးပါတယ်။ ဖတ်တဲ့။ ဖတ်လိုက်တော့ ရှင်ဥတ္တမကျော်နဲ့ ခုံတော်မောင်ကျာဘမ်းအကြောင်း စာအုပ်လေ။

အဲဒီမှာ ရှင်ဥတ္တမကျော်ရဲ့ တောလားလည်း ပါတယ်။ ကျွန်မ အဲဒီလောက်အသက်နဲ့ အဲဒီတောလားကို အလွတ်ရသွားတော့တာပါပဲ။ စာပိုဒ်တွေအဆုံးမှာ . . .

"တောကြက်တောင်ပံ လဖြန့်နီးတည်း။
မှုဆိုးခြုံက လချောင်းတည်း။
မိုးမှာရွှေကြယ် လဥတည်း"

စတဲ့ အဆုံးသတ်တွေ ဖတ်ရပါတယ်။ အဓိပ္ပာယ် မသိပါဘူး။ ဘာတွေပါလိမ့်လို့ပဲ တွေးနေရပါတယ်။

"ဥဏှုဂ္ဂနတ်၊ ဖတ်ရဟတ်လည်း၊ သဟာသရောင်၊
ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာဏာနိမ်၍၊ ပြင်းရှိန်အန္တ၊ ဂုဏ်စွမ်းပြ၍၊ လေခမြေသက်၊
ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သီဂီတဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊
တောလုံးလင်းသား . . ."

ကြိုက်လိုက်တာလေ။ ကျွန်မ မျက်စိထဲမှာ မြို့မဆရာတော်ဘုရားကြီး (ဂျပန်ခေတ်က ယာယီသီတင်းသုံးခဲ့တဲ့) ကျောင်းကို ရောက်တော့ နွေဦးအစမှာ ရွက်နုတွေ ထွက်တာတွေဟာ စိမ်းနုနေပါလျက်လည်း လင်းနေသလို ခံစားမိတော့တာပါပဲ။ ဒီလိုနေမှာလို့ တွေးမိပါတယ်။

ကျွန်မ စာဖတ်တာက ကလေးနဲ့ မတန်၊ နိပါတ်တော်တွေ ဖတ်၊ ဇာတ်တော်တွေဖတ်တာတွေ့တော့ အစ်ကိုကြီးက ဂျာနယ်ကျော်မမလေးရဲ့ သူမ ဝတ္ထုပေးပါတယ်။ စာရေးသူက မိန်းမလေး။ ဒဂုန်ခင်ခင်လေးကို ဖတ်ဖူးပေမဲ့ မြစ်သားအကျော်၊ မန္တလေး ခင်တုတ်၊ ရန်ကုန်ခင်ဆွေဆိုတာ အမျိုးသားတွေလို့ ပြောတာကြားတော့ ဒဂုန်အုပ်စုထဲက ဒဂုန်ခင်ခင်လေးကို မိန်းမလို့ မယုံမိပါဘူး။ ဂျာနယ်ကျော်မမလေးရဲ့ သူမ ဖတ်တော့ အမျိုးသမီးတွေလည်း စာရေးလို့ ရတာပဲ။ ငါလည်းပဲ အသက်ကြီးရင် စာရေးကြည့်မယ်လို့ စိတ်ကြီးများတောင် ကူးလို့၊ သိတဲ့လူက ဘယ်လောက်တောင် ဟားကြမလဲပဲ နော်။

ဒီလိုနေရင်းက အစ်ကိုကြီးက စာအုပ်တစ်အုပ် ပေးပါတယ်။ ဒေါ်မမကြီးရေးတဲ့ မြန်မာအမျိုးသမီးအဆိုတော်များ ဆိုတဲ့ စာအုပ်ပါ။ အဲဒီထဲမှာ မိဖုရားမမြလေးတို့၊ မိဖုရား ရှင်မင်းတို့၊ လှိုင်ထိပ်ခေါင်တင်တို့၊ နန်းတွင်း မိညို၊ မိဖြူတို့၊ မင်းကြီးကတော် ခင်ဆုံတို့ စာတွေ ဖတ်ရပါတယ်။ မိဖုရားရှင်မင်းက . . .

ဝဿန်ခါမို့၊ ချိန်နှင့်ညီအောင်
တိမ်နီတိမ်ဝါ၊ တိမ်ပြာတိမ်တန်း
တိမ်ဆန်းတိမ်ထူး၊ တိမ်ညိုဖြူး၍
ခြူးသေးခြူးနွယ်၊ ဆေးပေါင်းခြယ်သို့
အံ့ဖွယ်စေ့စုံ၊ မြင်ရပုံလို့

အဲလို ရေးထားတာဖတ်ရတော့ ကျွန်မရင်ထဲမှာ စွဲသွားတာပါပဲ။

ကျွန်မ ငယ်ငယ်က မကြာမကြာဖျားတတ်ပါတယ်။ ကျောင်းပျက်လေ့ ရှိပါတယ်။ကျောင်းမတက်ရတော့ တစ်ယောက်ထဲ သစ်ပင်တွေကြည့်လိုက်၊ ကောင်းကင်ကြည့်လိုက်၊ ဒီအလှတွေက ကျွန်မကို ဆွဲဆောင်ပြီးသားလေ။ မိဖုရားရှင်မင်းရဲ့ မိုးဘွဲ့ကဗျာလည်း ဖတ်ရော တစ်ခါတည်း အလွတ်ရသွားတာပါပဲ။

အဲဒီလိုနဲ့ပဲ အဖေက သူဖတ်ခဲ့တဲ့ စာအုပ်တွေအကြောင်း ကျွန်မတို့ကို ပြန်ပြောတတ်ပါတယ်။ အဖေက အလက်ဇန်ဒါးဒူးမားတို့၊ ရိုက်ဒါဟက်ဂတ်တို့ ကြိုက်ပါတယ်။ ကျွန်မတို့ မောင်နှမတွေဟာ ကလေးဘဝထဲက အဖေက ပုံပြင်လို ပြောပြတဲ့ ရတနာသိုက်၊ စောလ်မုန်သိုက် စတဲ့ အနောက်တိုင်း ဝတ္ထုတွေကို နားရည်ဝနေကြပါတယ်။ စုံထောက် မောင်စံရှား



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီလိုပါပဲ အဖေပြောလို့ စသိခဲ့တာပါ။ ဒါတွင်မက ဒုဋ္ဌဝါ မဏိမင်းနဲ့ သူ့ရဲ့သူရဲကောင်းတွေအကြောင်း၊ သီရိဓမ္မာသော ကမင်းကြီး တတိယသင်္ဂါယနာတင်တဲ့အကြောင်း၊ အရှင် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးဖွားတဲ့အကြောင်း၊ ယောမင်းကြီး ဦးဘိုးလှိုင်အကြောင်း၊ ကင်းဝန်မင်းကြီး အကြောင်း သူ ဖတ်ထားမှတ်ထားတာတွေက အခွင့်ကြုံ တိုင်း ပြောပြတတ်ပါတယ်။

ကျွန်မတို့ အတန်းအတော်လေး ကြီးလာတော့ ဒီစာ အုပ်တွေ ဖတ်ဖြစ်၊ ကျောင်းကလည်း သင်ပေးနဲ့၊ ကျွန်မဘဝ မှာ စာသုံးခါ သင်ရသလိုပါပဲလို့ တွေးမိပါတယ်။ အဖေက ပြောတဲ့အသိပညာတွေ၊ ကျောင်းက ဆရာတွေသင်တဲ့အသိ ပညာတွေ၊ စာအုပ်တွေ ဖတ်လို့ရတဲ့ အသိပညာတွေ၊ စာရေး ဆရာကြီးများစွာနဲ့ တွေ့ကြုံခဲ့ ပြောတာတွေ မှတ်သားနား ထောင်ခဲ့ရတဲ့ဘဝအတွက် အသိတရားတွေဟာ ပိုပိုလာပါ တယ်။

အဖေအမေက လူလားမြောက်အောင် ကျွေးခဲ့၊ သင်ပေး ခဲ့တဲ့ ကျေးဇူးကြီးပါတယ်။ ဆရာသမားတွေက ဟောပြောပို့ ချတဲ့ ကျေးဇူးကလည်း မသေးပါဘူး။ တကယ်ကို ကြီးမားပါ တယ်။ ထုတ်ဝေကြတဲ့ စာအုပ်တွေဖတ်မိသလောက် ဖတ်ရ လို့လည်း အသိရသလောက် ရလို့ စာကိုလည်း ကျေးဇူးတင် ပါတယ်။

ဒီစာတွေဖတ်လို့ ရတနာသုံးပါး၊ ကံ ကံ၏အကျိုးဆိုတာ တွေ သိရှိကိုးကွယ်ဖြစ်လာပါတယ်။ မိတ်ဆွေသူငယ်ချင်းတွေ ကလည်း နိမ့်တဲ့အချိန် ကြုံလည်း ကူညီလို့၊ မြင့်တဲ့ အချိန် ကြုံပြန်တော့ ဝမ်းသာကြ အားပေးကြလို့။

တစ်နေ့ စာပေနဲ့ အသက်မွေးဝမ်းကျောင်းခဲ့သည်မှာ နှစ်ပေါင်း ၆၅ နှစ် ကျော်ခဲ့ပါပြီ။ စာပေကြောင့် စားဝတ်နေရေး ပြည့်စုံခဲ့၏။ လှူရေးမှာလည်း လက်မနေးခဲ့၊ တတ်အားသမျှ ပါဝင်ခဲ့၏။ များစွာသော မိတ်ဆွေကောင်းတို့၏ မေတ္တာကို ခံယူရရှိခဲ့ရ၏။ မိမိ၏ဘဝတွင် မည်သူ့ကိုမှ မုန်းသည့်စိတ် မဝင်တတ်သလို မည်သူက အကူအညီတောင်းပါသော်လည်း ကူညီနိုင်တာတို့ ကူညီတတ်ပါ၏။ မည်သူ့ကိုမှ ထိခိုက် အောင် မလုပ်တတ်သော စိတ်ထားသည် ဤမိဘ၊ ဤဆရာ သမား၊ ဤစာပေ၊ ဤမိတ်ဆွေကောင်းတို့၏ ကျေးဇူးကြောင့် ဖြစ်ပါပေသည်။

ဤဘဝ ဤခန္ဓာအိမ်ကို စွန့်လွှတ်ရာတွင်လည်း ဘယ် သူ့ကိုတော့ လွန်ကျူးမိ၍ တောင်းပန်ချင်ပါသည်ဟူသော စိတ်မရှိ၊ လွတ်လွတ်စွန့်၍ သွားနိုင်သော ဘဝဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် လောကကြီးတစ်ခုလုံး သို့မဟုတ် ကျွန်မ ဖြတ်သန်းခဲ့ရသည့်ဘဝခရီး တစ်လျှောက်လုံး ဆက် သွယ်ခင်မင်ပေါင်းသင်း ဖတ်မှတ်သင်ယူ သင်ပေးသူ အား လုံး၏ ကျေးဇူးတွေ များပါပေ၏ဟူ၍သာ တွေးမိပါသည်။

**မကြွယ်ကြွယ်**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးပြုဖူးသူ တစ်ယောက်အကြောင်း

မေလတ်ဟန်

ကျွန်မသည် ကျေးဇူးပြုဖူးသူတစ်ယောက်အကြောင်း ရေးဖို့ ဖန်လာတော့လည်း ကျွန်မ၏ ဘဝသက်တမ်းတစ်လျှောက်လုံး မေ့မရသူတစ်ဦး၏ မျက်နှာကို ထင်းထင်းကြီး ပေါ်လာမိပါသည်။

ကျွန်မအပေါ် ကျေးဇူးပြုခဲ့ဖူးသူတစ်ယောက်အား အပေါ်ယံပါးပါးလေးဖြင့် "ကျေးဇူးတင်ပါတယ်" ဟူသော စကားလေးမျှဖြင့် တစ်ခဏတာ ပြီးဆုံးသွားမည် မဟုတ်ပါ။ ကျွန်မ၏ ရင်တွင်းနှလုံးသားထိုးဖောက်၍ ဘဝတစ်သက်တာ ခန္ဓာမြဲနေသမျှ ကာလပတ်လုံး နက်နက်ရှိုင်းရှိုင်း ကျေးဇူးတရား၏အသိကို စွဲမြဲနေပါလိမ့်မည်။ ကျွန်မဘဝ၏ ရင်တွင်း ကမ္ပည်းမှတ်တမ်းလေး ထိုးထွင်းခဲ့ပြီးပြီ မဟုတ်ပါလား။

"အို…အသင်လောက" ဟူသော ကြွေးကြော်သံပြု၍ ဖာတစ်လုံးခေါင်းကျားမင်းသည် တိုင်းခန်းလှည့်လည်ကာ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်များကို ရှာဖွေသကဲ့သို့ပင် ကျွန်မသည်လည်း ရှာဖွေခဲ့ဖူးပါသည်။

ကျွန်မ၏ (ယောက္ခမ) သည် ရေကျော်လမ်းရှိ နှစ်ထပ်တိုက် လုံးချင်းအား ခေတ်ကာလအလိုက် ကန်ထရိုက်တိုက် ဆောက်လုပ်ရန်အတွက် စီမံခဲ့ပါသည်။ ဆောက်လုပ်သူ ကန်ထရိုက်နှင့် တစ်ခြမ်းပေး တစ်ခြမ်းယူစနစ်ဖြင့် သဘောတူခဲ့ကြပါသည်။ ကျွန်မ၏ ခင်ပွန်းဖြစ်သူမှာ မောင်နမ (၇) ယောက်တွင် သားအကြီးဆုံးဖြစ်သည်။ ကန်ထရိုက်နှင့် သဘောတူစာချုပ်များချုပ်ပြီး တိုက်ကို ဖြိုဖျက်ခဲ့ပါသည်။ ဤသို့

မယုံကြည်ချင်စရာ ကောင်းလှပါသည်။ လတ် ပြုံးပျော်နေလျှင် မမ စိတ်ချမ်းသာသည်ဆိုသည်မှာ အမှန်တကယ် ဖြစ်သည်ဆိုတာ ကျွန်မ ယုံကြည်ပါသည်။ လတ်ထံမှ ဘာမှမျှော်လင့်ချက်၊ တောင်းဆိုချက်တွေ မပါဘဲ ကူညီရဲဝံ့သည့် မမ၏ သတ္တိက အံ့မခန်းလှပါ။ မမ၏ ကူညီပေးလိုစိတ်က လတ်အပေါ် ယုံကြည်ချက်ကောင်းလှပါလား။ မမ၌ ဤခြံနှင့် အိမ်သာ ပိုင်ဆိုင်မှုရှိသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုဖျက်ပြီးပါမှ ကုသိုလ်ကံ မကောင်းပုံမှာ ဗဟန်းမြို့နယ်တွင် ကန်ထရိုက်တိုက် ပြိုခဲ့ခြင်းအကြောင်းနှင့် ဆက်နွယ်မှုဖြင့် ကြိုပွဲဖို့များ သွက်လက်လှသော ဤနယ်မြေသို့ ဝင်မလာခဲ့တော့ပေ။ ကန်ထရိုက်သည်လည်း မဆောက်လုပ်ဘဲ ရှောင်သွားခဲ့ပါသည်။ အများသူငါ ဆောက်လုပ်ပြီး အဆင်ပြေနေချိန်၌ ကျွန်မတို့မိသားစု၏ ကံတရား မျက်နှာမပေးမှုကြောင့် စိုးရိမ်သောကတွေဖြင့် ရင်ဆိုင်နေရပေသည်။ သားအကြီးဆုံးအနေဖြင့် တာဝန်ရှိသူဖြစ်လာခဲ့ပေသည်။ ထို့ကြောင့်လည်း ပူပင်သောကရောက်ရုံဖြင့် ပြဿနာပြေလည်သွားမည် မဟုတ်ပေ။ ဖြေရှင်းရမည့် လမ်းစကို ရှာဖွေရတော့ပေမည်။

ဖြေရှင်းစရာ လမ်းစရှာရမည်ဆိုသော်လည်း ကျွန်မတို့သည် ဝန်ထမ်းများဖြစ်ပါသည်။ ထို့ကြောင့်လည်း (၈) ထပ်တိုက်ဆောက်ရန် မဆိုပါနှင့် ဘူးစင်ပင်မထိုးခဲ့ဘူးသူများ မဟုတ်ပါလား။ သို့သော် အရေးကြုံလျှင် သက်လုံကောင်းရမည်ပေါ့။ ထို့ကြောင့်လည်း မိတ်ဆွေများဖြင့် တိုင်ပင်ဆွေးနွေးရတော့သည်။ တိုက်ဆောက်ရန် လုပ်ငန်းအဆင့်ဆင့်များကို နားလည်အောင် ကြိုးစားရတော့၏။ တခြားကန်ထရိုက်များနှင့် ဆွေးနွေးကြည့်သော်လည်း အပေးအယူ မျှတမှု မရှိ၍ ပျက်ခဲ့ရသည်။ ထို့ကြောင့် ကိုယ်ပိုင်ဆောက်လုပ်ခွင့်၊ အင်ဂျင်နီယာ၊ အလုပ်သမား ငှားရမ်းမှုများအတွက် အဆင့်ဆင့် နားလည်ခဲ့ပေပြီ။ သို့သော် ရင်ဆိုင်ရမည့်ပြဿနာမှာ ဆောက်လုပ်ရန် ကုန်ကျစရိတ်များပင် ဖြစ်ပါသည်။ ကျွန်မတို့သည် ဝန်ထမ်းမျှသာဖြစ်၍ သိန်းရာချီ၊ ထောင်ချီသော ငွေ အဘယ်မှာ ရှိပါအံ့နည်း။ လုပ်ငန်းအဆင့်ဆင့် နားလည်ပြန်တော့လည်း ငွေရေးကြေးရေးအခက်တွေ့ပြန်သည်။ မိတ်ဆွေတစ်ဦးက အကြံပြုလာသည်။ တိုက်ဆောက်ရန်ကို လုပ်ငန်းထား၍ ကိုယ်ပိုင်အိမ်ခြံ ပူးတွဲ၍ ရင်းနှီးမြှုပ်နှံမှုဘဏ်၌ ချေးငှားလျှင် ရနိုင်ကြောင်း အကြံပြုပါသည်။ ထို့ကြောင့်လည်း ခြံဝန်းနှင့်နေသော အိမ်ပိုင်ရှိသော ဆွေမျိုး၊ ညီကိုမောင်နှမ၊ သူငယ်ချင်း မိတ်ဆွေများအား လိုက်လံ၍ ပြောကြည့်မိခဲ့ပါသည်။ မသိကျိုးကျွံပြု၍ တုတ်တုတ်မျှပင် မလှုပ်ကြပါ။ မတော်တဆ ဆုံးရှုံးသွားမည်ကို ကြောက်ကြပေသည်။ ကျွန်မတို့ နှစ်ထပ်တိုက်ကြီးလည်း မြေပြင်အဖြစ်သာ။ ကူညီမည့်သူကလည်း နတ္ထိ။ အကူအညီမပေးသော သူများအပေါ်လည်း အာဃာတ မထားပါ။ သူသူငါငါ မိမိတို့ ပိုင်ဆိုင်မှု ဆုံးရှုံးနစ်နာသွားကြမည်ကို တွေးပူမိကြပေမပေါ့။ အပြစ်မတင်သာပါ။ ဤတိုက်ဆောက်လုပ်ရန်အတွက် အတွေ့အကြုံတွေများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ကျွန်မတို့မှာ ဝန်ထမ်းများဖြစ်၍ အလုပ်က တစ်ဖက်၊ ဆောက်လုပ်ရေးအတွက် ပူပန်မှုက တစ်ဖက်ဖြင့် သောကများနေရပေတော့သည်။ မျှော်လင့်ချက်များ ကင်းမဲ့နေဆဲပါ။

ကျွန်မသည် ကျောင်းဆရာမတစ်ဦးဖြစ်၍ ကျောင်းလမ်းမဆီသို့ အတွေးလေးဖြင့် လျှောက်လမ်းလာနေမိသည်။ ကျွန်မသည် အမြဲတမ်း ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ လှုပ်ရှားတတ်သောသူ ဖြစ်သည်။ ကလေးတွေကို စာသင်လျှင် ပြုံးရွှင်စွာ ပျော်ပျော်ပါးပါး သင်တတ်သည်။ ကလေးများမှာလည်း ပျော်ရွှင်စွာ ကျွန်မနားတွင် ဝိုင်းဝိုင်းလည်နေတတ်ပါသည်။ ယခုတစ်လော ကျွန်မ၏ အမူအရာများမှာ လေးလံထိုင်းမှိုင်း၍ တွေဝေနေမိ၏။ အမြဲတမ်းရွှင်ပျနေသော ကျွန်မ၏မျက်နှာမှာ ညှိုးငယ်သည့်အသွင် ဆောင်နေသည်။ ဆရာမ၏ဟန်ပန်ကို ကလေးငယ်တပည့်များသည် မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကြည့်နေကြရှာပါသည်။ ကျွန်မ စာသင်ခန်းသည် ကဗျာလေးများဆိုကြ၊ အလီရွတ်ကြ၊ ကျား မ တပည့်လေးများ စာရွတ်ပြိုင်ပွဲလေးဖြင့် တစ်ဖက်နှင့်တစ်ဖက် ယှဉ်ပြိုင်ပျော်ရွှင်စွာ နေတတ်သည့် စာသင်ခန်းလေး ငြိမ်သက်စွာ ကလေးများ စာရေးနေကြပေပြီ။ ဆရာမသည်လည်း ငေးငိုင်ဆဲ။

"ညီမလတ်"

ဆရာမကြီး ဒေါ်နီနီယံမြင့် ခေါ်လိုက်ခြင်းပင် ဖြစ်သည်။ ကျွန်မ သက်ဝင်လှုပ်ရှားသွားကာ . . .

"ဗြော် . . . မမ လာလေ"

အတန်းဝမှ ရပ်နေသော ဆရာမကြီးအား ခေါ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မမလတ် ငိုင်နေတာတွေ့လို့ နေမကောင်းဘူးလားလို့ပါ။ လတ် နေမကောင်းရင် မမ ဝင်သင်ပေးမယ်လေ"

"လတ် နေကောင်းပါတယ် မမရယ်"

"ခါတိုင်း ဆူညံစာဆိုနေကျအခန်း ငြိမ်သက်နေလို့ လတ် နေမကောင်းဘူးလားလို့ပါ"

"လတ် စာမသင်ဘူးဆိုပြီး မမ လာကြည့်တာပေါ့ ဟုတ်လား"

မမကို နွဲ့ဆိုးအမူအရာလေးဖြင့် မေးလိုက်၏။ မမကတော့ အပြုံးမပျက်ပါ။

ကျွန်မတို့ကျောင်းလေးမှာ တာမွေမြို့နယ် အ.မ.က (၃၁) ဖြစ်ပြီး ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်နီနီယံမြင့် ဆရာမ (၁၂) ယောက်ခန့်သာ ရှိပါသည်။ ကျွန်မမှာ ရှမ်းပြည်တောင်ပိုင်းမှ ပြောင်းရွှေ့လာသူ ဖြစ်ပါသည်။ ဆရာမကြီး၏ အသွင်သဏ္ဌာန်မှာ အမြဲတမ်းအေးချမ်း၍ နူးညံ့သိမ်မွေ့မှု ရှိပါသည်၊ မြင့်မြတ်သော နှလုံးသား ပိုင်ဆိုင်ထားသူပင် ဖြစ်ပါသည်။ ဆရာမကြီး၏အုပ်ချုပ်မှုမှာ တင်းကြပ်ခြင်းလည်း မရှိ၊ လျော့ရဲမှုလည်း မရှိ၊ ညီမသဖွယ် မိသားစုသဖွယ် ဆက်ဆံပါသည်။ ဆရာမကြီး၊ ဆရာမဟူ၍ပင် မခေါ်ကြဘဲ ညီမတွေသဖွယ် နွေးထွေးစွာ ခေါ်ဝေါ်ဆက်ဆံကြပါသည်။ ဆရာမများအားလုံးမှာလည်း ဆရာမကြီး၏ နွေးထွေးမှုအောက်တွင် နေရသဖြင့် ကျောင်း၏ဂုဏ်မြင့်တက်စေဖို့သာ အမြဲတမ်း ကြိုးစားသင်ယူခဲ့ကြပါသည်။ တစ်ယောက်အကြောင်း တစ်ယောက်လည်း အမြဲပြောပြကြပေသည်။

"ကဲပါ . . . လတ်ရယ်၊ နေကောင်းရင် ပြီးတာပါပဲကွယ်"

ဟု ဆိုကာ မမသည် ကျွန်မ၏ ခေါင်းလေးကို တစ်ချက်ညင်ညင်သာသာ ပုတ်၍ နစ်သိမ့်ပြီး ထွက်သွားပါသည်။

ကျွန်မသည်လည်း တိုက်ဆောက်ရန်အကြောင်းများကို ပြောပြမိပြီး နေကောင်းကြောင်း ပြန်ဖြေခဲ့သည် မဟုတ်လား။ ကျွန်မ မမကို ပြောပြမိတာ မှားသွားပြီလား တွေးမိသည်။ မမသည် ညီမများအပေါ် အမြဲပူပန်တတ်သည်မို့ပါ။

ယနေ့ ကျွန်မ အိမ်မှ ဘုရားထံ အဓိဋ္ဌာန်ဝင်တာ တစ်လပြည့်ပြီးမြောက်ခဲ့ပါပြီ။ (၃၁) ဘုံသားအားလုံးကိုလည်း နေ့စဉ် အမျှပေးဝေနေကျအတိုင်း အမျှပေးဝေလိုက်ပါသည်။ ဗုဒ္ဓဘုရားရှင်ရှေ့၌ အာရုံပြုစဉ်သာ စိတ်အေးချမ်းရသည် မဟုတ်ပါလား။

မြေကွက်လပ်သာရှိသေးသည်ကို မြင်ယောင်ပြီး သက်ပြင်း အခါခါချကာ ကျောင်းသို့ရောက်ခဲ့ပါသည်။ ကျောင်းရှေ့ရောက်တော့ ကလေးတွေ ပြေးကြိုကြပါသည်။ "ဆရာမ . . . နေကောင်းပြီလား၊ မေးသူကမေး၊ ပန်းပေးသူက ပေးနှင့် ကလေးတစ်သိုက်နှင့် ကျောင်းဝင်းထဲ ဝင်ခဲ့ပါသည်။

"လတ်ရေ"

ရုံးခန်းထဲမှ မမက လှမ်းခေါ်လိုက်၍ ကျွန်မ ဝင်လာခဲ့ပါသည်။

"လတ် . . . ခဏ ထိုင်ပါဦး"

မမရှေ့မှ ကုလားထိုင်၌ ဝင်ထိုင်လိုက်ပါသည်။

"လတ်ကို မမ ကူညီမယ်"

မမ၏ အစမရှိ အဆုံးမရှိသော ပြောလိုက်သည့် စကားကြောင့် ကျွန်မ ကြောင်ပြီးငေးကြည့်နေမိ၏။

"ဒီလို လတ်ရဲ့ မနေ့က လတ် စိတ်မကောင်းတော့ မမလည်း စိတ်မကောင်းဘူး။ အိမ်ပြန်ရောက်တော့ မမ မိသားစုနဲ့ တိုင်ပင်ကြတယ်။ လတ်မှာ ပြဿနာဖြစ်နေပုံနဲ့ ငွေကြေးအကူအညီလိုနေကြောင်း မမ ကူညီချင်ကြောင်းတွေ ပြောပြလိုက်တယ်။ လတ်တို့မိသားစုရဲ့ဂုဏ်သိက္ခာ၊ ယုံကြည်မှု၊ ရိုးသားမှု၊ ကြိုးစားမှုတွေကို မမ မိသားစုကလည်း သိနေကြတာပဲလေ။ မမကလည်း သိပ်ကူညီချင်မှန်း သိကြတော့ အားလုံးက လိုလိုလားလားပဲ ခွင့်ပြုတယ်လေ"

မမသည် စကားတွေ အရှည်ကြီးပြောပြပြီး လတ်၏ မျက်နှာလေးကို ပြုံးကြည့်နေပါသည်။ လတ်သည် မမ၏ စကားများကြောင့် အံ့သြတုန်လှုပ်သွားမိသည်။ လတ်၏ မျက်ဝန်းမှ မျက်ရည်များ တလိမ့်လိမ့် စီးဆင်းလာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မမရယ်"

ဟုသာ ဆိုနိုင်ပါတော့သည်။

"ကဲ ... လတ် ပြုံးတော့နော်။ မျက်ရည်တွေသုတ်လိုက်၊ လတ် ပါးချိုင့်လေး ခွက်သွားအောင် မမကို ပြုံးပြနော်။ ဒါမှ မမလည်း စိတ်ချမ်းသာမှာ"

မယုံကြည်ချင်စရာ ကောင်းလှပါသည်။ လတ် ပြုံးပျော်နေလျှင် မမ စိတ်ချမ်းသာသည်ဆိုသည်မှာ အမှန်တကယ်ဖြစ်သည်ဆိုတာ ကျွန်မ ယုံကြည်ပါသည်။ လတ်ထံမှ ဘာမှမျှော်လင့်ချက်၊ တောင်းဆိုချက်တွေ မပါဘဲ ကူညီရဲဝံ့သည့် မမ၏သတ္တိက အံ့မခန်းလှပါ။ မမ၏ ကူညီပေးလိုစိတ်က လတ်အပေါ် ယုံကြည်ချက်ကောင်းလှပါလား။ မမ၌ ဤခြံနှင့် အိမ်သာ ပိုင်ဆိုင်မှုရှိသည် မဟုတ်ပါလား။

ထို့နောက် ငွေချေးရန်ကိစ္စများအတွက် ဘဏ်သို့ အခေါက်ခေါက်အခါခါ ပိုင်ရှင်ဖြစ်သူ မမတို့၏ ဇနီးမောင်နှံမှာ ခြံအိမ်အပေါင်ထားခြင်းအတွက် လက်မှတ်လိုက်ထိုးပေးခဲ့ကြပါသည်။ လတ်၏ အပြုံး၊ လတ်၏ ရွှင်လန်းတက်ကြွနေသော အသွင်ကို ယခုတစ်ဖန် ပြန်လည်မြင်တွေ့လိုက်ရသော မမသည် ရင်ထဲ၌ ချမ်းမြေ့နေပါသည်။

"မေတ္တာအင်အား ကြီးမားလွန်းလှပါလား ... မမရယ်"

ဟု ရင်ဝယ် တသိမ့်သိမ့် ခံစားမိပါသည်။

မြေပြင်မှ သည်တိုက်ကြီးပြီးရန်ဆီသို့ တစ်ထပ်ပြီးတစ်ထပ်နှင့် ဆောက်လုပ်ခဲ့သည်မှာ တစ်နှစ်စွန်းစွန်းတွင် မြင့်မားသစ်လွင်စွာဖြင့် (၈) ထပ်တိုက်ကြီး ပြီးစီးခဲ့ပေသည်။ မိသားစုအားလုံး အေးချမ်းစွာရှိခဲ့ကြပေပြီ။

ဖာတစ်လုံး ခေါင်းကျားကဲ့သို့ပင် ကျွန်မသည်လည်း "အို ... အသင်လောက" ဟု ဆိုမိရင်း နှလုံးသားလှ၍ ဘာကိုမှ မျှော်လင့်ချက် မြူမှုန်မျှမထားသော မိတ်ဆွေစစ် မမ "ဒေါ်နီနီယံမြင့်" ကို ရှာဖွေတွေ့ရှိခဲ့ရပါသည်။

ကျေးဇူးပြုခဲ့ဖူးသူ မမအပေါ်၌ ကျွန်မ၏ နှလုံးသားထက်မှ ကျေးဇူးတရားကို မှတ်ကျောက်တင်၍ ဘယ်သောအခါမှ ပျက်ပြယ်မည်မဟုတ်ပါ။

(အခွင့်အခါပေးသည်ဟု ထင်မိလိုက်ပါသည်။ မမ၏ ကျေးဇူးတရားကို ရင်နှင့်အမျှ အစဉ်သတိတရ ရှိနေခဲ့ရာမှ ကျွန်မအဖို့ ကျေးဇူးပြုဖူးသူတစ်ယောက်အကြောင်း စာမူတစ်ပုဒ် ရေးခွင့်ကြုံလာနိုင်သည့်အတွက် စာအုပ်ဖန်တီးသူ (ထုတ်ဝေသူ)၊ တည်းဖြတ်သူ (အယ်ဒီတာ) ဤစာအုပ်၌ ရေးသားရန် သတင်းပေးသူ၊ တိုက်တွန်းသူအားလုံးတို့အပေါ် ကျေးဇူးအထူးပင်တင်မိပါကြောင်း ရင်ထဲမှ မှန်သော သစ္စာစကားကို ဆိုလိုက်ပါရစေတော့ဟူ၍သာ ...)

**မေလတ်ဟန်**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးပြုဖူးခဲ့သူတွေအကြောင်း

(သို့မဟုတ်)

# ရင်တွင်းမှ မှတ်မှတ်ရရကျေးဇူးတင်ထိုက်သူ

**မိုးပန်းမွှန် (ရာမည)**

လူတိုင်းမှာ ကျေးဇူးပြုဖူးသူဆိုတာ တစ်ယောက်မက ရှိကြပါတယ်။

အဲဒီအထဲက ထူးထူးခြားခြား ကျေးဇူးပြုဖူးသူတစ်ယောက်အကြောင်းရေးဖို့ ကျွန်မ တွေးကြည့်မိတယ်။ မိဘအကြောင်းလည်း ကြိမ်ဖန်များစွာ ရေးဖူးခဲ့ပြီ။ စာသင်ကျောင်းက ဆရာကြီး၊ ဆရာမကြီးတွေအကြောင်းလည်း ရေးခဲ့ဖူးပြီ။ ခင်ပွန်းသည် အကြောင်းလည်း ရေးခဲ့ပြီးပြီ . . .။

မရေးဖြစ်သေးတဲ့ ကျေးဇူးပြုဖူးသူတွေထဲက စာရေးဆရာ ဇနီးမောင်နံ အကြောင်းကို ပထမဆုံး ရေးချင်မိတယ်။ စာပေလောကထဲ ခြေချချင်ခဲ့တဲ့ ကျွန်မရဲ့ ဆန္ဒ၊ စာရေးဆရာမ ဖြစ်ချင်ခဲ့တဲ့ ကျွန်မရဲ့ အာသီသကြောင့် မြေစမ်းခရမ်းပျိုးစာ စရေးခဲ့တဲ့ကာလတုန်းက အဖြစ်ကို သတိရမိတယ်။

၁၉၇၈ – ၇၉ ခုနှစ်လောက်တုန်းက ကျွန်မ သိတဲ့ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ သိပ်မရှိပါဘူး။ သိထားတဲ့အထဲက "တိုင်းရင်းမေဂျာနယ်" ဆိုတာကို စိတ်ဝင်စားခဲ့တယ်။ တိုင်းရင်းမေက ဂျာနယ်ဆိုပေမဲ့ မဂ္ဂဇင်းဆိုဒ်၊ စာမျက်နှာ ရှစ်ဆယ်နီးပါးပဲ ရှိလိမ့်မယ်။ ကျွန်မရဲ့ ပထမဆုံးရေးဖြစ်တဲ့ ဝတ္ထုတိုလေးကို ပို့ချင်တဲ့စိတ်ကြောင့် စာအိတ်ထဲမှာ ထည့်၊ တံဆိပ်ခေါင်းကပ် ပြီး စာတိုက်ကနေ ပို့လိုက်တာပါ။

မဂ္ဂဇင်းကြီးတွေ အများကြီးရှိလျက်နဲ့ ဘာကြောင့် "တိုင်းရင်းမေဂျာနယ်" ကို ရွေးတာလဲဆိုတော့ သူ့ရဲ့ဆောင်ပုဒ်ကို ကြိုက်လို့ပါပဲ။ ပြီးတော့ ကျွန်မက အမျိုးသမီးပညာပေးတွေ ရေးချင်တဲ့ဆန္ဒကြောင့်လည်း ဖြစ်ပါတယ်။ တိုင်းရင်းမေဂျာနယ်ရဲ့

အမည်ရင်းမှာ ဒေါ်ယဉ်ယဉ်မြိုင် ဖြစ်၍ ကလောင်အမည်ကွဲမှာ ခင်ယွန်းနန္ဒာ ဖြစ်သည်။ အမှတ် ၁၀၉၊ အောင်သီရိလမ်း၊ ဒေါပုံ မြို့နယ်တွင် နေထိုင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပုဒ်က . . .

"ပြည်ထောင်စု သားကောင်း သမီးကောင်းများ ထွန်းကားလာစေရမည်" တဲ့။ စာအုပ်ရဲ့ မာတိကာမှာ အဲဒီဆောင်ပုဒ်ကို စားလုံးကြီးကြီး၊ မှင်ရောင်နက်နက်နဲ့ ပုံနှိပ်ထားလေ့ ရှိတယ်။ ကျွန်မကလည်း စာရေးဆရာ ဖြစ်ချင်တဲ့ဆန္ဒထဲမှာ စာရေးရရင် ပြီးရောဆိုတဲ့ စိတ်နဲ့ မဟုတ်ခဲ့ဘူးလေ။ အသိပညာ တစ်ခုခု၊ ရသတစ်ခုခု ပေးနိုင်တဲ့စာမျိုး ဖြစ်စေချင်ခဲ့တာပါ။ နိုင်ငံတော်အတွက်လို့ ကြီးကြီးကျယ်ကျယ် မတွေးခဲ့သေးပါဘူး။ လူငယ်လူရွယ်တွေ လမ်းမှားနေတဲ့ အမျိုးသမီးတွေကို ပညာပေးချင်တာလေးပါပဲ။

ပထမဆုံးပို့တဲ့ "ရာမဇာတ်တော်ထဲက မယ်သီတာ" ဆိုတဲ့ ဝတ္ထုတိုလေး ပို့ထားတာ ငါးလလောက် ကြာမှပါလာတာ။ မှတ်မှတ်ရရ (၁၉၈၀) မှာ စာတိုက်ကနေ တိုင်းရင်းမေဂျာနယ်နဲ့ စာမူခထုတ်ဖို့ ငွေထုတ်စာရွက်လေးပါတဲ့ စာအိတ်ကြီး ရောက်လာတယ်။ ဝမ်းသာလွန်းလို့၊ ပျော်လွန်းလို့ အမေ့ကိုပြ၊ အဖေ့ကိုပြ၊ အစ်မကိုပြနဲ့ ခုန်ပေါက်နေတာ။ အိမ်နီးချင်းတွေက ကျွန်မကို ထီပေါက်တယ်ထင်လို့တဲ့။ ထီပေါက်တာထက် ပျော်ခဲ့ရတာပါ။

ဒါဟာ စာပေနယ်ထဲကို ပထမဆုံး ခြေချခွင့်ရတဲ့ အကြောင်းပါပဲ။ အဲဒီတုန်းက ကျွန်မရဲ့ ဝတ္ထုတိုကို ရွေးချယ်လိုက်တဲ့ စာရေးဆရာမကတော့ တိုင်းရင်းမေဂျာနယ်ရဲ့ အယ်ဒီတာ "ဒေါ်ခင်သန်းဌေး" ပါပဲ။ ကျွန်မကို မြင်ဖူးတာလည်း မဟုတ်ဘူး။ ခင်မင်ဖူးတာလည်း မဟုတ်ဘူး။ စာကိုကြိုက်လို့ ရွေးတာ။ ဆရာမ ဒေါ်ခင်သန်းဌေးက ကျွန်မကို စာပေနယ်ထဲမှာ ခြေချဖို့ ပထမဆုံး လက်တွဲခေါ်ခဲ့တဲ့ ဆရာမကြီးပါပဲဆိုတာ ရင်ထဲမှာမှတ်ထားပါတယ်။ နောက်ပိုင်းပို့တဲ့ ကျွန်မရဲ့ ဝတ္ထုတိုတွေကိုလည်း ပြင်ဆင်ခြင်း၊ ဖြတ်တောက်ခြင်း မရှိဘဲ တိုင်းရင်းမေမှာ သုံးပေးခဲ့တယ်။ နောက်တော့ ယုဝတီဂျာနယ်မှာလည်း များများရေးဖြစ်ခဲ့ပါတယ်။

ဆရာမကြီး ဒေါ်ခင်သန်းဌေးရဲ့ကျေးဇူးကြောင့် စာပေနယ်ထဲ ရောက်ပြီး တခြားမဂ္ဂဇင်းတွေမှာ ရေးဖြစ်လာတယ်။ အခုလို စာပေနယ်မှာ စာဖတ်ပရိသတ်လည်း ရှိ၊ အယ်ဒီတာတွေလည်း သိတဲ့ စာရေးဆရာမဖြစ်လာတာကြောင့် ဆရာမကြီးကို ကျေးဇူးတင်နေဆဲပါပဲ။ တိုင်းရင်းမေဂျာနယ်ရဲ့ပိုင်ရှင်ဖြစ်တဲ့ ဆရာကြီး ဦးအေးဖေ၊ ဆရာမကြီး ဒေါ်ညွန့်ညွန့်၊ အုပ်ချုပ်ရေးမှူး ဒေါ်ပြုံးပြုံးအေး၊ တာဝန်ခံအယ်ဒီတာ မြင်းခြံမြသီဂီ၊ အယ်ဒီတာ ဒေါ်ခင်သန်းဌေး၊ အုပ်ချုပ်မှုအယ်ဒီတာ ဒေါ်ဆွေဆွေအေးတို့ကို ကျွန်မတို့ တိုင်းရင်းမေထွက် စာရေးဆရာမ (၆) ယောက်က ဆရာကြီး ဦးအေးဖေတို့အိမ်မှာ စုပြီးကန်တော့ကြတယ်။ အသက်ကြီးရင့်ကြတဲ့ ဆရာမကြီးတွေနဲ့ ဆုံရတာ ဝမ်းသာဝမ်းနည်းစိတ်နဲ့ စာပေခရီးလမ်းအစကို ပြန်ပြီး လွမ်းတစေပါတယ်။

အဲဒီလိုနဲ့ ဒေါ်ခင်သန်းဌေး (မမဌေး) ကို တရင်းတနှီး ခင်မင်ကျွမ်းဝင်ပြီးတဲ့အခါမှာ မမဌေးရဲ့ခင်ပွန်းဖြစ်တဲ့ ဆရာသုရဇော် (ဦးစိန်လှိုင် - မဟာဝိဇ္ဇာ) နဲ့လည်း ရင်းနှီးခဲ့ကြတယ်။ ဆရာသုရဇော်ကလည်း ကျွန်မအတွက် "ကျေးဇူးပြုဖူးသူ" ပါပဲ။ ဆရာက ဂီတသံစဉ်တွေနဲ့ ကျွန်မကို ရင်းနှီးစေခဲ့သူ၊ တေးသီချင်းများ သီဆိုစေခဲ့သူ ဖြစ်ပါတယ်။

၂၀၀၀ နဲ့ ၂၀၀၁ ခုနှစ်လောက်က ထင်ပါတယ်။ ဆရာသုရဇော်က "စာပေနဲ့ ဂီတပေါင်းကူး" ဆိုပြီး ဂီတပဒေသာပွဲ တစ်ခုလုပ်ဖို့ ရည်ရွယ်တယ်တဲ့။ အဆိုတော်တွေ၊ စာရေးဆရာတွေ အတူတူ ပါဝင်ဖို့ဆိုရင် စာရေးဆရာတွေဘက်က ဌာန်ကရိုဏ်းကျကျ ဆိုတတ်တဲ့ လူရွေးရမယ်။ အသံစစ်မယ်ဆိုပြီး စီစဉ်တယ်။ မြောက်ဒဂုံမှာ ခြံကျယ်ကြီးနဲ့နေတဲ့ စာရေးဆရာမကြီး ဒေါက်တာမင်းလှဲ့ရီရဲ့အိမ်မှာ အဆိုလေ့ကျင့်ဖို့ စီစဉ်ကြတယ်။

စုရပ်အဖြစ် လှည်းတန်းက လက်ဖက်ရည်ဆိုင်တစ်ခုမှာ ဆုံကြတယ်။ အဲဒီမှာ ဆရာမောင်ပေါမာ (အဲဒီတုန်းက အဆိုတော် မဖြစ်သေးဘူး)၊ ဆရာဝင်းဝေနောင်၊ စန္ဒယား ဆရာကိုသိန်းဇော် (ယဉ်ကျေးမှု) တို့အားလုံး ကိုပေါမာရဲ့ကားနဲ့ မြောက်ဒဂုံအိမ်ကို သွားကြရတာ။ ကျွန်မတို့အားလုံးကို ကျွေးမွေးဧည့်ခံရတဲ့ ဒေါက်တာမင်းလှဲ့ရီတို့ မိသားစုရဲ့ တာဝန်ကလည်း ကြီးပါတယ်။ ထမင်း၊ ဟင်း၊ ကော်ဖီ၊ မုန့်၊ သစ်သီး စသည်ဖြင့် တစ်မျိုးပြီးတစ်မျိုး။

တခြားလူတွေ မှန်ခန်းထဲမှာ သီချင်းဆိုနေတဲ့အချိန်မှာ ကျွန်မက ရင်တုန်နေတာ မှတ်မိသေးတယ်။ "ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေမှာပါ"ဆိုတဲ့ ယုံကြည်ချက်နဲ့ အလှည့်ကို စောင့်နေရတာ။ မမဌေးက ကျွန်မကိုဝရန်တာဘက်ခေါ်ပြီး ကျွန်မဆိုမယ့် သီချင်းကိုမေးတယ်။ "ဆောင်းအမိ"နဲ့ "သက်ဆိုင်သူသို့" ဆိုတဲ့ သီချင်းစာသားလေးပြလိုက်တာနဲ့ မမဌေးက "ဆိုပြပါဦး၊ လိုတာလေး သိရတာပေါ့" လို့ ပြောတယ်။ အဆိုတော် မခင်ညွှန့်ရီရဲ့အသံကို နားထောင်ပြီး လေ့ကျင့်ထားတဲ့ ဆောင်းအမိ၊ အဆိုတော် ရုပ်ရှင်မင်းသမီး ဒေါ်ကြည်ကြည်ဌေးရဲ့အသံကို နားထောင်ပြီး လေ့ကျင့်ထားတဲ့ "သက်ဆိုင်သူသို့"။ သီချင်းဆိုပြပြီးချိန်မှာ မမဌေးက "ကောင်းတယ် . . . ကောင်းတယ်၊ သီချင်းက သိပ်လည်း မရှည်ဘူး၊ ညီမလေးအသံနဲ့လည်း လိုက်တယ်"လို့ အားပေးတယ်။ "မကြောက်နဲ့၊ ကိုယ့်လူတွေပဲရှိတာ"လို့လည်း ပြောသေးတယ်။ ကျွန်မအသံစစ်တော့ စန္ဒရားကိုသိန်းဇော်ရဲ့လက်သံနဲ့ အတော်အံဝင်ခွင်ကျ ရှိနေတယ်။ အမျိုးသားအဆိုပိုဒ်မှာ ဆရာသူရဇော်က ဝင်ဆိုပေးပါတယ်။ သီချင်းဆုံးတော့ လက်ခုပ်သံတွေ တစ်ခြံလုံး လျှံသွားတယ်။ ဒေါက်တာမင်းလှဲ့ရီရဲ့ခင်ပွန်းသည်နဲ့ သမီးတွေက အသံဖမ်းပေးထားတာ။ အဲဒီ ကက်ဆက်အခွေကို ခုထိ အမြတ်တနိုး သိမ်းထားဆဲပါပဲ။

ဆရာသူရဇော်နဲ့ မမဌေးကတော့ တပြုံးပြုံးပေါ့။ သူတို့စင်တင်ချင်တဲ့ ကျွန်မရဲ့အသံကို အများက နှစ်ခြိုက်တာ တွေ့ရလို့ ပျော်နေတာပါ။ အဲဒီကတည်းက သီချင်းဆိုဖြစ်သွားပြီး ပထမဆုံး မမပြုံး (ပြုံးစာပေ)ရဲ့ မွေးနေ့မှာ ဆိုဖြစ်တယ်။ ဆရာဦးကြိုင်မြင့်ရဲ့ စာပေဆုပေးပွဲကို အမျိုးသားကဇာတ်ရုံမှာ ကျင်းပတော့ ဆိုဖြစ်ပြန်ရော။ ဆရာသူရဇော် စီစဉ်တဲ့ပွဲတွေမှာ ပါခဲ့တယ်။ စာပေသမားတွေနဲ့ ဆက်နွယ်ပြီးလုပ်တဲ့ စာတမ်းဖတ်ပွဲ၊ အလှူပွဲ၊ ကျောင်းရေစက်ချပွဲ၊ ထီးတော်တင်လှူပွဲ၊ မင်္ဂလာဆောင်၊ မွေးနေ့ပွဲ၊ ဂုဏ်ပြုပွဲ စသည်ဖြင့် မမွေတား၊ ခေတ်ဟောင်းတေး၊ ခေတ်ပေါ်တေးတွေ ဆိုဖြစ်တယ်။

အဲဒီတေးတွေ ဆိုနိုင်တာကျတော့ ကက်ဆက်တွေ၊ ဒီဗီဒီတွေနဲ့ လေ့ကျင့်ရုံနဲ့ မရတော့ဘူး။ ဆရာသူရဇော်နဲ့ မမဌေးတို့ရဲ့အစီအစဉ်နဲ့ စန္ဒရား ဦးခင်လှ၊ စန္ဒရား ကိုဘသန်းတင်၊ စန္ဒရား ကိုကျော်သိန်း၊ တယော ဦးတင်ငွေ၊ ဆိုက်ဆိုဖုန်း ကိုအောင်ဝင်း၊ ကိုမြင့်သိန်း၊ ကိုသိန်းလွင်၊ ကိုမြသိန်း၊ (ပုံ)ကိုသန်းဝင်း၊ နဲ့ ပုလွေ ကိုဘဌေး . . . စတဲ့ ယဉ်ကျေးမှုဦးစီးဌာနက ဆရာတွေဆီမှာ သွားသင်ရတယ်။ ကျွန်မရဲ့ ဆရာတွေ အားလုံးက အသံညှိပေးတယ်။ ဌာနကရိုက်းကျအောင် သင်ပေးကြလို့ ကျွန်မလည်း ကျွမ်းကျင်လာပါတယ်။ နောက်ပိုင်းမှာ ဆရာမကြီး ဒေါ်ကြူကြူသင်း၊ ဆရာ မော်ဝန်းကြည်မြတ်၊ ဂီတာ ဇော်မင်းဦးတို့နဲ့လည်း သီချင်းတိုက်ဖြစ်တယ်။ ဝိုင်းပြီး သင်ပေးကြတယ်။ (အဲဒီအချိန်မှာ ဆရာကိုသိန်းဇော်က ဆုံးသွားပြီ။)

ဆရာသူရဇော်တို့ စီစဉ်တဲ့ နယ်ပွဲတွေ လိုက်ဆိုဖြစ်တာလည်း သတိတရပါပဲ။ မြင်းခြံ (ကျောင်းရေစက်ချပွဲ)၊ မကွေး (ကျောင်းရေစက်ချ၊ ရှင်ပြုမင်္ဂလာ)၊ ဘားအံ သီလရှင်ကျောင်း (သင်္ကန်းအလှူ)၊ မရမ်းချောင်း (အနာကြီးရောဂါသည်စခန်း)၊ ဆရာကိုပေါမာရဲ့ ရင်းငြိမ်လှူ ဖျာပုံ (ဆရာဇော်ဂျီစာကြည့်တိုက်နှစ်ပတ်လည်နဲ့ စာတမ်းဖတ်ပွဲ)၊ ဆရာဦးချစ်စံဝင်းပြုပြင်တဲ့ ဘုရားရဲ့ထီးတော်တင်ပွဲ၊ စတဲ့ ပွဲတွေအပြင် ရန်ကုန်မှာတော့ မင်္ဂလာဆောင်နဲ့ အလှူတွေမှာ ဆိုဖြစ်ခဲ့တယ်။ ကျွန်မ သီချင်းဆိုလို့ ဆုတော်ငွေရတဲ့အခါတိုင်း ကျွန်မရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေကို ဦးညွှတ်ကန်တော့မိစမြဲပါပဲ။

အထူးသဖြင့် စာရေးဆရာမဆိုတဲ့ ဂုဏ်ပုဒ်ပိုင်ဆိုင်နိုင်အောင် စာပေလမ်းပေါ် လက်တွဲခေါ်ခဲ့တဲ့ မမဌေးနဲ့ သီချင်းအဆိုကောင်းတယ်ဆိုတဲ့ ဂုဏ်သတင်းပိုင်ဆိုင်နိုင်အောင် လက်တွဲလမ်းပြပေးတဲ့ ဆရာသူရဇော်တို့ ဇနီးမောင်နှံကို "ကျေးဇူးပြုဖူးသူ" အဖြစ် ရင်တွင်း အကွရာတင်ထားပါကြောင်း ပြောချင်ပါတယ်။

ဆရာတို့နဲ့ တပျော်တပါးသွားကြရတဲ့ စာပေခရီး၊ ဂီတခရီးတွေကို အောင်းမေ့လွမ်းဆွတ်ရင်း ဆရာတို့ဇနီးမောင်နှံ ရှင်လန်းကျန်းမာပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**မိုးပန်းမွှန် (ရာမည)**



www.burmeseclassic.com

www.burmeseclassic.com



# ရတနာသုံးပါးကျေးဇူး

**မောင်မောင်ညွန့်လှိုင်**



အမည်ရင်းမှာ ဦးညွန့်လှိုင်ဖြစ်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရင်း စာပေရေးသားလျက် ရှိသည်။ အမှတ် ၆၃၀၊ လုပ်သားလမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် နေထိုင်လျက် ရှိသည်။

လူ့ဘောင်လောကဌ လူသားတိုင်းသည် ကောင်းကျိုးချမ်းသာကို တောင့်တကြသည်။ မိမိတို့ လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်ရေးကို လိုလားကြစမြဲ ဖြစ်သည်။ စည်းစိမ်ဥစ္စာ အာဂဏာရာထူး၊ သားသမီးအခြွေအရံ အသင်းအပင်း ပြည့်စုံကြွယ်ဝရေးအတွက် လူသားတိုင်း နေ့စဉ်နှင့်အမျှ ပြေးလွှားရုန်းကန် လှုပ်ရှားနေကြရလေသည်။

ထိုကဲ့သို့ ပြေးလွှားရုန်းကန်လှုပ်ရှားကြိုးပမ်းကြရာဌ မိမိတို့ လက်လှမ်းမီရာ ဉာဏ်မီရာ နည်းလမ်းအဖုံဖုံဖြင့် ကြိုး ပမ်းကြသည်။ သို့ကြောင်ပင် လူ့ဘောင်လောကဌ လူသားအသီးသီးတို့သည် ရလဒ်အကျိုးပေးမှုများ မတူကွဲပြားခြားနားလျက် ရှိသည်ကို တွေ့မြင်ကြရသည်။ အဆင့်အတန်းမတူ အခြေအနေမတူဘဲ ဘဝရပ်တည်မှု အမျိုးမျိုးရှိနေကြခြင်း ဖြစ်သည်။

ရနိုင်ခဲလှသော လူ့ဘဝ၊ လူ့အဖြစ်ကို ရရှိကြသူတိုင်းသည် လောကီဆိုင်ရာ ချမ်းသာကြွယ်ဝမှုအမျိုးမျိုးကို ရရှိနိုင်သူများသာ ဖြစ်ကြသည်။ သို့သော် လူတစ်ဦးနှင့် တစ်ဦး ရယူပုံရယူနည်း ကြိုးပမ်းမှုပုံစံကို ကွဲပြားစွာ သိမြင်ရန် လိုအပ်ပေသည်။ အမှန်အားဖြင့် လူသားတိုင်းကို အကျိုးစီးပွား တိုးတက်မြင့်မားအောင် မြှင့်တင်ပေးနိုင်သည်မှာ "ရတနာ သုံးပါးကျေးဇူး" ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း လူတိုင်း တိုးတက်ကြီးပွားရေး၊ ချမ်းသာကြွယ်ဝရေးနှင့် ဘေးအန္တရာယ်၊ ရန်အသွယ်သွယ်၊ အနှောင့်အယှက်ဟူသမျှကို တားဆီးနှိမ်နင်းရေးအတွက် မီးမောင်းထိုးပြထားသည်။ "ရတနာသုံးပါးကျေးဇူး" ကို ကျွန်ုပ်တို့ လူသားတိုင်း အကြွင်းမဲ့ ယုံကြည်သက်ဝင်ကာ နေ့ညမလပ် ပွားများဆင်ခြင်အပ်လေသည်။

လူတိုင်း လူတိုင်း တိုးတက်ကြီးပွားရေး၊ ချမ်းသာကြွယ်ဝရေးနှင့် ဘေးအန္တရာယ်၊ ရန်အသွယ်သွယ်၊ အနှောင့်အယှက်ဟူသမျှကို တားဆီးနှိမ်နင်းရေးအတွက် မီးမောင်းထိုးပြထားသည်။ "ရတနာသုံးပါးကျေးဇူး" ကို ကျွန်ုပ်တို့ လူသားတိုင်း အကြွင်းမဲ့ ယုံကြည်သက်ဝင်ကာ နေ့ညမလပ် ပွားများဆင်ခြင်အပ်လေသည်။

သာဓကအားဖြင့် တင်ပြရပါက တစ်ခါတုန်းက မြန်မာ့တပ်မတော်မှ ဗိုလ်မှူးအဆင့်ရှိသူတစ်ဦးသည် နိုင်ငံတာဝန်အရ ရှေ့တန်းစစ်မြေပြင်သို့ စစ်တိုက်ရန် တာဝန်ကျခဲ့လေသည်။ ထိုစဉ်အခါ ဗိုလ်မှူး၏ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူအား ရှေ့တန်းသို့ စစ်ချီခါနီးတွင် တစ်ခုပူဆာ၏။ ချော့မော့၏၊ သတိပေး၏၊ ပြောမရသည့်အဆုံး၌ ခင်ပွန်းဖြစ်သူအား အတင်းအကျပ် တောင်းဆိုသည်။

ဇနီးဖြစ်သူက တောင်းဆိုသည်မှာ "မောင် ရှေ့တန်းမသွားခင် ဘုရားရှေ့မှာ ဣတိပိသော" သုံးခေါက်ဆိုပြီး ဘုရားကို ဦးချသွားပါ။ အရေးကြီးပေမဲ့ ထူးပြီးအချိန်ပိုမကုန်ပါဘူး" ဟု ပင် ဖြစ်သည်။

နောက်ဆုံးဗိုလ်မှူးခမျာ နောက်တန်းတွင် ကျန်ရစ်မည့်ဇနီးသည် စိတ်ချမ်းသာစေရန် လိုက်လျောကာ ဘုရားရှေ့တွင် "ဣတိပိသော" ကို ဆောင့်ကြီးအောင့်ကြီးနှင့် ရွတ်ဆိုထွက်သွားခဲ့သည်။ ရှေ့တန်းမှ ဗိုလ်မှူးပြန်လာသောအခါ စစ်ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက်ရရှာသည်။ ဒဏ်ရာဒဏ်ချက်များမှာလည်း ရစရာမရှိအခြေအနေ ရောက်ခဲ့သည်။

ကျန်းမာရေးအခြေအနေကောင်းလာသောအခါ စစ်ဆေးရုံသို့ လာရောက်သည့် ၎င်း၏ ဇနီးသည်အား ရယ်ကာမောကာဖြင့် . . .

"မင်း သတိပေးတာနဲ့ ဆောင့်ကြီးအောင့်ကြီး ရွတ်သွားရလို့သာပေါ့ကွာ။ နို့မို့ ငါတို့တပ် တစ်ယောက်မှ ကျန်မှာ မဟုတ်ဘူး"

ဟု ပြောပြလိုက်၏။

ထိုစဉ်က ရှေ့တန်းစစ်မျက်နှာတစ်ခုတွင် ကျန်စစ်သားများအားလုံး (တစ်တပ်လုံး) ကျဆုံး၍ ဗိုလ်မှူးတစ်ယောက်သာ အသက်ရှင် ကျန်ခဲ့လေသည်။

ထိုဗိုလ်မှူးကား "ဆောင့်ကြီးအောင့်ကြီး ဣတိပိသော" ကြောင့်ပင် သူ့ရာဇဝင်ကို ရရှိခဲ့၏။ ဤသည်ကား "ရတနာသုံးပါးကျေးဇူး" ပင် ဖြစ်ပေသတည်း။

**မောင်မောင်ညွန့်လှိုင်**

ကိုးကား - ဓမ္မာစရိယ ဦးဒွေးလှိုင်၏ "ရတနာသုံးပါးကျေးဇူး" ကိုယ်တွေ့ဝတ္ထုများ။



www.burmeseclassic.com

www.burmeseclassic.com

# တန်ဖိုးမဖြတ်နိုင်သော ထိုအရာ

## မြနှင်းဝေအောင်



အမည်ရင်းမှာ တင်ဥမ္မာအောင် ဖြစ်သည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ စာရေးနည်းလမ်းညွှန်သင်တန်းအမှတ်စဉ် (၃/၂၀၁၂) တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သင်ကြားပို့ချသော ဇာတ်လမ်း၊ ဇာတ်ညွှန်းသင်တန်းအမှတ်စဉ် ၁/၂၀၁၃ ကို တက်ရောက် အောင်မြင်သည်။ စာပေနှင့်ဇာတ်ညွှန်းများ ရေးသားလျက် သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်သည်။

တစ်ရက်တွင် ဆရာတော်မုံရွာနေဇာနှင့် စာရေးသူတို့သည် ကျေးဇူးရှင်များ အကြောင်း ပြောဖြစ်ခဲ့ကြသည်။ ထိုအခါ စာရေးသူအပေါ် ကျေးဇူးရှိခဲ့ဖူးသူများ အကြောင်း စဉ်းစားဖြစ်ခဲ့သည်။

အနန္တော အနန္တငါးပါးနှင့်တကွ ခင်ပွန်းကြီး (၁၀) ပါး အကြောင်းထိဆက်ကာ တွေးမိသည်။ ယနေ့တိုင် သက်ရှိထင်ရှားရှိနေသော ကျေးဇူးရှင်များ ရှိသလို၊ အသက်ကံကုန်၍ ဘဝကူးပြောင်းသွားကြသော ကျေးဇူးရှင်များလည်း မနည်းလှပါ။

ထိုသို့ စဉ်းစားမိရင်း ကျေးဇူးရှိခဲ့ဖူးသော အကြောင်းတစ်ခုက ခေါင်းထဲ ပြန်ပေါ်လာသည်။ ထိုအရာကား . . .

✦

လွန်ခဲ့သော (၁၀)နှစ်ဝန်းကျင်ခန့်က မုံရွာမြို့အတွင်းရှိ ရွာတစ်ရွာတွင် ရောက်နေချိန်က ဖြစ်သည်။ ရွာရှိ အိမ်ရှင်မိသားစုနှင့်ပတ်သက်သည့် ဆွေမျိုးအိမ်မှန်သမျှက မြို့မှ ဧည့်သည်များရောက်လာလျှင် သူတို့ နေအိမ်များဆီသို့ အိမ်လည်ခေါ်လေ့ ရှိကြသည်။ ချစ်စဖွယ် မြန်မာ့ကျေးရွာဓလေ့ ထုံးစံလည်း ဖြစ်သည်။ မိမိက အားနာတတ်သူပီသစွာ ဖိတ်ကြားသမျှ အိမ်များကုန်သည်အထိ တစ်အိမ်တက်ဆင်း ခေတ္တခဏစီ သွားရောက်လည်ပတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားဖိတ်သည့်အိမ်တွင် ထမင်းစား၍ မုန့်ပဲသရေစာကျွေးရန် အလည်ခေါ်သည့် အိမ်များတွင်လည်း စိတ်ကျေနပ်အောင် စားခဲ့ရသည်။ ထိုကျေးရွာသည် အိမ်ခြေ (၃၀၀) ခန့် ရှိသည်ဟုသိရသည်။ ရွာရှိ လူများ၏ အေးချမ်းစွာ နေထိုင်စားသောက်မှု၊ အပူအပင်ကင်းမှုတို့ကို မြင်ရသောအခါ မြို့ပြလူနေမှုဘဝမှ လွတ်မြောက်သလို ခံစားခဲ့ရသည်။ ထိုအခါ သုံးလေးရက်ခန့်သာနေမည့် စိတ်ကူးသည် သူတို့၏ ဖော်ရွေစွာ ဆက်ဆံတတ်မှုကြောင့် ဆက်လက်နေထိုင်မည်ဟု စဉ်းစားခဲ့မိသည်။

လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများအကြား မွေ့ပျော်ခဲ့ရသည်။ ထိုစဉ်က လျှပ်စစ်မီး မရသေးသည်မှအပ လူနေမှု အဆင့်အတန်းမြင့်သော ကျေးရွာဆိုလည်း မမှားပေ။ အိမ်သာအားလုံးသည် ရေလောင်း အိမ်သာများ ဖြစ်နေခြင်းကပင် မိမိတို့မောင်နှမတစ်တွေအတွက် အဆင်ပြေလှပါသည်။ စာတတ်ပေတတ် အုပ်ချုပ်သူ ရွာလူကြီး၏ အဂတိမလိုက်စားမှုနှင့် အမြော်အမြင်ကြီးမှုကြောင့် အနီးအနားရှိ အခြားသောရွာများထက် ဖွံ့ဖြိုးစည်ပင်သည်ကား အမှန်။

ရန်ကုန်လို မြို့ကြီးပြကြီးများကဲ့သို့ အရာရာ စရိတ်စကမကြီး၊ စားချင်သမျှကို စိုက်ခင်းရှိရာသွားကာ ခူးဆွတ်ချက်ပြုတ်၍ စားသောက်နိုင်သည်။ အသား၊ ငါး ရှားပါးသော်လည်း အသီးအနှံပေါများသောကြောင့် မောင်နှမများ စိတ်ကြိုက်စားနိုင်သည်။ ပြည့်စုံသောအိမ်ဖြစ်သောကြောင့် အားမနာတမ်းနေနိုင်၊ တည်းခိုနိုင်သည်။ ခင်ရာဆွေမျိုးဆိုသော စကားကို မိမိက လက်ခံမိသည်။ ထိုမိသားစုသည် မိမိတို့မိသားစုနှင့် အသိမိတ်ဆွေ အဆင့်မျှရှိသော်လည်း ဆွေမျိုးအရင်းများထက် ပိုခင်တွယ်ကာ ဂရုစိုက်ကြသည်ကိုး။

အစားအသောက်ဟင်းလျာများ ချက်ပြုတ်သောအခါ ဆီလွန်ကဲစွာ ထည့်စားလေ့ရှိကြသည်မှအပ အားလုံးအဆင်ပြေသည်။ ဆီကိုလည်း ဆုံနှင့်ကိုယ်တိုင်ကြိတ်ကာ စားသုံးကြသည်၊ ဆီအစားနည်းသော မိမိက ဆီလျော့စားရန် ပြောသောအခါ မြေပဲဆုံဆီစစ်စစ်ဖြစ်သောကြောင့် ရောဂါမဖြစ်နိုင်ကြောင်း အာမခံပြီး ရဲရဲသာစားရန် ရိုးသားစွာ ပြောကြပါသေးသည်။

အိမ်တိုင်းလိုလို မိသားစုဝင် သုံးလေးဦးသာ ရှိသော်လည်း တစ်လသုံးသောဆီက ငါးပိဿာနှင့် ခြောက်ပိဿာကြား ရှိနေတတ်သည်။ ထိုအခါ တစ်လနှစ်ပိဿာထက်ကျော်အောင် မသုံးသော စာရေးသူက ဩချမိပါသည်။ ရင်းနှီးသွားသော အိမ်များတွင် ဆီလွန်ကဲစွာ စားသုံးခြင်း၏ နောက်ဆက်တွဲအန္တရာယ်များကို စကားပြောရင်း စာရေးသူက မသိမသာ ထည့်ပြောဖြစ်ခဲ့သည်။ မည်သို့ဆိုစေ တစ်သက်လုံး ဆီရွှဲရွှဲများများ သုံးတတ်သော သူတို့အကျင့်ကတော့ ပြင်မရအောင် စွဲနေပုံရသည်။

ရွာလူကြီးကတော့ ပညာတတ်ပီပီ ဆီလျော့စားချင်ပုံရသော်လည်း သူ့ကြီးကတော်၏ လက်ဆလွန်သုံးစွဲချက်ပြုတ်မှုအပေါ် တားမြစ်နိုင်ပုံမရပါ။ ထိုမျှလောက် ဆီသုံးကြမ်းကြသော်လည်း ရွာရှိလူများစုသည် ကျန်းမာပြီး အသက်ရှည်နေခြင်းက သူတို့၏ ဆီသုံးစွဲမှုအပေါ် အားပေးနေသလိုပင် ရှိခဲ့သည်။

မိမိအမြင်ကတော့ ထိုသို့ ကျန်းမာခြင်းသည် ဓာတ်မြေဩဇာနှင့် ဓာတုဗေဒပိုးသတ်ဆေးဝါးများ အလွန်အကျွံ မသုံးစွဲသောရွာဖြစ်၍ ထင်ပါသည်။ သဘာဝမြေဩဇာများဖြင့်သာ စိုက်ပျိုးထားသော ခြံထွက်သီးနှံများကား စား၍အရသာရှိလှသည်။ အိမ်တိုင်းလိုလို သီးသီးယို၊ တည်သီး၊ ခရမ်းချဉ်သီးယို၊ ဖရုံယို၊ ရှောက်ယို၊ ဆန္နွင်းမကင်း၊ အုန်းထန်းလျက်၊ ဆီးထန်းလျက် စသဖြင့် အမျိုးစုံလင်စွာ ဧည့်ခံကြသည်။ ကိုယ်တိုင်စိုက် သဘာဝခြံထွက်သီးနှံများဖြင့် စိတ်တိုင်းကျ ပြုလုပ်ထားသော သစ်သီးယိုများကား ဘာနဲ့မျှမတူအောင် စား၍ကောင်းပါသည်။ ဩဇာသီး၊ ဆီးပန်းသီး၊ ကီလိုမာလကာသီး၊ သရက်သီး၊ သခွားမွှေး၊ ကတ္တီပါသီး၊ ဖရဲသီး၊ ပြောင်းဖူး၊ ကန်စွန်းဥ၊ စိမ်းစားဥများဖြင့် အမည်စုံလှသည်။

ဟင်းနုနွယ်၊ ဘူး၊ ဖရုံ၊ သခွား၊ ချဉ်ပေါင်များလည်း ပေါလှသည်။ မိမိသည် သီးနှံကြိုက်သူပီပီ ရန်ကုန်ရှိ ရှားပါးသီးနှံများကို စိတ်ရှိသလောက် စားခဲ့သည်။ အစွန်ပေးဆောင်ငွေ ပေးစရာမလိုသလို မလတ်ဆတ်မှာလည်း မပူရပါ။ စိတ်တိုင်းကျ ခူးဆွတ်စားသုံးရုံသာ ဖြစ်သည်။ ထိုမျှရှိသည်ကိုပင် သူတို့က



www.burmeseclassic.com

www.burmeseclassic.com



ညေ့ခံရသည်မှာ အားမရဟု ပြောကြသည်။ မိမိတို့က ပြည့်စုံပါသည်ဟု ပြောလည်းမရပါ။ သို့နှင့် တစ်ရက်မှ နှစ်ရက်၊ သုံးလေးငါးရက်မှသည် တစ်ပတ်ခန့် ကြာသောအခါ . . .

✦

တစ်ရက်တွင် မိမိ ကိုယ့်ရှုးကိုယ်ပတ်တော့သည်။ တောရွာထုံးစံအတိုင်း ည ခုနစ်နာရီခွဲသာသာဆိုလျှင် တံခါးပိတ်၊ မီးငြိမ်းအိပ်ရာဝင်ကြသည်။ မနက်လေးနာရီခန့်တွင် ထ၍ စိုက်ခင်း၊ ပျိုးခင်းများရှိရာ သွားရောက်၍ အလုပ်လုပ်ကြရသော သူတို့အတွက် ည (၈)နာရီနောက်ဆုံးထားကာ အိပ်ရာဝင်လေ့ရှိသည်မှာ မဆန်းပါ။ ခက်သည်က ရန်ကုန်တွင် ညစဉ် (၁၂) နာရီကျော်မှ အိပ်လေ့ရှိသော မိမိအတွက် ဤအချက်က အတော်ဘောင်မဝင်ဖြစ်ရသည်။ အိပ်ခါနီး စာမဖတ်ဘဲ မအိပ်တတ်သော မိမိသည် ညစဉ် ဖယောင်းတိုင်မီးထွန်း၍ စာဖတ်ရသည်ကိုလည်း အားနာမိသည်။

ထိုရွာရှိ နှစ်ထပ်အိမ်တိုင်း၏ အပေါ်ထပ်သည် ဧည့်သည်လာမှသာ အသုံးပြုလေ့ရှိကြသည်။ အိမ်အရှေ့ဘက် မျက်နှာစာတွင် အိမ်သာရှိခြင်းကလည်း မိမိတို့အတွက် ထူးခြားချက်လို ဖြစ်နေသည်။ မိမိတည်းခိုသော မိတ်ဆွေအိမ်၏ အိမ်ပေါ်ထပ်တစ်ထပ်လုံးတွင် မိမိနှင့်အတူ ပါလာသော မောင်နှမလေးဦးသာ ရှိသည်။ အိမ်ရှင်များက အောက်ထပ်တွင်သာ နေလေ့ရှိကြသည်။

အချိန်ကား ညဆယ်နာရီဝန်းကျင်ခန့်ပင် ရှိသော်လည်း တစ်ရွာလုံးရှိ ကလေး၊ လူကြီးများနှင့် ကြက်၊ ငှက်၊ ဝက်၊ နွား၊ ခွေးပါမကျန် အားလုံးအိပ်မောကျနေပုံရသည်။ အပ်ကျသံပင် ကြားနိုင်လောက်သည်ဟု ခံစားမိသည်။ လပြည့်ကျော် တစ်ရက်နေ့ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး လပြည့်ဝန်း၏ အေးမြသောအလင်းရောင်ဖြင့် သိုင်းခြုံခြင်းခံထားရသဖြင့် တုပ်တုပ်မျှမလှုပ်ဘဲ ငြိမ်သက်လို့နေသည်။

ထိုအချိန်တွင် မိမိတစ်ယောက်သာ ချွေးပြန်နေရသည်။ ချုချာသောသွားများကို ပစ်ပယ်၍ ဂရုမထားမိသော မိမိအား သူတို့က ဒဏ်ခတ်ခဲ့ကြပါပြီ။ ညစဉ် သွားတိုက်နေကျ မိမိသည် ဤရွာရောက်ချိန်မှစ၍ တာဝန်ပျက်ကွက်ခဲ့သည်။ ကျေးရွာများ၏ထုံးစံလို အိမ်အတွင်း ရေချိုးခန်းမရှိ၊ အိမ်မကြီး အပြင်ဘက်ခြံဝန်းအတွင်းတွင်သာ ရေတွင်း၊ ရေကန်ထားကြသည်။ အိမ်ရှိလူများ အိပ်ချိန်က ည (၇း၃၀) နာရီသာသာ။ ထိုအခါ အိပ်ခါနီးသွားတိုက်လေ့ရှိသော မိမိသည် အိမ်တံခါးမကြီးကိုဖွင့်၍ အိမ်ပြင်ထွက်ရန် အားနာလှသည်။

ရွာရောက်ကတည်းက နေ့စဉ်နှင့်အမျှ ကျွေးသမျှကို ကြိုက်တာရော၊ အားနာတာရော၊ နမြောစာပါမကျန် စားမိသော မိမိသည် ကိုယ့်အတတ်နှင့် ကိုယ်စူးခဲ့ရသည်။ ထိုညက သွားကျန်းမာရေး မကောင်းသော မိမိတစ်ယောက် အကြီးအကျယ် ခံစားနေရတော့သည်။ ဝေဒနာဖြစ်သောအခါမှ ရန်ကုန်ရှိ (၂၄) နာရီ ဆေးခန်းကောင်းများကို တမ်းတမိတော့သည်။

"ခလုတ်ထိမှ ဆေးခန်းတ" ဖြစ်ခဲ့ရသောညပင်။ ခက်သည်က ထိုရွာတွင် ရွာလူကြီး၏ ညီတစ်ဦးသာ ဆရာဝန်ရှိသလို သူက မြို့တက်သွားသောရက် ဖြစ်နေခြင်း။

သွားကိုက်ဝေဒနာက တစ်စထက်တစ်စ ဆိုးသထက်သာ ဆိုးလာသည်။ အသည်းခိုက်မတတ် ချမ်းအေးလှသော ဒီဇင်ဘာည၏ အအေးဒဏ်ကိုပင် အမှုမထားနိုင်သည်အထိ ဖြစ်ခဲ့ရသည်။ ရေခဲတမျှ အေးလွန်းသဖြင့် မလွတ်တမ်း ခြုံထားခဲ့ရသော ဂွမ်းစောင်ထူထူကြီးအောက်တွင် မိမိသာ ဖောချွေးပြန်နေခဲ့ရသည်။

အသက်နှင့်ဝေးမှန်သိသော်လည်း ကူရာမဲ့နေသူတစ်ဦးကဲ့သို့ ဖြစ်နေသည်။ သေခါနီးခံစားရမည့် ဝေဒနာက ဒါမျိုးလား၊ ဒါထက် ဆိုးမလားဟူ၍ပင် မဆီမဆိုင် တွေးမိသွားသည်။ ထိုအခါ ကျောထဲက စိမ့်ခနဲ အေးသွားပြန်သည်။ တစ်ချက်ချက် မြည်နေသော တိုင်ကပ်နာရီသံက နားထင်တွင် တဒိတ်ဒိတ်နှင့် သွေးတိုးလာစေသယောင်။ ခံစားမှုဝေဒနာ ပြင်းထန်လွန်းလှသဖြင့် ခေါင်းပါကိုက်လာခြင်းဖြစ်ကြောင်းကို သတိပြုမိသည်။

ဂုဏ်တော်လည်း မပွားနိုင်၊ ဘုရားဂါထာများလည်း မရွတ်ဆိုနိုင်၊ နာဖူးထားသော တရားများကိုလည်း နလုံးမသွင်းနိုင်အထိ ဖြစ်နေရသည်။ နေထိုင်ကောင်းစဉ် အားထုတ်ခဲ့သော ဖြစ်၊ ပျက် ရှုမှတ်မှုတို့က ကြက်ပျောက်၊ ငှက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက် ဖြစ်ခဲ့သည်။ "ဝေဒနာက ဖြစ်ပြီးရင် ပျက်တယ်ဆိုပေမဲ့ ခုတော့ ဘယ်မှာပျက်လို့လဲ၊ တစ်ဖြစ်ထဲဖြစ်နေတာ ပျက်တယ်လို့ကို မတွေ့ရပါလား" ဟု တစ်ယောက်တည်း ညည်းမိသည်။ မသေနိုင်မှန်း သိနေသော်လည်း သေမလို ခံစားနေရသည်။ ထိုအခါ မိမိကိုယ်မိမိ ရေရေရာရာ တရားနလုံး မသွင်းနိုင်သေးမှန်း သတိထားမိသည်။

မခံစားနိုင်သည့်အဆုံး မောင်လေးနှင့် ညီမလေးများကို နှိုးရန် ဆုံးဖြတ်မိသည်။ ထို့ကြောင့် လက်နှိပ်ဓာတ်မီးရှိရာ လက်လှမ်းလိုက်သည်။ အမှန်ကား အိမ်ပြင်ဘက်ရှိ လရောင်ကြောင့် အိမ်ပေါ်တစ်ထပ်လုံး မီးထွန်းရန်မလိုဘဲ လင်းနေပါသည်။ မောင်နှမများရှိရာသို့ နားစွင့်လိုက်မိတော့ တရှုးရှုး တခေါ်ခေါ်ဖြင့် အိပ်မောကျနေသံများ ကြားရသည်။ လက်ထဲ ရောက်နေသော လက်နှိပ်ဓာတ်မီးဖြင့် သူတို့ရှိရာသို့ ထိုးဖြစ်အောင် ထိုးကြည့်လိုက်သည်။ ဂွမ်းစောင်အသီးသီး ခေါင်းမြီးခြုံကာ တုပ်တုပ်မျှမလှုပ်ကြသော အသေကောင်တွေအလား ထင်မှတ်မှားလောက်သည်။ အပူအပင်ကင်းစွာ အိပ်ပျော်နေမှုအပေါ် မနာလိုစိတ်က အနည်းငယ်ခေါင်းထောင်ထလာသော်လည်း အစ်မကြီးပီပီ မိခင်စိတ်က နလုံးသားထဲ ချက်ချင်း တိုးကာဝင်လာသည်။ ဒီလိုဆိုတော့လည်း ကိုယ့်ကြောင့် သူတို့ စိတ်မညစ်စေချင်ပြန်။

ဆေးခန်းရှိသော်လည်း ဆရာဝန်မရှိသောအသိ၊ နှိုးချင်သော်လည်း အိပ်မောကျနေသော မောင်နှမများ၊ ပျောက်ချင်နေသော်လည်း ကိုက်ခဲလွန်းလှသောသွားကြောင့် မိမိက အော်သာငိုပစ်လိုက်ချင်သည်။ အော်ငို၍ မဖြစ်မှန်းတော့ သတိရှိပါသေးသည်။ သူများကျေးရွာတွင် မိမိအစား ကျူးမှန်းလူတကာ သိကုန်မည် မဟုတ်ပါလား။ ကောင်းသတင်းသာ ကျော်လိုသော "ဝေဒနာသည်" မိမိအဖြစ်က ဆိုးလှသည်။

ဝေဒနာတိုးမှုနှင့်အပြိုင် ကယောင်ချောက်ချား တောင်စဉ်ရေမရ ပြေးလွှားနေသော စိတ်ကိုဖမ်းရင်း နာသီးဝသို့ သတိကပ်မိသည့် တစ်ခဏ ဆေးတစ်ခုခုထသောက်ရန် စဉ်းစားမိပြန်သည်။ အစာအိမ်ရောဂါရှိသော မိမိသည် အကိုက်အခဲ ပျောက်ဆေးများကို အရမ်းကာရော မသောက်ရဲ။ ထိုစဉ် ကင်းတဲဆီမှ သံချောင်းခေါက်သံ ဆယ့်တစ်ချက် ကြားလိုက်ရသည်။ ညစာကို ညနေငါးနာရီခန့်က စားခဲ့သည်။ ခြောက်နာရီ ခြားခဲ့ပြီဖြစ်သောကြောင့် အစာအိမ်အတွင်း အစာမရှိနိုင်လောက်ပါ။ ဒါအပြင် ညနေစာကို မိမိက ဟုတ်တိပတ်တိ စားခဲ့သည်မဟုတ်။ ထို့ကြောင့် ဆေးထသောက်မည့် အစီအစဉ်ကို လက်လျှော့လိုက်တော့သည်။

အားကိုးရာမဲ့သူကဲ့သို့ ခံစားနေရတော့ မျက်ရည်ပူများက စီးကျလာသည်။ ဝေဒနာကား တိုး၍သာ ပိုလာသည်။ သွားပင်မက ခေါင်းပါ တဒိန်းဒိန်း ကိုက်နေသည်။ သူတစ်ပါးကို ဒုက္ခမပေးလိုသောစိတ်ဖြင့် အားတင်းကာ ကြိတ်ခံသည်။ နာသီးဝသို့ လာထိသောလေကို ပြင်းပြင်းထန်ထန် ရှူသွင်း၊ ရှူထုတ် လုပ်လိုက်သည်။ ဝင်လေ၊ ထွက်လေအပေါ် အသိနှင့် သတိကို မရမက လိုက်၍ကပ်နေသော်လည်း ကိုက်ခဲခြင်းဝေဒနာ၏ ဖြစ်ခြင်းကိုသာ မြင်နေရပြီး၊ ပျက်ခြင်းကိုတော့ မတွေ့နိုင် ဖြစ်ရသည်။ ထိုအခါ "ဝေဒနာက စိပ်လွန်းလျှင် အပျက်ကို မမြင်နိုင်ပါ" ဆိုသော ဆရာတော်ကြီးတစ်ပါး၏ တရားသံက နားထဲ တိုးဝင်လာသည်။ "ယောဂီတို့ ခန္ဓာရှိရင် ဝေဒနာဆိုတာ ရှိမြဲပဲ။ ဝေဒနာဆိုတာ အဖြစ်ချည်းပဲ မရှိဘူး။ ဖြစ်လိုက် ပျက်လိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်ပဲ၊ ဘုန်းကြီးတို့က သုခဝေဒနာကိုတော့ ခံနိုင်ကြပြီး ဒုက္ခဝေဒနာ ပေါ်လာရင်တော့ သည်းခံနိုင်သူနည်းတယ်။ ဘယ်အရာမှ မမြဲတဲ့ သဘောလေးကို သမာဓိကောင်းတဲ့ သူတွေသာ သေချာမြင်တွေ့နိုင်တယ်။ ဒါကြောင့် ယောဂီတို့က သမာဓိကောင်းအောင် အရင်ကြိုးစားကြဖို့လိုတယ်" ဟူသော ဆရာတော်ကြီး၏ အသံကို ပြန်လည်ကြားယောင်သည်။

ဆေးခန်းရှိသော်လည်း ဆရာဝန်မရှိသောအသိ၊ နှိုးချင်သော်လည်း အိပ်မောကျနေသော မောင်နှမများ၊ ပျောက်ချင်နေသော်လည်း ကိုက်ခဲလွန်းလှသောသွားကြောင့် မိမိက အော်သာငိုပစ်လိုက်ချင်သည်။ အော်ငို၍ မဖြစ်မှန်းတော့ သတိရှိပါသေးသည်။ သူများကျေးရွာတွင် မိမိအစား ကျူးမှန်း လူတကာသိကုန်မည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တော့ သမာဓိရော၊ ဉာဏ်ပါ အားနည်းတယ်ထင်ပါရဲ့ ဘုရား။ ဖြစ်တာပဲ သိနေတယ်။ ပျက်တာနဲ့ ပျောက်တာကိုတော့ လတ်တလောမှာ လုံးဝကို မမြင်ပါဘူး ဘုရား ကယ်တော်မူပါ"ဟူသော စိတ်ထဲက ပြောနေမိသည်။ ထိုအခိုက်မှာပင် ဖျတ်ခနဲဆိုသလို ပိုက်ဆံအိတ်ထောင့်လေးရှိ ပုလင်းလေးတစ်လုံးကို အမှတ်ရမိသည်။

ထိုပုလင်းလေးက ရန်ကုန်တွင်ရှိစဉ်က လက်ဖွေ့ဇုန်းနှင့်ဈေးသည်တစ်ဦး အတင်းလိုက်ရောင်းနေ၍ အားနာစွာ ဝယ်ထားမိခဲ့သော ပစ္စည်းလေး။ "အဖိုးမကြီးလွန်းသော လေညှင်းဆီပုလင်းလေး" ဖြစ်သည်။ ထိုသို့ သတိရမိသည်နှင့် အားအင်တို့ ပြည့်ဝသွားသလို ခံစားလိုက်ရသည်။ ဝေဒနာပင်တစ်ဝက်လျော့ကျသွားသလို ရုတ်ခြည်းထထိုင်ကာ ဖယောင်းတိုင်ထွန်း၍ လက်ပွေ့အိတ်ထဲ နှိုက်လိုက်သည်။ ပုလင်းသေးသေးလေးက လက်ထဲပါလာသည်။ အသင့်ဆောင်ထားတတ်သော နားကြပ်တံနှင့် ပုလင်းလေးထဲမှ အဆီကို နည်းနည်းတို့ယူလိုက်သည်။ ထို့နောက် ကိုက်လွန်းသော သွားအခေါင်းပေါက်ရှိရာသို့ ထိုးသိပ်ထားလိုက်သည်။ ရှိန်းခနဲပူသွားသောအသိနှင့်အတူ ခေါင်းကိုက်ဝေဒနာပင်ပျောက်သွားသလို ခံစားလိုက်ရသည်။ တစ်ဒင်္ဂအတွင်း အပြောင်းအလဲမြန်သော စိတ်၏သဘောတရားကို ဆင်ခြင်မိသည်။

စာအုပ်ထဲတွင် ဖတ်မိ၊ မှတ်မိသော လေညှင်းဆီ၏ အစွမ်းကို လက်တွေ့တွင် အံ့မခန်းတွေ့ရသည်။ သဲကြီးမဲကြီး ကိုက်ခဲနေသော သွားသည် တစ်ခဏအတွင်း အရှိန်လျော့ကျသွားသည်။ ညဘက် အပေါ့သွားဖို့ လွယ်ကူစေရန် အိမ်ရှင်အသင့်ပေးထားသော ဂန်ဖလားထဲတွင် တံတွေးထွေးချရင်း နှစ်ခါမှ သုံးခါတိုင်အောင် လေညှင်းဆီကို သွားအတွင်းသို့ သိပ်ထည့်နေသည်။

သုံးကြိမ်မြောက် ပါးစပ်ထဲ ဆေးအထည့် ကင်းတဲမှ သံချောင်းခေါက်သံ ဆယ့်နှစ်ချက်တိတိ ကြားလိုက်ရသည်။ ထိုအခိုက် လျှာနှင့် ဆေးတို့ထားသော နားကြပ်တံတို့ ထိမိသွားသည် အတန်ငယ် ပူလောင်သောဝေဒနာခံစားလိုက်ရသော်လည်း မဖြုံပါ။ "ဒီလောက်တော့ အပျော့ပဲ"ဟု တွေးမိတော့တစ်ယောက်တည်း ပြုံးမိသွားသည်။ "သက်သာသွားလို့တော်ပါသေးရဲ့"ဟု တွေးရင်း ဖယောင်းတိုင်မီးကို ငြိမ်းလိုက်သည်။ ပက်လက်လှန်ကာ ဗိုက်ပေါ်လက်နှစ်ဖက်ယှက်တင်ရင်း စိတ်ထဲမှ "ဗောဇ္ဈင်္ဂသုတ်"ကို ရွတ်ဆိုကာ ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိတော့။

✦

နောက်တစ်နေ့ နံနက်မိုးလင်းလင်းချင်းပင် မောင်နှမများနှင့်တိုင်ပင်ကာ ရန်ကုန်သို့ ပြန်ရန်စီစဉ်ခဲ့သည်။ နှစ်ပတ်၊ သုံးပတ်နေမည်ဟု ပြောထားပြီးမှ ရုတ်တရက်ပြန်မည် ပြောသဖြင့် အိမ်ရှင်မိသားစုက နားမလည်နိုင်ပါ။ မိမိကလည်း ညက ခံစားခဲ့ရသော ကိုယ့်ဒုက္ခဝေဒနာအား ပြန်၍ စမြုံ့ပြန်လိုစိတ် အလျဉ်းမရှိသောကြောင့် ပြောမပြခဲ့ပါ။

"မီးမရှိ၊ သားငါး ရှားပါးသော အရပ်ဒေသမို့ မနေနိုင်တော့လား"ဟု မေးကြသည်။ မိမိက ပြုံးပြရုံ့ဆိတ်ဆိတ်၍သာ ငြိမ်နေလိုက်သည်။ တကယ်လည်း ထိုအချိန်က ရန်ကုန်ကို မီးပျက်သော်လည်း မီးမရသေးသောနေရာထက် သာသည်ဟု မြင်နေခဲ့သည်ကိုး။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စိတ်ကြိုက် စားခွင့်ရသော်လည်း ပုစွန်ထုပ်ဆီပြန်နှင့် စားနေကျ ချောကလက်ခါးခါးကို တောင့်တမိနေသောကြောင့်ပင်။ "လူ့အလို နတ်မလိုက်နိုင်"ဆိုခြင်းကို လက်ခံမိသွားသည်။

မည်သို့ဆိုစေ ထိုဆယ်နှစ်ကျော်ကတည်းက လေညှင်းဆီ ပုလင်းသေးသေး တစ်ပုလင်းသည် မိမိခရီးသွားလေရာနောက်သို့ မကွဲမကွာ ယနေ့တိုင်အမြဲပါနေခဲ့သည်။ ထိုအရာက ခရီးသွားစဉ် အချိန်မတော် မိမိကဲ့သို့ သွားဝေဒနာခံစားနေရသော ကလေး၊ လူကြီးအချို့၏ ကိုက်ခဲမှုဝေဒနာကိုလည်း သက်သာမှု ပေးစေနိုင်ခဲ့သည်။

ထို့ကြောင့် မိမိဘဝတွင် တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးရှင်စာရင်းထဲတွင် ထို"လေညှင်းဆီ" ပုလင်းလေးလည်း အပါအဝင်ဖြစ်ကြောင်း မှတ်မှတ်ရရ ဖြစ်နေပါတော့သည်။

မြနှင်းဝေအောင်



www.burmeseclassic.com

www.burmeseclassic.com

# မေ့မရနိုင်ပါသော ကျွန်တော့်ဆရာ

## ရေကျော်မြတ်လေးနောင်

"တစ်လုပ်စားဖူး သူ့ကျေးဇူး" ဟု ဆိုသည့်အတိုင်း ကျေးဇူးရှင်များ၏ အကြောင်းကို ရေးပြရမည်ဆိုပါလျှင် ကုန်နိုင်ဖွယ် မရှိပါ။ ကျေးဇူးပြုနိုင်သူကို ကျေးဇူးပြန်ပြုခဲ့(ဆပ်ခဲ့)ပြီး အကြောင်းမျိုးမျိုးကြောင့် ကျေးဇူးပြန်မဆပ်နိုင်သူများကိုတော့ ရင်ထဲမှာ မမေ့မလျော့ ထာဝရရှိနေပါသည်။

ကိုးလလွယ်၊ ဆယ်လဖွား၍ ငယ်စဉ်တောင်ကျေး ကလေးဘဝမှ အရွယ်ရောက်သည့်တိုင် ပြုစုကျွေးမွေး စောင့်ရှောက်ခဲ့သော "မိခင်၊ ဖခင်" အနန္တကျေးဇူးရှင်နှစ်ပါး၏ ပေးဆပ်ရန်မကုန်နိုင်သော "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ" ဆိုသည့်အတိုင်း မိဘနှစ်ပါး ကွယ်လွန်ချိန်အထိ (၁၅)နှစ်ခန့် လုပ်ကိုင်ကျွေးမွေးပြုစုခဲ့ပါသည်။ သို့သော်လည်း "မိဘကျေးဇူး ဆပ်ဖူးမကုန်" ဆိုသလို ကျေနပ်နိုင်ဖွယ်မရှိပါ။ မိဘတွေ ကွယ်လွန်ချိန်မှ ယနေ့တိုင် နေ့စဉ် ကုသိုလ်ပြုသမျှကို အမျှအတန်းပေးဝေလျက် မိဘစကားမပယ်ရှားဘဲ "စောင့်လေမျိုးနွယ်" ဆိုသည့်အတိုင်း ဗုဒ္ဓဘာသာ အယူဝါဒကို ယုံကြည်အားကိုး မြတ်နိုးလျက် မျိုးရိုးမပျက် မြန်မာ့ဓလေ့ မြန်မာ့ယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းခဲ့ပါသည်။

✦



အမည်ရင်း ဦးမြဟာန်ဖြစ်ပြီး ကဗျာ လင်္ကာ အရေးများသည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း) တွင် ဖနီး ဒေါ်စိန်စိန်အေး(စိမ်းစိမ်းအေး-စမ်းချောင်း) နှင့်အတူ နေထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဓိက ရေးပြချင်သည်မှာ ဆရာ့ကျေးဇူး ဖြစ်ပါသည်။ ကျွန်တော် ရန်ကုန်ရောက်စ အလုပ်အကိုင် အတည်တကျမရှိသေး၊ ကဗျာရေးဖော် ရောင်းရင်းများနှင့် တွဲကာ စာစောင်မဂ္ဂဇင်းတိုက်များသို့ သွားလိုက်၊ လက်ဖက်ရည်ဆိုင် ထိုင်လိုက်နှင့် အချိန်ကုန်ခဲ့၏။ ထိုအချိန်မှာ ဆရာနှင့် တွေ့ပြီး ကျွန်တော့်ကို စာသင်ပေးပါသည်။ ဆရာက ဆယ်တန်း မအောင်မချင်း မင်း ကဗျာမရေးနှင့်ဟု ဆုံးမခဲ့၏။ ဒါပေမဲ့ ကျွန်တော် မနေနိုင်ပါ။ ကဗျာပိုးက လွှမ်းမိုးနေပြီဖြစ်၍ ဆရာ မသိအောင် ကဗျာတွေ ခိုးရေးခဲ့ပါသည်။ ဆရာက အစိုးရ ဌာနကြီးတစ်ခု၏ စက်ရုံ၌ ရုံးတာဝန်ခံ ဖြစ်သည်။ အပြင်မှာလည်း သူ့ဝါသနာအရ သူငယ်ချင်းတွေ စုပေါင်းပြီး ကျူရှင်တစ်ခုထောင်ကာ ဆရာလုပ်ပါသည်။ ငွေရဖို့ထက် ဆင်းရဲနွမ်းပါးသူ လူငယ်လေးများကို စေတနာ၊ ဝါသနာ၊ ပညာဒါနဖြင့် သင်ကြားပေးသည်။ ကျွန်တော် ကျောင်းလခ မပေးရသည့်အပြင် စာအုပ်နှင့် စာရေးကိရိယာတွေပါ ဆရာက ဝယ်ပေးပါသည်။ ဆရာသည် မြန်မာစာပြ အလွန်ကောင်းပါ၏။ အထူးသဖြင့် ကဗျာတွေ သင်ရသောနေ့ဆိုလျှင် ကျွန်တော် အလွန်ပျော်ပါ၏။ ဆရာက ကဗျာ၏ အကြောင်းအရာ ရည်ညွှန်းချက်ကိုသာမက ကဗျာဖွဲ့စည်းပုံနှင့် ဂုဏ်၊ ရသနှင့် အသံ (ဂရု-လဟု) အကြောင်းတွေပါ တပည့်တွေ စိတ်ဝင်စားအောင် သင်ကြားပေးပါသည်။ ကျွန်တော် ကဗျာဆရာဖြစ်လာရခြင်းသည်လည်း ဆရာ့ကျေးဇူး မကင်းပါ။

ဆရာတို့ ဇနီးမောင်နှံနှစ်ဦးစလုံးမှာ ဝန်ထမ်းတွေ ဖြစ်ပါသည်။ ဆရာ့ဇနီး မမရွှေက စက်မှုကော်ပိုရေးရှင်းတစ်ခုမှာ လုပ်ပါသည်။ စိတ်ရင်းအလွန်ကောင်းပါ၏။ ကျွန်တော့်ကို သားသမီးလို မောင်နှမလို ချစ်ခင်ရှာသည်။ ဆရာတို့ ရုံးပိတ်ရက်တိုင်း ကျွန်တော် မြောက်ဥက္ကလာပရှိ သူတို့အိမ်သို့ ရောက်ပါသည်။ ကျွန်တော် နားမလည်သော၊ နားမရှင်းသော စာကို မေးပါသည်။ ဆရာက စိတ်ရှည်လက်ရှည် ရှင်းလင်း သင်ပြပေးပါသည်။ သူတို့အိမ်မှာပဲ ကျွန်တော် ထမင်းစားပါသည်။ ဆရာဈေးသွားလျှင်လည်း ကျွန်တော် လိုက်သည်။ အိမ်ခြံထဲ သစ်ပင်ပန်းပင်တွေ စိုက်စရာ၊ ရှင်းလင်းစရာရှိလျှင်လည်း ကူညီရှင်းလင်း စိုက်ပျိုးပေး၏။ အိမ်ပြုပြင်ရန် ရှိလျှင်လည်း လက်သမားမခေါ်စေဘဲ ဆရာနှင့် ကျွန်တော် အတူ ကူညီလုပ်ကိုင်၍ ပေးပါသည်။ ကြာတော့ မိသားစုလို ဖြစ်သွား၏။ သူတို့ ဘယ်သွားသွား၊ ဘာစားစား ကျွန်တော့်ကို ခေါ်၏။ ပွဲကြည့်လျှင်လည်း ခေါ်၏။ ရုပ်ရှင်ကြည့်လျှင်လည်း ပါသည်။ ဘုရားတွေသွားလျှင်လည်း ခေါ်ပါသည်။

"ဟေ့ . . . မောင်မြလေး၊ မင်း ညနေကျရင် အိမ်မပြန်နဲ့တော့ကွာ။ ကနေ့ည ဒီမှာပဲအိပ်တော့။ မင်းအစ်မ မမရွှေက သူ့အမေအိမ် သွားအိပ်မလို့တဲ့လေ။ နောက်တစ်နေ့ညမှ ပြန်လာမှာကွ"

"ဟုတ်တယ် မောင်မြလေးရေ၊ မမရွှေက အမေတို့အိမ်ကနေ မနက်ဖြန် မင်္ဂလာဆောင်တစ်ခု သွားစရာရှိလို့ကွယ့်။ ကနေ့ညတော့ မင်းဆရာနဲ့ ဒီမှာပဲ အိပ်လိုက်ပါနော်"

"ဟုတ်ကဲ့ မမ ရပါတယ်။ ဒါပေမဲ့ ကျွန်တော် အိမ်ပြန်ပြီး အစ်ကိုကြီးကို အကျိုးအကြောင်း ပြောလိုက်ဦးမယ်"

"မင်းမပြောနဲ့တော့ ငါ မနက်ကတည်းက အလုပ်ထဲမှာ မင်းအစ်ကိုကြီး ဦးအောင်မြတ်ကို တွေ့လို့ အကျိုးအကြောင်း ပြောခဲ့ပြီးပြီ"

ဆရာဦးဘမောင်နှင့် ကျွန်တော့်အစ်ကိုကြီး ဦးအောင်မြတ်မှာ စက်ရုံတစ်ခုတည်း အလုပ်အတူတူ ဖြစ်သည်။ အစ်ကိုကြီးက စက်ရုံလုပ်သား (ဖိုမင်)တစ်ဦးဖြစ်ပြီး ဆရာဘမောင်ကတော့ ရုံးအဖွဲ့က ဖြစ်ပါသည်။ တစ်ခါတစ်ရံ အစ်ကိုကြီးနှင့်အတူ စက်ရုံထဲသို့ လိုက်သွားပြီး ဘောလုံးကန်ဖူး၍ ထိုစက်ရုံထဲက လူတွေနှင့် အတော်များများ ခင်မင်ရင်းနှီးကြပါ၏။ ကျွန်တော် ဘောလုံးကန်တာကို သဘောကျ၍ စက်ရုံထဲက ဘောလုံးကန်ဘက်တွေက ကျွန်တော့်ကို အလုပ်ထဲသွင်းဖို့ အစ်ကိုကြီးကို ပြောကြ၏။ အစ်ကိုကြီးက စာကိုပဲ သင်လို၍ အလုပ်ထဲမသွင်း၊ ထိုဘောလုံးကြောင့်ပဲ ဆရာဦးဘမောင်နှင့် ကျွန်တော် ခင်မင်သွားရခြင်း ဖြစ်ပါ၏။ ဆရာက "မင်းဆယ်တန်းအောင်ဖို့သာ ကြိုးစားပါကွာ၊ စာမေးပွဲအောင်လျှင် ငါ အလုပ်သွင်းပေးပါ့မယ်"

"ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာ"

✦



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ကျွန်တော် ဆရာ့အိမ်သို့အသွား ဆရာတို့ ဇနီးမောင်နှံကို မတွေ့ရဘဲ ဆရာ့အစ်မကြီးသာ တွေ့ရသည်။ အကျိုးအကြောင်း မေးကြည့်သောအခါ ဆရာ့ဇနီးမမရွှေ သွေးတွေသွန်၍ ဆေးရုံတင်ထားရကြောင်း သိရပါသည်။ မမရွှေသည် ကိုယ်ဝန်ရှိတိုင်း သွေးတွေ ခဏခဏသွန်၍ ကလေးအဖတ်မတင်။ သည်တစ်ကြိမ်ဖြစ်ပြန်ပြီ။ ကျွန်တော် မမရွှေ အမြန်ဆုံးကျန်းမာပါစေလို့ ဆုတောင်းရင်း ဆေးရုံသို့ လိုက်သွားခဲ့ပါသည်။ ဒါပေမဲ့ သည်တစ်ကြိမ်တော့ ဆုတောင်း မပြည့်ခဲ့ပါ။ ဆေးရုံရောက်တော့ မမရွှေ၏အလောင်းကိုသာ တွေ့လိုက်ရပါသည်။ ကျွန်တော့်ဆရာ အဘယ်မျှခံစားရမလဲမသိ၊ ကျွန်တော်ပင် အစ်မတစ်ယောက် ဆုံးပါးခဲ့ရသလို မျက်ရည်တွေ ကျမိပါသည်။ ပို၍ဆိုးသည်မှာ မမရွှေက သူ့ရောဂါတွေ ခဏခဏ ခံစားနေရသည်ကို စိတ်မာတ်ကျလက်လျှော့လိုက်ကာ ဆရာအတွက် သားသားလေး မွေးပေးခဲ့ပြီး သူ့ဘဝကို အနစ်မွှန်းခံသွားခဲ့ခြင်း ဖြစ်ပါသည်။ တကယ်တော့ ယခင်အခါကများလို ကလေးကိုမယူဘဲ လူကြီးရဲ့အသက်ကိုပဲ အရယူမယ်ဆိုလျှင် ရနိုင်ပါ၏။ ဆရာခမျာ ဇနီးသည်မရှိပါဘဲ အလုပ်တစ်ဖက်နှင့် သူ့ရင်သွေးကို ဘယ်လိုကျွေးမွေးပြုစုမလဲ၊ သို့အတွက် မြောက်ဥက္ကလာအိမ်မှ ရန်ကင်းရှိ သူ့အစ်ကို သူ့အစ်မများအိမ်သို့ ပြောင်းခဲ့ရသည်။

✦

ကျွန်တော်လည်း ဆရာ့အိမ် ခဏခဏမသွားဖြစ်တော့။ အရောက်ကျဲသွား၏။ အကြောင်းမှာ ရန်ကင်းအိမ်သည် ဆရာ့အစ်ကို အစ်မတွေနှင့် မိသားစုများ၍ အကြောင်းကိစ္စ တစ်စုံတစ်ရာရှိမှသာ သွားဖြစ်ခဲ့၏။ တစ်ခါတစ်ရံ ကျွန်တော် နေထိုင်သော ကမ္ဘာအေး ရေကူးရှိအိမ်သို့ ရောက်လာတတ်ပါသည်။ ဆရာက ကျွန်တော် စာမကျက်၊ စာမေးပွဲ မဖြေမှာ စိုး၍ ဖြစ်ပါ၏။ တစ်ရက်တွင် ဆရာရှိရာ ဤ ရန်ကင်းအိမ်သို့ ရောက်သွားခဲ့သည်။

"လာဟေ့ - မောင်မြအေး၊ ငါ စက်ရုံမှာ အလုပ်မလုပ်တော့ ဘူးကွ။ ရာထူးဝန်အဖွဲ့မှာ စာမေးပွဲဖြေတာ အောင်သွားပြီ။ ငါ နယ်ပြောင်းရမယ်ဆိုရင် မင်းလိုက်ခဲ့မယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာရယ် စိတ်ချပါ၊ လိုက်ပါ့မယ်"

ဆရာသည် ကျွန်တော့်ကို ယုံကြည်အားကိုး၍လည်းကောင်း၊ စိတ်စမ်းလို၍ လည်းကောင်း၊ ထိုစကားကို ပြောလိုက်တာ ဖြစ်မည်။ တကယ်တော့ ဆရာနယ်သို့ မပြောင်းရပါ။ ရန်ကုန်ရုံးချုပ်မှာပဲ တာဝန်ကျပါသည်။ ဆရာရုံးသို့လည်း ကျွန်တော် တစ်ခေါက်နှစ်ခေါက် ရောက်ဖူးသည်။ ဆရာ အလုပ်ဝင်ပြီးသည့် တစ်နှစ်ခန့်အကြာ ကျွန်တော့်အိမ်သို့ ဆရာ ညမိုးချုပ်ရောက်လာ၏။ ရုံးက ဆက်ပြီးလာတာဟု ပြောသည်။

"မောင်မြလေး မင်း ဝမ်းသာတော့။ အလုပ်ရပြီ။ မနက်ဖြန် မနက် (၈) နာရီ ဆရာ့အိမ်အရောက်လာခဲ့၊ မှတ်ပုံတင်လည်း ယူလာခဲ့။ တိုက်ပုံအင်္ကျီရှိရင်လည်း ဝတ်ခဲ့ပေါ့ကွာ"

ကျွန်တော် ဝမ်းသာသွားမိပါသည်။ အလုပ်လည်း မလျှောက်ရ၊ အင်တာဗျူးလည်း မဖြေရဘဲ ဆရာ့ ကျေးဇူးကြောင့် ကျွန်တော် အလုပ်ရခဲ့ပါပြီ။ မှတ်မှတ်ရရ ၁၉၆၄ - ခု၊ နိုဝင်ဘာလ (၂) ရက်နေ့ ဖြစ်သည်။ ရုံးမှာ အလုပ်ဝင်ပုံစံတွေ၊ စာရွက်စာတမ်း ရေးသားဖြည့်စွက်၍ ရုံးတက်လက်မှတ်ထိုးကာ အလုပ်ဝင်ခဲ့သည်။

ဆရာသည် ကျွန်တော့်အပေါ် ဤမျှစေတနာထားခဲ့ပါ၏။ စာလည်း သင်ပေးသလို အလုပ်လည်း သွင်းပေးခဲ့ပါ၏။ လစာမရမီ ခရီးစရိတ်နှင့် လိုရာသုံးဖို့ ငွေလည်း ထုတ်ပေးခဲ့ပါသည်။ ဆရာနှင့်အတူ တစ်နှစ်ခန့် ဌာနတစ်ခုတည်း လုပ်ခဲ့ရပြီး ဆရာက အခြားဌာနတစ်ခုသို့ ပြောင်းရွှေ့ရသလို ကျွန်တော်လည်း ကုန်သွယ်ရေးဌာနသို့ ဝန်ထမ်း (၅၀) ကျော်နှင့်အတူ ပြောင်းရွှေ့ခဲ့ရသည်။ သည်လိုနှင့် နှစ်ပေါင်းအတော်ကြာသွား၏။ ဆရာကတော့ အသက် (၆၀) ပြည့်၍ အငြိမ်းစားယူသွား၏။ ကျွန်တော်ကတော့ ဌာနတွေ ဟိုပြောင်းလိုက် သည့်ပြောင်းလိုက်နှင့် လူမျိုးစုံ လုပ်ငန်းပေါင်းစုံနှင့် ကြုံတွေ့နေရသည်။ ကောင်းသည့်အရာရှိဝန်ထမ်းနှင့်ကြုံတွေ့ရသလို ဖားမှကြိုက်သောအရာရှိ၊ အမှန်ကို အမှန်တိုင်းပြန်ပြော၍ လက်မခံသောအရာရှိဆိုး၊ ဗျူရိုကရက်ညဉ် မပျောက်သော သူများနှင့်လည်း ရင်ဆိုင်တွေ့ခဲ့ရပါသည်။ ဘဝတူ ဝန်ထမ်း

www.burmeseclassic.com



အချင်းချင်းမှာလည်း စားရဝါးရမှ အလုပ်လုပ်ချင်သူတွေ၊ အခွင့်အရေးရမှ အလုပ်လုပ်ချင်သူတွေနှင့် ကြုံခဲ့ရပါသည်။ တစ်ဖက်သားကိုနင်း၍ တက်သွားချင်သူတွေလည်း ရှိသည်။ ကိုယ့်အပြစ်ကို သူတစ်ပါးပုံချတတ်သော၊ တာဝန်ကို ရှောင်လွှဲတတ်သော လူစားမျိုးတွေကား တစ်ပုံကြီး၊ ခေတ်တွေ စနစ်တွေသာ အကြိမ်ကြိမ် ပြောင်းလဲခဲ့၏။ ဒါပေမဲ့ အကျင့်စရိုက်တွေက မပြောင်းလဲသေးပါ။ ရိုးသားဖြောင့်မတ်စွာ အလုပ်လုပ်ချင်သူတွေအတွက်တော့ အခက်အခဲတွေ ရင်ဆိုင်ခဲ့ရပါသည်။

✦

ဆရာ ပင်စင်ယူပြီးနောက် တစ်လတစ်ကြိမ်ခန့် တွေ့ဖြစ်ပါသေးသည်၊ နောက်ပိုင်း ကျွန်တော်လည်း ဒဂုံမြို့သစ်သို့ ပြောင်းခဲ့ရပြီး အိမ်ကိစ္စ၊ လုပ်ငန်းကိစ္စများ၍ မတွေ့ဖြစ်တာ ကြာသွားသဖြင့် ကျွန်တော် ခါးကြောညှပ် (ရောဂါကြောင့်) လမ်းကောင်းကောင်းမလျှောက်နိုင်၊ ရန်ကုန်ဆေးရုံကြီးတွင် ခွဲစိတ်ရောင်ခြည်ဖြင့် သုံးလခန့် ကုသသော်လည်း မသက်သာလှ။ ဆေးရုံက အပြန်ဘတ်စ်ကားမစီးနိုင် အငှားကားစီးခဲ့ရ၏။ ခါးကို လှုပ်ထိ၊ လှုပ်တိုးမိလျှင် မျက်ရည်ပေါက်ပေါက်ကျအောင် ခံစားခဲ့ရပါ၏။ ကြာတော့ အလုပ်ပင် မသွားနိုင်၍ ဆေးခွင့်သုံးလခန့်ယူပြီး တိုင်းရင်းဆေးနှင့်ကုခြင်း၊ တရုတ်ဆေးနည်းဖြင့်ကုခြင်း စသည့် အမျိုးမျိုးကုသပါသော်လည်း မသက်သာလှပါ။ ခါးပါ တဖြည်းဖြည်းကိုင်းလာပြီး ခြေတစ်ဖက်ကလည်း အကြောလိုက်သွားသည်။ သည်အချိန်ကာလမှာ ဆရာဆုံးသွားခဲ့၏။ ကျွန်တော် မသိလိုက်၊ သူ့မိသားစု သိသည်မှာ ကမ္ဘာအေး (ရေကျော်)မှာ နေတာပဲ သိကြ၏။ ဒဂုံမြို့သစ်သည် သတင်းစာဝေး၍ ဘတ်စ်ကားပင် မရှိသေး။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှပါ၏။

ကံတရားဟု ပြောရမလား၊ ဆေးနည်းပေါင်းစုံကုရင်းက အကြောပြင်ဆရာတစ်ဦးနှင့် တွေ့ရသည်။ မင်းလှမြို့က ဆရာဦးအုန်းမောင် ဖြစ်သည်။ သူနှင့် ကုသလိုက်မှ တဖြည်းဖြည်း သက်သာလာပါသည်။ အလုပ်ခွင်လည်း ပြန်ဝင်နိုင်ခဲ့သည်။ ထိုအချိန်မှ ဆရာ့တူတစ်ယောက်နှင့် လမ်းမှာတွေ့ပြီး ဆရာဦးဘမောင် ဆုံးသွားကြောင်းသိခွင့်ရခဲ့ပါသည်။ ကျွန်တော် ဘယ်လိုမှ မဖြေသာခဲ့ပါ။ ဆရာရဲ့နောက်ဆုံးခရီး အသုဘကို ပင် ပို့ခွင့်မသာခဲ့ပါ။ ဆရာက "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုသည့် ဆရာကျင့်ဝတ်နှင့်အညီ တပည့်အပေါ် စောင့်ရှောက်ခဲ့ပါသော်လည်း ကျွန်တော်ကတော့ တပည့်ဝတ်တရား မကျေပွန်နိုင်ခဲ့ပါ။ ဆရာ ဆုံးသွားခဲ့သည်မှာ အနှစ် (၂၀) ကျော်သော်လည်း မမေ့နိုင်ပါ။ ကျွန်တော့် ကိုယ်ကျွန်တော် ယူကျုံးမရစိတ်ဖြင့် လိပ်ပြာမသန့် ခံစားခဲ့ ရသည်၊ ယခုစာရေးနေချိန်မှာပင် မျက်ရည်ကျနေမိသည်။ ဆရာ ခွင့်လွှတ်နိုင်မလား . . .။

ဆရာ့ကျေးဇူးကား ဆပ်၍ မကုန်နိုင်ပါ။ ကျွန်တော် စာအစမှာ ရေးသားခဲ့သလို "တစ်လုပ်စားဖူး သူ့ကျေးဇူး" ဟု ဆိုပါလျှင် ဆရာ သင်ကြားပေးသော ပညာ၊ ဆရာသွင်းပေးခဲ့သော အလုပ်ကြောင့် လုပ်ငန်းခွင်ထဲမှာ လုပ်သက် (၃၀) ကျော်နှင့် ယခု အငြိမ်းစားဘဝနှင့် တစ်ဆယ့်ရှစ်နှစ်နီးပါး စုစုပေါင်း နှစ် (၅၀) ခန့် ဆရာ့ကျေးဇူးကြောင့် ထမင်းစားခဲ့ရသော ဘဝတစ်ခု ရပ်တည်နိုင်ခဲ့သော ကျွန်တော်၊ နောက်ဘဝမှာ ဆုံခဲ့လျှင် ဆရာ့ကျေးဇူးတွေ ပြန်ဆပ်ပါရစေ ဆရာ။

သည်ဘဝမှာတော့ ပြုသမျှ ကုသလဒါနတွေကို အမျှပေးရင်း တပည့်အပေါ် ခွင့်လွှတ်နိုင်ပါစေ . . .။

(ဆရာဦးဘမောင်နှင့် အစ်မ ဒေါ်ခင်ရွှေသို့ ဤစာဖြင့် ဦးညွှတ်မှတ်တမ်းတင်ပါ၏)။

**ရေကျော် မြတ်လေးနောင်**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးရူးရှင်မလေး မိနီ

**ရေနံ့မြေခရေ**

ကျွန်မ ခွေးမလေးမိနီကို လမ်းဘေးမှာတွေ့၍ ကောက်ယူမွေးစားခဲ့သည်။ မိနီသည် တခြားခွေးတွေထက်လှပြီး သူ၏ အမွေးများက နူးညံ့သည်။ မိနီမှာ ရက်သားလေးလောက်ပဲ ရှိမည်။ ကျွန်မ သူ့ကို နွားနို့တိုက်ပြီး မွေးလာခဲ့သည်။ မိနီမှာ လိမ္မာသည်။ လူစကားနားလည်သည်။ ကျွန်မ ဘုရား ရှိခိုးနေသောအခါ ကျွန်မအနားမှာထိုင်ပြီး ဘုရားရှိခိုးသံကို နားစွင့်နေတတ်သည်။ ကျွန်မ ဘုရားရှိခိုးပြီးမှ သူလည်းကျွန်မအနားက ထသွားသည်။ မိနီမှာ အသက်ရလာသည်နှင့်အမျှ လူစကားကို ပို၍နားလည်လာသည်။ ကျွန်မ ရုံးသွားသောအခါ ခြံဝအထိ လိုက်ပို့သည်။ ရုံးက ပြန်လာလျှင်လည်း ခြံဝမှ ကျွန်မကိုစောင့်ပြီး ကြိုသည်။ ကျွန်မ ပြန်လာသောအခါ ကျွန်မ လုံချည်စကို ဆွဲ၍ အိမ်ထဲအထိ လိုက်လာသည်။

မိနီသည် အိမ်အပြင်ကို လုံးဝမထွက်။ အိမ်ထဲမှာပဲနေပြီး အိမ်ထဲက ကလေးတွေနှင့်သာ ဆော့ကစားသည်။ သူ့ကို လမ်းထဲက လူကြီးရော ကလေးတွေပါ ချစ်ခင်ကြသည်။ အိမ်ကို သူစိမ်းဧည့်သည်တွေလာလို့မရပါ။ ဒါပေမဲ့ ကိုက်တော့မကိုက်ပါ။ အဲဒီဧည့်သည်အနားမှာနေပြီး ဧည့်သည်၏ အရိပ်အခြေကို ကြည့်နေသည်။ အိမ်ခန်းထဲအထိတော့ ဝင်လို့မရ၊ အိမ်အတွက် စိတ်ချရသည်။ အိမ်လုံသည်။ မိနီကို ထမင်းကျွေးလျှင် အသားငါးနှင့် ကျွေးလို့မရ။ အသီးအရွက်ကြော်နှင့် ကျွေးမှသာ စားသည်။ တခြားခွေးတွေလို၊ တိရစ္ဆာန်အကောင်ငယ်လေးတွေကို ဖမ်းယူစားသောက်ခြင်းမရှိ၊



ဆရာမ ရေနံ့မြေခရေသည် ယခုအခါ လိုင်း ၄၇၊ အမှတ် (၄)၊ ရေနံရပ်ကွက်၊ သန်လျင်မြို့တွင် နေထိုင် လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ ထားသောအိုးခွက်တွေကို လှန်လှောခြင်းမရှိ၊ ခိုးမစားတတ်ပါ။ အိမ်ထဲနှင့်ခြံထဲမှာ မစင်စွန့်ခြင်းမရှိဘဲ တခြားနေရာမှာ သွား၍ စွန့်တတ်ပါသည်။ မိနီကို ကြည့်လိုက်လျှင် အမြဲသန့်ပြန့်နေသည်။

သူ့ကို သိပ်လျှင် အောက်မှာသိပ်၍မရ၊ ကျွန်မ၏ ခုတင်ပေါ်တွင်သာ အိပ်ပါသည်။ ကျွန်မသည် ခွေးကိုချစ်သော်လည်း ခွေးနှင့်အတူ မအိပ်ချင်ပါ။ ထို့ကြောင့်လည်း သူ့ကို တခြားနေရာမှာ ခုတင်တစ်လုံးလုပ်ပေးထားသည်။ သူ့ကို ထိုခုတင်မှာ အိပ်ခိုင်းရသည်။ မိနီသည် လူစကား နားလည်သည့် ခွေးလိမ္မာလေးဖြစ်၍ ပြောသမျှနားထောင်ပြီး လိုက်လုပ်တတ်သည်။

တစ်နေ့မှာတော့ ကျွန်မအတွက် မယုံနိုင်အောင် ဖြစ်ရသော အဖြစ်ဆိုးကြီးနှင့် ကြုံတွေ့ရပါသည်။ အဲဒီနေ့က ကျွန်မ ခြံထဲမှာ မြက်တွေနုတ်နေရင်း မြွေဟောက်တစ်ကောင် ကျွန်မရှေ့ ရောက်လာသည်။ မြွေဟောက်မှာ ကျွန်မကို ပေါက်ရန် ဟန်ပြင်နေသည်။ ကျွန်မမှာ မြွေကိုကြည့်ပြီး အသက်မရှူရဲ၊ အသံလည်း မထွက်ရဲအောင် ကြောက်ရွံ့နေပါသည်။

ခဏကြာတော့ မိနီရောက်လာပြီး မြွေကို ခုန်အုပ်လိုက်သည်။ မြွေနှင့် မိနီ လုံးထွေးနေသည်။ ကျွန်မလည်း နောက်မှ သတိရပြီး ပတ်ဝန်းကျင်ကို လှမ်းခေါ် အကူအညီတောင်းလိုက်ပါသည်။

"လာကြပါဦး ... ဒီမှာ ... မြွေ ... မြွေ ... လာကြပါဦး"

ကျွန်မ၏ အော်သံကြောင့် လူတွေ ပြေးလာသည်။ လူတွေ ပြေးလာတဲ့အချိန်မှာ မိနီမှာ မြွေ၏ကုပ်ကို ခဲထားသည်။ ရောက်လာသော လူတွေက မြွေကို ဝိုင်းရိုက်ရန် လုပ်ကြသော်လည်း မြွေက သေနေပါပြီ။ ဒါပေမဲ့ မိနီမှာ မြွေကို မလွှတ်ဘဲ ခဲထားသည်။ ကျွန်မ သူ့ကို လှုပ်နှိုးပြီး ခေါ်ကြည့်သည်။

"မိနီ ... မိနီ ... ထတော့လေ"

မိနီက တုပ်တုပ်တောင် မလှုပ်တော့ပါ။ ကျွန်မ မိနီအတွက် စိုးရိမ်သွားသည်။

"လုပ်ကြပါဦး ... မိနီကို ခေါ်လို့မရဘူး"

လူတွေအားလုံး မိနီကို ဝိုင်းဆွဲထုကြသည်။ မိနီ မြွေကို ခဲထားရာမှ လွှတ်သွားသည်။ ဒါပေမဲ့ မိနီကိုယ်လေးမှာ ပျော့ခွေပြီး မလှုပ်တော့ပါ။ တစ်ကိုယ်လုံးလည်း ညိုမဲနေသည်။ ကျွန်မ သူ့ကို ဘယ်လောက်ခေါ်ခေါ် မလှုပ်တော့ပါ။

"ခင်ဗျားခွေး ... မြွေကိုက်လို့ သေသွားပြီ"

ဟု ပြောပါသည်။ ကျွန်မ သူတို့ပြောစကားကို မယုံသော်လည်း မိနီက တကယ်သေသွားပါပြီ။

မိနီ သေသွားတာ ကျွန်မကြောင့်ပါ။ ကျွန်မ အသက်ကို ကယ်ရင်း သေသွားရတာပါ။ မိနီသာမကယ်ရင် မိနီအစား ကျွန်မ သေရမှာပါ။ မိနီကြောင့် ကျွန်မ အသက်ရှင်ခဲ့ရပါသည်။ မိနီသည် ကျွန်မ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်ပါသည်။ တိရစ္ဆာန်ဖြစ်သော်လည်း သခင်အပေါ်မှာ သစ္စာရှိပြီး ကိုယ့်အသက်ကို စွန့်ပြီး သခင်ရဲ့အသက်ကို ကယ်ခဲ့သော တိရစ္ဆာန်မျိုး ရှားသည်။ ကျွန်မ မိနီကို နမြောမိသည်။ ယူကြုံးမရလည်း ဖြစ်မိသည်။ ကျွန်မအသက်ကို ကယ်ခဲ့သော အသက်သခင် ကျေးဇူးရှင်မလေးမိနီ ကောင်းရာဘဝရောက်ပါစေလို့ ဆုတောင်းရင်း မိနီကို ယနေ့တိုင် မေ့မရနိုင်ပါတော့သည်။

**ရေနံမြေခရေ**



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘည်းမတပ်ပေမဲ့ အသိအမှတ်ပြုလိုက်ချင်ရဲ့

## ရှင်သန် (ဒါန်းပင်တဲ)



အမည်ရင်းမှာ ဦးအောင်စိုးဦး ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဒါန်းပင်တဲရွာတွင် နေထိုင်ရင်း စာပေများ ရေးသား လျက်ရှိသည်။

"သက်မဲ့အရာတစ်ခုကို ကျေးဇူးရှင်လို့ ကမ္ဘည်းတပ်လို့ ရမလား။" ကျုပ်မေးလာခဲ့ရင် ခင်ဗျား ဘယ်လိုဖြေမလဲ ဆိုတာ ကျုပ် တကယ်မသိဘူး။ တစ်ခုတော့ရှိတယ် သက်ရှိ လူသား ကျေးဇူးရှင်တွေ ဒီလောက်ပေါများနေတဲ့ဟာ ဘယ်နှယ့် သက်မဲ့ကိုမှ မင်းက ကျေးဇူးရှင် ကမ္ဘည်းတပ်ရမလား။ မဟုတ်သေးပါဘူးကွာလို့တော့ ကန့်လန့်မတိုက်နဲ့။ ဘယ်အရာမဆို သူ့ဘက်ကိုယ့်ဘက် အပြန်အလှန် ခံစားပေးမှ အဆင်ပြေသလို စကားကိုလည်း ရှဉ့်လည်း လျှောက်သာ ပျားလည်းစွဲသာ ပြောမှ အဆင်ပြေမှာပေါ့။ ဥပမာ – ကလလ ရေကြည် သန္ဓေတည်ကာစပြီး ပူ၊ ဖန်၊ စပ်၊ ခါး ရှောင်ရှား အထိုင်အထ သတိပြု သချိုင်းကုန်း တစ်နေ့ မျက်စောင်း သုံးခါထိုး၊ ခဲခဲယဉ်းယဉ်း မွေးပေးခဲ့တဲ့ အမေ့ကျေးဇူး ဘယ်မီပါ့မလဲ ခင်ဗျားက စောဒကတက်ခဲ့ရင် ကျုပ်ကလည်း ပြန်ပြောလိမ့်မယ်။ သက်ရှိကျေးဇူးက ပြန်ဆပ်လို့ရတယ်။ သက်မဲ့ကျေးဇူးက ပြန်ဆပ်လို့မရဘူးလို့။ မင်းဟာ တော်တော်နောက်တာပဲတော့ မပြောနဲ့။ အစကတည်းက စကားကို သူ့ဘက်ကိုယ့်ဘက် ထည့်တွက်ပြီးပြောမှ အဆင်ချောမယ်လို့ ကျုပ် စကားပလ္လင်ခံခဲ့တာလေ။

ကဲပါဗျာ . . . ကျုပ်မေးခွန်းလေးဆီ ပြန်သွားရအောင် သက်မဲ့ကို ကျေးဇူးရှင်လို့ ကမ္ဘည်းတပ်လို့ ရမလားဆိုတာကိုလေ။ မင်းပဲ ဆက်ပြောပါဆိုရင်တော့ ကမ္ဘည်းမတပ်ရင်တောင် အသိအမှတ်တော့ ပြုသင့်တယ် ထင်ရဲ့ဗျာ။ ဒီလိုဗျ တချို့က အလှူရှင်ဆိုတဲ့ ဆိုင်းဘုတ်အကြီးကြီးတပ်။ အသံချဲ့စက်ကြီးနဲ့ အော်ကြီးဟစ်ကျယ် ကြော်



www.burmeseclassic.com

www.burmeseclassic.com



ပြာရမှ ကျေနပ်ကြတယ်။ ကျုပ်ကတော့ အဲလိုမထင်ဘူးဗျ။ ရင်ထဲ နှလုံးသားထဲမှာ အသိအမှတ်ပြု သိမ်းဆည်းထားလိုက်ရင် ပြီးရော၊ ခံယူထားတဲ့ကောင်း။ အဲ . . . ဒါက ကျုပ်အတွက် သက်သက်ပြောတာပါ။ ခင်ဗျားတော့ ကြိုက်သလို ခံယူချက်ရှိနိုင်ပါရဲ့။

ကျုပ်စိတ်ထင် အမေအများစုဟာ မာတာမိခင်ကျေးဇူးရှင်ဆိုတဲ့ ကမ္ပည်းတပ်ခံရဖို့ သားသမီးတွေကို မွေးပေးတာမဟုတ်ဘူးလို့ ထင်တာပဲ။

ဩော် . . . ဒါနဲ့ မေ့နေလိုက်တာ။ သက်မဲ့ကျေးဇူးရှင်ဟာ ဘာလဲဆိုတာ ခင်ဗျားကို ကျုပ် မပြောမိဘူး။ စာပေဗျ။ တချို့က မြန်မာစာအပြင် ကိုရီးယား၊ အင်္ဂလိပ်၊ မလေး၊ နှစ်မျိုးသုံးမျိုး တွဲတတ်ကြပေမဲ့ ကျုပ်မှာတော့ မြန်မာစာတစ်မျိုးတည်းသာ ရေးတတ်ဖတ်တတ်တယ်။ ဒါတောင် ကျွမ်းကျင်ပညာရှင်အဆင့် မဟုတ်ဘူး။ သာမန်ကာလျှံကာရယ်၊ အင်း . . . စာပေကို ကျုပ်ကျေးဇူးရှင် သတ်မှတ်ခဲ့ရတာက လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်ကပေါ့။

ကမ္ဘာမှာ မန်ချက်စတာယူနိုက်တက် ကလပ်သင်းဟာ လူကြိုက်အများဆုံး ကလပ်သင်းပေမဲ့ ခင်ဗျားတော့ ကြိုက်မလားမသိဘူး။ ၁၉၉၀ ကျော်တစ်ဝိုက်ဆို မန်ချက်စတာယူနိုက်တက်ဟာ ဖလားတွေ တစ်လုံးပြီးတစ်လုံး သိမ်းပိုက်နေချိန် တစ်နှစ်အနည်းဆုံး ဖလားတစ်လုံး၊ တချို့နှစ်တွေဆို ဖလားနှစ်လုံး၊ အဲ . . . ၁၉၉၉ ခုနှစ်တုန်းကဆို ချန်ပီယံလိဂ်၊ ပရီးမီးယား၊ ရှုံးထွက် စတဲ့ အဓိက ဖလားသုံးလုံးတောင်ရတာ။ ဒေးဗစ်ဘက်ခမ်း၊ ရိုင်ယန်ဂစ်၊ ဆိုးလ်ရှား၊ ပေါလ်စခိုး၊ ရရှင်ဂမ်၊ ပီတာရှမိုက်ကယ် စတဲ့ နာမည်တွေဟာ လူတိုင်းပါးစပ်ဖျား ရေပန်းလွှတ်စားတာပေါ့။

ကျုပ်တို့ မြန်မာနိုင်ငံက အားကစားစာစောင်တွေမှာ မန်ချက်စတာအကြောင်းက အမြဲတမ်း ဖုံးလွှမ်းနေတာ။ အထူးသဖြင့်တော့ မန်နေဂျာဖာဂူဆန်၊ ဘက်ခမ်၊ ရိုင်ယန်ဂစ်တို့ပေါ့။ သူတို့ အထင်ကရ ပုဂ္ဂိုလ်တွေကိုး။ မန်ချက်စတာ အားပေးသူတွေပါ။ ပါးစပ်ဖျားမှာလည်း သူတို့နာမည်တွေ မိုးမွှန်နေတာပဲ။ ထားပါဗျာ ကိုယ့်စကားဆီ ကိုယ်ပြန်သွားရအောင်။

မန်ချက်စတာယူနိုက်ကို ခင်ဗျားကြိုက်သလားလို့ ခင်ဗျားကို ကျုပ် မေးခဲ့တာပါ။ ကျုပ်ကတော့ စွဲစွဲလမ်းလမ်းကို နှစ်မြိုက် မက်မက်စက်စက်ကို ကြိုက်ခဲ့တာ။ မန်ချက်စတာများ ရှုံးရင် အိပ်မရစားမဝင်ကိုဖြစ်ပြီး နိုင်လို့ကတော့ နွားစမြုံ့ပြန်သလို ပါးစပ်အမြှုပ်ထွက်အောင်ကို ပြောတာရယ်။ ၁၉၉၉ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ဘိုင်ယန်မြူးနစ်ကို နိုင်တုန်းကဆို နောက်ရက်တစ်နေ့လုံး မအိပ်မစားဘဲနဲ့ကို တစ်ရွာလုံးအနှံ့သွားပြီး ကျုပ် ပြောတာရယ်။

အဲဒီလို မန်ချက်စတာယူနိုက်တက် လျှမ်းလျှမ်းတောက်နေချိန် ကျုပ် သေကောင်ပေါင်းလဲ ဖြစ်ခဲ့ရတယ်။ ခုနှစ်သက္ကရာဇ်တော့ သေချာမမှတ်မိဘူး။ အဲဒီအချိန်က သူရာနဲ့ ကျုပ်က နှစ်ပါးသွားနေချိန်ပေါ့။

အဲဒီတုန်းက ကျုပ် အသက် နှစ်ဆယ်ကျော်။ အလုပ်အကိုင်မရှိ၊ မိန်းမ မလိုက်စားပေမဲ့ လောင်းကစား၊ ပွဲလမ်းသဘင်၊ အရက်၊ လိုင်းစုံမက်နေပြီး အဆိုးဆုံးကတော့ အရက်ပေါ့။ နေပူလည်းအရက်သောက်၊ မိုးရွာလည်းအရက်သောက် နေ့သောက်ညသောက်နဲ့ အမြဲတမ်းသောက်နေတာ။ တစ်ခါကများ အရက်အေးမရှိတာနဲ့ ခွင်ပေါ်က ပူပူနွေးနွေးချကာစ အရက်ဦးရည်ကို ရေပုံးထဲ ခဏစိမ်ထည့်ပြီးသောက်တာ။ အလှူမင်္ဂလာပွဲရှိ မူး၊ ဘုရားပွဲရှိမူး၊ ယုတ်စွ အဆုံး အသုဘရှိတောင် မူးတာဆိုတော့ ကမ်းကုန်ရော။ ဩော် . . . ဒါနဲ့ အရက်သောက်လွန်းလို့ ရည်းစားနဲ့ ကွဲတဲ့အကြောင်း ခင်ဗျားကို ပြောရဦးမယ်။

ကျုပ်ရည်းစားက မြို့သူ၊ အူတူတူ ကျုပ်နဲ့တော့ တခြားစီပေါ့။ အရပ်က ပုပြတ်ပြတ်၊ အသားက ဖြူဖြူ၊ သွက်သွက်လက်လက် ချက်ချက်ချာချာ။ ကျုပ်ကိုတော့ အတော်ချစ်ရှာတယ်။ ယောက်ျားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာ ဆိုရိုးစကားကို ဗီလာကန့်လန့်ပြုပြီး ခဏခဏ ရွာလာတာ။ လာတိုင်းလည်း ကျုပ်ကတော့ မူးရက်ပဲ။ ခွင့်လွှတ်တတ်မှန်းသိတော့ အလေးမထားတာလည်း ပါတာပေါ့။ ကျုပ်တို့ သမီးရည်းစား စိတ်ကောက်လိုက် ပြန်ချော့လိုက်နဲ့ ချာလပတ်လည်နေတယ်။ ဒီလိုနဲ့ ပြဿနာရဲ့ အထွတ်အထိပ်ဇာတ်သိမ်းခန်း ရောက်ရပုံက . . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ချမ်းသာကြီးဘုရားပွဲရှိတဲ့ သီတင်းကျွတ်လေ။ ဘုရားပွဲမတိုင်ခင်ရက် ညနေကပဲ ကျုပ်ရည်းစား မြို့သူ ရွာရောက်လာတယ်။ ညနေ နေဝင်ရီတရော မှောင်စပျိုးချိန်မှာ လမ်းကြားလေး တစ်ခုထဲ ကျုပ်နဲ့တွေ့တယ်။ သူ့မှာအဖော်လေးငါးယောက်နဲ့။ ကျုပ်ကတော့ တစ်ယောက်တည်းပေါ့။ လူကလည်း သိုင်းကွက်နင်းပြီး လမ်းလုံးပြည့်နေပြီ။

ပြောစရာရှိလို့ည ကိုးနာရီလောက်ကျ မခင်တင့်တို့ အိမ်လာခေါ်နော်လို့ ကျုပ်ကို ပြောတယ်။ ကျုပ်လည်း ပြီးလွယ်စီးလွယ် အေးလို့ တစ်ခွန်းတည်းပြောပြီး အိမ်ပြန်ခဲ့ရော။ အလကားပြီးတော့လည်း ဘာမှမဟုတ်ဘူး။ ရောက်တတ်ရာရာ ပြောရင်း အချိန်ကုန်သွားမှာ အောက်မေ့တာ၊ ကျုပ်လည်း မူးမူးနဲ့ အိပ်ပစ်လိုက်တယ်။ မှတ်ကရော . . .။

ကျုပ်ပြောတာ နားထောင်ရတာ ခင်ဗျား ပျင်းသွားမလား။ ဒါဆိုရင်တော့ ခပ်တိုတိုပဲ ပြောတော့မဗျာ။ ဖြစ်ပုံက သူ့သူငယ်ချင်းတွေနဲ့ပါ ကျုပ်ရည်းစားက အလောင်းအစားလုပ်ထားတာတဲ့။ အဲဒီနေ့က မခင်တင့်တို့အိမ် ကျုပ်ကို ခေါ်လို့ ရ၊ မရ ဆိုတာကိုပေါ့။ ကျုပ်ကလည်း ခါတိုင်းလိုလို ပေါ့ပေါ့ပါးပါးပဲ အောက်မေ့ပြီး မသွားလိုက်တော့ ကျုပ် ရည်းစား ရှုံးရော။ သူ့ကို အလေးအနက် မထားရကောင်းလားဆိုပြီး ကျုပ်ကိုလည်း တင်းနေသတဲ့။ ဒါကို မသိတဲ့ကျုပ်က။

“ဒီနေ့ ဘယ်အချိန်ပြန်မှာလဲ”

နောက်ရက်မနက် မေးမိတော့ . . .

“ဘယ်အချိန်ပြန်ပြန် နင့်အပူမပါဘူး”

တဲ့။ ကျုပ်လည်း ဒေါသထွက်ထွက် . . .

“မပြောချင်လည်း နေဟာ”

ပြောပြီး ရှောင်ထွက်ခဲ့ရော။ ခင်ဗျားလည်း သိမှာပါ။ တင်းလွန်းရင် ပြတ်တတ်တယ်ဆိုတော့ နှစ်ဦးသား မာနတွေ ကိုယ်စီးပွားတော့ သွားပြီပေါ့ဗျာ။

သောက်ပါများလွန်းလို့ တစ်နေ့မှာ သတိမရတစ်ချက်ရတစ်ချက်နဲ့ အိပ်ရာထက် ပက်လက်ဖြစ်တော့တာပဲ။ ဝမ်းကလည်းသွား ဖျားကလည်းဖျားမို့ လူက အားနည်းပြီး ကယောင်ကတမ်းတွေတောင် ပြောနေပြီတဲ့။ ကျုပ်လား။ ဘယ်သိမှာလဲဗျာ။ အိပ်မက်လိုလို ဘာလိုလို ထင်နေတဲ့ဟာ။ နောက်မှ ဒီပြင့်လူတွေ ပြန်ပြောမှ သိရတာ။ ဘယ်မတ်တတ်တောင် ကိုယ့်ဘာသာ ကောင်းကောင်းမရပ်နိုင်ဘူး။ သူများတွဲမှ ကိုင်ထားမှ ဖြစ်တာ။ ဆေးခန်းပေါက်ဝ လှေကားထစ်သုံးထစ်တောင် လူတွဲနဲ့ မတတ်နိုင်လို့ ပွေ့ချီတင်ရချရတာ။ နေ့ရော ညရော လေးငါးရက်လောက် ဆေးပိုက်နဲ့ ကျုပ် ညားနေရတယ်။ ကံကောင်းလို့ နို့မို့ ရွာပြင်မှာ ကျုပ် အိပ်စက်ရမယ့်ကိန်း။ ကျုပ်ပြောတာ ခင်ဗျား နားလည်ရဲ့လားမသိဘူး။ ကျုပ်တို့ရွာမှာ ရွာပြင်မှာသေရင် ရွာတွင်းအလောင်း မသွင်းရဘူးလေ။

ကံကောင်းလို့ မသေပေမဲ့ မျက်တွင်းက ဟောက်ပက်၊ အရိုးပေါ်အရေတင်၊ နံရိုးတောင် ရေကြည့်လို့ ရတဲ့ခန္ဓာကိုယ်။ ဘုရားရှင် ဒုက္ခစရိယာကျင့်တုန်းက ကိုယ်ခန္ဓာအတိုင်း ကျုပ်ဖြစ်နေပြီး အထဲကအူတွေ အစာအိမ်ယောင်နေတာမို့ အရည်နဲ့ ထမင်းပျော့သာ စားနေရလို့ သူနာဇာတ်ရုပ်မှာ ကြာရှည်စွာ ကျုပ် သရုပ်ဆောင်နေရတယ်။ မြို့သူရည်းစားကလည်း အမှာတော်ပါးလိုက်ပါရဲ့။ “လူနာမေးတော့ သွားစရာရှိလို့ မလာနိုင်ဘူး။ သေရင်တော့ အကြောင်းကြားလိုက်ပါ ပန်းခွေပို့လိုက်မယ်” တဲ့ ကောင်းရော။ ဒါထက်ဆိုးတာက “ဒီကောင်က အေကိုက်နေတာထင်တယ်” ဆိုတဲ့ ပတ်ဝန်းကျင် လူတချို့ရဲ့ စကားပဲ။ ကျုပ်ဖြင့် စိတ်ညစ်လိုက်တာ မပြောပါနဲ့တော့။

> ဒီအချိန်မှာပဲ အလှည့်အပြောင်းတစ်ခု ကျုပ်တို့ရွာမှာ ပေါ်လာတယ်။ ကျုပ်တို့ရွာသား ရန်ကုန်မှာ ကျောင်းထိုင်နေတဲ့ ဆရာတော်မုံရွာနေဇာက တိုးတက်လူငယ် စာကြည့်တိုက် တည်ထောင်ဖို့ စီမံစိုင်းပြင်းလာတယ်။ ဆရာတော်နဲ့ ဝါသနာတူရာ စာရေးဆရာတွေက စာအုပ်စာစောင်တွေ စေတနာရှေ့ထားပြီး လှူဒါန်းလိုက်ကြတာ။ စာအုပ်တွေ တော်တော်များများနဲ့ ဥပုသ်နေ့တိုင်း စာကြည့်တိုက် ဖွင့်နိုင်ခဲ့ရော။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပဲ စဉ်းစားကြည့်ပါ။ အရက်သောက်၊ ဖဲရိုက်၊ ပွဲလမ်းသဘင်လိုက်ရုံနဲ့ HIV က ဘယ်လိုလုပ် ဝင်မှာတုံး။ ဒါ မဟုတ်တန်းတရား စွပ်စွဲတာ။ အပုပ်ချတာဗျ။ ဒေါသဖြစ်လွန်းလို့ ရန်လုပ်ချင်ပေမဲ့ ဘယ်သူ့ကို ရန်လုပ်ရမှန်း မသိဘူး။ နောက်ဆုံးတော့ ကိုယ်ပြုတဲ့ကံ ကိုယ်သာခံလို့ပဲ အောက်မေ့လိုက်ရတယ်။ စိတ်ညစ်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့တောင် စိတ်ကူးမိရဲ့၊ အဖန်ငါးရာငါးကမ္ဘာ ကြောက်လို့သာ။ တကယ် . . . တကယ် . . . ။

အဲဒီတုန်းကဗျာ ကျုပ်ခန္ဓာက ခုလို စိုစိုပြေပြေ ဝဝဖြိုးဖြိုး မဟုတ်ဘူး။ အသားအရောင်က မွဲခြောက်ခြောက်ရယ်။ မအိုဆေးသောက်သူတွေရဲ့ ပုံစံအတိုင်းပေါ့။ တော်သေးတယ်။ ဖျဉ်းမစွဲသေးလို့ နို့မို့ဆို လျှော့ပြီ။ ဆေးကုလို့မရတော့ဘူး။ ဒီအချိန်မှာပဲ အလှည့်အပြောင်းတစ်ခု ကျုပ်တို့ရွာမှာ ပေါ်လာတယ်။ ကျုပ်တို့ရွာသား ရန်ကုန်မှာ ကျောင်းထိုင်နေတဲ့ ဆရာတော် မုံရွာနေဇာက တိုးတက်လူငယ်စာကြည့်တိုက် တည်ထောင်ဖို့ စီမံစိုင်းပြင်းလာတယ်။ ဆရာတော်နဲ့ ဝါသနာတူရာ စာရေးဆရာတွေက စာအုပ်စာစောင်တွေ စေတနာရှေ့ထားပြီး လှူဒါန်းလိုက်ကြတာ။ စာအုပ်တွေ တော်တော်များများနဲ့ ဥပုသ်နေ့တိုင်း စာကြည့်တိုက်ဖွင့်နိုင်ခဲ့ရော။

ခင်ဗျားတော့ မသိဘူး။ ကျုပ်ကတော့ မြန်မာစာတစ်မျိုးတည်း ရေးတတ်ဖတ်တတ်တာတောင်မှ တစ်ခါတလေ အဓိပ္ပာယ်ဖွင့်ချက် လွဲသေးတယ်။ "ကြွေးထူ မပူ၊ သန်းထူ မယား" ဆိုရိုးစကားကို သန်းပေါလို့ မယားတော့တယ်။ မသိဘူး။ သန်းထူလွန်းတဲ့ မယားလို့ ထင်ခဲ့သေးတာ။ အဲ . . . ဒါပေမဲ့ စာအုပ်မြင်ရင်တော့ ဖတ်ချင်သားဗျ။ နေ့လယ် ဆယ့်နှစ်ခွဲလောက် နေပူချိန် လမ်းလျှောက်ရတာ အဆင်မပြေဘူး။ အားကလည်း မရှိတာမို့ စာကြည့်တိုက်နဲ့ အိမ် နီးနီးလေးဟာကို တစ်ထောက်နားပြီးမှ အရောက်သွားနိုင်ရဲ့။ လမ်းတစ်ဝက် မန်ကျည်းပင်ရိပ် ခဏနားပြီး စာကြည့်တိုက်ရောက်သွားတော့ တစ်နာရီထိုးလုပေါ့။

အံမယ် . . . စာအုပ်တွေက အစုံသားဗျ။ မဟေသီ၊ ကလျာ၊ ရုပ်ရှင်တေးကဗျာစတဲ့ မဂ္ဂဇင်းတွေ၊ အရှင်ဇဝန (မေတ္တာရှင်)ရဲ့ စာအုပ်တွေ၊ ဝတ္ထုတွေ၊ ဂျာနယ်တွေ တော်တော်ကို စုံတာ။ ကျုပ်ဖြင့် ဟိုစာအုပ်ကိုင်ကြည့် ဒီစာအုပ်ကိုင်ကြည့်နဲ့ ဘာစာအုပ်ဖတ်ရမယ်မှန်း ရွေးလို့ကို မရဘူး။

"ဒီမှာ ရှိုင်ကိန်းအကြောင်း ရေးထားတာ တော်တော်ကောင်းတာ။ ဖတ်ကြည့်ပါလား"

စာကြည့်တိုက်မှူး ပြောစကားကြောင့် ယူကြည့်လိုက်တော့ အင်အားအားကစားဂျာနယ် မျက်နှာဖုံးက ရှိုင်ကိန်းပုံကြီးနဲ့ ညာဖက်ထောင့်စွန်းမှာ စာပိုဒ်လေးတစ်ခု။

"ရှိုင်ကိန်းရဲ့ထူးခြားချက်က လဲရာကနေ ပြန်ထနိုင်ခြင်းပဲ။ ရှုံးနိမ့်လို့ စိတ်ဓာတ်ကျနေတဲ့ အသင်းသားတွေကို နိုင်ချင်စိတ်ပေါက်အောင် စည်းရုံးနိုင်တာ ရှိုင်ကိန်းပဲ" ကောင်းလိုက်တဲ့ စာသားဗျာ။ ကျုပ်ဖြင့် ကြိုက်လွန်းလို့ သုံးလေးခါ ပြန်ဖတ်မိရဲ့။ ကျုပ်တစ်ကိုယ်လုံးလည်း ရှိသမျှ အားဆေးဆွေ အကုန်လုံး သောက်လိုက်ရသလို ခွန်အားတွေ ဝင်ရောက်လာတယ်။ ဝမ်းသာလွန်းလို့ ပီတိမျက်ရည်တွေတောင် ထွက်နေလေရဲ့။ ဂျာနယ်တွေ တစ်စောင်ပြီးတစ်စောင် ရှာဖတ်နေတာ အချိန် ဘယ်လိုကုန်လို့ ကုန်သွားမှန်း မသိခဲ့ဘူး။

"နေ့လယ် နှစ်နာရီခွဲတော့မယ်ကွာ။ မင်း လိုချင်တာရှိရင် အိမ်ငှားသွားတော့"

စာကြည့်တိုက်မှူး စကားကြောင့်သာ အိမ်ပြန်ခဲ့ရတယ်။

အိမ်အပြန်လမ်းမှာ လုံးဝမမောဘဲ ကျုပ်ဖြင့် ပေါ့ပါးသွက်လက်လို့ စိတ်ညစ်ပြီး သက်သေချင်စိတ် ပေါက်နေရာကနေ "ဘာလဲဟဲ့ လောကဓံ" ကြုံးဝါးရင်း ဘဝကို ရင်ဆိုင်ချင်လိုက်ပြီ၊ ခင်ဗျားကတော့ သက်မဲ့စာပေကို ကျေးဇူးရှင်လို့ ကမ္ဘည်းတပ်ချင် မတပ်ချင် ကျုပ်မသိဘူး။ ကျုပ်ကတော့ အသိအမှတ်ပြုလိုက်သင့်တယ် တင်ရဲ့ဗျာ။ ဒါလည်း အတင်း အကျပ်တော့ မတိုက်တွန်းပါ၊ ခင်ဗျားသဘောပေါ့လေ။

**ရှင်သန် (ဒါနိုးပင်တဲ)**



www.burmeseclassic.com

www.burmeseclassic.com



# အမှျဝေ၍ ကျေးဇူးဆပ်ပါ

**ရွှေဒါန်းသန်းလွင်**

မောင်ဖိုးအေးတစ်ယောက် အစိုးရဝန်ထမ်းဘဝက အနားယူလိုက်တော့ လမ်းသာရေးနာရေးနဲ့ အိမ်မှုကိစ္စတွေလုပ်ရင်း အချိန်ရတိုင်း စာတွေဖတ်ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် ဘာသာရေးစာပေတွေပေါ့။ ဖတ်ရင်းဖတ်ရင်း ရင်ထဲမှာ လောဘ၊ ဒေါသ၊ မောဟတွေ လျော့ပါးလာတယ်။ စိတ်တည်ငြိမ်လာတယ်။ မေတ္တာဓာတ်တွေ ကိန်းအောင်းလာတယ်။ ဘာသာရေးအသိ ဗဟုသုတတွေ ရလာတယ်။ ရတနာသုံးပါးရဲ့ဂုဏ်တော်တွေ ပွားများမိလာတယ်။ ဒါတွေဟာ ဘုန်းဘုန်း (မုံရွာနေဇာ)ရဲ့ ကျေးဇူးတွေပါ။ ဘုန်းဘုန်းရဲ့ကျောင်းကို စနေနေ့မနက် ဒါမှမဟုတ် ညနေတိုင်း အရက်ဆွမ်းဆန်၊ ဆွမ်းဟင်းတစ်ခွက်ကို အာစိဏ္ဏကံ ကပ်လှူလာခဲ့တာ နှစ်အတော်များများ ကြာခဲ့ပြီပေါ့လေ။ ကျောင်းကို ရောက်တိုင်း ဘုန်းဘုန်းက သူ့စာတွေပါတဲ့ မဂ္ဂဇင်းတွေ၊ စာစောင်တွေကို ဖတ်ဖို့ပေးလေ့ရှိပါတယ်။ လုံးချင်းစာအုပ်တွေ ထုတ်ဝေတာကိုလည်း မမေ့မလျော့ပေးလေ့ ရှိပါတယ်။ မိမိကျောင်းရောက်လို့ သူ စာပေရေးသားနေတာနဲ့ကြုံရင်တော့ မြတ်စွာဘုရားကို ရှိခိုးပြီး ဘုန်းဘုန်းကို ဦးချကန်တော့၊ နှုတ်ဆက်ဆွမ်းချိုင့်လှယ်၊ အချိန်ကြာကြာမနေတော့ဘဲ ပြန်ခဲ့တတ်ပါတယ်။ ဘုန်းဘုန်း စာမရေးတဲ့အချိန်နဲ့ တိုက်ဆိုင်ရင်တော့ စကားပြောဖြစ်ကြပါတယ်။ မိမိသိလိုတဲ့ ဘာသာရေးဆိုင်ရာ အချက်အလက်တွေကို မေးမြန်းလျှောက်ထား ဖြစ်ပါတယ်။ စနေတစ်ရက်မှာတော့ ဘုန်းဘုန်းက "ကျေးဇူးရှင်များ" ဆိုတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး စာရေးဆရာစုံရဲ့စာမူတွေ စုစည်းထုတ်ဝေဖို့ ရှိတယ်လို့ ပြောပါတယ်။



အမည်ရင်းမှာ ဦးသန်းလွင် ဖြစ်ပြီး အမှတ် ၁၀၀၂/ခ၊ ယသသဝတီ (၁၄) လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်လျက် ရှိသည်။

www.burmeseclassic.com


မိမိစိတ်ထဲ လှိုက်ခနဲဖြစ်သွားပြီး "စာမူတွေ စုဆောင်းတဲ့အခါ နာမည်ကြီး၊ နာမည်ရစာရေးဆရာတွေရဲ့ စာမူတွေပဲလား၊ ကလောင်သစ် စာပေဝါသနာရှင်တွေရဲ့စာမူတွေရော မပါဘူးလား" လို့ မေးမိပါတယ်။ "တပည့်တော်လည်း ကြိုးစားကြည့်ချင်ပါတယ်" လို့ လျှောက်ထားမိပါတယ်။ ဘုန်းဘုန်းက "စာမူတွေ စိစစ်ရွေးချယ်မယ့် အယ်ဒီတာအဖွဲ့ရှိတယ်။ ကြိုးစားရေပေါ့" လို့ အမိန့်ရှိပါတယ်။

✦

မြန်မာအဘိဓာန်မှာ ကျေးဇူးဆိုတာ "တစ်ဦးက အခြားတစ်ဦးအပေါ်တွင် ပြုသော အကျိုးဆောင်မှု" လို့ အဓိပ္ပာယ်ဖွင့်ထားပါတယ်။ ပြုဖူးတဲ့ ကျေးဇူးကို အောက်မေ့တာ၊ ချီးကျူးပြောဆိုတာကို "ကျေးဇူးတင်" တယ်။ ကိုယ့်အပေါ်ကို ကျေးဇူးပြုတဲ့သူကို "ကျေးဇူးရှင်" လို့ သတ်မှတ်တယ်။ ပြုဖူးတဲ့ကျေးဇူးကို မထောက်ထားဘဲ ပြုမူပြောဆိုရင် "ကျေးဇူးကန်း" တယ်။ ကိုယ်က တောင်းခံလို့ပဲဖြစ်ဖြစ်၊ စေတနာအရပဲဖြစ်ဖြစ်၊ ကိုယ့်အပေါ်မှာ အကျိုးဖြစ်ထွန်းအောင် ကူညီစောင့်ရှောက် ပြုမူပြောဆိုလုပ်ကိုင်ပေးဖူးတာကို ကျေးဇူးလို့ခေါ်တာပါပဲ။ ကျေးဇူးရှိပြီဆိုရင် ကျေးဇူးကိုသိဖို့ အရေးကြီးလာပါပြီ။ ကိုယ့်အပေါ်မှာ အကျိုးဖြစ်ထွန်းအောင် တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပြီး ကူညီစောင့်ရှောက်ခဲ့တဲ့ကျေးဇူးကို အသိအမှတ်ပြုတာကို ကျေးဇူးသိတယ်လို့ ခေါ်တယ်။ ကျေးဇူးသိတယ်ဆိုတာ စိတ်ကောင်းနှလုံးကောင်းရှိတဲ့သူတွေရဲ့ နှလုံးသားထဲမှာရှိတဲ့ အရည်အချင်းပါပဲ။ လူတော်လူကောင်းတွေမှ တစ်ဦးတစ်ယောက်ရဲ့ ကျေးဇူးပြုမှုကို အသိအမှတ်ပြုကြတာ။

ကျေးဇူးပြုသူတွေဘက်ကို ကြည့်ပြန်တော့ ကူညီစောင့်ရှောက်တယ်။ လိုအပ်နေတာကို ဖြည့်ဆည်းပေးတယ်။ စေတနာနဲ့ လုပ်ပေးတယ်။ တစ်ခုခု ပြန်လည်မျှော်လင့်ပြီး လုပ်ပေးတာ မဟုတ်ဘူး။ ဒီလိုပုဂ္ဂိုလ်မျိုးရဲ့ စိတ်နှလုံးထဲမှာ မေတ္တာတရား အပြည့်အဝရှိနေလို့ပဲ ဖြစ်တယ်။ သူ့ကို အစစ်အမှန် ကျေးဇူးရှင်လို့ ခေါ်ရပေမယ်။ တကယ်တော့ ကျေးဇူးရှင်ဆိုတာ သက်ရှိသတ္တဝါတွေမှာပဲ ရှိတာမဟုတ်ပါဘူး။ သစ်တစ်ပင်ရဲ့ အရိပ်ကို ခိုလိုက်ရလို့ အဲဒီသစ်ပင်က ကိုယ့်ကို အေးမြသွားစေတယ်ဆိုရင် အဲဒါ ကျေးဇူးရှင်ပါပဲ။ အေးမြအောင် လုပ်ပေးတဲ့ ကျေးဇူးတရားကို သိတတ်ရပါမယ်။ ကျေးဇူးတင်ရပါမယ်။ အဲဒီလိုမှမဟုတ်ဘဲ အရိပ်နေနေ၊ အခက်ချိုးချိုးလုပ်ရင်တော့ ကျေးဇူးကန်းတာပဲပေါ့။ အနန္တ ကျေးဇူးရှင် မြတ်စွာဘုရားသခင်က သစ်ပင်ရိပ်ကလေးအောက်မှာ ထိုင်ခဲ့ဖူး၊ အိပ်ခဲ့ဖူးလို့ သစ်ပင်ရိပ်ကလေးက ကိုယ့်ကို အေးမြတဲ့ အကျိုးကျေးဇူးပေးလို့ရှိရင် အဲဒီသစ်ပင်ရဲ့ အကိုင်းအခက်ကို ချိုးဖဲ့မပစ်ရဘူးတဲ့ . . . ။ ချိုးဖဲ့ပစ်ရင် မိတ်ဆွေကို ပြစ်မှားရာ ရောက်ပါတယ်လို့ ဟောပါတယ်။ မြတ်စွာဘုရားသခင်ဟာ မွေးဖွားတဲ့အချိန်တုန်းက သစ်ပင်အောက်မှာ မွေးတယ်၊ တောထွက်တရားကျင့်တော့လည်း သစ်ပင်အောက်မှာပဲ၊ ဓမ္မစကြာတရားဟောတာလည်း သစ်ပင်အောက်မှာပဲ၊ နောက်ဆုံး. . .ပရိနိဗ္ဗာန်စံတော့လည်း သစ်ပင်အောက်မှာပဲ၊ မြတ်စွာဘုရားရဲ့ဘဝနဲ့ သစ်ပင်ရဲ့အကျိုးပြုမှုဟာ ဆက်စပ်နေပါတယ်။ မြတ်စွာဘုရားသခင်ဟာ သဘာဝသစ်ပင်တွေရဲ့ တန်ဖိုးကို ကျေးဇူးတရားကို အင်မတန် အလေးထား အသိအမှတ်ပြုတယ်။ တို့လူသားတွေကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဂရုမပြုဘဲ သစ်ပင်တွေကို ခုတ်လှဲပစ်ကြတယ်။ အကျိုးပြုနေတဲ့ သဘာဝသစ်ပင်တွေကို ဖျက်ဆီးပစ်ကြတယ်။ တစ်နည်းပြောရရင် ကျေးဇူးကန်းကြတယ်။ အဲဒီလိုမလုပ်ကြဘဲ သဘာဝပတ်ဝန်းကျင် စိုပြေသာယာအောင် တစ်နည်းနည်းနဲ့ ပြန်ပြီး ကျေးဇူးဆပ်သင့်ကြတာပေါ့။

ဒီသစ်ပင်လိုပဲ သက်ရှိသတ္တဝါတွေကို ကျေးဇူးပြုတဲ့ အရာတွေ ရှိပါသေးတယ်။ အဲဒါတွေကတော့ စားစရာ၊ ဝတ်စရာ၊ နေစရာ၊ ဆေးဝါးတွေပါပဲ။ ဒီသက်မဲ့ပစ္စည်းတွေသာ မရှိခဲ့ရင် လူ၊ သတ္တဝါတွေ အသက်ရှင်နိုင်စရာအကြောင်း မရှိပါဘူး။ အသက်ရှည်ရှည်နေနိုင်အောင် အထောက်အပံ့ အကူအညီပေးနေတာမို့ ကျေးဇူးပြုနေတာမို့ ကျေးဇူးရှင်တွေပါပဲ။ ဒီထက်ပိုပြီး စဉ်းစားလိုက်ရင် စားစရာ၊ ဝတ်စရာ၊ နေစရာ၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးတွေနဲ့ လူမမယ်ကလေးအရွယ်ကို အသက်ရှင်နိုင်အောင် ရှေးဦးပြုစု စောင့်ရှောက်ကျွေးမွေးခဲ့တာ၊ ကျေးဇူးပြုခဲ့တာ ဘယ်သူတွေလဲ။ အနီးစပ်ဆုံးကတော့ မိဘနှစ်ပါးပါပဲ။ "ကျေးဇူး" "ကျေးဇူး" ဆိုတဲ့ စကားလုံးနဲ့ ရှေ့ဆောင်နီးကပ်နေတာကတော့ "မိဘ" ပါပဲ။ "မိဘကျေးဇူး" တဲ့။ "မိဘကျေးဇူးဆပ်ဖူးပြီလား"၊ "မြင်းမိုရ်တောင်ဦး မကကျူးတဲ့ မွေးသမိခင်၊ ကျွေးသဖခင်" "အမေများနေ့"၊ "အဖေများနေ့" "မိဘကျေးဇူးဆပ်တရားပွဲ" ဒီလိုအသိတရားတွေနဲ့ မိဘကျေးဇူးကို ဖော်ကျူးပေးဆပ်နေကြတာတွေ၊ ပေးဆပ်နိုင်တာတွေဟာ အားကျ ဂုဏ်ယူဝမ်းမြောက်စရာပါပဲ။ မိဘနှစ်ပါးဟာ သားသမီးတွေအပေါ်မှာ အသက်ရှင်ဖို့ အန္တရာယ်မကျရောက်ဖို့အတွက် စားစရာ၊ ဝတ်စရာ၊ နေစရာ၊ ဆေးဝါးတွေနဲ့ ကာကွယ်ပြုစုစောင့်ရှောက်ကျွေးမွေးတာမို့ အင်မတန်မှ ကြီးမားလှတဲ့ ကျေးဇူးတရားပါပဲ။ ဒါကြောင့်မို့ မြတ်စွာဘုရားသခင်က နံပါတ်တစ် ကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ်ဟာ မိဘနှစ်ပါးပါပဲလို့ ဟောခဲ့တာ။ နောက် မိဘကျေးဇူးကို ကုန်အောင် မဆပ်နိုင်ပါဘူးလို့လည်း ဟောခဲ့ပါတယ်။ လူတိုင်းလူတိုင်းမှာ မိဘဆိုတာ ရှိနေတာကြောင့် သူတော်ကောင်းစိတ်ဓာတ်ရှိတဲ့ သားသမီးတွေဟာ မိဘတွေကို ကျေးဇူးဆပ်ကြတယ်။ ကျေးဇူးဆပ်ပုံဆပ်နည်း အမျိုးမျိုး ရှိပါတယ်။ ကိုယ့်ကို ငယ်ငယ်က စောင့်ရှောက်သလို ပြန်စောင့်ရှောက်တယ်။ ငယ်ငယ်က ကျွေးမွေးသလို ပြန်ကျွေးမွေးတယ်။ မိဘကို အသက်ထက်ဆုံး ဦးထိပ်ပန်ဆင်ပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိအောင် ပြုစုစောင့်ရှောက် ကျေးဇူးဆပ်ကြတယ်။ မိဘတွေကို အင်မတန်ကောင်းတဲ့ ကျေးဇူးဆပ်နည်းကတော့ ဒီဘဝတင်မက သံသရာအတွက်ပါ ကောင်းအောင် "ဓမ္မ" နဲ့ ကျေးဇူးဆပ်တာပါပဲလို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။

ဓမ္မနဲ့ ကျေးဇူးဆပ်တယ်ဆိုတာ "သဒ္ဓါ"၊ "သီလ" "စာဂ" "ပညာ" စတဲ့ ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်တဲ့ တရားတွေကို မိဘတွေရဲ့ရင်ထဲ၊ နှလုံးသားထဲရောက်အောင် တစ်နည်းနည်းနဲ့ ပြုလုပ်ပေးတာပါပဲ။ အဲဒီလို ပြုလုပ်ပေးနိုင်မယ်ဆိုရင် မိဘကျေးဇူးကျေပါတယ်လို့တောင် မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။ ကိုယ်ကျင့်သီလ အားနည်းတဲ့ မိဘတွေလည်း ရှိတတ်ပါတယ်။ သဒ္ဓါတရားမရှိသေးတဲ့ မိဘတွေလည်း ရှိနိုင်တာပဲ။ ပစ္စည်းဥစ္စာနှမြောပြီး စွန့်ကြဲလှူဒါန်းမှု လျော့နည်းနေသေးတဲ့ မိဘလည်း ရှိနေတတ်ပါတယ်။ အသိပညာ အားနည်းတဲ့ မိဘလည်း ရှိနေတတ်ပါတယ်။ အဲဒီလိုအပ်ချက်၊ အားနည်းချက်တွေ ရှိနေသေးတဲ့ မိဘတွေကို ပြည့်စုံလုံလောက်အောင် သားသမီးတွေက ကောင်းမွန်တဲ့ အခြေအနေတွေ ဖန်တီးပြီး နည်းမျိုးစုံနဲ့ ကျေးဇူးဆပ်ကြရပါမယ်။ ဆပ်ခွင့်ကြုံတုန်း ဆပ်ကြရပါမယ်။

✦

မောင်ဖိုးအေးတစ်ယောက် ငယ်ဘဝကို အကြိမ်ကြိမ်သတိရမိပါတယ်။ မိဘနှစ်ပါးရဲ့ကျေးဇူးတွေဟာ မြင်းမိုရ်တောင်မက ကြီးမားလှပါတယ်။ ဆပ်လို့မကုန်နိုင်အောင် များပြားလှပါတယ်လို့ သိခွင့်ရပေမဲ့ ကျေးဇူးဆပ်ခွင့် မကြုံခဲ့ပါဘူး။ အမေဟာ ကလေးငယ်ဝမ်းက ကျွတ်တာနဲ့ ဘာလေးလဲလို့မေးပြီး သားလေးဆိုတာ သိတာနဲ့တစ်ပြိုင်နက် လောကကြီးထဲကနေ ထွက်ခွာသွားရှာခဲ့ပါတယ်။ ကျေးရွာဇနပုဒ်က အမေဟာ ဓာတ်ပုံမပြောနဲ့ မှတ်ပုံတင်တောင် မရှိခဲ့တာမို့ မအေမျက်နှာ ဘယ်ပုံဘယ်ပန်း ရှိတယ်ဆိုတာ မတွေ့ခဲ့ရပါဘူး။ သိတတ်တဲ့ အရွယ်ရောက်တော့ အဖေက ပြောပါတယ်။

အစိုးရဝန်ထမ်းဘဝမှာ မိမိလို အသက် (၆၀) ပြည့်
အငြိမ်းစားယူခါနီး လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများမှာ
ယခုအထိ မိအိုဖအိုများ ရှိနေကြဆဲ။ "အမေ နေမကောင်း
လို့ ရွာပြန်ပြီးပြုစုမလို့" "အဖေနေမကောင်းလို့ မြို့ပြန်ပြီး
ဆေးကုပေးမလို့" ဆိုပြီး ခွင့်ယူ မိဘထံ အပြေးပြန်ကြ
တာ တွေ့ရတော့ "ဪ . . သူတို့မှာတော့ မိဘကျေးဇူး
ဆပ်ခွင့်ရလိုက်ကြတာ။ ကုသိုလ်တွေ ရလိုက်ကြတာ"
ဆိုပြီး အားကျမိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



မင်းအမေ မျက်နှာမြင်ချင်လို့ရှိရင် မင်းကိုယ်မင်း မှန်ထဲပြန်ကြည့်တဲ့။ အပြေးအလွှား မှန်ကြည့်မိပါသေးတယ်။ အဖေဟာ သားတော်မောင် နို့ချိုချိုစို့ရဖို့အရေး ရွာနဲ့ နှစ်ရွာကျော်မှာရှိတဲ့ ရွာကလေးတစ်ရွာမှာ နို့ငှားအမေ့ထံ အပ်နှံပေးခဲ့ပါတယ်။ ဒါဟာလည်း မောင်ဖိုးအေး လောကအလယ်မှာ အသက်ရှင်နေနိုင်အောင်ပြုခဲ့တဲ့ အဖေ့ကျေးဇူးပဲလို့ တွေးမိပါတယ်။ အဖေကလည်း မောင်ဖိုးအေး ရွာမူလတန်းကျောင်းမှာ လေးတန်းအောင်လို့ အဖေ့ရဲ့အစ်ကိုကြီးရှိတဲ့ ရန်ကုန်ရွှေမြို့တော်ကြီးမှာ ကျောင်းဆက်တက်နေတုန်း ရှစ်တန်းအရောက်မှာ ဆုံးပါးသွားခဲ့ပြန်ပါတယ်။ အမေ့ရဲ့နို့ချိုတိုက်ကျွေးပြုစုယုယမှု၊ အဖေ့ရဲ့စောင့်ရှောက်မှုတွေနဲ့ ဝေးခဲ့ရတဲ့ မောင်ဖိုးအေးဘဝမှာ ဦးကြီးရဲ့အိမ်မှာနေ၊ ဖအေတူ မအေကွဲ အစ်ကိုကြီးရဲ့ အုပ်ထိန်းမှုအောက်မှာ နေရင်း ဘွဲ့ရ၊ အစိုးရဝန်ထမ်းဖြစ်၊ ကိုယ်ပိုင်အိမ်ကလေးနဲ့ မိသားတစ်စု ပိုင်ဆိုင်ခဲ့ရပေမဲ့ မိဘရဲ့ကျေးဇူးကို ဆပ်ခွင့်မကြုံခဲ့ရပါဘူး။ အစိုးရဝန်ထမ်းဘဝမှာ မိမိလို အသက် (၆၀) ပြည့် အငြိမ်းစားယူခါနီး လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများမှာ ယခုအထိ မိအိုဖအိုများ ရှိနေကြဆဲ။ "အမေ နေမကောင်းလို့ ရွာပြန်ပြီးပြုစုမလို့" "အဖေ နေမကောင်းလို့ မြို့ပြန်ပြီး ဆေးကုပေးမလို့" ဆိုပြီး ခွင့်ယူ မိဘထံ အပြေးပြန်ကြတာ တွေ့ရတော့ "ဩော် သူတို့မှာတော့ မိဘကျေးဇူး ဆပ်ခွင့်ရလိုက်ကြတာ။ ကုသိုလ်တွေ ရလိုက်ကြတာ" ဆိုပြီး အားကျမိပါရဲ့။ ကြည်နူးမိပါရဲ့။ ရန်ကုန်မြို့မှာပင် မိအိုဖအို ရှိနေတဲ့ အပေါင်းအသင်းတွေဆို မိဘကို နေ့စဉ်မြင်တွေ့ပြုစုနေရလို့ ပိုပြီးတောင် ကုသိုလ်တွေရကြမှာပဲလို့ တွေးပြီး ဝမ်းသာမိပါတယ်။

မောင်ဖိုးအေးအနေနဲ့ ကွယ်လွန်သွားရှာကြပြီဖြစ်တဲ့ မိဘနှစ်ပါးကို လောကီပစ္စည်းပစ္စယတွေနဲ့ရော ဓမ္မနဲ့ပါ ကျေးဇူးတုံ့ပြန်မပေးဆပ်နိုင်တော့တာမို့ ဘယ်လိုအရပ်ဒေသကို သွားသွား ဘယ်ဘုရားကျောင်းကန်ကို ရောက်ရောက် ဘယ်လို ကုသိုလ်တွေပဲပြုပြု၊ ကွယ်လွန်သူမိဘနှစ်ပါးကို ရည်စူးပြီး လှူဒါန်းသမှုပြုမိပါတယ်။ ပြုသမျှ ကုသိုလ်ပမာဏ နည်းနည်းများများ မမေ့မလျော့ ရည်စူးလှူဒါန်းပါတယ်။

မောင်ဖိုးအေးတို့အိမ်မှာ အခါကြီး ရက်ကြီးတွေပဲဖြစ်ဖြစ်၊ အထိမ်းအမှတ်တစ်ခုခုအနေနဲ့ ဖြစ်ဖြစ် သံဃာတော်တွေကို ပင့်ဖိတ်ပြီး ဆွမ်း၊ လှူဖွယ်ပစ္စည်း၊ နဝကမ္မ အလှူငွေတို့ကို တတ်စွမ်းသမျှ ဆက်ကပ်လှူဒါန်းလေ့ရှိပါတယ်။ အဲဒီလို ကုသိုလ်ဒါနပြုတဲ့အခါ တရားဟော ဆရာတော် ဘုန်းဘုန်းက "ဤသို့ ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏" လို့ ရေစက်ချ အမျှဝေတိုင်း ကွယ်လွန်ကြပြီးဖြစ်တဲ့ အမေနဲ့အဖေ့ကို အထူးစိတ်အာရုံညွှတ်ပြီး မျက်ရည်စို့မတတ် အမျှပေးဝေမိပါတယ်။ အမျှဝေရင်း မိဘဆိုတာ သားသမီးတွေ အသက်ရှင်ဖို့အတွက် အစောင့်အရှောက်၊ အကာအကွယ်ပေးခဲ့တယ်။ ကျွေးမွေးပြုစုခဲ့တယ်။ တုနှိုင်းမရတဲ့ ကျေးဇူးတရားတွေပါလား။ ငါ ဒီကျေးဇူးတွေကို ဆပ်ခွင့်မကြုံခဲ့ဘဲ ရည်စူးတမ်းတ အမျှဝေရုံပဲ တတ်နိုင်ခဲ့ပါလားလို့ တွေးပြီး ဝမ်းနည်းခံစားမိပါတယ်။ ဝမ်းနည်းမိတာနဲ့ တစ်ချိန်တည်းမှာပဲ မောင်ဖိုးအေးစိတ်ထဲမှာ မိမိပြုသမျှ ကုသိုလ်တွေးကို အမျှပေးဝေနေတာဟာလည်း တစ်နည်းနည်းနဲ့ မိဘကျေးဇူးကို ဆပ်နေတာပါပဲလို့ မှတ်သိလိုက်မိပါတော့တယ်။

## ရွှေဒါန်းသန်းလွင်

**ကိုးကား**

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ၏ "ကျေးဇူးသိခြင်း" တရားစာအုပ်



www.burmeseclassic.com

www.burmeseclassic.com

# ထာဝရပြှာလွင်နေသော ကျွန်မ၏ မိုးကောင်းကင်များ

**ဝါဝါထင်လင်း**

အသက်ရှင်စဉ်ဘဝအချိန်ခဏလေးမှာ ကျေးဇူးပြုနေသူ၊ ကျေးဇူးပြုဖူးသူ များစွာ ရှိနေတယ်။ "ကျေးဇူးကြီးလှ မိနှင့်ဖ"၊ "မိခင် ဖခင် ကျေးဇူးရှင်"၊ "မိဘကျေးဇူး မြင်းမိုရ်ဦး" စသဖြင့် မေမေ့ကျေးဇူး၊ ဖေဖေ့ကျေးဇူးတွေ ရေးမကုန်ကြတာတွေ့ရမှာပါ။ စာရေးဆရာများစွာ ရေးကြတယ်။ ကျွန်မ ကိုယ်တိုင် ဖေဖေ့အမှတ်တရ၊ မေမေ့ အမှတ်တရ ဆောင်းပါး ဝတ္ထုများစွာ ရေးခဲ့တယ်။

ခုတစ်ခါတော့လေ ကျေးဇူးပြုနေသူ၊ ကျေးဇူးပြုဖူးသူ ဘယ်သူတွေ များပါလိမ့် စဉ်းစားမိတယ်။ အို: . . . အဝေးကြီး တွေးစရာမလို၊ အနီးနားမှာ ရှိနေတာကို ကျွန်မ မေ့နေတာလား။

ကျွန်မ ခုလို စားနိုင်၊ သောက်နိုင်၊ သွားနိုင်လာနိုင်ပြီး မနက်လင်းအိပ်ရာထချိန်မှ ညအိပ်ရာဝင်သည့်တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာအောင် ပြုစုစောင့်ရှောက်နေသူတွေ ရှိတယ်။ သူတို့က ကျေးဇူးရှင်ခင်ပွန်းသည်နဲ့ သားသမီးများပါ။ ဆွေမျိုးမောင်နှမ မိတ်ဆွေအားလုံးလည်း ပါတာပါပဲ။

ကျွန်မ ဝါသနာပါရာ စာပေကိုလည်း လွတ်လပ်ပေ့ါပါး စွာ အမြဲရေးသားနိုင်သလို စာအုပ်ထုတ်ဝေရေးပွဲများ ကျင်းပရာမှာလည်း မညည်းမညူ တစ်စက်ကလေးမှ ဟာကွက်မရှိအောင် အားဖြည့်ပေးကြတယ်။ ကျွန်မက မေ့တတ်တယ်။ ဘယ်လောက် များ မေ့သလဲဆို မမေ့အောင် မှတ်သားထားတယ်။ အဲဒီမှတ်သားထားတာကိုပါ မေ့တယ်။



အမည်ရင်းမှာ ဒေါ်အေးအေး မြင့်ဖြစ်ပြီး ဝတ္ထုတို/ရှည်များ ရေးသားကာ ဝတ္ထုတိုနှင့် ရသ စာစုများ လုံးချင်း ၅ အုပ် ထုတ်ဝေပြီး ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်မြို့ အနောက်ပိုင်း လမ်းမတော်မြို့နယ်၊ ၁၄ လမ်းတွင် မိသားစုများနှင့်အတူ နေထိုင်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မေ့တတ်သလောက် အလုပ်များလွန်းသူ အိမ်ထောင်ဦးစီးဖြစ်သူက အမှတ်အသား သတိသိပ်ကောင်းတယ်။ ကျွန်မအတွက် အလုပ်ပိုတယ်မထင်ဘဲ သာရေး၊ နာရေး၊ လူမှုရေး၊ စာပေဆိုင်ရာ အစည်းအဝေးပွဲလမ်းကအစ ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာဆိုတာကို White Board မှာ အတိအကျရေးပေးလေ့ရှိတယ်။

တစ်ရက် မေမေ့အတွက် ဖေဖေ့ပင်စင်ထုတ်ဖို့ ရေးမှတ်ထားပေးတယ်။ ကျွန်မလေ စာရေးစားပွဲကနေ White Board ကို လှမ်းကြည့်မြင်ရတာကို ကြည့်ဖို့မေ့သွားတယ်။ ကြည့်မိချိန် နာရီကျော်သွားပြီမို့ ထုတ်မရတော့ဘူးလေ။

"မိန်းမ . . . ဒီနေ့ ဖေဖေ့ပင်စင် မထုတ်ဖြစ်ဘူးထင်တယ်"

ညနေ သူပြန်လာတော့ မေးပြီလေ။

အလုပ်တစ်ခုပြီးတိုင်း မှတ်သားထားတာကို ပြန်ဖျက်လေ့ရှိတယ်။

"ဟုတ်တယ် . . . ကျွန်မ White Board ကြည့်ဖို့မေ့သွားတယ်"

ကျွန်မ မေ့တာ အပြစ်မတင်ဘဲ မူလမှတ်ထားတဲ့ရက်စွဲကို ဖျက်ပြီး အသစ်ရက်စွဲမှတ်ပေးပြန်တယ်။ ဒီတစ်ခါ ကျွန်မ တကယ်မမေ့တော့ပါ။

ကျွန်မမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်။ ခေတ်လူငယ်တွေမို့ သိတတ်လိမ္မာလွန်းသူ မဟုတ်ကြပေမဲ့ မဆိုးပါဟု ဆိုချင်တယ်။

> မိသားစု၊ ဆွေမျိုးမောင်နှမ၊ မိတ်ဆွေသူငယ်ချင်း အချင်းချင်း အပြန်အလှန်ကျေးဇူးတွေ ရှိနေကြတယ်။ အနန္တကျေးဇူးရှင် ဖေဖေနဲ့ မေမေ၊ ပြီးတော့ ကျွန်မရဲ့ နေ့စဉ်ကျေးဇူးရှင်က အိမ်ထောင်ဦးစီး ခင်ပွန်းသည်ပါပဲ။ ရံဖန်ရံခါ မိသားစု ဆွေးရေးမျိုးရေး အဖုအထစ်လေးတွေ ရှိ တတ်တယ်။ အကောင်းဘက်ကို ဆွဲယူတွေးတယ်။ မျှတအောင် ဆောင်ရွက်ပေးတယ်။ ဒီလို အကျင့်ရှိနေတာကို ကျေးဇူးတင်ရတယ်။

ယနေ့ခေတ်ကြီးထဲမှာ မိသားစုများ နွေးထွေးမှုက အားနည်းလွန်းလှတယ်။ ဟိုး . . . ကျွန်မတို့ငယ်ငယ်နဲ့မတူ ကွာခြားလှတယ်။ အတူနေမိသားစုတွေမှာ ထမင်းလက်ဆုံစားပြီး စကားစမြည်ပြောခွင့်မရတာ ဝမ်းနည်းတယ်။ ဒီလိုနေနေရင်း မိသားစုတွေ တစ်ယောက်နဲ့တစ်ယောက် သူစိမ်းပြင်ပြင် ဖြစ်သွားမှာ စိုးတယ်။ မဖြစ်ရအောင် မိသားစုဝင်တိုင်းမှာ တာဝန်လေးတွေ ရှိတယ်။ တွေ့ခိုက်လေးမှာ ဇနီးမောင်နှံအချင်းချင်း၊ ညီအစ်ကိုမောင်နှမ အချင်းချင်း၊ အတတ်နိုင်ဆုံး စိတ်အစဉ်ကို မညစ်နွမ်းစေဘဲ ချမ်းမြေ့ဖို့အရေး ကြိုးစားနေထိုင်မယ်ဆိုဒါ တစ်ဦးနဲ့တစ်ဦး ကျေးဇူးပြုနေတာပါပဲ။

ကျွန်မ မိသားစုဝင်များက ကျွန်မကို ခုလို ဝါသနာပါရာ စာပေများ ရေးသားနိုင်အောင် စာပေဟောပြောပွဲ ခရီးများ သွားတဲ့အခါ အဆင်ပြေချောမွေ့အောင် လိုအပ်တာမှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးကြတယ်။

နေ့စဉ် လက်ရှိကျေးဇူးပြုနေသူတွေလည်း အများကြီးပါ။

အပူကဲလွန်းတဲ့နွေရာသီတစ်နေ့ ဘွားဘွားပြောခဲ့တဲ့ စကားကို ကျွန်မ နားမလည်ဖြစ်ခဲ့ဖူးတယ်။

"ဒီမန်ကျည်းပင်ကြီးရှိနေလို့ ငါတို့အိမ်က အေးနေတာ။ အရွက်၊ အညွန့် ခူး၊ အသီးလည်းစားရ၊ အရိပ်လည်း ပေးနဲ့ နေ့တိုင်း ကျေးဇူးတင်နေရတယ် ငါ့မြေးရေ"

ဘွားဘွားက သက်ရှိသက်မဲ့အရာအားလုံးအပေါ်ကြံဖန်ပြီး ကျေးဇူးတင်တတ်သူပါ။ တန်ရာတန်ကြေးပေးပြီး ခေါ်ထားတဲ့ ဆိုင်အလုပ်သမား၊ အိမ်အလုပ်သမားတွေအပေါ်လည်း အလုပ်ပြီးပြန်ချိန်ဆို "ကျေးဇူးတင်တယ် သားတို့ရယ်၊ ကျေးဇူးတင်တယ် သမီးတို့ရယ်"နဲ့ နေ့စဉ်မပျက် ပြောလေ့ရှိတယ်။

တချို့ ရှိတယ်လေ။ တန်ရာတန်ကြေးပေးထားတာပဲ ကျေးဇူးတင်စရာမလိုဘူး ပြောတတ်ကြတယ်။ အချင်းချင်း နှလုံးသားမှာ ပီတိဖြာဖို့ ကျေးဇူးတင်ပါတယ်ရှင်။ ပြောရမှာ မခက်ခဲပါဘူးနော်။

ဟိုတစ်နေ့ဆီက ကျွန်မ အိပ်ခန်းတွေရှင်းနေတုန်း ငါးနှစ်သားတူလေး ဖိုးပြည့်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးဝါ . . . သား ဘာကူလုပ်ပေးရမလဲ"

ဆိုပြီး နိုင်သလောက်ကူတယ်။ အားလုံးပြီးတော့ . . .

"ဖိုးပြည့်က သိပ်လိမ္မာတာပဲ ကျေးဇူးတင်ပါတယ် သားရယ်"

"ကြီးကြီးဝါ၊ သားကို ဘာလို့ ကျေးဇူးတင်တာလဲဟင်"

"ဪ . . . သားက ကြီးကြီးဝါကို တံမြက်စည်းယူပေးတယ်။ အမှိုက်တွေ ကူရှင်းပေးတယ်။ အဲဒါကြောင့် သားကို ကျေးဇူးတင်တယ်ပြောတာလေ"

ဖိုးပြည့်က ကျေနပ်ပြုံးလေနဲ့ ရှိနေရာက ဟီး ဟီး ဆိုပြီး သွားပေါ်အောင် ရယ်မောရန်ပေါက် ပြေးဆော့နေတော့တယ်။

ကျေးဇူးတင်ပါတယ်။ စကားဟာ အရွယ်မရွေး ကျေနပ်နှစ်သက်စရာပါ။

"ကျေးဇူးတင်ပါတယ်ရှင်" ရေဒီယိုသီချင်းလေး ကြားဖူးမှာပါ။ ကြားရသူတိုင်း နှစ်သက်ကြတယ်။ သီချင်းရေးစပ်သူကို ကျေးဇူးတင်မိတယ်။

နောက်သုံးရာသီကို ကျေးဇူးတင်ရပုံ ရေဒီယိုသီချင်းလေးကိုလည်း မှတ်မိကြမယ် ထင်တယ်။

မိုးလည်း ကျေးဇူးရှင်။

ဆောင်းလည်း ကျေးဇူးရှင်။

နွေလည်း ကျေးဇူးရှင် သုံးရာသီတစ်ခွင်။

လောကသဘာဝ ဆိုးဝါးတဲ့အပြစ်တွေရှိသလို ကျွန်မတို့လူသားတွေအတွက် ကျေးဇူးတင်စရာ အနှစ်တွေလည်း များစွာပါ။

မိသားစု၊ ဆွေမျိုးမောင်နှမ၊ မိတ်ဆွေသူငယ်ချင်း အချင်းချင်း အပြန်အလှန်ကျေးဇူးတွေ ရှိနေကြတယ်။ အနန္တကျေးဇူးရှင် ဖေဖေနဲ့ မေမေ၊ ပြီးတော့ ကျွန်မရဲ့နွေစဉ် ကျေးဇူးရှင်က အိမ်ထောင်ဦးစီးခင်ပွန်းသည်ပါပဲ။ ရံဖန်ရံခါ မိသားစု ဆွေးရေမျိုးရေး အဖုအထစ်လေးတွေ ရှိတတ်တယ်။ အကောင်းဘက်ကို ဆွဲယူတွေးတယ်။ မျှတအောင် ဆောင်ရွက်ပေးတယ်။ ဒီလိုအကျင့်ရှိနေတာကို ကျေးဇူးတင်ရတယ်။

အသောက်အစားမရှိ၊ အချိန်ပိုမထား။ ဦးစီးဦးဆောင် ပီပီ ဇနီးနှင့် သားသမီး မိသားစုအပေါ် တာဝန်ကျေလှတယ်။ ကျွန်မ ဖေဖေ ဆယ်နှစ်ကျော်မကာ နလုံးရောဂါဝေဒနာခံစားနေရစဉ်ကာလ အချိန်ပြည့်နီးနီး ကျွန်မ ဖေဖေ့နားမှာနေပြီး ခြေဆုပ်လက်နယ်ပြုတယ်။ ဖေဖေ့အတွက် ကျွန်မအတွက် လိုတာကို တတ်နိုင်သမျှ ဖြည့်ပေးတယ်။ လက်အောက်ငယ်သားတွေရဲ့ အမှားက ဖေဖေ့မှာ တာဝန်ရှိတယ်ဆိုပြီး အမှုဆင်လို့ အထဲဝင်ရသေးတယ်။ အစအဆုံး ဖေဖေ့အတွက် အကောင်းဆုံးနည်းလမ်းရှာပြီး အမှန်ဆုံးနဲ့ အမြန်ဆုံး ဖေဖေ စိတ်ချမ်းသာမှုရခဲ့တယ်။ ဆိုတော့ ဖေဖေက သူ့သားမက်ကို သားအရင်းတမျှ လေးစားချစ်ခင်တာ တွေ့ရတယ်။

မေမေ နေမကောင်းပြန်တော့ ဆေးသွားကုတဲ့ဆီလိုက်သွားရပြီး မမျှော်လင့်ဘဲ တစ်နှစ်နီးနီးကြာခဲ့တယ်။ ကျွန်မအပေါ် စကားခါးခါး အရိပ်အမြွက်လေးတောင် မပြောဘဲ "အမေရောဘယ်လိုလဲ ဂရုစိုက်နော် မိန်းမ ဘာလိုသေးလဲ"

ကျွန်မကလည်း လိုသမျှ တန်းစီမှာတာ။ လူကြုံကောင်းတာနဲ့ မှာသမျှ အကုန်ပို့ပေးတယ်။ ဒီကြားထဲ သင်္ဘောပေါ် ရောက်နေတဲ့သား မှာသမျှလည်း ပြည့်စုံအောင်လုပ်ပြီး လူကြုံရှိတဲ့ဆီ သွားပို့ရတယ်။ တတိယနှစ် ဥပဒေ စာမေးပွဲဖြေဆိုနေသူ သမီးအတွက်လည်း လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးပြန်တယ်။ တခြားသူကို အကူအညီမတောင်းဘဲ ကိုယ်တိုင်လုပ်ပေးတာပါ။

"ဘာမှ စိတ်မပူနဲ့ . . . မိန်းမရေ၊ သားရော၊ သမီးအတွက်ပါ အဆင်ပြေတယ်"

အေးချမ်းစွာပြောနေတဲ့ ခင်ပွန်းသည်အသံကို နားထောင်ရင်း သိပ်ကို ကျေးဇူးတင်မိတယ်။

ဒီလိုပဲ သားနဲ့သမီးအပေါ် ကျွန်မ ကျေးဇူးတင်ရတာ ရှိတယ်။ အဖေ၊ အမေအပေါ် သားသမီးဝတ္တရားပဲ ဝယ်ပေး ခြမ်းပေးကန်တော့တာ မဆန်းပါဘူးဆိုပြီး မသိလိုက် မသိဘာသာ နေလို့မသင့်ပါဘူး။ သူတို့လေးတွေရဲ့သိတတ်မှုကို အသိအမှတ်ပြု ကျေးဇူးတင်ရမှာပါ။ သားနဲ့သမီးအပေါ် သဘောမတွေ့တဲ့အခါ ကျွန်မ ဒေါသထွက်ပြီး အော်ဆူ၊ အော်ငေါက်လေ့ ရှိတယ်။ ဆူအော်ပြီး စကားပြောချင်စိတ်မရှိသူ ကျွန်မအပေါ် စိတ်ဆိုးစိတ်ကောက်မရှိဘဲ ထမင်းစားပြီး တီဗွီကြည့်ချိန်ဆို ကျွန်မနား ထိုင်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ခြေထောက်ဆေးလိမ်းပြီး နှိပ်ပေးရမလား"

"မေမေ ဒီအင်္ကျီလိပ်ကားကောင်းတယ် ကြည့်ပါလား"

"မေမေ နေကြာစေ့ စားမလား လက်ဖက်သုပ်ပေးရမလား"

စိတ်မပြေသူ ကျွန်မ ခပ်ဆူဆူ ခပ်တင်းတင်းပေါ့။ ဒါပေမဲ့ သူတို့ ကျွန်မကို စိတ်ပြေအောင် စွမ်းနိုင်ကြတယ်။ ကျွန်မ ခြေထောက်ကို တစ်ယောက်တစ်ဖက် ဆွဲယူနှိပ်ပေးနေကြတာကိုး။ ကျွန်မ စိတ်ဆိုးပြေအောင်၊ အညောင်းအညာပြေအောင် ကျေးဇူးပြုနေတာ မဟုတ်ပါလား။

သားသမီးအရင်းနှစ်ယောက်အပြင် အတူနေ သမီး နှစ်ယောက်ရှိသေးတယ်။ ကျွန်မ သားသမီးအရင်းတမျှပါ။ အကြီးမကြီးက ၁၇ နှစ်သမီး အရွယ်မှာ ကျွန်မဆီ ရောက်တယ်။ ခု အသက်လေးဆယ်ကျော်ပြီ။ အငယ်မက ၉နှစ်သမီးအရွယ်မှာ ရောက်လာပြီး ခုအသက်သုံးဆယ်ပြည့်တော့မယ်။ လိမ္မာကြတယ်။ ဆိုင်အလုပ်၊ အိမ်အလုပ်ကို မညည်းမညူ တာဝန်ယူ လုပ်နိုင်ကြတယ်။ ကျွန်မ လိုအပ်တာမှန်သမျှ အသင့်အနေအထားမှာ ရှိနေအောင် ညီမနှစ်ယောက်လုံး အမြဲလို စွမ်းဆောင်ပေးကြတယ်။ ခင်ပွန်းသည်နဲ့ ဆွေမျိုးမောင်နမတွေပါ။ အစ်ကိုဖြစ်သူကိုလည်း ဘယ်သောအခါမှ စိတ်အညိုးနွမ်းမခံဘူး။ ဘယ်လောက်အလုပ်များများ ပြုစုဆောင့်အောင့်တာမျိုး တစ်ခါမှမရှိခဲ့ပါ။ နေ့စဉ် နေ့တိုင်း ကျွန်မ ကိုယ်စိတ်မပင်ပန်းအောင် ကျေးဇူးပြုပေးနေသူတွေပါ။ မရှိအတူ ရှိအတူ အပြန်အလှန်ကျေးဇူးပြုရင်း အတူနေခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။

သားရော၊ သမီးတွေပါ ဘာသာ တရားအကျင့်ရအောင် ဆယ်ရက်စခန်းတရားရိပ်သာများကို တစ်လှည့်စီဝင်စေခဲ့တယ်။ ခင်ပွန်းသည်ကလည်း အကြောင်းအကျိုးညီတယ်ဆို နှစ်စဉ်မွေးနေ့ရောက်တိုင်း ပဋ္ဌာန်းဝတ်ပြီး တရားစခန်း ဝင်လေ့ရှိတယ်။ အဲဒီအခါ အားလုံးအတွက် စိတ်အေးချမ်းသာဖြစ်အောင် အကျိုးဆောင်သူက ကျွန်မ...။ သူတို့ကို ခုလို တွေ့မြင်ရတာ ကျွန်မ ကျေးဇူးတင်တယ်။ ကျွန်မ စိတ်ချမ်းသာအောင် ကျေးဇူးပြုပေးနေကြတာ မဟုတ်ပါလား။

ကျွန်မ တရားစခန်းဝင်ပြီဆိုလည်း ဝေးဝေးနီးနီး စိတ်ရှည်လက်ရှည် ကားမောင်းပို့သူက ခင်ပွန်းသည်နဲ့ သားကြီးဖြစ်သူပါ။ သမီးတွေကလည်း လိုအပ်တာမှန်သမျှ မမေ့အောင်ဖြည့်ဆည်းပေးကြတယ်။ နောက်ကြောင်းအေးအေးနဲ့ စိတ်လက်ချမ်းသာ တရားစခန်းဝင်ရတာမို့ မိသားစုဝင်အားလုံးကို ကျေးဇူးတင်ရတယ်။

တကယ်ဆို အတူတကွ နေထိုင်ကြတဲ့ မိသားစုအချင်းချင်းက နေ့စဉ်လို တစ်ဦးနဲ့တစ်ဦး ကျေးဇူးပြုနေကြတာပါ။ တစ်နည်းမဟုတ်တစ်နည်း၊ တစ်မျိုးမဟုတ်တစ်မျိုး၊ သွယ်ဝိုက်၍ပဲဖြစ်ဖြစ် တိုက်ရိုက်ပဲဖြစ်ဖြစ် ကျေးဇူးပြုနေကြတာချည်းပါပဲ။

လူသားတစ်ယောက်အဖို့ ကိုယ့်အိမ်တွင်း မိသားစုဝင်တွေသာမက ကိုယ့်ပတ်ဝန်းကျင် အနီးအနားမှာလည်း ကိုယ့်ကို ကျေးဇူးပြုနေသူ ကျေးဇူးရှင်တွေ ရှိနေတတ်ပါတယ်။ သက်ရှိသက်မဲ့အရာအားလုံးကို ဆိုချင်တယ်။ တိရစ္ဆာန်ဖြစ်တဲ့ ခွေးလေး၊ ကြောင်လေးတွေကလည်း ကျေးဇူးပြုတတ်တာမို့ ကျေးဇူးရှင်ဖြစ်သွားတတ်ပြန်ပါ တယ်။

လိုင်းဘတ်(စ်)ကားစီးဖို့ အဝေးကြီးမလျှောက်ရဘဲ ကိုယ့်အိမ်အနားမှာတင် ဘတ်(စ်)ကားဂိတ် ရှိနေတော့ အချိန်မရလည်း ပြေးပြေးလွှားလွှား မဖြစ်ရတာမို့ ကားဂိတ်လေးကို ကျေးဇူးတင်ရတယ်။ လက်ကိုင်ဖုန်းတွေ မပေါ်များခင်က ကားဂိတ်ဘေး၊ မြို့တွင်း၊ နယ်ဝေးပြောရတဲ့ ဖုန်းအိမ်လေးကိုလည်း ကျေးဇူးတင်ရတာပါပဲ။

ကျွန်မလေ ဘွားဘွားရဲ့ အကျင့်မြတ်ကို လွှဲယူလိုက်တယ်။

ကျေးဇူးပြုနေသူ၊ ကျေးဇူးပြုဖူးသူ သက်ရှိသက်မဲ့ အရာအားလုံးကို အတုအယောင် ဟန်ဆောင်မှုမပါ မှတ်တမ်းပြုပြီး ထာဝရ ကျေးဇူးတင်နေမှာပါ။

ကျေးဇူးတင်ပါတယ်ရှင်။

**ဝါဝါထင်လင်း**



www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးဆပ်ထိုက် မဆပ်ထိုက်

## ဝင်းမြအောင် (မြိတ်)

(၁)

"မိဘ" နှင့် "ကျေးဇူး" ကို စကားဆက်၍ "မိဘကျေးဇူး" ဟူ၍ ပြောတတ်ကြပါသည်။ တကယ်တမ်း သေသေချာချာ စဉ်းစားကြည့်ပါက မိဘနှင့် သားသမီး ဆက်ဆံရေးသည် မိဘဘက်က မေတ္တာဖြစ်၍ သားသမီးဘက်က ကျေးဇူးဖြစ်သွားပါသည်။ သေသေချာချာ ရှင်းအောင်ပြောရလျှင် မိဘတို့မည်သည် သားသမီးတို့ကို ပြုစုစောင့်ရှောက်ရာ၌ ကျေးဇူး အတင်ခံချင်၍မဟုတ်ဘဲ အဝေရာ ရန်မရှိပါစေနဲ့။ အဗျာပဇ္ဈာ ကြောင့်ကြခြင်းကင်းပါစေ။ နီဒုက္ခာစ ဆင်းရဲခြင်းကင်းပါစေ။ သုခီအတ္တာနံ ချမ်းသာပါစေဆိုသည့် မေတ္တာလေးမျိုးနှင့် ပြုစုစောင့်ရှောက်ခြင်းဖြစ်၍ မိဘမေတ္တာ မည်ပါသည်။ ဤသို့ ပြုစုစောင့်ရှောက်သဖြင့် ဂါရဝေါစ မင်္ဂလာပုဒ်အရ ကတညုတ - သူပြုဖူးသောကျေးဇူးအဖြစ် သားသမီးများအပေါ် တင်ရှိသွားပါသည်။ ဤသို့ ကျေးဇူးရှင်ဖြစ်သူ မိဘ၏ ကျေးဇူးသိတတ်ကြဖို့ မိဘမေတ္တာကို ဖော်ကြူးကြပါသည်။ သို့ရာတွင် "ကျေးဇူး" ဟူသော စကားနှင့်ပတ်သက်၍ ကျေးဇူးရှိဖူးသူမှန်သမျှကို "ကျေးဇူးဆပ်ထိုက် မဆပ်ထိုက်" ကိုလည်း ဖော်ပြပေးလိုပါသည်။

ဆရာ ဝင်းမြအောင်(မြိတ်) သည် ဘိုးဘွားရိပ်သာလမ်း၊ ကလွင်စုံခေါင်းရပ်၊ မြိတ်မြို့တွင် နေထိုင်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

မိဘမေတ္တာနှင့်ပတ်သက်၍ သာဓကတွေထုတ်ဆောင်ပြီး ရေးခဲ့ကြသည်မှာ ရှေးထုံးတွေဆောင်၍ ရေးမဆုံးအောင် ရေးခဲ့ကြပါသည်။ ၂၀၁၄ - ခုနှစ်၊ ဖေဖော်ဝါရီ (၁၀) ရက်နေ့က The Voice Daily သတင်းစာတွင် "ထမင်းချက်ရာမှ မီးလောင်မှုဖြစ်ပွား၊ အမျိုးသမီးတစ်ဦးသေဆုံး" ခေါင်းစဉ်နှင့် သတင်းပါလာသည်။ ထိုသတင်းစာအရ သေဆုံးသူမှာ မိခင်မဟုတ်ဘဲ အဒေါ်ဟု ဖော်ပြထားသည်။ 7Day Daily သတင်းစာက မိခင်သေဆုံးဟု ရေးပါသည်။ ၁၃-၂-၂၀၁၄ News Week Journal မှာ "သမီးငယ်အတွက် အသက်ပေးသွားသောမိခင်" ခေါင်းစဉ်နှင့် သတင်း ဖြစ်ပါသည်။

"စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ မင်းခေါင်ကျေးရွာ၌ မီးလောင်းမှုတစ်ခု ဖြစ်ပွားခဲ့ရာ မိခင်တစ်ဦးသည် မီးလောင်ပြင်ထဲ၌ သမီးငယ်ရှိသည်ထင်၍ ဝင်ရောက်ကယ်ဆယ်ရာမှ မီးလောင်မှုကြောင့် သေဆုံးသွားကြောင်း သိရသည်။ သေဆုံးသူ၏ သမီးငယ်လေးသည် မီးလောင်ပြင်၏ပြင်ပ၌ ရောက်ရှိနေ၍ အသက်အန္တရာယ် ကင်းရှင်းကြောင်း သိရသည်။ မီးလောင်ပြင်ထဲ၌ သမီးငယ်ရှိသည်ထင်၍ မိခင်စိတ်ဖြင့် မီးလောင်ပြင်ထဲသို့ တိုးဝင်ခဲ့မိသော မိခင်အတွက် ကြားသိရသူအပေါင်းက စိတ်မကောင်းဖြစ်နေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းခေါင်ကျေးရွာ၌ ဖေဖော်ဝါရီ (၉)ရက် နံနက် (၅) နာရီအချိန်ခန့်က ထမင်းဟင်းချက်ပြုတ်ရာမှ မီးစတင်လောင်ကျွမ်းခြင်း ဖြစ်သည်။ မီးလောင်မှုကြောင့် နေအိမ်လေးလုံး၊ မီးလောင်သွားခဲ့၍ လူ (၁၆)ဦးပါသည့် မိသားစု (၃)စု၊ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း သိရသည်။ မီးပြင်းထန်စွာ လောင်ကျွမ်းနေစဉ် နေအိမ်အပေါ်ထပ်၌ အိပ်ပျော်နေသည့် သမီးလေးကျန်ခဲ့သည်ထင်၍ မိခင်ဖြစ်သူက မီးလောင်ပြင်ထဲသို့ တိုးဝင်၍ ကလေးငယ်ကို ရှာဖွေကယ်တင်ရာမှ မိခင်ဖြစ်သူ မီးလောင်ကျွမ်းသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်"

The Voice Daily သတင်းအရ မိခင်မဟုတ်ဘဲ အဒေါ် သေဆုံးသည့်သတင်းနှင့် 7Day Daily သတင်း၊ News Week Journal သတင်းနှစ်ပုဒ်က မိခင်သေဆုံးကြောင်း သတင်းဖော်ပြထားသည်မှာ မိခင် သေဆုံးကြောင်းသတင်းကို အမှန်ဟု ယုံကြည်ပါသည်။ အဒေါ်စိတ်နှင့် မိခင်စိတ်သည် လွန်စွာ ကွာခြားပေလိမ့်မည်။ ဤဖြစ်ရပ်သည် ခေတ်သစ် မိဘမေတ္တာကို လက်ညှိုးညွှန်ပြစရာ သာဓကပင်ဖြစ်သည်။

တိတ်တိတ်ပုန်း ကိုယ်ဝန်ရှိ၍ ဝမ်းဗိုက်ထဲက ကလေးကို ဖျက်ချတာတို့၊ ဖျက်မရဘဲ အကျိုးလေး အကန်းလေးမွေးလာတာတို့၊ မွေးပြီး စွန့်ပစ်တာတို့စတဲ့ မိခင်မဆန်သော ဖြစ်ရပ်တို့သည် အနည်းအကျဉ်း ရှိမည်ဖြစ်သော်လည်း များသောအားဖြင့် မိခင် (မိဘ) တို့သည် သားသမီးအပေါ် စုန်ရေမေတ္တာများဖြင့် ရန်မရှိပါစေနဲ့။ ကြောင့်ကြခြင်း ကင်းပါစေ၊ ဆင်းရဲခြင်း ကင်းပါစေ၊ ချမ်းသာပါစေဆိုသည့် မေတ္တာလေးမျိုး ထားရှိကြသည်မှာ မကြာသေးသော ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ မင်းခေါင်ကျေးရွာက မီးလောင်သေဆုံးခဲ့ရသောမိခင်၏

> ကတညုတ–သူ ပြုဖူးသော ကျေးဇူးရှိသူ မှန်သမျှကို "ကျေးဇူးဆပ်ထိုက် မဆပ်ထိုက်"ဟု စဉ်းစားပြီး ကျေးဇူးဆပ်ထိုက်ကြောင်း နားလည်ရမှာ ဖြစ်သည်။ လုံးဝ လုံးဝ ကျေးဇူးမကန်းသင့်သော ခင်ပွန်းကြီးဆယ်ပါးကို သိထားရန်မှာ (၁) ဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာ၊ (၄) သံဃာ၊ (၅) အမိ၊ (၆) အဘ၊ (၇) ဆရာ၊ (၈) ဆုံးမတတ်သူ၊ (၉) တရားပြသူ၊ (၁၀) ပေးကမ်းတတ်သူ စသဖြင့် ကျေးဇူးကြီးမားလှသော ခင်ပွန်းကြီးဆယ်ပါးကို ဖြစ်မှားမိကြပြီဆိုရင် ကံကြီးထိုက်သူ လူမိုက်ဖြစ်သွားပြီဟု နားလည်ရမှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်သည် လောလောလတ်လတ် သက်သေအထောက်အထား ဖြစ်သည်။ ဤကဲ့သို့ စုန်ရေမေတ္တာတရား ကြီးမားလှသော မိခင်၊ ဖခင်တို့၏ ကျေးဇူးကို သားသမီးများက "ကျေးဇူးဆပ်ထိုက် မဆပ်ထိုက်" သိဖို့ လိုသည်။

## (၃)

မိဘများက တာဝန်ယူသင်ကြားမပေးနိုင်သည့် စာတတ်မြောက်ရေးကိစ္စ၌ ဆရာ၊ ဆရာမများက ကကြီး၊ ခခွေးမှ အစ ၊ အ အဆုံးရှိသော ဗျည်း (၃၃)လုံးကို အ၊ အာ၊ က္က၊ ဤ ထိုထိုလီလီ အမည်ရှိသည့် သရတွေနှင့် ပေါင်းစပ်သင်ကြားပေးသဖြင့် စာတွေရေးတတ် ဖတ်တတ်ခဲ့သည့် ကျေးဇူးတရားတွေသည်လည်း "ကျေးဇူးဆပ်ထိုက် မဆပ်ထိုက်"ပင် ဖြစ်ပါသည်။ ဤနေရာတွင် မူလတန်းဆရာအပေါ်၌ ကျေးဇူးသိတတ်သူ တစ်ယောက်အကြောင်း ပြောပြလိုပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်သည် မြောက်လတ္တီတွဒ် (၁၈) ဒီဂရီ၊ (၃၀) မိနစ်။ အရှေ့လောင်ဂျီတွဒ် (၉၆) ဒီဂရီ၊ (၃၀) မိနစ် အကြား။ ခန့်မှန်းခြေမြေပုံညွှန်း (A-893415)၊ ရန်ကုန်မြို့၏ မြောက်ဘက် (၁၄၂) မိုင် ကွာဝေးပြီး (အမြန်လမ်း၊ ပိုင်အိုနီးယား ၁၁၅-မိုင်)။ မန္တလေးကားလမ်း (လမ်းဟောင်း)နှင့် မီးရထားလမ်းပေါ်တွင် တည်ရှိပါသည်။ မြောက်ဘက်တွင် အုတ်တွင်းမြို့နယ်၊ တောင်ဘက်တွင် ကျောက်တံခါးမြို့နယ်၊ အနောက်ဘက်တွင် ပဲခူးရိုးမတောင်တန်းနှင့် ဆက်စပ်လျက်ရှိပြီး အကျယ်အဝန်းအားဖြင့် (၈၉၀၆.၇) စတုရန်းမိုင်၊ ဧကအားဖြင့် (၅၇၃၈၉၂) ဧက ကျယ်ဝန်းပါသည်။ ကျေးရွာအုပ်စုပေါင်း (၅၈) အုပ်စု ရှိသည်ဟု သိရပြီး ဖြူးမြို့၏ အရှေ့မြောက်ဘက် (၉) မိုင်ခန့်အကွာတွင် သစ်ချောက်ခင် ကျေးရွာအုပ်စု၊ ရှားပင်ချောင်ရွာကလေးဟု တည်ရှိကာ အိမ်ခြေပေါင်း (၆၀) ခန့် ရှိသည်။ မောင်နေဝင်းစိုးသည် ထိုရွာကလေးတွင် မွေးဖွားပြီး ထိုရွာကလေး၏ မူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့ရသည်။ နာမည်က သစ်ချောက်ခင် ကျေးရွာအုပ်စုဆိုသည့်အတိုင်း (စစ်တောင်းမြစ်အနီး ချောင်းကြီးကွင်းဖြစ်၍ ရာသီဥတုကောင်းသဖြင့် ဖြစ်ထွန်းလိုက်၊ ရေကြီးသဖြင့် ဆုံးရှုံးလိုက်) ချောက်ချီးချောက်ချက်ကျေးရွာအုပ်စု ဖြစ်သည်။ ထိုကျေးရွာအုပ်စုဝင် ရှားပင်ချောင်ရွာဆိုသည့်အတိုင်းလည်း အစစအရာရာ အလွန်ရှားသောရွာကလေး ဖြစ်သည်။ ဤကဲ့သို့ ရှားရှားပါးပါး ရွာကလေးမှ မောင်နေဝင်းစိုးသည် ဇေယျာဝတီ ဂျေပူ အထက်တန်းကျောင်းမှ ရှားရှားပါးပါး ရှားပင်ချောင်ရွာသား တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ဖြစ်ခဲ့သည်။ ၉၄၅-တပ်ရင်းသို့ ရောက်ရှိပြီး ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ငယ်စဉ်က မူလတန်းပညာသင်ပေးခဲ့သော ဇေယျာဝတီမြို့ရှိ ဆရာဦးမောင်မောင်လွင်ထံသို့ ၂၀၁၄-ခုနှစ်က မောင်နေဝင်းစိုးမှ ငွေတစ်သိန်း (၁၀၀၀၀၀/-ကျပ်) တင်ပို့ကန်တော့ခဲ့သဖြင့် မူလတန်းဆရာဖြစ်သော ဦးမောင်မောင်လွင်သည် မောင်နေဝင်းစိုး၏ ရင်ဘတ်ထဲက ကတညုတ-မင်္ဂလာဖတ်စာကို ဖတ်ပြီးရင်း ဖတ်လျက် "ကျေးဇူးသိတတ်သည့် ဒီလိုတပည့်မျိုး ရှားပါပေသည်ဟု"အံ့ဩဝမ်းသာ ဖြစ်နေခဲ့ပါသည်။

## (၄)

ကျေးဇူးဟူသည် ချိုနဲ့လားဟု မသိတတ်သဖြင့် ကံကြီးထိုက်သူတွေလည်း မျက်မှောက်ခေတ်တွင် တွေ့မြင်နေရပါသည်။

ဒလမြို့နယ်တွင် အစ်ကိုတစ်ဝမ်းကွဲတော်စပ်သူက ညီဖြစ်သူ စန်းဝင်း (၅၅)နှစ်ကို နေစရာမရှိဖြစ်နေသဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် ၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလလောက်က လက်ခံခေါ်ထားခဲ့ပါသည်။ ထိုသို့ နေစရာပေး၊ စားစရာကျွေးထားသည့် ကျေးဇူးတရားတွေကိုမှ မထောက်ထားသည့် စန်းဝင်း (၅၅) နှစ်သည် အစ်ကိုတစ်ဝမ်းကွဲ၏ သမီးအား အကြိမ်ကြိမ် သားမယားအဖြစ် ပြုကျင့်ခဲ့သဖြင့် (၁၅) နှစ်သမီး မိမိ၏တူမကလေးသည် ကိုယ်ဝန် (၅) လ ရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် (ပ) ၂၅၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၆ အရ အမှုဖွင့်လှစ်၍ စန်းဝင်း (၅၅) နှစ်၊ ပဲခူးလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နေသူအား ၂၂-၆-၂၀၁၄ ရက်နေ့က ဖမ်းဆီးစစ်ဆေးနေသည်မှာ "လူယုတ်မာ" ဆိုသည် ဤသို့တည်းဟု ကျေးဇူးကန်းနေသူတွေလည်း ရှိနေသည်။

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ ရွာသစ်ကြီးကျေးရွာ အလယ်ပိုင်းရပ်နေ မောင်ဝေယံလင်းသည် ၉-၇-၂၀၁၄ ရက်နေ့ ညနေ (၆)နာရီအချိန်ခန့်က အရက်သေစာ သောက်စားမူးယစ်ပြီး တစ်အိမ်တည်းနေ အဘွားဖြစ်သူ ဒေါ်ပိုနှင့် ကြီးကြီးဖြစ်သူ ဒေါ်စုတို့ထံ အပြင်ထွက်ရန် ၎င်း၏ ဆိုင်ကယ်သော့အားတောင်းရာ ထုတ်မပေးသဖြင့် ဝေယံလင်းသည် ဓားကိုင်ဆောင်၍ "သော့ထုတ်မပေးရင် သတ်ပစ်မယ်" ဟု ရန်တွေ့ကြိမ်းဝါးနေစဉ် ဖခင်ဦးမောင်ငွေမှာ လယ်တောမှ နေအိမ်သို့ ရောက်ရှိလာရာ စကားများ ရန်ဖြစ်နေကြောင်းများကို တွေ့မြင်၍ သားဖြစ်သူအား "မင်းအရက်မူးနေတယ် အပြင်မထွက်နဲ့။ ထွက်ရင် တစ်စုံတစ်ခုဖြစ်တတ်တယ်" ဟု စိုးရိမ်ကြီးစွာနဲ့ ဖျောင်းဖျပြောဆိုနေစဉ် ဝေယံလင်းက လက်မခံဘဲ ဖခင်အား လုံးထွေးပြီး ၎င်းကိုင်ဆောင်သောဓားနှင့်ခုတ်သဖြင့် "ဖခင်အရင်းအား လူမဆန်စွာ ဓားနဲ့ ခုတ်လိုက်တဲ့သား ရဲကဖမ်းလိုက်ပြီ" ဟု အတွဲ(၁၈)၊ အမှတ် (၄၀)၊ မှုခင်းသတင်းတွင်ဖတ်ရသောအခါ ဒီလိုကျေးဇူးကန်းသူတွေလည်း ရှိနေသည်ဟု သိသာနိုင်ပါသည်။

"မင်းအရက်မူးနေတယ်။ အပြင်မထွက်နဲ့။ ထွက်ရင် တစ်စုံတစ်ခု ဖြစ်တတ်တယ်" ဖခင်ဦးမောင်ငွေ၏ စကားသည် ဘေးရန်၊ ကြောင့်ကြ၊ ဆင်းရဲကင်း၍၊ ချမ်းသာပါစေဆိုတဲ့ မေတ္တာလေးမျိုးနှင့် မိဘမေတ္တာကို ဖော်ကြူးထားခြင်း ဖြစ်သည်။

## (၅)

ကတညုတ - သူ ပြုဖူးသောကျေးဇူးရှိသူမှန်သမျှကို "ကျေးဇူးဆပ်ထိုက် မဆပ်ထိုက်" ဟုစဉ်းစားပြီး ကျေးဇူးဆပ်ထိုက်ကြောင်း နားလည်ရမှာ ဖြစ်သည်။ လုံးဝ လုံးဝ ကျေးဇူးမကန်းသင့်သော ခင်ပွန်းကြီးဆယ်ပါးကို သိထားရန်မှာ . . .

(၁) ဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာ၊ (၄) သံဃာ၊ (၅) အမိ၊ (၆) အဘ၊ (၇) ဆရာ၊ (၈) ဆုံးမတတ်သူ၊ (၉) တရားပြသူ၊ (၁၀) ပေးကမ်းတတ်သူ စသဖြင့် ကျေးဇူးကြီးမားလှသော ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိကြပြီဆိုရင် ကံကြီးထိုက်သူ လူမိုက်ဖြစ်သွားပြီဟု နားလည်ရမှာဖြစ်သည်။ အထူးအားဖြင့် မိဘတို့၏ကျေးဇူးရှိပုံအကြောင်းသည် . . .။

ဒေဝ၊ မနုဿ၊ နိရယနှင့်၊ ပေတ၊ တိရစ္ဆာန်၊ လားရန် အရှိငါးတန်သောဂတိဟုဆိုအပ်သော ဂတိငါးပါးထဲက သုဂတိမည်သော "လူတစ်ယောက်ဖြစ်ရန် မွေးဖွားပေးခဲ့သော မိဘမည်သည့် အမေနှင့်အဖေသည် ကျေးဇူးကြီးသူများ ဖြစ်ကြသဖြင့် သားသမီးတိုင်းက မိဘကျေးဇူးဆပ်သင့်ပါကြောင်းနှင့် မိမိအပေါ်တွင် ကျေးဇူးရှိခဲ့ဖူးသူအားလုံး၏ "ကျေးဇူးဆပ်ထိုက် မဆပ်ထိုက်" ဟု မယွင်းမှားအောင် စဉ်းစားဆောင်ရွက်နိုင်ကြပါစေ . . .။

ကောင်းစွာပြုဖူး၊ သူ့ကျေးဇူးကို အထူးပြန်ဆပ်နိုင်ကြပါစေ။

**ဝင်းမြအောင် (မြိတ်)**



www.burmeseclassic.com

www.burmeseclassic.com

# ဘဝတစ်ကွေ့ဝယ်
# ကျေးဇူးပြုခဲ့သူများ

**သူရဇော်**

မိမိ၏ ဘဝတစ်သက်တာတွင် ကျေးဇူးရှင်များ ဖြစ်ကြသော အဘိုး၊ အဘွား၊ အမိ၊ အဘမှလွဲပြီး ကျေးဇူးရှင်ဟု ဆိုနိုင်လောက်သူ များစွာရှိခဲ့ပါသည်။ သို့သော်လည်း မိမိ၏ဘဝတစ်ဆစ်ချိုးတွင် ကျေးဇူးပြုခဲ့သူများအနက် ဆောက်လုပ်ရေးကော်ပိုးရေးရှင်းရုံးချုပ် အကြောင်း ပြောချင်ရေးချင်ပါသည်။ ဘယ်နှယ့်တုံး။ သက်မဲ့ဖြစ်တဲ့ ဆောက်လုပ်ရေးရုံးကြီးက မည်သည့်အတွက်ကြောင့် ကျေးဇူးရှင် ဖြစ်ရပါသနည်း။ စောကြောမေးမြန်းဖွယ်ပင် ဖြစ်ပါသည်။

စင်စစ်အားဖြင့် မိမိသည် "စာရေးဝန်ထမ်း" ဘဝဖြင့် အနီရုံးချုပ်ကြီး၏ အရိပ်အာဝါသတွင် (၁၉) နှစ်တိုင်တိုင် ခိုလှုံခဲ့ရပါ၏။ ယင်းသို့ ခိုလှုံခဲ့ရသည့်ကာလအတွင်းဝယ် မိမိကဲ့သို့ ရုံးချုပ်ကြီး၏ အရိပ်အာဝါသတွင် ခိုလှုံနေကြရသော ဝန်ထမ်းကြီးငယ်အချို့က ကျေးဇူးပြုခဲ့ပုံကို ဖော်ကျူးရေးသားမည် ဖြစ်ပါသည်။ ဇာတ်လမ်းလိပ်ပတ်လည်အောင် အနီရုံး ကြီး စတင်ဖွဲ့စည်းပုံကို ပြောဖို့လိုပါမည်။

ဤရုံးကြီးကို ၁၉၆၅ - ခုနှစ်၊ အောက်တိုဘာလ (၁) ရက် နေ့တွင် စတင်ဖွဲ့စည်းပြီး လုပ်ငန်းများ စတင်အသက်ဝင်ခဲ့သည်။ ထူးခြားသည်မှာ ဤရုံးကြီးကို ဌာနပေါင်း (၂၁) ဌာနမှ ဝန်ထမ်းများဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ "ဆောက်လုပ်ရေးရုံး" ဖြစ်သဖြင့် အင်ဂျင်နီယာနှင့် အခြားဆောက်လုပ်ရေးဆိုင်ရာ ပညာသည်များကို အခြေခံ၍ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများ ပါဝင်သည်။ ဌာနပေါင်း (၂၁) ဌာနမှ ဆောက်လုပ်ရေးရုံးကြီးတွင် အမှုထမ်းလိုသူများကို ခေါ်ယူခြင်းဖြစ်သည်။ ထိုစဉ်က မိမိမှာ ဗိုလ်



အမည်ရင်းမှာ ဦးစိန်လှိုင်ဖြစ်ပြီး ဦးစိန်လှိုင်(မဟာဝိဇ္ဇာ) ဟူသော ကလောင်ခွဲဖြင့် စာပေရေးသားလျက် ရှိသည်။ ယခုအခါ ဇနီးဖြစ်သူ ခင်(တိုင်းရင်းမေ)၊ သားသမီးများနှင့်အတူ အမှတ် ၂၆၊ ရဲသီဟာလမ်း၊ ၃၆ - ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) တွင် နေထိုင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချုပ်လမ်းရှိ "ပြည်သူ့အိုးအိမ်" ရုံးတွင် စာရေးဝန်ထမ်း ဖြစ်နေပေရာ ဆောက်လုပ်ရေးရုံးသစ်ကြီးတွင် ပါဝင်ထမ်းဆောင်ရန် စာရင်းပေးလိုက်သည်။

ရုံးကြီးသည် ရွှေတိဂုံဘုရားလမ်းနှင့် လန်ကက်စတာလမ်း (ယခုနဝဒေးလမ်း) ထောင့် (ကျားကူးကျောင်းတိုက်ရှေ့) တွင် တည်ရှိပြီး လေးထပ်ရုံးဖြစ်သည်။ တော်တော်လှပသော အဆောက်အအုံကြီးဖြစ်သည်။ ဩဂုတ်လလောက်မှာပင် ရုံးကြီးက ဆောက်လုပ်ပြီး ဆေးသုတ်ပြီးဖြစ်သည်။ အောက်တိုဘာ (၁) ရက်တွင် မိမိတို့ရောက်ရှိမည့် ရုံးသစ်ကြီးကို အိုးအိမ်ရုံးမှ မိမိတို့သူငယ်ချင်းသုံးဦး သွားရောက်ကြည့်ကြသည်။

ရုံးသစ်ကြီးသည် ဘုရားလမ်းဘက်က မျက်နှာစာဖြစ်သည်။ နဝဒေးလမ်းဘက်တွင် ဘေးဝင်ပေါက်ရှိသည်။ မျက်နှာစာဘက်တွင် မြက်ခင်းပြင်ရှိသည်။ နဝဒေးလမ်းဘက် (လက်ယာ) အဝင်ပေါက်မှဝင်၊ ပေါ်တီကို (ဆင်ဝင်) အောက်တွင် ကားရပ်၊ ဘာဂျာသံတံခါးနှစ်ပေါက်မှ ရုံးတွင်းဝင်၊ ကားက ပတ်ပြီး လက်ဝဲဘက်ထွက်ပေါက်မှ ပြန်ထွက်စနစ်ဖြစ်သည်။ ရုံးက ပေ (၁၅၀) လောက် လေးထောင့်စပ်စပ်ဖြစ်၍ အလယ်တွင် မြက်ခင်းပြင်လုပ်ထားသည်။ ယင်းမြက်ခင်းပြင် အလယ်ကွက်လပ်သည် တနင်္လာနေ့တိုင်း နံနက် (၉း၃၀) တွင် စုပေါင်းတန်းစီ အလံတော်အလေးပြုရမည့် နေရာဖြစ်သည်။

အပေါ်ဆုံးထပ် (နဝဒေးလမ်းဘက်)တွင် စုရုံးခန်းမကြီးရှိသည်။ အစည်းအဝေးများ ပြုလုပ်ရန်ဖြစ်သည်။ မိမိတို့ အထပ်စုံ၊ အခန်းစုံ ဝင်ရောက်ကြည့်ကြသည်။ အခန်းများအားလုံးဖွဲ့ပြီးပြီ၊ အောက်တိုဘာ (၁) ရက်နေ့တွင်တော့ စားပွဲကုလားထိုင်အပြည့်အစုံနှင့် ရုံးခန်းများ ဖြစ်တော့မည်။

မိမိတို့သုံးယောက် အထပ်စုံ၊ အခန်းစုံ ကြည့်ပြီးကြပြီး နောက်ဆုံးအနေနှင့် သန့်စင်ခန်းများကို ဝင်ကြည့်ကြသည်။ လက်ဆေးကြွေခွက် (Basin) များမှ ဘုံဘိုင်ခေါင်းကို ဖွင့်ကြည့်ကြသည်။ ရေ ဝေါခနဲထွက်သည်။ အိမ်သာက တစ်ခန်းလျှင် နှစ်လုံး၊ လက်ဆေးခွက် (ကြွေခွက်) က နှစ်လုံးရှိသည်။ အိမ်သာကမုတ်တွေ အဆင့်အတန်းမြင့်သည်။ နှစ်ခန်းစလုံး ဘိုထိုင်အိမ်သာချည်းဖြစ်သည်။ အဲဒီ "ဘိုထိုင်" ဆိုတာကြီးကို မိမိ ဘဝင်မကျပါ။ အင်္ဂလိပ်လူမျိုးတွေ သုံးသည့် ကမုတ်ဖြစ်၍ ဗိုလ်ထိုင် - ဘိုထိုင်ခေါ်ခြင်း ဖြစ်သည်။ တကယ်တော့ ငုပ်တုတ် (ဆောင့်ကြောင့်) ထိုင် ကမုတ်နှင့် အများကြီးကွာသည်။ ထိုင်ရတာ ခန္ဓာကိုယ် သက်သောင့်သက်သာ ရှိလှသည်။ သို့သော် ဘိုထိုင်ခေါ်ရတာကြီးက သိပ်မနိပ်ဟု မိမိ ထင်သည်။ မိမိတို့ အမျိုးသားခန်းကို အရင်ဝင်ကြည့်ခြင်း ဖြစ်သည်။ ထိုင်ကြည့်သည်၊ ရေဆွဲကြည့်သည်၊ အိုကေပါ။ ဘာပြဿနာမှ မရှိပါ။

သို့သော် အမျိုးသမီးသန့်စင်ခန်းကို ဝင်ကြည့်သည့်အခါ ပြဿနာတစ်ခု ကြုံရသည်။ သန့်စင်ခန်းတွေက ဆင်တူ ဖြစ်သည်။ အိမ်သာနှစ်လုံး တစ်ခန်းစီ၊ လက်ဆေးကြွေခွက်နှစ်ခုစီ ဖြစ်သည်။ အမျိုးသားအခန်းတွင် လက်ဆေးကြည့်၊ ထိုင်ကြည့်၊ ရေဆွဲကြည့်ပြီးပြီ၊ တော်ပြီပေါ့။ အတူတူပဲဟာပဲ၊ သည်လိုမဟုတ်၊ မိမိတို့က ကဲသည်။ သန်းဖေဆိုသည့်ကောင်က

"ထိုင်ကြည့်ဦးမယ်ကွာ"

ဟု ဆိုကာ ဘိုထိုင်ကမုတ်တွင် ထိုင်သည်။ ရေဆွဲကြည့်သည်။ ဝေါခနဲ ရေတွေ ဆင်းသွားသည်။ အတူတူပါပဲကွာဟု မိမိဆိုတော့ သူက . . .

"အေး . . . ဟုတ်တယ်၊ တူတူပဲ"

ဟု ဆိုကာ ထပြီးမှ . . .

"ဟ . . . ဒီမှာ ခလုတ်ကလေးတစ်ခု"

ဆိုပြီး ကမုတ်ခွက်ကို ငုံ့ကြည့်ပြီး ခလုတ်ကလေးကို နှိပ်သည်။ ကမုတ်ခွက်ရှေ့ဘက်မှ ရေတန်းကလေး ထွက်လာပြီး သူ့မျက်နှာကို စိုကုန်သည်။ သူက မျက်နှာကို လက်ဖြင့်သပ်ပြီး . . .

"ဟိုက် . . . ပြဿနာပဲ"

ဟု အော်တော့ သုံးယောက်သား စူးစမ်းလေ့လာကြ၍ သဘောပေါက်သွားသည်။ အမျိုးသမီးများ အပေါ့သွားပြီး သန့်စင်ရန် စီမံထားသော ရေပန်းပါလားဟု သိလိုက်ကြသည်။ လိုရာ Target ကို တည့်တည့်ထိရန် စီမံထားသည်မှာ တော်လှသည်။ သန်းဖေက မကျေနပ်သေးဘဲ မျက်နှာကို လွှဲကာ ဘေးဘက်မှနေပြီး ခလုတ်ကို နှိပ်သည်။ ရေပန်းက တန်းခနဲ ထွက်လာတာပါပဲ။

(ရုံးဖွင့်ပြီး တစ်လလောက်ကြာတော့ အိမ်သာတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



ဘိုထိုင်မှာ ရိုးရိုးထိုင် ပြပြင်ပေးရသည်။ အမျိုးသမီးအခန်းတွင်မူ ဘိုထိုင်တစ်ခုအပြင် မိမိတို့ စမ်းသပ်ခဲ့သော အပေါ့သန့်စင်ခလုတ်ကို ဖြုတ်ပစ်ရသည်။ ဖြစ်ပုံမှာ ဘိုထိုင်ကို မထိုင်ဖူး၍ (မထိုင်တတ်၍) ကမုတ်ခွက် နှုတ်ခမ်းပေါ်ခြေနင်းပြီး ဆောင့်ကြောင့်ထိုင်တော့ မစင်စွန့်ရင်း ချော်ကျကြသည်။ အမျိုးသမီးဝန်ထမ်းများကလည်း အပေါ့သန့်စင်ရေပန်းကို မကြိုက်ကြပေ။)

ရုံးကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကတော့ ခေတ်အမီဆုံး အသားနားဆုံး အဆောက်အအုံကြီး ဖြစ်လေသည်။

✦

၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ရုံးကြီးအသက်ဝင်လှုပ်ရှားသည်။ ဆောက်လုပ်ရေးကော်ပိုရေးရှင်း (ရုံးချုပ်)ဟု အမည်တွင်သည်။ မိမိတို့က "ပညာသည် ဦးစီး" ဟူသော ဌာနကြီးတစ်ခုတွင် ပါဝင်တာဝန်ထမ်းဆောင်ရသည်။ ရုံးချုပ်တစ်ခုလုံးတွင် ပညာသည်ဦးစီးနှင့် အုပ်ချုပ်မှုဦးစီးနှစ်ခုသာ အင်ဂျင်နီယာမဟုတ်သော ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည်။ ကျန်သောဌာနများမှာ အင်ဂျင်နီယာဆိုင်ရာ အတတ်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။ ပညာသည်ဦးစီးသည် ဌာနစိတ်လေးခုဖြင့် ဖွဲ့စည်းထားရာ မိမိမှာ ပညာသည်ဌာနစိတ်တွင် တာဝန်ကျသည်။ မိမိ၏ ရာထူးမှာ အထက်တန်းစာရေး ဖြစ်သည်။ ပညာသည်ဌာနစိတ်သည် လက်သမား၊ ပန်းရံ၊ သံချိုသံကွေးနှင့် အောက်ခြေဝန်ထမ်းများ၏ အရေးကိစ္စများကို ဆောင်ရွက်ရသည်။

ဌာနကြီးမှူးများကို ဦးစီးအရာရှိ (ပထမတန်း) ဟု ခေါ်သည်။ ထို့နောက် ဦးစီးအရာရှိ (ဒုတိယတန်း)နှင့် ဦးစီးအရာရှိ (တတိယတန်း) ဟု ခေါ်ရာ စစ်တပ်ဖွဲ့စည်းပုံ အခေါ်အဝေါ်ဟု သိရသည်။ မိမိတို့ ပညာသည် ဌာနစိတ်ကလေးမှာ ရုံးချုပ်၏ ပထမထပ် (မြောက်ဘက်စွန်)တွင် ရှိသည်။ ဦးစီးအရာရှိ (တ) ၁၊ ရုံးအုပ် – ၁၊ ဌာနခွဲ စာရေးကြီး – ၂၊ အထက်တန်းစာရေး – ၄၊ အောက်တန်းစာရေး – ၆၊ ရုံးအကူ – ၂၊ ဝန်ထမ်းအင်အား ရှိသည်။ ဌာနကြီးမှူး ဦးစီးအရာရှိ (ပ)မှာ ညွှန်ကြားရေးမှူးအဆင့်၊ ဦးစီးအရာရှိ (ဒု)မှာ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်၊ ဦးစီးအရာရှိ (တ)မှာ ဦးစီးအရာရှိအဆင့် ဖြစ်သည်။

ထိုစဉ်က ဝန်ထမ်းများသည် ရာထူးအဆင့်ကို ရင်ဘတ်တွင် စာဆွဲစရာမလို။ စားပွဲများဖြင့် ခွဲထားသည်။ အရာရှိစားပွဲ၊ ရုံးအုပ်စားပွဲ၊ ဌာနခွဲစာရေးကြီးစားပွဲ၊ အထက်တန်းစာရေး၊ အောက်တန်းစာရေးစားပွဲများ ကြည့်ရုံနှင့် ရာထူးအဆင့် သိနိုင်သည်။ ဦးစီးအရာရှိသည် သီးသန့်အခန်း၊ ဆင်နားရွက်တံခါးနှင့် ဆုံလည်ကုလားထိုင်နှင့် ထိုင်ရသည်။ ရုံးအုပ်၊ ဌာနခွဲစာရေးတို့က လက်တန်းပါ ကြိမ်ကုလားထိုင်၊ အထက်တန်းစာရေးနှင့် အောက်တန်းစာရေးတို့က လက်တန်းမပါ ကြိမ်ကုလားထိုင်နှင့် ထိုင်နေသည်။ ရုံးအကူသည် ကုလားထိုင်နှင့် ထိုင်ခွင့်မရှိ။ ခွေးခြေဖြင့်သာ ထိုင်ရသည်။

ရာထူးအခေါ်များမှာ ရုံးအုပ် (Office Suprintendent) အတို O.S၊ ဌာနခွဲ စာရေးကြီး (Branch Clerk) အတို B.C၊ အထက်တန်းစာရေး (Upper Division Clerk) အတို U.D.C ၊ အောက်တန်းစာရေး (Lower Division Clerk) အတို L.D.C ဟု ခေါ်ကြသည်။ ရုံးအကူ Poem ကို ရုံးလုလင်ဟုလည်း ခေါ်သည်။ ရုံးပြာတာဟုလည်း ခေါ်ကြသည်။ နောက်ဝန်ထမ်း သုံးမျိုးရှိသေးသည်။ လက်နှိပ်စက်စာရေး (Typist) နှင့် လက်ရေးတို လက်နှိပ်စက် (Steno-Typist)၊ အမှုတွဲထိန်း (Duffery) တို့ ဖြစ်သည်။

စာရေးသူမှာ ရုံးတာဝန်ကို အနည်းငယ်သာ ဆောင်ရွက်ရ၍ စာပေကိစ္စများ ဆောင်ရွက်ရသည်က များသည်။ ဆောက်လုပ်ရေးစာစဉ်ဟူသော ကော်မတီတစ်ခုဖွဲ့၍ မိမိမှာ ထိုကော်မတီ၏တွဲဖက်အတွင်းရေးမှူး ဖြစ်သည်။ အတွင်းရေးမှူးမှာ ဦးစီးအရာရှိ ဦးဘသန်းဝင်းဖြစ်ပြီး ဥက္ကဋ္ဌမှာ ဦးဆောင်ညွှန်ကြားရေးမှူး (Managing Director) M.D ဖြစ်သည်။ ဦးစွာပထမ Yellow Book ခေါ် လုပ်ငန်းအခြေခံစံနှုန်း (Alalysis of Rates) နှင့် Green Book ခေါ် အင်ဂျင်နီယာလက်စွဲ (Hand Book for Engineering) ဖြစ်သည်။ ထိုစာအုပ်များ ပုံနှိပ်လုပ်ဆောင်ရာ (၃၃)လမ်းရှိ စာပေလောက ပုံနှိပ်တိုက်နှင့် ဖွဲ့ပုံနှိပ်တိုက်၊ မောင်မြင့်စာအုပ်ချုပ်တို့တွင် ထွက်၍ အလုပ်လုပ်ရသည်။ ထိုအချိန်တွင် မိမိမှာ ကဗျာတွေစာတွေ ရေးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ထိုရုံးချုပ်တွင် ရုံးအလုပ်နှင့် နဖူးတွေ့ဒူးတွေ့ မတွေ့ရဘဲ စာပေနှင့် နဖူးနှင့် ဒူးပါမက တစ်ကိုယ်လုံးတွေ့ရတော့သည်။ ဆောက်လုပ်ရေးစာစဉ်သည် "ဆောက်လုပ်ရေး မဂ္ဂဇင်း" ပါ ထုတ်ဝေသည်။ အယ်ဒီတာပညာနှင့် မဂ္ဂဇင်းအတတ်ပညာကို မိမိ စတင်ရရှိခဲ့သည်။ ဆောက်လုပ်ရေး မဂ္ဂဇင်းတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများ ထည့်သွင်းသည်။ ရုံးချုပ်မှ အင်ဂျင်နီယာများ စာတွေရေးကြသည်။ ဗိသုကာပညာရှင် ဒေါ်ချိုချိုတင် (မစန္ဒာ)နှင့် ဒေါ်နီနီမာ (စိန်ဂျွန်းမာလေး)တို့သည် ရုံးချုပ် ဝန်ထမ်းများ ဖြစ်သည်။ ရွှေမြိတ်သောင်းတင်၊ ကွန်းဇော်တို့ ဆောက်လုပ်ရေးဝန်ထမ်းများဖြစ်သည်။ လက်ရှိ M.D ဦးကျော်လှိုင်၊ နောင်တွင် M.D ဖြစ်လာကြမည့် ဦးရွှေထွန်းမောင်နှင့် ဦးဟန်ဇော် စသည့်အင်ဂျင်နီယာများ စာရေးကြသည်။ ရုံးချုပ်တွင် တက္ကသိုလ်နေဝင်း (ဗိုလ်ထွန်းလှ) က ဦးစီးအရာရှိ (အုပ်ချုပ်မှု)၊ ဦးခင်လှိုင်(ယခုကာချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖခင်) က ဦးစီးအရာရှိ (ပန်းချီ)၊ ဦးနေအောင် (ရဲဘော်နေအောင်)က ဌာနခွဲ စာရေးကြီး စသည်တို့ ရှိကြသည်။

မိမိ၏ဝန်ထမ်းဘဝတွင် ၁၉၅၉ မှ ၁၉၆၅ (၆)နှစ်တာ အိုးအိမ်ဌာန အောက်တန်းစာရေး၊ ၁၉၆၅ မှ ၁၉၈၄ (၁၉)နှစ် တာ ဆောက်လုပ်ရေးဝန်ထမ်းဘဝ စသည် (၂၅)နှစ်တာမျှ ကျင်လည်ခဲ့ပြီး ၁၉၈၄ တွင် ဝန်ထမ်းဘဝမှ ကင်းလွတ်ခဲ့သည်။ ဝန်ထမ်းအဖြစ် (၂၅) တာကာလတွင် အထက်တန်းစာရေးသာ ဖြစ်ခဲ့သည်။ မိမိ ဘာရာထူးမျှ မရခဲ့။ သို့သော် မိမိဆောက်လုပ်ရေးဝန်ထမ်းဘဝတွင် အများကြီးရခဲ့သည်။ မိမိဆောက်လုပ်ရေးဝန်ထမ်းဘဝဖြင့် ကဗျာတွေ၊ စာတွေ ရေးဖြစ်ခဲ့သည်။ အယ်ဒီတာပညာတွေ ရခဲ့သည်။ စာပေဆုတွေ ရခဲ့သည်။ ဘွဲ့တွေ (ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့) ရခဲ့သည်။ ပြီးတော့ မိမိဝါသနာထုံခဲ့သော ဂီတအနုပညာ လုပ်ခွင့်ရခဲ့သည်။ နောက်ပြီး ပင်စင်စံစားခွင့် ရခဲ့သည်။ ထိုကိစ္စအဝဝအတွက် ကျေးဇူးရှိသူများကို ယခုဖော်ပြပါတော့မည်။

မိမိ၏ ကျေးဇူးရှင်မှာ "ဆောက်လုပ်ရေးကော်ပိုရေးရှင်း" ဟု အစတွင်ဆိုခဲ့သည်။ မူလက "ပြည်သူ့ဆောက်လုပ်ရေးကော်ပိုရေးရှင်း" ဟု အတိုကောက် "ပလက" ဟု သညာပြုကြသည်။ မိမိ၏ ကျေးဇူးရှိသူများမှာ အဆိုပါရုံးကြီးမှ ဝန်ထမ်းကြီးငယ်တစ်စုပင် ဖြစ်ပါသည်။ ထိုဝန်ထမ်းကြီးငယ်တစ်စုတွင် ပုဂ္ဂိုလ်နှစ်ယောက်မှာ ထူးခြားသော တိုက်ဆိုင်မှုရှိနေသည်။ တစ်ဦးမှာ ဗိုလ်ချုပ်အောင်ဆန်း၏ "သက်တော်စောင့်" ဖြစ်၍ တစ်ဦးမှာ ဗိုလ်ချုပ်အောင်ဆန်း၏ "အပါးတော်မြဲ" ဖြစ်ခဲ့ခြင်းပင်။ ပညာသည်ဦးစီး၏ ဦးစီးအရာရှိ (ပထမတန်း)မှာ ဦးမင်းလွင်ဖြစ်၍ ထိုသူပင် ဗိုလ်ချုပ်အောင်ဆန်း၏ သက်တော်စောင့် ဗိုလ်မင်းလွင် ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ဝန်ထမ်းတပ်၏ တပ်မှူးဘဝမှ ဆောက်လုပ်ရေးသို့ ပြောင်းလာခြင်း ဖြစ်သည်။ ထို့စဉ် ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဖြစ်ခဲ့သူ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) ကလည်း ဦးစီးအရာရှိ (ဒုတိယတန်း) အဖြစ် ရောက်ရှိဆုံတွေ့ကြခြင်း ဖြစ်သည်။

မိမိသည် လုပ်သားများကောလိပ်မှ ဝိဇ္ဇာဘွဲ့(မြန်မာစာ) ရရှိပြီး မဟာဝိဇ္ဇာတန်း တက်ခွင့်ရခဲ့သည်။ သို့သော် အလုပ်တစ်ဖက်နှင့် တက်ခွင့်မကြုံခဲ့၊ တက်ဖို့ မကြိုးစားခဲ့ပါ။ ဤတွင် ကျေးဇူးရှိသူ တစ်ယောက်ပေါ်လာသည်။ သူကား ဆောက်လုပ်ရေး (ရုံးချုပ်)က မဟုတ်သော တိုင်း၊ ဆောက်လုပ်ရေးရုံး ဝန်ထမ်း ကိုအေးချို (ယခု ဦးအေးချို-မဟာဝိဇ္ဇာ) ဖြစ်သည်။ သူ အဆွယ်ကောင်းသဖြင့် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်တွင် မဟာဝိဇ္ဇာတန်းတက်ရန် နှစ်ယောက်သား အားထုတ်ကြသည်။ မြန်မာစာဌာနတွင် သွားရောက်တွေ့ဆုံ ပြောဆိုကြရာ အဆင်ပြေသည်။ သို့သော် ဝန်ထမ်းဖြစ်နေ၍ ဌာနကြီးမှူး ထောက်ခံရမည်ဟု ဆိုသည်။ ဌာနကြီးမှူး ဦးမင်းလွင်ကို ဝင်ပြောတော့ လွယ်လွယ်ကူကူပင် ထောက်ခံစာ ပေးလိုက်သည်။ စကားတစ်ခွန်းတော့ ပြောလိုက်သည်။ "ကိုယ့်ဌာနစိတ်က ဝန်ထမ်းတွေနဲ့ အဆင်ပြေအောင် ပြောဆိုလုပ်ကိုင်ပါ။ အတိုင်အတော မခံရစေနဲ့။ ငါ့မှာ တာဝန်သိပ်ရှိတယ်" ဟု သတည်း။

မိမိဌာနစိတ်မှ ဝန်ထမ်းများကလည်း ပညာရေးကို အားပေးလိုသဖြင့် ကြည်ဖြူစွာ သဘောပေါက် လက်ခံကြသည်။ မနက် (၈း၃၀) ရုံးကို ရောက်အောင်လာ၊ လုပ်စရာရှိတာ လုပ်ပြီး (၉း၃၀) တွင် ကျောင်းသို့ပြေး၊ (၁၀း၀၀)နာရီမှ (၁၂း၀၀) နာရီထိ ကျောင်းတက်ပြီး ပြန်လာ၊ တနင်္လာမှ သောကြာ (၅) ရက် တက်ရသည်။ ရုံးရှေ့ဦးဝိစာရလမ်းထောင့်မှ ဘုံးဘီးကား



www.burmeseclassic.com

www.burmeseclassic.com



စောင့်စီး၊ (၁) ကျပ်ပေးရသည်။ ယခုလို ကားကြပ်တာ မရှိသဖြင့် (၁၀) နာရီ ကျောင်းတက်ချိန် မီသည်။ အပြန်တွင်လည်း ရာမညဆောင်ရှေ့မှ သုံးဘီးပြန်စီး။ တစ်ကျပ်ပေး (၁၂း၃၀) ရုံးပြန်ရောက်သည်။ အစည်းဝေးရှိ၊ ခရီးသွားရတာရှိသော်လည်း ပြဿနာမရှိပါ။ မဟာဝိဇ္ဇာ (က)၊ (ခ) နှစ်နှစ်တက်ရပြီး Thesis သုံးနှစ်ကြာသည်။ Thesis သုံးနှစ်တာ ကျောင်းတက်ရန် မလိုတော့ပါ။ ငါးနှစ်တာ အားထုတ်ပြီးနောက် မဟာဝိဇ္ဇာ(မြန်မာစာပေအထူး) ဘွဲ့ရသည်။ ဤတွင် ကျေးဇူးတင်ထိုက်သူများမှာ ဦးမင်းလွင် (ဗိုလ်မင်းလွင်)၊ သူငယ်ချင်း ကိုအေးချိုနှင့် ဌာနစိတ်လုပ်ဖော်ကိုင်ဖက် စာရေး ကိုခင်မောင်အေးနှင့် ကိုသန်းလှတို့ ဖြစ်သည်။ မဟာဝိဇ္ဇာတန်းတက်သည်မှာ စာသင်နှစ်နှစ်၊ Thesis သုံးနှစ် (၁၉၇၈-၁၉၈၃) ငါးနှစ် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)၏ကျေးဇူးပြုသည်မှာ တစ်မျိုးဖြစ်သည်။ ရုံးတွင် လက်ပွန်းတတီး ခင်မင်ရင်းနှီးသလို စမ်းချောင်းတွင် အနေနီးသဖြင့်လည်း တူဝရီးတမျှခင်မင်သည်။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာတော်သူတတ်သူ (၁၀) ဦးမျှ စာရင်းတွင် တက္ကသိုလ်နေဝင်းတစ်ဦး ပါသည်။ သူ့ဆီမှ အင်္ဂလိပ်စာ ဗဟုသုတ၊ သဘောတရားများ ရခဲ့သည်။ သူသည် ရုပ်ရှင်သရုပ်ဆောင်ဖြစ်သည်က မိမိနှင့် မပတ်သက်ပါ။ သို့သော် တယောထိုးတတ်ခြင်းကား မိမိ၏ ဂီတဝါသနာနှင့် တော်တော်ကြီး ငြိတွယ်လေသည်။ ဤတွင် "ဆောက်လုပ်ရေး အနုပညာအဖွဲ့"ဖွဲ့စည်းသောအခါ (မဟာဂီတကို မယ်ဒလင်အတီးအဆို တက်ခဲ့သော) မိမိပါဝင်ခွင့်ရသည်။ မိမိက သူ့ကို "ဦးလေးဦးနေဝင်း" ဟု ခေါ်သည်။ သူသည်လည်း အနုပညာအဖွဲ့တွင် ပါဝင်ခဲ့လေသည်။ တက္ကသိုလ်နေဝင်း (ဗိုလ်ထွန်းလှ)သည်လည်း ကျေးဇူးရှိသူ ဖြစ်ပါသည်။

နောက်တစ်ဦးကား ဆောက်လုပ်ရေးအနုပညာအဖွဲ့ကို ဖွဲ့စည်းသည့် အင်ဂျင်နီယာ ဦးမောင်မောင်ကြည် ဖြစ်သည်။ ထိုအဖွဲ့တွင် စန္ဒရားဝိုင်း၊ ဆိုင်းဝိုင်းများဖြင့် မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ အဆို၊ သရုပ်ဆောင်အစုံပါသည်။ ပြင်ပပညာရှင်များနှင့် ရုံးတွင်းမှ ဝါသနာရှင်ဝန်ထမ်းများ ပါဝင်သည်။ ပြင်ပ ပညာရှင်များကို ဝန်ထမ်းအဖြစ် ခန့်ထားပြီး တာဝန်ပေးသည်။ ထိုအဖွဲ့ကြီးသည် မြန်မာပြည်အနှံ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ဖျော်ဖြေသည်။ ဝါသနာပိုးရှိသော မိမိမှာ အဆိုသရုပ်ဆောင်အဖြစ် ပါဝင်ခွင့်ရခဲ့သည်။ ဦးမောင်မောင်ကြည် (တိုင်းအင်ဂျင်နီယာ) သည်လည်း ကျေးဇူးရှိသူ ဖြစ်သည်။

မိမိဆောက်လုပ်ရေးဝန်ထမ်း ဘဝဖြင့် "ရောင်နီဦးကလေး" ကဗျာများ (၁၉၆၈) အမျိုးသားစာပေဆု၊ "ကျေးလက်မြင်ကွင်းစာပျိုးခင်း" (၁၉၇၇) စာပေဗိမာန် လူငယ်စာပေဆုနှင့် "မြသားနီလာကဗျာများ" (၁၉၇၈) အမျိုးသားစာပေဆုများ ရခဲ့သည်။

၁၉၈၄ ခုနှစ်တွင် မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့က မဂ္ဂဇင်းထုတ်ဝေရန် အယ်ဒီတာ ခေါ်သည်။ မိမိ ဝင်ရောက်၍ အင်တာဗျူးဖြေပြီး အယ်ဒီတာအဖြစ် ရွေးချယ်ခံရသည်။ မဟာဝိဇ္ဇာဘွဲ့ရသည့်နှစ် ဖြစ်သည်။ ရုံးမှ ထွက်စာတင်ခဲ့ပြီး စာပေလုပ်သားမဂ္ဂဇင်းတွင် အယ်ဒီတာဝင်လုပ်သည်။ စာရေးဆရာ မင်းကျော်နှင့် တွဲလုပ်ရသည်။ ဝန်ထမ်းဘဝသံယောဇဉ် ဖြတ်ခဲ့သည်။ ဤတွင် ကျေးဇူးတင်ထိုက်သူတစ်ဦး ပေါ်လာသည်။ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျင်လှိုင် ဖြစ်သည်။ ဦးကျင်လှိုင်သည် ဆောက်လုပ်ရေးစာစဉ် (မဂ္ဂဇင်း)တွင် "ညီ၊ ညီမငယ်များသို့" အမည်ဖြင့် ဆောင်းပါးများ ရေးသည်။ နောင်တွင် ဒုတိယဝန်ကြီး ဖြစ်သွားသည်။

ထွက်စာတင်ခဲ့ပြီး တစ်လလောက်ကြာတော့ မိမိကို ပင်စင်ပေးရန် စီစဉ်နေသည်ဟု သိရသည်။ မိမိထွက်စာကို ဦးမင်းလွင်က ကြည်ဖြူစွာ လက်မှတ်ထိုးပေးသည်။ မိမိ၏ စာပေဝါသနာအရ စာတောပေတော တိုးတော့မည်ကို သူက အားပေးသည်။ မိမိ၏ ထွက်စာသည် ဦးဆောင်ညွှန်ကြားရေးမှူး စားပွဲသို့ရောက်လျှင် M.D က "နုတ်ထွက်ခွင့်ပြုသည်" ဟု ရေးလိုက်လျှင်ပြီးပြီ။ သို့သော် ထိုသို့မဟုတ်ပါ။ M.D က မိမိအမည်ကို တွေ့ပြီး "ကိုစိန်လှိုင်ဆိုတာ သုရဇော် မဟုတ်လား" ဟု မေးသည် ဆို၏။ ဟုတ်ပါသည်ဆိုတော့ M.D ၏ မှတ်ချက်က "ပင်စင်ခံစားခွင့်ရှိပါက ပင်စင်ပေးပါ" ဟု သတည်း။ သည်တော့ အုပ်ချုပ်မှုဌာနက မိမိ၏လုပ်သက်ကို တွက်စစ်ကြည့်သည်။ မိမိက အိုးအိမ်တွင် (၆)နှစ်၊ ဆောက်လုပ်ရေးတွင် (၁၉) နှစ်ဆိုတော့ (၂၅)နှစ် ရှိခဲ့သည်။ ထို (၂၅)



www.burmeseclassic.com

www.burmeseclassic.com



နှစ်တာမျှ ကာလအတွင်း အထက်တန်းစာရေးမျှသာ ဖြစ်ခဲ့ရသည်ကတော့ မိမိညံ့ဖျင်းမှုပင် ဆိုရပါတော့မည်။

ဝန်ထမ်းလောကတွင် သက်ပြည့်၊ နှစ်ပြည့်၊ နာမကျန်း၊ မိသားစု၊ အထူးပင်စင်ရှိရာ မိမိကိုတော့ "အထူးနှစ်ပြည့်ပင်စင်" ဟု အမည်တပ်ကာ ပင်စင်ပေးလိုက်ပါသတည်း။ ဤသည်မှာလည်း စာပေကျေးဇူးဟု ဆိုရပါမည်။ ကိုစိန်လှိုင်သည် သူရဇော် မဟုတ်ပါက M.D က "နုတ်ထွက်ခွင့်ပြုသည်" ဟုပင် ရေးမည်ဖြစ်ပါသည်။ စာပေစိတ်ရှိသော M.D (နောင် ဒု-ဝန်ကြီး ဦးကျင်လှိုင်) ၏ကျေးဇူးတရားဖြစ်ပါသည်။ မိမိပင်စင် စတင်ခံစားရသည်မှာ ၁-၂-၁၉၈၄ ဖြစ်၍ ယခုဆိုလျှင် နှစ်ပေါင်း (၃၀) ရှိပါပြီ။ မိမိအသက်သည် (၇၄) နှစ်ပြည့်ခဲ့ပါပြီ။ မူလပင်စင်မှာ ကျပ် (၆၀၀) ဖြစ်ပါသည်။ နှစ်သုံးဆယ်အတွင်း ပင်စင်က တိုးတိုးလာရာ ယခု ကျပ် (၃၄၀၀၀) လစဉ် ခံစားနေရပြီ ဖြစ်ပါသည်။

ကျန်နေသေးသော ကျေးဇူးပြုသူတစ်ယောက်မှာ စာရေးဆရာ "ရဲဘော်နေအောင်" ဖြစ်ပါသည်။ စာရေးသူအား ကျေးဇူးပြုသူများတွင် ဗိုလ်ချုပ်အောင်ဆန်း၏ သက်တော်စောင့် ဗိုလ်မင်းလွင်နှင့် အပါးတော်မြဲ ဗိုလ်ထွန်းလှတို့ ပါဝင်ကြောင်း ဆိုခဲ့ပြီးပါပြီ။ ရဲဘော်နေအောင်ကား သတင်းစာဆရာ၊ စာရေးဆရာဖြစ်ပြီး ဗြိတိသျှအစိုးရ၏ ထောင်ဒဏ် နှစ် (၂၀) တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံရသူ ဖြစ်သည်။ ၁၉၄၇ ခုနှစ်၊ မတ်လ (၂၇)ရက် ဗိုလ်ချုပ်အောင်ဆန်း သရက်မြို့သို့ ရောက်စဉ် ရဲဘော်နေအောင် (ဗိုလ်နေအောင်)မှာ သရက်ထောင်တွင် ရှိနေသည်။ အကျဉ်းသား ဗိုလ်နေအောင်က ဗိုလ်ချုပ် သရက်ရောက်သည် ကြားရတော့ သူ သရက်ထောင်တွင်ရှိနေကြောင်း ဗိုလ်ထွန်းလှထံ သတင်းပို့သည်။ ဗိုလ်ထွန်းလှက ဗိုလ်ချုပ်အား ပြောပြတော့ ဗိုလ်ချုပ် သရက်ထောင်သို့ လာကြည့်ပြီး ဗိုလ်နေအောင်နှင့်တကွ အကျဉ်းသားရဲဘော်များအား အကျဉ်းမှ လွတ်အောင် ဆောင်ရွက်ပေးလေသည်။ ဆိုရသော် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်ခဲ့သော ဗိုလ်မင်းလွင်၊ ဗိုလ်ထွန်းလှနှင့် ဗိုလ်နေအောင်တို့ သုံးယောက် ဆောက်လုပ်ရေးရုံးချုပ်တွင် ဆုံဆည်းကြပြီး မိမိအား ကျေးဇူးပြုခွင့်ကြုံရသည်မှာ ဂုဏ်ယူစရာလား၊ ပီတိဖြစ်စရာလား မည်သို့ဆိုရမည် မသိပါ။

မိမိရုံးမှ ထွက်ခဲ့သော် ဆောက်လုပ်ရေးရုံးချုပ်တွင် မိမိ၏အမည် ကိုစိန်လှိုင်ကားမရှိတော့။ သို့သော် "သူရဇော်" ကတော့ ကျန်နေခဲ့သည်။ ရုံးသို့ ရောက်လာကြသော စာပေသမားများက မေးမြန်းစုံစမ်းပြီး မိမိအိမ် သို့မဟုတ် မိမိမဂ္ဂဇင်းတိုက်သို့ ရောက်လာတတ်ကြသည်။ မိမိတာဝန်ထမ်းခဲ့သော ပညာသည် ဦးစီး၏ ဦးစီး (ပ)အဖြစ် ရောက်လာသော ဦးစိန်ဖေ (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)က မိမိကိုခေါ်ကာ ဆောက်လုပ်ရေးမဂ္ဂဇင်း "သဲပွင့်ဖြူ" ကို လုပ်နိုင်းသဖြင့် မိမိ အချိန်ပိုင်း ဆောင်ရွက်ပေးရသည်။ ရဲဘော်နေအောင်နှင့်လည်း အဆက်အသွယ် မပြတ်ခဲ့ပါ။

မိမိ ကြည့်မြင်တိုင်ရောက်ပြီး ၁၉၈၈ ကာလဆိုးကြီးတွင် စားဝတ်နေရေးအရ ကြည့်မြင်တိုင် ညဈေးတွင် စာရေးကိရိယာဆိုင် ထွက်ရသည်။ သမီးတွေက ညနေဆိုင်ဖွင့်၍ မိမိက ရုံးကပြန်လာပြီး ဆိုင်ထိုင် ဆိုင်သိမ်းရသည်။ ထမင်းစားဖို့လေးတော့ ရသည်။ တစ်နေ့ ညဈေးတန်း မီးလောင်သည်။ မိမိမြို့ထဲမှ အပြေးအလွှား ပြန်လာရသည်။ မီးက ကပ်လွတ်သွားသဖြင့် ဆိုင်ကား ပါမသွားပါ။

နောက်နေ့မနက် (၈) နာရီလောက် ရဲဘော်နေအောင် အိမ်သို့ ရောက်လာပြီး စာအိတ်ကလေး ထုတ်ပေးသည်။ ဆိုင်လေး မီးလောင်သည်ကြား၍ ဟိုသည်လှည့်လည် စုဆောင်းပြီးလာပေးတာဟု ဆိုသည်။ ငွေ ၁၅၀၀/ ကျော်သည်။ ထိုစဉ်က တော်တော်များသည့် ငွေပါ။ မိမိက ဆိုင်မီးထဲမပါကြောင်း ပြောတော့ ပစ္စည်းတွေ ဝယ်ပြီး တင်လိုက်ပေါ့ ဆိုလေသည်။ ဤကား ရဲဘော်နေအောင်၏ ကျေးဇူးပြုခြင်း ဖြစ်သည်။

ထိုသို့ ကျေးဇူးပြုခဲ့သူများကို တစ်သက်မမေ့နိုင်ပါ။ ထိုသူများ အချို့ယခု မရှိတော့ပါ။ ထိုသူတို့၏ ကျေးဇူးကား မိမိတို့မိသားစုအပေါ် ထာဝရမိုးနေသည့် အရိပ်ပါပေတည်း။

သူရဇော်



www.burmeseclassic.com

www.burmeseclassic.com

# နေ့စဉ်ရှိခိုးဦးတင် အသက်သခင်ကျေးဇူးရှင်

ဟန်သီရင်(မြနန်းရှင်)

ကျေးဇူးတရားဟူသည် လောကကို စောင့်ရှောက်ပေးသော တရားဖြစ်၊ လူတိုင်း အလေးဂရုပြုသင့်သော တရား ဖြစ်သည်။

ဆပ်၍မကုန်နိုင်သော အမိ၊ အဖတို့ ကျေးဇူးကို အသာထား၍ ထမင်းတစ်လုတ်၊ ရေတစ်မှုတ်၊ ဟင်းတစ်ရွက်ကို ပေးဖူးသော သူ့ကျေးဇူးကိုပင် မမေ့သင့်ပါ။

ရှေးက လမ်းခရီးသွားလာကြရင်း တစ်ပါးသူ လူစိမ်း၏ မွှေးကြိုင်လှသော ဟင်းနံ့ကို ရှူရှိုက်၍ ထမင်းကို မြိန်ရှက်စွာ စားသောက်ခဲ့ရဖူးသော ကျေးဇူးကြောင့်ပင် နောင်တစ်နေ့သောအခါမှာ ဟင်းရှင်မှာ အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရသည်ကို မြင်ရလေသောအခါ မိမိအသက်ကိုစွန့်၍ တစ်ဖန် ကျေးဇူးပြုပေးခဲ့ဖူးကြောင်း ကျေးဇူးသိသောအရာ၌ စံပြထားထိုက်ဖွယ် ရှေးက သာဓကပုံပြင်ကို ငယ်စဉ်က နားထောင်ခဲ့ရဖူးသည်။

✦

ကျေးဇူးတရားအကြောင်းရေးပြရလျှင် ဘုရား၊ တရား၊ သံဃာ၊ အမိအဖ ဂုဏ်ကျေးဇူးမှစ၍ တစ်လုတ်စားဖူး သူ့ကျေးဇူး၊ နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်း၊ ကျေးဇူး ရှင်များစွာ၊ လူတိုင်းကင်း၍ မရနိုင်ပေ။

စာရေးသူတို့ ရှင်သန်ရပ်တည်နေထိုင်ရာ စကြဝဠာကြီး ဖွဲ့တည်ပါဝင်သော နေ၊ လ၊ ဂြိုဟ်နက္ခတ်၊ တာရာတို့သည် တစ်စုံတစ်ခုသော ဘောင်အတွင်းတွင် ဖြစ်တည်

ဪ . . . လူဆိုတာ လဲကျတဲ့အချိန်မှာ စိတ်ရောကိုယ်ပါ “သွေး” အလှူ “ကျွေး” အလှူ ပြုစုစောင့်ရှောက်ခြင်း၊ အလှူရှင်များကြောင့် ကျွန်မ အသက်မသေခဲ့ခြင်း ဖြစ်ပါသည်။ ထိုအသက်သခင်ကျေးဇူးရှင်များအား နေ့စဉ် ခင်ပွန်းကြီးဆယ်ပါးအား ရှိခိုးတောင်းပန် ပူဇော်တိုင်း ဂါရဝပြုပေးဆဲပင်။

www.burmeseclassic.com



လျှက် ရှိပေရာ တစ်ခုနှင့်တစ်ခု ဆွဲငင်ပေါင်းစည်းမှုဖြင့် လှုပ်ရှားရွက်ဆောင်နေကြသကဲ့သို့ . . .

သက်ရှိသတ္တဝါ စာရင်းအပါအဝင်ဖြစ်သော လူသားတို့သည်လည်း မေတ္တာပေမတရား၊ ကျေးဇူးတရားဟူသော သဘာဝမေတ္တာ ဖွဲ့နှောင်မှု အစေးဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး တစ်စုနှင့်တစ်စု ရစ်ပတ်ထုံးဖွဲ့နေထိုင်ကြရပါသည်။

ထိုစကြဝဠာအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာတို့သည် တစ်စုံတစ်ခုသော အကြောင်းတရားကြောင့် ထူးခြားသော အခြေအနေအရပ်ရပ်ကြောင့် အချင်းချင်း ဆွဲငင်ပေါင်းစပ်မှုဟူသော ဘောင်မှ တိမ်းစောင်းသွားမည်ဆိုပါက နေ၊ လ၊ စကြဝဠာစုရပ်တည်ခြင်းဟာ မစွမ်းနိုင်တော့ဘဲ အခြားသော စကြဝဠာအတွင်းသို့ ကျရောက်စွန့်ပယ်ခံရခြင်းသည်မှာ သဘာဝတရားပင် ဖြစ်ပေသည်။

ထို့အတူ ကျေးဇူးတရား၊ မေတ္တာတရားတို့ကို လက်ခံယုံကြည်စွဲမြဲထားသော ယနေ့ လူ့ဘောင်လောကဥ္စလည်း လူ၊ သတ္တဝါ အချင်းချင်း ဖွဲ့စပ်တုပ်နှောင်ပေးထားသော အခြေခံတရားများအပေါ် ဥပေက္ခာပြု၊ ကျောခိုင်းကြသူများအား ယနေ့ လူ့အဖွဲ့အစည်း၊ စည်းဝိုင်းအတွင်းမှ ဖယ်ကြဉ်ခံကြရမှာ မဆန်းပေ။

ဆိုခဲ့ပြီးသကဲ့သို့ . . .

လူ့လောကအနေအစားအရ လူတိုင်း ကျေးဇူးခံ၊ ကျေးဇူးစား၊ ကျေးဇူးရှင် စာရင်းဝင်များဖြစ်ကြသည့်အထဲမှာ စာရေးသူကိုယ်တိုင် အပါအဝင်ပင် ဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်း ကူညီစောင့်ရှောက်ကျွေးမွေးခဲ့ဖူးသော ပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင်အကြောင်းကိုတော့ မပြောလိုပါ။

စာရေးသူကိုယ်တိုင် ၁၉၉၉ ခုနှစ်၊ မေလမှာ အသက်ဘေးနှင့် ကြုံခဲ့ရပါသည်။ အိုင်အိုဒင်းဓာတ်လွန်ကဲသော သိုင်းရွိုက်အကြိတ်လုံးမှာ ခန္ဓာကိုယ် ရင်ခေါင်းအိမ်အတွင်း နှလုံးအိမ်နှင့် အဆုတ်တည်နေရာကြား၊ လပ်နေသောနေရာမှာ သိုင်းရွိုက်အဆိပ်ရည်လုံးက လေပူဖောင်းလုံးပမာ စီးကျဖွဲ့တည်ကြီးထွားလာ၍ အသက်ရှူလမ်းကြောင်း ပိပြားကာ အသက်ရှူရခက်လာသည်။ လေပြွန်ပေါ်လည်း အကြိတ်လုံးပိဒဏ်ကြောင့် မကြာခဏ ချောင်းဆိုးလွန်းသဖြင့် လူလည်းပန်း၊ အိပ်မရ ဒုက္ခဝေဒနာကြီးစွာ ခံစားခဲ့ရပါသည်။

သည်လို ဝေဒနာဆိုတာ သေသေချာချာ မသိရခင် ကာလက မှန်းကု၊ အထူးကုဆရာဝန်မကြီးက တီဘီဆေးတိုက်သဖြင့် ဆေးဒဏ်မခံနိုင်ဘဲ သေမတတ်ခံစားခဲ့ရပါသည်။ ကျန်းမာရေးစာပေဗဟုသုတ ရှိထား၍ အနာနှင့်ဆေး မတည့်တာဖြစ်မည်ဟု တွေးဆမိပြီး ဆရာဝန်ပြောင်းပြခဲ့မှ ရောဂါဝေဒနာအမှန် သိခွင့်ရခြင်း ဖြစ်ပါသည်။ (စာဖတ်သူများ ကျန်းမာရေးနှင့် ပတ်သက်လျှင် ဗဟုသုတသိစေရန် ဖြစ်သည်)

လူတစ်ထောင်မှာ တစ်ယောက်ဖြစ်ခဲသော ရောဂါဝေဒနာရှင်မို့ ကျွန်မအား နစ်လခန့် အားမွေးခိုင်းပြီး ဆေးဖြင့် ထိန်းပေးထားခဲ့သည်။ ထိုအချိန်ကာလတွင် ယခုလို ပရဟိတသွေးလှူအဖွဲ့များ မပေါ်များသေးပါ။ သွေးလှူဘဏ်မှာ သွေးအလုံအလောက်မပေးနိုင်သေးပါ။ ကျွန်မ၏ သွေးအမျိုးအစားမှာ အေဘီသွေးဖြစ်၍ သွေးအခက်ခဲရှိနိုင်ကြောင်း ကြိုတင် သွေးအလှူရှင် ရှာခိုင်းထားပါသည်။

ကျွန်မမှာ မိမိ လူမမာဖြစ်ချိန် ပြုစုပေးသူ မရရှိသေးပါ။ သမီးက သွေးနုနု၊ မီးဖွားကာစရက်ပိုင်းမျှသာ ရှိသေးသည်။ သားကလည်း ဆယ်တန်းဖြေရန်၊ ဘော်ဒါပို့ထားချိန် ခင်ပွန်းက သဘောသွားနေသည်။ သုဝဏ္ဏကနေ အဖေနှင့်အမေက နေ့စဉ် လာစောင့်ရှောက်ပေးနေရသည်။ ယခု သွေးလှူရှင်ရဖို့ စိတ်ပူရသည်။ အကြီးစား ခွဲစိတ်ရမှာဖြစ်၍ သွေးလိုအပ်မည် ဖြစ်ကြောင်းဆိုသဖြင့် ကျွန်မမှာ ဆွေမျိုးသားချင်းထဲ ရှာကြည့်သည်။ သွေးအုပ်စုက မောင်နှမရင်းထဲမှာမတူ။ "ဘီ" သမားများ၊ "အေ" သမားများသာ၊ တွေ့ပြန်တော့လည်း အသည်းရောင်ရောဂါရှိသူ။ အချို့က ခန္ဓာကိုယ်ထဲက သွေးကို ဖောက်ပေးရန် ကြောက်သူလည်း ရှိ၊ ကိုယ့်ဝေဒနာကလည်း ခွဲရမည့်ရက်က နီးကပ်လာသည်။ "အေဘီ" သွေးပိုင်ရှင် မတွေ့သေး။ ကျွန်မနှင့် အိမ်နီးချင်းလည်း ဖြစ်ခဲ့၊ ငယ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



က စားဖော်လည်းဖြစ်ခဲ့သော သက်ထားဦးရောက်လာပြီး သတင်းမေးလာသည်။

"ဘာလုပ်ပေးရမလဲ . . . အစ်မ၊ ဘာပေးရမလဲ အစ်မ"

သူ့အမေးစကားကြောင့် ကျွန်မ ဝမ်းသာသွားကာ . . .

"ငါ့မှာ ခွဲစိတ်တဲ့နေ့ကျရင် စောင့်ပေးမယ့်သူ မရှိဘူး။ ပြီးတော့ သွေးလှူရှင် ရှာခိုင်းတယ်။ ငါ့သွေးက "အေဘီ" ဆိုတော့ ရှားတယ်တဲ့"

"အစ်မသွေးက အေဘီဆိုရင် မပူနဲ့ သိလား။ ညီမယောက်ျား (ကိုလှထွန်း)က အေဘီသွေး ပြီးခဲ့တဲ့လကမှ သွေးလှူဖို့ သွေးစစ်ထားပြီးသား။ အသည်းရောင်ဘီပိုးရော၊ AIDS ရော မရှိဘူး။ စိတ်ချလက်ချသာနေတော့ ခွဲစိတ်မယ့်နေ့ကျ ညီမ ဆေးရုံစောင့်ပေးမယ်။ ကိုလှထွန်းလည်း အဆင်သင့် ခေါ်ထားမယ်"

ကျေးဇူးလည်းတင် ဖော်မပြနိုင်အောင် ဝမ်းသာမိပါသည်။ ဘုရား၊ တရား ဂုဏ်ကျေးဇူးကြောင့် ထင်ပါသည်။ သွေးလှူရှင်လည်းရ၊ တစ်ချိန်က အိမ်မှာခေါ်ထား၊ ကျောင်းထားပေးခဲ့သော ဆွေမျိုးမကင်းသူမှ သတင်းကြားပြီး ပြုစုရန်ရောက်လာပြန်သည်။ ဆေးရုံတက်ရန် အဘက်ဘက်က တော့ ပြည့်စုံလာပြီ။

တကယ်တမ်းခွဲစိတ်ရသောအခါ အကြီးစား ခွဲစိတ်မှုဖြစ်ရသဖြင့် ကျွန်မတစ်ဦးတည်းကိုသာ ခွဲစိတ်ပေးသည်။ ခွဲခန်းထဲသို့ မနက် (၁၁)နာရီထဲက ဝင်သွားခဲ့သည်။ နေ့လယ် (၃)နာရီမှ ထွက်လာခဲ့ရသည်။ သက်ထားတို့မှာ ရုံးအလုပ်အပျက်ခံကာ စောင့်ပေးရုံမက တကယ်လည်း သွေးလိုအပ်နေချိန်မှာ ကိုလှထွန်းက ဖောက်ကာ လှူပေးခဲ့သည်။ ထိုအချိန်မှာ လိုအပ်သောသွေးအမျိုးအစား မရလျှင် ကျွန်မအသက်ရှင်သန်ခွင့် ရမည်မဟုတ်။

ကျွန်မ ခွဲစိတ်ပြီးနောက်ပိုင်း I.C.U Word ထဲမှာပင် သွေးပေါင်ချိန် ၄၀၊ ၅၀ မျှသာရှိကြောင်း လည်ပင်းထဲက ခွဲစိတ်ပြီး ရင်ခေါင်းထဲမှ အကြိတ်လုံး (၂၅) ကျပ်သားခန့် ထုတ်ခဲ့ရကြောင်း အခြေအနေက ၅၀-၅၀% ပင်။

လူနာဘဝဖြင့် သူများထူမှ ထူနိုင်၊ ထနိုင်သော ဘဝ။ လူမမာဘဝမှာ ပြုစုပေးမည့်သူ အနီးမှာရှိပေးနိုင်သူလည်း ကျေးဇူးရှင်ပင် ဖြစ်သည်။ ကျွန်မ၏ ခန္ဓာအိမ်အတွက် လိုအပ်သော "သွေး"လည်း အချိန်မီရခဲ့သည်။ ကျွန်မ နလန်ထနိုင်ရန် တစ်နှစ်ခွဲမျှ အချိန်ယူခဲ့ရသည်။ ကျွန်မ အနီးမှာ ချေး၊ သေးက အစ မရွံမရှာ ကယိကထပြုစုပေးသော ညီမခင်ထွေးဦးလည်း အသက်သခင်ကျေးဇူးရှင်ပင် ဖြစ်သလို။

သက်ထားတို့လင်မယားကလည်း ခွဲစိတ်သောနေ့က လည်း ညီအစ်ကိုမောင်နှမပမာ အလုပ်ပျက်ခံကာ အချိန်ပေးစောင့်ရှောက်ပေးရုံမက ဆေးရုံမှဆင်းလာတော့လည်း ခံတွင်းတွေ့မည့် အစားအစာများ ချက်ပြုတ်ခဲ့ပြီး လာရောက်နေ့စဉ်ကျွေးမွေးရှာသည်။

သြော် . . . လူဆိုတာ လဲကျတဲ့အချိန်မှာ စိတ်ရောကိုယ်ပါ "သွေး"အလှူ "ကျွေး"အလှူ ပြုစုစောင့်ရှောက်ခြင်း အလှူရှင်များကြောင့် ကျွန်မ အသက်မသေခဲ့ခြင်း ဖြစ်ပါသည်။ ထိုအသက်သခင်ကျေးဇူးရှင်များအား နေ့စဉ် ခင်ပွန်းကြီးဆယ်ပါးအား ရှိခိုးတောင်းပန် ပူဇော်တိုင်း ဂါရဝပြုပေးဆဲပင်။

ယနေ့ထိလည်း သက်ထားတို့မောင်နှံက ကျွန်မအား အရိပ်ပမာ စောင့်ရှောက်နေဆဲပင်။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလိုပင် ကျွန်မကလည်း အသက်သခင်ကျေးဇူးရှင်တို့အား သူတို့အရေးဆိုလျှင် အသက်ပေးဆပ်ရမည်ဆိုလည်း ဝန်မလေးကြောင်း ဘုရားရှင်ရှေ့သစ္စာပြု တိုင်တည်ထားပါတော့သည်။

**ဟန်သီရိ (မြနန်းရှင်)**



www.burmeseclassic.com

www.burmeseclassic.com

# တမူထူးခြား ကျေးဇူးရှင်များ၏ စေတနာ

## အရှင်ခေမာနန္ဒ



စာရေးဆရာ အရှင်ခေမာနန္ဒ သည် အောင်မြေဘုံစံကျောင်း ဓမ္မရိပ်သာ၊ (၇) အနောက်ရပ်ကွက်၊ သာကေတမြို့နယ်တွင် သီတင်းသုံးလျက် ရှိပါသည်။

၂၉-၇-၂၀၁၄ (အင်္ဂါနေ့) ညနေကပါ။

ထိုနေ့ညက ထူးခြားသော နေ့တစ်နေ့ဟု ဆိုနိုင်သည်။

စာရေးဆရာ စိန်ခင်မောင်မြင့်နှင့်အတူ စာပေမှာ သမ္မာ ရင့် ရဟန်းစာဆိုတစ်ပါး ဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဇနိန္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ) သာသနာပြု စာရေးဆရာ မုံရွာနေဇာထံ ရောက်ဖြစ်သည်။ ဆရာတော် သီတင်းသုံးသည့်ကျောင်းက တောင်ဥက္ကလာ (၂) ဝိုင်း၊ အောင်စန္ဒာ သိဒ္ဓိကျောင်းဖြစ်၍ မိမိတို့နေထိုင်ရာ သာကေတမှ စိန်ခင်မောင်မြင့်နှင့်အတူ သွားရောက်ကန်တော့ခြင်း ဖြစ်သည်။

ဆရာတော်ကိုကန်တော့ပြီး စာပေအကြောင်းပြောဆိုမိချိန်တွင် ဆရာတော်ထံမှ အံ့သြဖွယ်ရာ (မိမိ၏ ကျေးဇူးရှင်များ)အမည်ဖြင့် စာအုပ်တစ်အုပ် ထုတ်ဝေလိုကြောင်း စကားဆိုလာသည်။ မိမိနှင့် စိန်ခင်မောင်မြင့်ထံမှ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ တစ်ခုခု ပေးဖို့လည်း တောင်းခံလာပါသည်။

စိန်ခင်မောင်မြင့်အဖို့တော့ သူက စာရေးနေကျမို့ ဘာမှ ထူးခြားစွာဖြစ်မည်မထင်။ မိမိက စာပေသင်စ၊ ရေးချင်စမို့ ရင်ခုန်လှိုင်းကြွခံစားရပါသည်။

လက်တွန့်နေ၍ မရေးပေး၍မရ၊ ဆရာတော်ကို ကျေးဇူးတင်ရမည်။ လေးစားရမည်။ ဆရာတော်သည် မိမိထက် စာပေနနယ်သူများကို မြေတောင်မြှောက်ပေးလို၍ စာပေစင်မြင့်ပေါ် ဆွဲတင်လိုရင်း စေတနာက ပေါ်လွင်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိမိအဖို့ စာဆို၍ တစ်ပုဒ်တလေလောက်သာ မြေစမ်းခရမ်းပျိုးခြင်းမျိုးသာ ရေးခဲ့ဖူးသည်။ သည်တုန်းက မိမိအသက် (၅၀)ပြည့်နှစ်၊ ရွှေရတုရွှေမေတ္တာ အနန္တမိဘ မေတ္တာဘွဲ့(စာရေးဆရာအများစုပေါင်းရေး)သည်ကို ပြာသိုလပြည့်နေ့၊ အမေမွေးနေ့အဖြစ် (၁၅-၁-၂၀၁၄) နေ့က ထုတ်ဝေခဲ့ဖူးသည်။ စာအုပ်မိတ်ဆက်နှင့် စာပေဟောပြောပွဲတွင် ကျေးဇူးရှင်ရဟန်းစာဆို မုံရွာနေဇကိုယ်တိုင် မိမိ၏ အောင်မြေဘုံစံကျောင်းသို့ ကြွရောက်ကာ ဟောပြောပေးခဲ့ဖူးသည်။

မုံရွာနေဇဆရာတော်၏ ကျေးဇူးကား ကြီးမားပါပေ၏။ ယခုပင် မိမိကို စာပေရင်ခွင်ဆီ ဆွဲသွင်းနေပါပြီ။ ဆရာတော်ကြီးဆီမှ ပြန်လာချိန်မှာတော့ မိမိ၏ ကျေးဇူးရှင် မိမိ၏ ကျေးဇူးရှင် "ဟူသော" စာခေါင်းစဉ်ကလေးမှာ မိမိရင်တွင်းဝယ် မြည်သံစွဲဖြစ်၍ အခါခါရိုက်ခတ်နေခဲ့သည်။

လူမှန်လျှင် ကျေးဇူးရှင်ဟူသည်က ရှိစမြဲ၊ မိမိတို့ကို လူသားအဖြစ် လူ့ပြည်ရောက်ခဲ့ကြသည်မှာ ဘယ်တန်ခိုး၊ ဘယ်နတ်ဒေဝါကမှ ဖန်ဆင်းပေးသည်မဟုတ်။ အနန္တကျေးဇူးရှင်ဖြစ်ကြသော မိနှင့်ဖသာလျှင် ဖြစ်၏။ မိဘမရှိလျှင် သားသမီး မရှိနိုင်ချေ။

သည်လိုပါပဲ အတတ်ပညာပိုင်းဆိုင်ရာ၌လည်း ဆရာအဆူဆူရှိစမြဲပင်။ ဆရာမပြက ငါးပိဖုတ်တာတောင် နည်းလမ်းမကျဟု ဆိုရိုးစကားကြားဖူးသည်။ ဘုရားရှင်တော်မှ လွဲလျှင် ဆရာနှင့်မကင်းနိုင်ပေ။ ရှေးရှေးတုန်းက အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်ကို တတ်ဖို့ ဒိသာပါမောက္ခတက္ကသိုလ် ဆရာကြီးများထံမှာ သွားသင်ယူကြရသည်ကို ဖတ်ဖူးသည်။ ယနေ့ခေတ်တိုင်အောင်ပါပဲ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အသီးသီးအောင်မြင်ကြပြီး ပါရဂူဘွဲ့ရဖို့အထိ တက္ကသိုလ်အသီးသီးတွင် ဆရာနှင့်အတူ သင်နေကြရပြီ။

ဂုဏ်ထူးဘွဲ့ထူး ထူးချွန်ကျော်ကြားသူတွေ အများအပြားပင် ရှိကြပါ၏။ ဆရာကောင်း သမားကောင်းတို့၏ ဂုဏ်ကျေးဇူးကြောင့် ထင်ပေါ်ကျော်ကြားပြီး ချမ်းသာနေသူတွေ ဒုနှင့်ဒေး။

သည်လိုခေတ်၏ သားကောင်းသမီးကောင်းတို့လို ဂုဏ်ဒြပ်နှင့် ဘွဲ့ရချင်ပါသော်လည်း မိမိဘဝက အကျိုးမပေးပေ။ မျက်နှာလွှဲခဲပစ်ချေပြီ။

မိမိ သိနားလည်စအရွယ် မိမိဖခင် ကွယ်လွန်ခဲ့ရပြီ။ သို့သော်လည်း ကျေးဇူးရှင်မယ်တော်၏ ပြောစကားအရ သားနှစ်ယောက်ကို ရှင်သာမဏေပြုပေးချင်သည့် ဆန္ဒရှိခဲ့မှန်း သိရသည်။ အမေ(မယ်တော်)သည် အဖေ(ခမည်းတော်)၏ ဆန္ဒကို ပြည့်ဝစေခဲ့ပါသည်။

မိမိ သရဏဂုံ ပီသအောင်ရွတ်ဆိုနိုင်သော အရွယ်တွင် မယ်တော်သည် မိမိအား ရှင်သာမဏေ ဝတ်ပေးခဲ့ပေသည်။ မိမိဇာတိမြေမှာ မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ကွမ်လုရွာဇာတိသားဖြစ်၍ ကွမ်လုကျေးရွာရှိလင်းရောင်ခြည်ကျောင်းတိုက်ဆရာတော် ဦးကုန္ဒဝံသထံ ပို့ပေးခဲ့ပါသည်။

သည်တော့ မိမိသည် ကျေးဇူးရှင်ဆရာတော်ကြီးနှင့် ဆုံဆည်းကြရပါ၏။ ဆရာဟူသည်မှာ တပည့်တပန်းတို့၏ အကျိုးစီးပွားကို စောင့်ရှောက်ပေးရသူဖြစ်လေရာ ပြီးတော့ ဆရာတော်ကြီးမှာ သာသနာ့ဝန်ထမ်းရဟန်းဖြစ်၍ စတုပါရိသုဒ္ဓိသီလကျင့်ပွားနိုင်အောင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့ကို သင်ကြားပေးနိုင်အောင် ကြိုးစားပါ၏။

ဇာတိရွာမှ ဆရာတော်ကြီးမှာ ဉာဏ်အားမငယ်သော်လည်း ကံအားနည်းရှာပါ၏။ သို့သော် ဆရာ၏ ကျင့်ဝတ်အရ တပည့်အပေါ် စိတ်ကောင်းစေတနာထားကာ . . .

အိုသူတော်စင် စဉ်းစားလေ့၊ ယခင်ရှေးခါ သူတော်စွာထုံး၊ နလုံးမူကာ၊ ဆရာ့ကျေးဇူးအထူးသိပါ။ ဆရာဖြစ်လည်း တပည့်တို့အားမြင် သနားချစ်ခင် မေတ္တာဝင်၍ သင်သင့်သင်ရာ တတ်ပညာကို စေတနာထကြွ ဝီရိယဖြင့် မှချမနေး သင်ပေးချေဖို့ ပန်ထွာပို့သည် သင်တို့ အရှည်ကောင်းစေအောင်တည်း။

တပည့်တို့၏ ကောင်းကျိုးကို ရှေးရှုပြီး ဇာတိမြေမှ ဆရာတော်ကြီးသည် မိမိ (ကိုရင်ကလေး)ကို ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့ရှိ၊ ဓမ္မာရုံကျောင်းဆရာတော် ဦးဇဝနထံ ပရိယတ္တိစာပေသင်ကြားနိုင်ရန် ပို့ဆောင်ပေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


လောက၌ ဆရာအဆူဆူသြဝါဒ အများအပြားရှိလေရာ ဆရာကောင်းမွန်မှ တပည့်ထူးချွန်မည် ဖြစ်သည်။ ဆရာ မကောင်းလျှင် (ဒေဝဒတ်လိုပုဂ္ဂိုလ်မျိုး) ဆရာတင်မိခဲ့လျှင် မကောင်းသောဆိုးကျိုးများ ခံစားရပြီး ဘဝပျက်နိုင်သည်ကို ကြားဖူးနားဝရှိခဲ့၍ ရန်ကုန်လိုက်လာရပေမဲ့ စိုးတထိတ် ထိတ်။

ဓမ္မာရုံဆရာတော် ဦးဇဝနထံ ရောက်ရှိပြီး စာပေပရိ ယတ္တိ သင်ကြားရသောအခါ ကာလကြာသည်နှင့်အမျှ မိမိမှာ ရဟန်းဘဝကို ပျော်ပိုက်လျက် ရှိလာတော့သည်။

ဤသည်မှာ ဆရာတော် ဦးဇဝန စာပေသင်ကြားရာမှာ တပည့်အပေါ် ကြည်ဖြူသဒ္ဓါမေတ္တာထား၍သာလျှင် ဖြစ်ပေ မည်။ မိမိ၏ကျေးဇူးရှင် ဆရာတော်ဦးဇဝနမှာ ပေါ့ပေါ့ဆဆ ရဟန်းမျိုးမဟုတ်။ မူလဓမ္မာရုံကျောင်းကြီး၏ နာယက ဆရာ တော်ကြီး ဘဒ္ဒန္တသြဘာသမထေရ်မြတ်၏ တပည့်ရင်းဖြစ်သော ကြောင့် စာပေကျမ်းဂန်တတ်သူ ဖြစ်သည်။ မိမိကို ပါဠိ အဋ္ဌ ကထာ ကျမ်းဂန်ဖတ်တတ်အောင် ဖွဲ့လုံ့လရှိရှိသင်ပေးခဲ့သော ဥဒ္ဒေသာစရိယ ဆရာတစ်ဆူ ဖြစ်ချေသည်ပဲ။

ဆရာတော် ဦးဇဝနသည် စိတ်ထားပျော့ပြောင်းပြီး ဖြောင့်မတ်တည်ကြည်သူဖြစ်သောကြောင့်လည်း ကြောက် ချစ်ရိုသေစွာ ဆရာသင်သမျှကို . . .

> ကျေးဇူးရှိသော ပုဂ္ဂိုလ်အား ကျေးဇူးတုံ့ပြန် မဆပ်မိ သောကြောင့် အကြိမ် (၁၀) ပါးဖြစ်သည့် ကြမ်းကြုတ်သော ဝေဒနာဆိုးတွေ ခံစားရမည်။ မပျောက်နိုင်သော အနာဆိုး တွေနှင့် စည်းစိမ် ဥစ္စာရတနာတို့ ပျက်ပြားမည်။ ရှာတိုင်း ရှာတိုင်းမရရှိဘဲ ဆင်းရဲနေမည်။ မတော်လျှင် မင်းပြစ် မင်းအကြိမ်ခံရဦးမည်။ သည်အကြောင်းများက မိမိစိတ်ကို အခါခါ ခြောက်လှန့်နေလေပြီ။

"မပျင်းမရိ၊ လုံ့လရှိ၍
သုတိအမြဲ၊ အရိုးစွဲအောင်
တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဥ့်နက်
သင်ကျက်သမျှ၊ စာလည်းရစေ
ညကို အလွတ်ရွတ်နိုင်စေခဲ့ပြီ"

မိမိပထမငယ်၊ ပထမလတ်အောင်မြင်ပြီး ပထမကြီး တန်း တက်ချိန်မှာတော့ လေ့လော်ရင်း တက်ကျိုးသလို ကံဆိုးမိုးမှောင် ကျတော့သည်။ ဆရာတော်ဦးဇဝန ပျံလွန် တော်မူ၍ ဖြစ်သည်။

မိမိသည် ရဟန်းဖြစ်သော်လည်း အဝိုတ်စိတ်ဝက် မျက်ရည် စက်စက်နှင့် ကြုံရသည်။ ယူကြုံးမရ ဝမ်းနည်းတသသ ဖြစ်ရ သည်။ ဆရာတော် ဦးဇဝန ကျေးဇူးကား အင်မတန်ကြီး ပါပေ ၏။ မိမိကို စာပေပရိယတ္တိ သင်ပေးခဲ့ရုံသာမက နောင်တွင် ကျောင်းထိုင်ကောင်းတစ်ပါးဖြစ်အောင်လည်း အောင်မြေ ဘုံစံကျောင်းကလေးကို သံဃိကကျောင်းအဖြစ် ချီးမြှောက် လှူဒါန်းခဲ့ပါသေး၏။ ဟိုတုန်းက ယခုလို နှစ်ထပ်တိုက် ကျောင်း ကြီး မဖြစ်သေးပါ။ ယိုင်နဲ့နဲ့ ပျဥ်ကျောင်းကလေးသာ ပင်။ မည်သို့ဆိုစေ ဆရာ့ကျေးဇူးက ကြီးမားလှပါပေ၏။ ဆရာ့ကျေးဇူးသိပြီး ကျေးဇူးတုံ့ပြန်ပေးဆပ်ကာမှ သူတော် ကောင်းဖြစ်သည်ဟု ဘုရားရှင်တော်မိန့်ချေခဲ့သည်ကို အမှတ်လည်း ရသည်။

"ကျေးဇူးရှင်၊ မိမိကျေးဇူးရှင်"

ရင်ခုန်တာနှင့်အမျှ မိမိနှုတ်မှ ပွင့်အန်လာသည်။ သို့ သော် မိမိမှာ ကျေးဇူးဆပ်ရန် လက်ချည်းသက်သက်ပဲဖြစ်၍ "ဘာနှင့်ဆပ်ရမလဲ ဘာနှင့်ဆပ်ရမှာလဲ" ဟု ကိုယ့်ကိုယ်ကိုယ် ပင် အားငယ်စိတ်တွေနှင့် မေးမိပြန်ပါ၏။ ထိုစဥ် တစ်ပူပေါ် နှစ်ပူဆင့်သလို ဇာတိမြေမှ လင်းရောင်ခြည်ကျောင်းတိုက် ဆရာတော်ကြီးကလည်း လေဖြတ်ပြီး အောင်မြေဘုံစံ ကျောင်းကလေးသို့ ကြွရောက်လာပြန်ပါပြီကော။

"ငါ့နယ် ကုသိုလ်ဆိုးလိုက်တာ" ဟု ကံကိုညည်းပြီး ငိုပြီးမနေနိုင်ရှာ။ သဒ္ဓါလှူလတက်ကြွစွာနှင့် ဆေးဝါးနှင့် ဓာတ် စာဖိုးတွေရအောင် သမ္မာအာဇီဝနှင့် ရှာရသည်။ ရှာသည် ဆိုသော်လည်း ရဟန်းဖြစ်တာကြောင့် မိစ္ဆာဇီဝမဖြစ်ဖို့ကို


www.burmeseclassic.com

www.burmeseclassic.com


ရှောင်ကြဉ်ရသည်။ သီလပွဲ၊ ဆွမ်းကျွေးဆွမ်းစားရသမျှကို ဆေးကုစရိတ်သုံးခဲ့ရသည်။ သို့သော်လည်း ဇာတိမြေက ဆရာတော်ကြီးမှာ...

"မရဏံ မေ ဓုဝံ ဇီဝိတံ မေ အဓုဝံ"

သေခြင်းသည် မြဲ၏။ ငါ့အသက်သည် မမြဲပေ။ ထုံးကို နလုံးမူ၍ ဘဝနတ်ထံ ထပ်မံကြွနန်းတော်မူပြန်ပါသည်။

မိမိ အားကိုးအားထားရှိခဲ့သော ကျေးဇူးရှင်နှစ်ပါးစလုံး ခွဲရ၍ နလုံးတွင် မီးကြိမ်အုံးသို့ ဖြစ်နေချိန်မှာ စိတ်တွေက ချောက်ခြားရ၏။ တေရသကနိပါတ်အမွဇာတ်တော်ကို သတိရသည်။ ထိုဇာတ်တော်မှာ ကျေးဇူးရှင်ကို ကျေးဇူးတုံ့ပြန်ဆပ်ရမည်ကို မသိတတ်ရုံမက ကျေးဇူးပါကန်းမိပါသောကြောင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာစလုံး အကျိုးမဲ့ ပျက်ဆီးဆုတ်ယုတ်ရသည့်အဖြစ်ကို မျက်လုံးထဲမှာ မြင်ယောင်လာသည်။

ကျေးဇူးရှိသော ပုဂ္ဂိုလ်အား ကျေးဇူးတုံ့ပြန်မဆပ်မိသောကြောင့် ဒဏ် (၁၀) ပါးဖြစ်သည့် ကြမ်းကြုတ်သော ဝေဒနာဆိုးတွေ ခံစားရမည်။ မပျောက်နိုင်သော အနာဆိုးတွေနှင့် စည်းစိမ်ဥစ္စာရတနာတို့ ပျက်ပြားမည်။ ရာတိုင်း ရာတိုင်းမရရှိဘဲ ဆင်းရဲနေမည်။ မတော်လျှင် မင်းပြစ်မင်းဒဏ်ခံရဦးမည်။ သည်အကြောင်းများက မိမိစိတ်ကို အခါခါ ခြောက်လှန့်နေလေပြီ။

တစ်ညမှာ ကိန်းစက်မိတုန်း အတွေးတစ်ခု ခေါင်းထဲတွင် ထွက်ပေါ်လာသည်။ ပစ္စုပ္ပန်မှာဆိုတော့ ငါပိုင်တာပဲ ဟူ၍ အတွေးဖြစ်သည်။ ကံဆိုးနေတာကို ကံကောင်းအောင်လုပ်ဖို့ ကိုယ်ကာယသန့်စင်ဖို့ လိုအပ်သည်။ ဘာတွေလိုအပ်သလဲ ဆိုလျှင်...

(၁) ကိုယ်ဖြင့်ပြုလုပ်မှု (ကာယကံ)
(၂) နှုတ်ဖြင့်ပြောဆိုမှု (ဝစီကံ)
(၃) စိတ်ဖြင့် ကြံစည်မှု (မနောကံ)

အဲဒီကံသုံးပါးကို သန့်စင်သောစိတ်နှင့် မွေးမြူပိုင်ဆိုင်ခဲ့ရင် (ပုဗ္ဗစေတနာ)ဖြစ်တဲ့ ကံကောင်းတာတွေ ပေါ်လာမှာကပဲလို့ တွေးမိပြီး ကျေးဇူးရှင်ဆရာတော်ကြီးနှစ်ပါးအတွက် ရည်စူးပြီး အောင်မြေဘုံစံကျောင်းအိုကလေးကို ကျောင်းသစ်ကြီး ဖြစ်ပေါ်လာအောင် တတ်နိုင်သမျှ ကြိုးပမ်းမယ်ဆိုတဲ့ ပုဗ္ဗစေတနာဖွဲ့မှာန်ကလေးက စေတနာကံကို ဖြစ်စေခဲ့တာပါ။ စေတနာဟာ ကံလို့ (ဘိက္ခဝေ ကမ္မံဝဒါမိ ချစ်သားတို့ စေတနာဟာ ကံလို့) မိန့်တော်မူခဲ့တာ ပြန်လည်သတိရပြီး ဒီစေတနာကံ (၃) တန်နဲ့ ကံကိုပြုပြင်စေခဲ့တာကြောင့် ကျောင်းသစ်ကြီး ဖြစ်ပေါ်လာလို့ ဝမ်းသာရွှင်လန်းအားရမိပါတယ်။

သည်ကျောင်းသစ်ကြီး ဖြစ်ပေါ်လာခြင်းဖြင့် ရှင်ငယ်ရဟန်းငယ်များကို ကိုယ် တတ်နိုင်သမျှ စာပေသင်ကြားပြသပေးခြင်းဖြင့် သာသနာပြုအကျိုးဆောင်ရွက်ပေးခွင့်ရတာကိုလည်း ဝမ်းသာမိပြန်ပါတယ်။ ကျေးဇူးရှင်ဆရာတော်ကြီး နှစ်ပါးကို သည်နည်းနှင့် ကျေးဇူးတုံ့ပြန်ပေးဆပ်နိုင်ခဲ့ပါကြောင်း ဝမ်းသာကြည်နူးစွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ရေးသားလိုက်ရပါသည်။

**အရှင်ခေမာနန္ဒ**


www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးရှိသိပြု

**အုံ့မောင်**



ကန်တော့ခံ သက်ကြီးစာပေပညာရှင်ဖြစ်ပြီး အန်ဒါဆင် ပုံဝတ္ထုဘာသာပြန်ဖြင့် အမျိုးသား စာပေဆုရခဲ့သည်။ ဘာသာပြန်ခြင်း၊ ကဗျာများ ရေးသားခြင်းတို့ဖြင့် စာပေလောကတွင် ကျင်လည်နေသည်။ မုံရွာမြို့တွင် နေထိုင်လျက် ရှိသည်။

တို့အညာ ခါတစ်ခေါက်

လာရောက်ဖို့ ဖိတ်ခေါ်ချင်

ဆိုသော သီချင်းသံမှာ ကြည်လင်အေးမြ စိမ်းလန်းနေသော လေပြင်ကိုဖြတ်၍ လှိုင်းတအိအိလိမ့်ကာ လာနေသည်။ ရာသီဥတုမှာ သာသောင့်သာယာ ချစ်စရာ မွေ့စရာ ကောင်းသည်။ ဒိုးပတ်သံ၊ အိုးစည်သံများကိုလည်း သဲ့သဲ့ ငြိမ့်ငြိမ့် ကြားနေရသည်။ မုံရွာဦးလေးခန့် ရေးသော သီချင်း ထင်ပါရဲ့။

အညာ၏ ဂန္ဓာနှောင်း မိုးဦးကာလမှာ အပူဒဏ် ပြင်းလှသည်။ အပူတွေချည်း တစ်ရက်ပြီးတစ်ရက် လာနေသည်။ ခံရတာ များလွန်းတော့ မခံနိုင်ချင်တော့။ မိုးလေဝသ ဆရာများကလည်း သည်နှစ် ပူစရာတွေ ထုကြီးထည်ကြီးလာဖို့ ရှိသေးသည် ပြောဆိုနေကြရာ အပူကို ကြောက်နေပြီးဖြစ်သော စိတ်ကလေးမှာ မျက်စိသူငယ် ဖြစ်နေရှာလေသည်။ သို့သော် လက်တွေ့တွင် လွန်ခဲ့သော ငါးရက်ကျော်ကျော် တစ်ရက်မပြတ် မိုးရွာသည်။ မြေကြီးညိုဝါနေပေါ်တွင် ရေကွက်ကလေးတွေပင် တင်လို့။ အညာမှာ အလွန်ရှားပါးသော ရှုမြင်ကွင်း ဖြစ်ပါသည်။

မနေ့က ချင်းတွင်းမြစ်ကမ်းတစ်လျှောက် အပေါ်လမ်းမှ ကားမောင်းသွားသော အခါ ချင်းတွင်းမြစ်ရေရှိ စိမ်းနက်နက်ရောင် နောက်ကျိုကျိုတို့သည် မော်တော်ဘုတ်များ၏ ရောနံရံကို တဗျတ်ဗျတ် ရိုက်ပုတ်နေသည်ကို မြင်ရသည်။ မြစ်ရေသည် ကမ်းပါးတာရိုးထိပ်ကို ထိပ်ပုတ်ခေါင်းပုတ် လုပ်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြစ်ရေက ခုရက်ပိုင်းအတွင်းမှာပဲ သုံးပေက ငါးပေအထိ တက်စရာ ရှိတယ်လို့ မိုးလေဝသက ကြေညာထားတယ်"ဟု ကားမောင်းနေသူ ဦးချစ်ခင်က စတီယာရင် (စီယာတိုင်)ကို ကိုင်လှည့်ရင်း ပြောသည်။

"အခုအတိုင်းကိုပဲ ရေမြင့်လှပြီ။ နောက် သုံးပေတက်ရင် တောင် ဒီတာရိုးကို ကျော်နိုင်ပြီ"ဟု ကျွန်တော်က မျက်တိုင်းနှင့် ပြောလိုက်သည်။

"ဟုတ်တယ်၊ ခုအထိလည်း ကာကွယ်ရေးကိစ္စ ဘာမှ လုပ်တာ မမြင်ရသေးဘူး" ဟု ကမ်းနားလမ်းနေ ကဗျာဆရာ မောင်တိက္ခ (ဆားထုံး)က စိုးရိမ်ရင်ဖွင့်လာသည်။

ချင်းတွင်းမြစ်ကြီးသည် အမူးသမား ဝေါခနဲ ထိုးအန်တော့မည့်ပုံ။

ကျွန်တော်တို့သည် မြစ်ရေလျှံမှာ စိုးရိမ်ပါသည်။ ၁၉၇၉ က ထင်သည်။ ရေနီကြီးခေါ် ရေလွှမ်းခဲ့၍ မုံရွာဈေးဟောင်း အရှေ့ဘက်အထိ လှေစီးနေကြတာ ဓာတ်ပုံတွေထဲမှာ မြင်ရသည်။ ၂၀၀၂၊ ဩဂုတ် (၁၈)ရက်နေ့ကတော့ တာရိုးပေါက်ကျတာ တစ်မြို့လုံး ရေလွှမ်းခံခဲ့ရပါသည်။ ဆုတောင်းပြည့်ဘုရားကြီး ရင်ပြင်တော်မှာ ရေကူးကြသည်အထိ ဖြစ်သွားပါသည်။ တစ်မြို့လုံးလည်း အီတလီပြည်က ဗင်းနစ်မြို့ဖြစ်လို့။

အခုလည်း မြစ်ရေက တာရိုးကိုတပြင်းပြင်းရိုက်နေတော့ ကျွန်တော်တို့ စိတ်မအေး။

"နောက်ထပ် ငါးပေသာတက်လို့တော့ တစ်မြို့လုံး ရေအောက် ရောက်သွားမှာပဲ" ဟု အတွေ့အကြုံရှိသော မောင်တိက္ခက နိမိတ်ဖတ်သည်။

ကျွန်တော်တို့ မုံရွာသားများမှာ တန်ခူး၊ ကဆုန်၊ နယုန်လတို့တွင် ပူလွန်း၍ ခိုကြီးတွေ ဖြစ်သွားကြပါသည်။ ဝါခေါင်တော်သလင်းတွင် ရေကြီးရေလျှံ၍ ကုန်ပစ္စည်းမှအစ အိုးအိမ် ပစ္စည်းများ ရေမြုပ်ကုန်မည်ကို စိုးတထိတ်ထိတ် ယုန်သူငယ်များ ဖြစ်သွားကြရပါသည်။

ယခု စာစရေးသောအချိန်တွင် ရာသီဥတုကလည်း ကြည်လင်အေးမြ စိမ်းလန်းလို့။ အိုးစည် ဒိုးပတ်သံကလည်း ချိုးကူသံ၊ ဥဩတွန်သံ သာသာယာယာ။ ဘယ်လောက် ပျော်မွေ့ဖွယ်ရာ ကောင်းပါသနည်း။

ဤလှပအေးမြ စိမ်းလန်းသာယာသော မိုးလေရေမြေ အခြေအနေအတွက် ဘယ်သူ့ကို ကျေးဇူးတင်ရပါမည်နည်း။ ဆရာတော် မုံရွာနေဇာက မိမိ၏ ကျေးဇူးရှင်ကြီးများအကြောင်း ရေးခိုင်းထားသည်။ မိုးနတ်မင်းကြီးကို ကျေးဇူးတင်ရမလား။ ဗမာဆန်ဆန် ဘုမ္မစိုး၊ အာကာသစိုးတို့ကို ကျေးဇူးတင်ရမလား။ သိကြားမင်းကြီးကို ကျေးဇူးတင်ရမလား။

လောကကြီးမှာ ကျေးဇူးတင်ရမည့် ကျေးဇူးရှင်တွေ အမှန်တကယ် များလှပါသည်။ အပြေးအလွှား ကြည့်ရအောင်။

ပထမဆုံး ကျေးဇူးတင်ဖို့ကတော့ အမေနှင့် အဖေ။

အမေကတော့ ကိုယ့်ကို မွေးဖွားပေးသူဖြစ်၍ ပထမဆုံး ကျေးဇူးရှင်၊ ပြီးတော့ အဝတ်မပါ ကိုယ်ဗလာနှင့် လာခဲ့သူ ကလေးကို ဥတုဒဏ်မခံရအောင် ပိုက်ထွေး၍ အသက်နို့ရည် ကို ပေးသူ။ အမေသည် လူ၏ အသက်သခင်ဖြစ်ပါသည်။ အမေသည် လူသား၏အသက်သခင်ဖြစ်ပါသည်။ အမေတွေ ရှိလို့ လူသားမျိုးဆက်မပြတ်တာ။ လူအမေ မပြောနှင့် တိရစ္ဆာန်အမေတွေလည်း တိရစ္ဆာန်အားလုံးတို့၏ အသက် သခင်။ လူအမေလိုပင် တိရစ္ဆာန်အမေတွေကလည်း သူတို့၏ သားသမီးကလေးများကို ရာသီဥတုဒဏ်ခံနိုင်အောင် ရန်သူများ သတ်ဖြတ်ကိုက်ချီခြင်း မခံရအောင်၊ အစာရေစာ မငတ်အောင် ရှာကျွေးကြသည်မဟုတ်လား။ ရန်သူရှေ့တွင် အမေ တွေက မားမားရပ်၍ ခုခံပေးကြသည် မဟုတ်လား။ အမေက မေတ္တာပေးသည်။

လူသားသာမဟုတ် တိရစ္ဆာန်သာမဟုတ်၊ သက်ရှိ လောကကြီးတစ်ခုလုံး၏ ကျေးဇူးရှင်ဦးသျှောင်မှာ အမေသာ ဖြစ်လေသည်။ အမေသည် လောကကြီးတစ်ခုလုံး၏ ဖန်ဆင်းသူ ကျေးဇူးရှင်။

အဖေ၏ကျေးဇူးမှာ ဒုတိယနေရာဖြင့် လာလေသည်။ အမေက သားသမီးတို့ကို ပြုစုစောင့်ရှောက်သည်မှာ အမှန် ဖြစ်သည်။ ထိုအမေကို ရေရှည်ရပ်တည်နိုင်အောင်၊ စား



www.burmeseclassic.com

www.burmeseclassic.com



သောက်နိုင်အောင်၊ အန္တရာယ်ကင်းအောင် ဘယ်သူက လုပ်ပေးရသလဲ။ အဖေပင် ဖြစ်သည်။ ကမ္ဘာဦး အချိန်ကာလမှစ၍ ယခုအထိ၊ ယခုမှစ၍ အချိန်အတိုင်း မသိအထိ အဖေများက မိသားစုကို ရှာဖွေကျွေးမွေးကြသည်။ အန္တရာယ်ကင်းအောင် စောင့်ရှောက်ကြသည်။ ထို့ကြောင့် ကျေးဇူးကြီးပေ တို့ဖေဖေ။ အဖေက ဉာဏ်ပညာပေးသည်။

ကျွန်တော်တို့အိမ်တွင် လူရှစ်ယောက်လောက် စားအိုးကြီးကို အဖေ တစ်ယောက်တည်းက ရှာကျွေးသည်။ ကျန်သည့် အိမ်သားများကလည်း အလကားနေကြသည်တော့ မဟုတ်ပါ။ ထမင်းချက်၊ ရေခပ်၊ အဝတ်လျှော်၊ အမှိုက်လှည်း၊ ရက်ကန်းရက်၊ စိုက်ပျိုးရေးလုပ်၊ ကျောင်းသွား စသဖြင့် တာဝန်အသီးသီး ဆောင်ရွက်ကြပါသည်။ သို့သော် လူရှစ်ယောက်စား အိုးကြီးကို တကယ်ဖန်တီးပေးသည်မှာ အဖေ။ မားပြသူခိုးရန်၊ မသူတော်ရန်၊ စစ်ဘေးစစ်ရန် စသည်များမှ ကာကွယ်ပေးသူမှာလည်း အဖေသာ ဖြစ်သည်။

အထက်က ပုံစံမှာ ဒုတိယကမ္ဘာစစ်မဖြစ်မီက ပုံစံဖြစ်သည်။ ယခုခေတ်တွင်ကား အိမ်ရှိ လူကုန်အလုပ် လုပ်ကြသည်ပင် အလျဉ်မမီချင်။ အဲဒါ ခေတ်တိုးတက်တယ်ဆိုမလား။ ဆုတ်ယုတ်တယ် ဆိုမလား။

လူတွေ ကျပ်လာကြတယ်ဆိုလျှင် မှားမယ်မထင်တော့။ ရှိတဲ့သူလည်း ထားစရာမရှိအောင်ရှိ။ တက်ခေတ်လား၊ ဆုတ်ခေတ်လား။

> ကမ္ဘာအရပ်ရပ်တွင် အချိန် ကာလအသီးသီးမှာ မိမိဝန်းကျင် လူတို့အား အသင့်တော်ဆုံးဉာဏ် ပညာပေးကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ရှိကြပါသည်။ ဉာဏ်ပညာ ဆုံးမဩဝါဒတို့သည် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ နေရာဒေသ အချိန်ကာလလိုက်ရန် မတူကွဲပြားမှုများ ရှိနိုင်ပါသည်။ သူ့နည်းနှင့်သူ့ပညာရှိကြပေသည်ဟု အောက်မေ့သင့်ပါသည်။

ကောင်း၏၊ ဆိုး၏၊ တော်၏၊ မတော်၏ စဉ်းစားတွေးခေါ်တတ်ဖို့ သွန်သင်ဆုံးမသူ။ အက္ခရာအရေးအသားမှစ၍ သင်ပေးသူ၊ ဂဏန်းသင်ပေးသူ၊ အတတ်မျိုးစုံ သင်ပေးသူတို့မှာလည်း ကျွန်တော်တို့၏ ဘဝကို ရှင်သန်အောင် ပြုစုလမ်းပြပေးသူများ။ ဆရာ အာစရိယ ကျေးဇူးကြီးမားလှသော သူများ။

ဤတွင် အမေ၊ အဖေသည်လည်းကောင်း၊ ဆရာသည်လည်းကောင်း၊ ကောင်းသော မိဘဆရာ အရည်အချင်းပြည့် မိဘဆရာများ ရှိသကဲ့သို့ ဆိုးသော မိဘဆရာ၊ အရည်အချင်းလျော့ မိဘဆရာများလည်း ရှိတတ်ကြသေးရာ သူတို့၏ ကျေးဇူးပမာဏမှာလည်း လျော့နိုင်တတ်ကြပေရာ၏။ ထိုကျေးဇူးကိုပင် မြင်အောင်ကြည့် သိ။

မိမိတို့ကို စီမံအုပ်ချုပ်သော မင်းအစိုးရတို့သည်လည်း မင်းကောင်း အစိုးရကောင်း ရှိနိုင်သကဲ့သို့ မင်းဆိုး မင်းညံ့၊ အစိုးရဆိုး အစိုးရညံ့များလည်း ရှိနိုင်ကြပါသည်။ ရံဖန်ရံခါတွင် မင်းဆိုး မင်းညံ့၊ အစိုးရဆိုး အစိုးရညံ့တို့နှင့် တိုင်းသူပြည်သားများသည် အကျိုးစီးပွား ပဋိပက္ခကြီးဖြစ်လျက် ဆန့်ကျင်ဘက် အနေအထားများသို့ ရောက်သွားသည်လည်း ရှိတတ်သည်။ မင်းဆိုးများကို ဆန့်ကျင်သည့်သာဓကများသည် ရှေးကျမ်းများ၊ ခေတ်သမိုင်းများတွင်လည်း ရှိသည်။ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်ကား အစိုးရက ဆိုးလျှင် ထိုအစိုးရကို ပုန်ကန်တော်လှန်နိုင်ကြောင်း ရေးထားသည်ဟု ဆိုသည်။ လေ့လာကြပါကုန်။

ကျွန်တော်တို့သည် အစစအရာရာ အကောင်းဆုံးဉာဏ်ပညာများ၊ ကျင့်စဉ်များကိုပေးသည်ဟု ယုံကြည်ရသည့် သက်ဆိုင်ရာ ဘုရားရှင်တို့ကို အကြီးမြတ်ဆုံးသော ကျေးဇူးရှင်ဟု ဦးထိပ်ထက် ထားကြပါသည်။ တုနှိုင်းမရှိဟု ရှိသေတတ်ကြပါသည်။

ကမ္ဘာအရပ်ရပ်တွင် အချိန်ကာလအသီးသီးမှာ မိမိ ဝန်းကျင်လူတို့အား အသင့်တော်ဆုံး ဉာဏ်ပညာပေးကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ရှိကြပါသည်။ ဉာဏ်ပညာ ဆုံးမဩဝါဒတို့သည် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်း ဆိုသကဲ့သို့ နေရာဒေသ အချိန်ကာလလိုက်ရန် မတူကွဲပြားမှုများ ရှိနိုင်ပါသည်။ သူ့နည်းနှင့် သူ့ပညာရှိကြပေသည်ဟု အောက်မေ့သင့်ပါသည်။ သူ့အဝန်းအဝိုင်း လူ့သမဂ္ဂကို တည်ငြိမ်ကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးကြသည်ဟု ဆိုရမည်။ အနယ်နယ် အရပ်ရပ်မှ သစ်သီးဝလံကောင်းတို့ကို သီအပ်၊ နားလည်အပ်၊ သင့်မြတ်အကျိုးရှိလျှင် မှီဝဲအပ်လေသည်။

ကျေးဇူးဆိုသည်မှာ ရှာလျှင် မြင်စမြဲ။ ကောက်ပင်အတွက် ကျေးဇူးရှင်သည် မိုးလည်းဖြစ်၏။ မြေလည်း ဖြစ်၏။ နေလည်း ဖြစ်၏။ လေလည်း ဖြစ်၏။ ပြုစုစောင့်ရှောက်သူ လူလည်း ဖြစ်၏။ ပိုးမွှားတို့ကို ဖယ်ရှားရှင်းလင်းပေးသော ငှက်ကလေးများလည်း ဖြစ်၏။ မြေကို ထွန်ယက်ပေးသော ကျွဲ၊ နွား၊ မြင်း တိရစ္ဆာန်များလည်း ဖြစ်၏။

ကျွန်တော်တို့ လူသားတို့၏ ကျေးဇူးရှင်များကိုလည်း အလားတူ အောက်မေ့နိုင်၏။ အိန္ဒိယတွင် နွားကို ကျေးဇူးရှင်အဖြစ် အလေးအမြတ် ထားကြသည်။

အလားတူ စဉ်းစားသောအခါ ကျွန်တော်တို့ စားသော ကောက်ပဲသီးနှံတို့ကို လုပ်ကိုင်ထုတ်လုပ်ပေးသည့် တောင်သူ လယ်သမား၊ ကျွန်တော်တို့ဝတ်သော အဝတ်အထည်၊ အသုံးအဆောင်၊ ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပေးကြသည့် အလုပ်သမားအမျိုးမျိုးတို့သည်လည်း ကျွန်ုပ်တို့ လူသားများ၏ အခြေခံကျေးဇူးရှင်များ ဖြစ်ကြပေလိမ့်မည်။

ကျွန်တော်တို့ နာမကျန်းဖြစ်သောအခါ ဆေးဝါးကုသပေးကြသည့် ကျန်းမာရေးပညာရှင်များသည်လည်း ကျွန်တော်တို့၏ ကျေးဇူးရှင်။

ကျွန်တော်တို့အတွက် အိုးအိမ်တိုက်တာ ဆောက်လုပ်ပေးသူများမှာလည်း ကျေးဇူးရှင်။

ကျွန်တော်တို့ကို ရန်ဘယာမခအောင် ကာကွယ်စောင့်ရှောက်ပေးကြသော စစ်သည်တပ်သား စွန့်လွှတ်သူများမှာလည်း ကျေးဇူးကြီးလှသောသူ။ (ထိုအထဲတွင် လူကောင်းတို့ကို နှိပ်စက်ဒုက္ခပေးသော လက်နက်ကိုင်များ မပါဝင်နိုင်ပါ။)

ခြုံ၍ စဉ်းစားကြည့်လိုက်သောအခါ လူဖြစ်လာသည့်အချိန်မှစ၍ ဂုနင့်နေတတ်အောင်၊ သားစိမ်းငါးစိမ်းစားဘဝမှ အကျက်စားဖြစ်လာအောင်၊ သီးနှံကောက်ရာမှ သီးနှံစိုက်တတ်လာအောင်၊ နွား၊ ကျွဲ၊ ခွေး၊ ကြောင် စသည်တို့ကို ယဉ်အောင်လုပ်၍ ခိုင်းစေတတ်လာအောင်၊ ထိုမှတစ်ဆင့် စက်ကိရိယာအမျိုးမျိုးကို တီထွင်အသုံးပြုတတ်အောင်၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ သင်္ဘော၊ လေယာဉ်ပျံ၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်း စသော ပစ္စည်းအမျိုးမျိုးကို သုံးနိုင်လာအောင် တီထွင်ထုတ်လုပ်ဖြန့်ဖြူးပေးကြသော သိပ္ပံပညာရှင်၊ စက်မှုလုပ်ငန်းရှင်၊ ကုန်သည်ကြီးများ စသူတို့သည်လည်း ကျေးဇူးရှင်များ ဖြစ်ကြပါသည်။

သမိုင်းမှောင်မိုက် မသာယာသည့်အခါ မိမိအသက်ကို ပင် စွန့်၍ အများအတွက် ထွက်လမ်းရှာပေးသည့် အာဇာနည်များသည်လည်း ကျေးဇူးရှင်ကြီးများ ဖြစ်ကြ၏။ ဥပမာ ဗိုလ်ချုပ်အောင်ဆန်း။

ကျေးဇူးရှိလျှင် ကျေးဇူးသိရမည်။ မိမိကလည်း ကျေးဇူးပြုရမည်။ ဒါ လူ့လမင်း။

အမေက ပေးသော မေတ္တာ၊ အဖေက ပေးသော ဉာဏ်ပညာ၊ လူ့သမဂ္ဂမှရသော ရှန်းကန်ခြင်းအတတ်ပညာတို့ဖြင့် ကျွန်တော်တို့သည် လူသစ်၊ လောကသစ်များ ဆက်လက်ဖန်ဆင်းသွားရပေမည်။

**အုံမောင်**



www.burmeseclassic.com

www.burmeseclassic.com

# သဘာဝကျေးဇူး

## အောင်မြင့်(သစ်လုပ်ငန်း)



အမည်ရင်းမှာ ဦးအောင်မြင့်ဖြစ်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) စာရေးဆရာအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင် ဖြစ်သည်။ အမှတ် ၁၈၃၊ တပင်ရွှေထီးလမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် မိခင်ကြီး၊ ဇနီးဒေါ်ဟန်ရွှေ၊ သားသမီး မြေးတို့နှင့် နေထိုင်လျက် ရှိသည်။

၂၀၀၈ ခုနှစ်၊ ဧပြီလ (၃၀)ရက် နံနက် (၈း၀၀)နာရီ

"အဘိုးရေ...အဘိုး...အဘိုး လှွယ်အိတ်ပေါ်ကို ပုရွက်ဆိတ်တွေ တက်ကုန်ပြီ လာကြည့်ပါဦး"

မြေးမ ခင်ဘုန်းပြည့် အော်ခေါ်သံကြားလို့ စာကြည့်စား ပွဲနားက တိုင်မှာချိတ်ထားတဲ့ ကျွန်တော့်လွယ်အိတ်ကို သွားကြည့်မိတော့ ဟုတ်ပါရဲ့၊ အိမ်အောက်မြေကနေ တက်လာလိုက်တဲ့ ပုရွက်ဆိတ်အမည်းကောင်တွေ အများကြီးပါလား။ မြောက်ဒဂုံအိမ်ကို ပြောင်းရွှေ့နေထိုင်ခဲ့တာ ဆယ့်ငါးနှစ်ရှိရော့မယ်။ တစ်ခါမှ သည်လောက်များတဲ့ ပုရွက်ဆိတ်တွေ အိမ်ပေါ်တက်လာတာ မတွေ့မမြင်ဖူးဘူး။ ထူးတော့ ထူးတယ်။ ဘာလိုလိုနဲ့ တန်ခူးလကုန်ရော့မယ်။ ရှေးစာဆိုတို့က မြန်မာ တစ်ဆယ့်နှစ်လရာသီကို လအလိုက် စာဖွဲ့ခဲ့ကြ၏။ "တန်ခူး ရေကုန်၊ ကဆုန်ရေခန်း" "တန်ခူးအကုန် ကဆုန် ညောင်ရေ၊ နယုန်မိုးသေး မြက်သားမွေး" တဲ့ အဆိုက ရှိနေသည်။ အခုလည်းကြည့်၊ သင်္ကြန်မိုးက ရွာသွန်းဖြိုးခဲ့ပြီ။ သင်္ကြန်ကျော်လွန်ခဲ့ပြီ။ မိုးဦးစောမည်လားမသိ။ တိမ်မည်းညိုတို့ ကောင်းကင်ဝဋ္ဋာတစ်ခွင်မှာ မိုးသရုပ်ကို ထုတ်ဖော်နေသယောင် ရှိနေသည့်အတွက် "မိုးလေဝသနှင့် ဇလဗေဒ" ပညာရှင်တို့က မုန်တိုင်းတိုက်ခတ်နိုင်ကြောင်း ခန့်မှန်းပြောဆို သတင်းထုတ်ပြန်နေကြသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် အထူးသဖြင့် ရန်ကုန်မြို့နေ ပြည်သူများက ကျွန်တော် အပါအဝင် မုန်တိုင်းအတွေ့အကြုံနည်းကြသည်။ မဆီမဆိုင် အိမ်တိုင်ခြေမှ ကျွန် တော့်



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ပေါ်သို့ တက်ရောက်လာကြတဲ့ ပုရွက်ဆိတ်တပ်မည်းကြီးကို တွေ့ပြီး ကျွန်တော် ငယ်ငယ်က အဖေပြောသောစကား အမှတ်မထင် ပြန်လည်ကြားယောင်နေမိတော့သည်။

"အဖေ . . . အိမ်ရှေ့ချောင်းနံဘေးက ပြောင်ပင်ကြီး အသီးတွေ သီးပြန်ပြီ။ ဒီတစ်ခါ ပြောင်သီးမှည့်တာ ငှက်တွေ ပြောင်သီးလာစားတာ မတွေ့ဘူးနော်"

"အေး . . . သား . . . ငှက်တွေမှာ သဘာဝအသိရှိတယ်။ ငှက်တွေသာ မဟုတ်ပါဘူးသားရယ်။ သတ္တဝါတိုင်းမှာ သဘာဝကပေးတဲ့ အသိတွေရှိကြတယ်။ ပြီးတော့ ရာသီအကူးအပြောင်းမှာ ဖြစ်ပေါ်တတ်တဲ့ သဘာဝဘေးကိုလည်း သူတို့ဘဝ သူတို့အသိနဲ့ သိကြတယ်။ ဒါကြောင့် ရှေးလူကြီးတွေက သစ်ပင်ပန်းမန်တွေနဲ့ သတ္တဝါတွေရဲ့လှုပ်ရှားမှု၊ ဥတုသုံးလီကို ကြည့်ပြီး မျှတစွာ နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြတယ်" တဲ့။ အဖေပြောခဲ့တဲ့ စကားက ကြာတော့ ကြာခဲ့ပါပြီ။ အဖေ ကွယ်လွန်ခဲ့သည်မှာပင် အနှစ်သုံးဆယ်ကျော်ရှော့မည်။

အခုလည်း ထူးတော့ထူးသည်။ ပုရွက်ဆိတ်တပ်မည်းကြီး အိမ်ပေါ်တက်လာတာက ထူးနေသည်။ အိမ်တိုင်ခြေအောက်တွင် ရေရောက်မည့်အခြေအနေရှိမည်ထင်သည်။ မည်သို့ပင်ဖြစ်စေ မိမိခင်တွယ်မြတ်နိုးရသော ရှားပါးစာအုပ်များနှင့် မိမိစာအုပ်စင်၊ စာကြည့်စားပွဲ၊ အဝတ်အစားတွေထဲ ပုရွက်ဆိတ်မဝင်ဖို့ အရေးကြီးသည် မဟုတ်လား။

## ၂၀၀၈ ခုနှစ် မေလ (၁) ရက်နေ့ နံနက် ၉း၀၀ နာရီ

မနေ့က အိမ်တိုင်ခြေကနေ တက်လာတဲ့ ပုရွက်ဆိတ်အမည်းကောင်တွေကြောင့် ကာကွယ်သည့်အနေနှင့် တစ်အိမ်လုံး သန့်ရှင်းရေးမိသားစုများ ဆောင်ရွက်ခဲ့ကြသည်။ မနေ့က မပြီးပြတ်သေးသော သန့်ရှင်းရေးကိစ္စ ယနေ့ ဆက်လုပ်မိသည်။ နည်းနည်းအပင်ပန်းခံလို့ စာအုပ်တွေကို ပလတ်စတစ်တွေနှင့် ထုပ်ပိုး၊ ရေတိုင်ကီနစ်လုံး ခြေရင်းခြံထောင့်သို့ ရွှေ့ပြီး အဝတ်အစားများကိုလည်း သိမ်းဆည်း၊ အမွှေးပရုပ်လုံးများ ထည့်သိမ်းလို့ သန့်ရှင်းရေးကို နှစ်ရက်လောက် အချိန်ပေးလိုက်သည်။ အပြင်မထွက်ဖြစ်ခဲ့။ မေလ (၁) ရက်နေ့က အများသူငါ အလုပ်ပိတ်ရက်မို့ သည်နေ့တော့ ပိတောက်နွယ်မဂ္ဂဇင်းသို့ ပို့ရန် ရေးလက်စစာမူ အပြီးသတ်ရေးပြီး နက်ဖြန်တော့ အပြင်ထွက်မှဖြစ်မည်။ ထွက်ပြီး စာအုပ်နဲ့ စာမူခ သွားထုတ်ရဦးမည် ဖြစ်သည်။

## ၂၀၀၈ ခုနှစ် မေလ (၂)ရက်နေ့ (၁၂)နာရီ

"ဟဲ့ . . . သား မင်း ဒီနေ့ မြို့ထဲ သွားမလို့လား"

"ဟုတ်ကဲ့ အမေ၊ ပိတ်တောက်နွယ် မဂ္ဂဇင်းတိုက်ကို သွားမလို့"

"အေး . . . သွားရင်လည်း မြန်မြန်ပြန်လာခဲ့၊ ဒီနေ့ မုန်တိုင်းရှိတယ်တဲ့"

မိခင်ကြီးမေတ္တာကား အသက် (၈၀)ကျော် ရှိနေသော်လည်း အသက် (၆၀) ကျော် သားကို ကလေးငယ်တစ်ဦးကဲ့သို့ စိတ်ပူပန်မှုရှိနေဆဲပင်။ ကျွန်တော်လည်း "ဟုတ်ကဲ့"ဟု ပြောဆိုရင်း လေအံ့ကုန်း စာပေပိုင်းကလေးရှိရာသို့ အသော့နှင်ခဲ့ရတော့သည်။

## မွန်းလွဲ (၁) နာရီမှ (၆) နာရီ

"ဟာ . . . ဆရာသစ်ကြီး ပျောက်နေပါလား"

"ဟုတ်ကဲ့ ဆရာ၊ အိမ်အလုပ်လေးများနေလို့ အပြင်မထွက်ဖြစ်ဘူး။ ဒီနေ့မှ ထွက်လာတာ"

ထုံးစံတိုင်း လေအံ့ကုန်းစာပေဝိုင်းလေးက ရင်းနှီးခင်မင်ကြသော စာရေးဆရာမိတ်ဆွေတို့ အမည်မခေါ်ဘဲ နာမည်ပြောင်ခေါ် နှုတ်ဆက်ကြသံတို့နှင့်အတူ အိမ်စောစောပြန်ကြဖို့ နိုးဆော်ကြသည်။ အကြောင်းက သည်နေ့ ညနေ ခြောက်နာရီကျော် "နာဂစ်မုန်တိုင်း" တိုက်မယ်တဲ့။ မိုးလေဝသနှင့် ဇလဗေဒက ကြေညာထားတယ်။ ဟုတ်ကဲ့ ကျွန်တော်လည်း သိထားသည်။ သို့သော်လည်း ဏ္ဍမြွေမပျက်၊ စကားပြောမပျက် ရှိနေကြသည်။ အတန်ကြာမှ လူစုခွဲ၍ လိုရာအသီးသီး ထွက်ခွာသွားကြသည်။ ကျွန်တော်က ပိတောက်နွယ်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



စာပေတိုက်သို့ သွားရောက်ခဲ့၏။ ရောက်ရောက်ချင်း ဆရာဦးသုခဇော်က ...

"ကဲ ... လာ ... လာ ... ဆရာအောင်မြင့် အချိန်မီလေးပဲ။ ကျွန်တော်တို့ ပြန်ကြတော့မလို့" ပေးစာမူဆိုပြီး ပြောပြောဆိုဆို စာမူတောင်းသဖြင့် ကျွန်တော့် လွယ်အိတ်ထဲက စာမူထုတ်ပေးတော့ ဆရာဇော်က အိမ်ပြန်မှာလားလို့ မေး၏။ ကျွန်တော်က ဟုတ်ကဲ့ဟု ဖြေ၏။ မေးခြင်း၊ ဖြေခြင်းသည် ကျွန်တော်တို့နှစ်ယောက်က မြောက်ဒဂုံမြို့နယ်မှာ နေကြသည်လေ။ အတူတူပြန်ကြတာပေါ့ဟု ဆရာက ဆက်ပြော၏။ ပြီး ... ဆရာကပင် ...

"မစမ်းယဉ် ... ဆရာအောင်မြင့်ကို ဒီလထုတ် မဂ္ဂဇင်းနဲ့ စာမူခထုတ်ပေးလိုက်ပါ"

စာမူခနဲ့ စာအုပ်ထုတ်ဖို့ စောင့်နေစဉ်မှာပဲ ပိတောက်နွယ် စာပေတိုက် မန်နေဂျာ ဦးစောအောင်က ...

"ဟဲ့ ... စာအုပ်ထုတ်ဖို့ စောင့်နေစဉ်မှာပဲ ပိတောက်နွယ် စာပေတိုက် မန်နေဂျာ ဦးစောအောင်က ...

"ဟဲ့ ... ကလေးမလေးတွေ၊ နင်တို့လည်း အိမ်ကို စောစောပြန်ကြ။ ငါလည်း ပြန်တော့မယ်။ ဟိုကြည့်မြင်တိုင်မှာ နေတဲ့ ကလေးမ နာဂစ်မုန်တိုင်းက နင်တို့ ကြည့်မြင်တိုင်ကို ဒီနေ့ညနေ (၆) နာရီကျော်ဖြတ်မယ်တဲ့။ မြန်မြန်ပြန်ပေ့" လို့ ဆရာဦးစောအောင်က စာပေတိုက်က ကလေးတွေကို နောက်နေပါသေးသည်။ ကျွန်တော်လည်း ဆရာဦးစောအောင်ကိုကြည့်ပြီး ပြုံးမိသည်။ စာမူခနဲ့ စာအုပ်ထုတ်ပြီးတော့ ဆရာဇော်နှင့်အတူ မြောက်ဒဂုံအိမ်ရှိရာသို့ ပြန်ခဲ့ကြတော့သည်။ အိမ်ရောက်တော့ ညနေ ၅ နာရီခွဲရှိပေပြီ။ အိမ်ဝက စောင့်မျှော်နေတဲ့ မိခင်ကြီးက ...

"မင်းကွယ် ... မုန်တိုင်းတိုက်မယ်လို့ ပြောနေကြတာ။ မင်း ပြန်မလာသေးလို့ အမေ စိတ်ပူရတယ်"

"အမေရယ် ... မုန်တိုင်းတိုက်မယ် တိုက်မယ်လို့သာ ပြောတာပါ။ ကျွန်တော်တို့ဆီမှာ အဖျားခတ်တာလောက်ပဲ ရှိမှာပါ"

ကျွန်တော်က စောဒကတက်မိ၏။

"ဟဲ့ ... အဖျားပဲခတ်ခတ်၊ အရင်းပဲခတ်ခတ် လေကလေပဲလေ။ သတိဝီရိယကတော့ ရှိရမယ်။ အန္တရာယ်ဆိုတာ ပြောလို့မရဘူး"

"ဟုတ်ကဲ့ ... အမေ၊ ထမင်းစားပြီးပြီလား"

"အေး ... စားပြီးပြီ။ ကလေးတွေလည်း စားပြီးပြီ၊ စောစောစားထားရတယ်။ မင်းတို့နှစ်ယောက်စားဖို့ပဲ ကျန်တော့တယ်"

အမေနှင့် စကားပြောပြီး၍ ကျွန်တော် လွယ်ထားသော လွယ်အိတ်ကို တိုင်မှာချိတ်လို့ ရေချိုးဖို့ ပြင်ဆင်ခဲ့တော့သည်။

## ၂၀၀၈ ခုနှစ် မေလ (၂)ရက် ည (၇း၃၀)နာရီ၊ မေလ (၃) ရက် နံနက် (၆) နာရီ

လစဉ်ထုတ် ဘာသာရေးမဂ္ဂဇင်းတွင် ဘာသာရေး ဆောင်းပါးတစ်ပုဒ်ရေးပေးရန် ထမင်းစားအပြီး စာရေးစားပွဲ တွင်ထိုင်၍ အချက်အလက်တွေ ချရေးနေစဉ် လေနအေးများ တိုက်ခတ်လျက်ရှိသည်။ တစ်ချက်တစ်ချက် ပြင်းထန်မှု ရှိလာသည်။ ညီတော် မောင်စိုးမင်းက "အစ်ကို စာရေးစားပွဲ ရှေ့က တရုတ်ကပ်မှန်ပိတ်ထားပါလား။ လေက ပြင်းပြင်းလာ နေတယ်"

"အေး ... ဟုတ်တယ်ကွ" ဟု ပြောပြောဆိုဆို တရုတ် ကပ်မှန်တံခါးကို ပိတ်လိုက်ပြီး စာရေးသားမှုကိုလည်း ရပ်လိုက်ရတော့သည်။ နာရီကြည့်လိုက်တော့ ည (၈း၀၀)နာရီ ရှိပေပြီ။ အမေနှင့် ကျွန်တော့်အမျိုးသမီး ကလေးတွေကတော့ အိပ်ရာထဲ ဝင်ကြပေပြီ။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် သာ မအိပ်နိုင်။ ညီ စိုးမင်းက စာအုပ်တစ်အုပ်ဖတ်နေသည်။ ကျွန်တော်က ဘုရားစင်ရှေ့သွားပြီး မိနစ် ၃၀ မျှ ဘုရားရှိခိုး နေသည်။ ကျွန်တော်တို့အိမ်က သွပ်မိုးပျဉ်ထောင် အိမ်က လေး၊ လေတိုးလိုက်တိုင်း သွပ်အမိုးအသံက တကျွမ်းကျွမ်းနဲ့ အိမ်ရှေ့ဝရံစက်မြိတ်သွပ်ပြား ၂ ချပ်ကလွတ်နေလို့ သွပ်ပြား ကြွတက်ပြီးပြန်ကျတဲ့အသံက တဖျန်းဖျန်းနဲ့ပေါ့။ အိမ်နားဝန်း ကျင်နေထိုင်ကြသူတွေကလည်း အိပ်ရာဝင်ကုန်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



လား။ လေတိုက်တာကို ကာဘာယူနေကြတာလား တိတ်ဆိတ်နေကြသည်။

နာရီက ညကိုးနာရီကျော်ပြီ။ လေတိုက်နှုန်းကလည်း တဖြည်းဖြည်းမြင့်တက်လာသည်။ အမေက ချောင်းဟန့်သံပေးသည်၊ ကလေးတွေနှင့် ဇနီးသည်တို့ မအိပ်ကြ။ နောက်ဖေးဘက်မှာ ငုတ်တုတ်ထိုင်နေကြသည်။ နာရီလက်တံများ ရွေ့လျားမှုနှင့်အတူ လေ၏ပြင်းထန်မှုကလည်း အဆင့်တက်တက်လာသည်။ အမေပါ ကလေးတွေနားရောက်သွားပြီး စုနေကြတော့သည်။ ကျွန်တော်လည်း တတ်သမျှ၊ ရသမျှ ဘုရားရှိခိုးတွေ ရွတ်ဖတ်၍ အန္တရာယ်ဘေးကင်း ဆုတောင်းနေရတော့သည်။ လေတိုက်နှုန်းကလည်း မထင်မှတ်လောက်အောင် ပြင်းထန်လျက်ရှိသည်။ လေ၏ ပြင်းထန်မှုနှင့်အတူ ခြံအပြင်ထောင့်မှာရှိသည့် ကုက္ကိုပင်ကြီးကလည်း တဝုန်းဝုန်းနဲ့ ယိမ်းထိုးနေသည်။ သံချက်ကြွနေသော သွပ်ပြား ၂ ချပ်ကလည်း လေတိုက်လိုက်တိုင်း တဖြောင်းဖြောင်းနဲ့ ရိုက်ခတ်လျက် လွင့်ထွက်မတတ်ပင်။ ကြောက်ဖို့ပင် ကောင်းတော့သည်။ ညီစိုးမင်းက . . .

"အစ်ကို သွပ်ပြားကို တူနဲ့သံနဲ့ တက်ရိုက်လိုက်မယ်"

"မရိုက်ပါနဲ့ကွာ။ သွပ်ပြားလွင့်သွားတာက အရေးမကြီးဘူး။ ထားလိုက်ပါ။ လူအန္တရာယ်ဖြစ်ရင် မကောင်းဘူး။ လျှပ်စစ်မီးတွေလည်း ပျက်နေတယ်"

မှောင်မှောင်မည်းမည်းထဲမှာ နှစ်ယောက်တည်း စကားပြောနေရသည်။ အမေနဲ့ကလေးတွေက လက်နှိပ်ဓာတ်မီးတစ်လက်၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က လက်နှိပ်ဓာတ်မီးတစ်လက်နဲ့ လေငြိမ်မယ့်အချိန်ကို စောင့်နေကြရသည်။ လေကလည်း ရှေ့ကတိုက်လိုက်၊ နောက်ကတိုက်လိုက်၊ ဘေးနှစ်ဖက်က တိုက်လိုက်နဲ့ မွှေတိုက်နေတာ။ ကျွန်တော်တို့ အိမ်က ရပ်ကွက်မီးဘေး ကာကွယ်ရေးအတွက် မီးသတ်ရေကန်ကို မျက်နှာပြုထားတော့ လေကြောင်းကျတဲ့ သဘော ဖြစ်နေသည်။ တစ်ခါတစ်ခါ သစ်ပင်လဲတာလား၊ တော်လဲသံလား အသံကြီးမြည်ဟီးပြီး အော်ပြီးလာနေသည်။ ည (၂) နာရီထိုးတော့ ကျွန်တော်တို့အိမ်နဲ့ ကိုက်တစ်ရာလောက် ဝေးတဲ့အိမ်က သွပ်မိုးအချပ်လိုက်၊ သစ်သားတန်းတွေပါ ကျွတ်ထွက်တဲ့ အသံကြီးမြည်ဟိန်းပြီး အိမ်ရှေ့က ရေကန်ထဲကို ပစ်ကျတာ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တော့ မြင်ကွင်းက အသည်းယားစရာ။ စိုးမင်းက ကျွန်တော်တို့အိမ်ခေါင်မိုးသွပ်တွေလည်း လန်ကုန်တော့မယ်နော်လို့ စိုးရိမ်စိတ်နဲ့ ပြောနေသည်။ ကျွန်တော် စိုးရိမ်တာက ခြံပြင်ထောင့်က ကုက္ကိုပင်၊ လေအဝှေ့မှာ တကျွိကျွိနဲ့ အမြစ်ကလန်ချင်နေသည်။ အမြစ်လန်လို့ကတော့ လဲကျရင် ကျွန်တော်တို့ အိမ်ဘက်ပဲ။ အိမ်ပေါ်ပိလို့ကတော့ သွားပြီ။

မိုးပေါက်ကြီးတွေ ပါလာပြီး ဝေ့တိုက်တဲ့ လေနဲ့အတူ ပါလာတဲ့မိုးက တစ်အိမ်လုံး ရွဲရွဲစိုကုန်ပြီး လေနဲ့ပါလာတဲ့ သစ်ရွက်သစ်ကိုင်းအချို့ အိမ်ကို လာရောက်ထိမှန်ကြတယ်။ တော်သေးရဲ့ ကျန်ခဲ့တဲ့ရက်က စာအုပ်တွေ ထုပ်ပိုး၊ အဝတ်အစားတွေ ကြိုတင်သိမ်းဆည်းထားလို့ မိုးရေမစိုကုန်တာ။ နံနက် ၃ နာရီထိုးတော့ အိမ်ခြံပြင်ထောင့်က ကုက္ကိုပင်ကြီး လဲပါလေရော။ လဲသမှ အိမ်ပေါ်သို့ ကွက်တိဒက်ထိ။ ခြံစည်းရိုးအပေါ်လဲကျ အကိုင်းတွေ၊ အခက်တွေက အိမ်သွပ်မိုးတွေပေါ်ပိ၊ လေတိုက်တိုင်း ကျွတ်ထွက်မတတ်ရှိနေတဲ့ သွပ်ပြား ၂ ချပ်ပေါ်ပိ၊ သစ်ပင်ပိတဲ့ဒဏ်နဲ့ သွပ်ပြား ၂ ချပ် အသံမထွက်နိုင်တော့။ ထူးဆန်းတာက ကုက္ကိုပင်တစ်ပင်လုံး လဲကျတာ အိမ်အမိုး ဘာမှမဖြစ်ဘဲ ကျွတ်ထွက်မယ့် သွပ်ပြားနှစ်ချပ်မကျွတ်ထွက်အောင် အကိုင်းနဲ့ ဖိထားပေးသလို ရှိနေလို့ ကုက္ကိုပင်ကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တော့ ကုက္ကိုပင်က ခြံစည်းရိုးပေါ် လဲကျ၊ ခြံစည်းရိုးပျက်စီးပြီး သန့်ရှင်းရေးလုပ်တဲ့နေ့က ရေတိုင်ကီနှစ်လုံးကို ခြံစည်းရိုးထောင့်နား ကပ်ရွှေ့ထားခဲ့တာ ခြံစည်းရိုးပြိုတော့ ကုက္ကိုပင်က ရေတိုင်ကီပေါ်ကျ၊ ပင်စည်ကို ရေတိုင်ကီနဲ့ထောက်ပြီး အိမ်ခေါင်မိုးသွပ်ကို ဖိရုံဖိထားတဲ့ ပုံစံဖြစ်နေတော့ အကယ်၍သာ ရေတိုင်ကီ နှစ်လုံးသာ မရှိခဲ့လျှင်ဆိုတဲ့အတွေးက ကျွန်တော်တို့မိသားစု ကံကြမ္မာကို မတွေးရဲစရာ။ အိမ်ကတော့ မပြိုဘူး။ အိမ်ရဲ့ဒဏ်ကို ရေတိုင်ကီနှစ်လုံးက ကြားခံလိုက်လို့ သစ်ပင်ပိတဲ့ဒဏ်ကြောင့် ရေတိုင်ကီနှစ်လုံးဘဝက ဖင်ကျုံကောက်ကွေး သွား



www.burmeseclassic.com

www.burmeseclassic.com



ရတော့သည်။ ကျွန်တော်တို့လည်း အခုမှ "နာဂစ်မုန်တိုင်း" ဒဏ်ကို နဖူးတွေ့ဒူးတွေ့ကြုံရတော့သည်။ တစ်အိမ်သားလုံး မည်သူမျှ မအိပ်ရ။ အခြားအိမ်လူများလည်း ကျွန်တော်တို့ ကဲ့သို့ ရှိနေကြပေမည်။

## ၂၀၀၈ ခုနှစ် မေလ (၃)ရက်နေ့ နံနက် (၆)နာရီမှ (၁၀) နာရီ

နံနက် (၆)နာရီထိုးတော့ အလင်းရောင် ရရှိလာပြီး လူသံ စကားပြောသံများ ကြားလာရသည်။ လူသံကြား၍ အားတက်လာသည်နှင့် လေကလည်း ငြိမ်သွားပြီဖြစ်၍ အိမ်ရှေ့ တံခါးမကြီး ဖွင့်ကြည့်လိုက်တော့ အံ့သြစရာပါလား။ အိမ်ရှေ့လမ်းပေါ်မှာ ရေကျော်နေသည်။ ကျွန်တော့် ခြေဒူးဆစ်လောက် ရှိနေပေသည်။ တစ်လမ်းလုံး သစ်ပင်တွေလဲ၊ မီးတိုင်တွေလဲ၊ ရေတွေကလည်း ရေတက်နဲ့ ကြုံတွေ့နေကြရသည်။ ကျွန်တော်တို့ ညီအစ်ကို လုံချည်မလို့ လမ်းမပေါ်ထွက်ပြီး သစ်ပင်၊ ဓာတ်တိုင်လဲတာ ကိုယ့်တစ်လမ်းတည်းလားလို့ လျှောက်ကြည့်တော့ "အားပါး" လမ်းတိုင်းလမ်းတိုင်း လျှပ်စစ်ဓာတ်တိုင် တယ်လီဖုန်းကြိုးတိုင်၊ သစ်ပင်တွေလဲပြိုကျကုန်တာ အနမတဂ္ဂ မြင်မကောင်း၊ ရှုမကောင်း အနိဋ္ဌာရုံတွေပဲ။ စိုးမင်းက ဓာတ်ခဲသုံး၊ ရေဒီယိုလေးဖွင့် နားထောင်တော့မှ "နာဂစ်ဆိုတဲ့မုန်တိုင်း" က လေကြောင်းမလွတ်တဲ့ မြစ်ဝကျွန်းပေါ်ဒေသရှိ လူတော်တော်များများနှင့် အိုးအိမ်နှင့် သတ္တဝါများ ပျက်စီးဆုံးရှုံးရခြင်း သတင်းအကျဉ်း လတ်တလော ထုတ်ပြန်မှုကို သိခဲ့ရသည်။ နှစ်ပေါင်းငါးဆယ်ကျော်အတွင်း ကြားသိတွေ့ကြုံဖူးခဲ့ရသော အန္တရာယ်ပေးသည့် နာဂစ်မုန်တိုင်းပါ။

## ၂၀၀၈ ခုနှစ် မေလ (၄)ရက်မှ (၁၀) ရက်

နာဂစ်မုန်တိုင်းဒဏ်ခံ ဒေသတော်တော်များများအား ပြန်လည်ထူထောင်ရန်အတွက် နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မှုများနှင့်အတူ NGO အဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များ၊ လူမှုအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိနေကြသည်။ မိတ်ဆွေများ၊ စာရေးဆရာ၊ ဆရာမများ၊ လုပ်ဖော်ကိုင်ဖက်များ သတင်းကို အချင်းချင်းဆက်သွယ်မေးမြန်းရခြင်းကလည်း မမောနိုင်မပမ်းနိုင်၊ စာရေးဆရာအချို့ အနှစ်နှစ်အလလ စုဆောင်းထားရှိသည့် အဖိုးတန် ရှားပါးစာအုပ်များ နာဂစ်မုန်တိုင်းဒဏ် ခံရ၍ သုံးမရ၊ ဖတ်မရအောင် ပျက်စီးမှုရှိခဲ့ကြသည်ဟု ဆိုပါသည်။ ပိတောက်နွယ်မဂ္ဂဇင်း အယ်ဒီတာချုပ် စာရေးဆရာ ကဗျာဆရာ ဦးသူရဇော် အိမ်ခေါင်မိုးသွပ်ပြား (၁၂) ချပ် လေနှင့် လွင့်ပါသွား၍ အသစ်ထပ်ထပ်မိုးရမည်ဟု သိရသည်။ ရင်းနှီးခင်မင်သော မိတ်ဆွေများ၊ မုန်တိုင်းဒဏ်ခံရမှုနှင့် စာလျှင် ကျွန်တော် မုန်တိုင်းဒုက္ခ ခံစားရမှုက တော်သေးသည်ဟု ဆိုရပေမည်။ ဤသည်ကား သဘာဝ၏ ကျေးဇူးဟု ရေးချင်ပါသည်။

ထိုသို့ဆိုလျှင် ...

(၁) တစ်ချိန်က အဖေပြောခဲ့သော သဘာဝအသိတရားများ

(၂) အသက် (၈၀)ကျော် မိခင်ကြီး၏ မေတ္တာတရား

(၃) ပုရွက်ဆိတ်မည်းတပ်ကြီး အိမ်ပေါ်တက်သည့်သဘာဝ

ဤသုံးချက်ကြောင့် ကျွန်တော် နှစ်သက်မြတ်နိုးခဲ့သော တန်ဖိုးရှိလှသည့် ရေးဆရာကြီးများ ရေးသားထားသော ရှားပါး စာအုပ်ကောင်းများ ပျက်ဆီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ခဲ့ခြင်း၊ သစ်ပင်ပိ အိမ်ပြိုမှုဒဏ်မှ ကင်းလွတ်ခဲ့ရခြင်း၊ အသက် (၈၀) ကျော်သော်လည်း မိခင်စိတ်အပြည့်ဖြင့် သားသမီးမြေးမြစ်တို့အပေါ် မေတ္တာဓာတ်လွှမ်းခြုံမှုများသည်ကား သဘာဝ၏ ကျေးဇူးတရားများဟု ဆိုပါလျှင် ...

**အောင်မြင့် (သစ်လုပ်ငန်း)**



www.burmeseclassic.com

www.burmeseclassic.com

# လောကကို အလှဆင်ကြမယ်

## ဦးကောဝိဒ(မြို့တပ်)

ငှက်ကလေးတွေဟာ သူတို့နားနေဖို့ အသိုက်အမြုံတစ်ခုကို ကိုယ်တိုင်ပဲ ကြိုးပမ်းတည်ဆောက်ကြရပါတယ်။ အသိုက်အမြုံကလေး ကြာမြင့်စွာ ခိုင်ခန့်ပြီး လှပနေဖို့အတွက် သူတို့ရဲ့အသိနဲ့ခွန်အား၊ ဘဝအတွေ့အကြုံကို ပေါင်းစပ်ပြီး ကြိုးစားထားကြရပါလိမ့်မယ်။ အဲဒီအသိုက်အမြုံဆိုတာ ငှက်ကလေးတွေရဲ့နေထိုင်ရာဖြစ်တဲ့အတွက် သူတို့ဘဝအတွက် မရှိမဖြစ်လိုအပ်နေတဲ့အရာ တစ်ခုပါ။

ဒီလိုပါပဲ ဤကမ္ဘာမြေကြီးဟာ လူသားများရဲ့နေထိုင်ရာ အင်ပါယာကြီးတစ်ခုဖြစ်သလို ကမ္ဘာမြေကြီးကိုပဲ အမှီပြုပြီး အသက်ရှင်နေထိုင်ကြရပါတယ်။ ကမ္ဘာမြေကြီးဟာ လူသားများအတွက် မရှိမဖြစ် လိုအပ်တဲ့အရာတစ်ခုပါ။ မိမိတို့အိမ်ကလေးကို နေထိုင်သူတိုင်းက လှပစေချင်ကြသလို လူသားတို့နေထိုင်ရာ ဒီကမ္ဘာမြေကြီးကို လူသားတိုင်းက သာယာလှပစေချင်ကြတယ်။ ဒါဖြင့် ဘာနဲ့အလှဆင်ကြမလဲ။

ဒီကမ္ဘာလောကကြီး စတင်ရာကာလမှာ မေတ္တာစတင်ခဲ့ပြီး ကြားကာလမှာ မေတ္တာနဲ့ပဲ ထိန်းချုပ်ပံ့ပြင်ခဲ့ရတယ်။ ကမ္ဘာကြီး နိဂုံးချုပ်ခါအနီးအချိန်မှာလည်း ဒီမေတ္တာနဲ့ပဲ နိဂုံးချုပ်ခဲ့ပါတယ်။ ဒါနဲ့စပ်လို့ တင်ပြပါဦးမယ်။

ဗြဟ္မာ့ဘုံက ဗြဟ္မာများဟာ မေတ္တာစတဲ့ ဗြဟ္မစိုရ်တရား လက်ကိုင်ထားပြီး ဈာန်တရားနဲ့ နေထိုင်ကြတယ်။ အဲဒီကနေ အချို့ဗြဟ္မာများ စုတေသွားတဲ့အခါ ကမ္ဘာဦးစအချိန် လူလာဖြစ်ကြတယ်။ ဒါကြောင့်လည်း ကမ္ဘာဦးစလူသားများဟာ ကိလေသာခေါင်းပါးကြတဲ့အတွက် သက်တမ်းအလွန်ရှည်ကြပါတယ်။ နောက်ပိုင်း မြေဆီနစ်သြဇာများ စားသုံးမိရာက လောဘ၊ ဒေါသ စတဲ့ စိတ်ရိုင်းတွေဝင်လာပါတယ်။ ကြမ်းတမ်းတဲ့ စရိုက်တွေနဲ့အတူ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ တစ်နိုင်ငံနဲ့ တစ်

"ချစ်သားရောဇ" ဘုရားရှင်ရဲ့ အေးမြကြည်လင်တဲ့အသံတော်ကြောင့် ရောဇတစ်ကိုယ်လုံး အဒေးဓာတ်များ ဖုံးလွှမ်းသွားခဲ့ပါတယ်။ ဘုရားရှင်လည်း ဒါနကထာကစလို့ ကာမဂုဏ် အပြစ်ပြ ကထာများကို ဟောလိုက်တဲ့အခါ ရောဇသန္တာန်မှာ ငါတကောကောနဲ့ ထောင်လွှားနေတဲ့ မာန်မာနတွေ ကွာကျလာပါတယ်။ နောက်ဆုံးတော့ ရောဇဟာ သောတာပန် တည်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ တိုက်ခိုက်ကြတယ်။ ဒီလိုကြမ်းတမ်းတဲ့ ဒုစရိုက်တရားတွေကြောင့် လူ့သက်တမ်းဟာ တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ရာ ဆယ်နှစ်သက်တမ်းထိပဲ ဆိုပါတော့။ အဲဒီကနောက်လူသားများဟာ သူတစ်ပါးအသက် မသတ်ဘူးဆိုတဲ့ မေတ္တာတရားအခြေခံတဲ့ ကိုယ်ချင်းစာတရားကို လက်ခံကျင့်သုံးလာခဲ့ရာ တဖြည်းဖြည်းနဲ့ လူ့အသက်တမ်း ပြန်ရှည်လာကြတာ နှစ်ပေါင်း ရှစ်သောင်းတိုင်ထိပဲ ဆိုပါတော့။

ဒီလိုနည်းနဲ့ လူသားများဟာ အနှစ်ရှစ်သောင်းတမ်းတိုင်အောင် မေတ္တာအခြေခံတဲ့ ဗြဟ္မစိုရ်တရားများနဲ့အတူ သုစရိုက်တရားများကို ပွားများကျင့်သုံးခဲ့တဲ့အတွက် ငြိမ်းချမ်းသာယာတဲ့ ကမ္ဘာကြီး ဖြစ်ပေါ်ခဲ့ရပါတယ်။ အဲဒီကနေလူသားများဟာ ကိုယ်ကျင့်သီလတရားတွေ ပျက်ယွင်းပြီး မေတ္တာတရားခေါင်းပါးကာ ဒုစရိုက်တရားတွေကို ကျူးလွန်လာခဲ့ကြရာ ကမ္ဘာကြီးပျက်သုဉ်းမယ့် အချိန်အထိပါပဲ။ ကမ္ဘာကြီး မပျက်မီ နှစ်ပေါင်းတစ်သိန်းအလိုမှာ လောကဗျူဟာနတ်များဟာ "အမောင်တို့ . . . အခုချိန်ကနေ နောင်နှစ်ပေါင်း တစ်သိန်းကြာတဲ့အခါ ဒီကမ္ဘာကြီး ပျက်စီးရပါလိမ့်မယ်။ အမောင်တို့ မေတ္တာတရားကို ပွားများကြပါတော့။ ကရုဏာ၊ မုဒိတာစတဲ့ ဗြဟ္မစိုရ်တရားကို ကျင့်သုံးကြပါတော့။ အမိ အဘ၊ အဘိုးအဘွားများကို ပြုစုလုပ်ကျွေးကြပါတော့။ ဆွေကြီးမျိုးကြီးတို့ကို ရိုသေလေးစားကြပါ" လို့ ကြွေးကြော်ကြပါတယ်။

ဒီလို ကြွေးကြော်မှုကြောင့် ငရဲသားများဟာ ငရဲဘဝမှလွတ်ကာ တိရစ္ဆာန်ဘဝမှာ ဖြစ်ကြတယ်။ တိရစ္ဆာန်များလည်း တစ်ကောင်နဲ့တစ်ကောင် အကြင်နာသနား မေတ္တာတရားရှိကြတဲ့အတွက် တိရစ္ဆာန်ဘဝက သေလွန်တဲ့အခါ လူပြည်နတ်ပြည် စတာတွေမှာ ဖြစ်ကြတယ်။ အဲဒီမှာ လောကဗျူဟာနတ်တို့က "အမောင်တို့ . . . ကမ္ဘာပျက်ရင် နတ်ပြည်လည်း မြဲမြံခိုင်ခံ့ခြင်း မရှိနိုင်ဘူး။ မေတ္တာတရားပဲ ပွားများကြပါတော့" လို့ ကြွေးကြော်ခဲ့ကြတယ်။ နတ်၊ လူတို့လည်း မေတ္တာတရားပွားများရာက မေတ္တာဈာန်ရခဲ့ကြရာ သေလွန်တဲ့အခါမှာ ကမ္ဘာပျက်ဘေးက လွတ်တဲ့ ဗြဟ္မာဘုံမှာ ဖြစ်ကြရပါတယ်။ ဒါကြောင့် မေတ္တာတရားဟာ ကမ္ဘာလောကကြီးကိုသာမက လောကဓာတ်တစ်ခွင်လုံးကိုပါ သာယာလှပစေခဲ့တယ် ဆိုတာပါပဲ။

မေတ္တာနဲ့စပ်လို့ပြောရရင် သက်တော်ထင်ရှား မြတ်စွာဘုရားက ၄၅ ဝါပတ်လုံး သာသနာပြုတော်မူတဲ့အခါမှာ တန်ခိုးတော်ထက် မေတ္တာတရားကို အဓိကထားပြီး အသုံးချတော်မူတဲ့အတွက် ဖြစ်လာတဲ့အရာမှန်သမျှ အောင်မြင်ခဲ့တာချည်း ပါပဲ။ ဒီလိုအောင်မြင်ခဲ့တဲ့ အကြောင်းအရာ အများကြီးထဲက တစ်ခုကို ထုတ်ပြရရင် . . .

ကုသိနာရုံပြည်ကြီးကို ဘုရားအမှူးရှိ သံဃာတော်အရှင်မြတ်များ ကြွတော်မူလာတဲ့အခါ မလ္လာမင်းများ အုတ်အုတ်ကျက်ကျက် တစ်ခဲနက် ကြိုဆိုကြပါတယ်။ ဒီလိုကြိုဆိုတဲ့နေရာမှာ ထိပ်ဆုံးက ကြိုဆိုသူများအနက် ထင်ပေါ်ကျော်ကြားသူ "ရောဇ" ခေါ်တဲ့ မလ္လာမင်းသားတစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ရောဇဟာ ရတနာသုံးပါးကို ကြည်ညိုသူမဟုတ်၊ လောကီစည်းစိမ်မှာသာ ယစ်မူးနေသူ ဖြစ်တယ်။ ဘယ်လောက်အထိ ယစ်မူးသလဲဆိုရင် ရောဇဆိုတာ အရှင်အာနန္ဒာနှင့် သူငယ်ချင်း ဖြစ်တယ်။

ကုသိနာရုံပြည်သားများဟာ ဘုရားအမှူးရှိ သံဃာတော်များကို ကြိုဆိုပူဇော်ကြကာ ပူဇော်သက္ကာရပြုပြီး အသီးသီး ပြန်ကုန်ကြပါတယ်။ ဒါပေမဲ့ ရောဇကတော့ မပြန်နိုင်သေးဘဲ သူငယ်ချင်းဖြစ်သူ အရှင်အာနန္ဒာနဲ့ သွားရောက်တွေ့ဆုံပါတယ်။ အရှင်အာနန္ဒာလည်း သူငယ်ချင်းက သူ့ကို လာရောက်တွေ့ဆုံတာဆိုတော့ ဝမ်းသာအားရဖြစ်ကာ "သူငယ်ချင်း ရောဇ အခုလို ဘုရားရှင်ကို ခရီးဦးကြိုဆိုပြုတယ်ဆိုတာ ကောင်းလှပါတယ်" လို့ နှုတ်ဆက်ချီးကျူးစကား ပြောဆိုလိုက်ပါတယ်။ ဒါပေမဲ့ ရောဇရဲ့စကားကြောင့် အရှင်အာနန္ဒာ စိတ်မကောင်း ဖြစ်ရပြန်တယ်။

"သူငယ်ချင်း အာနန္ဒာ၊ ငါက ဘုရား၊ တရား၊ သံဃာကို ကြည်ညိုလို့ မဟုတ်ဘူး။ ဘုရားရှင်ကို ခရီးဦးမကြိုဆိုတဲ့သူကို ဒဏ်ငွေငါးရာ ဆောင်ရမယ်လို့ အားလုံးကကတိကဝတ်ထားကြတဲ့အတွက် ဒဏ်ငွေဆောင်ရမှာစိုးတဲ့အတွက် လာရတာဖြစ်တယ်" လို့ပြောပြီး ရောဇလည်း အိမ်ပြန်သွားပါတယ်။ အရှင်အာနန္ဒာဟာ သူငယ်ချင်းဖြစ်သူစကားကြောင့် စိတ်မကောင်းဖြစ်ကာ "ဖြစ်မှ ဖြစ်ရလေ ရောဇရယ်" လို့သာ ညည်းတွားပြီး ချက်ချင်းပဲ ဘုရားရှင်ထံ သွားကာ . . .

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရောဇဆိုတဲ့ မလ္လာမင်းသားဟာ အလွန်ထင်ရှားသူတစ်ဦး ဖြစ်ပါတယ် ဘုရား။ ဒီလိုလူမျိုး ဘုရားအဆုံးမမှာတည်ပြီး သာသနာတော်ကိုကြည်ညိုတတ်လာမယ်ဆိုပါက အလွန်အကျိုးများဖွယ် ရှိပါတယ် ဘုရား။ ရောဇကို သာသနာတော်မှာ



www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်ကြည်ညိုတတ်လာအောင် ဆောင်ရွက်ပေးတော်မူပါ ဘုရား" လျှောက်ထားပါတယ်။ ဘုရားရှင်က "ချစ်သားအာနန္ဒာ . . . ရောဇ သာသနာတော်ကို ကြည်ညိုဖို့အတွက် ငါဘုရားမှာ ဘာအခက်အခဲမှ မရှိဘူး" လို့ မိန့်တော်မူကာ ဩမိသမေတ္တာကို ပွားများပြီး ဂန္ဓကုဋီကျောင်းကို ကြွတော်မူခဲ့ပါတယ်။ အရှင်အာနန္ဒာလည်း မိမိနေရာ ကျောင်းကို ပြန်လာခဲ့ပါတယ်။

ရောဇဟာ သူငယ်ချင်းဖြစ်သူကို ပြောအပြီး အိမ်ပြန်လာရာ ကျောင်းဝင်းအပြင်ကိုမှ မရောက်မီမှာပဲ စိတ်တွေ အံ့ဩစွာ ပြောင်းလဲလာပါတယ်။ အခုချက်ချင်းပဲ ဘုရားရှင်ကို သွားရောက်ဖူးမြော်လိုစိတ် ဖြစ်ပေါ်နေပါတယ်။ ဒါနဲ့ ရောဇဟာ "ဘုရားရှင် ဘယ်မှာရှိသလဲ၊ ဘုရားရှင်ကို ဖူးမျှော်ချင်ပါတယ်" ဆိုပြီး နို့ဆာနေတဲ့ ကလေးသူငယ် မိခင်ကို လိုက်ရှာနေသလို ကျောင်းထဲတွေ့သမျှ ရဟန်းတော်များကို မေးပါတယ်။ နောက်ဆုံးမှာတော့ ရဟန်းတော်များ လမ်းညွှန်မှုဖြင့် ဘုရားရှင်ရှိရာ ဂန္ဓကုဋီကျောင်းကို ရောက်ရှိခဲ့ပါတယ်။

"ချစ်သားရောဇ" ဘုရားရှင်ရဲ့အေးမြကြည်လင်တဲ့အသံတော်ကြောင့် ရောဇတစ်ကိုယ်လုံး အအေးဓာတ်များ ဖုံးလွှမ်းသွားခဲ့ပါတယ်။ ဘုရားရှင်လည်း ဒါနကထာကစလို့ကာမဂုဏ်အပြစ်ပြကထာများကို ဟောလိုက်တဲ့အခါ ရောဇသန္တာန်မှာ ငါတကောကောနဲ့ ထောင်လွှားနေတဲ့ မာန်မာနတွေ ကွာကျလာပါတယ်။ နောက်ဆုံးတော့ ရောဇဟာ သောတာပန်တည်ခဲ့ပါတယ်။ မာန်ယစ်နေတဲ့ရောဇကို ရတနာသုံးပါး ယုံကြည်တဲ့ အရိယာသာဝကတစ်ဦးအဖြစ် အသွင်ပြောင်းစေခဲ့တာဟာ ဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့်လို့ ပြောမယ်ဆိုရင် တိကျတဲ့အဖြေမဟုတ်ပါ။ တကယ်တော့ ဘုရားရှင်ရဲ့မေတ္တာကြောင့်လို့ ပြောမယ်ဆိုရင်တော့ ပိုပြီး မှန်ကန်တိကျပါလိမ့်မယ်။

မေတ္တာဓာတ်ဟာ နတ်လူအားလုံးတို့ရဲ့ဘဝကို သာယာလှပစေသလို ပို့လွှတ်သူကိုယ်တိုင်လည်း အေးမြပြီး ကြည်လင်တာကို ခံစားကြရမှာပါ။ အခုလည်း ဘုရားရှင်ရဲ့မေတ္တာတော်ကြောင့် မလ္လာမင်းသား ရောဇရဲ့ဘဝ သာယာလှပခဲ့သလို လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ဘဝများစွာကိုလည်း သာယာလှပစေခဲ့တာပါ။

ဆိုရေးရှိက ဆိုအပ်စွာဆိုတာကို ပြောချင်ပါသေးတယ်။ မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်ဝန်းကျင်လောက်က မေတ္တာအရာမှာ စံနမူနာယူလောက်တဲ့ ဆရာတော်ကြီးတစ်ပါး ပေါ်ပေါက်ခဲ့ပါတယ်။ ထိုဆရာတော်ကား အခြားမဟုတ် မိုးညှင်းဆရာတော်ဘုရားကြီးပဲ ဖြစ်ပါတယ်။ ဒီအတိုင်းနေရင် မသိသာပေမဲ့ နွားရိုင်း၊ ဆင်ရိုင်း၊ မြွေဆိုးများနဲ့ ပက်ပင်းရင်ဆိုင်ရတဲ့အခါမျိုးမှာ ဆရာတော်ရဲ့ မေတ္တာစွမ်းအား ပိုပြီး ပေါ်လွင်စေခဲ့တယ်။

ဂျပန်ခေတ်က စစ်ဘေးစစ်ဒဏ်ကြောင့် ဗုံးထိမယ့်ရန်က လွတ်အောင် ပြေးနေရတဲ့အချိန်မှာ ထောင်ချီရှိတဲ့ ဒုက္ခသည် ဒကာ၊ ဒကာမများ ကျောင်းသို့ရောက်လာကာ ဆရာတော်ရဲ့ မေတ္တာကို ခိုလှုံကြရတဲ့အတွက် စစ်အတွင်းမှာ ဘယ်လို ဘေးအန္တရာယ်မှ မတွေ့ကြုံခဲ့ရပဲ ချမ်းသာစွာ ခိုအောင်းခဲ့ရပါတယ်။ ဒါဟာ ဆရာတော်ရဲ့မေတ္တာဓာတ်ကြောင့် စစ်အတွင်း ဒုက္ခသည်တွေရဲ့ဘဝဟာ သာယာလှပခဲ့တယ်လို့ ဆိုချင်တာပါ။

ဒုတိယကမ္ဘာစစ်မဖြစ်မီ အီတလီနဲ့ အဗက်ဆီးနီးယား (ယခု အီသီယိုပီးယား)တို့ စစ်ဖြစ်ကြတဲ့အခါ လူအတော်များများ သေကြေပျက်စီးတာကို ဆရာတော် သိတော်မူပါတယ်။ ဒါနဲ့ ကမ္ဘာမြေပုံကြီးတစ်ချပ်ကိုယူပြီး တပည့်ဖြစ်သူ ဦးကောဝိဒကို အနားခေါ်ပြီး "ဒုက္ခရောက်နေတဲ့သူတွေကို မေတ္တာပို့ရမယ်။ တကယ်လို့ တစ်နည်းနည်းနဲ့ စစ်တွေ ပြေငြိမ်းသွားပြီဆိုရင်တော့ တို့ရဲ့ မေတ္တာအောင်တယ်လို့ မှတ်ရမယ်" လို့ မိန့်တော်မူကာ နေ့ရောညပါ မေတ္တာပွား ပို့တော်မူခဲ့ပါတယ်။ ငါးရက်လောက်ရောက်တယ်ဆိုရင်ပဲ ထိုစစ်ပွဲကြီး ပြေငြိမ်းကြောင်း သတင်းစာများမှာ ပါလာပါတော့တယ်။

ဒုတိယကမ္ဘာစစ်အတွင်းက မုံရွာမြို့ကို တာဝန်နဲ့ရောက်လာတဲ့ ဂျပန်အရာရှိတစ်ဦးက ဆရာတော်ကြီးနဲ့ တွေ့ဆုံကြတဲ့ ဖြစ်ရပ်ဟာလည်း စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ထိုအချိန်တုန်းက မိုးညှင်းတောရမှာ စစ်ဘေးဒုက္ခသည် နှစ်ထောင်ခန့် ခိုအောင်းနေကြပါတယ်။ ဒါကို ဂျပန်အရာရှိက ဘယ်လိုမြင်တယ်မသိ၊ မိုးညှင်းဆရာတော်ဘုရားကြီးကို တွေ့ဆုံပေးဖို့အတွက် မြို့ခံလူကြီးများအား သွားခိုင်းပါတယ်။ ဂျပန်အရာရှိက စာတစ်စောင်ကို မြို့ခံလူကြီးများအားပေးပြီး ဆရာတော်ထံ လွှတ်လိုက်ပါတယ်။

သူ လာရောက်တွေ့ဆုံတဲ့အခါ ဆရာတော်ကြီးက လိုက်နာခွင့်ပေးရမယ့်အချက် သုံးချက်ကိုလည်း တင်ပြတောင်းခံထားပါတယ်။ (၁) ဖိနပ်၊ ဦးထုပ်မချွတ်ဘဲ လက်



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြင့် ဝင်ခွင့်ပြုရန်၊ (၂) အရှိအသေမပေး (ရှိမခိုး)ဘဲ တွေ့ခွင့်ပေးရန်၊ (၃) တန်းတူကုလားထိုင်ဖြင့် ထိုင်ခွင့်ပြုရန်ဆိုပြီး စာထဲမှာ တောင်းဆိုထားပါတယ်။ ထိုစာကို ဆရာတော်ကြီးအား ဆက်ကပ်တဲ့အခါ ဆရာတော်က "ဩော် ... ဒီကိစ္စလား၊ အရေးမကြီးပါဘူး၊ သူ စိတ်ချမ်းသာသလို လာချင်တဲ့အချိန် လာပါစေ"လို့ အမိန့်ရှိတော်မူလိုက်တဲ့အတွက် လူကြီးများလည်း အဲဒီအခါကျမှ စိတ်အေးရပါတော့တယ်။

နောက်တစ်ရက် ဂျပန်အရာရှိနဲ့အတူ မြို့ခံလူကြီးများ မိုးညှင်းတောရကို သွားကြတဲ့အခါ လူကြီးများအားလုံး အံ့အားသင့်ကုန်ကြတော့တယ်။ ဘာကြောင့်ဆိုရင် ...

(၁) အရာရှိကြီးဟာ ဆရာတော်ကို မဖူးမြော်မီ တောရကျောင်းအဝင်မှာပင် ဦးထုပ်၊ ဖိနပ်များကို သူ့အလိုလို ချွတ်ပြီး လက်နက်မကိုင်ဆောင်ဘဲ ဝင်သွားပါတယ်။

(၂) ဆရာတော်ကို ဖူးတွေ့ရတဲ့အခါ အများနည်းတူ သူလည်း ကုန်းပြီး ဦးချပါတယ်။

(၃) အဆင်သင့်ချထားတဲ့ ထိုင်ခုံမှာ ထိုင်ရန် ဆရာတော်က လက်ညှိုးညွှန်ပြပေမဲ့ မထိုင်ဘဲ နိမ့်ရာမှာပဲ ထိုင်ပြီး ဆရာတော်ကြီးကို တစိမ့်စိမ့် ကြည့်နေပါတော့တယ်။

အရာရှိကြီးက ဂျပန်များ စစ်အောင်နိုင်ရေး ဆုတောင်းပေးဖို့အကြောင်း လျှောက်ထားတဲ့အခါ ဆရာတော်က "ကောင်းပါပြီ သတ္တဝါအားလုံး ချမ်းသာဖို့ မေတ္တာပို့ပေးပါ့မယ်" လို့ ပရိယာယ်နဲ့ မိန့်တော်မူလိုက်ပါတယ်။

အယူဝါဒမတူဘဲ စိတ်ဓာတ်ကြမ်းတဲ့သူတစ်ယောက်ရဲ့ ကိုယ်နဲ့စိတ်ကို ယဉ်ကျေးသိမ်မွေ့အောင် ပြုလုပ်ပေးနိုင်တာဟာ မေတ္တာတရားပါပဲ။ ဒါကြောင့် လူတိုင်းမှာ မေတ္တာတရားသာ ရှိကြမယ်ဆိုရင် စစ်ဖြစ်စရာအကြောင်းလည်းမရှိ၊ ဘေးအန္တရာယ်ဆိုတာလည်း မကျရောက်နိုင်ဘဲ ကမ္ဘာလောကကြီးတစ်ခုလုံးကို သာယာလှပအောင် အလှဆင်နိုင်ပါလိမ့်မယ်။

ဆရာတော်ကြီးရဲ့ မေတ္တာပွားပုံနဲ့စပ်လို့ တစ်ခါက တရုတ်ဘုန်းတော်ကြီး ဦးထိုင်ဆူး (တရုတ်ဗုဒ္ဓဘာသာဥက္ကဋ္ဌ) က သာသနာပြုတဲ့နေရာမှာ အဆင်ပြေပြီး ဘေးအန္တရာယ်ကင်းဖို့ နည်းလမ်းကောင်းများကို ဆရာတော်ထံ တောင်းခံပါတယ်။ ဆရာတော်က လိုရင်းအချက်လေးချက်ကို ဖော်ပြထားပါတယ်။ စာချစ်သူများ လိုက်နာကျင့်သုံးနိုင်စေဖို့ ဖော်ပြပေးလိုက်ပါတယ်။

(၁) မိမိသွားရောက်လိုတဲ့ဌာနကို ကြိုတင်ပြီး မေတ္တာပို့လွှတ်ရပါမယ်။

(၂) ပြုလုပ်လိုတဲ့ကိစ္စများအတွက် ထိုကိစ္စနဲ့စပ်ဆိုင်တဲ့ (လူ၊ နတ်) သတ္တဝါအားလုံး ဝဲယာရှေ့နောက် ထက်အောက်ဖီလာ ကြိုတင်ပြီး မေတ္တာဓာတ် ပို့လွှတ်ရပါမယ်။ နားလည်အောင် ပြောရရင် မိမိသွားရမယ့် ခရီးလမ်းတစ်လျှောက်နှင့် မိမိ သွားရောက်နေထိုင်မယ့် နေရာအထိ မသွားမီ တစ်ရက်နှစ်ရက် ကြိုတင်ပြီး မေတ္တာပို့လွှတ်ရပါမယ်။ တစ်ခုရှိတာက ကိုယ်နဲ့ တွေ့ဆုံရမယ့်သူကို အဓိက ဦးစားပေးပြီး ပွားရမှာဖြစ်သလို လမ်းခရီး တောစောင့်နတ်၊ တောင်စောင့်နတ် စတာတွေကိုလည်း ပွားရမှာ ဖြစ်တယ်။ ဆရာကြီးဒွေးလှိုင်ရဲ့ အိုင်ဒီယာနဲ့ ပြောရင် လမ်းရှင်းမယ့် မော်တော်ပီကယ်များ ကြိုတင်ချထားဖို့ ပါပဲ။

(၃) ဘယ်နေရာမှာပဲဖြစ်စေ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံတဲ့အခါ တွေ့မြင်ရသူအပေါ်မှာ ကိုယ်က အရင်ဦးအောင် မေတ္တာပွားများရပါတယ်။ တကယ်တော့ တစ်ဦးနဲ့တစ်ဦး တွေ့ရင် ကိုယ်က အရင်ဦးအောင် မေတ္တာပို့ဖို့ဆိုတာ လွယ်ကူတာတော့မဟုတ်ပါ။ ဒါပေမဲ့ အလေ့အကျင့်များလာရင်တော့ လွယ်ကူသွားပါလိမ့်မယ်။

(၄) ဆရာတော်ထံက မေတ္တာဓာတ်အပြည့်အဝပေးဖို့ လိုအပ်တယ်ဆိုရင် ဦးထိုင်ဆူးရဲ့ဓာတ်ပုံ (ကိုယ်လုံးပေါ်) တစ်ပုံ ပေးပို့ရန် မိန့်တော်မူခဲ့ပါတယ်။

နံပါတ်လေး အချက်အရ လူတစ်ယောက်ကို မေတ္တာပို့ချင်တယ်ဆိုရင် ထိုသူရဲ့ဓာတ်ပုံကို သေသေချာချာကြည့်ပြီးမှ အာရုံထဲမြင်အောင်ကြည့်ကာ မေတ္တာဓာတ်တွေနဲ့ လွှမ်းခြုံပေးရပါတယ်။ ဒါဆိုရင် အပို့ခံရတဲ့သူမှာ ပိုပြီး ထိရောက်မှုရှိပါတယ်။ ဒါဟာ ဆရာတော်ကြီးပေးလိုက်တဲ့ မေတ္တာပွားနည်း အချက်လေးချက်ပဲ ဖြစ်ပါတယ်။

(မွှာစရိယ ဦးဒွေး လှိုင်၊ မေတ္တာဝါဒ)

မေတ္တာနဲ့စပ်လို့ ပြောရရင်တော့ တင်ပြလို့ မကုန်နိုင်သေးပါ။ ဒီအပတ်တော့ ဒီမျှနဲ့ပဲ။ စာချစ်သူများအားလုံး မေတ္တာ နဲ့ လောကကြီးကို သာယာအောင် အလှဆင်နိုင်ကြပါစေ ...

မေတ္တာဖြင့် ...

**ဦးကောဝိဒ (မြိုင်)**




www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်ခေါ် ကျေးရူးရှင်များ

ဦးအေးချို(မဟာဝိဇ္ဇာ)



အမည်ရင်းမှာ ဦးအေးချိုဖြစ်ပြီး ရှေ့နေလုပ်ငန်းဖြင့် အသက်မွေး၍ စာရေးသည်။ သပြေလမ်း၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်တွင် မိသားစုနှင့်အတူ နေထိုင်သည်။

"ကျွန်ုပ်၏ ကျေးရူးရှင်" ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ချီးမြှင့်ပေးပါရန် ဟူသည့် စာမူတောင်းခံလွှာကို ဖတ်လိုက်ရချိန်မှာပင် ဘာအကြောင်း ရေးရမည်ကို စဉ်းစားရန်ပင် မလိုဘဲ ချက်ချင်းဆုံးဖြတ်လိုက်မိသည်။ တစ်ဆက်တည်းပင် မစိန်မြင့်လတ် (အနုပညာအမည်ဖြစ်၍ ဤသို့ ရေးရသည်ကို ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။) သီဆိုခဲ့သည့် "မိဘကျေးဇူးဆပ်ဖူးပြီလား" သီချင်းက နားထဲ ရောက်လာသည်။

"အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင်မိဘနှစ်ပါးကိုဖြင့် နေ့စဉ် ရှိကျိုးရှိခိုးဦးတင်၊ ကျွေးမွေးပြုစုကြလို့ပင် မိဘ ကျေးဇူးဆပ်ဖူးစေချင်၊ သားသမီးအပေါ်ထားတဲ့ မေတ္တာ အတုမရှိပါရှင်။ ငယ်ရွယ်စဉ်ကပင် ကလေးဘဝမှ စတင် လူလားမြောက်သည့်တိုင်အောင်ပင် သားသမီးအတွက်ဆိုရင် ဘယ်လိုပင် ဆင်းရဲဒုက္ခခံကြရပေမဲ့ စိတ်ထဲမှာ မငြီးငြင် သားလေးမျက်နှာ သီတာရေစင် သမီးလေးမျက်နှာ သော်တာငွေစင်"

စသည် စသည်ဖြင့်၊ တစ်ဆက်တည်းလိုက်လာသည်က ဆရာရွှေတိုင်ညွန့်၏ "မိဘမေတ္တာ" သီချင်း။

"သံယောဇဉ်အတည်၊ ကြည်လင်တဲ့အရေး၊ ချော် ကိုယ့်ရင်သွေး ထွေးပိုက်လို့ချီ၊ အရွယ်မတိုင်မီ၊ မိဘများ ပိုးမွေးသလို မွေးကြရပြန်သည်။ အနန္တဂုဏ်ရည်၊ ပျိုကြည်အောင် ကျေးဇူးတွေတင်သည်။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် လူဖြစ်အောင်မွေး လုပ်ကျွေးခဲ့သည်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာရွှေတိုင်ညွန့်၏ သီချင်းက မကြာမကြာ ကြားဖူးနေကြသောကြောင့် အသိများကြမည် ထင်သည်။ မစိန်မြင့်လတ်ဆိုသည့် သီချင်းကတော့ ယနေ့ကာလမှာ အကြောင်းစစ်ပြန်တော့ "နောင်းခေတ်" ဝင်သွားပေပြီ။ တမာတောလေးနွယ်၏စာကို စန္ဒရားစိန်သောင်းက အသံသွင်းထားခြင်း ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း (၃၀)ကျော် (၄၀)နီးပါးလောက်ကမှ ရေဒီယိုမှ မကြာခဏ ကြားနေသော သီချင်းဖြစ်သည်။ "ရေဒီယို" ဟု ရေးလိုက်ရာ ခေတ်လူငယ်များ "ရေဒီယို" ဆိုတာ သိမှ သိကြပါလေစ။

ဤသီချင်းနစ်ပုဒ်နှင့် နီဒါန်းသွယ်နေရသည်ကို ထောက်၍ "ကျွန်ုပ်၏ ကျေးဇူးရှင်" ဆိုသည်မှာ ကျွန်တော် ဘာကို ရည်ရွယ်လိုကြောင်း သဘောပေါက်ကြလိမ့်မည် ထင်ပါသည်။

ကျွန်ုပ်၏ ကျေးဇူးရှင်မှာ ကျွန်ုပ်၏ မိဘနစ်ပါးပင် ဖြစ်ပါသည်။ မှန်၏။ မိမိ၏ ကျေးဇူးရှင်မှာ မိမိ၏ မိဘနစ်ပါးမှလွဲ၍ အခြားပုဂ္ဂိုလ်များက နေရာမယူနိုင်ပါ။

ကျွန်ုပ်၏ ကျေးဇူးရှင်အကြောင်း ရေးရလျှင် မိဘနစ်ပါးအကြောင်းမပြောခင် ကျွန်ုပ်၏အဘိုးကို ဦးစွာခေါ်းတည်ရပေလိမ့်ဦးမည်။ ကျွန်ုပ်၏အဘိုးမှာ ဦးဘိုးထိုက်ဖြစ်ပြီး အဘွားမှာ ဒေါ်အေး ဖြစ်သည်။ စာအရရေးတော့သာ အဘိုး၊ အဘွားဟု ရေးသော်လည်း ကျွန်တော်တို့ အခေါ်မှာမူ "အဖေကြီး" "အမေကြီး" ဟု လေးလေးပင်ပင်ကြီး ခေါ်ကြသည်။ အဘိုး၊ အဘွားဟူ၍ တစ်ကြိမ်တစ်ခါမျှ မခေါ်ခဲ့ကြ။ ကျွန်တော့်မိခင်၏ အဖေနှင့် အမေ ဖြစ်သည်။

ကျွန်တော် မှတ်မိသည့်အရွယ်တွင် ကျွန်တော်သည် အဖေကြီး အမေကြီးတို့၏ကြားတွင် ညဘက် ဝင်အိပ်သည်ကို စတင်မှတ်မိသည်။ မည်သည့်အရွယ်က စတင်ဝင်ရောက်အိပ်နေသည်ကိုမသိ။ ကျွန်တော် ငါးနှစ်သားအရွယ်တွင် မြူနီစီပါယ်မူလတန်း စတက်ရသည်။ ကျွန်တော်တို့ ကျောင်းမှာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာရှိ၍ ဖိနပ်မစီးရ။ ထို့ပြင် မိုးရွာသည့်အခါ ရေစီးမြောင်းများကလည်း ရှိသည့်အတွက် ခြေထောက်တွင် ရေအမြဲစိုနေတတ်သည်။ ခြေထောက်ရေစိုလျှင် မြန်မာအခေါ် ခြေအေးဝမ်းရောင်လိုက်သည်ဆိုသည့် ရောဂါခံစားရပြီး ဓာတ်ပျက်တတ်သည်။ ထို့ကြောင့် ကျွန်တော် ကျောင်းတက်လျှင်၊ ကျောင်းပြန်လျှင် အဖေကြီးက ကျွန်တော့်အား သူ့ပခုံးပေါ်ထမ်း၍ ကျောင်းပို့သည်။ ကျောင်းပြန်ကြိုသည်။ ကျွန်တော် မဟာဝိဇ္ဇာဘွဲ့ကျမ်းပြုစုစဉ်က ကျမ်းအဖွင့် ကျေးဇူးစကားတွင် ပခုံးပေါ်ထမ်း၍ ကျောင်းပို့ပေးခဲ့သော အဘိုး၏ကျေးဇူးကိုလည်း မှတ်တမ်းတင်ခဲ့ရသေးသည်။ ဤအတိုင်းပင် "ပခုံးပေါ်ထမ်း၍ ကျောင်းပို့ပေးခဲ့သော အဘိုး" ဟူ၍ ရေးပါသည်။

"အဖေကြီး" သည် သူ့မြေးများအနက် ကျွန်တော့်ကို အတော်ချစ်သည်။ ယောကျ်ားလေး၊ မြေးဦးဖြစ်၍ တစ်ကြောင်း၊ အတူနေ၍တစ်ကြောင်း ဖြစ်နိုင်ပါသည်။ တန်းမြင့်ကျောင်းထွက် လက်မှတ်ရ စာမေးပွဲအောင်သည့်အခါ အခြေအနေအရ ကျွန်တော် လုပ်ငန်းခွင်ဝင်ရသည်။

ကျွန်တော် အလုပ်လုပ်ရသည်မှာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် ဖြစ်သည်။ ကျွန်တော့်အသက်က (၁၈) နှစ်ကျော်ရုံမျှသာ ရှိသေးသည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် ကျွန်တော်တို့အိမ်မှာ မဝေးလှပါ။ မိနစ်နှစ်ဆယ်ခန့် လမ်းလျှောက်လျှင် ရောက်နိုင်ပါသည်။ ပြည်လမ်းနှင့် အင်းစိန်လမ်း၊ နှစ်လမ်းမျှသာ ဖြတ်ပြန်ရပါသည်။ ကျွန်တော် အိမ်ပြန်ရောက်လောက်မည့်အချိန်ကို မှန်းပြီး "အဖေကြီး" က လမ်းထိပ်ရှိ အုတ်ခုံလေးပေါ် ထိုင်စောင့်နေသည်။ အဖေကြီးစောင့်နေသည်ကိုမြင်လျှင် ကျွန်တော်က . . .

"အဖေကြီးကလည်း၊ ကလေးမှမဟုတ်ဘဲ၊ ဘာကြောင့် ထွက်စောင့်နေရတာလဲ၊ နေက ပူသနဲ့"

ဟု ဆိုသည်။ အဖေကြီးက ဘာမျှမပြောဘဲ စာအုပ်သုံးလေးအုပ်မျှသာပါသည့် မလေးလှသော ကျွန်တော့်လွယ်အိတ်ကို လှမ်းယူပြီး အတူပြန်ခဲ့ကြသည်။ ဤသည်မှာ နေ့စဉ် နေ့တိုင်းပင်။

၁၉၆၃ - ခုနစ်၊ အောက်တိုဘာလတွင် ကျွန်တော်အလုပ်ဝင်ရသည်။ ဒီဇင်ဘာလတွင် တော်လှန်ရေးအစိုးရ၏ အထိန်းသိမ်းခံရသည်။ ပြည်တွင်းငြိမ်းချမ်းရေး ပျက်သွားပြီးနောက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်စရန် ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံတွင် ငါးခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲ ပြုလုပ်သည်။ ထိုဆန္ဒပြပွဲမှာ နိုင်ငံရေးအင်အားစုများက ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ ဤဆန္ဒပြပွဲကို တုံ့ပြန်သောအားဖြင့် တော်လှန်ရေးအစိုးရက ကြီးမှူးပြီး သမိုင်းချည်မျှင်နှင့် အထည်စက်ဝင်းအတွင်းရှိ အားကစားကွင်းအတွင်း အင်အားပြပွဲလုပ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအင်အားပြပွဲကို အကြောင်းပြုပြီး ကျောင်းသားများနှင့် အစိုးရ ထိပ်တိုက်တိုးပြန်သည်။ ထိုအခါ ငါးခရိုင် ငြိမ်းချမ်းရေးပြပွဲ ပါဝင်သူများ ဦးဆောင်သူ နိုင်ငံရေးအင်အားစုများ၊ ကျောင်းသားခေါင်းဆောင်များအားလုံး ဖမ်းပြန်သည်။ နာမည်ကျော် ပုဒ်မ (၅) နှင့်ပင်။

ကျွန်တော်သည် လုပ်ငန်းခွင်မဝင်မီက ကမာရွတ်အစိုးရ အထက်တန်းကျောင်းတွင် ကျောင်းကောင်စီ၌ ကျောင်းသားရေးမှူးအဖြစ် လုပ်ခဲ့သည်။ ထိုသို့ ကျောင်းသားရေးမှူး လုပ်ခဲ့သည့် အကြောင်းကြောင့် "မေးမြန်းစရာရှိ၍ ခဏခေါ်သွားပါရစေ"ဟု ဆရာကြီး ဦးသိန်းဟန် (ဆရာဇော်ဂျီ) ထံ ခွင့်တောင်းပြီး ခေါ်သွားသည်။

ကျွန်တော့်ကို ခေါ်သွားသည့်အကြောင်းကို တစ်ရုံးထဲ အလုပ်လုပ်နေသော ဦးလေးရှိသည့်အတွက် အိမ်က သိရသော်လည်း ဤသို့ ဖမ်းသွားကြောင်းကို အိမ်သို့ အကြောင်းမျှပင် မကြား၊ ကမာရွတ်ရဲစခန်းမှ ဌာနာအုပ် (ထိုစဉ်က အခေါ်ဝေါ်) ဦးမောင်မောင်သန်းကိုယ်တိုင် ဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိသဖြင့် အိမ်မှမိဘများက ကမာရွတ်ရဲစခန်းသို့ သွားရောက်စုံစမ်းမေးမြန်းသည့်အခါ ကမာရွတ်ရဲစခန်းက သူတို့ပင် မသိသယောင်ယောင်၊ အကြောင်းရိုက်လိုက်သေးသည်။ မည်မျှနိုင်ငံသားများအပေါ် အလေးထားပါသနည်း။ တန်ဖိုးထားပါသနည်း။ ထားတော့။ ပြောချင်သည်က ကျွန်တော့်ကို ဖမ်းဆီးထိန်းသိမ်းသည့် ကိစ္စမဟုတ်။ ကျွန်တော့်အဘိုးအကြောင်း။

ကျွန်တော့်ကို ဖမ်းဆီးသွားသော်လည်း ဘာကြောင့်ဖမ်းမှန်းမသိ။ ဘယ်မှာထားမှန်း မသိ။ ဘာဆက်လုပ်မည်မသိ။ ဘယ်တော့ လွတ်မည်မသိ။ ထိုသို့ မသိသော်လည်း ကျွန်တော့်အဘိုးသည် ကျွန်တော် ရုံးပြန်ချိန်ရောက်လျှင် လမ်းထိပ် ထွက်ထွက်စောင့်နေတတ်သည်။ မိုးချုပ်၍ မှောင်မှ အိမ်ထဲပြန်ဝင်တတ်သည်ဟု ကျွန်တော် လွတ်လာသည့်အခါ သိရသည်။ ဤမျှ ကျွန်တော့်အပေါ် ချစ်သည်။ ကျွန်တော့်အပေါ် မည်မျှစိုးရိမ်သနည်းဆိုသော် လူကြီးမိဘများမပါလျှင် တစ်ယောက်တည်း မည်သည့်ခရီးမျှ မသွားရ။ ထိုအချိန်က ကျိုက်ထီးရိုးဘုရားဖူး သွားလိုလျှင် အသွားအပြန်လမ်းစရိတ်က ငွေကျပ်တစ်ဆယ်မျှသာ ပေးရသည်။ သူငယ်ချင်းများနှင့် စု၍သွားမည်ဟု စီစဉ်ကြည့်ဖူးသေးသည်။ အဘိုးစိတ်မချသောကြောင့် မသွားခဲ့ရ။ ကျွန်တော် အိမ်ထောင်ကျ၍ ယောက္ခမအိမ် လိုက်နေရသည့်အခါ အဘိုးမျက်ရည်ကျသည်။ ကျွန်တော့်မှာမူ စိတ်ကို မနည်းထိန်းထားရသည်။

အဘိုးအကြောင်း ပြီးတော့မပြီးသေးသော်လည်း စာရှည်မည်စိုး၍ ဖြတ်တော့မည်။ အဖေ့အကြောင်း လှည့်ရဦးမည်။

အဖေ၏ရုပ်ပုံလွှာကို ပြန်လည်ခံစားကြည့်သည့်အခါ အလွန်အံ့ဩမိသည်။ အဖေသည် တိုင်းရင်းမြန်မာသမားတော် ဘဝဖြင့် သားသမီးများကို ပြုစုလုပ်ကျွေးခဲ့သည်။

ကျွန်တော့်အဖေအမည်သည် ဦးတင်အေး ဖြစ်သည်။ အဖေသည် ရဟန်းလူထွက်ဖြစ်သည်။ အဖေတို့ ရဟန်းဘဝခေတ်က စာမေးပွဲများကို အာရုံမညွတ်ကြသေးသော ခေတ်ဖြစ်သည်။ ပရိယတ္တိစာပေသင်ကြားကြရာတွင် "ကျမ်းကြီးပေါက်" သာ သင်ကြပြီး စာမေးပွဲဝင်ဖြေသူ ရဟန်းများစွာ မရှိဟု သိရသည်။ ထို့ကြောင့် အဖေသည် ပါဠိဘာသာဖြင့် ပိဋကတ်တော်ကျမ်းများ၊ အဋ္ဌကထာကျမ်းများ၊ ဋီကာကျမ်းများကို မွှေနှောက်နိုင်သည့် အဆင့်ရှိကြောင်း သိရသည်။ ကျွန်တော်တို့ငယ်စဉ်က အဖေ၏ ရဟန်းဘဝက တပည့်ရဟန်းများ အိမ်သို့ ကြွလာသည့်အခါ အဖေနှင့် စာပေများ မေးမြန်းဆွေးနွေးနေကြသည်ကို မှတ်မိနေသည်။ ကျွန်တော်တို့ကမူ အဓိပ္ပာယ်မသိပါ။

အဖေသည် လက်မှုအတတ်ပညာမျိုးစုံကို ကျွမ်းကျင်စွာ တတ်မြောက်ကြောင်း ကိုယ်တိုင်သိသည်။ ပရိဘောဂများ လုပ်တတ်သည်။ သံပတ်ပေးနာရီ ပြင်တတ်သည်။ အပ်ချုပ်စက်ပြင်တတ်သည်။ လေမီးဖို၊ အောက်လင်းမီး စသည်တို့ ပြင်တတ်သည်။ သစ်သားဖြင့် ပွတ်လုံးထိုးသည့်အတတ် ကောင်းစွာတတ်သည်။ အိမ်တွင် လုပ်ကိုင်နေသည်ကို ကိုယ်တိုင်မြင်ရသောကြောင့် သိခြင်းဖြစ်သည်။ သို့သော် အသက်မွေးဝမ်းကျောင်းအနေနှင့်မူ တိုင်းရင်းမြန်မာသမားတော် အလုပ်ကိုသာ စွဲစွဲမြဲမြဲလုပ်သည်။

မှတ်မိသေးသည်။

ကျွန်တော် ခုနစ်တန်းရောက်သည့်နှစ်တွင် အဖေ့ကျန်းမာရေးဆိုးဝါးနေသည်။ သူ၏ကျန်းမာရေးကို အဖေ စိုးရိမ်ဟန်တူသည်။ ကျွန်တော်ကလည်း အရွယ်မရောက်သေး။ ပညာရေးကလည်း တစ်ပိုင်းတစ်စ။ ကျွန်တော်တို့တွင် ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မောင်နမလေးဦးရှိသည်။ ကျွန်တော်က အကြီးဆုံး။ အဖေက သူ့ ကတိမ်းကပါးဖြစ်သွားလျှင်ဟု စိုးရိမ်သည်လား မသိ။ ထိုနှစ်က ကျွန်တော်ကို "မီးခြစ်" ပြုလုပ်သည့်အတတ် သင်ပေးသည်။ ထိုစဉ်က မီးခြစ်လောကတွင် "ဖလေး" မီးခြစ် နာမည်ကြီးသည်။

"အိမ်တစ်အိမ်မှာ မီးခြစ်တစ်လုံးတော့ ရှိကြရတာပဲကွ"

ဟု ပြောပြီး မီးခြစ်လုပ်သည့် အတတ်ပညာသင်ပေးသည်။ ကြေးဝါပြားကိုဝယ်ပြီး ညှပ်၊ လိပ်ခေါက်၊ ဂဟေဆော်၊ ပုံသွင်း၊ မက္ကိုင်ထည့် စသည်တို့ကို တစ်ဆင့်ချင်းသင်သည်။ မီးခြစ်ဘီးစိပ်ပြီး ဘီးမာအောင် ဆေးနည်းကအစ သင်သည်။

"ဘီးစိပ်တာ ဆေးတာကတော့ ပင်ပန်းပါတယ်ကွာ။ သီအောင်တတ်အောင်လုပ်ပြတာ။ ဝယ်ပြီး သုံးတာ သက်သာတယ်"

နောင်တွင် ဝယ်ပြီးသုံးသည်။

ခုနစ်တန်းကျောင်းသားဆိုတော့ ကျွန်တော်က လူငယ်ပင်။ ထို့ကြောင့် စိတ်မပါ။ ဝါသနာမရှိ။ ကျောင်းက ပြန်လာ၍ မီးခြစ်လုပ်ငန်းခွင်ဝင်လျှင် သားအဖနှစ်ယောက် အော်အော်ငေါက်ငေါက်နှင့် တပူပူမှာ နေ့စဉ်နေ့တိုင်း။ ထိုအချိန်တွင် အမေ မျက်ရည်ဝဲရသည်။

နောက်အဖေ ကျန်းမာရေးပြန်ကောင်းလာသော် ထိုမီးခြစ်လုပ်ငန်းကို စွန့်လိုက်သည်။ အဖေ ဆေးဆက်ကု၊ ကျွန်တော် ကျောင်းဆက်တက်။

ကျွန်တော် စာဖတ်ဝါသနာထုံသည်မှာ အဖေ့ထံမှ ကူးခြင်းဖြစ်သည်။ ကျွန်တော် အလုပ်ရပြီးသော် စာဖတ်သည့်အကျင့်စွဲသွားသည်။ အလုပ်လုပ်သည့်အတွက် အတန်းပညာကို ညကျောင်းများ ဆက်တက်ခြင်းဖြင့် ပညာရှာသည်။ ကျွန်တော်တို့ ခေတ်က အလွတ်ပညာသင်ကျောင်းများ ရှိသေးသည်။ ဘာသာစုံသင်ပေးသည်။ ကျောင်းလခ၊ တစ်လ တစ်ဆယ်၊ တစ်ဆယ့်ငါးကျပ်မျှသာ ပေးရသည်။ အစိုးရစစ်၊ ခုနစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းများ ဝင်ဖြေခွင့်ရသည်။

စနေ၊ တနင်္ဂနွေ ရုံးပိတ်၊ ကျောင်းပိတ်လျှင် အိမ်မှာရှိသည်။ အဖေကလည်း သူ့တပည့်များကို စကားပြောလိုက်၊ သင်ကြားလိုက်၊ စာဖတ်လိုက်။ ကျွန်တော်ကမူ ကိုယ့်စာအုပ်နှင့်ကိုယ်။ အများအားဖြင့် တစ်ပတ်လုံးနေ၍မှ သားအဖနှစ်ယောက် စကားသုံးခွန်းမပြောဖြစ်။

အဖေ့စာအုပ်စင်တွင် ကျွန်တော်တို့ဖတ်၍ နားမလည်သော ပါဠိပိဋကတ်ကျမ်းများ အင်္ဂုတ္တိုရ်ကျမ်းများ တွေ့ရသည်။ ယခု ကျွန်တော့်လက်ထဲတွင် အဖေ့စာအုပ်စင်မှ "ဝိနည်းမဟာဝါနိသျ" ကျမ်း၊ "သုတ်မဟာဝါနိသျ" ကျမ်းများကို တွေ့ရှိပြီး အသုံးပြုနေရဆဲ ဖြစ်သည်။

လောကီစာများအဖြစ် အဖေ့စာအုပ်စင်မှ "မှန်နန်းရာဇဝင်သုံးတွဲ"၊ "စွယ်စုံကျော်ထင်"၊ "သမန္တစက္ခုဒီပနီ"၊ "ပုဏ္ဏပကိဏ္ဏက" ကျမ်း၊ "ဘွိုင်းကောက်ဋီကာ" စသည်တို့ ယနေ့တိုင် ကျွန်တော့်လက်ဝယ် ရှိသေးသည်။ သခင်ကိုယ်တော်မှိုင်း၏ "မျောက်ဋီကာ"၊ "မျောက်ဂဏ္ဍီ" ကျမ်းများကို အဖေ့စာအုပ်ဗီရိုတွင် အဖုံးပြုတ်စာအုပ်များအဖြစ် တွေ့ဖူးသည်။ "မနုကျယ်ဓမ္မသတ်" မှာ ကျွန်တော့်လက်ဝယ် ယနေ့တိုင်။

ကျွန်တော် စာပေဝါသနာပါသည်ကိုသိ၍ "ကိုးခန်းပျို့၊ ဆုတောင်းခန်းပျို့၊ ဦးလွင်၏ ကဗျာ သင်္ဂဟမေဒနီ" များ ဖတ်နေသည်ကို တွေ့သည့်အခါ "မဃဒေဝလင်္ကာသစ်" ကို ဝယ်ပေးသည်။

"သားသမီးချစ်လျှင် အိပ်နေမှုနမ်း" ဟု နီတိစကားများရှိသည်။ ကျွန်တော်တို့အဖေမှာ ဤလိုလူစားမျိုး ဖြစ်သည်။ ကျွန်တော်တို့ အိပ်နေသည့်အခါ နိုးနမ်းခြင်းကို ပြောလို၍ မဟုတ်ပါ။ အဖေသည် ကျွန်တော်တို့နှင့် ပရောပရိမနေပါ။ ရယ်လိုက်မောလိုက်၊ ပလူးလိုက်၊ ကျီစယ်လိုက် မနေပါ။ ခပ်တည်တည်နေသည့်အတွက် အဖေ မျက်နှာရှုံ့လိုက်လျှင် မနေဝံ့အောင် ဖြစ်ရသည်။ သို့သော် သားသမီးများ နေမကောင်း ထိုင်မကောင်းဖြစ်လျှင် အဖေ ညအိပ်သည် မရှိ။ ကိုယ်တိုင်က ဆေးဆရာဖြစ်၍ မကြာမကြာ စမ်းစမ်းကြည့်သည်။ ကျွန်တော်သည် ငယ်စဉ်က ချူချာသည်။ ထို့ကြောင့် ကိုယ်တိုင်ကြုံရသလို ညီမများနှင့်ညီ ကျန်းမာရေးမကောင်း၍ ပြုစုပုံကိုလည်း မြင်ရသောကြောင့် သိခြင်း ဖြစ်သည်။

ကျွန်တော့်အလုပ်တွင် ဝင်၍အလုပ်သမားဖြစ်သွားသည့်အခါ ကျွန်တော့်ထံမှ ကတိတစ်လုံးတောင်းသည်။

"အရက်တော့ မသောက်ပါနဲ့ သားရယ်"

ဤကတိဖြစ်သည်။ ကျွန်တော်ကလည်း ...

"မသောက်ပါဘူး ... အဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကတိပေးသည်။ ထိုကတိကို ယနေ့တိုင် လုံခြုံအောင် ထိန်းသည်။ အဖေ မကွယ်လွန်မီက တောင်းသော ကတိကို အဖေရှိစဉ်ရော၊ ကွယ်လွန်ပြီးချိန်ရော ထိန်းသည်။ ကတိကြောင့်လည်း မဟုတ်၊ ကိုယ်တိုင်လည်း အရက်အပေါ် အာရုံမဝင်စားပေ။

အဖေ ကျန်းမာရေးချို့တဲ့လာချိန်တွင် ကိုယ်ဖိရင်ဖိ အစွမ်းကုန် ပြုစုရသည်။ အဖေသည် သူ နှစ်သက်ရာ အစားအစာကို ခံ့ခံ့မင်မင် စားသည်။ စားချင်သည်ကို "သေလည်း ဝဝ၊ ရှင်လည်း ဝဝ" ဆိုသော စကားကို လက်သုံးပြု၍ စားသည်။ အဖေ့ကျန်းမာရေး တဖြည်းဖြည်း ပြိုဆင်းလာသည်။ ထို့ကြောင့် အဖေ စားချင်သမျှ ရှာကြံကျွေးသည်။ အဖေ မသေမီ ကျွန်တော် မကျွေးလိုက်နိုင်တာ နှစ်ခုရှိသည်။ တစ်ခုမှာ "ဖားသားဟင်း"။ နောက်တစ်ခုက "တူနစ်လက်ထောပတ်" ဖြစ်သည်။

အိမ်မှာ "ဖားသား" ချက်လေ့မရှိ။ ကျွန်တော်တို့သည် ရန်ကုန်ဇာတိသားများဖြစ်၍ ဖားသားကို ဈေးမှာ ဝယ်၍မရ။ ထို့ကြောင့် မစားဖြစ်။ တစ်ခါတစ်ရံ အဖေ့တပည့်များက အဖေ့အတွက် ပို့ပေးလျှင် အဖေ စားရသည်။ အမေကမူ ဖားသားကို ဈေးမှာအကြောင်းတိုက်ဆိုင်၍ တွေ့သော်လည်း မကိုင်ရဲ၍ ဝယ်ချက်လေ့မရှိ။

အဖေ စားချင်သည့်ဖားသားကို ရှာမရသည်က တစ်ကြောင်း၊ အဖေ့ခြေထောက်များ အမ်းနေသည်ကို မြင်သောကြောင့် မတည့်ဟုထင်သည့်အတွက် ရှာဖွေမကျွေးမိ။

အဖေက တူနစ်လက်ထောပတ်ကို ပေါင်မုန့်နှင့် သုတ်စားချင်သည်ဟု ဆိုသည်။ ထိုကာလမှာ ၁၉၇၅ ခုနှစ် ဆိုရှယ်လစ်စနစ်ကို ချီတက်နေသည်ဟု ဆိုပြီး တိုင်းပြည်ကို စီမံကိန်း စီးပွားရေးစနစ်ဖြင့် စနစ်ကျကျ အငတ်ထားနေသော ခေတ်ဝယ် နိုင်ငံခြားဖြစ် ထောပတ်ကို ပြည်တွင်းသို့ ပြည်သူတွေအတွက် မသွင်း။ ဘယ်မှာမှ ဝယ်၍မရ။ ဗမာဖြစ် ထောပတ်တွေ ရှိသည်။ စားမလားဟု အဖေ့ကို မေးကြည့်သည်။

"ခံတွင်းမကောင်းလို့ ပေါင်မုန့် ထောပတ်သုတ်စားချင်တာ၊ ထောပတ်က ဆီချေးစော်နံတော့ အန်ချင်လာတယ်ကွ"

ပြည်တွင်းဖြစ်ကို အားပေးပါဆိုသော စနစ်နှင့် ခေတ်ကာလဝယ် ဗမာဖြစ် ဆိုရှယ်လစ် အန်ချင်စရာခေတ်၌ ဗမာဖြစ် အန်ချင်စရာ ထောပတ်ကို လူမမာအဖေ မစားဟု ဆိုသည်မှာ မဆန်း။ အဖေ ကွယ်လွန်သည်အထိ တူနစ်လက်ထောပတ်ကို အဖေ့အား ဝယ်မကျွေးနိုင်ခဲ့။

ကျွန်တော့်အမေ၏ အမည်မှာ ဒေါ်ကြည်တင်ဖြစ်သည်။ အဖေက မကြည်ဟု ခေါ်သည်။ အဖေကွယ်လွန်သည့်အခါ အမေ့အတွက် စိတ်သောကဖြစ်ပြီး ကျွန်တော် ကြေကွဲစွာ ငိုကြွေးမိသည်။ အမေသည် နလုံးရောဂါသည်။ အမေ့နလုံးရောဂါကို ခွဲစိတ်ကုသရန် ဆရာကြီးဒေါက်တာရွှေတင်က အကြံပေးသည်။ ကျွန်တော်တို့က အတွေ့အကြုံမရှိတော့ ကြောက်သည်။ အမေကိုယ်တိုင်ကလည်း ကြောက်သည်။ ကြောက်မှာပေါ့၊ ကိုယ့်ရင်ဘတ်ကိုဖွင့်ပြီး နလုံးကို ခွဲစိတ်ကုမှာဆိုတော့ ဗမာများပီပီ အတွေ့အကြုံမရှိကြတော့ မကြောက် ဘယ်သူရှိပါမလဲ။

အမေသည် အိမ်သူစစ်စစ် ဖြစ်သည်။ သို့သော် ကျွန်တော်ခုနစ်တန်းတွင် အဖေ ကျန်းမာရေးမကောင်းသည့်ကာလဝယ် အမေ့မှာ အလုပ်ရှာရသည်။ အိုးမကွာ၊ အိမ်မကွာ အမျိုးသမီးအကျီများကို လက်ချုပ်လိုက်၊ ကြယ်သီးတပ် အလုပ်ဖြင့် မိသားစုစီးပွားရေးအတွက် ဝင်ခုသည်။

ကျွန်တော် အဖမ်းခံရချိန်၌ အမေ့မျက်ရည်မကျဟု ကြားရသည်။ မိခင်၏ သောကမရှိမဟုတ် ရှိနိုင်မည်။ ကျွန်တော့်ဘိုးအေ၊ သူ့အဖေက ပူဆွေးငိုကြွေးနေသည်မို့ အမေ စိတ်ကို ထိန်းနိုင်ခြင်း ဖြစ်မည်။

ကျွန်တော် ဆယ်တန်းအောင်သည့်နှစ်က အောင်စာရင်းကို နေ့ခင်းဘက်တွင် ကပ်သောကြောင့် အောင်စာရင်းကို သွားကြည့်သည်။ "က" စာရင်းက အောင်သောအခါ အလုပ်ခွင်မှ ခေတ္တခွင့်တိုင်ပြီး အိမ်သို့ပြန်သည်။ ရုတ်တရက်ပြောလိုက်လျှင် နလုံးရောဂါသည်မို့ ဝမ်းသာပြီး စိတ်လှုပ်ရှားမှု အန္တရာယ်ဖြစ်မှာစိုး၍ အိမ်ပေါ်သို့ ဖြည်းဖြည်းသာသာ တက်သည်။ အမေ အလုပ်လုပ်နေရာသွား၍ အမေ့အနောက်ဝယ် ထိုင်လိုက်ပြီး စာမေးပွဲအောင်ကြောင်း ပြောသည်။ အမေ့မျက်နှာတွင် ဝမ်းသာပီတိရိပ်ဖြင့် ပြုံးပြီး "အေး . . . အေး" ဟူသော စကားနှစ်လုံးသာ ပြောသည်။ အမေ၏စိတ်ကို ထိန်းနိုင်မှုသတ္တိကို ချီးကျူးမိသည်။

အမေ စိတ်မထိန်းနိုင်သည်ကို တစ်ကြိမ် ကြုံရသည်။ ကျွန်တော် လက်ထပ်ပြီးသော ယောက္ခမအိမ်တွင် လိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ယောက္ခမယောက်ျား သူကလည်း သူ့သမီးနှင့် စေ့စပ်မည်ဟု သူ့ဇနီး ခွင့်တောင်းချိန်က သူ့အိမ်မှာ လိုက်နေနိုင်မှ သူ့သမီးနှင့် ပေးစားမည်ဟုဆိုသည်။ မှန်သည်။ သူတို့မှာကလည်း တစ်ဦးတည်းသော သမီးကိုး။

သည်တော့ ယောက္ခမအိမ်ရောက်နေသောကျွန်တော်၊ အမေတို့အိမ် အလည်ရောက်လေ့ရှိရာ ကျွန်တော် ထမင်းစားလျှင် ထည့်စားလေ့ရှိသော ကြွေဇလုံကို ကျွန်တော့်အား ယူသွားခိုင်းသည်။ ထိုကြွေဇလုံကို မကြည့်ချင်၍ဟု ဆိုသည်။ စကားကို ပရိယာယ်ဖြင့် မပြော၊ စိတ်ထဲခံစားရသည့်အတိုင်း မကြည့်ချင်၍ဟုပင် သုံးသည်။ ကျွန်တော် နားလည်ပါသည်။ ထိုကာလဝယ် ကျွန်တော်သည် မြန်မာစာအဓိက စတုတ္ထနှစ်ကျောင်းသားဖြစ်နေသည့်အတွက် ဝတ္ထုအနုပညာသဘော၊ ကဗျာ့ပရိယာယ်၏ သဘော၊ ရသစာပေ၏ အထိအရှတို့ကို သင်ကြားနေရပြီဖြစ်၍ အမေ၏ အတွင်းစိတ်ခံစားမှုကို ရသဘောင်ထဲ ဆွဲသွင်းနိုင်သည်။ ထိုစကားကြောင့် ကြွေဇလုံကို ကိုင်ရင်း ကျွန်တော် မျက်ရည်ဝဲရသည်။ ဇနီးသည် အသစ်စက်စက်က ဘာဖြစ်လို့ကြွေဇလုံယူခဲ့တာလဲ။ ထားခဲ့ဟု ပြောသည်။ ကြွေဇလုံနှင့်မှ ထမင်းစားတတ်ရင် အသစ်ဝယ်တာပေါ့ဟု ပြောသည်။ ကျွန်တော် ရှင်းမပြတော့ပါ။ ရှင်းပြလျှင်လည်း သူ ခံစားနားလည်နိုင်မည်မဟုတ်ပါ။ ထိုကြွေဇလုံကို ကျွန်တော် ယူလာခဲ့ပါသည်။ အမေ့နှလုံးသားကို ကျွန်တော့်လက်ဝယ် ဖွဖွညင်ညင်ကိုင်ပြီး ယူလာခဲ့သည်။

အဖေနှင့် အမေသည် အသက်ကွာသည်။ အဖေက (၁၅) နှစ်ခန့် ကြီးသည်။ ထို့ကြောင့် အဖေနှင့် အမေသည် အများအမြင်တွင် မတင့်တယ်စေမည့် အခေါ်အဝေါ် အပြောအဆိုများဖြင့် ပြောဆိုလေ့မရှိကြ။ သို့ရာတွင် အဖေ ကွယ်လွန်ပြီး မကြာမီ အမေ ကွယ်လွန်သည်။ အဖေက ၂၆-၇-၁၉၇၆ နေ့တွင် ကွယ်လွန်သည်။ အမေက ၂၉-၅-၁၉၇၇ နေ့တွင် ကွယ်လွန်သည်။ ၁၀ လနှင့် ၃ ရက်သာ စွန်းသည်။ အဖေ ကွယ်လွန်ပြီးသော် နှလုံးရောဂါသည် အမေသည် ရင်တွင်းခံစားမှုများကို ကြာရှည်သိုဝှက် သိမ်းဆည်းမထားချင်ဟု ထင်သည်။ တစ်နှစ်မပြည့်မီပင် ဇီဝိန်ချုပ်သွားသည်။

အမေသည် ကျွန်တော့်လက်ပေါ်တွင်ပင် ကွယ်လွန်သည်။ ရောဂါကြီးကြီးမားမား ဖြစ်လာ၍ မဟုတ်။ သာမန်တုပ်ကွေးဖျားရာက ၂၉-၅-၁၉၇၇ နေ့အကူး နံနက် ၃ နာရီ ၄၅ မိနစ်ခန့်တွင် ကွယ်လွန်သွားသည်။ ညဉ့်ဦးပိုင်းကပင် ကျွန်တော်နှင့် စကားပြောနေသေးသည်။ ထိုနေ့ နံနက် (၃)နာရီ (၄၀) မိနစ်ခန့်တွင် ကျွန်တော် ဆီးထသွားသည်။ အမေ၏ အသက်ရှူသံကို မသက်သာသောကြောင့် အမေ့အခန်း မီးဖွင့်ပြီး ကြည့်သည်။ အမေသည် ခြင်ထောင်အပြင်ဘက် ခေါင်းရောက်နေသည်။ ကျွန်တော် ရောက်သွားသည့်အခါ အသက်ရှူသံ သုံးကြိမ်ကြားရပြီးသော် ကျွန်တော် ပွေ့ထားလျက် ကျွန်တော့်လက်ပေါ် အသက်ပျောက်သွားသည်။

ခုနှစ်ကို မမှတ်မိတော့ပါ။ စစ်ကိုင်းသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မဖွင့်သေးမီ အဆောက်အအုံများ ဆောက်လက်စကာလက ရန်ကုန်မှ စာပေပညာရှင်များကို သီတဂူဆရာတော်က သီတဂူစာပေပညာရှင်များဟု အသိအမှတ်ပြု သုံးနှုန်းပြီး စစ်ကိုင်းသို့ လေ့လာရေး ခရီးခေါ်သည်။ စာရေးဆရာ (၈၀) ကျော် (၉၀)နီးပါးခန့် ရှိမည်။ ထိုခရီးမှ အပြန်လမ်းတွင် သူငယ်ချင်းမောင်ခေတ်ထွန်းက အမေနေ့အတွက် ရည်စူးပြီး စာရေးဆရာတစ်ဦးချင်းဆီမှ မှတ်ချက်လေး တောင်းသည်။ ကျွန်တော် ရေးပေးသည့်မှတ်ချက်မှာ . . .

"ကျွန်တော်၏ အဖေနှင့်အမေသည် ချစ်ချစ်ခင်ခင်
သစ္စာရှိစွာ ထင်းပုံခေါင်းချ ပေါင်းသင်းသွားကြပါသည်။
ကျွန်တော်၏ အဖေနှင့်အမေကို ကျွန်တော်၏ လက်ရေး
ဖြင့် ကွာရှင်းစာချုပ် ရေးမပေးနိုင်ပါ"

ဟူ၍ ဖြစ်သည်။ အမေ့ကို ချစ်သည်။ သို့သော် အဖေနှင့်ခွဲ၍ သီးခြားမထားနိုင်ပါ။ အဖေ့ကိုလည်း ချစ်သည်။ အမေ့ကို အဖေ့အဝေးသို့လည်း မပို့နိုင်ပါ။ "ည ၆ နာရီဆို ပြန်လာပါ အဖေ၊ အဖေနဲ့ အမေ အဆင်ပြေနေရင် သိပ်ကောင်းမှာပဲ" ဆိုသော တေးစာသား ကျွန်တော့် အဖေ၊ အမေနှင့် မိသားစုတွင် ဘယ်အချိန်ကမှ မပေါ်ပေါက်ခဲ့ပါ။ ဤသို့လည်း ဘယ်သောအခါကမှ ကျွန်တော်တို့ မတောင့်တခဲ့ရပါ။

ကဗျာလင်္ကာများတွင်
"ဖကိုလက်ယာ၊ မိကိုလက်ဝဲ
အမြဲဆောင်ရွက်၊ ပခုံးထက်တွင်
တင်လျက်လုပ်ကျွေး၊ မပြတ်မွေးသည်၊
ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး"

(မဃဒေဝလင်္ကာသစ်၊ အပိုဒ် - ၂၄၄)

ဟု ဖွဲ့သည်။ စင်စစ် ဤအဖွဲ့အရင်းခံမှာ မြတ်စွာဘုရား၏



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအမဖြစ်သည်။ အဂုံတ္တိုရ်ပါဠိတော်၊ ဒုကနိပါတ် သမစိတ္တဝဂ်တွင် ဤသို့ဟောကြားထားသည်။

"ရဟန်းတို့ နှစ်ဦးသော သူတို့ကို လွယ်ကူစွာ ကျေးဇူးတုံ့ပြန်နိုင်သည်ဟု ငါမဟော။ အဘယ်နှစ်ဦးတို့နည်းဟူမူ မိခင်လည်းကောင်း၊ ဖခင်လည်းကောင်းတို့တည်း။ ရဟန်းတို့ သားသမီးဖြစ်သောသူသည် အသက်တစ်ရာတန်း၌ဖြစ်၍ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ကာ ပခုံးတစ်ဖက်ဖြင့် အမိကို ဆောင်ယူ၍ လုပ်ကျွေးပြုစုရာ၏။ ပခုံးတစ်ဖက်ဖြင့် အဖကို ဆောင်ယူ၍ လုပ်ကျွေးပြုစုရာ၏။ ထိုသားသမီးဖြစ်သူသည် ထို အမိအဖတို့အား အနံ့အသက် ကင်းအောင် အမွှေးအကြိုင် လိမ်းပေးခြင်း၊ အညောင်းအညာပြေအောင် နှိပ်ပေးခြင်း၊ ရေပူရေအေးချိုးပေးခြင်း၊ ခြေဆုပ်လက် နယ်ပြုခြင်းဖြင့် လုပ်ကျွေးပြုစုရာ၏။ ထိုအမိအဖတို့သည်လည်း ထို သားသမီးပခုံးပေါ်၌ပင်လျှင် ကျင်ကြီးကျင်ငယ် စွန့်ကုန်ရာ၏။ ရဟန်းတို့ ထိုသို့ပင် ပြုစုပါသော်လည်း အမိအဖတို့အား ကျေးဇူးပြုခြင်းသည် လည်းကောင်း၊ ကျေးဇူးတုံ့ပြုခြင်းသည်လည်းကောင်း၊ မဖြစ်နိုင်သေးသည်သာတည်း"

မြတ်စွာဘုရား၏ အဆုံးအမအရ မိဘကျေးဇူးဆပ်၍ မကုန်နိုင်ကြောင်း သိရသောကြောင့် ကျွန်ုပ်၏ ကျေးဇူးရှင်များမှာ မိဘနှစ်ပါးဖြစ်ကြောင်း ဆိုရခြင်း ဖြစ်သည်။

ကျွန်တော် စာပေဝါသနာပါသည်။ စာဖတ်သည်ကို အဖေ နှစ်သက်သည်၊ အားပေးသည်။ ယနေ့ကာလ၌ ကျွန်တော်သည် စာပေမွေ့လျော်သူ၊ စာပေရေးသားသူ ဖြစ်နေသည်။ ကျွန်တော် မဟာဝိဇ္ဇာဘွဲ့ ဆက်ယူသည်လည်း အဖေရော၊ အမေပါမသိ။ စာပေဆုရသည်များကိုလည်း ဘယ်သူမှ မသိ။ ကျွန်တော် စာပေဆုရရန်အတွက် ပေါ်ပေါက်လာသော ကျေးဇူးရှင်မှာ သူရဇော် ဖြစ်သည်။

သူနှင့် ကျွန်တော်မှာ မဟာဝိဇ္ဇာသင်တန်းတက်ဖက် ဖြစ်သည်။ ကျွန်တော်တို့ မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းများပြုစုနေချိန် မဟာဝိဇ္ဇာကျမ်း လက်နှိပ်စက် ရိုက်နေချိန်တွင် သုခမ ဦးအုန်းခင် ပန်းချီဆရာက ကျွန်တော့်ထံမှ စာမူတောင်းသည်။ "မြတ်ဆုမွန်"အတွက် ဖြစ်သည်။ စာမူတစ်ပုဒ်ရေးလိုက်သည်။ သုံးလည်း သုံးပါသည်။ စာမူ ဆက်တောင်းသည်။

ကျွန်တော်က စာကရှည်မည်ဖြစ်၍ လကြာကြာရေးရမည်ဟု ဆိုသည်။ သုခမဦးအုန်းခင်က အခန်းဆက်ဆိုလျှင် ကြောက်၍မယူချင်ဟု ပြောသည်။

ထိုကာလက စာပေစိစစ်ရေးက တင်းကြပ်စပြုလာချိန် ဖြစ်သည်။ ဘာသာပြန်အခန်းဆက်ဆောင်းပါးများကို ဟိုဖြတ်၊ ဒီဖြတ်လုပ်လာသည့်အခါ စာစောင်များ၊ မဂ္ဂဇင်းများမှာ ဒုက္ခရောက်ရသည်။ တစ်ခါတစ်ရံ ဆောင်းပါး၊ ဝတ္ထုတစ်ပုဒ်လုံး ဖြတ်သည်။ ထို့ကြောင့် အခန်းဆက်ဆိုလျှင် မလိုချင်ဟု ဆိုခြင်းဖြစ်သည်။

"ကျွန်တော်လည်း မနေနိုင်သောကြောင့် "ငါးရာ့ငါးဆယ်" အကြောင်း စာအုပ်ရေးသည်။ စာအုပ်နာမည် မပေးရသေး။ ထိုစာမူ ကျွန်တော်၏လက်တွင် တစ်နှစ်ကျော်ခန့်ကြာနေသည်ကို သူရဇော် သိသည်။ ထို့ကြောင့် ၁၉၈၅-ခုနှစ်၊ အောက်တိုဘာလခန့်တွင် စာပေဗိမာန်စာမူပြိုင်ပွဲသွင်းရန် သူရဇော်က တိုက်တွန်းသည်။

"ငါးရာ့ငါးဆယ်သိမှတ်ဖွယ်"ဟု စာအုပ်အမည်ပေးပြီး ပြိုင်ပွဲဝင်သည်။ ဆုရသည်။ ကျွန်တော်လည်း ဦးအေးချို (မဟာဝိဇ္ဇာ) ဖြစ်သွားသည်။ စာမူပြိုင်ပွဲဝင်ရန် လမ်းညွှန်ပေးသူ လမ်းပြပေးသူဖြစ်၍ သူလည်း ကျေးဇူးရှင်ပင်။

ကျွန်တော်၏ကျေးဇူးရှင်များနှင့် ကျွန်တော် ဆက်သွယ်နေကြသည်မှာ စာပေနှင့် လုံးဝအကျုံးဝင်နေသည်။

ကျွန်တော် "ငါးရာ့ငါးဆယ်သိမှတ်ဖွယ်" ဆုရကြောင်း ကြေညာသည့်ညက ဆုကြေညာသံကို ကြားရပြီးသော် မိဘနှစ်ပါးကို သတိရပြီး မျက်ရည်ဝဲနေသေးသည်။

ကျွန်တော် စာပေဆုများရပြီး စာပေရေးသားနေသည်ကို အဖေသိလျှင် မည်မျှဝမ်းသာမည်နည်းဟုလည်း အမြဲတမ်းတ မှန်းဆပြီး လွမ်းရပါသည်။

ဘိုးဘွားမိဘများသည် ကျွန်တော်၏ စာပေခရီးအတွက် ကျေးဇူးကြီးမားကြလှပါဘိ။

**ဦးအေးချို (မဟာဝိဇ္ဇာ)**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာ့ကျေးဇူး

## ကိုမြင့်ထွန်း(Quality)



အမည်ရင်းမှာ ဦးမြင့်ထွန်းဖြစ်ပြီး Quality စာအုပ်တိုက်နှင့် ဆုပြည့်စုံထွန်း စာအုပ်တိုက် တည်ထောင်ကာ စာပေထုတ်ဝေဖြန့်ချိလုပ်ကိုင်သည်။ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဖြစ်သည်။ ဝါသနာပါရာ အက်ဆေးများ ရေး၍ အက်ဆေး ၂ အုပ်ထုတ်ဝေပြီး ဖြစ်သည်။ ဇနီးဖြစ်သူ ဒေါ်ခင်မာရွှေ၊ သမီး ဆုပြည့်စုံထွန်းတို့နှင့် အမှတ် (၅၀၈/၅၁၂) ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

ကျွန်တော် ခုနစ်တန်းနှစ်က ဖြစ်ပါသည်။ တန်းခွဲ (C) တွင် တက်ခဲ့ရစဉ် အတန်းပိုင်ဆရာကြီးမှာ ဆရာကြီး ဦးသန်းရွှေ ဖြစ်ပါသည်။ အသက် (၆၀) ပြည့် ပင်စင်ယူခါနီး လူပျိုဆရာကြီးလည်း ဖြစ်ပါသည်။ ဆရာကြီး သင်ကြားသော ဘာသာမှာ မြန်မာစာဘာသာရပ် ဖြစ်ပါသည်။ မြန်မာစာနှင့်ပတ်သက်၍လည်း အထူးဖတ်မှတ်လေ့လာထားသူဖြစ်ရာ ကျွန်တော့်အဖို့ ဆရာကြီး၏ အသင်အပြများကို အထူးနှစ်သက်မိပါသည်။ ဖုန်တက်နေသော ကျောင်းစာကြည့်တိုက်၏ သော့ခလောက်ကို ဖွင့်လှစ်ကာ ကျွန်တော့်အား စာကြည့်တိုက်ထဲမှ ရှားပါးစာအုပ်များ၊ ဖတ်သင့်သော စာအုပ်များကိုလည်း ငှားရမ်းပေးသူ ဖြစ်ပါသည်။ ၎င်းအပြင် စာစီစာကုံးအား တစ်ပတ်တစ်ကြိမ် ရေးခိုင်းသော ဆရာကြီးလည်း ဖြစ်ပါသည်။ ကျွန်တော် ရေးသားသော စာစီစာကုံးအား အတန်းထဲတွင် အသံထွက်ကာ တစ်တန်းလုံးကြားအောင် ရွတ်ဖတ်ခိုင်းပါသည်။ ထို့ကြောင့် ကျွန်တော် စာစီစာကုံးရေးလျှင် အကိုးအကားရှာရသောဒုက္ခ၊ စကားပြေအရေးအသားမကောင်းမှာ ပူပန်ရသော ဒုက္ခ စသည်တို့နှင့် ကြုံခဲ့ရသော စာသင်နှစ်လည်း ဖြစ်ခဲ့ရပါသည်။ တကယ်တော့ ဆရာကြီးသည် ကျွန်တော် မြန်မာစာပေကို ဝါသနာပါ၍ ကဗျာများ၊ စာတိုပေစများ ရေးနေသည်ကိုလည်း သတိထားမိသူဖြစ်ပါသည်။ ထို့ကြောင့် စာသင်ခန်းအတွင်းရှိ သင်ခန်းစာ သင်ယူနေသော ဘောင်အတွင်းမှ မြန်မာစာပေနှင့်ပတ်သက်၍ အရည်အသွေးတိုးတက်လာစေရန် ဆောင်ရွက်ပေးခဲ့သော ဆရာကြီးလည်း ဖြစ်ပါသည်။

နယ်မြို့လေးဖြစ်သောကြောင့် စာအုပ်စာပေ အလွန်ရှားပါးပါသည်။ စာအုပ်အငှားဆိုင်နှစ်ဆိုင်ခန့်သာရှိ၍ စာအုပ်အရောင်းဆိုင် တစ်ဆိုင်မျှမရှိပါ။ မြို့ထဲရှိ ထီ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းသော ဦးဒါနဆိုသူ မှာယူရောင်းချပေးသော ရွှေသွေး၊ တေဇ၊ တို့ကျောင်းသား စာစောင်များသာ ရှိပါသည်။ ဆရာကြီးသည် ထိုစာစောင်များအား လစဉ်ဝယ်ယူပြီး ကျွန်တော့်အား ပေးဖတ်လေ့ရှိပါသည်။ ထိုစဉ်ကတည်းက ရွှေသွေးစာစောင်တွင် ပါဝင်ရေးသားကြသော ဆရာကြီး ဦးဘကြည်၊ ဦးစိန်၊ ဦးသန်းကြွယ် စသော ဆရာကြီးများ၏ ပန်းချီနှင့် စာပေလက်ရာများကို အကျွမ်းတဝင် ဖြစ်ခဲ့ရပါသည်။ တို့ကျောင်းသားစာစောင်ထဲရှိ လစဉ်ဆုရ စာစီစာကုံးရှင်များ၏ လက်ရာများကိုလည်း ဖတ်ရှုခဲ့ရသည့်အတွက် ၎င်းတို့၏ အမည်နာမများကို ယနေ့ထက်တိုင် သတိရနေဆဲ ဖြစ်ပါသည်။ အချို့ဆိုလျှင် နာမည်ကြီး အထူးကုဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများပင် ဖြစ်လျက် နေပါသည်။

ကျွန်တော်သည် ခုနစ်တန်းစာသင်နှစ်အထိ သနပ်ခါးလိမ်း၍ ကျောင်းတက်သော ကျောင်းသားတစ်ဦး ဖြစ်ခဲ့ပါသည်။ ကျွန်တော့်အမေသည် သနပ်ခါးကို အလွန်နှစ်ခြိုက်သောကြောင့် မနက်တိုင်း သူကိုယ်တိုင် သနပ်ခါးလိမ်းပေးလေ့ ရှိပါသည်။ ထိုစဉ်ကာလ ယောကျ်ားလေး ဖြစ်သော်လည်း သနပ်ခါးလိမ်းကျောင်းတက်သော ကျောင်းသားများရှိသည့်အတွက် အခြောက်ဟုလည်း မည်သူမျှ မထင်ကြပါ။ မိမိကိုယ်တိုင်လည်း ယောကျ်ားစစ်စစ်တစ်ယောက်အနေဖြင့်သာ ရပ်တည်ခဲ့သူဖြစ်ပါသည်။ ဆရာကြီးသည် ထိုသနပ်ခါးလိမ်းသည့်အချက်ကိုလည်း နှစ်သက်ပုံရပါသည်။ ကျောင်းသားများကြားထဲ ကျွန်တော့်ကိုလည်း ပိုပြီးအလေးပေး၍ ကူညီပံ့ပိုးပေးသော ဆရာကြီး ဖြစ်ပါသည်။ သူကန်တော့ခံ ရရှိထားသော ကျောင်းစိမ်းလုံချည်အချို့ကို ကျွန်တော်နှင့်ရွယ်တူ သူ၏တူများရှိလျက်နှင့်ပင် ကျွန်တော့်ကို ပေးဖူးပါသည်။ သူ၏မှတ်တမ်းစာအုပ်များအား ဖြဲ၍ ကျန်လွတ်နေသော စာမျက်နှာများကို စာအုပ်ချုပ်၍ စာအုပ်များ၊ ခဲတံများပေးကာ ကူညီခဲ့ဖူးပါသည်။

ထိုနှစ်သီတင်းကျွတ်လပြည့်နေ့က ကျွန်တော် အပါအဝင် သူငယ်ချင်းလေးငါးဦး စုစည်းကာ ဆရာကြီးထံ သွားရောက်ကန်တော့ခဲ့ပါသည်။ ကျွန်တော်အမှတ်ရနေမိသည်မှာ ကန်တော့ပစ္စည်း မဝယ်နိုင်၍ ကျွန်တော့်အမေ လက်ဆောင်ရထားသော တဘက်တစ်ထည်အား ကန်တော့ခဲ့ပါသည်။ ဆရာကြီးသည် ကန်တော့ခံပစ္စည်းအားလုံးအား လက်ခံခဲ့ပါသည်။ ဆုများလည်း ချီးမြှင့်ကာ ဆုံးမစကားများလည်း ပြောကြားခဲ့ပါသည်။ သို့သော် နောက်နေ့ရောက်သောအခါ ကျွန်တော်ကန်တော့ခဲ့သော တဘက်အား ကျွန်တော့်အိမ်သို့ ပြန်လာ၍ ပေးခဲ့ပါသည်။ ဒီတဘက်က တန်ဖိုးနည်းနည်းကြီးသည့်အတွက် နောက်ပိုင်း မင်းတို့ အလုပ်ဝင်တဲ့အခါကျမှသာ ကန်တော့ပါဟု ပြောကြားခဲ့သည်ကို ယနေ့တိုင် အမှတ်ရနေဆဲ ဖြစ်ပါသည်။

တစ်ခါကလည်း မြို့တော်ခန်းမတွင် ဦးမောင်မောင် ဆပ်ကပ်ပွဲ ဖျော်ဖြေပါသည်။ ကျွန်တော်တို့ ကျောင်းသားလေးများနှင့် ဆရာကြီးက ဆပ်ကပ်ပွဲကို သွားရောက်ကြည့်ရှုခဲ့ပါသည်။ ထိုဆပ်ကပ်ပွဲ၌ပင် နေရာလုရင်း ကျွန်တော်တို့ ကျောင်းသားတစ်စုနှင့် အခြားသူတစ်စု ရန်ဖြစ်ကြပါသည်။ ကျွန်တော်တို့ဘက်က မှန်နေသောကြောင့် အုပ်စုလည်း ကောင်းနေသောကြောင့် တုံ့ပြန်ရန်ဖြစ်မည်ကို ဆရာကြီး မကြိုက်ပါ။ တစ်ဖက်လူစုအား တောင်းပန်၍ သူကိုယ်တိုင် ကျွန်တော်တို့အား ထိန်းသိမ်းပြီးပြန်ခေါ်သွားသည်ကိုလည်း သတိရမိပါသည်။

ဆရာကြီးသည် လူပျိုလူလွတ်တစ်ဦးပီပီ သူ၏ ညီမတစ်ဝမ်းကွဲနေအိမ်၌ နေထိုင်ရင်း စာသင်နေသူ ဖြစ်ပါသည်။ အခြားသော တာဝန်ဝတ္တရားများလည်း မရှိအောင်နေသူ ဖြစ်ပါသည်။ သူ၏ငယ်စဉ်ဘဝကို ကျွန်တော်တို့ မသိပါ။ ကျွန်တော်တို့သိသောအသက်အရွယ်တွင် အသက်ခြောက်ဆယ်ပြည့်ရန် တစ်နှစ်အလို ဖြစ်နေပါသည်။ ကျွန်တော်တို့ ရှစ်တန်းရောက်သည့်နှစ်တွင် ကျောင်းမှ ဆရာကြီး အငြိမ်းစားယူပါသည်။ အငြိမ်းစား ဆရာကြီးအား နှုတ်ဆက်သည့်ပွဲတွင် ဆုံးမစကားများနှင့်အတူ မျက်ရည်လည်နေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ဆရာကြီးသည် တစ်ခါတစ်ရံ သူ့အကြောင်းကို တစ်စွန်းတစ်စ ပြောလေ့ရှိပါသည်။ ကျွန်တော်တို့မြို့လေးနှင့် မိုင် ၂၀ ကျော်ဝေးသော ရွာလေးတစ်ရွာတွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်ပါသည်။ ကျွန်တော့်အား နက္ခတ်ဗေဒင်ပညာ သင်ကြားရန် ထူးထူးခြားခြား တိုက်တွန်းခဲ့သော ဆရာကြီးလည်း ဖြစ်ပါသည်။ ထိုဗေဒင်ပညာတော့ ကျွန်တော် မသင်ဖြစ်ခဲ့ပါ။ သူ ပင်စင်ယူသွားချိန်တွင် သူဝတ်ခဲ့သော ကျောင်းစိမ်းလုံချည်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်များအပြင် ဆယ်နှစ်နီးပါးမျှ စုဆောင်းထားသော တေဇ၊ တို့ကျောင်းသား စာစောင်အတွဲများကို ကျွန်တော့်အား အမွေအဖြစ် ပေးခဲ့ဖူးပါသည်။ ဆရာကြီးသည် စာရေးဆရာ၊ ကဗျာဆရာ မဟုတ်သော်လည်း စာကဗျာနှင့် ပတ်သက်သော စာပေများစွာကိုလည်း ဖတ်ရှုလေ့လာသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ဝေဖန်ရေးဆရာ ဝင်းလတ်၊ မောင်စွမ်းရည် စသော ဆရာများ၏ ဝေဖန်ရေးစာအုပ်များကို ထိုစဉ်က တည်းကပင် ပေးဖတ်ခဲ့ပါသည်။ ထိုဝေဖန်ခံရသော စာအုပ်များအား ရှာဖွေဖတ်ရှုစေခဲ့သူလည်း ဖြစ်ပါသည်။ ဆရာကြီး ဇော်ဂျီ၊ ဆရာကြီး မင်းသုဝဏ်တို့၏ စာကဗျာများနှင့်လည်း ထိ တွေ့ရင်းနှီးစေရုံသာမက အချို့ကို အလွတ်ပင် ကျက်မှတ်နိုင်းခဲ့သူ ဖြစ်ပါသည်။ ရန်ကုန်ဗဆွေ၏ သီကုံးပန်းသွင် ရေးဖွဲ့ချင်သော်၊ပန်းသွင်သီကုံးရေးနည်းထုံး၊ပုဂံဝန်ထောက်မင်း ဦးတင်၏ ကဗျာဗန္ဓသာရကျမ်း၊ ဝေါဟာရတ္ထ ပကာသနီကျမ်း၊ ဝေါဟာရလိနတ္ထ ဒီပနီကျမ်း၊ စလေဦးပုည၏ ဝတ္ထုလေးပုဒ်၊ မေတ္တာစာများ၊ ကျည်းကန်ရှင်ကြီး၏ မေတ္တာစာများ၊ ဆရာဦးအေးမောင်၏ သေသည်၏ အခြားမဲ့၌ စသော စာအုပ်များ စသော မြန်မာစာပေနှင့်ပတ်သက်သော စာအုပ်ပေါင်းမြောက်မြားစွာကို ထိတွေ့ပေးခဲ့သူ ဖြစ်ပါသည်။ ငယ်စဉ်ကတည်းက ကဗျာပိုးပါသူပီပီ ထိုကာလကတည်းက ကဗျာများ၊ စာတိုပေစများကို လက်တည့်စမ်း ရေးသားခဲ့ဖူးပါသည်။ မှတ်မှတ်ရရ အသက် (၁၃) နှစ်အရွယ်တွင် ထိုစဉ်က လမ်းစဉ်လူငယ်များ ဦးဆောင်ထုတ်ဝေသော လူငယ်စာစောင်တွင်ကဗျာများရေးသားဖြစ်ခဲ့ပါသည်၊ပထမဦးဆုံးသော ရေးသားခဲ့သည့် ကဗျာလေးမှာ "ခေါင်းဆောင်" ဟူသော ကဗျာလေး ဖြစ်ပါသည်။

"နောက်လိုက်ငယ်သား၊
လူအများကို၊
ကြိုးစားရှေ့ဆောင်၊
လမ်းမှန်ဘောင်သို့၊
ဦးဆောင်ပြသ ပေးသောသူ" ဟူသော ကဗျာတိုလေး ဖြစ်ပါသည်။

ထိုကဗျာလေးအပြီးတွင်လွတ်လပ်ရေးနေ့၊အာဇာနည်နေ့ အထိမ်းအမှတ်ထုတ်ဝေသည့် စာစောင်များ၊ လက်ကမ်းစာစောင်များတွင် ကဗျာလေးများ စတင်ရေးဖြစ်ခဲ့ပါသည်။ ဆရာကြီး မြှင့်တင်ပေးလိုက်သည့် စာဖတ်အားကလည်း တော်တော်ကောင်းလှသည့်အတွက် စာအုပ်စာပေ ရှားပါးသော နယ်မြို့တွင် တွေ့ရာစာအုပ်မှန်သမျှ ဖတ်ရှုခဲ့ပါသည်။ တရုတ်သိုင်းဝတ္ထုများမှအစ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံ၊ ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ စာဆိုတော်၊ လယ်တီဆရာတော်ဘုရားကြီး၏ ယမိုက်ကျမ်းများကိုပါ နားမလည်ဘဲနှင့် ဖတ်ရှုခဲ့ဖူးပါသည်။ တရုတ်ပြည်ပေါ်မှကြယ်နီ(The Red Star in the China) စာအုပ်ကြီးကို ဖတ်ရှုနေစဉ် ကျွန်တော့်အစ်ကို အကြီးမှ လာရောက်သိမ်းဆည်းသွားပါသည်။ နောက်မှ သိရသည်မှာ ကျွန်တော်တို့မြို့နယ်တွင် ကွန်မြူနစ်ယူဂျီတစ်ယောက်အား ဖမ်းမိသည့်အချိန်တွင် ထိုစာအုပ်ကိုပါ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသွားခဲ့သည့် သာဓကရှိသဖြင့် ကျွန်တော့်အစ်ကိုမှ တားခြင်းဖြစ်ပါသည်။

ဆရာ့၏ပံ့ပိုးမှုနောက်တွင် ကျွန်တော့်အစ်ကို အကြီးဆုံးဖြစ်သော ကိုဉာဏ်ထွန်း၏ ပံ့ပိုးမှုများကိုလည်း ချန်လှပ်ခဲ့၍ မရနိုင်ပါ။ ထိုစဉ်ကာလကတည်းကပင် သူသည် မြို့နယ်၏ စာပေစာနယ်ဇင်းအသင်းဝင်တစ်ယောက် ဖြစ်ရုံမက ကဗျာစာအုပ် နှစ်အုပ်ခန့်လည်း ထုတ်ဝေပြီးသူ ဖြစ်နေပါသည်။ မိုးဝေ၊ ရှုမဝ၊ တိုင်းရင်းမေ၊ ပေဖူးလွှာ စသော မဂ္ဂဇင်းကြီးများတွင် ကဗျာများကို ဝင်ရောက်ရေးသားနေသူ ဖြစ်ပါသည်။ သူစုဆောင်းထားသော စာအုပ်များမှာလည်း ကျွန်းသေတ္တာကြီးတစ်လုံးအပြည့် ဖြစ်ပါသည်။ လျှပ်စစ်မီးမရှိ၊ တယ်လီဗေးရှင်းမရှိ၊ကက်ဆက်မရှိသောကျွန်တော်တို့အိမ်တွင်ထိုကျွန်းသေတ္တာကြီးမှာတန်ဖိုးအကြီးဆုံးသောရတနာသေတ္တာကြီးပင် ဖြစ်ပါသည်။ ဆရာကြီး၏ စာဖတ်ကျင့် ပျိုးပေးလိုက်သည့် အမှုအကျင့်ကောင်းများကို ထိုစာအုပ်သေတ္တာကြီးက ဆွဲဆောင်သိမ်းသွင်းသွားပါသည်။ ယနေ့ ကျွန်တော်ထုတ်ဝေသူ ဖြစ်နေခြင်းမှာလည်း ထိုသို့သော နောက်ခံအကြောင်းတရားများကြောင့်သာ ဖြစ်ပါသည်။

၁၉၈၃ ခုနှစ်တွင် ကျွန်တော့်အစ်ကိုနှင့် ဇလွန်လွမ်းကျော်တို့ ပူးပေါင်းကာ လဝန်းရိပ်စာပေဟူသော စာအုပ်အငှားဆိုင်လေးကို ဖွင့်လှစ်ခဲ့ဖူးပါသည်။ စာအုပ်များ မပြည့်တင်းနိုင်၍စာအုပ်ဆိုင်လေးမှာကာလတစ်ခုအထိသာသက်တမ်းရှိခဲ့ပါသည်။ ကျွန်တော် ဆယ်တန်းအောင်မြင်ချိန်တွင် ထိုစာအုပ်ဆိုင်လေးမှာ ဖွင့်တစ်ရက်၊ မဖွင့်တစ်ရက် ဖြစ်နေသည်။ ထို့ကြောင့် ထိုစာအုပ်ဆိုင်လေးအား ကျွန်တော်ဆက်လုပ်ခွင့်အား တောင်းခဲ့ရပါသည်။ ရန်ကုန်စာပေတိုက်များမှ စာအုပ်အသစ်များကို VPP စနစ်ဖြင့် မှာယူခဲ့ရပါသည်။ ကျွန်တော်အထင်ကြီး အားကျခဲ့သော စာပေတိုက်ကြီးများ၏ ပိုင်ရှင်များမှာ ယခုအခါတွင် ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးကြသော မိတ်ဆွေကြီးများ ဖြစ်နေကြလေပြီ။ ထိုစဉ်ကာလက ကျွန်တော် အလွန်နှစ်သက်ခဲ့သော မျက်နှာဖုံးပန်းချီဆရာကြီးများမှာလည်း ကျွန်တော့်စာအုပ်တိုက်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များတွင် ရေးဆွဲပေးကြပါသည်။ ကျွန်တော့်၏စာမူ ဝတ္ထုတိုကို ပထမဦးဆုံး စတင်ဖော်ပြပေးခဲ့သည့် ဆရာများ ဖြစ်ကြသော ဆရာမောင်စိန်ဝင်း(ပုဂံကုန်း)၊ ဆရာနွမ်ဂျာသိုင်းတို့နှင့်လည်းအလွန်ခင်မင်ရင်းနှီးသောစာပေမိတ်ဆွေများ ဖြစ်နေကြပါသည်။ အချို့သော ခရီးများ၊ ဟောပြောပွဲများတွင်လည်း အတူတူသွားရောက်ခဲ့ကြသည်အထိ ရင်းနှီးခင်မင်နေကြပြီ ဖြစ်ပါသည်။ စာပေနှင့်စိတ်ဓာတ်က ကျွန်တော်ရောက်ချင်သော နေရာအထိ တွန်းပို့ခဲ့ကြခြင်း ဖြစ်သည်။ ထိုတွန်းအားကို ရရှိစေသည့် အကြောင်းခံမှာ ငယ်ဘဝက ပြုစုပျိုးထောင်ကာ ကောင်းမွန်သောစိတ်ဓာတ်များ သွင်းပေးခဲ့ကြသည့် ဆရာ/ဆရာမများ၏ ကျေးဇူးပင် ဖြစ်ပါသည်။ အထူးသဖြင့် စာပေဝါသနာ မျိုးစေ့ကို ချပေးခဲ့သူမှာ ဆရာကြီးဦးသန်းရွှေသာ ဖြစ်ပါသည်။

ဆရာကြီးသည် ကျွန်တော့်အား နက္ခတ်ဗေဒပညာကို မဟာသာပက်တန်းဘုန်းကြီးထံတွင် သင်ယူစေရန် ဆန္ဒရှိခဲ့ပါသည်။ ထိုဘုန်းကြီးမှာ သမ္မတကြီးဦးနေဝင်းတည်ခဲ့သော မဟာဝိဇယစေတီ၏ကြယ်လနက္ခတ်တာရာ အစီအရင်များအား စီရင်ခဲ့သူ ဖြစ်ပါသည်။ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် သာသနာသန့်ရှင်းရေးထဲ ပါဝင်ခဲ့ပြီး ဤပက်တန်းရွာကလေးတွင် ကျောင်းသေးသေးဆောက်ကာ ဗေဒင်ပညာကို ဆက်လက်ဟောပြောလေ့လာနေသော ဘုန်းကြီး ဖြစ်ပါသည်။ အကယ်၍သာ ဆရာကြီး သင်ခိုင်းခဲ့စဉ်က သင်ယူခဲ့မည်ဆိုလျှင် ယခုအခါတွင် ထုတ်ဝေသူတစ်ယောက် ဖြစ်လာလိမ့်မည်ဟု မထင်ပါ။ ဗေဒင်ဆရာတောင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဆရာကြီးကိုယ်တိုင်လည်း ဗေဒင်လက္ခဏာပညာကို ယုံကြည်ပုံ ရပါသည်။ သူ့အသက် (၇၃)နှစ်တွင်သေမည်ဖြစ်ကြောင်းဗေဒင်ဆရာနှစ်ယောက်က သီးခြားစီ ဟောဖူးသည့်အကြောင်း ကျွန်တော့်အား ပြောပြခဲ့ဖူးပါသည်။ တစ်ဦးက လက္ခဏာဆရာဖြစ်၍ အသက်လမ်းကြောင်းကို ကွန်ပါချွန်ဖြင့် ထောက်ကာ အတိအကျ ဟောကြားခဲ့ကြောင်း၊ နောက်တစ်ဦးမှာ နက္ခတ်ဗေဒင်ပညာဖြင့် ကွယ်လွန်မည့် နေရက်အချိန်အခါအား အတိအကျ ဟောပြောကြောင်း၊ ယေဘုယျအားဖြင့် နှစ်ယောက်လုံး၏ ဟောပြောချက်မှာ သူ၏အသက် (၇၃) နှစ်တွင် ကွယ်လွန်မည်ဖြစ်ကြောင်း ကျွန်တော့်အား ပြောပြခဲ့ဖူးပါသည်။

တကယ်တော့ ဗေဒင်ဟောထားခဲ့သလို မဟုတ်ဘဲ အသက် (၇၃) နှစ်အရွယ်မရောက်ခင် (၆၈) နှစ်၌ပင် ဆရာကြီး ကွယ်လွန်ခဲ့ပါသည်။ မကွယ်လွန်မီ လေဖြတ်ရောဂါဝေဒနာကို ဆရာကြီး ခံစားသွားရပါသည်။ ထိုအချိန်တွင် ကျွန်တော်တို့သည်လည်း ဆယ်တန်းများအောင်၍အလုပ်အသီးသီး၊နယ်အသီးသီးတွင် တစ်ကွဲတစ်ပြားစီဖြစ်၍ဆရာကြီး၏ သတင်းကို အမြဲတမ်း နားမစွင့်နိုင်သောအချိန် ဖြစ်ပါသည်။ လေဖြတ်နေစဉ်ကာလက တစ်ကြိမ် လူနာမေးသွားရောက်ခဲ့ဖူးပါသည်။ တပည့်များကိုမြင်သည်နှင့် မျက်ရည်များ ကျဆင်းကာ ဇရာနှင့် ရောဂါဒုက္ခကို ခံစားနေသော ဆရာကြီးကို အားပေးနှစ်သိမ့် စိတ်မကောင်းရုံကလွဲ၍ ဘာမျှမတတ်နိုင်ခဲ့ပါ။ ဆရာကြီး ကွယ်လွန်သည်ဟု သတင်းကြားသည်နှင့် ဆရာကြီး၏ရွာသို့ သူငယ်ချင်းအချို့နှင့်စုကာ စက်ဘီးကိုယ်စီဖြင့် သွားရောက်ခဲ့ပါသည်။ ဆရာကြီး၏ရွာမှာ နဲကြိုးကျေးရွာဖြစ်ပါသည်။ အသုဘချမည့်နေ့တွင် သွားရောက်ခဲ့ပါသည်။ နဲကြိုးရွာသည် ရွာကြီးဖြစ်သည်နှင့်အညီ ရှေးဟောင်းတိုင်တစ်ရာကျောင်းကြီးများဖြင့် နဲကြိုးဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့သော ရွာကြီးဖြစ်ပါသည်။ နဲကြိုးဆရာတော်ဘုရားကြီး၏ဝဋ္ဋဘေဒနီကျမ်းကိုစာပေလေ့လာလိုက်စားသော ရဟန်းသံဃာများ မသိသူရှိမည် မထင်ပါ။ ထိုရွာလေးတွင် ဆရာကြီး နောက်ဆုံး ခေါင်းချခဲ့ပါသည်။

ဆရာကြီးနှင့်ပတ်သက်၍ ရေးစရာများ၊ တွေးစရာများ ကျန်ရှိနေသေးသော်လည်း များများစားစား ရေးဖြစ်မည် မထင်။ ကျွန်တော့်အား ဂရုစိုက်ခဲ့သော၊ ကူညီခဲ့သော ဆရာကြီးအား ဖြစ်မြောက်အောင် ပြန်လည်ကျေးဇူးပြုနိုင်စွမ်း မရှိခဲ့သည့်အတွက် ယနေ့တိုင် စိတ်မကောင်းဖြစ်ရပါသည်။ ယခု ဆရာတော်မုံရွာနေဇ (ဘဒ္ဒန္တဇနိန္ဒသာရ)က မိမိကျေးဇူးရှိခဲ့ဖူးသူများအကြောင်းကို ရေးပေးပါဟု စာမူတောင်းခံလာသောအခါတွင် အဦးဆုံး သတိရမိသည်မှာ ဆရာကြီးသာ ဖြစ်ပါသည်။ ဤစာမူသည် မဆပ်ဖြစ်ခဲ့သော ဆရာကြီး၏ ကျေးဇူးကို ရေးဖွဲ့ဦးညွှန်းဆိုသော စာမူလည်း ဖြစ်ပါသည်။

ဆရာ့ကျေးဇူး
ဂုဏ်အထူးကို
ချီးကျူးဖွဲ့နွဲ့
စာဖြင့်ကုံးလည်း
ဆုံးနိုင်တော့မည်မထင်ပါ။

**ကိုမြင့်ထွန်း(Quality)**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးဆပ် အက်ဆေးတစ်ပုဒ်

## မြေလတ်မောင်မြင့်သူ

အမည်ရင်းမှာ ဦးခင်မောင်မြင့် ဖြစ်ပြီး ကဗျာ၊ လင်္ကာနှင့် ဝတ္ထုတို၊ အက်ဆေးများ၊ ကလေးကဗျာများရေးသည်။အမျိုးသားစာပေဆုအပါအဝင် စာပေဆုများ ရခဲ့သည်။ ယခုအခါ ဘုရင့်နောင်လမ်း၊ ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။

(၁)

"ငါ့အား ဖုံးလွှမ်းထားသော လကွယ်သန်းခေါင် ဤမိုက်မှောင်တွင်းမှနေ၍ အနိုင်မခံ အရှုံးမပေးတတ်သော ငါ၏ စိတ်ဓာတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါ ကျေးဇူးတင်၏"

(အနိုင်မခံ ကဗျာမှ)

ကျေးဇူးတရားနှင့်ပတ်သက်၍ အတွေးဂယက် ထမိလေတိုင်း အထက်ပါ ကဗျာတစ်ပိုင်းတစ်စကို ဦးစွာသတိရလေ့ ရှိပါသည်။

မြန်မာအဘိဓာန်မှာတော့ ကျေးဇူးကို တစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှုဟူ၍လည်းကောင်း၊ ကောင်းကျိုးဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်သည်။

ကျေးဇူးတရားနှင့်ပတ်သက်၍ ကျွန်တော့်တွင် ခံစားချက်တွေ များစွာရှိသည်။ ကျေးဇူးရှင် အများဆုံးပုဂ္ဂိုလ်ပြိုင်ပွဲရှိလျှင်တောင် ကျွန်တော် ရှေ့တန်းက ဆုရမည် ထင်သည်။

ထို့ကြောင့် ကျွန်တော်သည် ဘုရားရှိခိုးတိုင်း အနန္တငါးပါးနှင့်အတူ ကျေးဇူးရှင်အပေါင်းကိုလည်း ဦးချကန်တော့ရုံမျှမက မေတ္တာပို့သလေ့ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂)

ကျွန်တော်သည် နံနက်စောစောတွင် ဘုရားရှိခိုးသည့်အခါတိုင်း ဦးစွာ အနန္တောအနန္တငါးပါးကို ကန်တော့လေ့ရှိသည်။ ပြီးလျှင် တစ်ဆက်တည်း မိမိအပေါ်ပြုခဲ့ဖူးသော ကျေးဇူးရှင် အပေါင်းကို ကန်တော့သည်။ ပြီးမှ သီလယူ၊ ပရိတ်ရွတ်၊ ပဋ္ဌာန်းရွတ်။ နောက်ဆုံး မေတ္တာပို့သည့်အခါတွင်လည်း ကျေးဇူးရှင်အပေါင်းကို သီးသန့်မေတ္တာပို့လေ့ ရှိသည်။ တစ်နည်းဆိုရသော် ကျွန်တော်၏စရဏကိစ္စထဲက နိစ္စဓူဝအလုပ်လည်း ဖြစ်သည်။

ကျွန်တော် ဤသို့ ပြုလုပ်လေ့ပြုလုပ်ထ ဖြစ်နေသည်မှာလည်း အကြောင်းရှိပါသည်။ ဆိုခဲ့ပါအတိုင်း ကျွန်တော်၏ဘဝဖြတ်သန်းမှုများတွင် ကျေးဇူးရှင်တွေက လက်ညှိုးထိုးမလွဲလို့ ဖြစ်သည်။ ရာဇဝင်တွင် အလောင်းစည်သူမင်းကြီးက လက်ညှိုးညွှန်ရာ ရေဖြစ်စေလျှင် ကျွန်တော်က လက်ညှိုးညွှန်ရာ ကျေးဇူးရှင်ဖြစ်စေသည်ဟု တင်စားရမလောက် ဖြစ်ပါသည်။

ကျွန်တော့်ဘဝတွင် ကနဦးကျေးဇူးရှင် အဖေ၊ အမေက စ၍ရေတွက်လျှင် ဘကြီးက ကျေးဇူးရှင်ဆိုလျှင် အမေကြီးကလည်း ကျေးဇူးရှင်ဖြစ်ပါသည်။ ဦးလေးက ကျေးဇူးရှင်ဆိုလျှင် ဒွေးလေးကလည်း ကျေးဇူးရှင်ဖြစ်ပါသည်။ ဆရာတော်က ကျေးဇူးရှင်ဆိုလျှင် ကိုရင်လေးကလည်း ကျေးဇူးရှင် ဖြစ်ပါသည်။ ဆရာက ကျေးဇူးရှင်ဆိုလျှင် ဆရာမကလည်း ကျေးဇူးရှင် ဖြစ်ပါသည်။ သူငယ်ချင်းက ကျေးဇူးရှင်ဆိုလျှင် သူငယ်ချင်းမကလည်း ကျေးဇူးရှင် ဖြစ်ပါသည်။ စာရင်းတို့ရလျှင် ဆုံးမည် မထင်ပါ။

ကျေးဇူးနှင့် ပတ်သက်၍ အခက်သုံးမျိုးရှိသည်ဟု ဆိုပါသည်။ သူ့ကျေးဇူးကို သိဖို့ခက်ခြင်း၊ သူ့ကျေးဇူးကို ထုတ်ဖော်ပြောဆိုဖို့ခက်ခြင်းနှင့် သူ့ကျေးဇူးကို တုံ့ပြန်ပေးဆပ်နိုင်ဖို့ ခက်ခြင်းဟူ၍ ဖြစ်သည်။

ထို့ကြောင့် သူ့ကျေးဇူးဟူသမျှ သိခွင့်ရအောင် ကြိုးစားရင်း နေ့တိုင်း ကန်တော့ခဲ့သည်။ သူ့ကျေးဇူးဟူသမျှကိုလည်း ကျွန်တော် စွမ်းနိုင်သည့် စာရေးခြင်းအတတ်ဖြင့် ရနိုင်သမျှ ဖော်ထုတ်ဖွင့်ဟခဲ့သည်။ ထို့အတူ သူ့ကျေးဇူးဟူသမျှ တတ်နိုင်သလောက် တုံ့ဆပ်ခဲ့ရင်း တုံ့ပြန်ပေးဆပ်စရာတွေလည်း ကျန်နေဦးမည် ဖြစ်သည်။

သို့သော် ကျေးဇူးတရားဆိုသည်က အလွန်သိမ်မွေ့သောအရာ ဖြစ်သည်။ မိမိဆင်းရဲဒုက္ခရောက်စဉ်က သူတစ်ပါးထံမှ ငွေကျပ်ငါးရာ ယူထားခဲ့လို့ မိမိ ချမ်းသာသောအခါ သို့မဟုတ် ပြေလည်သောအခါ ငွေကျပ်ငါးရာ ပြန်ပေးဆပ်လိုက်ခြင်းမျိုးဆိုရုံမျှနှင့်တော့ ကျေးဇူးဆပ်ခြင်း ဟုတ်ရဲ့လားဟု စဉ်းစားစရာတော့ ရှိပါသည်။ ကျေးဇူးဆပ်ခြင်းသည် အကြွေးဆပ်ခြင်းမဟုတ်ဟူသော ဖတ်ဖူးသော စာတစ်ကြောင်းကလည်း မှတ်သားစရာ ကောင်းသည်။

လောက၌ ကျေးဇူးသိသူတွေရှိသလို ကျေးဇူးကန်းသူတွေလည်း ရှိသည်။ ကျေးဇူးမသိသူ ကျေးဇူးကန်းသူတို့သည် သူတစ်ထူးက ပြုခဲ့သောကျေးဇူးကို မိမိတို့လိုအပ်စဉ်က ခံစားရယူခဲ့ကြသူများသာ ဖြစ်သည်။ ဒါကြောင့်လည်း ကျေးဇူးရှိမှ ကျေးစွပ်ဟူသော စကားပေါ်ရခြင်း ဖြစ်၏။

ကျေးဇူးသိလို့ အကျိုးခံစားရသည့် ရာဇဝင်တွေရှိသလို ကျေးဇူးရှင်ကို ကျေးစွပ်လို့ ဒုက္ခရောက်ရသည့် ဇာတ်တော်တွေလည်း များစွာရှိသည်။

## (၃)

ရာဇဝင်တွင် ကျေးဇူးသိသော ခေင်ညိုအကြောင်းကို လူတိုင်း သိပေလိမ့်မည်။ သို့သော် ကျေးဇူးသိနှလုံးသားက ပေါက်ဖွားလာခဲ့သော ခေင်ညို၏ ဆင်ခြင်တုံတရားမျိုးကိုမူ ကျွန်တော်တို့ တစ်သက်စာ နှလုံးသွင်းဖို့ကိုတော့ သိကောင်းမှ သိလိမ့်မည်ထင်သည်။ ထမင်းတစ်နပ်မျှသာ စားခွင့်ရသော ကျေးဇူးရှင်အပေါ် ခေင်ညို တွေးဆပုံက တစ်ဘဝစာမျှသာမက တစ်သံသရာ အထိပါလှသွားစေသည့် ဘဝအသိမျိုး ဖြစ်သည်။ ထို့ကြောင့်ပင် သတ်အံ့ဆဲဆဲ အသခ်ယာစောယွမ်းကို ကြည့်လျက် . . .

www.burmeseclassic.com



"ဤမြင်းသည် ယနေ့ပင်လျှင် ငါ၏ ထမင်းရှင် ဖြစ်ခဲ့ပြီ။ ထမင်းသခင်ကို ပြစ်မှားချေသော် အလွန်လျှင် အပြစ်ဝန်ကြီးလေးလိမ့်မည်။ လုပ်ကြံသာလျက် မလုပ်ကြံဘဲလာသည်ဟု ငါ့အရှင်က ငါ့ကို သတ်သော် တစ်သက်သာ သေရမည်။ ထမင်းသခင်ကို ပြစ်မှားချေသော်ကား သံသရာဝယ် အပါယ်လေးပါး၌ ရှည်လျားစွာ ခံရလိမ့်မည်" ဟူ၍ ဖြစ်၏။

လောကထဲက သူ့ကျေးဇူးကို စားခဲ့ကြသည့် လောဘသားလူတွေ ခေင်ညိုလို ဘယ်နယောက်များ စဉ်းစားမိကြဖူးပါလိမ့်။ ကျွန်တော်တို့ သတိမူစရာပင်။

✦

ကျေးဇူးရှင်ကို ကျေးစွပ်သည့်သာဓကတစ်ခုလည်း ရှိပါသေးသည်။ အရှင်စန္ဒလင်္ကာ ပြုစုသော မဃ်ရတနာပုံကျမ်းလာပုံပြင်တစ်ပုဒ် ဖြစ်၏။

ဘုရားအလောင်းတော် ခေါက်ရှာငှက် ဖြစ်သောအခါ ဒေဝဒတ်အလောင်းခြင်္သေ့သည် လည်ပင်းတွင် သားရိုးငြိလေ၏။ အလောင်းတော် ခေါက်ရှာငှက်သည် ခြင်္သေ့ခံတွင်းသို့ ဝင်၍ သားရိုးကိုနုတ်ပေး၍ ချမ်းသာရာရ၏။ သည့်နောက် ခြင်္သေ့သည် အမဲဟင်းလျာစားနေသည်ကို ခေါက်ရှာငှက်က တွေ့လေသော် ဤခြင်္သေ့သည် ကျေးဇူးသိ မသိကို စမ်းလိုသောကြောင့် ရှေးကပြုဖူးသော ကျေးဇူးကိုဖော်ပြ၍ အမဲဟင်းပေးပါရန် တောင်း၏။ ခြင်္သေ့သည် ခေါက်ရှာငှက်အား ငါ့ခံတွင်းသို့ဝင်သောအခါ မဝါးလိုက်မိ၍ မသေဘဲ လွတ်ရသည်ကို အမဲတောင်းပြန်သလောဟု ဆို၏။ ခြင်္သေ့လည်း ခေါက်ရှာငှက်၏ ကျေးဇူးကို မသိချေသောကြောင့် မျက်စိနှစ်လုံး အလိုလို ကန်းလေ၏။

ဤလောကတွင်လည်း ဒေဝဒတ်လောင်းလျာ ခြင်္သေ့လို ကျေးစွပ်သူတွေ ဘယ်လောက်များနေပြီလဲ။ မသိတတ်နိုင်ပါပြီ။

(၄)

ကျွန်တော်သည် ကျေးဇူးတရားနှင့် ပတ်သက်၍ ကျေးဇူးသိသူနှင့် ကျေးဇူးမဲ့သူများအကြောင်း စဉ်းစားမိတိုင်း ကျွန်တော့်ကိုယ် ကျွန်တော်လည်း ဆင်ခြင်မိစမြဲ ဖြစ်၏။

ထိုသို့ ဆင်ခြင်မိသည်နှင့်အမျှ များပြားလှသော ကျေးဇူးရှင်များအပေါ် ကျေးဇူးကျေအောင် တုံ့ဆပ်နိုင်စွမ်း မရှိသော်ငြား၊ အခါအားလျော်စွာ ကျေးဇူးရှိခဲ့ဖူးသည့် ကျေးဇူးရှင်များအကြောင်းကိုမူ စာတစ်စောင်ပေတစ်ဖွဲ့ဖြင့် မကြာခဏ ထုတ်ဖော်ရေးသားခဲ့ပါသည်။ ကျန်သူတွေလည်း ကျန်လိမ့်ဦးမည် ဖြစ်သည်။

ကျန်သူတွေထဲကမှ ကျွန်တော် နေနတ်သားစာသင်တိုက်တွင် နေစဉ်က ကြုံခဲ့ရသော ကျေးဇူးရှင်နှစ်ဦးအကြောင်း ဖော်ပြချင်ပါသည်။ နှစ်ဦးစလုံး ရဟန်းဝတ်ပုဂ္ဂိုလ်တွေ ဖြစ်သည်။ ဦးဥက္ကံသနှင့် ဦးစိန္တိတတို့ပဲ ဖြစ်သည်။

ဦးဥက္ကံသသည် အောင်လံမြို့အရှေ့ဘက် သပြေပင်ရွာကဟု ထင်သည်။ ကျွန်တော်နှင့် နေနတ်သားရောက်မှ တွေ့ဖူးကြခြင်း ဖြစ်၏။ ထိုစဉ်က ကျွန်တော်သည် နေနတ်သားကျောင်းဆောင်တိုက်ကြီး၏ ခေါင်းရင်းဘက် ပျဉ်ကျောင်းဆောင် အောက်ထပ်တွင် အခန်းလေးနှင့် နေစဉ်က ဖြစ်သည်။ နောက်တော့ ဦးဥက္ကံသသည် ကျောင်းဆောင်အသစ်ကြီးပေါ်တွင်မနေဘဲ ကျွန်တော့်အခန်းလေးထဲသို့ ပြောင်းလာပါတော့သည်။

သူသည် ကျွန်တော့်အား နာမည်ကိုမခေါ်ဘဲ "စာရေးကြီး" ဟု တွင်အောင် စတင်ခေါ်ခဲ့သူ ဖြစ်၏။ သူ့ကြောင့် အခြားရင်းခြာသူတွေကပါ ကျွန်တော့်ကို စာရေးကြီးဟု နှုတ်ကျိုးသွားကြသည်။ ဆွမ်းခံရာက ပြန်လာလို့ ဟင်းကောင်းလေးများ ပါလာလျှင် ကျွန်တော့်အတွက် ညစာအဖြစ် ချန်ထားပေးလေ့ ရှိသည်။ ကျွန်တော်လိုအပ်လျှင် ငွေလည်းချေး၏။ ကျွန်တော်ကတော့ သူ့သပိတ်နှင့် ဆွမ်းဟင်းခွက်တွေကို နေ့တိုင်း ဆေးကြောပေး၍ သူ့သင်္ကန်းတွေကိုတော့ မကြာခဏ ဖွတ်လျှော်ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဝါသနာက သုံးစွဲသည့် ပစ္စည်းကလေးတွေကို အကောင်းစားပဲ သုံးတတ်သလို နှစ်စဉ်နိုင်ငံခြားပြက္ခဒိန် ကောင်းကောင်းကိုလည်း ကြိုက်တတ်သူ ဖြစ်သည်။ နေနတ်သား ဘုန်းကြီးကျောင်းတွင် လျှပ်စစ်ရုံးစာရေးကြီးဘဝနှင့် လုပ်သားကောလိပ်ကျောင်းသားဘဝတစ်လျှောက်လုံး ဦးဉက္ကံသသည် ကျွန်တော်၏ တိုးတိုးဖော်လည်း ဖြစ်သည်။ ကျွန်တော်၏အရင်းအခြာ မိတ်ဆွေလည်း ဟုတ်သည်။

ကျွန်တော် ဘွဲ့မရခင်မှာပဲ သူနှင့် ကျွန်တော် ကွဲကွာသွားကြသည်။ သူက သူ့ဇာတိမှာ ကျောင်းသွားထိုင်ရတာ ဖြစ်၏။ ကျွန်တော်က အိမ်ထောင်ကျပြီး ဆံထုံးနောက်သျှောင်ပါသွားရလို့ ဖြစ်သည်။ ကျွန်တော် စိတ်မကောင်းသည်မှာ ဘုန်းကြီးကျောင်းသားဘဝတွင် ကျွန်တော့်လိုဘကို ဖြည့်ခဲ့သော သူသည် သူ့လိုဘကို ကျွန်တော်က တုံ့ပြန်ဖြည့်နိုင်ချိန် ရောက်တော့မှ ဘဝတစ်ပါးသို့ ပျံလွန်တော်မူရှာသည်။

ကျွန်တော် စိတ်မကောင်းရုံမှလွဲ၍ ဘာမျှမတတ်နိုင်တော့ပါ။ လှူသုံးပစ္စည်းအသစ်အဆန်းလေးတွေနှင့် နိုင်ငံခြားပြက္ခဒိန်လှလှလေးများကို မြင်တိုင်း ကျေးဇူးရှင်ဦးဉက္ကံသကိုသာ သတိရနေလေ့ရှိပါသည်။

✦

နောက်တစ်ဦးကတော့ ဦးစိန္တိတ ဖြစ်ပါသည်။ ကျွန်တော်နှင့် တစ်ရွာတည်းသား ဖြစ်၏။ သူ ဦးစိန္တိတ မဖြစ်ခင် သူငယ်ချင်း စိုးမြင့်ဘဝကတည်းက ခင်မင်ခဲ့ကြသည်။ ကစားဖော် ကစားဖက်တွေ ဖြစ်၏။ ကျွန်တော် တောင်တွင်းကြီးမြို့နယ်က လေးတန်းအောင်ပြီး ပြန်လာတော့ သူငယ်ချင်းစိုးမြင့်က ရှင်စိန္တိတအဖြစ် ကိုရင်ဝတ်သွားပြီ။ အောင်လံမြို့ ရွာထောင်ရွာ ဆာပါကျောင်းမှာ နေ၏။ ထိုစဉ်က ကျွန်တော်သည် အောင်လံမြို့ ဒွေးလေးအိမ်တွင် အလယ်တန်းပညာသင်နေသူ ဖြစ်၏။ ကျွန်တော် အထက်တန်းကျောင်းသားဘဝနှင့် ရွာထောင်ရွာ ဆာပါကျောင်းကိုရောက်တော့ သူက ဦးစိန္တိတအဖြစ်နှင့် ရန်ကုန်မြို့က နေနတ်သားစာသင်တိုက်သို့ ရောက်သွားခဲ့ပြီ။

သည်တွင် သူ့ကျေးဇူးက ကျွန်တော့်အပေါ် စခဲ့သည်။ အထက်တန်းကျောင်းသားဘဝတွင် ကျွန်တော့်ကို စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်နှင့် မိတ်ဆက်ပေးသူမှာ သူပဲ ဖြစ်၏။ မောင့်ဘဝ ညအလားကွယ်ဝတ္ထုကို သူ ဝယ်ပို့လိုက်၏။ ကျွန်တော် တစ်ခါတည်းစွဲသွား၏။ အဲသည်ကစ၍ တက္ကသိုလ်ဘုန်းနိုင် ထွက်သမျှ သူက ဝယ်ပို့ရသည်။ ဝယ်မရသည့် စာအုပ်အဟောင်းဆိုလျှင်လည်း မြေနီကုန်းအငှားစာအုပ်ဆိုင်မှာ စာအုပ်ဈေးထက် နှစ်ဆပို၍ စပေါ်ပေးပြီး အပြီးသိမ်းထားလိုက်သည်အထိ ဖြစ်ခဲ့သည်။ သူ့ကြောင့် ရသစာပေကို ပို၍ စွဲလမ်းသွားခဲ့သည်။

ဟိုက်စကူးဖိုင်နယ် နောက်ဆုံးနှစ်ဖြေပြီးတော့ ကျွန်တော် ရန်ကုန်ရောက်လာသည်။ နေနတ်သားမှာ အတူဆုံဖြစ်သည်။ နှစ်ဦးသား ပိုတွဲဖြစ်သည်။ သူက အလတ်တန်းဖြေရင်း ဝတ္ထုဖတ်သည်။ ကျွန်တော်က ဆယ်တန်းအလွတ်ဖြေရင်း ဝတ္ထုဖတ်သည်။ သူက မြသန်းတင့်နှင့် ကျော်အောင်ဘာသာပြန်တွေကို ပိုဖတ်သည်။ ကျွန်တော်က ဘုန်းနိုင်နှင့် မောင်သာရ၊ နိုင်ဝင်းဆွေ၊ မင်းကျော်တို့ကို အလေးကဲဖတ်ဖြစ်သည်။

သူနှင့်ကျွန်တော်သည် စာအုပ် လဲဖတ်ကြရုံမျှမက မကြာခဏ ကျွန်တော့်အား ပိုက်ဆံချေးသူထဲတွင် သူလည်း ပါသည်။ ကျွန်တော်ရသည့်လစာက ဆယ်ရက်ကျော်လျှင် ကုန်ပြီ။ လမကုန်ခင် ကျန်ရက်များကိုတော့ သည်လိုပဲ ဟိုလှည့်ချေး၊ သည်လှည့်ချေးနှင့် စခန်းသွားခဲ့ရ၏။

နောက်တော့ ကျွန်တော် တက္ကသိုလ်ကောလိပ် ဒုတိယနှစ်လောက်တွင် သူသည် ရဟန်းဘောင်မှ အပြီး လူဝတ်လဲလိုက်သည်။ ဦးစိန္တိတမှ ကိုစိုးမြင့် ပြန်ဖြစ်သွား၏။ အဲသည်ကစ၍ ကျွန်တော်က အိမ်ထောင်ကျပြီး ရန်ကုန်တွင် အခြေနိုင်သွား၏။ သူကတော့ စိန္တိတတစ်ဖြစ်လဲ စိုးမြင့်အဖြစ် ကျွန်တော်တို့ ဇာတိရွာလေး စာရပေအနောက်စုတွင် နှလုံးသားဒဏ်ရာနှင့် လူပျိုကြီး တစ်ကိုယ်တည်းဘဝတွင် ကျင်လည်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူ ဖတ်ချင်သော စာအုပ်ကို ကျွန်တော်က ဝယ်ပို့ရသည်။ စာဖတ်သော တောသားကြီးအဖြစ် သူ့ကိုပဲ ကျေးဇူးတင်နေရသေးသည်။ အမေနှင့်ရွာကို လွမ်းလို့ ကျွန်တော် ရွာပြန်ဖြစ်လျှင်လည်း တိုးတိုးဖော်ဆို၍ သူပဲ ရှိပါသည်။

တကယ်တော့ သူသည် ကျွန်တော်၏ စာပေဘဝတွင် တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့သော အရေးပါသည့် ကျေးဇူးရှင်ဖြစ်သည်ကိုကား ကျွန်တော့်တစ်သက် ဘယ်တော့မှ ငြင်းရဲမည် မဟုတ်ပါပေ။

## (၅)

ဘဝတစ်ကွေ့ခဏတွေ့နိုက် မမေ့ဦးတင် ချစ်ခင်ရမည့် ကျေးဇူးရှင်တွေ များလှစွာ၏။ ထမင်းတစ်လုတ် ကျွေးဖူးသူလည်း ကျေးဇူးရှင်၊ ရေတစ်မှုတ်တိုက်ဖူးသူလည်း ကျေးဇူးရှင်၊ အဝတ်တစ်ထည် ပေးဖူးသူလည်း ကျေးဇူးရှင်၊ အသပြာတစ်စ ချေးဖူးသူလည်း ကျေးဇူးရှင်၊ အိပ်ရာခဏပေးဖူးသူလည်း ကျေးဇူးရှင်၊ ဒုက္ခတစ်ခု ကူညီခဲ့ဖူးသူလည်း ကျေးဇူးရှင်။

ကျေးဇူးရှင်အဖြစ် ကျေးဇူးတင်တတ်ဖို့ပဲ လိုသည်။ ကျေးဇူးတင်တတ်သော နှလုံးသားက ရိုးသားဖို့ပဲ လိုသည်။ သန့်စင်ဖို့ပဲ လိုသည်။ သို့ဆိုလျှင် အလိုလို လိပ်ပြာလုံပြီးသားဟု ကျွန်တော် ယုံကြည်သည်။ တကယ်တော့ လိပ်ပြာလုံ နှလုံးသားနှင့် ဘဝစုန်ဆန် အပြန်အလှန် ကျေးဇူးပြုနေကြတာပါကလားဟူသော အသိကိန်းလျှင် ဝန်းကျင်ခပ်သိမ်း ငြိမ်းချမ်းသာယာရှိကြမည်မှာ သေချာလှပါသည်။

ဒါကြောင့် ကျွန်တော်ကတော့ သူတစ်ထူး၏ ကျေးဇူးဂုဏ်ဒြပ်ကို ပြန်မဆပ်နိုင်သေးလျှင်သော်မျှ အလှည့်းနွမ်း ကျေးဇူးကန်းသူ မဖြစ်ရလေအောင် ကျေးဇူးသိနှလုံးသားကို မေတ္တာဘာဝနာလို ပွားရင် ရေးဖွဲ့ဖူးသည့် ကျေးဇူးဆပ်ကဗျာတစ်ပုဒ်တစ်ပိုင်းတစ်စကိုသာ ခဏခဏ သတိရလေ့ရှိပါသည်။

လူ့တကာ၏
မေတ္တာရည်စူး၊ ဂုဏ်ကျေးဇူးကြောင့်
ကြည်နူးဝမ်းသာ၊ မြတ်ပညာကို
လေ့လာကျက်မှတ်၊ ကြိုးကုတ်လတ်၍
စာတတ်ပေမွန်၊ ပညာချွန်ကာ
တံခွန်ဘွဲ့ထူး၊ ငါ ဆွတ်ခူးခဲ့
ကျေးဇူးကြီးလှပါပေ၏ . . .၊
ကျေးဇူးကြီးမား၊ သိသော်ငြားလည်း
ငါကား ခုတိုင် မဆပ်နိုင်ခဲ့
ဆပ်နိုင်ဖို့ရေး၊ ရှေ့ကိုငေးရင်း
အတွေးနှင့်ဖြေ၊ ပင့်သက်ဝေသည်
မသေခင်တော့ ဆပ်ဦးမှ . . .။
ဤသို့တွေးဆ၊ ညခါကျတိုင်း
အနန္တငါးပါး၊ ရှိဝပ်တွားရင်း
တစ်ပါးထပ်လောင်း၊ ကျေးဇူးရှင်အပေါင်းကို
ညွတ်ပျောင်းမာန်လျှော့၊ ငါကန်တော့မိ
ကန်တော့သည့်ခါတိုင်း၊ ရင်လှိုင်းခတ်တုန်
ကျေးဇူးဂုဏ်ကို
ကြည်ယုံအောက်မေ့၊ မျက်ရည်ဝေ့သည်
လွမ်းငွေ့မဆုံးနိုင်တကား . . .။

**မြေလတ်မောင်မြင့်သူ**



www.burmeseclassic.com

www.burmeseclassic.com

# ချစ်သောငှက်များနှင့် သစ်ပင်များ

## ရာသက်ပန်(တောင်ငူဆောင်)



အမည်ရင်းမှာ ဒေါက်တာ ဇင်မာသန်းဖြစ်ပြီး မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်တွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။ ယခုအခါ ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် နေထိုင်လျက် ရှိသည်။

မြင်မြင်သမျှအပင်တွေက အစိမ်းရောင် စိုစိုတွေချည်း။ ကောက်ပင်ပျိုတွေကို အနားသတ်ထားသည့် လယ်ကန်သင်း ရိုးတွေက အကန့်အသတ်မျဉ်းလို ဖြစ်နေသည်။ အဲသည့်လယ်ကွင်းတွေထဲမှာ ကျေးရူးရှင်လယ်သမားတွေ၊ လယ်သူမ တွေ အလုပ်ရှုပ်နေသည်ကို မြင်နိုင်ပါသည်။ ထမင်းစားပြီး အသက်ဆက်နေသူတိုင်း၏ ကျေးရူးရှင်တွေဟု ဆင်ခြင်မိ သည်။ သူတို့တွေ အဆင်ပြေကြပါစေဟု မေတ္တာပို့မိသည်။ ကျွန်မရှိနေသည့် ပတ်ဝန်းကျင်မှာ ကုက္ကိုပင်၊ စိန်ပန်းပင်၊ ငုစပ်ချယ်ရီပင်၊ ကုံကော်ပင်၊ မယ်ဇလီပင်၊ ပင်လယ်ကဗွီးပင်၊ လက်ပံပင်၊ ပေါက်ပင်။ အို . . . ပုပုကွကွ အပင်ကလေးတွေလည်း အများကြီးမှ အများကြီးရယ်။ စစ်ပင်ဟုဆိုသော အပင်တစ်မျိုးကတော့ သည်နေရာမှာ အများကြီးတွေ့ရသည်။ အပွင့်သေးသေးကလေးတွေ တောင်မှ ပွင့်လို့။ ကြာနီ ကြာဖြူကလေးတွေ ပွင့်နေတတ်သည့် ရေမြောင်းကလေးတွေနှင့် အသည်းပုံ ရေကန်ကြီးတစ်ခုလည်း ရှိသည်။ ရေနီမြောင်းကြီးလို ရေမြောင်းကြီးတစ်ခုကတော့ ကျွန်မတို့ ကျောင်းဝင်းကြီးကိုဖြတ်ပြီး ပါမောက္ခချုပ်အိမ်ရှေ့နှင့် ပါမောက္ခ အိမ်တန်းလျားများနှင့် ဆရာမများဆောင်ကို ဖြတ်ကာ စီးဆင်းသွားသည်။ ကျွန်မတို့ အဆောင်၏ ဘုရားခန်းပြတင်းပေါက်ကို ဖွင့်လိုက်လျှင် ထိုရေမြောင်းကြီး စီးဆင်းသွားသည်ကို မြင်ရ၏။ ရေစီးသန်လှသဖြင့် ရေစီးသံကိုပင် ကြားနိုင်သည်။ ရေစီးသံသဲ့သဲ့က ဂီတသံစဉ်အလား ကြည်နူးစရာကောင်းလှသည်။ ထိုရေမြောင်းကြီး၏ ကျေးဇူးကြောင့် ဤပတ်ဝန်းကျင်တစ်ဝိုက်မှာ ရေမကြီးတော့ခြင်း ဖြစ်သည်တဲ့။ အရင်ကဆို ဤနေရာတစ်ဝိုက်မှာ တစ်နေရာနှင့် တစ်နေရာကို လှေကလေးများ



www.burmeseclassic.com

www.burmeseclassic.com



စီး၍သွားရသည်ဆိုပဲ။ ဟိုး . . . ခပ်ဝေးဝေးဆီ မျှော်ငေးကြည့်မည်ဆိုလျှင်တော့ လယ်တောစိမ်းစိမ်းနှင့် သစ်ပင်အုပ်စုစုတွေကို မြင်တွေ့ရပါသည်။ ထိုနေရာနှင့် မလှမ်းမကမ်းတွင် သချိုင်းကုန်းရှိသည်။ သစ်ပင်များ ကွယ်နေသောကြောင့် မမြင်ရပါ။ စိတ်ကို လှုပ်ရှားစေသော မြင်ကွင်းကို မမြင်နိုင်အောင် ကာထားပေးသည့် သစ်ပင်တို့၏ ကျေးဇူးကို ဆင်ခြင်မိပြန်သည်။

ကျွန်မတို့ အဆောင်အနောက်ဘက်မှ ကုက္ကိုပင်ကြီးက အကိုင်းများစွာ ဖြာထွက်ပြီး အုပ်အုပ်ဆိုင်းဆိုင်း ရှိလှသည်။ ကုက္ကိုပင်ကြီးတွေမြင်တိုင်း ငယ်စဉ်နေခဲ့သည့် အိုးသည်ကုန်းအိမ်ကြီးရှေ့က ဧရာမကုက္ကိုပင်ကြီးတွေကို သတိရသည်။ တော်ရုံတန်ရုံ ရွာချသည့် မိုးရေစက်တို့၏ ဒဏ်ကို ထိုအပင်ကြီးက ကာကွယ်ပေးနိုင်သည်။ မိုးဖွဲဖွဲကို အံတုပြီး ကုက္ကိုပင်အောက်မှာ ကျွန်မတို့ ကလေးတစ်စု ပျော်ရွှင်စွာ ကစားခဲ့ဖူးသည်။ မနစ်က အိုးသည်ကုန်း အ.ထ.က၏ အာစရိယပူဇော်ပွဲသို့ ကျွန်မ၏ဖခင်ကြီးနှင့်အတူ ကျွန်မတို့ ညီအစ်မနစ်ယောက် သွားခဲ့ကြသည်။

အိုးသည်ကုန်းသို့ ကျွန်မ မရောက်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်း (၂၀) နီးပါးမျှ ရှိချေပြီ။ ရောက်ရောက်ချင်း သတိတရသွားရောက်ကြည့်သည်က အဲသည်ကုက္ကိုပင်ကြီးတွေနှင့် ဘောလုံးကွင်းနားမှာရှိသည့် ဧရာမလက်ပံပင်ကြီး၊ လွှတ်လပ်ရေးကျောက်တိုင်နားမှာရှိသည့် ဧရာမလက်ပံပင်ကြီးတို့ဖြစ်သည်။ ကျွန်မတို့ ငယ်ငယ်ကပင် ထိုအပင်ကြီးတွေရဲ့ပင်စည်က လူသုံးလေးယောက် လက်တွဲပြီး ဝိုင်းပြရလောက်အောင် ကြီးမားကြံ့ခိုင်လှသည်။ ကျွန်မသည် အိုးသည်ကုန်းနှင့် ဝေးကွာသွားသော်လည်း ထိုအပင်ကြီးတွေက ကျွန်မရင်ထဲမှာ အမြဲလွှမ်းမိုးနေရာယူလျက်ရှိသည်။ ကျွန်မ၏ အိပ်မက်ထဲမှာ အမြဲရှင်သန်လျက် ရှိသည်။ ကျွန်မ လွမ်းမောခဲ့ရသော သစ်ပင်ကြီးတွေ၏ အငုတ်မျှ မတွေ့ခဲ့ရတော့ပါ။ အရင်က "ကား" များ သိပ်မရှိသော အိုးသည်ကုန်းက ကားပိုင်ဆိုင်သူ နည်းနည်းများလာသည်ကို တွေ့ရသဖြင့် ကျွန်မ ဝမ်းမသာပါ။ ထိုကားတို့၏ အိတ်ဇောမှ ထွက်သော မီးခိုးငွေ့တို့က အိုးသည်ကုန်း၏ လေထုကို ဖျက်ဆီးပစ်ကြမည့် အရေးကို ကျွန်မ အလွန်ပူပန်မိသည်။ ကျွန်မချစ်သော သစ်ပင်တွေ မရှိတော့သည့် အိုးသည်ကုန်းမြို့ကလေးက ကျွန်မ ရင်ထဲမှာတော့ ဝိညာဉ်မဲ့သလို ခံစားနေရသည်။ ဘောလုံးကွင်း၏ တောင်ဘက်မှာရှိသည့် သခွပ်ပင်ကြီးလည်း ရှိမည်မထင်တော့ပါ။

ကျွန်မတို့ အထက်တန်းကျောင်း၏ အရှေ့မျက်နှာစာ (ရထားလမ်း) ဘက်တွင်ရှိသော ကိုင်းကျနေသည့် ပေါက်ပင်ကြီးလည်း ရှိသေးရဲ့လား ကျွန်မ မသိပါ။ မေးမြန်းကြည့်၍ သိရသမျှ ကြားရသမျှမှာ ဝမ်းနည်းဖွယ်ရာများသာ ဖြစ်နေခဲ့သည်။ အရင်က အိုးသည်ကုန်းဘူတာရုံ ဘေးပတ်ဝန်းကျင်မှာလည်း ကုက္ကိုပင်ကြီးတွေ ကြီးစိုးခဲ့ကြသည်။ အဲသည့်အပင်အောက်မှာ ကျွန်မတို့ ပျော်ပါးစွာအရိပ်ခိုခဲ့ဖူးသည်။ လက်ပံပွင့်တွေလည်း ကောက်ခဲ့ဖူးသည်။ လေနှင့်အတူ ဝဲပျံကြွေကျလာသည့် လက်ပံပွင့် လတ်လတ်ဆတ်ဆတ်များကို ကျွန်မတို့ လုကောက်ခဲ့ကြဖူးသည်။ ထိုအပွင့်ကို ရရှိရေးသည် ကျွန်မတို့၏ ကြီးမားသော မျှော်လင့်ချက်တစ်ခု ဖြစ်ခဲ့ဖူးသည်။ ပေါက်ပွင့်လိမ္မော်ရောင်ကလေးများကို ခြွေ၍ ရေကူးနေသော ဘဲကလေးနှင့်တူအောင် ကျွန်မတို့ ဖန်တီးပြုလုပ် ဆော့ကစားခဲ့ဖူးသည်။

ကျွန်မတို့၏ အတိတ်သည် ကျွန်မတို့ ရင်ထဲမှာ ရှင်သန်နေသော်လည်း ပစ္စုပ္ပန်မှာတော့ သေဖောင်လျက် ရှိနေသည်။ သခွပ်ပွင့်ဖြူဖြူလေးတွေကို ကောက်ပြီး ပျော်ခဲ့ကြသည့်အတိတ်က မအိုဟောင်းသေးဟု ထင်နေသော်လည်း မကြာမီမှာ အိုဟောင်းတော့မည်လား။ ကျွန်မ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးကျေးရွာသို့ စာပေဟောပြောပွဲ သွားဟောခဲ့ဖူးသည်။ မှတ်မှတ်ရရ ဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)၊ မင်းကိုနိုင်တို့နှင့်အတူ ဟောခဲ့ခြင်းဖြစ်သည်။ ထိုကျေးရွာမှာလည်း တစ်ချိန်က ကုက္ကိုပင်ကြီးတွေ ရှိခဲ့ဖူးသည်တဲ့။ ထိုသစ်ပင်တွေကို ခုတ်၍ရောင်းချပြီး ရသောငွေနှင့် ကျေးရွာသို့ လာရောက်စစ်ဆေးသော "စစ်ဆေးရေး"တွေကို ဧည့်ခံရသည်တဲ့။ မည်သည့်ဌာနက စစ်ဆေးရေးတွေမှန်း ကျွန်မ မသိပါ။ ကုက္ကိုပင်တွေ ရောင်းချပြီးကျွေးသော ထမင်းကို မြိန်ရေယှက်ရေ မျိုကျခဲ့သည့် စစ်ဆေးရေးတွေကိုတော့ ကျွန်မ အလွန်အံ့သြမိပါသည်။

ထိုကုက္ကိုပင်တွေ ဘယ်ရောက်သွားသလဲ။ အိမ်နီးချင်းတရုတ်နိုင်ငံမှာ ပန်းပုရုပ်ဖြစ်သွားတာလား၊ ကျွန်မ တရုတ်ပြည်ရောက်တော့ ကုက္ကိုသားနှင့်ထုလုပ်ထားသော ခြင



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကြီးတွေ၊ ကျားရုပ်ကြီးတွေ၊ ဆင်ရုပ်ကြီးတွေ ကျွန်မ မြင်ခဲ့ရသည်။ ထိုအရုပ်ကြီးတွေက ကျွန်မတို့ အိုးသည်ကုန်းက ကုက္ကိုပင်စည်တွေနှင့် ထုလုပ်ထားတာလား၊ တော်ကူးက ကုက္ကိုပင်ကြီးတွေ၏ ပင်စည်တွေလား။ ကျွန်မရင်ထဲမှာ မေးခွန်းများစွာနှင့် ဆို့နင့်ကြေကွဲစွာ ပြန်လာခဲ့ရသည်။ တရုတ်ပြည် ရွှေလီဘက်မှာ ကျွန်မတို့နိုင်ငံက တိုင်းရင်းသားတွေသာမက ကျွန်မတို့နိုင်ငံက တိုင်းရင်းသားသစ်ပင်တွေကိုလည်း ကျွန်မ တွေ့ခဲ့ရသည်။ အခြားသူတွေလည်း ကျွန်မ မြင်သလို မြင်ကြည့်စေချင်ပါသည်။ ကျွန်မတို့ စည်းကမ်းမဲ့စွာ ပစ်လိုက်သောအမှိုက်များကို ကျွန်မတို့နိုင်ငံ၏ မြစ်ချောင်းများမှာလည်း မြင်မကောင်း ရှုမကောင်း မြင်တွေ့နိုင်ပါသည်။ ကျွန်မတို့စီးသော ကားတွေကထွက်သည့် မီးခိုးတွေကလည်း ကျွန်မတို့ ရှူရှိုက်သည့်လေထုမှာ အဆိပ်တွေဖြစ်နိုင်သည်။

ထိုအဆိပ်တွေကို ကျွန်မတို့ကလည်း ရှူကြရပါသည်။ လူတိုင်း ကြောက်ကြသည့် ကင်ဆာရောဂါဖြစ်စေနိုင်သည် ဆိုတာ ကျယ်ကျယ်ပြန့်ပြန့် ဆော်ဩဖို့ မကောင်းပေဘူးလား။ ကျွန်မတို့ကို ကျေးဇူးပြုသော တောတောင်တွေ၊ ငှက်တွေ၊ သစ်ပင်တွေ အတုံးအရုန်းသေဆုံးနေကြရသည်ကို ကိုယ့်သွေးသားရင်းချာ သေဆုံးသလို ခံစားကြည့်စေချင်ပါသည်။ ကျွန်မတို့နေနေသော နေရာကွက်ကွက်ကလေးပဲ သန့်ရှင်းအောင်လုပ်နေ၍ မဖြစ်ပါ။ ကမ္ဘာမြေကြီး သန့်ရှင်းဖို့ လုပ်ရပါမည်။ ကမ္ဘာလေထု သန့်စေအောင် ကြိုးစားရပါမည်။ စစ်ပွဲတွေ ရပ်ရပါမည်။ ပင်လယ်ထဲသို့ အဏုမြူလက်နက်များ ပစ်ခတ်၍ လက်နက်စမ်းသပ်မှုကို ရပ်ရပါမည်။ သစ်ပင်တွေ၊ ငှက်တွေကို ခုတ်လှဲခြင်း၊ သစ်ပစ်ခြင်းတို့ ရပ်ရပါမည်။

ကျွန်မတို့ ကိုယ့်ကိုယ်ကိုယ်နှင့် ကိုယ့်မိသားစုကိုသာ ချစ်နေ၍ မရတော့ပါ။ သတ္တဝါအားလုံးကို ချစ်ရပါမည်။ ကိုယ်ပစ်လိုက်သော အမှိုက်တစ်စက မည်မျှထိကြီးမားသော ဆိုးကျိုး ဖြစ်စေနိုင်မလဲ စဉ်းစားစေချင်ပါသည်။ ခုလောလောဆယ်မှာ ကျွန်မ ဟာသ်ာတ တက္ကသိုလ် ရောက်နေသည်။ လယ်ကွင်းတွေနှင့် နီးကပ်စွာနေနေရသည်။ ကျေးဇူးရှင် တောင်သူဦးကြီးတွေ၏ ရင်နှစ်သည်းချာ သား၊ မြေး၊ မြစ်တို့ကို စာသင်ပေးနေရသည်။ သူတို့ကို ကျွန်မ အသိတရားရှိအောင်၊ တွေးခေါ်ဆင်ခြင်တတ်အောင် ကျွန်မ စေတနာထား၍ သင်သည်။ မိမိပတ်ဝန်းကျင်က အရာအားလုံး၏အလှကို မြင်တတ်ပြီး ချစ်တတ်အောင် သင်သည်။ မျက်နှာတွေ ခွဲစိတ်ပြုပြင်ထားသည့် ကိုရီးယားတွေ၏အလှကိုသာ အထင်ကြီးမနေဖို့ပြောသည်။ စိတ်ကိုလည်း လှအောင် ခွဲစိတ်ပြုပြင်ကြဖို့ ပြောသည်။

ဟာသ်ာတနှင့် ရန်ကုန်သွားသည့်လမ်းမှာ လယ်ကွင်းတွေရှိသည်။ သစ်ပင်တွေရှိသည်။ ငှက်တွေရှိသည်။ သို့သော် အရင်ကလောက် မများတော့တာ သတိပြုမိသည်။ ဖျိုင်းတွေ၊ ဆက်ရက်တွေ၊ ဘွတ်ကလုံ၊ ဘွတ်ပင်နီငှက်တွေကို မနည်းလိုက်ရှာကြည့်နေရသည်။ ဓာတ်ကြိုးကို ဒန်းလုပ်စီးတတ်ကြသော ပျံလွှားငှက်အုပ်ကိုလည်း မမြင်ရတော့ပါ။ လမ်းဘေးက သစ်ပင်ကြီးတွေရဲ့ပင်စည်တွေမှာ အမည်နာမ တစ်မျိုးမျိုးနှင့် ဓာတ်မြေသြဇာ ကြော်ငြာတွေကို မြင်ရသည်။ တပည့်လေးတစ်ယောက်ကို စာသင်ရင်းမေးကြည့်မိတော့ တချို့ပွဲတွေကို မစိုက်ခင်မှာကတည်းက ပိုးမထိုးအောင် ဆေးနဲ့လူးထားရတယ်ဆရာမဟု ကျောင်းသားက ဆိုသည်။ တချို့လယ်တွေကို ကောက်စိုက်မ ငှားမစိုက်တော့ဘဲ ပျိုးကြဲထားသည့်အတိုင်း ဆက်၍ ကြီးပြင်းစေသည်တဲ့။ ကောက်စိုက်မ ငှားပြီး ပြန်စိုက်၍ထွက်သည့်အထွက်နှုန်းနဲ့ သည်အတိုင်း ကြီးပြင်း၍ ထွက်လာသည့်အထွက်နှုန်းက သိပ်မကွာဘူးတဲ့။ ကောက်စိုက်မငှားရမ်းခငွေကို နုတ်လိုက်ရင် အတူတူလောက်ပဲတဲ့။

“ဒီတော့ ကောက်စိုက်မတွေ အလုပ်လက်မဲ့ ဖြစ်သွားတာပေါ့ ဆရာမ”တဲ့။

“လယ်ငါးခူတို့၊ ငါးရံ့တို့၊ ငါးဇရစ်တို့ သိပ်မပေါ်တော့ဘူး”တဲ့။

တပည့်လေးက ပြောပြသည်။ ဓာတ်မြေသြဇာတွေက သဘာဝငါးကလေးတွေကိုလည်း သေစေသည်ထင်ပါရဲ့၊ မျှော့တွေကိုတောင်မှ တရုတ်ပြည်ကဝယ်နေပြီဟု သိရသည်။ ကျွန်မ အော်ဟစ်ပေါက်ကွဲပစ်လိုက်ချင်သည်။ တစ်ကမ္ဘာလုံးကြားအောင်ပေါ့။

“ကယ်ပါဦး . . . ကယ်ကြပါဦး၊ တောတွေတောင်တွေ၊ ငှက်တွေ၊ သစ်ပင်တွေကို ကယ်ပေးကြပါဦး”

**ရာသက်ပန် (တောင်ငူဆောင်)**



www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးရှင်မလေးရွှေရည်စံ

ဘောဂဗေဒ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးရှင်မလေး ရွှေရည်စံ

**ကိုယော(ဘောဂဗေဒ)**

လူရယ်လို့ ဖြစ်လာပြီဆိုတော့ မိဘဆိုတာ၊ ဆရာဆိုတာ ရှိလာပြီ။ မိဘဆရာသမားတွေက အမွေခံကောင်းတွေပေး ဝေသလို ရွှေရည်တို့မှာလည်း တာဝန်တွေ ရှိလာပြီပေါ့။ ကျေးဇူးတရားတွေ အတွက် အဆုံးအမတွေကို နားထောင်၊ နားလည်ကျင့်သုံးမယ်ဆိုရင် ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်ရာ မည်ပြီ။

နှင်းမှုန်လေးတွေက တဖွဲဖွဲကျဆင်းနေသည်။

ပေါ့ပေါ့ပါးပါးရှိသော ခရီးဆောင်အိတ်ငယ်အတွင်းမှ တစ်ကိုက်ပတ်လည် အရှည်ရှိ ပိတ်ဖြူစငယ်ကို ထုတ်ယူခဲ့။ "ကမာကုရ" ဘုရားကြီးရှေ့ရင်ပြင်ညီမှာ ခင်းခဲ့၊ အနှိုင်းမဲ့ ကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓကို ဒူးထောက်ရိုကျိုး လက်အုပ်ချီမိုးလျက် ဦးသုံးကြိမ်ချခဲ့သည်။

မတ်တတ်ရပ်နေသော သူကို ...

"စုမိမတ်ဆင် နဲ့ ရွှေရည်စံ။ ချော့တိုအိုနဲငယ်အိ ရှိမာ့စ် နဲ။ Please excuse နဲ (တစ်ဆိတ်လောက် နော် ...ရွှေရည်စံ။ ခဏလေး မေတ္တာရပ်ခံပါရစေနော်။ ကျေးဇူးပြု၍ ခွင့်လွှတ်နော်)

ကျွန်တော်က ငဲ့စောင်းမော့ကာ ပြောဖြစ်သည်။

"ဒိုးအီတာရှိမာရှိတဲ့ ဒိုးအီတာရှိမာရှိတဲ့ နဲ OK OK"

(ကိစ္စမရှိပါဘူး ... ကိစ္စမရှိပါဘူးနော် ... အိုကေ ... အိုကေ ...)

ဂျပန်မလေး ရွှေရည်စံထံမှ ပြန်လည်တုံ့ပြန်လာခဲ့သော ခွင့်ပြုသံကို ကျွန်တော် ကြားခဲ့ရပြီးနောက် ဆောင်ရွက်စရာတချို့ကို ပြုသည်။

စောစောက ဖြန့်ခင်းထားခဲ့သော ပိတ်ဖြူစပေါ်ဝယ် ပက်ကင်ဘူးထဲမှ ရွှေရည်ဝင်းလျက် တင့်တယ်သပ္ပာယ်လှသည့် တစ်ထွာသာသာခန့် ပလ္လင်ခံဗုဒ္ဓဆင်းတုတော်ကို ထုတ်ယူကာ ရှေ့တည့်တည့်တွင်ထားသည်။ လက်ကိုင်ပိုက်ဆံအိတ်အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



လက်သန်း၊ လက်သည်းပမာဏရှိ ခပ်ဖြူဖြူ လုံးဝန်းဝန်း အရာဝတ္ထုငယ်လေးအား ဆင်းတုတော်၏ ရင်ခွင်ဝယ် တင်ထားဖြစ်သည်။ စိတ်ပုတီးကုံးကိုလည်း ရစ်ခွေလျက် ရှေ့တွင် ထားသည်။

ကမာကုရမြတ်စွာဘုရားဆင်းတုတော်ကြီးကို နောက်ခံထားလျက်အနေအထားတွင် ရှေ့မျက်နှာတူရူဝယ် ရှိနေခဲ့သော စောစောက ရုပ်ပွားဆင်းတုတော်ငယ်လေးအား ရှိခိုးဦးချကန်တော့သည်။ ရတနာသုံးပါးကို ဦးခိုက်သည်။ ဝတ်ပြုဦးချသည်။

တစ်ဖန် တစ်ကြိမ်ထပ်မံဦးချခဲ့ပြန်လျက် အနန္တော အနန္တငါးပါးကို ရည်ရွယ်ကန်တော့သည်။

ပြီးနောက်မှ ကျွန်တော်သည် တင်ပျဉ်ခွေထိုင်လျက် ရှေ့တွင်ထားခဲ့သော စိတ်ပုတီးကုံးကိုယူကာ မျက်စိစုံမှိတ်လျက် ပုတီးတစ်ပတ် စိတ်ဖြစ်လေသည်။ (၁၀) မိနစ်ခန့်သာ ကြာမည် ထင်ပါသည်။ ကိစ္စဝိစ္စပြီးစီးခဲ့သဖြင့် မျက်စိမှိတ် အာရုံပြုနေခဲ့သော အနေအထားမှ မျက်လုံးဖွင့်ကာ ကမာကုရ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးကို ရင်ဝယ် လက်ကြာငုံထား လက်အုပ်ချီလျက်နှင့် ပူဇော်ဖြစ်ရပြန်သေးသည်။

ထို့နောက်တွင်မှ ပတ်ဝန်းကျင်ကို သတိထားဖြစ်လေတော့သည်။

"အို . . . ရွှေရည်စံရယ်၊ ဒုက္ခတော့ ဖြစ်ရတော့ပြီ။ ဘာဖြစ်လို့ ကိုယ့်ကို ထီးမိုးပေးနေခဲ့ရတာလဲ။ မတ်တတ်ရပ် ထီးမိုးပေးနေတော့ ညောင်းရပြီပေါ့။ တကယ်ပဲ အားနာစရာကောင်းလိုက်တာ ကျေးဇူးပဲနော်"

ဟူ၍ သူ့ကို ကျွန်တော် ပြောဖြစ်ရလေသည်။

"သြော် . . . မျိုးစံရယ် ဒုက္ခမဖြစ်ပါဘူး။ မျိုးစံ ဘုရားဝတ်ပြုနေခိုက်မှာ နှင်းမှုန်လေးတွေက နည်းနည်းပိုကျဆင်းလာသလားလို့။ နှင်းမှုန်လေးတွေ ကျနေတော့ မျိုးစံ အအေးမိမှာစိုးလို့၊ နေမကောင်းဖြစ်မှာစိုးလို့၊ ဖျားနာမှာစိုးလို့၊ စိုးရိမ်လို့၊ ပြီးတော့ ပါရမီဖြည့်ရတာပေါ့"

ဟု ရွှေရည်စံက ဆိုလာခဲ့သည်။

"သြော် . . . ကျေးဇူးပါပဲ ရွှေရည်ရယ်။ တကယ်ပဲ ကျေးဇူးပါ ရွှေရည်"

ဟူ၍ ကျွန်တော်သည် နှုတ်မှ ရေရွတ်မိရင်း ဗုဒ္ဓဆင်းတုတော်လေးကို ပက်ကင်ဘူးထဲသို့ ပြန်ထည့်၊ စိတ်ပုတီးကုံးကို လွယ်အိတ်ထဲထည့်၊ အမြုတေ ကျောက်ဖြူငယ်လေးကိုလည်း ပိုက်ဆံအိတ်ထဲသို့ အသီးသီးထည့်နေသည်။

ထိုစဉ်ဝယ် . . .

"ကျေးဇူးပဲနော် . . . ကျေးဇူးပါပဲနဲ့ ပြောတတ်လေ့ရှိတာကို ရွှေရည် ခဏခဏ ကြားနေရတာနဲ့ စပ်လျဉ်းပြီး ဘာကြောင့် အဲဒီလို ပြောရတယ်ဆိုတာ ရွှေရည်သိပ်သိချင်တယ် မျိုးစုံစံရယ်။ မြန်မာစာ မြန်မာဘာသာကို လေ့လာသင်ယူနေဆဲမို့ ပြောပြပေးပါလားဟင်"

ရွှေရည်က သူ သိလိုသော အကြောင်းအရာတစ်ရပ်အား မေးလာပါတော့သည်။ ရွှေရည်စံက ပြောလည်းပြော၊ ထိုင်ရင်းက သိမ်းဆည်းစရာတွေကို သိမ်းဆည်းပြီးစီးလုနေပြီဖြစ်သော ကျွန်တော့်အားလည်း သူ့ဘယ်ဘက်လက်ဖြင့် လက်တွဲယူသည်။

သူ့ကို အနည်းငယ်အားပြုကာလျှင် ကျွန်တော် မတ်တတ်ရပ်ခဲ့၊ သူ့ထီးအရိပ်အောက်တွင် နှစ်ယောက်သား ရပ်နေခဲ့ကြသလို ရှိရင်းမှ သူ ခေါ်ဆောင်ရာနောက် ကျွန်တော် လိုက်ပါခဲ့ရလေသည်။

နှစ်ဦးသား ဆာကူရာ ပန်းပင်အောက် အုတ်ခုံဝယ် ထိုင်ဖြစ်ကြသည်။ ကမာကုရ ဘုရားကြီးကို မျက်နှာမူရင်း ထိုင်ရင်းမှ သူ့ကို ကျွန်တော် စကားတွေပြောဖြစ်သည်။

"ကျေးဇူးပါပဲ . . . ကျေးဇူးနော်ဆိုတဲ့စကားလေးတွေကို မြန်မာလူမျိုးတွေ ပြောလေ့ရှိကြတယ် ရွှေရည်။ တစ်စုံတစ်ခုအတွက် သိနားလည်တဲ့သဘောနဲ့ တုံ့ပြန်ပြောဆိုလေ့ရှိကြတဲ့ ယဉ်ကျေးတဲ့ ပြယုဂ်လေး တစ်ခုပါပဲပေါ့"

တစ်နည်းအားဖြင့်တော့ ဗုဒ္ဓဘာသာယဉ်ကျေးမှုရဲ့ ထုံးတမ်းစဉ်လာမှာ သူသူငါငါတို့ဟာ အစဉ်သဖြင့် တစ်ဦးနဲ့တစ်ဦး ကျေးဇူးပြုဖူးခဲ့ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးတရားရဲ့သဘောကို နားလည်ကြတယ်ဆိုတဲ့အသွင်နဲ့ ယဉ်ကျေးမှုကို ပြသတာလည်းဖြစ်တယ်။ အကူအညီပေးမှုအတွက် အသိအမှတ်ပြုတာလည်း ဖြစ်တယ်ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com


"ထားပါလေ ... အလုံးစုံကို ချုပ်ပြီးပြောရရင် မြန်မာမှန်လျှင် ကျေးဇူးတရားငါးဖြာကို ထာဝရအောက်မေ့သိတတ်လေ့ရှိကြရမယ်ပေါ့ ရွှေရည်ရယ်"

သည်လိုပဲ သူ့ကို ကျွန်တော် ပြောလိုက်ပါသည်။

"ဒီတော့ မျိုးစံပြောတဲ့ ကျေးဇူးတရားငါးဖြာဆိုတာက"

ဟူ၍ထပ်ဆင့်စကား ဆိုလာပြန်သည်။

"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဆိုတဲ့ အနန္တောအနန္တငါးပါးဟာ မြန်မာတွေတိုင်းအတွက် ကျေးဇူးရှင်များပဲပေါ့။ တစ်ခုတော့ရှိတာပေါ့ ရွှေရည်။ လောကကြီးမှာ ဘဝအတွက် နည်းအဖုံဖုံနဲ့ လုပ်ကိုင်စားသောက်ရင်း အသက်ရှင်ရပ်တည်မှုအတွက် ရုန်းကန်နေကြရတဲ့ လူတိုင်းမှာ ကျေးဇူးရှင်တွေဆိုတာ အမျိုးမျိုးအထွေထွေ ရှိကြတာပေါ့လေ။

ပမာပြောရရင် ခွေးကလေး၊ ကြောင်ကလေးတွေဟာလည်း ကျေးဇူးရှင်ဖြစ်တတ်ကြသလို ဆင်ကြီးတွေ ဝေလငါးကြီးတွေဟာလည်း ကျေးဇူးရှင် ဖြစ်တတ်ကြပါရဲ့။

ဘာပဲဖြစ်ဖြစ်လေ အဓိကကတော့ အနန္တောအနန္တငါးပါးဆိုတာ မြန်မာတွေအတွက်တော့ အဓိက ကျေးဇူးရှင်တွေပါ။ စစ်မှန်တဲ့ ကျေးဇူးရှင်များပါ"

သည်သို့နယ် သူ့ကိုပြောရင်းက ဥပမာဆိုရန် ကျွန်တော့်ရင်ဝယ်စကားတွေ ရှာနေမိခဲ့၊ ပြောခွင့်ကြုံခဲ့ရသည်။

"ပထမဆုံးပြောပြချင်တာက သုံးလောကထွတ်ထား အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်ပဲ ရွှေရည်"

သာဓကတစ်ခုအနေနဲ့ဆိုရင် ရွှေရည်က ကိုယ့်ကို ပြောခဲ့ဖူးရဲ့မဟုတ်လား။ ဒီဂျပန်ပြည်က ဘုရားဆင်းတုတော်ကိုမှ ပိုက်ဆံတွေ အများကြီးပေးပြီး ဝယ်ရတဲ့အဖြစ်တဲ့။ ဗမာပြည်မှာလည်း ဆင်းတုရုပ်ပွားတွေ အများကြီးရှိတဲ့ဥစ္စာတဲ့။

ဒါကိုပဲ ပြောချင်တယ် ရွှေရည်။

တန်ခိုးတော်အနန္တနဲ့ ပြည့်စုံတဲ့ မြတ်ဗုဒ္ဓရဲ့ကျေးဇူးတွေဟာ မယုံကြည်နိုင်လောက်အောင်ပဲ ရွှေရည်။ သက်တော်ထင်ရှားရှိသကဲ့သို့ ယုံကြည်စွာနဲ့ ကိုးကွယ်မှုရှိနေခဲ့တဲ့ ကိုယ့်ကို၊ လွန်ခဲ့တဲ့ (၃) လခန့် ဒီကိုရောက်လာခဲ့စဉ်ကအဖြစ်ကို ရွှေရည်အသိပဲ မဟုတ်လား။

ဒီအင်မတန် ရှေးကျလှတဲ့ အေဒီ-၁၂ ရာစုကပဲ သွန်းလုပ်ခဲ့ပုံရတဲ့ ရုပ်ပွားဆင်းတုတော်လေးကို ရှားရှားပါးပါး တွေ့ရှိရတော့ ကိုယ်က အမြတ်တနိုး ဆောင်ယူဝယ်ယူ ကိုးကွယ်ချင်ခဲ့တာလေ။ ငွေ Amount က တော်တော်လေး ဈေးများနေတာနဲ့ မဝယ်ဖြစ်ခဲ့သေးဘူး။ ရွှေရည်က ဝယ်ပေးမယ်လို့ ပြောခဲ့ပေမဲ့ ကိုယ်က လက်မခံခဲ့တော့ ရွှေရည်ကတောင် ကိုယ့်ကို မကျေမနပ်ဖြစ်ခဲ့သေးတယ်နော်။ စေတနာကို အသိအမှတ် မထားရကောင်းလားပေါ့။

အခု ဝယ်ဖြစ်သွားခဲ့ရပြီဆိုတော့မှ ရွှေရည်ကို ရှင်းပြလို့ ပိုကောင်းသွားခဲ့ရပြီ။

ပထမတစ်ကြိမ် လာခဲ့တုန်းအခါက ဒီဗုဒ္ဓဆင်းတုတော်မြတ်လေးကို ကိုးကွယ်ချင်လွန်းလို့ ကျေးဇူးတော်ရှင် ကမာကုရ ဘုရားကြီးထံမှောက်မှာ မြတ်ဗုဒ္ဓရဲ့အနှိုင်းမဲ့တန်ခိုးတော်တွေကို အောက်မေ့ပြီး ဝတ္ထုငွေလှူ နှံသာအမွှေးတိုင် လှူခဲ့၊ ကိုယ် ဆုတောင်းဆုပန်ပြုခဲ့တယ် ရွှေရည်။

အဲဒါကြောင့်ပဲ ဆိုပါတော့။ ကိုယ် ဂျပန်နိုင်ငံက ဖွင့်လှစ်တဲ့ အောင်ဘာလေထီဆုမှာ ယန်းငွေ (၃)သိန်းဆုကို ဆွတ်ခူးရရှိခဲ့တယ်လေ။ ဒါကြောင့် ဒီဆင်းတုတော်မြတ်ကို ဝယ်ယူနိုင်ခဲ့တာ။ မြန်မာနိုင်ငံကို ပင့်ဆောင်ကိုးကွယ်နိုင်ခဲ့ရပြီပေါ့။

ဒါဟာ အနှိုင်းမဲ့ တန်ခိုးတော် အနန္တတို့နဲ့ ပြည့်စုံတော်မူတဲ့ သက်တော်ထင်ရှား မြတ်စွာဘုရားပါပဲ။ ကိုယ့်အတွက် အနန္တကျေးဇူးရှင်ပဲ လက်တွေ့ပဲလေ"

ရွှေရည်စံကို သည်သို့နယ် ရှင်းပြပြောဖြစ်သွားသည်။

"ကောင်းပါပြီ ... မျိုးစံ၊ ဒုတိယကို ဆက်ပါဦး"

ရွှေရည်စံအပြောနှင့် ဒုတိယမြောက် ကျေးဇူးရှင်အတွက် ကျွန်တော် ပြောရသည်။

"ဒုတိယမြောက် ပြောပြချင်တဲ့ အကြောင်းအရာက တရားဒေသနာတော်ပဲ။ ဗုဒ္ဓ ဟောကြားမိန့်ဆိုထားခဲ့တာတွေကို လိုက်နာကျင့်သုံးကြရင် မိမိတို့ရဲ့ ဘဝခရီးတာမှာ ဒုက္ခဆင်းရဲတွေက အတတ်နိုင်ဆုံး ကင်းဝေးပြီး ငြိမ်းအေးတဲ့ဘဝကို ရမှာအမှန်ပဲ"

ဒုက္ခတွေဆိုတာ စိတ်ကြောင့်ဖြစ်ကြရတာ။ ခန္ဓာကြီး ရှိနေလို့ ဖြစ်ကြရတာ။ စိတ်ဆိုတဲ့ နာမ်နဲ့ ခန္ဓာဆိုတဲ့ရုပ်တို့ဟာ


www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုင်းမှာ ဖောက်ပြန်နေတဲ့သဘော။ မကောင်းတာတွေကို မလုပ်မိစေဖို့ကို စိတ်စေတသိက်က ထိန်းပေးနိုင်တယ်ဆိုရင် ခန္ဓာကိုယ်ကြီးက မကျူးလွန်တော့ဘူး မဟုတ်လား။ ရိုက်မယ်၊ နက်မယ်၊ သတ်မယ်၊ ဖြတ်မယ်၊ ခိုးမှုကျူးလွန်မယ် စသည်ဖြင့် မဖြစ်ပွားစေရအောင် စိတ်က ထိန်းသိမ်းပေးတာ။

အဲသည်စိတ်ကို တည်ငြိမ်အောင် ထိန်းတတ်ဖို့ရာမှာ ဓမ္မဆိုတဲ့ တရားရတနာတွေကို သိမှ၊ ဗုဒ္ဓက ဟောကြားထားခဲ့တဲ့ အဆုံးအမတွေကို သဘောပေါက်မှဆိုတော့ ကိုယ်တို့ဆိုတာက ပုထုဇဉ်တွေပဲဖြစ်သေးတော့ ကောင်းမြတ်သောတရားအတွက် ပုတီးကုံးလေးရဲ့ အကူအညီနဲ့ ထိန်းနိုင်ရအောင် ကြိုးစားတဲ့သဘောပဲ။ ပျံ့လွင့်နေတဲ့ စိတ်တွေကို ငြိမ်စေရအောင် ကြံဆောင်ခြင်းပဲလို့ ပြောပါရစေတော့။

စိတ်ပုတီးကုံးအဖြစ် ဖွဲ့သီထားတဲ့ ပုတီးစေ့ကလေးတွေတစ်လုံးချင်း တစ်လုံးချင်းမှာ စိတ်ကို နစ်မြုပ်ပြီး ပျံ့လွင့်နေတဲ့ အာရုံတွေကို စုစည်းနိုင်လာရင် တစ်ဒင်္ဂငြိမ်းအေးမှုလေး ရလာရော။ အဲဒီငြိမ်းအေးမှုလေးက တန်ဖိုးမဖြတ်နိုင်ဘူး။ ငြိမ်းအေးနေတဲ့ စိတ်တွေဝင်နေတဲ့ ခန္ဓာကိုယ်ကြီးဟာ မကောင်းတာတွေ ကျူးလွန်ဖို့ မဖြစ်နိုင်တော့ဘူး။ အဲဒီလို စိတ်မျိုးတွေ လူတစ်ယောက်မှာ များများလာတော့ရင် ဗုဒ္ဓရဲ့ အဆုံးအမတွေ မြဲမြဲလာလျက် အကျင့်စရိုက်ကောင်းတွေ ဖြစ်လာရတယ်လေ။

အဲဒီလို ဖြစ်ဖို့အတွက် ဗုဒ္ဓရဲ့အဆုံးအမတွေ များများသက်ဝင်မြဲမြံလာစေရေးအလို့ငှာ သာမန်ပုထုဇဉ် လူတစ်ယောက်အတွက် တရားဓမ္မရဲ့ဂုဏ်ကျေးဇူးကို အောက်မေ့နိုင်ရအောင် ပုတီးကုံးလေးရဲ့အကူအညီကို ရယူဖြစ်တာပေါ့။ မရင့်ကျက်သေးတဲ့ လူတစ်ယောက်အတွက် ဒီလိုပဲ ကျင့်ယူရတာပေါ့လေ။

အမှန်ကတော့ ဗုဒ္ဓက မိန့်မှာထားခဲ့တဲ့ ကောင်းသောအဆုံးအမဆိုတဲ့ တရားရတနာရှိမှ လူတိုင်းလူတိုင်းမှာ ဓမ္မတွေ မြဲကြမယ်ဆိုရင် အေးချမ်းသာယာတဲ့ဘဝနဲ့ နေနိုင်၊ စားနိုင်၊ သွားနိုင်၊ ဖြစ်ကြရမှာမို့ တရားဓမ္မဟာ ကျေးဇူးရှင်ဖြစ်ရတယ် ရွှေရည်။

အထက်ပါ ကျွန်တော့်စကားများအား ရွှေရည်စံသည် နက်နက်နဲနဲ တွေးတွေးဆဆနှင့် သဘောကျလိမ့်မည်ဟု သူ၏ တိတ်ဆိတ်ငြိမ်သက်နေသော အသွင်အပြင်ကို ကြည့်ကာ ကျွန်တော် ယူဆနေမိသည်။

“မှန်ပါတယ် မျိုးစံ၊ ရွှေရည် ကောင်းစွာ သဘောပေါက်ပါရဲ့ရှင်”

ဟူသော ရွှေရည်စံ၏ အသံက ထွက်လို့လာခဲ့သဖြင့် ကျွန်တော် ဝမ်းသာရသည်။

“ကဲ . . . ဆက်ပါဦး တတိယမြောက်”

သူ၏ တောင်းဆိုလာမှုအတွက် ကျွန်တော် ဆက်ရပြန်သည်။

“တတိယအနေနဲ့ပြောရရင် ဖြူဖြူဥဥ ကျောက်ရတနာလေးကို ပွဲထုတ်မယ့် သဘောပဲ ရွှေရည်။ အမှန်က သံဃာတည်းဟူသော ရတနာကို ပြောချင်တာပါ”

ဟု ကျွန်တော်ဆိုခဲ့သည်။

“အို . . . ဟုတ်တာပေါ့။ စောစောက မျိုးစံ ပြုမူခဲ့စဉ်ကတည်းက ရွှေရည်က မေးချင်နေခဲ့တာ။ အဲဒါလေး What How and Why ပေါ့”

သူ့အပြော သူ့အသွင်ကို ကြည့်လျက် . . .

“အကျင့်မြတ်နဲ့ တောရဆောက်တည်နေတဲ့ သံဃာတော် ဆရာတော်တစ်ပါးက သီးသန့်ပေးထားခဲ့တာ။ Multi Stone လို့ ပြောရမလားပဲ။ ဒါလေးကိုမြင်ရင် သံဃာတော်ဆိုတဲ့ ရဟန်းသံဃာတော်ကို သတိရစေရအောင် သံဃာရတနာကို မမေ့လျော့စေရအောင် ဆောင်ထားတဲ့ သဘောပေါ့။ ကောင်းမြတ်သောဆန္ဒကို အောင်မြင်နိုင်စေဖို့ရာ အထောက်အကူအဖြစ် ရည်ရွယ်တယ်ပေါ့။

တချို့သော အကျင့်သီလနဲ့ ပြည့်စုံတဲ့ ဆရာတော်ကြီးတွေဟာ အနန္တကျေးဇူးရှင်မြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော်တွေကို ကျင့်ကြံအားထုတ်ရင်း သီလစင်ကြယ်မှုရဲ့ စွမ်းအင်ကြောင့် ဓမ္မတွေရွှတ်ပွားစဉ် အခိုက်အတန့်အတွင်း သာမန်ရေအေးကို ရေဆူစေတာတို့၊ မြင့်မြတ်တဲ့လက်တော်နဲ့ ရောဂါဆိုး ခံစားနေရရှာတဲ့ သာမန်လူတစ်ယောက်ရဲ့ဦးခေါင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ထိပေးလိုက်တာမျှနဲ့ ရောဂါဝေဒနာဒဏ်ရာတို့ဟာ သက်သာပျောက်ကင်းသွားတတ်ကြတာတို့ဆိုတာ ကြားဖူးကြုံဖူးတွေ့ဖူးကြသလိုမျိုး သိဖူးမှာပေါ့။

အဲဒီဆရာတော်က မိန့်မှာတယ်လေ။ အနန္တော အနန္တ ငါးပါး ကျေးဇူးရှင်များကို နေ့စဉ်မမေ့မလျော့တဲ့ စိတ်နဲ့ဘဝကို တည်ဆောက်လျှောက်လှမ်းသွားမယ်ဆိုရင် ကောင်းကျိုးချမ်းသာတွေကို ခံစားရမှာ မလွဲဧကန်ပါပဲတဲ့လေ"

ဟူ၍ ရှင်းပြဖြစ်ရသည်။

"Oh ... Yes ... Yes"

ရွှေရည်စံ၏ ထောက်ခံစကားကို ကြားရရင်းက ကျွန်တော်သည် ပိုက်ဆံအိတ်ထဲမှ အဆိုပါ ထူးဆန်းသော ပစ္စည်းငယ်လေးအား ထုတ်ယူကာ သူ့လက်ဖဝါးပြင်သို့ တင်သည်။ ယင်းပစ္စည်း ဖြူဖြူဥဥလေးအား ရွှေရည်စံက အသေအချာကြည့်နေသည်။ သက်ပြင်းချသံနှင့် ခေါင်းတညိတ်ညိတ်ဖြစ်ကာ ရှိနေသည်။ "ကျေးဇူးရှင် သံဃာရတနာကို မမေ့ဖို့" ဟူ၍လည်း သူ့နှုတ်မှ သူ့ဘာသာသူ အသံထွက်ရင်း "Good something very string thing" ဟူ၍ ထပ်မံရေရွတ်နေခဲ့လေသည်။

"စတုတ္ထနဲ့ ပဉ္စမ ကျေးဇူးရှင်များအဖြစ် အမိအဖနဲ့ ဆရာတွေရဲ့အကြောင်း အနည်းငယ်ပြောချင်တယ် ရွှေရည်"

ဟူ၍ ကျွန်တော်က စကားကို ထပ်ဆင့်သည်။

"ပြောပြလေ ... နားထောင်နေပါတယ် မျိုးစံ"

ဟု ရွှေရည်စံက စိတ်ဝင်တစား ပြောခဲ့သည်။

"သတ္တလောကမှာ သက်ရှိအဖြစ်နဲ့ စတင်သန္ဓေတည်လာခဲ့ပြီဆိုကတည်းက အဲဒီအသက်ကလေး ဖြစ်မြောက်ရှင်သန်လာနိုင်ရအောင် မိဘနှစ်ပါးဟာ စောင့်ရှောက်ခဲ့ကြရတယ်။ သေးသေးကွေးကွေးလေးအဖြစ်နဲ့ လူကလေးကို လူ့လောကထဲ ဝင်ရောက်လာစေခဲ့။ တစ်ရက်၊ တစ်ပတ်၊ တစ်လ၊ တစ်နှစ် စသည်အားဖြင့်မှာ ဘာမှ မပြောတတ်သေးတဲ့ ကလေးလေးကို ကျွေးမွေးစောင့်ရှောက်ခဲ့ရင်းက စကားတွေသင်၊ လောကကိုပြခဲ့၊ ပညာတွေ သင်စေခဲ့တာတွေဟာ မိဘတွေရဲ့ ကျေးဇူးတွေပေါ့။ ဆရာတွေရဲ့ ကျေးဇူးတွေပေါ့"

ဂျပန်နိုင်ငံကိုလည်း ရောက်လာခဲ့ရတယ်။ ဂျပန်သူ အချောအလှ ရွှေရည်စံဆိုတဲ့ မင်းသမီးလေးကိုလည်း တွေ့လာခဲ့ရတယ်ပေါ့"

ဆိုခဲ့လေတော့ ရွှေရည်စံသည် မရိုတရို အမူအယာ ပြုံးစစလေးဖြင့် "မျိုးစံက သိပ်စကားတတ်တာပဲနော်" ဟူ၍ ဆိုလာခဲ့သည်။

"အင်း ... ရွှေရည်က ပြောလိုက ပြောစေတော့လေ။ ကုန်ကုန်ပြောရရင် ကိုယ့်ဘဝရဲ့ နောက်ဆုံးထွက်သက်တိုင်အောင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားဆိုတဲ့ လူတစ်ယောက်ရဲ့ ဘဝမှာ မမေ့သင့်၊ မမေ့အပ် မမေ့ထိုက်တဲ့ ကျေးဇူးရှင်များကို အောက်မေ့သွားမှာ ကျေးဇူးဆပ်သွားမှာပါ"

"အဲဒါ ကိုယ့်ရဲ့အဓိက ယုံကြည်မှုပဲ ရွှေရည်ရယ်"

အထက်ပါစကားဖြင့် ရှင်းပြဖြစ်ခဲ့သော "ကျေးဇူးရှင်များ" ကို အောက်မေ့ရင်းပြောခဲ့သည့် စကားတို့ကို အဆုံးသတ်ရန် ကြံရွယ်သည်။ ကမာကုရဘုရားကြီးကို ငေးကြည့်ကာလည်း နေဖြစ်သည်။

"ဒီလောက်ထိအောင်ပဲလား ... မျိုးစံရယ်"

ဟူသော ရွှေရည်စံထံမှ စကားကိုလည်း ကြားလာခဲ့ရသည်။

"အမှန်ပါပဲ ... ရွှေရည်ရယ်။ အစဉ်အမြဲပဲ စောင့်ထိန်း၊ ထိန်းသိမ်းသွားရမယ့် ကိုယ့်ရင်တွင်းက သဘောတရား၊ သစ္စာတရားပါ။ ယုံကြည်မှုပါပဲလေ"

ဟူ၍ ရွှေရည်စံကို အလေးအနက်ထား ပြောမိရသည်။

"ဟုတ်တယ် ... ဟုတ်တာပေါ့။ ယုံကြည်မှုဆိုတာက တော်တော်ခက်တယ်။ ခွဲခြားသိဖို့ လိုတယ်။ ကောင်းမွန်အကျိုးရှိတဲ့စိတ်၊ ဖေးမကူညီလိုတဲ့စေတနာနဲ့ ကူညီသော အမှုဟာ ကျေးဇူးတရားပေပဲမို့ ယုံကြည်မှုကို ရှင်သန်စေတယ်"

ရေလေးတစ်ခွက်၊ ပန်းလေးတစ်ပွင့်၊ ဆေးလေးတစ်ဖုံ၊ ကွမ်းတစ်ယာသည်ပင်လျှင် ကျေးဇူးဖြစ်စေတာပဲလို့ ခံယူတတ်ရင် အကျိုးကျေးဇူးဖြစ်ထွန်းပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးလေးပဲ တွေးကြည့်ရင် ဝိညာဉ်စာနာထောက်ထားခြင်းကို သွားတွေ့ရတယ် မဟုတ်ဘူးလား။ ဝိညာဉ်သနားစာနာထောက်ထားခြင်းဟာ ချစ်ခြင်းသဘောတရားရဲ့ဖွားဖက်တော် မဟုတ်ဘူးလား။ မေတ္တာရဲ့အဆက်အနွယ်ပဲ မဟုတ်ဘူးလား။ လောကမှာ စာနာစိတ်ဟာ လူတိုင်းမှာ ရှိနေကြမယ်ဆိုရင် အကျဉ်းထောင်တွေဆိုတာ လိုသေးလို့လား။ ပဋိပက္ခတွေ၊ မကျေနပ်မှုတွေဆိုတာကို ရင်ဆိုင်ဖို့ လိုသေးလို့လား"

သည်စကားတွေက ရွှေရည်စံ၏ စကားတွေ။

"အမယ်လေး လားပေါင်းများစွာနဲ့ ဖြစ်နေတဲ့ ရွှေရည်ကို ကိုယ်ဘာတွေ ပြန်ပြောရမှန်းတောင် မသိနိုင်ရလောက်အောင်ပါပဲလား ရွှေရည်ရယ်။ စကားတွေကလည်း ကြွယ်လိုက်တာ"

ဟူ၍ ကျွန်တော် သူ့ကိုကြည့်ကာ ပြောမိသည်။

"မြောက်မပြောပါနဲ့ မျိုးစံရယ်။ ရွှေရည်ရဲ့စိတ်ထဲမှာရှိတာတွေကို ပြောဖြစ်သွားတာပါ။ ဒါနဲ့ တစ်ဆက်တည်း ဆက်ပြီး ပြောချင်ပါသေးရဲ့ မျိုးစံ"

ဟုလည်း ဆိုလာပြန်သေးသဖြင့် သူ့ကို ကျွန်တော် ခေါင်းညိတ်ကာပြဖြစ်သည်။

"မျိုးစံပြောခဲ့တာ ဟုတ်တယ် မျိုးစံ၊ ယုံကြည်မှုဟာ သိပ်အရေးကြီးသလို သိပ်ပြီးလည်းလေးနက်တယ်။ ယုံကြည်မှု မရှိရင် ဘဝဟာ အဓိပ္ပာယ်မရှိဘူး။ အဓိပ္ပာယ်မရှိတဲ့ နေ့ရက်တွေနဲ့သာ ကုန်ဆုံးသွားခဲ့မယ်ဆိုရင် လူလို့ ခေါ်လို့ရပါ့မလား"

လူဆိုရင် လူလို့ခေါ်နိုင်ရမယ့် အကြင်နာကရုဏာ၊ မေတ္တာ၊ မုဒိတာ၊ ဥပေက္ခာတရားတွေဆိုတာကိုလည်း နားလည်ဖို့ လိုအပ်သလို ပေးဆပ်တာ၊ တာဝန်ရှိတာ၊ ထိန်းသိမ်းစောင့်ရှောက်တာတွေကိုလည်း လုပ်ဆောင်ရမယ်လေ၊ မဟုတ်ဘူးလား"

အဆင့်မြင့် ဗုဒ္ဓဘာသာဆိုတာ ရတနာသုံးပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာပဲ။ ဗုဒ္ဓဘာသာနာရဲ့ ရတနာသုံးပါး၊ အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံမယ်ဆိုရင် လူတွေဟာ လိမ္မာယဉ်ကျေးလာမယ်။ ပူလောင်မှုတွေဟာ ငြိမ်းအေးလာမယ် မဟုတ်ဘူးလား။

လူရယ်လို့ဖြစ်လာပြီဆိုတော့ မိဘဆိုတာ၊ ဆရာဆိုတာ ရှိလာပြီ။ မိဘဆရာသမားတွေက အမွေခံကောင်းတွေပေးဝေသလို ရွှေရည်တို့မှာလည်း တာဝန်တွေရှိလာပြီပေါ့။ ကျေးဇူးတရားတွေအတွက် အဆုံးအမတွေကို နားထောင်၊ နားလည်ကျင့်သုံးမယ်ဆိုရင် ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်ရာ မည်ပြီ။

သတ္တဝါတွေအပေါ်မှာ မေတ္တာတော်အနန္တတွေ ထားရှိကျင့်သုံးညွှန်ပြတော်မူခဲ့တဲ့ သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော် ဘုရားဟာ အနှိုင်းမဲ့ဖြစ်တော်မူပါတယ် မျိုးစံရယ်။

ရေစက်ရှုတွင် ရှိနေသော ကမာကုရဖြစ်စွာဘုရားရှင်အားလက်အုပ်လေးချီခဲ့လေသော ရွှေရည်စံကို ကျွန်တော်များစွာလေးစားမိသွားရပြီ။

သို့နှင့် ...

"သာဓု ... သာဓု ... သာဓုပါ ... ဂျပန်မလေးရယ်"

ဟူ၍ သူ့ကိုကြည့်လျက် ကျွန်တော် ပြောဖြစ်သည်။

"မနောက်ပါနဲ့ ... မျိုးစံရယ်။ ရွှေရည်က တတ်သလောက် မှတ်သလောက် ပြောမိတာပါရှင်။ မိကျောင်းမင်းရေခင်းပြဆိုသလိုများ ဖြစ်သွားရပြီလားတောင် မသိတော့ပါဘူးရှင်"

ကျွန်တော် ထင်ထားသည်ထက် ယဉ်ကျေးသိတတ်လှစွာသော ရွှေရည်စံကို မချီးကျူးဘဲ မနေနိုင်ခဲ့။

"တကယ်ပဲ စာနာမှုတွေ၊ အကြင်နာ၊ ကရုဏာတွေနဲ့ ပြည့်စုံပါပေတဲ့ မေတ္တာရှင် ဂျပန်မလေးပါပဲလေ"

ဟူ၍လည်း ထပ်မံကာ ပြောဖြစ်မိသွားတော့ ...

"အမယ်လေး ... လေး ... ပြောမိလိုက်ခါမှ ပိုတောင် ဆိုးသွားခဲ့ရပါပကောလားရှင်"

ဟု ရွှေရည်စံက ရယ်ကာမောကာ တုန့်ပြန်လာခဲ့သည်နှင့် ကျွန်တော့်မှာလည်း သူ့အပြောကို သဘောကျကာ ပြုံးရယ်နေမိခဲ့ရလေသည်။

"အေးလေ ... ရွှေရည်ပြောပြခဲ့တာတွေကို ဆက်စပ်သုံးသပ်မိတဲ့အခါကျတော့ ဝေဘူဆရာတော်ဘုရားကြီးရဲ့ အဆုံးအမကို ကြားယောင်လာမိပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



ဒါယကာ၊ ဒါယိကာမတို့ ပိဋကတ်သုံးပုံကို ဖတ်လို့ ကုန်နိုင်ပါ့မလား။ အားလုံးနားလည်နိုင်ပါ့မလား။ ပိဋကတ် သုံးပုံရဲ့အနှစ်ချုပ်ကတော့ ဗောဓိပက္ခိယတရား (၃၇)ပါးပဲ။ ဗောဓိပက္ခိယ (၃၇) ပါးရဲ့အချုပ်ကတော့ မဂ္ဂင် (၈)ပါးပဲ။ မဂ္ဂင် (၈) ပါးရဲ့ အချုပ်ကတော့ သိက္ခာ (၃)ပါးပဲ။ သိက္ခာ (၃)ပါးရဲ့ အချုပ်ကတော့ တရားကျင့်ရန် ဖေကာမမွှာပဲ . . . ဖေကာ မမွှာပဲ . . . တဲ့ . . . ရွှေရည်"

သည်သို့နယ် ကျွန်တော်ပြောဖြစ်တော့ . . .

"အမယ်လေး . . . အဲဒါကြောင့်ပြောတာပေါ့။ မိကျောင်းမင်း ရေခင်းပြ၊ နွားရှေ့ထွန်ကျူး ဖြစ်သွားခဲ့ရတဲ့ ကျွန်မ ရွှေရည် ရှက်များတောင် ရှက်မိလာပါရဲ့ရှင်ရယ်။ လေ့လာစရာတွေ သင်ယူစရာတွေ အများကြီးရှိနေသေးတဲ့ ရွှေရည်အတွက်တော့ တကယ့်ကို စိတ်ရှည်ရှည်နဲ့ ပြောပြသွန်သင်နေတဲ့ မျိုးစံကို ကျေးဇူးပါပဲရှင်"

သူခေါင်းလေးကိုညိတ်ကာ ညိတ်ကာနှင့်ပြောနေခဲ့လေသော သူ့ဟန်ပန် အမူအရာလေးက တကယ်ပဲဖြူစင်နေသည်ကို ကျွန်တော် မြင်နေရသည်။

"အင်း . . . တကယ်တမ်းမှာ သာမန်လောကီသားအနေနဲ့ပြောရရင် ကျေးဇူးရှင်ဆိုတာ မေတ္တာစိတ်၊ မေတ္တာတရားနဲ့ ပေးဆပ်ခြင်းဆိုတဲ့ မြင့်မြတ်တဲ့ နလုံးသားကို ပိုင်ဆိုင်တဲ့ သူပဲ။ ပေးဆပ်လိုခြင်းရှိတဲ့ နလုံးသားပိုင်ရှင်ရဲ့အပြုအမူမျိုးတွေဟာ ဂုဏ်ယူဖွယ်ရာကောင်းတယ်။ ချစ်မြတ်နိုးဖွယ်ရာလည်း ကောင်းတယ်ပေါ့"

ဟူ၍ ကျွန်တော်က ဖွင့်ဆိုရှင်းပြသောသဘောနှင့် သူ့ကိုပြောဖြစ်သည်။

"အေးလေ . . . မျိုးစံရဲ့ဖွင့်ဆိုရှင်းပြပေးမှုတွေကို နစ်လည်း နစ်သက်တယ်။ သဘောလည်း ကျတယ်။ တစ်ထိုင်တည်းနဲ့ ကြားသိလာခဲ့ရတဲ့ တရားတွေ စကားတွေထဲမှာပဲ ခုနက မျိုးစံပြောခဲ့တဲ့ "ချစ်မြတ်နိုးစရာ" ဆိုတဲ့စကားက ဆန်းနေသလိုပဲ မျိုးစံ။

ချစ်စရာကောင်းတယ်ဆိုရင်ပဲ မဖြစ်ဘူးလား။ အလေးအမြတ်တန်ဖိုးထားတာပဲ မဟုတ်ဘူးလား။ အချစ်ဟာ အရေးကြီးတယ်လေ"

ဒါက ရွှေရည်စံ၏ မေးခွန်းတွေ . . .

"ဪ . . . ရွှေရည်ရယ်၊ မေတ္တာတရားနဲ့ ပေးဆပ်လိုခြင်းရှိတဲ့ နလုံးသားပိုင်ရှင်တွေရဲ့အကူအညီပေးမှု။ အပြုအမူတွေဟာ ချစ်တာ တစ်ခုတည်းမှ မဟုတ်တာ။ မြတ်နိုးကြင်နာမှုပါ ပါနေတာလေ။ ငါ သူတစ်ပါး ယောက်ျား မိန်းမ အကျိုးအကန်းစသည်ဖြင့်တို့အပေါ်မှာ စာနာကြင်နာစိတ်ရှိနေတာ အယုတ်အလတ် အမြတ်မရွေး တို့ကို ပေးဆပ်လိုတာ။

ဒီမှာ ရွှေရည်၊ ချစ်ခြင်းနဲ့မြတ်နိုးခြင်း၊ အချစ်နဲ့ မြတ်နိုးမှုဆိုတာ တူသယောင်ယောင်နဲ့ တကယ်တော့ ကွဲပြားခြားနားတယ်လို့ ကိုယ်ထင်တယ်လေ။

အချစ်ဆိုတာက အမှန်တော့ ပူလောင်ပါတယ် ရွှေရည်ရယ်။ ချစ်ရလို့ ပူလောင်ရတယ်။ သူနဲ့တွေ့ရမှ၊ သူ့မျက်နှာမြင်နေရမှ၊ သူနဲ့စကားတွေပြောနေရမှ ကြည်နူးနေရမှ ကျေနပ်ကြတာမျိုးပါ။

သဘောမတွေ့တာလေးတွေ ဖြစ်လာ၊ မတူညီတာတွေကို ညှိနိူင်းမရတာတွေရှိလာ။ ကြုံလာတော့ ရန်တွေ့စကားတွေ ပြောလာ၊ မုန်းတီးသွားကြ၊ ရိုက်ကြနက်ကြ၊ ယုတ်မာကြ၊ သွေးမြေကျကြရနဲ့ ဖြစ်ရပြီဆိုရင် ချစ်စရာကောင်းတယ်ဆိုတာလည်း ဘယ်ပျောက်သွားမှန်းမသိ။ အချစ်ကို တန်ဖိုးထားပါတယ်ဆိုတာကရော ဘယ်ရောက်သွားခဲ့ရလဲ။ အချစ်ဟာ အရေးကြီးတယ်ဆိုတာက ဘယ်လိုဖြစ်သွားရပြီလဲ။ ပူလောင်ကြရပြီ မဟုတ်ဘူးလား။

မြတ်နိုးမှုဆိုတာကျတော့ အဲဒီလို ပူလောင်တာမျိုးတွေကို မဖြစ်ရအောင် စောင့်စည်းထိန်းသိမ်းတာမျိုး၊ သည်းခံတတ်တာမျိုးနဲ့ အချစ်ကို မပျက်ပြယ်စေတဲ့သဘော။ အမုန်းတရားကို မပေါ်ပေါက်စေရေး အလေးထား ထိန်းသိမ်းတာမျိုး။

ဥပမာအနေနဲ့ ခနဉစ္စာ၊ အလှအပ စသည်ဖြင့် တစ်စုံတစ်ခုကို မက်မောပြီး ချစ်ရုံချစ်တတ်တဲ့ စိတ်မျိုးထက် အစဉ်ထာဝရ ဂရုတစိုက် အရိပ်တကြည့်ကြည့်နဲ့ အနာတရ မဖြစ်ရလေအောင် ထားရှိတဲ့ စိတ်မျိုး၊ တစ်နည်းအားဖြင့် မြတ်နိုးမှုဆိုတဲ့ ဝေါဟာရဟာ ချစ်တာထက် မြတ်နိုးတာက ပိုပြီးလေး



www.burmeseclassic.com

www.burmeseclassic.com


နက်တဲ့ အသွင်ဆောင်နေတယ်လို့ ကိုယ် ပြောပါရစေတော့ ရွှေရည်ရယ်၊ မဟုတ်ဘူးလား"

အထက်ပါသို့နှယ် ပြောပြ၊ ဖြေပြခဲ့ရင်းက ရွှေရည်စံကို ကျွန်တော် ကြည့်သည်။

ကျွန်တော့်အမေးမှာ မျက်နှာကမှောသည်။ အကြည့်မှာ မျက်ဝန်းက ဝေရီသည်နှင့် အသံမှာ ခံစားမှုက ရောယှက်နေသော တိုးညင်းသော်လည်း ဆွဲဆောင်လွှမ်းမိုးသည့်အသံဖြင့် သူ စကားဆိုလာသည်ကို ကျွန်တော် ကြားလိုက်ရတော့သည်။

"တကယ်ပဲ တန်ဖိုးရှိလိုက်တဲ့ စကားတွေပါပဲ မျိုးစံရယ်"

သည်သို့နှယ်သာ သူ ပြောနိုင်သည် ထင်သည်။ သူ ထပ်မံ၍ စကားမဆက်ခဲ့တော့။ ငြိမ်၍သာနေလေသည်။

"ဘာပဲဖြစ်ဖြစ်လေ လောကီလူ့ဘောင်မှာ ကျင်လည်နေရသရွေ့ ဗုဒ္ဓရဲ့အဆုံးအမ၊ ရတနာသုံးပါး၊ အနန္တော အနန္တ ငါးပါးတို့ရဲ့အဆုံးအမစကားတွေဆိုတာ မြတ်စွာဘုရားရှင်ရဲ့ (၃၈) ဖြာမင်္ဂလာ တရားတော်မှာ "ကိုယ့်အပေါ်ပြုဖူး၊ သူ့ကျေးဇူး အထူးသိတတ်စေ"ဆိုတဲ့ ကျေးဇူးအတိုင်း ကျေးဇူးတရားရဲ့အနှစ်သာရကို သိတတ်တာဟာ မြတ်နိုးဖွယ် အပြုအမူတစ်ရပ်ပါပဲ ရွှေရည်။

တကယ်ပါ ရွှေရည်။ ကိုယ့်အတွက် ပညာရေးဘက်မှာ အကူအညီတွေ အများကြီးပေးခဲ့။ ကိုယ့်အတွက် အပိုဝင်ငွေတွေ ရစေရအောင် အချိန်ပိုင်းအလုပ်ကောင်းတွေကိုလည်း ရှာဖွေပေးခဲ့၊ ပိုင်ဆိုင်မှုကို တိုးပွားစေခဲ့၊ ဂျပန် - မြန်မာ ချစ်ကြည် ရေးဖောင်ဒေးရှင်းနဲ့လည်း ဆက်သွယ်ပေးခဲ့။ နာမည်ကျော် ရှေးဟောင်းဘုရား၊ ကျောင်းကန်၊ ဘာသာရေးအဆောက်အအုံတွေဆီ ပို့ပေးခဲ့၊ ဗုဒ္ဓဘာသာ ပျံ့နှံ့ခဲ့ရာ ဂျပန်နိုင်ငံတစ်လွှား အပင်ပန်းခံ အချိန်ယူ ပို့ဆောင်ပေးခဲ့တဲ့အတွက်လည်း ရွှေရည်ဟာ ကိုယ့်အတွက်တော့ ပဋ္ဌာန်းဆက်ရှိခဲ့ဖူးတဲ့ ကျေးဇူးရှင်မလေးပါပဲလေ"

သူ့ကျေးဇူးကို၊ ကျေးဇူးတွေကို ဂုဏ်တင်ကာ ကျွန်တော် ပြောမိရသည်။

"ဩော် . . . ပဋ္ဌာန်းဆက်ရှိခဲ့ဖူးတဲ့ ကျေးဇူးရှင်မလေးတဲ့လား။ ပဋ္ဌာန်းဆက်ရှိခဲ့ဖူးတယ်ဆိုရင် အတူကုသိုလ် ရေစက်ချခဲ့ဖူးကြ၊ ဆုတောင်းခဲ့ကြဖူးလို့ပဲ မဟုတ်ဘူးလား။ ဒါကြောင့် ခုပဲ ဒီက ကမာကုရဘုရားရှင်ထံပါးမှာ မျိုးစံနဲ့ ရွှေရည် ဆုတွေအတူတူတောင်းကြမယ်လေ။ တောင်းကြရအောင်လားလေ"

ပြောလည်းပြော အတူယှဉ်တွဲထိုင်နေကြရင်း ရွှေရည်စံသည် ကျွန်တော့်လက်အား ဆွဲကိုင်လာခဲ့တော့သည်။

"နေပါဦး ရွှေရည်ရယ်၊ ကိုယ်စကား တစ်ခွန်းလောက်ပြောချင်ပါသေးရဲ့"

ဆိုလိုက်တော့ . . .

"ပြောပါရှင် . . . နားထောင်နေပါ့မယ်ရှင်"

ဟူ၍ မျက်လုံးလေး ထောင့်ကပ်လျက် သူ ကျွန်တော့်အား တုံ့ပြန်ခဲ့သည်။

"ကိုယ်အစပထမမှာ ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းကိုပဲ အလေးအနက်ထားပြီးတော့ ပြောပြရမှာပါပဲ ရွှေရည်။

ဆုတောင်းတယ်ဆိုတာနဲ့ ဆုပန်တယ်ဆိုတာ တူသယောင်ယောင်ရှိပေမဲ့ အချစ်နဲ့ မြတ်နိုးမှုပမာလိုပဲ ကွဲပြားမှုရှိတယ်လို့ ဆိုရမှာပါပဲ ရွှေရည်။

ဆုတောင်းတယ်ဆိုတာက လွယ်လွယ်ပြောရရင် ကိုယ်လိုချင်တာကို တောင်းဆိုတဲ့သဘော၊ သာမန်သဘောပဲ။

ဆုပန်တယ်ဆိုတာကျတော့ သူ့ထက် ပိုတယ်။ ဒါကို လိုချင်ပါတယ်။ လိုချင်တဲ့အတွက် ဒါကို ဆောင်ရွက်ပါ့မယ်။ ဖြည့်ဆည်းပါ့မယ်လို့ ကတိသစ္စာနဲ့ ဝန်ခံတဲ့သဘော သက်ရောက်တယ်။ လက်တွေ့သဘောပါတယ်။ ထိရောက်မှုရှိတဲ့ အကျိုးကို ခံစားရတယ်။ သဘောကတော့ ရွှေရည်ရယ် ဆုဆိုတာ တောင်းနေရုံနဲ့ မပြီးဘူး။ တောင်းတဲ့ဆုနဲ့ ပြည့်စုံလာနိုင်စေဖို့ရာ ကတိပြုဝန်ခံထားတဲ့အတိုင်း ပြုမူအားထုတ်ကျင့်ကြံပါမှလည်း၊ ပေးဆပ်ပါမှလည်း တောင်းတဲ့ဆုဟာ ပြည့်လာနိုင်တတ်တာမျိုးပါ။

အမှန်ကတော့ ပေးဆပ်ခြင်းရှိမှ ရယူပိုင်ဆိုင်နိုင်ခြင်းဖြစ်ရတာ။ ပေးဆပ်ခြင်းမရှိဘဲနဲ့ ဆုတောင်းနေရုံမျှနဲ့တော့


www.burmeseclassic.com

www.burmeseclassic.com



ပြည့်မလာနိုင်ဘူး ဆိုပါတော့၊ ဘယ်လိုပြောရမလဲ။ အလှှာ အထပ်တွေနဲ့ မွှေးပျံ့နေတဲ့ နှင်းဆီပန်းလေးတစ်ပွင့်ကို ခူးယူချင်တဲ့သူဟာ ဆူးစူးမယ့်ဒဏ်ကိုတော့ ခံရမှာပဲလေ။ မဟုတ်ဘူးလား ရွှေရည်။

ဒီတော့ သဘောပေါက်ဖို့ရာ အလွယ်ကူဆုံးသဘောမျိုးနဲ့ ဥပမာပေးပြောရရင် ဘဝတစ်ခု အသက်ရှင်ရပ်တည်မှုအတွက် ဘဝလမ်းကို လျှောက်လှမ်းကြရာမှာ အငို၊ အရယ်၊ အပြုံး၊ အလွမ်း၊ အကြမ်းအရမ်း၊ ချမ်းသာဆင်းရဲ၊ ဆူကြံ့နိမ့်မြင့် အစရှိတဲ့ လူမှုဒုက္ခအဖုံဖုံကို လူတွေ တွေ့ကြုံရဆိုင်ကြရတယ် မဟုတ်လား။

ဘဝဆိုတာ လွယ်သည်လည်း ရှိမယ်၊ မလွယ်တာလည်း ရှိမယ်။ ရွှေရည်တို့ ဂျပန်လူမျိုးတွေ ပြောတတ်ပြောလေ့ ရှိကြတဲ့ စကားတစ်ခွန်းက "နာနကော် ယောဂီ ယာတိုးကိ" တဲ့။ "ခုနစ်ကြိမ်လဲရင် ရှစ်ကြိမ်ထနိုင်ရမယ်" ဆိုသလိုပဲ ဘဝလမ်းရဲ့ အချိုးအကွေ့တွေမှာ သံသရာရေစက်ရှိခဲ့ဖူးလို့လဲ "လဲသူကို ထူမ" ပေးချင်တဲ့စိတ်၊ ကူညီချင်တဲ့စိတ်၊ ထပ်မံအားဖြည့်ပေးလိုတဲ့သဘောနဲ့ ကြိုးစားရှန်းကန်ခဲ့ရင် လူသားဆန်တဲ့ မေတ္တာတရားရဲ့ကောင်းကျိုးက ခံစားလာရမှာ အမှန်ပဲ။

"သိပ္ပံပညာရှင် နယူတန်ရဲ့ နိယာမတစ်ခုကိုလည်း ရွှေရည် သိပြီးသားပဲ မဟုတ်လား။ To every action there is equal and opposite reaction တဲ့။ သက်ရောက်မှုတိုင်းမှာ သူနဲ့ ညီမျှတဲ့ တုန့်ပြန်သက်ရောက်မှုဆိုတာ ရှိစမြဲပဲလေ။

ဗုဒ္ဓကတော့ Cause and Effect ပေါ့။ အကြောင်းတရားနဲ့ ကင်းလွတ်တဲ့ အကျိုးတရားဆိုတာ မရှိဘူးပေါ့။

ဒါကြောင့် ဆုတောင်းနေရုံနဲ့ မပြီးဘူးလို့ပေါ့။ ဘယ်လိုပြောရဦးမလဲ။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ မိန့်ခဲ့ဖူးတဲ့စကားကို သတိရလာမိတယ်။

If mere praying will do, them all in world will become Buddhas တဲ့။ (ဆုတောင်းတိုင်းသာ ရစတမ်းဆိုရင် လောကမှာ "ဘုရား" ချည်းပဲပေါ့)တဲ့။

ဒါတွေကြောင့်မို့ ကိုယ်ပြောချင်တာက ဆုတောင်းတယ်ဆိုတာထက် ဆုပန်ခြင်းဆိုတာက ပိုမိုအဓိပ္ပာယ်လေးနက်လှပါတယ်လို့ပဲ ပြောပါရစေတော့လား။ မြတ်နိုးရတဲ့သူလေး၊ စေတနာရှင်မလေး၊ မေတ္တာရှင်မလေး၊ ကျေးဇူးရှင်မလေး ရယ်"

သို့ကလို ဆိုလိုက်မိသည့်တစ်ခဏ ဆုတောင်းခြင်းထက် ပိုစေခဲ့သော သူ့စကားက . . .

"အို . . . မြတ်နိုးရတဲ့သူလေး၊ စေတနာရှင်မလေး၊ မေတ္တာရှင်မလေး၊ ကျေးဇူးရှင်မလေးတဲ့လား။ ဟုတ်ကဲ့ပါရှင်၊ ဗုဒ္ဓဘာသာ သာသနာ ထေရဝါဒ စစ်စစ်၊ အဓိက မမေ့အပ် မမေ့ထိုက်ပါတဲ့ အနန္တငါးဖြာ ဂုဏ်အင်ကျေးဇူးများအကြောင်း ဘဝအကြောင်း ကောင်းကောင်းကြီး သိနားလည်ခွင့်လည်း ရရှိခဲ့တဲ့အတွက် များစွာဝမ်းသာရပါတယ်ရှင်။ ရွှေရည်အတွက် မျိုးစံဟာ တန်ဖိုးဖြတ်လို့မရတဲ့ မောင် ဖြစ်ခဲ့ရပါပြီမို့ အချစ်ဦးလည်းဖြစ် အချစ်ဆုံးလည်းဖြစ်ရတဲ့ အမြတ်နိုးဆုံးမောင်ရယ်လို့သာ ပြောပါရစေတော့နော်မောင်"

တစ်ဦးကိုတစ်ဦး အကဲခတ်လျက် အတူသွား၊ အတူစားနေလာခဲ့သည်မှာ တစ်နှစ်မက၊ နှစ်နှစ်မက ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အသည်း (အသဲ)စကားကို ယနေ့မှာ တားဆီးထား၍ မရနိုင်ကြတော့ဟုပင် ပြောရမည်ထင်ပါသည်။ ရန်လည်း သင်းပျံ့၍ အဆင်းလှသော ပန်းလေးတစ်ပွင့်ကို သူနှင့် ကျွန်တော် ပြိုင်တူ ခူးဆွတ်ကြရန် ကြိုးပမ်းခဲ့ကြပြီလည်း ဖြစ်လေသည်။

"မောင်" ဟု စတင်ဖွင့်ဟလာသော သူ့အမူအယာ ရုပ်သွင်လေးက ကျွန်တော့်နလုံးသားကို ချမ်းမြေ့ပျော်ရွှင်စေခြင်းအသွင် ချိုမြကာ ဝင်ရောက်စေခဲ့သည်။ သူ့နှုတ်ဖျားမှ စကားလေးတွေက ကျွန်တော့်ရင်ထဲ ပျားရည်မြစ်တစ်စင်း စီးဆင်းသွားစေခဲ့သည်။

"အို . . . အချစ်ဦးတဲ့လား။ အချစ်ဆုံးတဲ့လား။ ပြီးတော့ အမြတ်နိုးဆုံး မောင်တဲ့လား"

သူ့လက်အစုံကို ဆွဲယူကိုင်မိသွားလျက်က ကျွန်တော် ပြောဖြစ်သွားခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မောင်။ မောင်နဲ့ ရွှေရည်ဆိုတာကလည်း မောင်ပြောခဲ့ဖူးတဲ့ ပဋ္ဌာန်းဆက် ဆိုတာများလားလေ။ Global Village လို့ ပြောနေကြတဲ့ ကမ္ဘာ့ရွာကြီးမှာ "မောင်နဲ့ ရွှေရည်" "မြန်မာနဲ့ ဂျပန်" ဆုံစည်းလာခဲ့ရပြန်တာကလည်း ဗုဒ္ဓမဓမ္မအလိုအရ သံသရာစက်ဝန်းကြီးကြောင့်ပေါ့နော်။

အရင်ဘဝက နီပွန်ဆိုတဲ့ ဂျပန်နိုင်ငံမှာ အမျိုးတော်စပ်ခဲ့သလား။ ဒါမှမဟုတ် မြန်မာနိုင်ငံမှာ ဆွေမျိုးတော်စပ်ခဲ့သလား။ ကုသိုလ်ရေစက် အတူဆက်ခဲ့ကြလေသလားမှ မသိနိုင်တာ မောင်ရယ်။

လူ့ဘဝဆိုတာကလည်း ဘဝသံသရာမှာ ဘဝပေါင်းများစွာ ကျင်လည်ခဲ့ကြတာချည်းပဲမို့ ရွှေရည်တို့နှစ်ယောက် ဘဝတစ်ခုမှာ ဆုံစည်းခဲ့တာကတော့ သေချာပါတယ်လေ။

အေးလေ ... လက်ရှိလောကီသံသရာမှာ ကျင်လည်နေရသရွေ့ ဘဝကို ကောင်းစွာရှင်သန်နေထိုင်ရင်း လူသားကောင်းကျိုး၊ သတ္တဝါတွေရဲ့ကောင်းကျိုးကို သယ်ပိုးသွားကြမယ်။ အများတကာရဲ့ နှစ်လိုဖွယ် ကျေးဇူးရှင်တွေ ဖြစ်နိုင်အောင် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားတွေနဲ့ ကြိုးစားနေသွားကြရအောင်နော် မောင်"

သည်သို့နှယ် ဆက်၍ ပြောလာခဲ့လေသော ရွှေရည်စံ၏ စကားများက အံ့အားသင့်စရာ ကောင်းလောက်အောင် ဖြစ်ခဲ့ရသည့်အတွက် ရုတ်တရက် မည်သို့သောစကားကိုမှ သူ့အား ပြန်လည်မပြောနိုင်ခဲ့ချေ။ ကျွန်တော့်မှာ အံ့သြ၍သာ နေမိရလေသည်။

အတန်ငယ် ကြာခဲ့သည်တွင် ...

"ဘီရုမာစံ (ကိုမြန်မာ) ဆိုတဲ့ မျိုးစံဆိုတဲ့ မြတ်နိုးရတဲ့ မောင်ရယ် ..."

သည်သို့သော စကား၊ အေးမြသော အပြုံးလေးနှင့် ကျွန်တော့်လက်ရုံးပေါ် ခေါင်းကလေးမှီလာခဲ့သော သူ့ကို ကျွန်တော်သည် အနည်းငယ်ငုံ့ကြည့်မိရရင်း ရင်တွင်းမှ စကားတစ်ခွန်း သူ့အတွက်ပေးစွမ်းဖြစ်သွားခဲ့မိရတော့လေသည်။

Kin Tama San (မရွှေရည်) ရွှေရည်စံဆိုတဲ့ အမည်နဲ့ လိုက်ဖက်လှပါပေတယ်။ အချစ်သခင်မလေး၊ မြတ်နိုးရတဲ့ ဂျပန်မလေးရယ်"

အထက်ပါကဲ့သို့သော ကျွန်တော့်အပြောအတွက် ထပ်ခါထပ်ခါ ပြောလာခဲ့သော သူ့စကားကတော့

"ဟွန်းသို့နီ ... ဒိုးမို ... ဒိုးမို ... အရီးဂတ်တော့ ဂိုဇိုင်းမတ် ရှိတနဲ ... မောင် ..."

(တကယ်ကိုပဲ တကယ်ပဲ အများကြီး ကျေးဇူးတင်ပါတယ်နော် ... မောင်)တဲ့။

**ကိုယော (ဘောဂဗေဒ)**

စာပေဗိမာန် ဝတ္ထုရှည်ဆုရ

မှတ်ချက်

ဂျပန်လူမျိုးတို့၏ ဝေါဟာရ San ဆိုသည်မှာ ဦး/ဒေါ်/ကို/မ ကို အဓိပ္ပာယ်ရစေသည့် နာမ်စားဖြစ်ပါသည်။ ဥပမာ ကိုဝင်းခိုင်မျိုးဟု ခေါ်မည့်အစား "မျိုးစံ" ဟု ခေါ်ဆိုလေ့ရှိပါသည်။ နာမ်စားကို အမည်နာမ၏နောက်သို့ ထားရှိသုံးစွဲသည်ကို သတိပြုရပါမည်။



အမည်ရင်း ဦးဝင်းမြင့် (စာပေဗိမာန်စာမူ ဝတ္ထုရှည်ဆုနှင့် သုတပဒေသာ (ဝိဇ္ဇာ) ဆုများ ရရှိသည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် နေထိုင်၍ မြို့နယ်စာရေးဆရာအသင်းတွင် ဘဏ္ဍာရေးမှူးတာဝန် ဆောင်ရွက်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဖေဖေ့ ကျေးဇူး

## စိမ်းစိမ်းအေး(စမ်းချောင်း)

"ဖေဖေ ဆုံးပြီ" ဆိုသော စကားကို ကြားလိုက်ရသည့် အချိန်မှာ ဝမ်းနည်းကြေကွဲ ထိတ်လန့်မှုတွေနှင့်အတူ ရင်ထဲမှာ မခံနိုင်၍ ငိုချလိုက်မိသည်။ စိတ်တွေ ဂယောက် ဂယက် ယူကြုံးမရ အားငယ်ခြင်းများနှင့်အတူ ငိုရင်း ငိုရင်းပင် သတိလွတ် မေ့မျော သွားပါ၏။ အဖေ့အကြောင်း လာ၍ပြောသော မောင်လေး လင်မယားနှစ်ယောက်က ကျွန်မကို ပွေ့ဖက်ထားရင်း...

"အစ်မကြီး...အစ်မကြီး...သတိထားဦးလေ"

ဆိုကာ လှုပ်နှိုးမှ သူတို့အသံကြားကာ စိတ်ကို မနည်းပြန်လည်ချုပ်တည်း လိုက်ရပါ၏။

ဖေဖေက ညီမငယ်နေထိုင်ရာ တောင်ငူမြို့မှာ ဆုံးသွားခြင်းဖြစ်သည်။ ဆေးရုံကို အချိန်မီ ပို့သကုပါသော်လည်း ယခင်ကလည်း ဖြစ်ဖူးသော အစာအိမ်ရောဂါကြောင့် ဆုံးသွားခဲ့ရပါ၏။ ကျွန်မ ကြေကွဲဝမ်းနည်းသည်မှာ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မ အိမ်ရှေ့တွင် ချော်လဲ၍ ခြေတစ်ဖက်ကျိုးသွားချိန်၊ နောက်တစ်နေ့တွင် ဖေဖေဆုံးသွားခြင်း ဖြစ်ပါ သည်။ မောင်လေးက အဖေမသေမီ တွေ့ရအောင် ကျွန်မကို ကားဖြင့် တင်ခေါ်ဖို့ ကြံရွယ်သေး၏။ ဒါပေမဲ့ ကျွန်မအခြေအနေက ဘယ်လိုမှ မလိုက်နိုင်။ ခင်ပွန်းသည်က အဖေ ဆုံး သွားသည်ကို တောင်ငူက ဖုန်းဖြင့် အကြောင်းကြားခဲ့၍ သိထားသော်လည်း ကျွန်မကို မပြောရက်၍ ရောဂါ ပိုတိုးမှာစိုး၍ ကျွန်မက မေးသောအခါ...

"အဘိုးကြီး ဆေးရုံတက်ရတယ်တဲ့။ ဒါပေမဲ့ သိပ်စိုးရိမ် စရာတော့

ဖေဖေသည် ကျွန်မတို့ မောင်နှမငါးယောက်ကို ဘယ်သူနှင့်မှ စိတ်မချတတ်ပါ။ ရုပ်ရှင်ကြည့်လည်း သူ လိုက်ပို့သည်။ ဘုရားတွေ သွားချင်တယ်ဆိုလျှင်လည်း သူ လိုက်ပို့သည်။ နောက်ဆုံး တီရှင်းနှံရုံ သွားချင်တယ်ဆိုလည်း မိုးမလင်းခင်က သူကိုယ်တိုင် ချက်ပြုတ်ကြော်လှော်၍ စားသောက်စရာတွေ အပြည့်အစုံနှင့် လိုက်ပို့ရှာပါသည်။ ဤမျှ သားသမီးတွေအပေါ် တာဝန်ကျေလှသော ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူးတဲ့"

ထိုမျှသာ ပြောပါသည်။ နောက်တစ်နေ့ တောင်ငူ ညီမတွေဆီက ဖုန်းလာပြန်သောအခါ ခင်ပွန်းသည်က နားထောင်ပြီး ကျွန်မကို တရားဓမ္မတွေနှင့် ဖျောင်းဖျပါတယ်။

"အဘိုးကြီးရောဂါက ခွဲရမယ်တဲ့။ ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ၅၀% လောက်ပဲ မျှော်လင့်ချက်ရှိတယ်တဲ့"

အမှန်တော့ ထိုနေ့တွင် ဖေဖေ တောင်ငူမှာ သင်္ဂြိုဟ်သောနေ့ ဖြစ်ပါသည်။

"မင်း သွားချင်လား ကားစင်းလုံးငှားပြီး သွားကြမယ်"

ကျွန်မ အခြေအနေ ကျွန်မ သိပါ၏။ အိပ်ရာထဲမှာ အော်ဟစ်ညည်းညူနေရတဲ့အချိန် ကျွန်မ ဘယ်လိုမှ မသွားနိုင်ပါ။ သားသမီး ငါးယောက်အနက် အသက်မီသူက မီသည်။ အသက်မမီတဲ့သူက ဖေဖေ့ရဲ့နောက်ဆုံးခရီးကို လိုက်ပို့နိုင်သည်။ ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်နိုင်သည်။ ကျွန်မအဖြစ်ကသာ ကံဆိုးလွန်း၍ ဖေဖေ့မျက်နှာလေးကိုပင် မကြည့်လိုက်ရ။ မကန်တော့လိုက်ရတဲ့ အဖြစ်ပါ။ ကျွန်မ ဘယ်လိုဖြေဆည်နိုင်ပါ့မလဲ။

✦

"ခြောက် . . . ဖေဖေ . . . ဖေဖေ။ သားသမီးငါးယောက်ကို လူ့အောက်မကျအောင် တစ်ယောက်တည်း ရှာဖွေကျွေးမွေးခဲ့တဲ့ ကျေးဇူးရှင် ဖေဖေ"

"သားသမီးတွေကို ပညာတတ်ဖြစ်အောင် ကြိုးစားခဲ့သော ဖေဖေ"

"သားသမီးတွေကိုယဉ်ကျေးသိမ်မွေ့အောင် ဆုံးမပြုပြင်သင်ပြပေးသော ဖေဖေ"

"မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်
အတတ်သင်စေ၊ ပေးဝေနှီးရင်း
ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်

ဖခင်မယ်တို့တာ" ဆိုသလို ဖေဖေကတော့ မိဘဝတ္တရားကျေပွန်လှပါ၏။ မိဘကျေးဇူးကို ဆပ်ဖူးရုံသာရှိသော ကျွန်မအဖို့ မဖြေသာပါ။ တစ်နေ့နေ့ ကြုံလာမှာကို သိနေသော်လည်း ယခုလို မြန်မြန်ဆန်ဆန်ကြီး ဆုံးသွားမည်ဟု မထင်မှတ်ခဲ့ပါ။ ဖေဖေသည် ကျွန်မနှင့်သာ အနေများပြီး ကွယ်လွန်ခါနီးမှ ညီမငယ်ကခေါ်၍ တောင်ငူသို့လိုက်သွားခြင်း ဖြစ်ပါသည်။

ဖေဖေနှင့် မေမေသည် သားသမီးငါးယောက်ရသည့်တိုင် သဘောခြင်းမတိုက်ဆိုင်ကြ။ "အိမ်ထောင်ဦး၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး" ဆိုတာလို ပြင်ဖို့ခက်သော အိမ်ထောင်ရေးကိစ္စကို "အချစ်" တစ်ခုတည်းနှင့် တည်ဆောက်ခဲ့သည်ထင့်။ မောင်အငယ်ဆုံး လေးနှစ်သားအရွယ်မှာ ဖေဖေနဲ့ မေမေ လမ်းခွဲသွားကြ၏။ သည်အချိန်မှာ ကျွန်မတို့မောင်နှမငါးယောက် မျက်နှာငယ်ကြရသည်။ ဝမ်းနည်းကြရသည်။ မေမေက အိမ်ပေါ်က ဆင်းသွားသည်။ ဖေဖေက ကျွန်မတို့ငါးယောက်ကို အမေနှင့်မထည့်။ သူ ခေါ်ထားသည်။ အဘွားတွေ၊ ဒေါ်ကြီးတွေ၊ ဦးကြီးတွေ ပြောသည်ကိုပင် လက်မခံ။

"ကျွန်တော့်သားသမီးတွေကို ကျွန်တော် ရှာကျွေးမယ်"

ဟုဆိုကာ ဖေဖေသည် ထိုနေ့မှစ၍ နေ့မအား၊ ညမအား အလုပ်တွေ လုပ်ပါသည်။

ဖေဖေသည် ကျွန်မ ငယ်စဉ်ကတည်းက အရမ်းဂရုစိုက်ခဲ့သည်။ မိန်းကလေးလည်းဖြစ်၊ အကြီးဆုံးမို့လားမသိ ဖအေလိုတစ်မျိုး မအေလိုတစ်ဖုံ ပြုစုစောင့်ရှောက်ခဲ့၏။ အမှန်အတိုင်း ဝန်ခံရလျှင် အမေ့ထက် အဖေ့ကို ပိုချစ်သည်၊ ခင်တွယ်သည်။ အမေအပြင်သွားလျှင် ကျွန်မ မလိုက်ချင်။ ဖေဖေ အပြင်သွားလျှင် ကျွန်မ လိုက်ချင်သည်။ ဖေဖေကလည်း အမြဲခေါ်ပါသည်။

ကျွန်မ ငယ်စဉ်တုန်းက ဖေဖေ စီးပွားရေးလုပ်ငန်းကိစ္စနှင့် မန္တလေးကို အရင်ပြောင်းရွှေ့သွားသည်။ ကျွန်မ ရန်ကုန်မှာ မေမေနှင့် ကျန်ခဲ့ရသည်။ ဖေဖေ့ကိုလွမ်း၍ နေ့တိုင်းငိုခဲ့ရသည်။ ဖေဖေ လုပ်ငန်းတွေ အဆင်ပြေမှ ကျွန်မတို့မိသားစုအား လာခေါ်ပါသည်။ မန္တလေးရောက်တော့ စိန့်ဂျိုးဇက် ကွန်ဗင့်ကျောင်းမှာ ကျွန်မတို့ နေရပါသည်။ ဖေဖေက ကျောင်းမှာဝတ်သည့် ဝတ်စုံရော၊ အပြင်မှာဝတ်သည့် ဝတ်စုံတွေပါ သူကိုယ်တိုင် ချုပ်လုပ်ပေးပါသည်။ မေမေ့အတွက်လည်း ကောင်းပေ့ညွှန့်ပေဆိုသည့် အထည်မျိုးစုံကို ဝယ်ပေးပါသည်။ အစားအသောက်ကိုလည်း မြန်မာအစားအစာအပြင်



www.burmeseclassic.com

www.burmeseclassic.com



တရုတ်၊ ကုလား အစားအစာတွေပါ အစားအသောက်မျိုးစုံ ကိုယ်တိုင်ချက်ကျွေးပါသည်။ ဖေဖေ့ကျေးဇူးတွေကား မကုန်နိုင် . . .။

✦

ဖေဖေနှင့်မေမေ လမ်းခွဲကြတော့ ကျွန်မအသက် တစ်ဆယ့်လေးနှစ်ပင် မပြည့်သေးပါ။ ညီမငယ်နှစ်ယောက်၊ မောင်ငယ်နှစ်ယောက်ကို ကျွန်မပဲ စောင့်ရှောက်အုပ်ထိန်းခဲ့ရ၏။ မောင်အငယ်ဆုံးလေးမှာ လေးနှစ်သားပဲရှိသေး၍ အမေ့ကိုယ်စား ကျွန်မပဲ အစ်မလိုတစ်မျိုး၊ အမေလိုတစ်ဖုံ ရင်အုပ်မကွာ ပြုစုကျွေးမွေးခဲ့ရပါသည်။ ကျွန်မ ကျောင်းလည်း ထွက်လိုက်ရပါသည်။ ဖေဖေက အပြင်မှာ စီးပွားရှာနေတော့ ကျွန်မကပဲ ချက်ပြုတ်ကျွေးမွေးရသည်။ ကျောင်းဆက်၍နေချင်သော်လည်း မနေရတော့ပါ။ မောင်ငယ်၊ ညီမငယ်တွေကို ဦးစားပေးခဲ့ရ၏။

မှတ်မိသေး၏။ တရုတ် – မြန်မာ အရေးအခင်းကာလမှာ ဖြစ်ပါသည်။ ဆန်တွေ အရမ်းရှားပြီး ဆန်ဈေးတွေ အဆမတန် တက်သွား၏။ အခြားမိသားစုတွေ ဆန်ပြုတ်သောက်နေရချိန်မှာ ကျွန်မတို့မောင်နှမတွေ မသောက်ခဲ့ရပါ။ ဖေဖေသည် ဆန်တွေကို ရသည့်နေရာရှာ၏။ ထို့ကြောင့် ဆန်ပြုတ်တစ်နေ့မှ မသောက်ခဲ့ရပါ။ သားသမီးများအတွက် ပူပင်ကြောင့်ကြစိတ်ဖြင့် တာဝန်ကျေလှသော ဖေဖေ . . .။

ဖေဖေ့အတွက် ကျွန်မ အမြဲတမ်း စိတ်မကောင်းဖြစ်ရသည်။ မန္တလေးမှာ စီးပွားရေးလုပ်ငန်း အဆင်မပြေတော့၍ ရန်ကုန်ပြန်ရောက်လာပြီးကတည်းက ကျောက်သွေးလုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခဲ့ရသော ဖေဖေ။ စမ်းချောင်းမှာ အဘွားအိမ်၌ ပြန်နေခဲ့ရပြီး မိသားစုစားဝတ်နေရေးအတွက် နေ့မအား ညမနား ကြိုးစားခဲ့ပါ၏။ ဖေဖေ့လက်ရာကောင်း၍ လူအတော်များများက အလုပ်လာနိုင်းကြသော်လည်း လက်ခ(လုပ်ခ)ကျတော့ မပေးချင်ကြ။ အချို့တစ်ဝက်သာ ပေးသွား၏။ တချို့က အကြွေးခိုင်းသွား၏။ သူတို့သာ ကျောက်ကောင်းတစ်ပွင့် ဖြစ်သွား၍ ရာဂဏန်း၊ ထောင်ဂဏန်း ရသွား၏။ အဆင်ပြေသွားသည်။ လုပ်ခတွေကျတော့ မပေးချင်ကြ။ သဘောကောင်းသော ဖေဖေကတော့ အမြဲတမ်း ခွင့်လွှတ်စိတ်နှင့် ကြည့်ခဲ့သည်။ မှန်မှန်ကန်ကန် လာပေးသူကား ခပ်ရှားရှား။ ဖေဖေသည် ဘာပဲလုပ်လုပ် အလုပ်ကိုသေသေသပ်သပ် လုပ်လေ့ရှိ၏။ ငွေရရ မရရ ဘယ်တော့မှ ပြီးစလွယ် မပြုလုပ်တတ်။ လုပ်ငန်းအပေါ် စေတနာထားသည်။ နာမည်ပျက်မရှိ။ အလုပ်တွေကတော့ မရပ်မနား လုပ်ကိုင်ရပါ၏။ ဒါပေမဲ့ "ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်" ဆိုတာလို အဖေ့မှာ နားရသည်မရှိ၊ ပြည့်စုံသည် မရှိပါ။ ဒါကြောင့် အရွယ်ရောက်လာပြီလည်း ဖြစ်သလို သမီးအကြီးဆုံးလည်း ဖြစ်သဖြင့် အလုပ်ထွက်လုပ်ရန် အကြိမ်ကြိမ် ပြောခဲ့၏။ ဖေဖေက လက်မခံ။ အပြင်အလုပ်ထွက်လုပ်ရန် သဘောမတူ။ ဘောင်ဒရီ အိမ်တွင်းမှုပညာသင်ကျောင်းကို တက်ရောက်ဖို့ပင် မနည်းပြောခဲ့ရပါသည်။ ဒါတောင်မှ သူငယ်ချင်းတွေနှင့် အဖော်အတူရှိ၍ ဖြစ်သည်။

မိုးဦးကျ၍ ကျောင်းတွေ ပြန်ဖွင့်ခါနီးပြီဆိုလျှင် သားသမီးတွေ ကျောင်းအပ်ဖို့၊ ကျောင်းထားဖို့ အသည်းအသန် ဖေဖေ ငွေရှာပါတော့သည်။ ညဘက်တောင် မအိပ်မနေ ကျောက်သွေးရသည်။ ရစရာရှိသော ကျောက်သွေးခတွေလည်း လှည့်လည်တောင်းရသည်။ ပြည့်စုံစွာ မရပြန်လျှင် ဖေဖေ စိတ်ညစ်ရသည်ကို ကျွန်မ သိ၏။ သားသမီးတွေကို လူ့အောက်မကျအောင် ပညာတတ်စေချင်သော ဖေဖေ၊ များစွာ ပင်ပန်းခဲ့ရပါသည်။

ကျွန်မအတွက်လည်း . . .

"ငါ့သမီးကြီး ကျောင်းထွက်လိုက်ရတာ စိတ်မကောင်းဘူး"

ဟု ပြောရင်း မျက်ရည်ကျရှာပါသည်။

ဖေဖေသည် ကျွန်မတို့ မောင်နှမငါးယောက်ကို ဘယ်သူနှင့်မှ စိတ်မချတတ်ပါ။ ရုပ်ရှင်ကြည့်လည်း သူ လိုက်ပို့သည်၊ ဘုရားတွေ သွားချင်တယ်ဆိုလျှင်လည်း သူ လိုက်ပို့သည်၊ နောက်ဆုံး တိရစ္ဆာန်ရုံ သွားချင်တယ်ဆိုလည်း မိုးမလင်းခင်က သူကိုယ်တိုင် ချက်ပြုတ်ကြော်လှော်၍ စားသောက်စရာတွေ အပြည့်အစုံနှင့် လိုက်ပို့ရှာပါသည်။ ဤမျှ သားသမီးတွေအပေါ် တာဝန်ကျေလှသော ဖေဖေ။

တစ်ရက်တွင် နယ်မှ ဖေဖေ့အစ်မဝမ်းကွဲ အိမ်ရောက်လာပါသည်။ သူက . . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်လှ...ဒေါ်လေးက နင့်သမီး အကြီးတစ်ယောက်ကို သူ့ဆီမှာ ခေါ်ထားချင်တယ်လို့ ငါ့ကို မှာလိုက်တယ်"

အဘွား (အဖေ့ရဲ့မေမေ) ကလည်း သူ့ညီမမှာ သားသမီး မရှိသည့်အတွက် ထည့်လိုက်စေချင်သည်။ ဖေဖေလည်း တာဝန်ပေါ့မည်။ ဟိုမှာလည်း ကောင်းကောင်းမွန်မွန် နေရမည်။ အားလုံးက ဝိုင်းပြီး တိုက်တွန်းကြ၏။ ဖေဖေ သဘောမတူ၊ လုံးဝ လက်မခံ။

"ကျွန်တော့်သားသမီးတွေကို ဘယ်သူ့မှလည်း မပေးဘူး။ ဘယ်သူ့ဆီမှလည်း မပို့ဘူး။ နောက်ဆုံး သူတို့အမေ လာခေါ်လျှင်တောင် မပေးဘူး။ မထည့်ဘူး။ ကျွန်တော် ရှာကျွေးနိုင်တယ်"

ဟု ငိုသံပါကြီးနှင့် ပြောရှာပါသည်။ ဤမျှလောက် သားသမီးတွေအပေါ် သံယောဇဉ်ကြီးရှာသည့် ဖေဖေပါ။

✦

ဖေဖေသည် သူကိုယ်တိုင်ကလည်း ကောင်းမှစားချင်၏။ သူကိုယ်တိုင်လည်း ချက်ပြုတ်တတ်၏။ သားသမီးတွေကိုလည်း ငွေရှိလျှင် ရှိသလို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးတတ်၏။ ကျွန်မကိုလည်း သင်ပေးပါသည်။ သူ့လက်ရာမမီ၍ စိတ်တိုင်းမကျလျှင် အဆူခံရပါသည်။ ဖေဖေနှင့်မေမေ အိမ်ထောင်ရေးပြိုကွဲရခြင်းသည် ထိုအချက်ပါ၏။ အမေက အဖေ့လက်ရာ မမီ၊ ပေါ့ပေါ့တန်တန် ချက်တတ်၊ လုပ်တတ်သည်။ ဖေဖေ့ရဲ့စိတ်ဓာတ်ခံယူချက်က သူကိုယ်တိုင် ကောင်းကောင်းစား၍ သူတစ်ပါးကိုလည်း ကောင်းကောင်းမှ ကျွေးချင်သည်။ ဒါကြောင့် သားသမီးတွေအိမ်မှာ အလှူလုပ်လျှင် သူကိုယ်တိုင် ချက်ရပြုတ်ရ၊ လုပ်ကိုင်ရမှ ကျေနပ်ပါသည်။ အလှူလုပ်၍ မုန့်ဟင်းခါးတို့၊ ဒံပေါက်ထမင်းတို့ ဆိုင်က အော်ဒါမှာ ကျွေးလျှင် မကြိုက်။ ကိုယ့်အလှူကို ကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်လှူဒါန်းမှ ကုသိုလ်ပိုရသည်။ အလှူဒါန ပြည့်စုံသည်ဟု ဖေဖေ ခဏခဏ ပြောလေ့ရှိပါသည်။

ဖေဖေ့ကျေးဇူးကြောင့်ပင် မောင်တွေ၊ ညီမတွေ မကြောင့်မကြ ပညာသင်ခဲ့ရသည်။ အရွယ်ရောက်လာကြသည်။ ညီမနှစ်ယောက်က ရှေ့ဆင့်နောက်ဆင့် အိမ်ထောင်ကျသွား၏။ မောင်အကြီးက ဘွဲ့ရပြီးနောက် ဘုန်းကြီး (ရဟန်း) ဝတ်သွားသည်။ ယခုဆိုလျှင် ဒေးစွန်ပါတောင်ခြေမှာ နှစ်ဆယ့်ခြောက်ဝါ (၂၆) နှစ် ရှိခဲ့ပြီ။ မောင်အငယ်ဆုံးကလည်း လုပ်ငန်းနှင့် သူ့အိမ်ထောင်နှင့်သူ ဖြစ်နေပြီ။ ကျွန်မသာ နောက်ဆုံး မောင်အငယ် ကျောင်းပြီးခါနီး၍ နောက်ဆုံးနှစ်ရောက်မှ အိမ်ထောင်ပြုခဲ့ရပါသည်။

ဖေဖေက ကျွန်မနှင့် အနေများပါသည်။ သေမည်ဆိုလျှင်တောင် ကျွန်မတို့အိမ်မှာ သေစေချင်သည်။ ယခုလို ချက်ချင်းကြီး ဆုံးသွားမယ်လို့ မထင်။ ဖေဖေက သူ့မှာ ငွေပိုလေးတွေရှိလျှင် ကျွန်မကို ပေးထားပါသည်။ "လိုရာသုံး" ဟု ဆို၏။ ကျွန်မက မသုံးရက်ပါ။ ဒါဆိုလျှင် "ရွှေလုပ်ထား၊ ဒါမှ မဟုတ်လျှင် မြေကွက်ဝယ်ထား" ဟု အကြိမ်ကြိမ်ပြောပါသည်။ ကျွန်မတို့က ဖေဖေ့ငွေကို မသုံးရက်၊ မစားရက်ပါ။ ဖေဖေ အလှူလုပ်ရန်သာ သိမ်းထားပေးပါသည်။ သူကွယ်လွန်သွားတော့လည်း အလှူတွေ လုပ်ပေးသည်။ ယခု ဇူလိုင်လ (၃၁) ရက်နေ့ဆိုလျှင် ငါးနှစ်ပြည့်ခဲ့ပါပြီ။ ဖေဖေ့အတွက် မောင်နှမတွေ စုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လျက် ကုသိုလ်တွေ ပြုခဲ့ကြ၏။ ဖေဖေ့အတွက် ရည်မှန်း၍လည်း ဒေးစွန်ပါတွင် ကျောင်းတစ်ဆောင် ဆောက်ရန် စီစဉ်နေပါသည်။

ကျေးဇူးကြီးလှသော ဖေဖေ၊ ပေးဆပ်၍ မကုန်နိုင်သော ဖေဖေ။ ဖေဖေ့ အသုဘကိုတောင် မပို့လိုက်နိုင်တဲ့သမီး။ ပြုသမျှ ကုသိုလ်တွေကိုသာ အမျှပေးဝေလိုက်ရသည်။ ဖေဖေ...ဖေဖေ...။

**စိမ်းစိမ်းအေး(စမ်းချောင်း)**



အမည်ရင်း ဒေါ်စိန်စိန်အေး ဖြစ်ပြီး ကဗျာအရေးများသည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၁ ရပ်ကွက်တွင် ခင်ပွန်းသည် ရေကူး မြတ်လေးနောင်နှင့်အတူ နေထိုင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

အမေဓါဂကိုယ်ပုကျသေး

ဆင် မြကျွန်း

# ဘောင်းပနို



www.burmeseclassic.com

www.burmeseclassic.com

# အမေ၏ ကိုယ်ပူကျဆေး

## ဆင်ဖြူကျွန်းအောင်သိန်း

မတတ်သာ၍ ကျောင်းကို လာခဲ့ရပြား စိတ်က အမေ့ထံမှာသာ ရှိ၏။ အမေက သူ့သမီးကို အဖျားကူးမည်စိုးသည်။ ကူးခါမှ ကူးရော့၊ သည်အမေကို ပြုစုရန် သည်သမီးသာ ရှိသည်။ သို့ဖြစ်သဖြင့် လှလှရွှေ စိတ်မဖြောင့်။ အမေ့အယူအစွဲက ချွေးထွက်လျှင် အဖျားပျောက်မည်။ သမီးအမြင်က ရောဂါပိုးကြောင့်ဖြစ်သော အဖျားရောဂါသည် ချွေးထွက်နှုံဖြင့် မပျောက်။

ညည်းတွားသံလိုလို ကြားသည်ထင်သဖြင့် လှလှရွှေသည် တစ်ဖက်သို့ စောင်းမည့်ကိုယ်ကို မစောင်းဘဲ နားစွင့်၏။ အသံနောက်ထပ် မကြားရသော်ငြား စိတ်ထဲ၌ မသိုးမသန့် ဖြစ်သည်။ တစ်ပြိုင်နက်တည်း အမေ့ကို လှမ်းစမ်းသောလက်သည် ချက်ချင်းပြန်ရောက်လာ၏။

"လက်စသတ်တော့ ညည်းသံဟာ အမေ့ဆီက လာသာပါကလား"

သည်အသိဝင်လျှင်ဝင်ချင်း လှလှရွှေသည် အမေ့ကို လှမ်းစမ်းသည်။ အမေ့နဖူးကို မှောင်နှင့်မည်းမည်းတွင် စမ်း မိသည်။ ဟုတ်ပါသည်။ အမေ ကိုယ်ပူနေသည်။ ခြစ်ခြစ်တောက်အောင် ပူနေသည်။ သို့ကြောင့် လှလှရွှေသည် ထထိုင်၏။ ဘက်ထရီမီးခလုတ်ကို ဖွင့်လိုက်သောအခါ ထဘီဖြင့် ကွေးနေသော မိမေးကို မီးရောင်အောက်၌ တွေ့ရသည်။

"ဖြစ်ရလေ အမေရယ်၊ စောင်ရှိပါလျက်နဲ့"

"သမီး အမေ့နားမကပ်နဲ့။ ကွမ်းရွက်ပြုတ်ရည်နဲ့ ချွေးထုတ်ဆေးလုပ်ပေး"

မိမေးသည် သတိရှိ၏။ အဖျားကူးမည်စိုးသောကြောင့် သမီးနှင့် ခွာနေခြင်း ဖြစ်သည်။ စောင်ရှိပါလျက်နှင့် ထဘီဖြင့် ကွေးနေခြင်းမှာလည်း သမီးကို အဖျားကူးမှာ စိုးရိမ်၍ ဖြစ်သည်။

"အမေ့ကို နှိုးလိုက်ရမလား အမေ"

"နေပေစေ ... သမီး၊ ခများမှာ တစ်နေ့လုံး ပင်ပန်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်သောကြောင့် လုလုရွှေသည် အပြေးအလွှား ဆံပင်ကို ဖြီးသင်ရင်း ထရပ်၏။ ရဲရင့်စံနှင့် ကျော်သူစံကို နှိုးရကောင်းမည်လား စဉ်းစား၏။ အကူအညီရသည်ထက် ပြောရသည်က ပိုမည်ထင်သောကြောင့် မီးဖိုကျင်းထဲသို့ တစ်ယောက်တည်း ဆင်းသည်။ မီးမွှေးပစ်ခဲ့ပြီး ရေနွေးအိုးကို ရေထည့်သည်။ ရေနွေးအိုးကို ခွင့်ပေါ်တင်အပြီး၌ ကွမ်းရွက်ကို ရှာရသည်။

ကွမ်းရွက် အဘယ်မှာ ရှိသနည်း။

ကွမ်းရွက်သည် ကွမ်းအစ်ထဲ၌ ရှိနိုင်သည်။

သို့သော် လုလုရွှေမှာ ကျောင်းမှာသာ အနေများသဖြင့် အိမ်၏ အထားအသိုကို မကျွမ်း။ အငယ်ဆုံးကောင် မြတ်ကောင်းစံကို နှိုးပြီးမေးရသော် သင့်မည်လော။ တစ်ခွက်စာသာ ထည့်ကျိုထားသဖြင့် ရေနွေးအိုးက ချက်ချင်းဆူသည်။ အိမ်အောက်ရှိ စားပွဲတွင် ကွမ်းအစ်ရှိလိုရှိငြား အိမ်အောက်သို့ လုလုရွှေ ဝင်ခဲ့၏။

သည်ကန်စွန်းပင်လုရွာတွင် သုံးပင်အိမ်ဆောက်လျှင် သွပ်တန်းချသည်။ အိမ်အောက်၌ တန်းလျားတစ်ခု၊ စားပွဲခုံတစ်လုံးချသည့် ထုံးစံရှိသည်။ သည်စားပွဲပေါ်၌ ရေနွေးဇန်း၊ လက်ဖက်အုပ်နှင့် ကွမ်းအစ်ထားမြဲ ဖြစ်သည်။ သို့ဖြစ်၍ အိမ်အောက်သို့ လုလုရွှေ အဝင်မှန်သွား၏။ ကြေးကွမ်းအစ်ထဲ၌ ကွမ်းသုံးရွက်။

လုလုရွှေသည် အဖေ့အတွက် ရေနွေးအိုးတည်ပစ်ခဲ့သည်။ အမေ့အတွက် တည်သောရေနွေးကို ပန်းကန်လုံးထဲ ထည့်သည်။ သည်ထဲသို့ ကွမ်းရွက်တွေထည့်ကာ အမေ့ထံ ယူလာသည်။ အမေသည် ဆေးပုလင်းကို ဘေးမှာချလျက် အသင့်စောင့်နေသည်။ ဆေးမှုန့်တစ်ခါသောက်ကို ပါးစပ်ထဲ ပစ်သွင်းသည်။ ကွမ်းရွက်ပြုတ်ရည်ကို တဖူးဖူးမှုတ်သောက်သည်။

"သမီး အမေ့နား သိပ်မကပ်နဲ့။ စောင်တွေ ထပ်ပြီး ခြုံပေး"

"အမေ ဆေးခန်းသွားမယ်နော်"

"ချွေးငုပ်လို့ ဖြစ်တာပါ သမီးရယ်၊ ချွေးထွက်ရင် ကောင်းသွားမှာပါ။ ကဲ . . . ကဲ . . . ကျောင်းသွားဖို့ ပြင်ပေတော့"

အချိန်ကုန်လွယ်လှသည်။ ဘာလိုလိုနှင့် လင်းရောင်လာပြီဖြစ်သဖြင့် မီးဖိုကျင်းထဲသို့ တစ်ကြော့ပြန်ဆင်းခဲ့ရသည်။ စားသုတ်သုတ်၊ သွားသုတ်သုတ်သမား ဖြစ်ခဲ့သည်မှာ ဆရာဖြစ်သင် သင်တန်းသူဘဝကတည်းက ဖြစ်မည် ထင်ပါသည်။ ယခုလည်း လုလုရွှေသုတ်သုတ်လုပ်ပါလျက် ကျောင်းမီရုံကလေး ရှိသည်။

မတတ်သာ၍ ကျောင်းကို လာခဲ့ရငြား စိတ်က အမေ့ထံမှာသာရှိ၏။ အမေက သူ့သမီးကို အဖျားကူးမည်စိုးသည်။ ကူးခါမှ ကူးရော့၊ သည်အမေကို ပြုစုရန်သည် သမီးသာ ရှိသည်။ သို့ဖြစ်သဖြင့် လုလုရွှေစိတ်မဖြောင့်။ အမေ့အယူ အစွဲက ချွေးထွက်လျှင် အဖျားပျောက်မည်။ သမီးအမြင်က ရောဂါပိုးကြောင့်ဖြစ်သော အဖျားရောဂါသည် ချွေးထွက်နဲ့ဖြင့် မပျောက်။

"ဆရာမ . . . ဆရာမ၊ အုံ့ပုန်းမ အီအီးပါနေတယ်"

အမေ့ထံ ပြေးနေသောစိတ်သည် ကျောင်းခန်းတွင်းသို့ ချက်ချင်းပြန်ရောက်လာသည်။ စားပွဲမှ အပြေးအလွှား ထရသည်။ အခြားသူများ၏ အမြင်တွင် ကျောင်းဆရာဖြစ်ငြား လက်တွေ့တွင်ကား ကလေးထိန်း။ နပ်ညှစ်ပေးရုံဖြင့် မပြီး။ အီအီးပါ ဆေးပေးရသော သူငယ်တန်းပြဆရာမ။

"ဆရာမ . . . ဆရာမ။ ထွန်းကျော်ဦးရယ်၊ သားခဲတံကို ချိုးပစ်ပြီးတော့ အလျော်မပေးဘူးတဲ့"

"ဆရာမလေးရှင့်၊ သမီးမုန့်တွေကို လုလုဝင်းရယ်၊ သမီး မပေးဘဲ ယူစားတယ်ရှင့်"

"ကျွန်တော့် ဗလာစာအုပ်ကို ကြော့ကြော့စိန် ဆွဲဖြဲပစ်ပါတယ် ဆရာမ"

စိတ်မအားရသည်တွင် အတိုင်အတောက ထူ၏။ လက်ရေးလှလာပြသူကလည်း "ဆရာမ အမှတ်ပေးပါ" ပြောနေ၏။ ရှေ့သုံးခုံကျော်တွင်လည်း ကလေးနှစ်ယောက် ဖက်သတ်နေကြသည်။

လုလုရွှေသည် ဝါးခြမ်းပြားကို ဆွဲယူ၏။ ထရပ်၏။ ဖက်သတ်နေသော ကျော်စွာဦးနှင့် ထွန်းနောင်ကျော်တို့ကို ရိုက်ရန် ဖြစ်သည်။ သို့ရာတွင် ဝလုံးတစ်မျက်နှာ လာပြသော လှမြတ်သီဂီကို ရိုက်သည်။ ရိုက်သောတုတ် လေထဲတွင်

www.burmeseclassic.com



နေဆဲ၌ တုတ်ကို လုလုရွှေ ထိန်းချုပ်နိုင်သည်။ ဝါးခြမ်းပြား သည် လေထဲတွင် တန့်နေ၏။

"ဟာ . . . ဟိုကောင်နှစ်ကောင်ကို ရိုက်မယ်ဆိုပြီး ထလာသာ ကံကောင်းလို့ လက်ရေးလှပြသဲ့သူကို ရိုက်မိတော့မလို့"

လုလုရွှေသည် နီပြာခဲတံကို လှမ်းယူသည်။ လှမြတ်သီဂီ ၏ ဗလာစာအုပ်တွင် အပြာမှတ်တစ်မှတ်ပေးလိုက်သည်။ ထို့နောက် ဖက်သတ်နေသူနှစ်ယောက်ကို တစ်ချက်စီ လှမ်းရိုက်သည်။

"ရန်ဖြစ်တဲ့လူ နှစ်ယောက်လုံး"

"တူ . . . တူ . . . တူ လာစသာ ဆရာမ"

ကျော်စွာဦးက ထွန်းနောင်ကျော်ကို လက်ညှိုးထိုးသည်။

"သူလာစရင် ငါ့လာပြီး တိုင်ပါလား။ လာ . . . သည်နားမှာ နားရွက်ဆွဲပြီး ထိုင်ထတစ်ရာလုပ်။ ဟိုကောင် ထိုင်ခုံပေါ် တက်ရပ်ပြီး ထိုင်ထ တစ်ရာလုပ်"

ဖက်သတ်မိသူနှစ်ယောက်ကို လုလုရွှေ အနည်းငယ်သာ စောင့်ကြည့်ပြီး ဆရာမကြီး၏ စားပွဲသို့ လာခဲ့သည်။

"ဆရာမကြီး သမီးအိမ်ကို ခဏပြန်ပါရစေ"

ဆရာမကြီးသည် သင်ပုန်းကို အဝတ်ဖြင့် ဖျက်နေရာက လှည့်ကြည့်၏။

"အမေ့ကို ဆေးတိုက်ပြီး ထားပစ်ခဲ့ရသယ်။ အဲသာ ကိုယ်ပူကျမကျ သိချင်လို့ သွားကြည့်ပါရစေ"

အဖေနှင့်သားသုံးယောက်မှာ အားမကိုးရကြောင်း ပြောရန် မလိုပေ။ သို့ကြောင့်လည်း ဆရာမကြီးက . . .

"ဩော် . . . ဟုတ်လား၊ သွားလေ . . . သွားပါ။ ဆရာမလေး အတန်းကိုမပူနဲ့" ဟု ချောမောစွာ ခွင့်ပြုလိုက်ခြင်း ဖြစ်၏။

လုလုရွှေသည် ဆရာမကြီးထံမှ ခွင့်ပြုမှုရလျှင်ရချင်း ထီးကိုဆွဲပြီး အိမ်သို့ပြေးခဲ့သည်။ အရေးထဲတွင် ရည်းစား ကျော်စံထွန်းနှင့် မျက်နှာချင်းဆိုင်တိုး၏။ လုလုရွှေ နှုတ်ဆက် မနေနိုင် "အမေ နေမကောင်းလို့ "ဟူ၍သာပြောပြီး သုတ်သုတ် လှမ်းခဲ့ရသည်။

အမေ့မှာ ကြောင့်ကြမှုတွေများ၏။

ကြည့်။ လုလုရွှေထင်သည့်အတိုင်း မိမေးသည် မီးဖိုကျင်းထဲ ရောက်နေ၏။ လူတစ်ထိုင်မမြုပ်သောကြောင့် အမေ့ကို ခြံတံခါးဝမပင် လှမ်းမြင်ရ၏။

"သာ နေမကောင်းသဲ့လူလား"

လုလုရွှေအော်သည်။ အပြေးတစ်ပိုင်းသွားသည်။

"ဩော် . . . သမီးပါကလား"

မိမေး ရယ်ကျဲကျဲဖြင့်လှမ်းကြည့်သည်။

"အမေ့ကိုစိတ်မချလို့ ပြန်လာသာ ထင်သယ်။ နေကောင်းသွားပါပြီ သမီးရဲ့"

အမေသည် သူ့နှဖူးသူ ပြန်စမ်းရင်းပြောသည်။ သို့တစေ၊ လုလုရွှေ မယုံ။

မီးဖိုကျင်းအစပ်တွင် ထိုင်သည်။ အမေ့နဖူး စေးထန်ထန်သည် မပူ။ လက်ခေါက် လက်ပြန်စမ်းရသည်ကို အားမရသဖြင့် အတည့်စမ်းသည်။

"အမေ မလိမ်ပါဘူး . . . သမီးရဲ့။ ချွေးရလို့ ကိုယ်ပူကျသွားပါပြီ။ လက်တွေ့မှို့ လက်ခံရခြင်းငြား လုလုရွှေ သဘောမပေါက်သေး။ ဆေးထိုးဆေးတို့ဖြင့် မကုသဘဲ ကွမ်းရွက်ပြုတ်ရည်ကလေး၊ ချွေးထုတ်ဆေးကလေး သောက်ကာမျှဖြင့် ကိုယ်ပူကျသလော။

**ဆင်ဖြူကျွန်းအောင်သိန်း**

အမည်ရင်းမှာ ဦးကြည်အေး ဖြစ်ပြီး ကန့်တော့ခံသက်ကြီး စာပေပညာရှင်၊ အာဆီယံစာပေဆုရှင်၊ အမျိုးသား စာပေဆုရှင်၊ အမျိုးသားတစ်သက်တာ စာပေဆုရှင် ဖြစ်၍ သာကေတမြို့နယ်တွင် နေထိုင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

# မိခင် ဖခင် ကျေးဇူးရှင်

## နတ်မောက်–အနီချို

(၁)

ကျွန်မအသက် ၅ နှစ်ပြည့်သည့်နေ့ကရသည့် မွေးနေ့လက်ဆောင်မှာ ဖေဖေ့ထံမှ နှီးဆီသေတ္တာအရွယ် စာအုပ်သေတ္တာတစ်လုံး ဖြစ်ပါသည်။ သေတ္တာထဲတွင် (ဒေါ်)နယည်၏ ပုံပြင်စာအုပ်များ၊ မြို့မဆရာဟိန်း၏ ရွှေနှင်းဆီနှင့် ရွှေလက်စွပ် စသည့် ပုံပြင်စာအုပ်များသာမက ကျွန်မ မမွေးမီကပင် ကျွန်မဖတ်ရန် ကြိုတင်စုဆောင်းထားခဲ့သည့် ဟံသာဝတီသတင်းစာပါ ကျေးလက်ပုံပြင်၊ ရိုးရာပုံပြင်နှင့် ဟာသပုံပြင်လေးများကို ဖိုင်နှင့်တွဲလျက်သား။ ပြီးတော့ ထူးဆန်းသော သတင်းများကို ဖြတ်စုထားသည်က ဖိုင်တစ်ခု။ ကျွန်မ မှတ်မိနေသည်မှာ မိခင်ကို ကိုယ်ထိလက်ရောက် ရိုက်နက်ပြီး အိမ်မှဆင်းသွားရာ အိမ်နှင့်လှမ်းသွားမှ မြေမျိုခံရသော အရက်သမား၏သတင်း ဖြစ်ပါသည်။ မြေကြီးအက်ကွဲပြီး ခြေကျွံသွားရာ နတ်မရ၊ ဆွဲမရ။ ပုလောင်လှချည်ရဲ့ အော်ဟစ်ရင်း ၇ ရက်တိုင်တိုင် တတိတိကျွံဝင်ကာ တစ်ကိုယ်လုံး နစ်မြုပ်သွားသည်ကို လူအများက အုတ်အော်သောင်းနင်း လာရောက်ကြည့်ရှုကြပုံ၊ အစာကျွေးမရ၊ ရေပေးမရ၊ ဝါးနစ်လုံးခက်ပြီး ထမင်းထုပ်၊ ရေဘူးပေးသည့်တိုင် သူ့အနား ရောက်သည်နှင့် လောင်ကျွမ်းပြာကျသွားပုံတွေ စုံစုံစေ့စေ့ ရေးထားသဖြင့် မှတ်မိနေခြင်း ဖြစ်ပါ၏။

အသက် ၃ နှစ်ခွဲကပင် ကျောင်းနေခဲ့သော ကျွန်မမှာ စာအုပ်သေတ္တာရသည်ကို ရတနာသိုက်တစ်ခုထဲ ရောက်သွားသလို အားရဝမ်းသာ ဖြစ်ခဲ့ရ၏။ ထိုအချိန်မှစ၍ စာဖတ်ဝါသနာပါသွားလိုက်ရာ ယနေ့အထိ တစ်နေ့မှ စာဖတ်မပျက်ခဲ့ပါ။ ပန်းဆိုးတန်း စာအုပ်ဆိုင်တွေ လျှောက်မိလျှင်လည်း စာအုပ်မဝယ်ဘဲ မနေနိုင်၊ စာအုပ်ကောင်းတစ်အုပ်ဖတ်မိလျှင် အစားကောင်းစား၊ အဝတ်ကောင်း လက်ဆောင်ရ

ဖေဖေ ထူးချွန်သည်ကို အားကျသော်လည်း ကျွန်မသည် ဖေဖေ့လို ကျမ်းကြီးကျမ်းခိုင်ရေးနိုင်သည့် စာရေးဆရာမျိုးမဖြစ်။ မေမေ အပေါင်းအသင်းကောင်းလှသည်ကို သဘောပေါက်သည့်တိုင် ကျွန်မသည် အတိုက်အခံများကို မစည်းရုံးတတ်။ သို့သော် သည်အဖေအမေမျိုး၏ နှလုံးသွေးဗီဇကြောင့် ကျွန်မ ရပ်တည်ချက် ခိုင်မြဲနိုင်သည့်အတွက် မိဘကို အမြဲတစေကျေးဇူးတင် တန်ဖိုးထား လေးစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ထက် ဝမ်းသာနေမိသည်။ စာဖတ်ကျင့်ကို ပျိုးထောင်ပြီး မြေတောင်မြှောက်ပေးခဲ့သည့် ကျွန်မဖခင်မှာ ကျွန်မတစ်ဘဝလုံး၏ ကျေးဇူးရှင်စစ်စစ်ဖြစ်ပါသည်။

(၂)

ကျွန်မမေမေမှာ အင်မတန် ပုံပြောကောင်းသူ ဖြစ်သည်။ ခရီးသွားပြီးပြန်လာလျှင်လည်း တွေ့သမျှကြုံသမျှကို စီကာပတ်ကုံး နားထောင်ချင့်စဖွယ် ငေးနေအောင် ပြောပြတတ်ပါသည်။ ကျွန်မတို့ မောင်နမတစ်တွေကို အိပ်ရာဝင်ပုံပြင်သဖွယ် ရှေးဟောင်းနှောင်းဖြစ်တွေကို အမှတ်တရ ပြောပြလေ့ရှိရာ ကျွန်မတို့ မှတ်ဉာဏ်တိုက်၌ အဖိုးတန်ရတနာတွေ အမှတ်မထင် စုဆောင်းမိပြီး ဖြစ်ခဲ့ရ၏။ ကျွန်မစာရေးဖြစ်တော့လည်း မေမေ့လွှမ်းစရာအပြောလေးတွေ၊ အဖြစ်အပျက်ဇာတ်လမ်းလေးတွေက အသုံးတည့်လာသည်။

တကယ့်အဖြစ်အပျက်ဇာတ်လမ်းလေးတွေကို လွမ်းစရာ ပြောပြတတ်သော်လည်း ကျွန်မ မေမေသည် စိတ်ကူးယဉ်သမားမဟုတ်။ အင်မတန်လက်တွေ့ကျသူ ဖြစ်ပါသည်။ ကျွန်မဖေဖေနှင့် အိမ်ထောင်ကျပြီး မောင်နမများ သဘောမတူ၍ အိမ်ကြီးပေါ်မှ ဆင်းခဲ့ရသောအခါ နတ်မောက်မြို့နယ်အတွက် သတင်းစာကိုယ်စားလှယ် လျှောက်ပြီး စာအုပ်ဆိုင် ဖွင့်ခဲ့သည်။ အနီးအနားပတ်ဝန်းကျင်ရွာများမှ နွားနို့ကို ချုပ်ဝယ်ပြီး လက်ဖက်ရည်ဆိုင်များသို့ သွင်းခဲ့၏။ ပိုသောနွားနို့များကို ကိုကိုးမုန့်များနှင့် ကြိုခဲကာ ချောကလက်လုပ်ရောင်းခဲ့သည်။ မေမေ့မိခင်ကျွန်မတို့အဘွားကစတီးလ်ဘရားသားကိုယ်စားလှယ် ချိပ်၊ ရှားစေး၊ မန်ကျည်း သွင်းသူဖြစ်ခဲ့ရာ ကျွန်မမိခင်မှာ စီးပွားရှာတတ်သောဗီဇ ပါလာသည်။ ဖေဖေ့ကို မှီခို၊ ရေသာခိုနေခြင်း မရှိ။ ဖေဖေ့ရဲဘော်တွေ တစ်ပြုံတစ်မကြီးကိုပင် မေမေက တာဝန်ယူ ကျွေးမွေးနိုင်ခဲ့သည်။ ဖေဖေ့အတွက် အထောက်အကူကောင်း ဖြစ်ခဲ့သည်။

မေမေသည် စိတ်ဓာတ်မာကျောသူဖြစ်သော်လည်း သည်းခံခွင့်လွှတ်တတ်သည်။ တစ်ဖက်သားမှ တရားလွန်လာလျှင် ပြုံးပြုံးလေးနှင့် နာအောင်ပြောကာ လူမှန်နေရာမှန် ပြန်ပို့တတ်၏။ ဖေဖေကတော့ မျက်နှာထားကြီးနှင့် ဘုတောလေ့ရှိရာ မေမေ့လို လူချစ်လူခင် မများလှပါ။ သည်တော့ မေမေက "ဒီရွာမှာ ဘယ်သူ ဘုဆွဲသလဲ" ပုံပြင်ကို ပြောပြတတ်သည်။ မူးလာတိုင်း "ဒီရွာမှာ ဘယ်သူ ဘုဆွဲသလဲ" အော်တတ်တဲ့လူကို စိတ်တိုလာတဲ့ လူတစ်ယောက်က "ငါ ဗိုလ်ဆွဲတယ်ကွ" လို့ သွားလမ်းကို ပိတ်ရပ်ပြီး ပြန်အော်တော့ အဲဒီအမူးသမားက သူ့ခေါင်းကို လက်ညှိုးထိုးပြီး ငုံ့ပြသတဲ့။ သူ့ခေါင်းမှာ အာလူးသီးတွေ စီနေသတဲ့လေ။ ပြီးတော့ အားပါးတရ ပြောသေးသတဲ့။ "ခဲပစ် ခေါင်းခံ ငါပဲ" တဲ့။ ပြီးတော့ ဆက်အော်သွားသေးရဲ့။ "ဒီရွာမှာ ဘယ်သူ ဘုဆွဲသလဲ" ဆိုပြီး။

ခဲကို အပေါ်မြှောက်ပစ်ပြီး ခေါင်းထိုးခံကာ ဘုထွက်လာသည်ကို ကြွားစရာလုပ်သူ၏အဖြစ်ကို ကျွန်မတို့ ရယ်မောကြရ၏။ ကျွန်မမှာလည်း မဟုတ်မခံ တော်လှန်တတ်သော သဘာဝနှင့် ရန်များလှလေရာ မေမေက

"သမီး ပြောစရာရှိရင် ပြုံးပြီးပြော၊ စကားလုံးကြမ်းရင်တောင် ပြုံးပြီးပြောရင် တစ်ဖက်သား ခံသာတယ်" ဟု ဆုံးမခဲ့သည်။

(၃)

ဖေဖေ ထူးချွန်သည်ကို အားကျသော်လည်း ကျွန်မသည် ဖေဖေ့လို ကျမ်းကြီးကျမ်းခိုင်ရေးနိုင်သည့် စာရေးဆရာမျိုး မဖြစ်။ မေမေ အပေါင်းအသင်းကောင်းလှသည်ကို သဘောပေါက်သည့်တိုင် ကျွန်မသည် အတိုက်အခံများကို မစည်းရုံးတတ်။ သို့သော် သည်အဖေအမေမျိုး၏ နှလုံးသွေးဗီဇကြောင့် ကျွန်မရပ်တည်ချက် ခိုင်မြဲနိုင်သည့်အတွက် မိဘကို အမြဲတစေ ကျေးဇူးတင် တန်ဖိုးထား လေးစားနေမိသည်။

**နတ်မောက်–အနီချို**



အမည်ရင်း ဒေါ်ခင်ဖုဏ်းရည် (BEd, M.A (Eng) ပညာရေးဝန်ထမ်း (ငြိမ်း) ဖြစ်သည်။ စာရေးဆရာကြီး နတ်မောက်ဘုန်းကျော်၏ သမီး ဖြစ်သည်။ အမှတ်-၉၇၀၊ ဦးကြင်ဥ (၂) လမ်း ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် မိသားစုနှင့် နေထိုင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

# နှောင်းသရွေး အတိတ်အောက်မေ့စိတ်နှင့်

**မနွယ်(ကလော)**



www.burmeseclassic.com

www.burmeseclassic.com

# နှောင်းသရွေ့ အတိတ်အောက်မေ့စိတ်နှင့်

မနွယ်(ကလော)

"ရှင် ဘာစာရင်းရှင်းစရာ ရှိလဲ။ ရှင့်ကလေးတွေကိုပဲ ပြန်ပြီး လိုအပ်တာ ဖြည့်ဆည်းပေးလိုက်။ ရှင်က ကျွန်မ တန်ဖိုးထားပြီး အထူးနှစ်သက်တဲ့ အရာတစ်ခုကို လက်ဆောင်ပေးခဲ့တယ်လေ။ ကျွန်မကလည်း ရှင့်ကို မေတ္တာစေတနာ ကရုဏာနဲ့ ကျွန်မ အတတ်ပညာပေါင်းပြီး ရှင့်ကျန်းမာရေး အဓွန့်ရှည်ဖို့ လက်ဆောင်ပြန်ပေးလိုက်တာ။ ရှင်နဲ့ကျွန်မ ငွေကြေးနဲ့ ခွဲစိတ်ခတွေ ဘာတွေ ဘာမှမရှိတော့ဘူး"

"ကျေးဇူးရှိသူများ" ခေါင်းစဉ်ဖြင့် ကလောင်လက်ရာစုံ ပေါင်းချုပ်စာအုပ်တစ်အုပ် ထုတ်မည်ဟု သိလိုက်ရ၍ ဝမ်းမြောက်ကျေနပ်ရပါသည်။

အတွေးအသိတွေထဲမှာ အမြဲတစေ ကိန်းနေသည့် ကျေးဇူးပြုဖူးသူများကို စာမျက်နှာပြင်ပေါ်၌ ရုပ်လုံးကြွစေတော့မည် အမှန်ပင်။

ထို့ပြင် စာအုပ်တွင် သူတထူးတို့ ပြုပေးဖူးကြသည့် ကျေးဇူးအနန္တတို့ကို ဖော်ကျူးရေးသားကြလေမည့် စာမူရှင် အားလုံးတို့သည် ကတညုတ ကတဝေဒီမင်္ဂလာနှင့် ပြည့်စုံ ကြရလေဦးတော့မည် ဖြစ်၏။

လူ့လောကတစ်ခွင်လုံး ကျေးဇူးတရားနှင့်ပင် ရပ်တည် မှု ရှိနေကြရ၏။

အကြောင်းတရားအမျိုးမျိုးနှင့် (ကျေးဇူး)ပြုကြ၍ အကျိုးတရား အမျိုးမျိုး ဖြစ်တည်မှု ဟူသော ရလဒ်ကောင်း ရရှိပြီး ထိုမှ တိုးတက်ပွားစီး၍ နေသည်ကို ပဋ္ဌာန်းဒေသနာတော် (အဘိဓမ္မာ) ၌ သင်မှတ်ရဖူးလေသည်။

လူတိုင်းတို့၏ ပါးစပ်ဖျားမှလည်း ထပ်မနားအခါခါ ကြားနေကြရသည့် ကျေးဇူးပဲ။ ကျေးဇူးတင်ပါတယ်ဟု ထမင်းစား ရေသောက်ထက် နှုတ်မြိန်နေကြပေသည်။

ယေဘုယျဆန်သည့် ကျေးဇူးစကားသည် ကမ္ဘာမြေတလွှား ပြန့်ပွားဝေဆာလျက် လက်သုံးစကားဖြစ်နေ၏။ ကျေးဇူးတရား၏ နက်ရှိုင်းမှု ဩဇာသက်ရောက်မှုကို နှုတ်ဖျားမှ ထွက်ရှိနေရုံနှင့် မလုံလောက်ပေ။ အသိဉာဏ်ပညာရှိသူတို့အဖို့ ဟဒယထဲမှာ သိုသိမ်း၍ ကိန်းနေလျက်ရှိ၏။

တင်ရှိလေဖူးသည့် ကျေးဇူးတရား ခိုင်မြဲပွားစည် တိုးတက်လေသော အာနိသင်ရှိ၍ ချေဖျက်ပစ်ဖို့မလွယ်။ ဆပ်လို့မကြေပါ။



www.burmeseclassic.com

www.burmeseclassic.com



ငွေပစ္စည်းရုပ်ဝတ္ထုတွေ အစားပြန်ဆပ်လို့ ကြေနိုင်ပေမဲ့ ကျေးဇူးကတော့ ကြေမှာမဟုတ်ဘူးဟု လူကြီးသူမ စကားများ မှန်ကန်လွန်းလှပါသည်။

"တင်လေဖူးသည့် ကျေးဇူးရှိလျက် အဆပ်ခက်" ဟူ၍ ပင် အင်းဝစာဆို အရှင်သီလဝံသ ပညာရှိက ခက်စုကဗျာတွင် ဆိုရိုးပြုခဲ့လေသည်။

စာရေးသူ လူအဖြစ် ရောက်ရှိလာပြီး ဘဝတစ်လျှောက် အရွယ်သုံးပါးလုံး၌ ကျေးဇူးပြုပေးသူများ ရှိခဲ့လေသည်။

မိမိ၏ ကျေးဇူးရှင်များကို ကျေးဇူးတုံ့ပြန်ဖို့ မလွယ်ကူ၊ အခွင့်မသာလေတိုင်း ချင့်ရဲမပြေဖြစ်နေရမြဲပင်။ ကိုယ်က အခြားသူတို့အပေါ်ကျေးဇူးပြုပေးခဲ့ရသည်များကို မကြာခဏ ကြုံခဲ့ရဖူး၏။

တစ်စုံတစ်ရာ ကျေးဇူးပြုပေးသူများဟူ၍ ခင်ပွန်းကြီး ဆယ်ပါးတွင် အထွတ်အမြတ် သတ်မှတ်ပါဝင်လေ၏။

ယနေ့ တတိယအရွယ်အထိ ဖြစ်တည်နေထိုင် ရှင်သန်နေရခြင်းမှာ ဒုတိယအရွယ်က အကြောင်းတစ်ခုကို အကျိုးပြုပေးခဲ့သည့် ကျေးဇူးရှိသူတစ်ဦးကြောင့်ဟု ခံယူသဘောပေါက်ထားမိပါသည်။

✦

ကုန်လွန်ခဲ့ပြီးသော အတိတ်ကာလ။ ကျွန်မ၏ ဒုတိယ အရွယ်ဘဝ။

ထိုအချိန်က ကျွန်မ အသက် (၃၂)နှစ်။ သားသမီး (၅) ယောက် မိခင်၊ လင်ရှိမုဆိုးမ၊ ဌာနဆိုင်ရာဝန်ထမ်း၊ မိမိ၏ မိခင်ရင်ခွင်နှင့် အလားတူသော အမေ့အိမ်မှာ ခိုလှုံနေရ၍ နေရေးထိုင်ရေးအတွက် ပြဿနာမရှိပေ။

သို့သော် မိသားစုအားလုံးတို့၏ ဝမ်းရေး၊ ဝတ်ဆင်ရေး၊ ပညာရေး၊ ကျန်းမာရေး လူမှုရေး စသည့်အရေးများစွာတို့ကို အထူးတာဝန်ယူနေရသည့် အဓိက လူဖြစ်နေခဲ့သည်။

အိမ်တွင် မားမားမတ်မတ် အိမ်ဦးနတ်ဟု ကြွားဝင့်ကြွေးကြော် လက်မထောင်အော်နေသူ ခင်ပွန်းသည်၏ ဝါဒကမူ "အိမ်ရှင်မဆိုတာ အိမ်၏ပြဿနာလုံးချုံရေးမှအစ ကိစ္စအဝဝ တာဝန်ယူ၊ မည်သည့်အရေးအခင်းမှ လင်ကို တင်ပြစရာမလို။

ကျွန်မက ဖတ်သီဖတ်သီနှင့် ဘဝကို ရင်ဆိုင်ရုန်းကန်နေရသလောက် ခင်ပွန်းဖြစ်သူကတော့ Grand Stand နေတတ်သူ Gentleman ဟု ခံယူထားတတ်ကာ အိမ်၏ မိသားစုနှင့် သီးခြားစိတ်ရှိသူ။

ငါက ရတဲ့ဘဝ ရောက်တဲ့အနေအထားကို ကျေနပ်ရောင့်ရဲတတ်သူမဟုတ်ဘူး။ ဖြစ်သလိုနေ ဖြစ်သလို စားမနေနိုင်ဘူး။ ဘဝကို ရည်ရွယ်ချက် ကြီးကြီးမားမားနဲ့ တည်ဆောက်ဖို့ ကြိုးပမ်းနေသူမို့ အိမ်၏ အရေးအခင်းတွေ ငါ ခေါင်းထဲ နေရာမပေးနိုင်ဘူး။ မင်းက အိမ်ရှင်မကောင်း၊ မိခင်ကောင်းဆိုတော့ ငါမသိအောင် မင်းပဲ ကြံသမျှ ဖြေရှင်း။

စကားလမ်းဆုံး ပြောထားသူ၊ တစ်နှစ်တွင် အိမ်မှာ သုံးလ၊ လေးလ အနားယူသလိုနေပြီး လုပ်ငန်းအတွက် ခရီးထွက်နေသည်က ခြောက်လ၊ ရှစ်လကြာနေတတ်သည်။

ဒေါ်ငွေငွေ ခင်ပွန်းရဲ့ အလုပ်အကိုင်ကဟု မေးလျှင် သစ်ကုန်သည် သစ်ပွဲစားဟုပင် လင်ဂုဏ်တင်ရလေသည်။

ထို့ကြောင့်ပင် ကျွန်မသည် မိသားစု၏ အဓိက တာဝန်များ ထမ်းရွက်ထားရသည့် အဓိကလူအဖြစ် ရုန်းကန်နေရသောဘဝ ရုန်းကန်ရခြင်းဖြင့် အားဖြည့်နေရပေသည်။

✦

ကံတရားကို ကိုးစား၍ မဖြစ်လည်း ကံတရားက အားနည်းသည့် သူ ဖေးမကူဖို့ထက် မြေနိမ့်ရာ လှံစိုက်သည့်ဖက်မှာ နေသည်ဟု ထင်ရ၏။

ကျွန်မသား အကြီးဆုံး (၁၁)နှစ်၊ အငယ်ဆုံးသမီး (၃) နှစ်အရွယ်တွင် သေမင်း၏ အလောင်းအလျာက ကျွန်မ၏ ဗိုက်ထဲမှာ ဝင်ရောက်ခိုအောင်းလာခဲ့သည်။

ကျွန်မ အငယ်ဆုံးကလေး မီးဖွားစဉ် ကျွန်မသည် ကလေးလည်းများပြီး နလုံးရောဂါလည်း အစပျိုးနေသည်ဟု သားဖွားတာဝန်ကျဆရာဝန်က သားကြောဖြတ်ပေးလိုက်ပါသည်။

ကလေးနှစ်နှစ်အရွယ်ထိ ပုံမှန်ရှိခဲ့ပြီး နှစ်နှစ်ကျော်သည်မှ ကျွန်မတွင် မီးယပ်သွေးလွန်ရောဂါ ကျရောက်လာသည်။ တစ်လ တစ်ကြိမ် (၅) ရက်မျှသော ဓမ္မတာမှ နှစ်လ သုံးကြိမ် တစ်လတည်း နှစ်ကြိမ် (၁၀) ရက် (၁၅) ရက်အထိ ဖြစ်၍ လူကလည်း ဖြူဖျော့ပိန်လှီ မူးဝေနောက်ကျိ၊ ခွန်အားတွေ ဆုတ်ယုတ်လာသည်။

ရုံးလုပ်ငန်းလည်း တာဝန်မကျေနိုင်၊ မကြာခဏ ဆေးရုံတက်ရသဖြင့် ခွင့်ရက်တွေ ယူရသည်။

နောက်ဆုံးအကြိမ် ရုံးမှာ မူးလဲ၍ ဆေးရုံတက်ရစဉ် ဆေးရုံအုပ်ကြီး ကိုယ်တိုင် စမ်းသပ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးထံမှ အဖြေစကားကြားရလေသော် အထူးပင် ထိတ်လန့်တုန်လှုပ်သွားရ၏။

“မင်းက သားကြောဖြတ်ထားတယ်ဆိုလို့သာ မဟုတ်ရင် မင်းဝမ်းဗိုက်ထဲက တွေ့ရှိစမ်းမိတဲ့အလုံးကို သန္ဓေသား (၃) လလို့ ပြောနိုင်တယ်”

ထိုအခါ ဆေးရုံမှာ ကြားခဲ့ရသော ထိုစကားက ဆင့်ပွား၍ “အဲဒီအမျိုးသမီး သားကြောဖြတ်ထားပြီး အခု ကိုယ်ဝန် (၃) လရှိပြီတဲ့”ဟု အရပ်ထဲမှာ ကျော်နေတော့သည်။

သို့သော် ဆရာဝန်ကြီးက ကျွန်မကို အားပြည့်အောင် ဆေးသွင်းပေးပြီး တောင်ကြီး အမျိုးသမီးဆေးရုံ သားဖွားမီးယပ်ပါရဂူ (အိုဂျီ)ထံသို့ တိကျသော ရောဂါအခြေအနေကို ရယူပြီး ကုသမှုခံယူဖို့ လမ်းညွှန်ပြီး ဆေးရုံမှ စာရွက်စာတမ်းတွေ အပြည့်အစုံပေးလိုက်သည်။

ကျွန်မတို့ ရပ်ကွက်ထဲမှ မြမြဦးဆိုသူသည် ထိုအမျိုးသမီး ဆေးရုံ၌ လွန်ခဲ့သော (၄) လကမှ သားအိမ်ခွဲစိတ်ထုတ်ခဲ့သူမို့ သူ့ထံ စုံစမ်းဖို့ သွားရောက်ရ၏။

မြမြဦးက မခွဲစိတ်မီ တစ်ပတ်အလိုတွင် ဆေးရုံမှ ခေတ္တပြန်လာရပြီး အိမ်မှာနေရသည့်အချိန်၌ အစိမ်းဝါနရောင် သိုးမွှေးတစ်ပေါင် ဝယ်ယူပြီး ကျွန်မထံ လာရောက်ပေးအပ် အကူအညီတောင်းခဲ့သည်။

အိုဂျီက အမျိုးသမီးအပျို အသက် (၄၀) ကျော်၊ ဆွယ်တာကို အမြတ်တနိုး ဝတ်တတ်သူမို့ . . .

“မငွေးငွေးက ကျွန်မကို အလှဆုံးနဲ့ အဆန်းဆုံး ပုံစံထိုးပေးပါ။ လက်ခတောင်းသလောက်ပေးပါ့မယ်။ ကျွန်မက ဆရာဝန်မကြီး နှစ်သက်တာပဲ လက်ဆောင်ပေးချင်လို့ပါ ဆိုသဖြင့် ကျွန်မအဒေါ်၏ ယောင်းမ စင်္ကာပူနိုင်ငံမှ ပေးပို့သော ဆွယ်တာပုံစံမျိုး စံကတ်တလောက်ထဲမှ ကူးယူလာသည့် ပဲသီးတောင့်ပုံစံကို ထိုးပေးလိုက်ပါသည်။ ထိုခေတ်က ဆွယ်တာလက်ထိုးအဖုအဖောင်းအကြွအရွလေးများ ခေတ်စားချိန် ဖြစ်သည်။

ထို့ကြောင့် ကိုယ့်အလှည့်ကြုံ၍ ဆေးရုံသွားရမည်ဖြစ်၍ မြမြဦးထံ အရင်သွားရ၏။

ဆရာဝန်မကြီးက အခြေမြင့်တဲ့ လူတန်းစားထဲက ဆိုတော့ ခပ်တည်တည်နဲ့ တိကျပြတ်သားတယ်။ စေတနာကောင်းတယ်။ ကျွန်မကတော့ သုံးသိန်းကုန်ခဲ့တယ်လေ။

ကျွန်မ အိမ်အပြန်လမ်းက ခြေလှမ်းတွေ လှုပ်လှဲ့လှုပ်လီ။

“အမေရယ်၊ သူ့လို သားအိမ်ခွဲထုတ်ရမလား။ ကင်ဆာလား ကလေးသန္ဓေသားလား မသိနိုင်သေးလည်း ဒီအရေးက မသေးတာအမှန်ပဲ။ ဆေးကုသစရိတ် ကြားရတာနဲ့တင် ရင်ဆို့တယ်”

“လောလောဆယ်ကြိုတင်ကြောက်ရွံ့ထိတ်လန့်နေတာ အသာထား။ ပဏာမစမ်းသပ်မှုအတွက်တော့ တောင်ကြီး ဆေးရုံကို သွားလိုက်။ ရော့ . . . အမေ့လက်စွပ်၊ ပေါင်ပေါင် ရောင်းရောင်း ကြိုက်သလိုလုပ်။ ပြည့်စုံလုံလောက်ဖို့ အရေးကြီးတယ်”

ကိုယ်ရေးကြုံ သက်လုံကောင်း အမေတစ်ယောက် အိမ်မှာ မားမားရှိပေးနေ၍ အားတက်ရပေသည်။

တောင်ကြီးဆေးရုံမှာ ကြားထားသမျှ ထင်ထားသမျှတွေနှင့် စိုးရွံ့စရာ ရင်ဆိုင်ရပေတော့မည် ထင်သည်။

သို့သော် အိုဂျီကရင်အမျိုးသမီးအမည်က နော်မေရီ ခရာဆူးဖြစ်သည်။

“ရှင် ကြောက်နေလား။ အားကိုးစရာ ဆေးရုံကိုရောက်အောင် လာခဲ့ပြီးမှ ဘာမှမစိုးရိမ်နဲ့။ ဒါနဲ့ ရှင်က ကလောကနေ လာရတယ်ဆိုတော့ ခရီးပန်းမှာပေါ့။ ကျွန်မ အေးအေးဆေးဆေး စမ်းသပ်ပေးမယ်နော်”

ကြင်နာနွေးထွေးသောအသံက ကျွန်မရင်ထဲ နွေးသွားရသည်။ ထိုနေ့က လူနာလည်း သိပ်မများ၍ စကားပြောချိန်လည်း ရခဲ့သည်။ ကျွန်မ၏ အလုပ်အကိုင် မိသားစု အခြေအနေပါ မေးမြန်း၍ အရှိအမှန်အတိုင်း ပြောပြမိသည်။ ထို့ပြင် ဖော်ရွေကြင်နာတတ်သော စိတ်သဘောကို သိမြင်လိုက်ရ၍ ကျွန်မ ရောင့်တက်စွာပင် . . .။

“ဒေါက်တာ့ဆီမှာ သံပုရာခွံရောင် ဆွယ်တာရှိတယ် မဟုတ်လားဟင်။ ပဲသီးတောင့်ပုံ ဒီဇိုင်းနဲ့လေ။ အဲဒီအင်္ကျီကို ကျွန်မတို့ ကလောမြို့က ဒေါက်တာ့ပေးရှင့် ဒေါ်မြမြဦး သားအိမ်မှာ အနာဖြစ်လို့ ခွဲထုတ်ခဲ့တုန်းက ဆရာ့ကို လက်ဆောင်ပေးခဲ့တယ်ပြောလို့၊ ဆွယ်တာထိုးသူကတော့ ကျွန်မပါ။ ကျွန်မ လက်ရာပေါ့။

ထိုအခါ ထိုဒေါက်တာမေရီခရာဆူး၏ ဝမ်းသာကျေနပ်မှုပုံရိပ်က ယနေ့တိုင် မျက်စိထဲမှာ စွဲနေ၏။

“အလို . . . ဘုရားသခင် ကျေးဇူးပဲ။ ကျွန်မက ဒီအင်္ကျီ ပုံစံကို လိုချင်နေတာ။ ရှင် အခု ရေးပေးနိုင်မလား။ ဒါမှမဟုတ် ရှင် နောက်တစ်ကြိမ်လာဖို့ ကျွန်မရှေ့အပတ်ထဲ ချိန်းလိုက်မှာမို့ အဲဒီအခါ ပေးလည်း ရတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အဲဒီပက်တန်ကို အလွတ်ရပါတယ်။ ကက်တလောက်ထဲက ကူးကတည်းက အလွတ်ကျက်ခဲ့တာ။ ၂၇ တန်းဆို တစ်ကွက်ပဲ။ အခု ရေးပေးပါ့မယ်"

ကျွန်မက လက်မနေး။ ဒေါက်တာမကြီး ဒိုင်ယာရီမှာ ချက်ချင်းဆိုသလို ချရေးပေးလိုက်ပါသည်။ ဆွယ်တာအကျီ၏ ပဲသီးတောင့်ပုံစံထိုးနည်း သင်္ကေတကို စုံမက်စွာ ရှိနေရလေသော အိုဂျီဆရာဝန်မကြီးနှင့် ဤမျှသာမဟုတ်။ ထိုနေ့က ကျွန်မကို သေချာ စမ်းသပ်စစ်ဆေး၍ ရောဂါအဖြေထွက်လေသောအခါ...

"ရှင့်ရောဂါက စပျစ်သီးသန္ဓေပါ။ အနလေးရှိသေးတယ်။ ခွဲထုတ်လိုက်ရင် ပြီးပြီ။ မထုတ်ရင်တော့ ရှင့်ဗိုက်နဲ့ မဆန့်အောင် ကြီးထွားလာပြီး သွေးသွန်နှန်းကလည်း ပိုတိုးလာမယ်"

"ကျွန်မ ဒုက္ခပဲ"

ဟု လေးပင်စွာ ရေရွတ်ပြီး ငူငူကြီးထိုင်နေမိသည်။

"မကြောက်နဲ့၊ ကျွန်မ ရှိတယ်လေ။ နောက်တစ်ပတ် အင်္ဂါနေ့ လာဖြစ်အောင် လာ။ ဒီဆေးရုံမှာ လာတက်၊ ငွေကြေးကို ဝန်ထုပ်ဝန်ပိုးမထားနဲ့"

မည်သို့ဖြစ်စေ...ပါရဂူ ဒေါက်တာမကြီးကိုယ်တိုင်က အားပေးစကား ပြောကြားလိုက်ပါသော်လည်း ကျွန်မမှာ မဖြေနိုင်၊ ခွေယိုင်၍ နေတော့သည်။

ခွဲစိတ်ကုသမှုစရိတ်က မြမြဦးလောက် မယူလည်း ထိုက်သင့်သလောက် လျှော့ယူပေမည်။ ထိုငွေကြေးပမာဏ အတိုင်းအတာအပြင် ဆေးရုံတက်နေစဉ်အတွင်း အိမ်ရှိ မိသားစုဝမ်းရေးကိုပါ ထည့်တွေးရတော့သည်။

"အင်း...တောင်ဝေ့းလဲတော့ ဖိုးသူတော်ထူ၊ ဖိုးသူတော်လဲတော့ ဘယ်သူထူပါ့မလဲ။ တောင်ဝေ့းကတော့ မထူနိုင်တာ အမှန်ပဲ"

ဟု ညည်းညူမိစဉ် အမေက သူ၏ နောက်ဆုံးလက်ကျန်ဖြစ်မည်ထင်သော နစ်ကျပ်ခွဲသား လက်ကောက်တစ်ရံကို ထုတ်ပေးသည်။

"သမီးရေ...ဒီအတွက် မကြောင့်ကျနဲ့။ ရှိရင်တန်ဆာ၊ မရှိရင် ဝမ်းစာတဲ့။ ခုလို ကျန်းမာရေး အရေးကြီးနေတဲ့အခါ ဒီလက်ကောက်က တန်ဖိုးပြပါလိမ့်မယ်"

အမေ့ပစ္စည်းကို စိတ်မကောင်းစွာဖြင့် ငွေတစ်သိန်းအဖြစ် ပြောင်းလဲဖန်တီးလိုက်ရသည်။

"ခင်မင်ရင်းနှီးသူထံ အကြောင်းအကျိုး ပြောပြရောင်းချခဲ့ခြင်း ဖြစ်သည်"

"ဝယ်သာ ဝယ်လိုက်ရ စိတ်မကောင်းပါဘူး။ ရွှေက အခေါက်ရွှေ နမျောရှာမှာပ။ ဒီဈေးရင်းအတိုင်း ပြန်ဝယ်ရင်လည်း ရောင်းပေးပါ့မယ်"

ဟု ပြော၍ ကျေးဇူးတင်ပါတယ်ဟု ပြောခဲ့ရသည်။

သားဖွားမီးယပ်ပါရဂူ ဒေါက်တာမေရီခရာဆူးကို အားကိုးတကြီးနှင့် ကျွန်မ တောင်ကြီးအမျိုးသမီးဆေးရုံသို့ ဒုတိယအကြိမ် ထပ်မံရောက်ရှိခဲ့ရသည်။

"ဆေးရုံတက်ရမယ်။ ခွဲစိတ်တဲ့နေ့ရောက်ရင် ခွဲရမယ်"

ဆရာဝန်မကြီးက ပြောပြီး ဆေးရုံတက်ဖို့ အဆောင်ကို တာဝန်ရှိသူတွေနှင့် ပို့ခိုင်းလိုက်သည်။ သို့သော် လူနာနှစ်ဦးသာ နေနိုင်သည့် အထူးခန်းဖြစ်နေ၏။ ကျွန်မ ယောက်ယက်ခတ်သွားရသည်။ ထိုအခါ ဆေးရုံလုပ်သားနှင့် နာ့စ်က...

"အိုဂျီက ညွှန်ကြားလို့ ဒီအဆောင်မှာ ထားတာ"

အဆောင်ခက တစ်နေ့ ၃၀၀၀ိ/-ပဲ။ ဒါပေမဲ့ ဒီက အစ်မကို ဆရာဝန်မကြီးက ဖရီးလို့ ပြောထားပြီးသား။

ထိုအခါမှ ကျွန်မ ဘဝင်ကျသွားရပါသည်။ သို့သော် ရင်ထဲမှာတော့ မေးခွန်းထုတ်နေမိပါသည်။ အဖြေက မရ။

ကျွန်မထက်အရင် ရောက်နေသော အမျိုးသမီးဟန်ကြီးကြီးတစ်ယောက်က...

"ဘယ်အဆောင်က ပြောင်းလာတာလဲ။ ကျွန်မ အရင်အဆောင်မှာ မတွေ့မိဘူး"

"ကျွန်မ ဒီနေ့မှ ကလောကရောက်လာပြီး ခုမှ စတက်တာပါ"

"ဟင်...ဒီအခန်းက သန်ဘက်ခါခွဲစိတ်မယ့် လူနာအတွက်ထားတဲ့ စပယ်ရှယ်ခန်းလေ။ အခန်းမှားလာတာလား။ ကျွန်မဆို လွန်ခဲ့တဲ့ တစ်ပတ်ကတည်းက တက်ပြီး စောင့်နေရတာ"

"ဟုတ်ကဲ့...အိုဂျီက ပို့လိုက်တာပါ။ ကျွန်မကို သန်ဘက်ခါ ခွဲမှာပါ"

"သြော်...ရှင်က အကောင်ထင်တယ်။ ဒါမှမဟုတ် ရှင့်အမျိုးသားက လူကြီးထဲကလား"

ထိုအမျိုးသမီး မေးခွန်းကြောင့် ကျွန်မ ဒေါ်ဒိုချင်သွားမိပြီး ရုတ်တရက် ဖျပ်ခနဲ အသိဝင်လာ၍...

"ရှင်ကကော ဘယ်သူလဲ"

"ကျွန်မက တရားသူကြီး ဒေါ်...........ရဲ့အမေပါ။ သူ့သူငယ်ချင်းက ဒီဆေးရုံက ဒေါက်တာ..........ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဟုတ်ကဲ့။ ဒီအိုဂျီကလည်း ကျွန်မ အစ်မ အကြီးဆုံးရဲ့သူငယ်ချင်းပါ" ဟု မှသားသုံးမိပါသည်။

သို့နှင့် ခွဲရက်စေ့တော့ ခွဲခန်းဝင်ရပါသည်။ ဒေါက်တာ မေရီခရာဆူးက ကျွန်မကို လက်နွေးနွေးနှင့် ကျွန်မ၏ ကြောက်အားပိုနေသော အေးစက်လက်များကို ကိုင်ဆုပ်ပြီး အားပေးစကား ပြောကြားသည်။

"ရှင့်ဗိုက်ထဲက မကောင်းဆိုးဝါးကို ကျွန်မ ဆွဲထုတ်ဖယ် ပေးလိုက်မယ်။ ရှင်က အားတင်းထားပြီးတော့ ဆွယ်တာ အကျီလှလှလေးတွေ အများကြီးထိုးနိုင်ပြီး မိသားစုအတွက် စိမ်းလန်းစိုပြေ အသီးအပွင့်တွေ ဝေဆာနေတဲ့ သစ်ပင်ကြီး ဖြစ်ပါစေ"

ကျွန်မ သတိရတော့ ကျွန်မကို သံပုရာသီးတွေ နာခေါင်းမှာ တေ့ပေးနေသည်။ ကျွန်မနှင့်ကလောရုံးမှာ လုပ်ဖော်ကိုင်ဖက် ကော်နီလီယာ။ ထိုအချိန် တောင်ကြီးရုံး ပြန်ပြောင်းရောက်ရှိနေသည်။ သူမ မိခင်ကြီးက သူ့သမီးသဖွယ် ပြုပေးနေလေ၏။

ကျွန်မ နောက်ထပ် ထိုဆေးရုံမှာ ဆေးရုံတက်နေစဉ် အတွင်း ကော်နီလီယာ၏အိမ်မှ ထမင်းချိုင့်ပို့ပေးနေခဲ့ သည်။

ဆေးရုံတက်နေစဉ် တစ်ဖက်ခုတင်မှ ဒေါ်နန်းသီရိသိင်္ဂီ၏ မိသားစုများ စုစုဝေးဝေးနှင့် ဧည့်သည်တွေချိန်တိုင်း ရောက် လာကြသည်။ စားဖွယ်စုံလင် ရယ်မောပျော်ရွှင်နေကြသည်။

အားကျဖို့ အခွင့်အရေးမရှိ။ ဘဝက သည်လို အနေ အထားမို့ စောင်ခြုံပြီး မျက်စိကို မှိတ်ထားရပါသော်လည်း စိတ်က မငြိမ်။ ဒေါက်တာကို ခွဲစိတ်ခပေးဖို့အရေး ရင်မအေး နိုင်။ ထိုခေတ်က ယနေ့ဆေးရုံပုံစံတွေ စနစ်တွေလိုမဟုတ် ပေ။ ကိုယ်တိုင် ကန်တော့ရသောခေတ် ဖြစ်သည်။

တစ်နံနက်တွင် ဆရာမကြီး ရောက်လာသည်။ ဒီအခန်း က လူနာတွေ လူကောင်းအဖြစ် ဆေးရုံဆင်းနိုင်ပြီဟု ဆို သည်။

ကျွန်မ ဒေါက်တာရုံးခန်းကို သွားရောက်ပြီး စာရင်းရှင်း ဖို့ လာရောက်ခြင်းနှင့် ကလောပြန်ဖို့ နှုတ်ဆက်တာဖြစ်တယ် ဟု ပြောရပါသည်။

"ရှင် ဘာစာရင်းရှင်းစရာရှိလဲ။ ရှင့်ကလေးတွေကိုပဲ ပြန် ပြီး လိုအပ်တာဖြည့်ဆည်းပေးလိုက်။ ရှင်က ကျွန်မ တန်ဖိုး ထားပြီး အထူးနှစ်သက်တဲ့ အရာတစ်ခုကို လက်ဆောင်ပေး ခဲ့တယ်လေ။ ကျွန်မကလည်း ရှင့်ကို မေတ္တာစေတနာ ကရုဏာနဲ့ ကျွန်မ အတတ်ပညာပေါင်းပြီး ရှင့်ကျန်းမာရေး အခွန့်ရှည်ဖို့ လက်ဆောင်ပြန်ပေးလိုက်တာ။ ရှင်နဲ့ကျွန်မ ငွေကြေးနဲ့ ခွဲစိတ်ခတွေ ဘာတွေ ဘာမှမရှိတော့ဘူး"

ထင်မှတ်မထားသော ထိုစကားများက ကျွန်မကို ရင် သပ်ရှုမော အံ့ဩစေခဲ့ပါသည်။

ကျွန်မနှင့် ထိုဒေါက်တာမကြီး သည်ထက်ပို၍ မရင်းနှီး ခဲ့။ ပါရမီကြီးသောရေစက်။

ယနေ့အချိန် ထိုအကြောင်းအကျိုးများကို ကျွန်မထက် အသက် (၁၀) နှစ်ကျော်ကြီးသော ဒေါက်တာမကြီးသည် မှတ်မိပါလေစ။

အဘိဓမ္မာသင်တန်းတက်စဉ်က ပဋ္ဌာန်းဒေသနာတော် တွင် ကျေးဇူး၏အနက်အဓိပ္ပာယ်ဖွင့်ဆိုပုံမှတ်သားထားမိ သည်မှာ ကျေးဇူးဖြစ်တည်ခြင်း တိုးတက်ပွားစည်းခြင်းဟု ဆို၏။

ယနေ့ ဒုတိယအရွယ်မှ တတိယအရွယ်အထိ အငြိမ်း စား ဝန်ထမ်းဘဝနှင့် စာရေးဆရာဟူသော ရှင်သန်နေမှုမှာ တစ်ချိန်ခါက ကျေးဇူးပြုပေးဖူးသူကြောင့် ဖြစ်တည်တိုးပွား စည်ပင်နေဖြစ်၏။

ကျေးဇူးဆပ်ဖို့ မလွယ်သမျှ ကျေးဇူးသိမှုဖြင့် တတ်စွမ်း သမျှ ပေးဆပ်ချင်ပါတယ်။

**မနွယ် (ကလော)**



အမည်ရင်းမှာ ဒေါ်ငွေးငွေးနွယ် ဖြစ်ပြီး ကလောင်ခွဲမှာ မလှိုင်းပြာ ဖြစ်သည်။ ဖိတ်ခေါ်စာမူပြိုင်ပွဲများ တွင် ပထမ (၅) ဆု၊ ဒုတိယ (၂) ဆု၊ တတိယ (၂) ဆုနှင့် အထူးဆု (၅) ဆု ရရှိထားပြီး တိုက်အမှတ် (၁၃)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်တွင် နေထိုင် လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



# မောင်မြသန်း
# ကျေးဇူးပြုခဲ့ခြင်း၏ အကျိုးအမြတ်

www.burmeseclassic.com

www.burmeseclassic.com

# ကျေးရူးပြုခဲ့ခြင်း၏အကျိုးအမြတ်

■ မောင်မြင့်မား(ဘိုကလေး)

အမေ့ကို လမ်းမတော်အထက် သင်္ဘောဆိပ်က ထော်ပိုင်သင်္ဘောပေါ်ကိုပို့ပြီး ကိုသီတာ ကုန်းပေါ်ကို တက်လာခဲ့သည်။ ကားဂိတ်တွင် ခဏရပ်ကာ စဉ်းစားသည်။

သန်လျင်ကို ပြန်မှာဆိုတော့ သခင်မြပန်းခြံကနေ သန်လျင်အထိ ဟွန်ဒိုင်းကားကြီးတွေ ဆွဲနေတာကို ကိုသီတာ စဉ်းစားမိသည်။ ဂိတ်ကစီးလျှင် နေရာရမည်။ ထို့ကြောင့်မို့ (၃၉) ကားစီးကာ သခင်မြပန်းခြံကို လာခဲ့သည်။

သခင်မြပန်းခြံဂိတ်တွင် ကားတစ်စီးမျှမတွေ့၊ ဂိတ်တွင် စောင့်နေကြသော လူများနှင့်ရောကာ စောင့်နေမိသည်။ ခဏကြာသောအခါ တစ်စီးရောက်လာသည်။

လူများ စုပြုံတိုးကာ တက်ကြသည်။ အားနာတတ်သော ကိုသီတာ နေရာမရ။ ထို့ကြောင့် ပြန်ဆင်းကာ စောင့်ပြန်သည်။ လူပြည့်သော ကားက ထွက်သွားပြီးနောက် နောက်တစ်စီး ရောက်လာပြန်သည်။ ဒီတစ်ခါတော့ နေရာရပြီ။

တိုးဝှေ့တက်လာရင်း ကိုသီတာ ရလိုက်သောနေရာက ဟီးနိုးကား၏နောက်ကြောမှန်နှင့် ကပ်လျက်နေရာ။ ခုံတန်းရှည်ကြီးထဲမှ တစ်နေရာ ကားထွက်လာမှ ကိုသီတာထိုင်နေရာကို သတိထားမိသည်။

ခုံတန်းတွင် ကိုသီတာအပါအဝင် လူ (၆)ယောက်ရှိ သည်။ (၆)ယောက်ထဲနှင့် ကိုသီတာ ထိုင်နေရတာ ကြပ်နေသည်။ ကိုယ်ကို ကြုံ့ကြုံ့ကလေး ထိုင်နေရသည်။ ပါလာသော သားရေအိတ်ကို ပေါင်ပေါ်တင်ထားရသည်။

ဘာကြောင့် နည်းနည်း ချောင်သွားသည်ကို လှေ့လာလိုက်တော့ ယာဘက်က လူငယ်လေးနှင့် မိန်းကလေးတို့က သမီးရည်းစား ဖြစ်ဟန်တူသည်။ လူငယ်ကလေးက မိန်းကလေး ပခုံးကို ကျောမှသိုင်းဖက်ထားကာ ခေါင်းနှစ်လုံးကလည်း ပူးနေသည်။ ကောင်လေးက ကောင်မလေးဘက်ကို အတင်းတိုးထားသောကြောင့် ကိုသီတာ အတွက် အသက်ရှူနည်းနည်း ချောင်သွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ခုံတန်းရှည်များမှာ အလွန်ဆုံး (၇)ယောက် လောက် သက်သောင့်သက်သာ ထိုင်နိုင်သော နေရာကို ကိုသီတာအပါအဝင် (၆)ယောက်တည်းနှင့် ဘာကြောင့် ကြပ်နေရသည်ကို လှေလာလိုက်တော့ တွေ့ပါပြီ။ ကိုသီတာ ၏ ဝဲဘက်တွင် ဆယ်ကျော်သက်အရွယ် ကလေးမလေး သုံးယောက် ထိုင်နေသည်။

ပုံစံက ခုခေတ်အခေါ်အရ ဟော့ရှော့ပုံစံမျိုး။ ကိုသီတာ လို ဦးလေးအရွယ်၊ အဖေအရွယ်လူကြီးက သူတို့ကို တိုးမှာ စိုးလို့ထင်ပါရဲ့။ (၄) ယောက်စာလောက်နေရာကို (၃) ယောက်တည်းနဲ့ ပြည့်နေသည်။ ယာဘက်တွင် အသက် (၂၀) ခန့် လူငယ်တစ်ဦးနှင့် ဘေးတွင် ရှယ်တူမိန်းကလေး တစ်ဦး သူတို့နှစ်ယောက်ကလည်း ထုံးစံအတိုင်း နေရာယူ ထားသည်။

ကိုသီတာခမျာ ပေါင်နှစ်ချောင်းပူးကာ ကြုံ့ကြုံ့ကလေး ထိုင်နေရသည်။

ကားက လမ်းမတော်လောက်ရောက်သောအခါ ယာ ဘက်က နည်းနည်းချောင်းသွားသလို ရှိသောကြောင့် ကိုသီ တာ သက်သောင့်သက်သာနေလိုက်သည်။ အခုမှပဲ ပေါင် နှစ်ချောင်း နည်းနည်းချဲထားခွင့်ရသည်။

ဘာကြောင့် နည်းနည်းချောင်သွားသည်ကို လှေလာ လိုက်တော့ ယာဘက်က လူငယ်လေးနှင့် မိန်းကလေးတို့က သမီးရည်းစားဖြစ်ဟန်တူသည်။ လူငယ်ကလေးက မိန်း ကလေးပခုံးကို ကျောမှသိုင်းဖက်ထားကာ ခေါင်းနှစ်လုံးက လည်း ပူးနေသည်။ ကောင်လေးက ကောင်မလေးဘက်ကို အတင်းတိုးထားသောကြောင့် ကိုသီတာအတွက် အသက်ရှူ နည်းနည်းချောင်သွားခြင်း ဖြစ်သည်။ ဝဲဘက်က မိန်းကလေး များကတော့ (၄)ယောက်စာကို (၃)ယောက်တည်း နေရာ ယူထားဆဲ။

ထို့ကြောင့် ကိုသီတာ တွေးကြည့်မိသည်။ ဝဲဘက်တွင် ကြပ်နေ၏။ ယာဘက်တွင် ချောင်နေ၏။ ကိုသီတာ ရောက် နေသောနေရာက ကားတစ်စီးပေါ်မှာပင် ဝဲဘက်က ကြပ် သည်။ ယာဘက်က ချောင်နေသည်။

မြို့လယ်ဆူလေးနားနီးလာလေလေ လူက ပိုကြပ်လာ လေလေ ဖြစ်သည်။ ကိုသီတာ ထိုင်နေရာသည် မတ်တတ် ရပ်နေသော လူများ၏ဖင်နှင့် ကိုသီတာ မျက်နှာမထိရုံတမယ် ကျန်တော့သည်။ ချွေးနံ့၊ မိတ်ကပ်နံ့၊ အရက်နံ့၊ ပေါင်ဒါနံ့၊ ရေမွှေးနံ့၊ အနံ့ပေါင်းစုံ လှိုင်နေသည်။ ကိုသီတာနှင့် မျက် စောင်းထိုးနေရာလောက်တွင် ရုံးသမားဖြစ်ဟန်တူသော အမျိုးသမီးတစ်ယောက် ထမင်းချိုင့်များ တိုလီမိုလီများ ထည့် ထားသော ကြိမ်ခြင်းကို ကိုင်ထားသည့်လက်က တစ်ဖက်၊ မိုးစိုနေသော ထီးကိုကိုင်ကာ ခုံတန်းကိုပါ ကိုင်ထားလက်က တစ်ဖက်နှင့် အလုပ်ရှုပ်နေသည်ကို တွေ့သောကြောင့် ကို သီတာက လူကို အကဲခတ်ကာ . . .

"ခြင်းကလေးကို ကျွန်တော် ကိုင်ပေးထားရမလား"

"ဩော် . . . ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

ကားပေါ်တွင် မတ်တတ်ရပ်၍ ကိုင်စရာ၊ တွယ်စရာများ သော သူများကို ကိုသီတာက မည်သူမဆို ပစ္စည်းများကိုင် ပေးနေကျ ဖြစ်သည်။ လူတိုင်းတော့မပြောရဲ။ အသက်ခပ် ငယ်ငယ်မိန်းကလေးများဆိုရင် ပိုသတိထားရသည်။ ကိုယ် က စေတနာနှင့် ကိုင်ပေးချင်ပေမဲ့ သူတို့ မျက်နှာအကြည့် များက စိတ်ထဲက သိပ်မတွေ့။

ထို့ကြောင့်လည်း ယခု ကိုသီတာ ရှေ့မှ အမျိုးသမီးကို အကဲခတ်လိုက်တော့ အသက် (၃၀) ခန့်၊ အိမ်ထောင်ရှိပုံရ သော အမျိုးသမီးဟု မှန်းဆမိသည်။ ထို့ကြောင့် ကူညီလိုက် ခြင်း ဖြစ်သည်။ နောက်တစ်ခါ မဟာဗန္ဓုလတံတားကြီးပေါ် တွင် ရောက်နေသောကြောင့် သန်လျင်သွားမည့်သူများ ဖြစ် မည်ဟု မှန်းဆမိသောကြောင့် ဖြစ်သည်။

ကားက မှတ်တိုင်ပေါင်းစုံတွင်ရပ်ကာ တစ်မှတ်တိုင်ပြီး တစ်မှတ်တိုင် လူတင်ချလုပ်ပြီးနောက် ကိုသီတာ ကားအပြင် ဘက်ကို သတိထားမိလိုက်သောအခါ အလင်းရောင်မရှိတော့ ဘဲ မှောင်ရီပင်ပျိုးနေပြီ။ တစ်နေ့လုံး ပင်ပန်းလာသော ကိုသီ တာတစ်ယောက် ကားပေါ်တွင် အိပ်ငိုက်ပါတော့သည်။ ဖျတ် ခနဲ သတိရ၍ ကြည့်လိုက်သောအခါ ရန်ကုန် သန်လျင်



www.burmeseclassic.com

www.burmeseclassic.com



တံတားကြီးပေါ်ကို ကားက ဖြတ်နေပြီ။ ထို့နောက် ဆွဲခြင်းကို ရင်ဘတ်တွင်ပိုက်ကာ ကိုသီတာ အိပ်ငိုက်သွားပြန်သည်။

တစ်စုံတစ်ယောက်က မိမိပိုက်ထားသော ဆွဲခြင်းကို ဆွဲလိုက်သလို သတိပြုမိ၍ မျက်လုံးဖွင့်ကြည့်လိုက်သော အခါ ဆွဲခြင်းပိုင်ရှင်အမျိုးသမီးက သူ ကားပေါ်က ဆင်းတော့မည်ဖြစ်၍ သူ့ဆွဲခြင်းကို ပြန်ယူနေခြင်းဖြစ်၍ ကိုသီတာက ပေးလိုက်သည်။

"ကျေးဇူးပဲနော်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ကားက ဈေးအနောက်ဘက်တွင်ရပ်ရန် နီးလာသော အခါ ဆွဲခြင်းပိုင်ရှင်အမျိုးသမီးလည်း ဆင်းရန် ဟန်ပြင်လိုက်သည်။ ထို့နောက် ဆွဲခြင်းကို ကြည့်ကာ . . .

"ဟောတော့ ပိုက်ဆံအိတ် မရှိတော့ဘူး"

သူ့အသံကြောင့် ဘေးကလူများ အာရုံစိုက်လာကြကာ သူ့ကို ဝိုင်းကြည့်နေကြသည်။

"ရှာကြည့်ပါဦး"

"သေချာရဲ့လား"

"ခါးပိုက်နှိုက်ခံရပြီနဲ့တူတယ်"

"ခါးပိုက်နှိုက်ဆို ချက်ကွာ"

"နှိုက်ပြီးလို့ ဆင်းသွားရောပေါ့"

"နည်းတောင် နည်းသေး"

"ဂရုစိုက်မှပေါ့"

"ရဲစခန်းကို မောင်းတော့"

တစ်ယောက်တစ်ပေါက် ပြောနေသံနှင့်အတူ ကားက ရပ်လိုက်သည်နှင့် ကားစပယ်ယာက ကားပေါ်က လူများ တစ်ယောက် တစ်ယောက်မျှ မဆင်းရန်ပြောကာ ကားတံခါးကို ပိတ်ထားလိုက်သည်။

"ကဲ . . . ကဲ . . . အစ်မကြီး၊ ပိုက်ဆံအိတ်ပျောက်တာ သေချာတယ်နော်"

"ဟုတ်ကဲ့ပါ . . . သေချာပါတယ်။ ခြင်းထဲမှာရှာ . . .၊ ကြည့်ပြီးပြီ မတွေ့ဘူး"

"ဒါဆိုရင် ရဲစခန်းကို မောင်းပေ့"

ရဲစခန်းနှင့် နီးသောကြောင့် သိပ်မကြာခင် ရဲစခန်းရှေ့ကို ရောက်လာသည်။ စပယ်ယာက ဆင်းပြီး ရဲစခန်းထဲကို ဝင်သွားကာ ပြန်ထွက်လာသည်နှင့် ရဲအမှုထမ်း (၃)ယောက်က ကားဆီကို ရောက်လာသည်။ တစ်ယောက်က . . .

"ပိုက်ဆံအိတ်ပျောက်တဲ့ အစ်မကြီး အရင်ဆုံး ဆင်းခဲ့ပါ"

အောက်ရောက်သောအခါ . . .

"အစ်မကြီး . . . ပိုက်ဆံအိတ်ပျောက်တာ သေချာတယ်နော်"

"သေချာပါတယ်။ ကျွန်မ အကုန်ရှာပြီးပြီ"

"အိတ်ထဲမှ ငွေဘယ်လောက်ပါသလဲ"

"သိပ်မများပါဘူး။ သုံးသောင်းလောက် ရှိမယ်ထင်တယ်"

"ဘယ်လိုအိတ်မျိုးလဲ"

"သားရေအိတ် အညိုလေးပါ။ တစ်ထွာလောက် ရှိလိမ့်မယ်"

"ပျောက်တာ ဘယ်တော့မှ သိတာလဲ"

"ဈေးအနောက်မှာ ကားရပ်တော့ ကားပေါ်က ဆင်းခါနီးမှ သတိပြုမိတာ"

"ဆွဲခြင်းထဲမှ ထည့်ထားတယ်ပေါ့"

"ဟုတ်ကဲ့"

"နှိုက်တာ သတိထားမိလိုက်လား"

"မသိလိုက်ဘူး၊ ဒါပေမဲ့ . . ."

"ဘာဖြစ်သလဲ ပြောပါ"

"ဆွဲခြင်းက ကျွန်မ ကိုင်မထားဘူး။ ကားပေါ်က လူတစ်ယောက်ကို ကိုင်ခိုင်းထားတာ"

ဗုဒ္ဓေါ . . . အခုမှ သူတို့ပြောနေသော စကားများကို ထိုင်နားထောင်နေသည့် ကိုသီတာ ခေါင်းကြီးသွားသည်။

"အဲဒီလူ ဘယ်သူလဲ၊ သွားခေါ်လိုက်ပါ"

ထိုအမျိုးသမီးက မခေါ်ခင် ကိုသီတာ ကားပေါ်က ဆင်းလာခဲ့သည်။

"ဆွဲခြင်း ကိုင်ပေးထားတာ ကျွန်တော်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆွဲခြင်းထဲက ပိုက်ဆံအိတ်ပျောက်တာ ခင်ဗျား သိလား"

"မသိပါဘူး"

ထိုအချိန်တွင် အိတ်ပိုင်ရှင် အမျိုးသမီးနှင့် ရဲအမှုထမ်း တစ်ယောက်တို့ တိုးတိုးတိုးတိုးနှင့် တစ်နေရာတွင် ပြောနေကြရင်း ကိုသီတာကိုလည်း ကွက်ကြည့် ကွက်ကြည့်နှင့် အကဲခတ်နေကြသည်။

"ကဲ . . . ကဲ . . . ကားပေါ်က လူတွေကို မရှာခင် အစ်မကြီးကို တစ်ခုမေးမယ်။ အစ်မကြီး ပိုက်ဆံအိတ်ပျောက်တာ ခါးပိုက်နှိုက်ခံရတယ်လို့ ယူဆသလား"

"ဟုတ်ကဲ့"

"ဒါဆိုရင် ဒီကားပေါ်မှာ အစ်မကြီး မသင်္ကာတာ ဘယ်သူ ရှိသလဲ ပြောပါ"

"သူ့ကိုပါ"

"ဗျာ"

ကိုသီတာ အံ့ဩသွားသည်။ ထိုအမျိုးသမီးက ကိုသီတာကို လက်ညှိုးထိုးပြနေခြင်း ဖြစ်သည်။ ကိုသီတာ ထူပူသွားသည်။ ရှက်လည်း ရှက်၊ အံ့ဩလည်း အံ့ဩသွားသည်။

"ဒါဆိုရင် ကျွန်တော်တို့ ရှာမယ်"

ရဲနှစ်ယောက်က ကိုသီတာ၏ ပါလာသော ပစ္စည်းများကို ကြည့်သည်။ ရှာကြရင်း တစ်ယောက်က မေးသည်။

"အစ်မကြီးက သူ့ကို ဘာဖြစ်လို့ မသင်္ကာရတာလဲ"

"အရင်လည်း အဲဒီလိုဖြစ်ဖူးတယ်။ ပစ္စည်းကိုင်ပေးထားမယ်ဆိုပြီး ပြန်လည်းယူရော ပိုက်ဆံအိတ်ပါမလာတော့ဘူး။ အဲဒီလိုဖြစ်ဖူးတော့ ကိုင်ပေးမယ်ဆိုရင် ကြောက်နေတာ။ အခုလည်း အဲဒီလူက ကားပေါ်မှာ အိပ်ငိုက်ချင်ယောင် ဆောင်ပြီး ယူထားတယ် ထင်လို့"

ကိုသီတာထံမှ ဘာမျှမတွေ့သောကြောင့် ရဲစခန်းရှေ့ မီးရောင်အောက်တွင် ကားပေါ်က လူများကို တစ်ယောက်ချင်း ဆင်းစေ၍ ကားတစ်စီးလုံး ရှာကြသည်။ ရဲမှ မသင်္ကာစရာ လူလည်းမတွေ့၊ ခါးပိုက်နှိုက်ဟု ထင်ရသည့် လူလည်း မပါ။ တစ်ယောက်က ကိုသီတာ၏ အိတ်ထဲမှ စာရွက်စာတမ်းများ မှတ်ပုံတင်များကိုကြည့်ရင်း ကတ်ပြားတစ်ခုကို တွေ့သောအခါ . . .

"နောင်ကြီးက စာရေးဆရာလား"

"ဟုတ်ကဲ့"

ထိုအခါ ပိုက်ဆံအိတ်တွင် အမျိုးသမီးက ကိုသီတာအား အံ့ဩဟန်ဖြင့် ကြည့်သည်။ ရဲအဖွဲ့ဝင်များက ကိုသီတာ အား ၎င်းတို့ တတ်ကျွမ်းသည့် မေးခွန်းများ မေးပြီးသည့် နောက်တွင် ကိုသီတာအား ပိုက်ဆံအိတ်နှိုက်မည့်သူ မဟုတ်မှန်း သဘောပေါက်သွားကြသည်။ သို့သော်လည်း ခရီးသည်များ၏ အကြည့်အာရုံကတော့ ကိုသီတာအပေါ်တွင် ကြည်လင်ပုံ မရသေး။

"ကဲ . . . ကဲ . . . အားလုံးရဲ့ လိပ်စာတွေရော မှတ်ပုံတင်နံပါတ်တွေရော ယူထားပြီးပါပြီ။ ဒီက စာရေးဆရာကြီးကလည်း နောက်ကို အရမ်းမကူညီနဲ့ပေါ့ဗျာ။ ကူညီပြီး ခုလို ဖြစ်သွားတော့ မကောင်းဘူးပေါ့။ နောက်လည်း ခရီးသွားရင်း အိပ်ငိုက်တာ သတိထားပေါ့ စာရေးဆရာကြီးရဲ့၊ ဆရာကြီးရဲ့ အိတ်ထဲက ပိုက်ဆံတွေပါမသွားတာလည်း တော်သေးတယ်။ နှိုက်တဲ့ သူက နှိုက်ပြီး မှတ်တိုင်တစ်ခုခုမှာ ဆင်းသွားရောပေါ့။ ဒါပေမဲ့ အစ်မကြီးလည်း စိတ်မပူပါနဲ့၊ ကျွန်တော်တို့ အဆက်အသွယ်တွေနဲ့ မိအောင်ဖမ်းပေးပါ့မယ်။ အားလုံးပဲ သွားနိုင်ပါပြီ"

ခရီးသွားများ၏ အမြင်ကတော့ ကြည်လင်သလား၊ မကြည်လင်သလားတော့မသိ။ ကိုသီတာကတော့ တော်တော် ရှက်နေသည်။ တွေးမိပြီး ညဘက်တောင်အိပ်မရ။

ထိုအဖြစ်အပျက်မျိုးကြုံပြီး တစ်လလောက်အကြာတွင် ဖြစ်သည်။ ကိုသီတာသည် ပန်းဆိုးတန်းက စစ်ပြန်မဂ္ဂဇင်းတိုက်က ဆင်းလာပြီး ရန်ကုန် သန်လျင်ကားဂိတ်သို့သွားရန် ပန်းဆိုးတန်းနှင့် မဟာဗန္ဓုလမ်းမီးပွိုင့်မှ ဖြတ်အကူး လမ်းအလယ်တွင် အမျိုးသမီးတစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့သည်။ ကိုသီတာ မှတ်မိသည်။ သူကလည်း မှတ်မိသည်။ လွန်ခဲ့သော တစ်လလောက်က ပိုက်ဆံအိတ်ခါးပိုက်နှိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရ၍ ကိုသီတာအား စွပ်စွဲသောအမျိုးသမီး၊ ဘယ်မေ့နိုင်ပါ့မလဲ။ သူက . . .

"ဟာ . . . ဆရာ၊ အတော်ပဲ။ ဆရာ့ကို တွေ့ချင်နေတာ။ ဆရာ့ကိုလည်း တောင်းပန်မလို့ပါ။ ခဏလောက်ရပါတယ်နော်။ ပလက်ဖောင်းပေါ်ရောက်မှ ကျွန်မ ရှင်းပြပါ့မယ်"

ပလက်ဖောင်းပေါ် ရောက်သောအခါ . . .

"လာ . . . ဆရာ၊ ဟိုရှေ့မှာ လက်ဖက်ရည်ဆိုင်ရှိတယ်။ ကျွန်မ တိုက်ပါမယ်။ ပြီးတော့ . . . ဆရာ့ကိုလည်း ရှင်းပြချင်လို့"

"ဒီတစ်ခါလည်း ရဲလက်အပ်ဦးမလို့လား"

"မဟုတ်ပါဘူး . . . ဆရာ။ အဲဒီအကြောင်း ကျွန်မ ရှင်းပြမလို့ပါ"

နီးရာလက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ကြပြီး လက်ဖက်ရည်နှင့် မုန့်များမှာပြီးသောအခါ . . .

"ဒီလိုပါ . . . ဆရာ၊ ဟိုတစ်လောက ကားပေါ်မှာဖြစ်တဲ့ကိစ္စ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မကလည်း အဲဒါမျိုးတစ်ခါခံရဖူးတော့ ကားပေါ်က ဆင်းကာနီး ပိုက်ဆံအိတ်ကြည့်လိုက်တော့ မတွေ့တာနဲ့ ပူထူသွားပြီး ခါးပိုက်နှိုက်ခံရတယ် ထင်လိုက်တာ။ ပိုဆိုးတာက ကျွန်မကို ကူညီတဲ့ ဆရာ့ကို စွပ်စွဲမိတာပဲ။ ဆရာ့ကို စာရေးဆရာမှန်းလည်း မသိလို့ပါ။ နောက် သူများပြောမှ ဆရာ့ကလောင်အမည် သိရတော့ ဆရာ့စာတွေ ကျွန်မ အများကြီးဖတ်ဖူးတာပဲ။ အဲဒီနေ့က ကျွန်မပိုက်ဆံအိတ် မပျောက်ပါဘူး။ ရုံးက သူငယ်ချင်းတစ်ယောက်ရဲ့ ခြင်းထဲမှာ ပါသွားတာ။ ကားပေါ်အတူတက်လာတုန်းက ကားခ သူပေးတော့ စပယ်ယာက မအမ်းနိုင်လို့၊ ကျွန်မခြင်းထဲက အိတ်ထဲမှာ အနုတ်လေးတွေရှိတော့ ကျွန်မ က လက်မအားလို့ သူက ယူပေးပြီး သူ့ ခြင်းထဲကို မေ့ပြီးထည့်လိုက်တာ နောက်နေ့ ရုံးတက်မှ သူက ပိုက်ဆံအိတ် ပြန်ပေးတော့ ကျွန်မလည်း အဖြစ်မှန် သိသွားတာ။ အဲဒီကတည်းက ဆရာ့ကို အားနာလိုက်တာ။ တွေ့ရင် တောင်းပန်မလို့ပါ။ ဆရာ . . . ကျေနပ်ပါနော် ဆရာ။ ကျွန်မ ရှိခိုးပြီး တောင်းပန်ရမလား"

သူက တကယ်ရှိခိုးရန် နေရာက ထလိုက်သည်။ ထိုအခါ ကိုသီတာက . . .

"ဟာ . . . နေပါစေ၊ မလုပ်ပါနဲ့၊ လူမြင်လို့ မကောင်းပါဘူး။ ကျွန်တော် ကျေနပ်ပါတယ်။ အခုလို တောင်းပန်တာပဲ ဝမ်းသာလှပါပြီ"

ကျွန်မ ကိုယ်ချင်းစာပါတယ်။ အဲဒီနေ့က ဆရာ တော်တော်ရှက်မှာ။ ဆရာ့နေရာမှာ ကျွန်မဆိုရင် မျက်နှာ ဘယ်လိုထားရမှန်းတောင် မတွေးတတ်တော့ဘူး။ ကဲ . . . မုန့်လည်းစားပါ။ လက်ဖက်ရည်လည်း သောက်ပါ ဆရာ"

သူက ရန်ကုန်ထဲက ဌာနတစ်ခုမှာ ဝန်ထမ်းဖြစ်ကာ အောင်ချမ်းသာရပ်ကွက်မှာ နေသည်။ ကိုသီတာက သန်လျင်မြို့ထဲမှာ။ သူ သန်လျင်ကို ရောက်တာလည်း မကြာသေး။ မန္တလေးကနေ ပြောင်းလာသည်ဟု သိရသည်။ ယောကျ်ားအလုပ်ပြောင်းရာသို့ မိန်းမက လိုက်လာခြင်းဖြစ်သည်။ လက်ဖက်ရည်ဆိုင်မှာ ထွေရာလေးပါး ပြောကြပြီး ကိုသီတာတို့ လမ်းခွဲလိုက်ကြသည်။

ကားပေါ်တွင် အမြင်မတော်လျှင် ကူညီနေကျဖြစ်သော ကိုသီတာတစ်ယောက် ဒီတစ်ခါတော့ သင်ခန်းစာရသွားပြီ။ မည်သို့ဆိုစေ ကိုသီတာအတွက် အရှုံးထဲက အမြတ်ဖြစ်သော ရေးစရာ ဇာတ်လမ်းတစ်ပုဒ်လည်း ရသွားပြန်ပြီ မဟုတ်ပါလား။

**မောင်မြင့်မား (ဘိုကလေး)**


(လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ဇာတ်လမ်းတစ်ပုဒ်ကို ခံစားရေးဖွဲ့ပါသည်။)

အမည်ရင်းမှာ ဦးတင်ဝင်းဖြစ်ပြီး
လိုင်း ၄၂/၂၊ ရေနံ(က) ရပ်
ကွက်၊ သန်လျင်မြို့တွင် နေထိုင်
လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဆရာသခင်ကျေးဇူးရှင်၏ လွမ်းစေတီ

အောင်မြင့်မြတ်(ပြည်ရွှေဘို)

အေးမြတဲ့ ဥတုသဘာဝယက ရှင်တိဿအတွက် ကြည်နူးချမ်းမြေ့သွားစေတယ်။ လေ့ကျက်ခဲ့တဲ့ သံယုတ္တနိကာယ်ကို ရွတ်ဆိုသရဇ္ဈာယ် ဖြစ်တယ်။ ဥတုရဲ့ အေးချမ်းမှု၊ စိတ်ရဲ့ တည်ငြိမ်မှုတွေ၊ သံယုတ္တနိကာယ်ရဲ့ လေးနက်တဲ့အဓိပ္ပာယ်တွေက စိတ်ငြိမ်းချမ်းမှုကို ပေးလို့ နေတယ်။ ဒီနောက် စိတ်ဟာ တစ်စတစ်စ တည်ငြိမ်လာပြီးနောက် ဝိပဿနာ ဉာဏ်ဆီသို့ ကူးဝင်သွားလေတော့တယ်။

(က)

တစ်နေ့ပေါင်းလို့ တစ်မိုးသစ်ခဲ့ရပြန်ပေပေါ့။ ရာသီ စက်ဝန်းမှာ တပြောင်းပြန်ပြန် အဆက်မပြတ် လည်ပတ်လို့နေတယ်။ လဝါဆိုရဲ့ မိုးသားမိုးတိမ်တွေဟာ တရွေ့ရွေ့ တရိပ်ရိပ် တလိပ်လိပ်တက်လျက် ရှိတယ်။ တစ်ခါတစ်ရံ ပျက်ပြယ်သွားကာ "ဖြစ်လျှင်ပျက်မြဲ မလွဲမှန်စွာ ဓမ္မတာ" ဆိုတဲ့ အနိစ္စသဘောကို ဖော်ညွှန်းပြနေသလို တစ်ခါတစ်ခါ ကျပြန်တော့လည်း အပြာရိပ် မရမ်းနလိုလို ဇာမိတ်ပန်း အတုလိုလို တွန့်ကာလိပ်ကာ တစ်မျိုးဖန်လာကာ မြင်ရပြန်တယ်။

မိုးသားတိမ်လိပ်တွေရဲ့အောက် မြေပထဝီပြင်မှာ ညို့မှိုင်းအုံ့ဆိုင်းနေတဲ့ တောအုပ်ကလေးဟာ အရွက်၊ အဖူး၊ အညွန့်၊ နုနုထွတ်ထွတ်တွေနဲ့ စိမ်းအဝါနီတချို့ ပြာညို့ညို့ ဖြူတစ်သွယ်နဲ့ အဆင့်ဆင့် အခိုင်ခိုင် အပြိုင်အဆိုင် သူနိုင်ကိုယ်နိုင် အလှချင်း ပြိုင်နေရှာသလားလို့ အောက်မေ့နေမိတယ်။ ကုန်းအတက်စခန်းမှာ ပုန်းညက်ပန်းတွေကလည်း ပင်လုံးကျွတ် ပွင့်ဝေဖြာပြီး အလှတန်ဆာ ဆင်ထားသလို သင်းတပျံ့ပျံ့ မွှေးကြိုင်ကာ လျှောက်လှမ်းလာခဲ့ရတဲ့ တောအုပ်ကလေးမှာ သာယာလှပါဘိ။ မြင်တွေ့ရသူတိုင်းရဲ့ စိတ်နှလုံးကို ရွှင်ပြုံးပျော်မွေ့ဖွယ် ကောင်းလှပါဘိ။

သာယာအေးချမ်း တောစခန်းမှာ မျက်စိအာရုံ၊ နားအာရုံတွေ ဆိတ်ငြိမ်နေတာမို့ အရိယာသူတော်ကောင်းတွေ တောတောင်စခန်းတွေကို နှစ်သက်ပျော်မွေ့တော်မူကြတယ်။ မြတ်ဗုဒ္ဓဟာ လုမ္ဗိနီသာမော အင်ကြင်းတောမှာ မွေးဖွားသန့်စင်ပြီး ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်သိမ်း ဒုက္ခငြိမ်းရာ နိဗ္ဗာန်ရွှေပြည်သာသို့ ဝင်စံတော်မူခဲ့တယ်။ လူသူကင်းဆိတ် တောမိရွှေညောင်ပင်ရိပ်မှာပဲ သစ္စာလေးအင် အမှန်သိမြင်လို့ ဘုရားအဖြစ် ရောက်တော်မူခဲ့တယ်၊ အရှင်မဟာကဿပ ရဟန္တာမထေရ်မြတ်ကြီးလည်း "ဒီတော ဒီတောင်တွေက ငါ့ရဲ့စိတ်နှလုံးကို အင်မတန်အေးချမ်းပြီး ပျော်မွေ့စေနိုင်ကြတယ်" လို့ တွေးတောလေ့ရှိပြီး ဓုတင်ဆောင်ကာ တောရဆောက်တည်ခဲ့တယ်။

တရားကျင့်ကြံ အားထုတ်လိုသူများအတွက် တောတောင်စခန်းဟာ အမြတ်ဆုံး၊ အသင့်လျော်ဆုံးနေရာ ဖြစ်တယ်။ ပတ်ဝန်းကျင်အာရုံအနှောင့်အယှက်ကင်းလို့ စိတ်ကိုကြည်လင်စေတယ်။ သမာဓိကို တိုးပွားစေတယ်။ တရားအားတက်လွယ်တယ်။ ပန်းရန့်တွေက ပိဋကတ်စာပေက ရသိလာတဲ့ အသိပညာနဲ့ ဆရာသမားတွေရဲ့ ဆိုဆုံးမစကားတွေကြောင့် တစ်ဒင်္ဂခဏ သိမြင်ခံစားရခြင်းလို့ ကျွန်ုပ် ဝန်ခံပါရစေ။

ကျွန်ုပ်ရဲ့ဘွဲ့က ရှင်စုဋ္ဌနာဂ။ အသက်က (၁၈) နှစ်ကျော်လို့ (၁၉) နှစ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီ။ ရဟန်းဘောင်သို့ တက်ရောက်ဖို့ နီးကပ်လာပြီဆိုရပေမဲ့ စိတ်က ဂနာမငြိမ်ချင်၊ လေလွင့်ရာ မျောနေမိတယ်၊ တွေးချင်ရာတွေး ငေးချင်ရာငေးလို့ အကောင်းဆုံးအရွယ် ဖြစ်တယ်။

အခုလည်း ဒီလမ်း ဒီခရီးကို ဦးဆောင်ခေါ်လာသူက ကျွန်ုပ်၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်တဲ့ သက်တော် (၇၀) ကျော် သက်ကြီးရွယ်အို ဆရာတော်ကြီးပင်။ ရှေ့က တောင်ဝှေးကိုထောက် အားပြုရင်း ခရီးနှင်လာခဲ့ရာ နောက်တော်ပါးက သဘာဝရှုခင်းတွေ ကြည့်ရှုခံစားရင်း အတွေးနယ်ချဲ့ကာ လိုက်ပါခဲ့ရတယ်။

နေ့ဆွမ်းစားပြီးစအချိန်က ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ပြီး "ဘုရားတပည့်တော် သာသနာတော်မှာ မမွေ့လျော်လို့ လူထွက်ပါရစေတော့" လို့ ခွင့်ပန်လျှောက်ထားလိုက်ပေမဲ့ ဘာကြောင့် ချက်ချင်းထွက်ခွင့်မပေးဘဲ ဒီခရီးကို အပင်ပန်းခံတော်မူကာ ကျွန်ုပ်အား ခေါ်ဆောင်လာရပါသလဲ။ ဒီအမေးပုစ္ဆာကို ကိုယ်ကိုယ်တိုင် အဖြေထုတ်မရခဲ့။ တွေးမြဲတွေးလာခဲ့ရာက . . .

ကျွန်ုပ် စုဋ္ဌနာဂ၊ ရှေးယခင်က သာသနာတော်မှာ အလွန်မွေ့လျော်ပျော်ပိုက်ခဲ့ရုံမက ဒီလင်္ကာဒီပ တိဿမဟာဝိဟာရကျောင်းတိုက်ကြီးမှာ ပြိုင်ဖက်ကင်း သာမဏေကျော်တစ်ပါးအဖြစ်ရောက်အောင် ထောက်ပံ့ချီးမြှင့်မြှောက်စားခံခဲ့ရသည်နှင့်အမျှ မဟာနာယကဆရာတော် ဘုရားကြီးရဲ့ သာသနာနောင်ရေးအတွက် မျှော်တွေးအားကိုးခံခဲ့ရသူ သာမဏေငယ်တစ်ပါးလည်း ဖြစ်ခဲ့ရပါတယ်။

ဒီနှစ်ပိုင်းရောက်ခါမှ ဆွမ်းခံရင်း ငှက်သင့်တယ် ပြောခံရလေလားမသိ။ အနုရာဓမြို့သူ အလှပျိုဖြူမလေးနဲ့ နဖူးစာ ရွာလယ် ဆုံဖြစ်ခဲ့ကြတယ်။ ရွှေဖူးစာရေးနတ်ကလည်း ပစ်လိုက်တဲ့မြားချက် အထိမှန်လိုက်ပုံက လှလိုက်တဲ့ မိန်းကလေး။ အသားက ရွှေလိုဝါ၊ မျက်လုံးလေးက သောက်ရှူးကြယ်၊ နှုတ်ခမ်းနှစ်သွယ်က လေးကိုင်း၊ နှာတံလေးက ဖြောင့်စင်း၊ ပါးလေးက မို့မို့တင်း၊ မခို့တရို့ အပြုံးကလေးနဲ့ ခန္ဓာကိုယ်အချိုးကျ သဘောမနောဖြူစင်လှတဲ့ အနုရာဓသူ အပြုံးနတ်သမီးလေးရဲ့ဖမ်းစားမှုကြောင့် ခုတော့ သာသနာမှာ ညည်းငွေ့ပြီး မမွေ့မလျော် ဖြစ်လာခဲ့ရတယ်။

မနက် ဆွမ်းခံကြွတုန်းက သူနဲ့ မေတ္တာ အပေးအယူ အချိန်းအချက်ပြုပြီး ယခုလို သာသနာတော်မှ ထွက်ခွာဖို့ စီစဉ်ဖြစ်ခဲ့တယ်။ စီစဉ်တဲ့အတိုင်းပဲ သပိတ်သင်္ကန်းပရိက္ခရာတွေကို သိမ်းဆည်းပြီး နာယကဆရာတော်ကြီးကို အပြီးအပြတ် လျှောက်ထားဖြစ်ခဲ့တယ်။

ဆရာတော်ကြီးမှာ ကျွန်ုပ်ရဲ့လျှောက်ထားခွင့်ပန်လိုက်တဲ့စကားကို နားထောင်ပြီး ခေတ္တမျှ ငြိမ်သက်စွာနေပြီးမှ ဦးခေါင်းတော်ကိုညိတ်ကာ "အိမ်း . . . ငါ့တပည့်၊ မမွေ့လျော်တော့ဘူးဆိုမှတော့ ဒို့က ဘယ်တားမြစ်နေလို့ ဖြစ်တော့မလဲကွယ်။ ခွင့်ပြုရပေမပေါ့။ ဒါပေမဲ့ . . ." လို့ မိန့်တော်မူကာ စကားကိုခေတ္တမျှ ရပ်ထားတော်မူတယ်။ "ခက်လှပါပေတယ်၊ မတားမြစ်တော့ပါဘူးဆိုပြီးကာမှ ဒါပေမဲ့ဆိုတဲ့ စကားက ဘယ်လိုကြီးပါလိမ့်" ကျွန်ုပ် စုဋ္ဌနာဂ အတွေးဖက်လျက် ရင်မှာ တသိမ့်သိမ့်ခုန်ကာ စောင့်နားထောင်နေခဲ့ရတယ်။

"ကိုရင် လူမထွက်ခင် ဟိုအရှေ့စိတ္တလတောရ ရိပ်သာကျောင်းကို ခေတ္တသွားကြစို့ကွယ်။ ငါ့တပည့်လည်း ဒီတောရဲ့

www.burmeseclassic.com



ရိပ်သာကျောင်းကို ရောက်ဖူးသေးပုံ မထင်ဘူး။ အေး...အဲဒီကို ဒို့များအတူသွားပြီး တိဿစေတီကို ဖူးမျှော်ဝတ်ပြုပြီး အပြန်ကျောင်းရောက်တော့မှ ငါ့တပည့်သဘောအတိုင်းပေါ့။ ကဲ...အခုပဲ သွားကြစို့ရဲ့။ ခရီးက မနီးမဝေးမို့ နေဝင် မိုးမချုပ်ခင် ကျောင်းပြန်ရောက်နိုင်အောင်ပေါ့ကွယ်"

ဒီလိုနဲ့ ကျွန်ုပ် စူဠနာဂဟာ ဆရာတော်ဘုရားကြီးရဲ့ နောက်တော်ပါးက ယခုလို လေးကန်စွာ လိုက်ပါလာရခြင်း ဖြစ်တယ်။ လူငယ်စိတ်ဆိုတာ တုံးဆိုတိုက် ကျားဆိုကိုက် ခုဆုံးဖြတ်ချက် ခုအကောင်အထည်ဖော်လိုက်ချင်ပေမဲ့လည်း ဆရာတော်ဘုရားကြီးကို မလွန်ဆန်ဝံ့သလို မသွားချင်တဲ့ခရီးကို သွားနေရလေတယ်။ ကျွန်ုပ်ရဲ့အပြုံးနတ်သမီးလေး တစ်ယောက် အနုရာဓမြို့တစ်နေရာက ကျွန်ုပ်အလာကို မျှော်လင့်နေရှာပေတော့မယ်။ ဒါပေမဲ့ မကြာခင် မောင်ကြီး အရောက်ပြန်လာခဲ့ပါ့မယ်။ ကြာပါဘူးကွယ် ညီမငယ် နေမဝင်မီကလေးသာပေါ့။

သမုဒယ တဏှာဆွဲငင်အားဟာ နေ့စဉ်နဲ့အမျှ ကိုယ့်အနားမှာ ရှိနေတယ်။ ကိလေသာ မြူမှုန်တွေ အန့်တည်ရှိနေကာ လူသားတွေဟာ ဒီမြူမှုန်တောမှာ တိုးဝင်သွားလာနေရတာနဲ့ တူပါတယ်။ ကိလေသာမြူမှုန်ဆိုတာ သိဖို့လိုမယ် ထင်တယ်။ ဇနီးခင်ပွန်း ချစ်ခင်ရတဲ့ တဏှာရာဂ။ ပစ္စည်းဥစ္စာ လိုချင်တဲ့လောဘ။ စိတ်တိုင်းမကျလို့ အလိုမပြည့်ဝလို့ စိတ်ဆိုးရတဲ့ ဒေါသ။ ကိုယ့်ထက်သာရင် မနာလိုတတ်တဲ့ ဣဿာ။ ကိုယ့်လိုရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ တိုးတက်လာမည်ကို စိုးရိမ်တဲ့ မစ္ဆရိယ။ သူတစ်ပါးကို အဖက်မတန်တဲ့ မာန်မာနတရား။ မဖြစ်ချင်ရင် မနေသာအောင် ဆွပေးနေတဲ့ အပြင်အာရုံတွေ။ အဆင်းအာရုံမြင်ရင် သာယာချင်လိုချင်။ အသံအာရုံကြားရရင် သာယာချင် ကြားချင် လိုချင်။ အနံ့အာရုံရရင် ရှူချင် မွှေးချင် သာယာချင်။ လျှာအာရုံအရသာကောင်းရင် စားချင် မက်မောချင်။ အတွေ့အထိအာရုံ ခံစားချင် လိုချင်ကြတာ မဟုတ်ပါလား။

✦

(၁)

စိတ္တလတောင်ခြေရှိ တောရရိပ်သာကျောင်းသို့ ရောက်ရှိခဲ့ပါပြီ။ တောင်ခြေရဲ့ဆင်ခြေလျှော ကုန်းထိပ်အငူကလေးမှာ ကျောက်ထီးအထွတ်တင်ထားတဲ့ ထုံးဖြူဖြူ စေတီလေး တစ်ဆူ ကြည်နူးဖွယ်ရာ ဖူးမြင်ရတယ်။ စေတီလေးရဲ့အောက်ခြေမှာ သခ်ိန်းကျောင်းလေး သုံးဆောင် တောရိပ်မှာခိုလို့ တိတ်ဆိတ်အေးချမ်းမှုကို ဖော်ဆောင်လျက်ရှိတယ်။ မျက်စိတစ်ဆုံး ကြည့်လိုက်ပြန်တော့ တောင်ခြေတစ်နေရာရှိ ကျောက်လိုဏ်ဂူကြီးက ပိုလို့ တောရိပ်သာကျောင်းရဲ့ဂုဏ်ပုဒ်ကို ဖော်ပြနေသလိုပါပဲ။ အနုရာဓမြို့သူ အပြုံးနတ်သမီးလေးရဲ့ခြယ်လှယ်ဖမ်းစားခံထားရတဲ့ ကျွန်ုပ် စူဠနာဂ ခေတ္တခဏမျှ ကြည်နူးစိတ် ဖြစ်ပွားသွားမိပါသေးတယ်။

ဆရာတော်ဘုရားကြီးမှာ တောရရိပ်သာ ပရိဝုဏ်ကို ဖြတ်သန်းလို့ စေတီကုန်းအငူဆီကို ကြွသွားလေတယ်။ ကျောင်းဝိုင်းမှာ သံဃာရှိနေတဲ့ လက္ခဏာဖြစ်တဲ့ တံမြက်လှည်းထားမှု၊ ရေပြည့်အိုးများ စီရရီတည်ထားမှု စတာတွေ တွေ့ရပေမဲ့ သံဃာတော်များ အရိပ်အယောင်မတွေ့ရပါ။ သစ်ရိပ်ဝါးရိပ်တစ်နေရာမတော့ ရှိမယ်ထင်တယ်။ ကျွန်ုပ် ကြည်နူးဖွယ်ရာ ကျောင်းတလင်းကို မျက်စိကစားရင်း ဆရာတော်ဘုရားကြီး ကြွသွားရာ ကုန်းအငူစေတီတော်ရင်ပြင်ကို တက်ရောက်လိုက်လာခဲ့တယ်။

"ကဲ...ငါ့တပည့်၊ သာသနာတော်က ထွက်ခွာမသွားခင် ဒီစေတီတော်လေးကို အားပါးတရ ဖူးမြော်ပြီး စေတီယင်္ဂဏဝတ်ကိုလည်း ပြုခဲ့ကွယ့်။ ပြီးတော့ ဒီစေတီတော်ရဲ့ သမိုင်းကြောင်းလေးကိုလည်း နောင်လာနောင်သား လက်ဆင့်ကမ်းမှတ်သားနိုင်ဖို့ ပြောကြားပြရပေဦးမပေါ့ကွယ်။ ကဲ ကဲ...ဝမ်းပန်းတသာ ရှိခိုးဦးချ ကန်တော့ပေဦးတော့"

ကျွန်ုပ်ဟာ ဆရာတော်ဘုရားကြီးရဲ့မိန့်မှာတဲ့အတိုင်း နောက်ပါးမှ ဝပ်တွားကာ ရှိခိုးကန်တော့နေလိုက်တယ်။ ဒီနောက် စေတီတော်ရင်ပြင်ရှိ မြက်သစ်ပင်ငယ်တွေကို သုတ်သင်ရှင်းလင်းနေတယ်။ တောရိပ်သာကျောင်းနေ မထေရ်မြတ်တွေ စေတီယင်္ဂဏ ဝတ်ပြုနေကျစေတီတော် ဖြစ်၍ မြက်မှိုက်တွေနည်းပါးလှလို့ သိပ်ကြာကြာ မရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ။ မကြာခင် ဆရာတော်ဘုရားကြီးဟာ စေတီတော်မြောက်ဘက်ရှိ အရိပ်အာဝါသကောင်းလှတဲ့ တမာပင်အောက် ကြွရောက်သွားလို့ အလိုက်သိစွာ လိုက်ပါသွားရတယ်။

"ဒီစေတီတော်ရဲ့ဘွဲ့အမည်က တိဿစေတီတော်လို့ခေါ်တယ်။ ဒါပေမဲ့ အများကတော့ လွမ်းစေတီလို့ပဲ ခေါ်ကြတာပဲ။ ငါတို့ တိုက်တာဖြစ်တဲ့ တိဿမဟာဝိဟာရရဲ့ သမိုင်းကြောင်းနဲ့ ဆက်စပ်နေတာပေါ့ကွယ်။ ဒီတော့ ငါ့တပည့် ဒီစေတီရဲ့ သမိုင်းကြောင်းကို ကောင်းကောင်းသိထားသင့်တာပေါ့။ ဒါတင်မကသေးဘူးကွယ့် ဒီစေတီရဲ့ သမိုင်းကြောင်းကလည်း ငါ့တပည့်လို သာသနာတော်မှာ မမွေ့လျော်တဲ့ သာမဏေတစ်ပါးက စခဲ့တာကိုး"

ကျွန်ုပ် စူဠနာဂ ရုတ်တရက် တုန်လှုပ်သွားမိတယ်။ ကိုယ့်လို သာသနာတော်မှာ မမွေ့လျော်တဲ့ ရှင်သာမဏေတစ်ပါးက စခဲ့တဲ့ စေတီတော်ဆိုပါကလား။ "ဆရာတော်ဘုရား ဆက်လက်မိန့်ကြားတော်မူပါ" ကျွန်ုပ် နာခံမှတ်သားလိုစိတ် ပြင်းပြတာကြောင့် လျှောက်ထားလိုက်မိတယ်။

✦

(၈)

"အေး . . . ကြာတော့ ကြာခဲ့ပြီ။ ဟိုး လွန်ခဲ့တဲ့ အနှစ်ငါးဆယ်ကျော်လောက်ကပေါ့ကွယ်"

မဟာဝိဟာရ မဟာနာယက ဆရာတော်ဘုရားကြီးဟာ သာသနာတော်က ထွက်ခွာသွားတော့မယ့် သာမဏေ ရှင်တိဿအား စူးစိုက်ကြည့်ရှုနေတယ်။ ဒီသာမဏေဟာ ကျောင်းတိုက်ထဲမှာ ဉာဏ်အကောင်းဆုံး၊ ဝီရိယအကောင်းဆုံးနဲ့ အလိမ္မာဆုံး သာမဏေဖြစ်တယ်။ ဒီယနိကာယ်ကို ဆက်လက်ကြိုးစားနေသူလည်း ဖြစ်တယ်။ အခုမှ ဘာကြောင့် သာသနာတော်ကို ဆန့်ကျင်ကာ လူ့အသွင်ကို ယူလိုဘိသလဲ။ ဆရာတော် ဘုရားကြီးဟာ လေးနက်စွာစဉ်းစားပြီး ဦးခေါင်းကို လေးလေးကြီး ညိတ်တော်မူလိုက်ပြီးနောက်။

"အေး . . . အေး . . . ကောင်းပြီ ငါ့ရှင်။ ထွက်တာပေါ့ကွယ်။ ဒါပေမဲ့ မထွက်သေးခင် တစ်ခုလောက်တော့ ဆောင်ရွက်ပေးခဲ့ဦးကွယ့်။ တခြားတော့ မဟုတ်ပါဘူး။ ဒို့ ဒီမဟာဝိဟာရက လူနေအိမ်ခြေထူထပ်တဲ့ နေရာနဲ့လည်း နီး၊ ရေလည်း အတော်ရှားနေတော့ တစ်နေ့နေ့ ရေချိုးရတာ အတော်ဆင်းရဲနေသကွယ့်။ ဒီတော့ ဟိုစိတ္တလတောင် တောရရိပ်သာကို ရွှေ့ပြောင်းပြီးနေမယ်လို့ တို့များ ကြံရွယ်နေတာ အတော်ကြာပြီ။ ဒီတော့ ငါ့တပည့်မထွက်ခင် ဒို့ကို စိတ္တလတောင် တောရရိပ်သာကို ပို့ပေးပစ်ခဲ့ပါဦးကွယ်" လို့ မိန့်တော်မူရှာလေတယ်။

"အမိန့်ရှိတော်မူတဲ့အတိုင်းပါပဲ ဘုရား"

သာမဏေရှင်တိဿဟာ ဆရာတော်ဘုရားကြီး မိန့်မှာစကားအတိုင်း မိမိနဲ့ ဆရာတော်ဘုရားကြီးရဲ့ သပိတ်သင်္ကန်း ပရိက္ခရာတွေ ပြင်ဆင်ဆောင်ယူလာကာ အဆင်သင့်ဖြစ်ကြောင်း လျှောက်ထားလေတယ်။ မနေးမမြန် ကြွလှမ်းတော်မူလေတယ်။

ဆရာတပည့်နှစ်ပါး စိတ္တလတောင်ခြေ ရောက်တဲ့အချိန်မှာ ညနေစောင်း လေးနာရီခန့်ရှိပြီး အတန်ငယ် စောနေသေးတယ်။ တောင်ခြေရိပ်သာကျောင်းမှာ အရင်က သီတင်းသုံးတဲ့ ရဟန်းတော်တွေ ရှိခဲ့ပေမဲ့ ယခုတော့ ရဟန်းသံဃာ ပြတ်လပ်နေတာကြောင့် တောသင်္ခမ်းကျောင်းကလေးမှာ ကျိုးတိုးကျဲတဲ မခိုင်ခန့်တော့။ ဒါကြောင့် ရှင်တိဿဟာ ဆရာသခင် သီတင်းသုံးရန် ကျောင်းအိုလေး ပြင်ဆင်ဖို့ အလုပ်စတင်ရလေတယ်။ ဒီအခါ ဆရာတော်ဘုရားကြီးက . . .

"နေဦးကွယ့် . . . ငါ့တပည့်၊ ဒီကျောင်းလည်း ပြင်တာပေါ့။ ဒါပေမဲ့ ဒီကျောင်းက သံဃိကကျောင်းကွယ့်။ အဲဒီတော့ သာမန်ပြင်ရုံနဲ့ မဖြစ်သေးဘူး။ ဖြည်းဖြည်းအေးအေး ပြင်ဆင်မှ တော်ပေလိမ့်မယ်။ ဒီတော့ ဒို့အတွက် ပုဂ္ဂလိက လွတ်လွတ် လပ်လပ်နေနိုင်မဲ့နေရာတစ်ခု လုပ်ကွယ်။ နေဖြစ်ရုံပေါ့။ သိပ်ကောင်းကောင်းကြီးတော့ မလိုလှပါဘူး" လို့ မိန့်တော်မူရှာလေတယ်။

ရှင်တိဿဟာ ဆရာတော်ဘုရားကြီးရဲ့ အမိန့်တော်ကြောင့် နေရာတစ်ခုလုပ်ဖို့ ကြံဆကြည့်ရလေတယ်။ တောင်



www.burmeseclassic.com

www.burmeseclassic.com



မြေတစ်နေရာရှိ ကျောက်စွန်းကြီးကို ရှင်းလင်းပြီး အနည်းငယ် ပြုပြင်လိုက်ရင်တော့ သစ်ရွက်မိုးကျောင်းဆောက်ရင် ချက်ချင်းပြီးနိုင်ပေမဲ့ အပျက်လည်း မြန်နိုင်တယ်။ မိမိရဲ့လူထွက်ရေးကိစ္စကို ခေတ္တရပ်ဆိုင်းကာ ၃၊ ၄ ရက်ခန့် အချိန်ယူ လိုဏ်ဂူလုပ်လိုက်က အရှည်တည်တံ့တဲ့ သံဃာ့နေရာတစ်ခု ဖြစ်လာနိုင်တယ်လို့ စဉ်းစားပြီး တစ်ညတာမျှ ကျောင်းအိုကလေးအောက်ရှိ ကွပ်ပစ်ငယ်ပေါ်မှာ ဆရာတော်ဘုရားကြီးအား နေရာပြင်ဆင်ပေးခဲ့ပြီး ကျောက်စွန်းကြီးဆီသို့ ထွက်ခွာခဲ့တယ်။

နေအလင်းရောင်မထွက်ခင် ကျောက်စွန်းကြီးကို ရှင်းလင်းပြီး ကျောက်စွန်းကြီးအောက်ရှိ မြေသားတွေကို သစ်သားစတွေနဲ့ တူးယက်ကြည့်ရာ ခဲခဲယဉ်းယဉ်းမရှိ။ လွယ်လင့်တကူ ဂူပေါက်သဏ္ဍာန်ပေါ်ပေါက်လာတယ်။ ဒီလိုလုပ်ဆောင်ရင်း တစ်နေ့တာ ကုန်ဆုံးခဲ့လေတယ်။

"အေး ... တပည့်ကြိုးစားပေါ့ကွယ်။ တစ်ချက်ခုတ် နှစ်ချက် သုံးချက်ပြတ်ဆိုတာလို သံယုတ္တနိကာယ် ဆောင်ရွက်မြဲလည်း ဆောင်ရွက်ပေါ့။ တပည့် စီးဖြန်းနေကျ တေဇောကသိုဏ်းကိုလည်း မမေ့နဲ့ကွယ့်။ ကိစ္စပြီးတော့လည်း ငါ့တပည့်ထွက်ပေါ့ ဟုတ်လား။ မထွက်ခင်တော့ လုပ်နေကျအလုပ် ဆက်လက်ကြိုးစားပေတော့ အလိမ္မာကြီးရယ်"

သုံးလေးရက်ကြာတော့ လိုဏ်ဂူလည်း နေဖြစ်လောက်အောင် ပြီးစီးသွားလေတယ်။

လိုဏ်ဂူအမြင့် ၉ ပေ၊ အကျယ်အဝန်း (၇)ပေခန့်ရှိပြီး အတွင်းသို့ ၁၅ ပေခန့် ရှည်လေတယ်။ ဂူအဆုံးမှာ ဆရာတော်ဘုရားကြီး သီတင်းသုံးဖို့အတွက် ဝါးကွပ်ပျစ်ကလေး ခင်းပေးထားတယ်။ ရှင်တိသသဟာ လိုဏ်ဂူဖောက်နေရင်းနဲ့အနားယူတိုင်းမှာ သံယုတ္တနိကာယ်ကို ဆက်လက်လေ့ကျက်ပြန်ဆိုခဲ့ရာ လိုဏ်ဂူအပြီးမှာ သံယုတ္တနိကာယ်လည်း နှုတ်တက်ဆောင်နိုင်ခဲ့တယ်။ ဒါ့အပြင် ညတိုင်း တေဇောကသိုဏ်းကိုလည်း လက်မလွှတ် ရှုမှတ်နိုင်ခဲ့တယ်။ နဝကမ္မများနဲ့ အမှုကိစ္စအားလုံး ချောမောအောင်မြင်လို့ စိတ်လက်ပေါ့ပါးလို့သွားတယ်။

"ဆရာတော်ဘုရားအတွက် ပုဂ္ဂလိက နေရာသစ်တစ်ခု ပြုလုပ်ပြီးသွားပါပြီ။ ကြွရောက်လို့ ချမ်းသာစွာ သီတင်းသုံးတော်မူပါ ဘုရား" သွားရောက်လျှောက်ထားလိုက်တယ်။

ဆရာတော်ဘုရားကြီးဟာ "အေးကွယ် ကောင်းလေစွ ကောင်းလေစွ" လို့ဆိုကာ သာမဏေရှင်တိသသနဲ့အတူ လိုဏ်ဂူသို့ကြွရောက်လာပြီး လိုဏ်ဂူအပေါက်ဝက ခေတ္တရပ်လို့ ကြည့်ရှုတော်မူကာ ...

"အင်း ... ကောင်းလှပါ့ကွယ်။ ငါ့တပည့် သုံးရက်တိုင်တိုင် ငြိုငြင်စွာပြင်ဆင်ရတာမို့ ငါ့တပည့်လည်း တော်တော်ပင်ပန်းသွားရောပေါ့။ ကဲ ... ငါ့တပည့် အပန်းဖြေတဲ့အနေနဲ့ ဒီတစ်ည ဒီလိုဏ်ဂူမှာ နေပေရော့။ နောက်နေ့တွေမှပဲ ဒို့များလာနေတော့မယ်။ အေး ... ဒီမှာ ချမ်းချမ်းသာသာ နေပေဦးကွယ်။ မနက်ကျမှ တစ်ခါတည်း မဟာဝိဟာရပြန်ပြီး အဲဒီကျကာမှ ငါ့တပည့်လူဝတ်လဲပေတော့ ဟုတ်ပလား" လို့ မိန့်တော်မူကာ သီတင်းသုံးရာ ကျောင်းအိုကလေးဆီ ပြန်ကြွလေတယ်။

ရှင်တိသသဟာ ဆရာတော်ကြီး ကြွသွားတော်မူတာနဲ့ ဂူအတွင်း ဝင်လာခဲ့တယ်။ သုံးရက်တိုင်တိုင် ဆောင်ရွက်ခဲ့ပင်ပန်းခဲ့သမျှတွေကို အပန်းဖြေရတော့မယ်လို့ ကြံတွေးကာ ကွပ်ပျစ်ပေါ်တက်ထိုင်လိုက်တယ်။ အေးမြတဲ့ ဥတုသပ္ပါယက ရှင်တိသသအတွက် ကြည်နူးချမ်းမြေ့သွားစေတယ်။ လေ့ကျက်ခဲ့တဲ့ သံယုတ္တနိကာယ်ကို ရွတ်ဆိုသရဇ္ဈာယ်ဖြစ်တယ်။ ဥတုရဲ့အေးချမ်းမှု၊ စိတ်ရဲ့တည်ငြိမ်မှုတွေ၊ သံယုတ္တနိကာယ်ရဲ့ လေးနက်တဲ့အဓိပ္ပာယ်တွေက စိတ်ငြိမ်းချမ်းမှုကို ပေးလို့နေတယ်။ ဒီနောက် စိတ်ဟာ တစ်စ တစ်စ တည်ငြိမ်လာပြီးနောက် ဝိပဿနာဉာဏ်ဆီသို့ ကူးဝင်သွားလေတော့တယ်။

ညဉ့်ဟာ တိတ်ဆိတ်ပြီး လိုဏ်ဂူက ပိုမိုတိတ်ဆိတ်မှုကို ပေးလေတယ်။ ညဉ့်ဦးယံမှ သန်းခေါင်ယံသို့ ပြောင်းဝင်ကာ ညဉ့်နက်သွားပေမဲ့ ကွပ်ပျစ်ပေါ်မှာထိုင်နေတဲ့ ရှင်တိသသ တစ်ပါး လှုပ်ရှားမှုမရှိပါ။ ညဉ့်ဟာ တဖြည်းဖြည်း ကျွမ်းလို့ သွားသလို ရှင်တိသသရဲ့ကိလေသာတွေလည်း ကျွမ်းလို့ ကျွမ်းလို့ သွားကုန်တယ်။ ကုန်ဆုံးသွားတဲ့ ညဉ့်နဲ့ ထပ်တူ ရှင်တိသသရဲ့ ကိလေသာတွေလည်း ကုန်ဆုံးလို့ သွားလေတော့တယ်။

✦



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် စူဠနာဂဟာ ဆရာတော်ဘုရားကြီးရဲ့ စကားသံထဲ နစ်မြုပ်နေရာမှ ရဟန္တာဖြစ်သွားတဲ့ ရှင်တိဿအား ကြည်ညိုမဆုံး ဖြစ်မိတယ်။ မိမိလို လူထွက်မယ့်ဆဲဆဲ ရှင်သာမဏေတစ်ပါးဟာ လိုက်ဂူပြုလုပ်ခြင်းအမှုသစ်၊ သံယုတ္တနိကာယ်ကို ဆောင်ရွက်ခြင်း ပရိယတ်ကိစ္စတွေနဲ့ သမထဝိပဿနာ တရားထုံမွမ်းလို့ ရဟန္တာဖြစ်သွားကြောင်း နာကြားလိုက်ရတာကြောင့် မိမိအဖြစ်ကို တွေးစစ်ပြီး ရှက်အားပိုမိလေတယ်။

"အေး . . . အဲဒီရှင်တိဿဟာ တစ်ခါတည်း စိတ္တလတောရရိပ်သာကျောင်းက မပြန်တော့ဘဲ ဒီမှာပဲ ရဟန်းဖြစ်၊ ဒီမှာပဲ ပရိနိဗ္ဗာန်ပြုတော်မူသွားတဲ့ ဒို့ရဲ့ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးပေပဲ။ တိဿရဟန္တာမထေရ်မြတ်ကြီးအဖြစ်နဲ့ ပရိနိဗ္ဗာန် ဝင်စံသွားတော့ ဒို့တပည့်တွေက ရဟန္တာမထေရ်မြတ်ကြီးရဲ့ဓာတ်တော်တွေကို ဒီစေတီတည်ပြီး ဌာပနာထားခဲ့တယ်ကွဲ့။ ဒါကြောင့် ဒီစေတီတော်ကို တိဿစေတီတော်လို့ သမုတ်ထားတာပေါ့။ ဒါပေမဲ့ တိဿစေတီရယ်လို့ သိပ်မသိကြတော့ပါဘူကွယ်။ အခု အများသိတဲ့ နာမည်ကတော့ လွမ်းစေတီတဲ့။

ဆရာတော်ဘုရားကြီး မိန့်မှာကြားသွားတဲ့ စကားတော်အဆုံးမှာ ကျွန်ုပ် စူဠနာဂ နှလုံးမချိ ရင်ထဲမှာ တသိမ့်သိမ့် ဝမ်းနည်းကြေကွဲကာ ထိန်းမရတဲ့ မျက်ရည်မိုးစက်များ တလိမ့်လိမ့် ကျဆင်းလာပါတော့တယ်။ စိတ္တလတောင်စောင်း ကုန်းတော်ထိပ်က ထုံးဖြူဖြူ တိဿလွမ်းစေတီလေးကို အကြိမ်ကြိမ်အခါခါ ရှိခိုးကန်တော့ပြီး ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရှေ့မှောက် ဝပ်တွားလို့ ရင်တွင်းက ထွက်ကျလာတဲ့ ဆန္ဒစကား လျှောက်ထားလိုက်မိတယ်။

"ကျေးဇူးရှင် ဆရာတော်ကြီးဘုရား . . . တပည့်တော် လျှောက်ထားခဲ့တာများကို ဖျက်သိမ်းလိုက်ပါပြီ ဘုရား။ ဟောဒီလွမ်းစေတီအနီးအနား တောရရိပ်သာကျောင်း လိုက်ဂူမှာပဲ ထာဝရ နေခွင့်ပြုတော်မူပါ။ တိဿမဟာဝိဟာရကိုဖြင့် တပည့်တော် ပြန်မလိုက်လိုတော့ပါ ဆရာတော်ဘုရား"

ကျွန်ုပ် စူဠနာဂ ဆရာတော်ဘုရားကြီးအား ခွင့်ပန်လျှောက်ထားပြီးဆုံးတာနဲ့ စိတ္တလတောင်ခြေအနီးက ကျောက်စွန်းလိုက်ဂူကြီးရှိရာဆီသို့ ဦးတည်ထွက်ခွာလာခဲ့တယ်။ ဆရာတော်ဘုရားကြီးမှာ ကျေးဇူးတရား သိကျွမ်းနားလည်လိမ္မာလှတဲ့ သာမဏေ စူဠနာဂသွားလေရာသို့ ငေးစိုက်ကြည့်ရှုရင်း ဦးခေါင်းတော် တဆတ်ဆတ် ညိတ်တော်မူပြီး ဝမ်းသာတဲ့ နှလုံးသားပီတိအပြည့်နဲ့ . . .

"အေးလေ . . . သာသနာတော်မှာ ပရိယတ်ပဋိပတ် ကျင့်ဝတ်တွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးကို သူတော်ကောင်းစိတ်ရှိတဲ့ ဘယ်သူမျိုးမဆို အားကျအတုယူကြမှာ မမွှတာပေပဲပေါ့"

ရင်တွင်းစကား တိုးတိုးလေး မြွက်ဆိုကြားရင်း ကျန်ရစ်တော်မူရှာလေတယ်။

**အောင်မြင့်မြတ်**
(ပြည်ရွှေဘို)

(ဝန်ခံချက်)

မူလပဏ္ဏာသ အဋ္ဌကထာ (မ-ဋ္ဌ ၁-၃၉၅) မှ သာဓကနှင့် ဖတ်ဖူးမှတ်ဖူးသည့် စာပေများဖြင့် ဖွဲ့နွဲ့ရေးသားပါသည်။



ဘွဲ့တော်မှာ ဘဒ္ဒန္တ[illegible] ဖြစ်သည်။ သာသနာ့ဗေဒ[illegible] ရရှိသည်။ ပေါင်းဥ[illegible] မြင်သာကျောင်းတိုက်တွင် သီတင်း[illegible] လျက်ရှိသည်။

www.burmeseclassic.com

# အပိတ်စကား

ဤစာသည် နိဒါန်းမဟုတ်သလို ဥပဒေသာဖြစ်လည်း မမည်ပါ။ အမှာစာ၊ အဖွင့်စကားဟူ၍လည်း ဆို၍မရပါ။ ရေးချင်တာလေးတစ်ခုရှိနေ၍ (စာမျက်နှာလေးလည်း ရှိနေ၍) ရေးလိုက်ရခြင်းဖြစ်ပါသည်။

ဤစာအုပ်ကို စီစဉ်သူ၊ ထုတ်ဝေလိုသူ အရှင်ဇနိန္ဒသာရက စာမူတွေ မိမိလက်ထဲ ထည့်ပါသည်။ သဘောက (သူလုပ်နိုင်းနေကျအတိုင်း) မိမိက စာမူတွေကိုစု တာဝန်ယူ၊ ကိုမြင့်ထွန်းက စာစီ၊ စာမျက်နှာဖွဲ့၊ ပုံနှိပ်၊ ချုပ်တာတွေ တာဝန်ယူ၊ စာအုပ် ဖြစ်အောင်လုပ်၊ မတင်မာဦး (မျိုးဆက်သစ်)က ဖြန့်ပေါ့။

သည်စာမှာ စာရေးတဲ့ကလောင်တွေက ရဟန်းပုဂ္ဂိုလ်နှင့် စာရေးဆရာကြီးငယ် တော်တော်စုံအောင်ပါသည်။ သည်တော့ စာတွေကိုဘယ်လိုထားမလဲ၊ ဝါစဉ်ထားမလား၊ ဒါမှမဟုတ် အက္ခရာစဉ်မလား။ ဆရာတော်ကို လျှောက်ထားတော့ သင့်သလို လုပ်ပါဟု မိန့်သည်။ မိမိက အက္ခရာစဉ်တာပဲ ကောင်းပါလိမ့်မည်ဟု လျှောက်ထားလိုက်သည်။

စာမူတွေ အရှည်အသွေးကို ဆိုရန်မရှိ။ သူ့အရောင် သူ့အဆင့်နှင့် အားလုံး ဝင်းလက်တောက်ပနေပါသည်။ စာမူတွေကို ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထု စသည့် ကဏ္ဍလေးမျိုး ခွဲလိုက်သည်။ စာအုပ်မှာက ရဟန်းစာဆိုတွေ၊ ကန်တော့ခံ သက်ကြီးစာဆိုတွေ ပါနေတော့ သူတို့တွေ ဟိုးနောက် ရောက်ကုန်သည်။ ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဆရာဖွေးမောင်၊ ဆရာဆင်ဖြူကျွန်းအောင်သိန်းနှင့်ဆရာအံ့မောင်တို့နောက်ရောက်ကုန်သည်။ ဆောင်းပါးတွင် ဆရာအံ့မောင် ဘိတ်ရောက်သွားသလို ဝတ္ထုကဏ္ဍတွင် ပါဝင်သော ဆရာတော်ကြီး ဘိတ်၏ ဘိတ်သို့ ရောက်သွားသည်။

ထိုဆရာကြီးတွေနောက် (သက်ကြီးတန်းဝင်) မိမိ၊ ဇော်နောင်၊ ခင်မောင်လွင်(မြန်မာစာ)၊ ခင်(တိုင်းရင်းမေ)၊ ရေကူးမြတ်လေးနောင်၊ ဦးအေးချို(မဟာဝိဇ္ဇာ)၊ ညွန့်ဟံ(ကြူတော) တို့လည်း ဟိုသည်ပြန့်ကျဲရောက်ကုန်သည်။ မိမိအနေနှင့် ကဏ္ဍအလိုက် ကလောင်အမည် အက္ခရာစဉ်လိုက်၍ ဖြစ်ပါသည်။ ဆရာမကြီး ဒေါ်ခင်ဆွေဦးနှင့် နတ်မောက် - အနီချိုမှာ စာအုပ် ဖလင်ထုတ်ချိန်တွင် လာပေးသဖြင့် အလျဉ်းသင့်သော စာမျက်နှာတွင် ထည့်လိုက်ရပါသည်။

ကလောင်ဝါကိုမစဉ်ဘဲ အက္ခရာစဉ်လိုက်ခြင်းက သေချာသည်။ မမှားနိုင်။ အကယ်၍ ဝါစဉ်စဉ်လိုက်လျှင် သို့ကာသီကာလေး လွဲသွားပါက စကားတင်းလေး ဆိုစရာ ရှိလာနိုင်ပါသည်။

ထို့ကြောင့် အက္ခရာကိုသာ စဉ်လိုက်ရပါကြောင်း ကလောင်ကြီးငယ်လတ် အပေါင်းအား ဦးညွှတ်ကာ ဤစာစုကလေးကို ရေးလိုက်ပါကြောင်းပါဗျာ။

သူရဇော်

www.burmeseclassic.com